
www.burmeseclassic.com
အရှုံးမရှိသောဒဿန
မေတ္တာရှင်
(ရွှေပြည်သာ)
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရှင်(ရွှေပြည်သာ)

၏

# ဓမ္မဓိဋ္ဌာန်ဘာသာရေးနည်း

သို့မဟုတ်

# အရှုံးမရှိသောဒဿန

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၂၃၀၅၀၆၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၂၀၄၈၅၀၆၀၈
အုပ်ရေ
၂၀၀၀ အုပ်
ထုတ်ဝေသူ
ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်
STARS EMPIRE PRINTING SERVICE
အတွင်းပုံနှိပ်
COLORZONE OFFSET
မျက်နှာဖုံးဖလင်
STARS COLOUR REPRO
Ph; 242933, 09 99 20594
အတွင်းဖလင်
EMPIRE COLOUR REPRO
Ph; 724376
မျက်နှာဖုံးဒီဇိုင်း
ကိုစိုးတင့်(ရွှေပြည်သာစာပေ)
ဖြန့်ချိရေး
ရွှေပြည်သာစာပေ
မန္တလေးကျောင်းဥပါသကာအဖွဲ့
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။
တန်ဖိုး
၁၇၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

**အကြောင်းအရာ** — **စာမျက်နှာ**


**အခန်း ၁**

- ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ---------- ၁
- ဘာသာအမည်ရနိုင်ရန် လိုအပ်သောအင်္ဂါများ ---------- ၂
- ဗုဒ္ဓဂယာ၌ ရုပ်ပွားအမှန်ကို ရွေးနည်း ---------- ၄
- ဗုဒ္ဓ၏ မေတ္တာနှင့် သာသနာပြုနည်း ---------- ၇
- ဗုဒ္ဓနှင့် ဥပါလိ ဝါဒပြိုင်ပွဲ ---------- ၉
- ဗုဒ္ဓ၏ သဘောထားကြီးမားမှု ---------- ၁၂
- လူသားအစစ်ဆိုတာ ---------- ၁၂

**အခန်း ၂**

- ဗုဒ္ဓဘာသာကျောင်းပေါ်မှ ဘာသာခြားအမျိုးသမီးကြီး ---------- ၁၄
- စာဖြူခရစ်ယာန်ခေါ် ရခြင်းအကြောင်း ---------- ၁၆
- အနန္တငါးပါးဘုရားရှိခိုးခြင်း သေဘေးမှလွတ်သူ ---------- ၁၇
- နမော တဿဖြင့် သေဘေးမှလွတ်သူ ---------- ၂၀
- နတ်ဖြစ်သွားသော လင်းနို့ငါးရာ ---------- ၂၃
- ဗန်းမော်ဆရာတော်၏ ကိုယ်တွေ့ပဋ္ဌာန်းတန်ခိုးများ ---------- ၂၆
- ဂုဏ်တော်တန်ခိုးဖြင့် လာဘ်တိုးသောရုပ်ဆိုးကိုယ်တော် ---------- ၂၈


www.burmeseclassic.com

www.burmeseclassic.com



■ ဝေသာလီပြည်ကဲ့သို့ ဘီလူးဘေးဆိုက်ရောက်သော
ဇနီဂီရေကျော်ရွာ ———————— ၃၀
■ လူသားအားလုံးနှင့်ဆိုင်သော သဘာဝဘာသာ ———————— ၃၂
■ ရောဂန္တရကာပ် ဖြစ်ရခြင်းအကြောင်း ———————— ၃၄
■ ဘာသာခြားတို့ကို ဆွဲဆောင်စည်းရုံးနည်း ———————— ၃၆

အခန်း ၃

■ တရားတော်၏ ဂုဏ်ရည်များ ———————— ၄၁
■ တရားတန်ခိုးဖြင့် ကင်ဆာရောဂါပျောက်သူ ———————— ၄၃
■ အစာမစားဘဲ အသက်ရှည်နေသူများ ———————— ၄၅
■ စိတ်ထောင်းလို့ ကိုယ်ကြေရသူ ———————— ၄၇
■ စိတ်ပျိုလို့ကိုယ်နု ———————— ၄၉
■ ရောဂါဖြစ်ခြင်းအကြောင်းနှင့်ပျောက်ခြင်းအကြောင်း ———————— ၅၁
■ ကင်ဆာရောဂါကို တရားဖြင့်ပျောက်စေသော
ဂျပန်နိုင်ငံသား ———————— ၅၂
■ အစဉ်အတိုင်းကျင့်ရမည့်ဝိပဿနာ ———————— ၅၅
■ နေ့ရွေးသောကြောင့် ကလေးတစ်ယောက် မသေသင့်ဘဲ
သေရခြင်း ———————— ၅၇
■ ဦးသုစိတ္တ၏ ပရိတ်နှင့် မေတ္တာတန်ခိုး ———————— ၅၉
■ ပရိတ်တရားကြောင့် ဗုဒ္ဓဘာသာဖြစ်လာသူ ———————— ၆၀
■ ပရိတ်ရွတ်ဖတ်သူရှိထားရမည့်အင်္ဂါ ———————— ၆၁
■ အကြွိတ်အပုပျောက်စေသောပါဠိ ———————— ၆၃

အခန်း ၄

■ ဗုဒ္ဓရုပ်ပွားတော်၏ ဂုဏ်ရည်များ ———————— ၆၇
■ ကိုးကွယ်သင့်သောဘာသာ၌ ရှိရမည့်အင်္ဂါများ ———————— ၆၈

www.burmeseclassic.com

www.burmeseclassic.com




■ သေခါနီးမှ ဗုဒ္ဓကိုကြည်ညိုခွင့်ရသူ —————— ၆၉
■ ဗုဒ္ဓကိုကြည်ညို၍ နတ်ဖြစ်သွားသော တိရစ္ဆာန်များ —————— ၇၁
■ ကဲ့ရဲ့ခြင်းနှင့်ဆုံးမခြင်း —————— ၇၃
■ သဘောထားသေးသူနှင့် ကြီးသူတို့၏ အယူအဆ —————— ၇၄
■ လူမိုက်လူလိမ္မာခွဲခြားနည်း —————— ၇၅
■ ဘုရားစကားတော်ကိုနားမထောင်ခြင်းကြောင်း —————— ၇၆
■ ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ —————— ၇၈
■ အဖွဲ့တစ်ခုစည်းလုံးညီညွတ်ဖို့ လိုအပ်သောအင်္ဂါများ —————— ၈၁
■ အကောင်းမြင်ဝါဒရှိသော မဏ္ဍာရာဆရာတော် —————— ၈၂
■ တရားရှိသူနှင့် မရှိသူ ခွဲခြားနည်း —————— ၈၄
■ စိန်နားကပ်ရောင်ကြောင့်ပါးပြောင်သူများ —————— ၈၈
■ မီးနှင့်တူသောအရိယာ —————— ၉၀
■ စိန်ဖူးတော်နိုးမိ၍ ဘေးဒဏ်ထိသူများ —————— ၉၁
■ ဂျူနိုဦးစောနှင့် သစ်ကနက်ဘုရား —————— ၉၃
■ အိန္ဒိယစစ်သားနှင့် ဗုဒ္ဓရုပ်ပွားတော် —————— ၉၄
■ မသေခင်နတ်ပြည်၌ ဗိမာန်ပေါက်သူ —————— ၉၇
■ အမြင်ကျဉ်းသူနှင့်အမြင်ကျယ်သူ —————— ၉၈
■ နတ်ပြဟ္မာများကို မမြင်ရခြင်းအကြောင်း —————— ၁၀၀
■ နတ်ဗိမာန်ကြိုတင်ပေါက်ခြင်း မပေါက်ခြင်းအကြောင်း —————— ၁၀၂
■ သဒ္ဓါကြောင့်သေဘေးမှ လွတ်ခဲ့သူ —————— ၁၀၅
■ ဦးရာမအသက်ကို ကယ်သောစေတီငယ် —————— ၁၀၆


အခန်း ၅


■ လူသားတိုင်းဆွေမျိုးတော်စပ်ခဲ့ဖူးကြသည် —————— ၁၁၀
■ ဗုဒ္ဓကို သားအရင်းကဲ့သို့ ချစ်ခင်ကြည်ညိုသူ —————— ၁၁၁


www.burmeseclassic.com

www.burmeseclassic.com




■ အမြင်သုံးမျိုး ——— ၁၁၂
■ ညစားမစားခြင်း၏ကောင်းကျိုးများ ——— ၁၁၅
■ သူတော်ကောင်းမှတ်ကျောက် ——— ၁၁၆
■ လူဦးရေနည်းပါးမစည်ကားခြင်းအကြောင်း ——— ၁၁၉
■ ဆရာတော်ကိုဆဲ၍ အသေဆိုးသေရသူ ——— ၁၂၁
■ စာရေးသူကိုယ်တိုင် အဆဲခံရခြင်း ——— ၁၂၃
■ မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာကို
ခွဲခြားနည်း ——— ၁၂၄
■ ဆဲသူကို ကျေးဇူးတင်လိုက်ခြင်း ——— ၁၂၆
■ သုဝဏ္ဏသာမ၏ အကောင်းမြင်ဝါဒ ——— ၁၂၈
■ (ဣဏသုတ်)ကြွေးယူခြင်းနှင့်ဆင်းရဲခြင်းခြောက်မျိုး ——— ၁၃၀
■ ရွှေဟင်္သာဆရာတော်၏ သက်ရှည်ကျန်းမာနည်းလေးဖြာ ——— ၁၃၃
■ စံကင်းဆရာတော်၏ သက်ရှည်ကျန်းမာလေးဂါထာ ——— ၁၃၃
■ အဋ္ဌာနမေတ်နှင့် ပယောဂရန် ——— ၁၃၆
■ ဘုန်းကြီးချင်သည့်စိတ်သည် ယုတ်မာသောစိတ် ——— ၁၃၈
■ အတူနေများမချစ်အပ်သူနှင့် ချစ်အပ်သူ ——— ၁၄၀
■ သုဇီတာမျိုးမဖြစ်ရခြင်းအကြောင်း ——— ၁၄၄
■ ဇရှိလသူဌေးအမွေခွဲနည်း ——— ၁၄၆
■ ပေါက်ပေါက်ပွင့်နတ်သမီး ——— ၁၄၈
■ မျက်မှောက်ဘဝ၌ ခံစားရသောဒါန၏ ကောင်းကျိုးများ ——— ၁၅၁
■ ပြိတ္တာဖြစ်သွားသော ဘာသာခြားသမီးပျို ——— ၁၅၄
■ ယမမင်းလွှတ်ထားသော တမန်ငါးမျိုး ——— ၁၅၆
■ ဝါးခြောက်လုံးဒါနကြောင့် ငရဲဘေးမှလွတ်ခဲ့သူ ——— ၁၅၆
■ အမိုးရဲ့ဘဝနောက်ကြောင်း ——— ၁၅၇
■ တတိယအရွယ်ရဲ့တတိယမြောက်ဘာသာ ——— ၁၅၈


www.burmeseclassic.com

www.burmeseclassic.com



**အခန်း ၆**


■ ဓမ္မဝိဒ္ဓာန်ဘာသာရွေးနည်း ——— ၁၆၁
■ ပယ်ရမည့်တရားသုံးပါးနှင့် ပြည့်စုံရမည့်တရားသုံးပါး ——— ၁၆၇
■ မယုံကြည်ရာအကြောင်း ဆယ်ပါး ——— ၁၆၉
■ ကိုယ်တိုင်သိလျှင် စွန့်ပယ်ကြ ——— ၁၇၀
■ ပယ်ရမည့်တရားသုံးပါး ——— ၁၇၀
■ ပြည့်စုံရမည့်တရားသုံးပါး ——— ၁၇၂
■ မေတ္တာပွားပုံ ——— ၁၇၅
■ ဆောက်တည်ရာလေးပါးကို ရခြင်း ——— ၁၇၅
■ လေးသခင်္ချိုနှင့်ကမ္ဘာတစ်သိန်းတွက်ပုံ ——— ၁၈၀
■ ကမ္ဘာတစ်သိန်း ——— ၁၈၂
■ ဒါနပါရမီ ——— ၁၈၃
■ ဝိဝေက–ကင်းဆိတ်ခြင်းသုံးမျိုး ——— ၂၀၂
■ ဘာသာရေးခေါင်းဆောင်ကောင်း၏ အင်္ဂါ ၇ ချက် ——— ၂၀၆


**အခန်း ၇**


■ ဘာသာကူးပြောင်းဖို့မဟုတ် စိတ်ထားဖြူစင်ဖို့သာဖြစ်၏ ——— ၂၂၂
■ သမုဒယသစ္စာငါးမျိုး ——— ၂၂၇


**အခန်း ၈**


■ အရှုံးမရှိသောဒါန ——— ၂၄၁
■ ဖန်းဆင်းရှင်သုံးဦး ——— ၂၄၄
■ ဒွန်းစဏ္ဍားနှင့်တူသောဥပါသကာ ——— ၂၄၆
■ ဥပါသကာရတနာ ——— ၃၀၂
■ ကပြားဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာ ——— ၃၀၂
■ လ,နေပမာ ——— ၃၂၄


www.burmeseclassic.com

www.burmeseclassic.com




■ ရေမှုပြန်မလာ ခိုးသူပမာ ---------------------------------------- ၃၃၀
■ နတ်ပြည်မှပြန်မလာ မစင်တွင်းမှ လွတ်သူပမာ ---------------------- ၃၃၂
■ တာဝတိံသာမှာ နှစ်ရက်သုံးရက်ကြာ ------------------------------ ၃၃၃
■ ဝမ်းတွင်းကန်းနှင့်တူသော တစ်ယူသန်သမား ---------------------- ၃၃၄
■ အချိန်မကျဘဲ ဗိုက်ခွဲသောပုဏ္ဏေးမ ----------------------------- ၃၃၅
■ အသက်ကိုရှာ အိပ်မက်ဥပမာ ------------------------------------ ၃၃၇
■ သေသူနှင့်ရှင်သူမှာ သံတွေခဲဥပမာ ------------------------------ ၃၃၈
■ အသက်ကိုရှာ ခရုသင်းမှုတ်သံ ဥပမာ ---------------------------- ၃၃၉
■ အသက်ကိုရှာ မီးကိုလုပ်ကျွေးသောဥပမာ ------------------------ ၃၄၀
ပိုက်ဆံလျှော်ထုတ်ယူသူ ဥပမာ ------------------------------------- ၃၄၅


အခန်း ၉


■ ဘဝဆက်တိုင်း သမ္မာဒိဋ္ဌိဗုဒ္ဓဘာသာဖြစ်ဖို့ ကျင့်စဉ် ------------------ ၃၅၆
■ ပိဋကတ်ကို လေ့လာသင်ယူခြင်းသုံးမျိုး ----------------------------- ၃၇၉
■ ပညာနှင့် ဗဟုသုတ ------------------------------------------- ၃၈၂
■ မဂ်ဖိုလ်ရရန် အင်္ဂါခုနစ်တန် -------------------------------------- ၃၈၄
■ အခြားဘာသာတရားများကို လေးစားခြင်းဖြင့်
မိမိဘာသာတရား၏ မြင့်မြတ်မှုကိုပြပါ ---------------------------- ၃၈၉


(အဍ္ဍမရှိသောဒသန၊ မာတိကာပြီး၏။)

www.burmeseclassic.com

## အခန်း ၁

## ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ

အောင်သင်း!၊ ကျွန်တော် မျက်လုံးတစ်ဖက်ကရယ်လျက် မျက်လုံး တစ်ဖက်က ငိုလျက် ပြန်ရတော့မယ်၊ ကျွန်တော် ဂျာမနီက ထွက်လာခဲ့ တာကြာပြီ၊ တခြားနိုင်ငံတွေမှာလည်း လေ့လာခဲ့ရသေးတယ်၊ ဒါကြောင့် ကျွန်တော့် မိသားစုနဲ့ပြန်ပြီး တွေ့ရမှာမို့လည်း ပျော်တယ်၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ ဒီလောက်ချမ်းသာတဲ့ တိုင်းပြည်က ခွာရမှာအတွက်လည်း ဝမ်းနည်းမိတယ်။

အောင်သင်း၊ ခင်ဗျားရဲ့စိတ်ထဲမှာ ရုပ်ဝတ္ထုပစ္စည်းတွေ အလျှံပယ် ပေါ်နေတာကို ချမ်းသာတယ်လို့ထင်နေသလား၊ ဟုတ်ပါတယ်၊ ကျွန်တော် တို့ဆီမှာ ပစ္စည်းတွေပေါပါတယ်၊ တစ်မျိုးပြီးတစ်မျိုး ပေါ်နေတာပဲ၊ အဲဒါ ကြောင့် ဒီပစ္စည်းတွေနောက်က အမောတကော လိုက်နေကြရတယ်၊ ဟိုဘက် ခန်းက ရေဒီယိုဝယ်တော့ ဒီဘက်ခန်းက ရေဒီယိုဝယ်နိုင်အောင် ကြိုးစားရ တယ်။

ဟိုဘက်ခန်းက ကက်ဆက်ဝယ်တော့ ဒီဘက်ခန်းက ကက်ဆက် ဝယ်ရပြန်တယ်၊ ဟိုဘက်ခန်းက ရုပ်မြင်သံကြားဝယ်တော့ ဒီဘက်ခန်းက ရုပ်မြင်သံကြား ဝယ်နိုင်အောင် ကြိုးစားရတယ်၊ ဘာကြောင့်လဲဆိုတော့ ဟိုဘက်ခန်းကဝယ်လို့ပါ၊ အဲဒီလိုမှ မဝယ်နိုင်ရင် နေလို့မရတော့ဘူး၊ စိတ် ဆင်းရဲနေရတာပဲ၊ ကြာတော့ လူတွေဟာ ဘာကြောင့် ဒီလိုလုပ်နေ ရတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုယ့်ဘာသာ မသိကြတော့ဘူး။

သူများမှာရှိလျက်နဲ့ ကိုယ့်မှာမရှိရင် စိတ်မချမ်းသာတော့ဘူး၊ အဲဒီလို သူများနည်းတူ ဝယ်လိုက်နိုင်မှပဲ သက်သာရာရတယ်၊ အဲဒါကို သူတို့ ပျော်တယ်လို့ ထင်နေကြတယ်၊ အဲဒီလို ပျော်တယ်လို့ထင်ပြီး သက်သာရာရအောင်လုပ်ရင်း သေကုန်ကြရတာပဲ၊ ဒီမှာ မစ္စတာသင်း၊ ဥရောပ တစ်တိုက်လုံးမှာ လိုက်ရှာရင်တောင်မှ မဟာစည်တို့၊ ဝေဘူတို့လို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးမျိုးတစ်ယောက်စ နှစ်ယောက်စ တွေ့နိုင်မယ် ထင်သလား။

ခင်ဗျားတို့ဆီမှာ ဒီလိုမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဘယ်လောက်များသလဲ ဒီလိုလူသားတိုင်း စိတ်ချမ်းမြေ့အောင် ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်မျိုးတွေ ဘယ်လောက်ကြွယ်ဝတဲ့တိုင်းပြည်လဲ။ ဒီတိုင်းပြည်မျိုးကိုမှ ချမ်းသာတယ်လို့ မပြောရင် ဘယ်တိုင်းပြည်မျိုးကို ပြောရမလဲ။

(ဂျာမနီအမျိုးသား ပါဠိသုတေသီ ဒေါက်တာဘရောင်း ၁၉၇၄–ခုနှစ်က ဆရာအောင်သင်းကို ပြည်တော်ပြန်ခါနီးတွင် ပြောခဲ့သောအမှတ်တရစကား)

## ဘာသာအမည်ရနိုင်ရန် လိုအပ်သောအင်္ဂါများ

ဘာသာတရားဟူသမျှသည် တစ်မျိုးမဟုတ် တစ်မျိုးသော အကြောင်းများကြောင့် ကြည်ညိုလေးစားထိုက်သည်ချည်းဖြစ်၏။ သို့ရာတွင် ဘာသာဝင် တစ်ဦးတစ်ယောက်သည် မိမိ၏ ဘာသာတရားကို အထွတ်အထိပ်သို့ရောက်အောင် ဆောင်ရွက်စဉ် အခြားဘာသာဝင်များ၏ ဘာသာတရားများ ကိုလည်း မြင့်မားအောင် ဆောင်ရွက်ခွင့်ပြုရ၏။ သဝေဟိတေ (ပါသဏ္ဍာ)သံယမံစ၊ ဘဝသုဒ္ဓိံ စ ဣစ္ဆတိ အမှန်အားဖြင့် အားလုံးသော ဘာသာ အယူဝါဒတို့သည် မကောင်းမှုကို မပြုမိရန် စောင့်စည်းခြင်း၊ စိတ်၏ စင်ကြယ်ခြင်းကို အလိုရှိကြ (ညွှန်ပြကြ) သည်သာဖြစ်၏။

(အသောကမင်းကြီး၏ ကျောက်စာပိုဒ်များကို အိန္ဒိယဝန်ကြီးချုပ် နေရူးနှင့် အရှင်အာဒိစ္စဝံသတို့၏ ဘာသာပြန်ချက်များဖြစ်၏)

ဤကျောက်စာဖွင့်ဆိုချက်များအရ ဘာသာအမည်ရနိုင်ရန် အတွက်–

www.burmeseclassic.com

www.burmeseclassic.com



၁။ သူတစ်ပါးဘာသာကို ဖျက်ဆီးခြင်း၊ ရှုတ်ချခြင်း မပြုရ။

၂။ သူတစ်ပါးဘာသာကို တရားသဖြင့် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ခြင်းကို ခွင့်ပြုရမည်။

၃။ မကောင်းမှုကို မပြုမိစေရန် စောင့်စည်းပေးခြင်း ရှိရမည်။

၄။ စိတ်ကို ကိလေသာမှ စင်ကြယ်စေရန် ညွှန်ပြနိုင်စွမ်း ရှိရမည် ဟူသော ဤအင်္ဂါလေးချက် လိုအပ်၏။

ကိလေသာအားလုံးကင်းပြီးသောသူ တည်ထောင်သော ဘာသာသည်သာလျှင် ဤအင်္ဂါ လေးချက်နှင့် ညီနိုင်မည်ဖြစ်၏။ ဗုဒ္ဓကား အကျဉ်းဆယ်ပါး၊ အကျယ် ထောင့်ငါးရာ ကိလေသာများကို ဝါသနာအငွေ့မျှ မကျန်အောင် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ဖြင့် ပယ်သတ်တော်မူပြီးဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ၏ အယူဝါဒများသည် အဂတိကင်းပြီး ဘာသာအမည်ရနိုင်သည့် အင်္ဂါလေးချက်နှင့်ညီသည့်အပြင် သမိုင်းတစ်လျှောက် အမြင့်မြတ်ဆုံး ဘာသာအဖြစ် စာပေပညာရှင်၊ သမိုင်းပညာရှင်များက မှတ်ချက်ချမှုကို ခံခဲ့ရခြင်းဖြစ်၏။

(မှတ်ချက်)။ ။ တခြားဘာသာများ၏ အကြောင်းများကို ကျွန်ုပ်တို့ ရေးသားသော သညာသိနှင့် ပညာသိ (သုဒ္ဓဝိပဿနာကျင့်စဉ်) စာအုပ်တွင်လည်းကောင်း၊ ရေးသူအမည် မမှတ်မိတော့သည့် "ဘာသာတရားတို့၏ နိဒါန်း"အမည်ရှိ စာအုပ်တွင် လည်းကောင်း အကျယ် ဖတ်ရှုနိုင်သည်။

ဗုဒ္ဓ၏ အခြားဘာသာရေးခေါင်းဆောင်များအပေါ် သဘောထားကြီးသည့် ဖြစ်ရပ်တစ်ခုကို တင်ပြအံ့။ ဥပါလိအမည်ရှိ သူကြွယ်သည် နိဂဏ္ဌနာဋပုတ္တခေါ် ဂျိန်းဆရာကြီးကို ကိုးကွယ်သူဖြစ်၏။ နိဂဏ္ဌနာဋပုတ္တကို သူတို့ဘာသာဝင် အားလုံးက ဘုရားဟုပင် ယုံကြည်ကြ၏။ နိဂဏ္ဌ၏ အတ္တုပ္ပတ္တိကို ဗုဒ္ဓ၏ အတ္တုပ္ပတ္တိနှင့် တစ်ထပ်တည်းတူအောင် သူတို့၏ ဘာသာဝင်တို့က ရေးသားဖော်ပြလေ့ရှိကြ၏။ ရုပ်တုထုလုပ်ရာ၌ပင် ဗုဒ္ဓရုပ်ပွား

www.burmeseclassic.com

www.burmeseclassic.com



နှင့်တူအောင်လိုက်ပြီး ထုလုပ်ကြခြင်းကား လွန်လွန်းသည်ဟု ထင်မိ၏။

## ဗုဒ္ဓဂယာ၌ ရုပ်ပွားအမှန်ကိုရွေးနည်း

ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားသူများသည် သူတို့၏ မလိမ့်တပတ်ပြုလုပ်မှုများကြောင့် ဘုရားရုပ်ပွားခြင်းမှားပြီး ဦးချမိသည်လည်းရှိ၏။ ဝယ်ယူမိသည်လည်း ရှိ၏။ ထို့ကြောင့် ရုပ်ပွားတစ်ဆူဆူကို ဦးချတော့မည်သို့မဟုတ် ဝယ်ယူတော့မည်ဆိုလျှင် ထိုရုပ်ပွား၌ သင်္ကန်းပါ,မပါ ဦးစွာဆန်းစစ်ကြည့်သင့်ပါ၏။ သင်္ကန်းပါလျှင် ဗုဒ္ဓရုပ်ပွားတော်၊ သင်္ကန်း မပါလျှင် ဂျိမ်းရုပ်ပွားတော် ဟုခွဲခြားနိုင်၏။ ဂျိမ်းဘုရားသည် သေသည် အထိ အဝတ်ဝတ်မသွားပေ။ အိန္ဒိယနိုင်ငံရှိ ဂျိမ်းဘုန်းကြီးများသည် ယခုအချိန်ထိ အဝတ်ဝတ်ခြင်းမရှိပေ။

သူ၏ အမည်ကို နိဂဏ္ဍနာဋ္ဌပုတ္တာဟူ၍လည်းကောင်း၊ ဂျိမ်းဘုရားဟူ၍ လည်းကောင်း၊ မဟာဝီရ ဟူ၍လည်းကောင်း သုံးမျိုးခွဲ၍ သုံးစွဲလေ့ရှိ၏။ သူသည် ဗုဒ္ဓမပွင့်မီ နှစ်အတော်ကြာကတည်းက ဘုရားဟု အမည်ခံပြီး အိန္ဒိယတစ်ခွင် လှည့်လည်နေသူဖြစ်၏။

ဗုဒ္ဓထက် အသက်သုံးဆယ်ခန့်ပိုကြီးမည်ဟုလည်း ခန့်မှန်းရ၏။ ကြည်ညိုမှု လေးမျိုးတွင် လုခပမာဏခေါ် ဆင်းရဲခေါင်းပါးသော အကျင့်ကို ကြည်ညိုသူသည် ရာခိုင်နှုန်းအများဆုံးဖြစ်ရာ ဆင်းရဲခေါင်းပါးသော အကျင့်ကိုအဓိကထား၍ ကျင့်ကြံသော နိဂဏ္ဍကိုလည်း ကြည်ညိုသူ များပြားစွာရှိသည်သာဖြစ်၏။

(မှတ်ချက်)။ ။ အဆင်းကို ကြည်ညိုသူ၊ အသံကို ကြည်ညိုသူ၊ ဆင်းရဲ ခေါင်းပါးသောအကျင့်ကို ကြည်ညိုသူ၊ တရားကိုကြည်ညိုသူ ရာခိုင်နှုန်း အကျယ် ဖေါ်ပြပုံကို ကျွန်ုပ်တို့ရေးသားသော 'ယုံမှတ်လို့ ပုံအပ်မိသူများ အကြောင်း–၂'တွင် ဖတ်ရှုနိုင်သည်။

တစ်နေ့တွင် နိဂဏ္ဍ၏ လက်ထောက်တပည့်တစ်ယောက် လမ်းကြုံ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဗုဒ္ဓကျောင်းတော်သို့ ဝင်လာရင်း အလ္လာပ၊ သလ္လာပပြောရင်းက ဒဏ်သုံးပါးနှင့် ကံသုံးပါးအကြောင်းကို ရောက်သွား၏။ နိဂဏ္ဌက ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟု ဒဏ်သုံးပါး သတ်မှတ်၏။ ဗုဒ္ဓက ကာယကံ၊ ဝစီကံ၊ မနောကံဟု ကံသုံးပါးသတ်မှတ်၏။ အမည်သာ ကွဲပြားပြီး သုံးပါး သတ်မှတ်ပုံခြင်းကား အတူတူသာ ဖြစ်၏။

သိသာစွာ ကွဲပြားသွားသောအချက်ကား နိဂဏ္ဌက ကိုယ်ဖြင့်ပြုသော ကာယဒဏ်ခေါ် ကာယကံကို အပြစ်အကြီးဆုံးဟု သတ်မှတ်ပြီး ဗုဒ္ဓက စိတ်ဖြင့် ပြုရသော မနောကံကို အပြစ်အကြီးဆုံးဟု သတ်မှတ်ခြင်း ပင်ဖြစ်၏။ နိဂဏ္ဌ၏ တပည့်သည် ဗုဒ္ဓကို အကျယ်မေးမြန်း လျှောက်ထား ခြင်းမပြုဘဲ သတ်မှတ်ချက် မတူညီပုံ အပေါ်ယံလောက်ကိုသာ မေးမြန်းပြီး ကျောင်းသို့ပြန်သွား၏။ အကျယ်ဟောကြားချက်ကို နာကြားမိလိုက်လျှင် ဗုဒ္ဓ၏ သာဝက ဖြစ်သွားမှာစိုးရိမ် သည့်အတွက် အကျယ်မေးမြန်း ဆွေးနွေးခြင်း မပြုဘဲ ပြန်သွားခြင်း ဖြစ်၏။

တိတ္ထိတို့သည် ဗုဒ္ဓ၌ လူတွေကို သူ၏သာဝကများဖြစ်သွားအောင် ဆွဲဆောင် ဖျားယောင်းနိုင်သော မာယာခေါ် လောကီအတတ်ပညာ တစ်ခုကို တတ်မြောက် ထားသည်ဟု ယူဆထားကြ၏။ ပုထုဇဉ်မှန်သမျှ ကိုယ်နှင့် နှိုင်းပြီး ကိုယ်ချင်းစာကြည့်တတ်သည်မှာ ဓမ္မတာပင်ဖြစ်၏။ သူတို့ ဟောကြားသော တရားကို နာယူကြသူ အယောက်တစ်ရာတွင် သူတို့ကို ကြည်ညိုပြီး သူတို့သာဝကဖြစ်သွားသူ လေးငါးယောက်ခန့်သာရှိပြီး ကျန် ကိုးဆယ်ကျော်တို့မှာ သူတို့သာဝကဖြစ်မသွားကြပေ။

ဗုဒ္ဓတရားကို နာကြားမိသူမှန်သမျှ ဗုဒ္ဓ၏ သာဝကချည်းသာ ဖြစ်သွားကြ၏။ တိတ္ထိတို့အနေဖြင့် ထိုသို့နာကြားမိသူမှန်သမျှ မိမိ၏ သာဝကဖြစ်သွားအောင် မဟောနိုင်။ ထိုသို့ဖြစ်ရန် ဟောနိုင်ဖို့ဆိုလျှင် လူတွေကို မိမိဘက်ပါအောင် ဆွဲဆောင်နိုင်သော လောကီမာယာ အတတ် ပညာတစ်ခုခုကို အသုံးချရမည်ဖြစ်၏။ ဗုဒ္ဓကိုယ်တိုင်လည်း ထိုကဲ့သို့ လောကီအတတ် ပညာတစ်ခုခုကို အသုံးချသောကြောင့်သာ ယခုလို

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နေခြင်း ဖြစ်သည်ဟု တိတ္ထိတို့က သူတို့ကိုယ် နှင့်နှိုင်းပြီး ယူဆထားခြင်းဖြစ်၏။

အမှန်ကား ဗုဒ္ဓ၏ မေတ္တာစာတ်ကြောင့်သာ ယခုလို အောင်မြင်ခြင်းဖြစ်၏။ ဗုဒ္ဓ၏ ကိုယ်တွေ့တစ်ခုကို ထုတ်ပြအံ့။

တစ်ခါတွင် ဘုရားအမှူးရှိသော သံဃာတော်များကို မလ္လမင်းများက မလ္လတိုင်း ကုသိနာရုံပြည်သို့ ပင့်ဆောင်၏။ အိမ်စောင့်တစ်ယောက်ကို ချန်ထား၍ ပြည်သူပြည်သားအားလုံး ဘုရားအမှူးရှိသော သံဃာတော်များကို ဖူးမျှော် ကြိုဆိုကြရမည်။ မကြိုဆိုသူများ ဒဏ်ငွေဆောင်စေဟု အမိန့်တော် သတ်မှတ်လိုက်၏။ ဘာသာရေးနှင့် ပတ်သက်သော နေရာများတွင် အမိန့်အာဏာ သုံးခြင်း၊ ကြေးပစ်ခြင်းများသည် မသင့်လျော်ပေ။

ယခုကိစ္စ၌ အမိန့်အာဏာကို သုံးခြင်းဖြစ်၏။ ကြေးပစ်ခြင်း ဟူသည် ကျောင်းဆောက်မည်၊ ဘုရားတည်မည်၊ ဘုန်းကြီးပျံလုပ်မည် တစ်အိမ်ငါးထောင် မထည့်မနေရဟု သတ်မှတ်ခြင်းမျိုးဖြစ်၏။ ထိုသို့ သဒ္ဓါတရားဖြင့် ဆုံးဖြတ်ရမည့်နေရာ၌ အမိန့်အာဏာဖြင့် ဆုံးဖြတ်ခြင်း၊ ကြေးပစ်၍ ဆုံးဖြတ်ခြင်းများသည် သာသနာကို ကြည်ညိုပြီးသူများ အကြည်ညိုပျက်စေ၍ သာသနာကို မကြည်ညို သေးသူများ ပို၍ မကြည်ညိုစေရန်သာ ဖြစ်ခြင်းကြောင့် မသင့်လျော်ဟု ဆိုရခြင်း ဖြစ်၏။

ကြေးပစ်ခြင်းသည် လောဘကြောင့်ဖြစ်၏။ အမိန့်အာဏာသုံးခြင်းသည် ဒေါသကြောင့်ဖြစ်၏။ ဗုဒ္ဓသည် လူသားတို့အား လောဘ၊ ဒေါသ စသော ကိလေသာတို့မှ ကင်းငြိမ်းအောင် ပြုလုပ်ရန် သာသနာတော်ကို တည်ထောင်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ဘာသာရေးလုပ်ငန်းများတွင် လောဘ၊ ဒေါသပါမလာအောင် ဂရုစိုက်သင့်၏။

ဝေသာလီပြည်သို့ ဘုရားအမှူးရှိသော သံဃာတော်များ ကြွလာတော်မူ သောအခါ ပြည်သူပြည်သားများ စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြ၏။ ထိုသူများတွင် ဗုဒ္ဓကို တကယ်ကြည်ညိုသောကြောင့် ကြိုဆိုသူများ ပါသကဲ့သို့ အမိန့်အာဏာ ကို ကြောက်သောကြောင့် ကြိုဆိုသူများလည်း

www.burmeseclassic.com

www.burmeseclassic.com



ပါသည်သာဖြစ်၏။

## ဗုဒ္ဓ၏ မေတ္တာနှင့်သာသနာပြုနည်း

ရောဇမင်းသားကြီးသည်ကား အမိန့်အာဏာကြောင့် လာရောက်ကြိုဆိုရသူဖြစ်၏။ ထိုအကြောင်းကို မသိသော အရှင်အာနန္ဒာက သူငယ်ချင်းဖြစ်ခဲ့ဖူးသော ရောဇမင်းသားကို တွေ့လိုက်သည်နှင့် –

"အို–ဒကာရောဇ၊ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို လာကြိုဆိုသလား။ ခုလိုရတနာသုံးပါးကို ကြည်ညိုတဲ့သူအဖြစ်နဲ့တွေ့ရတာကို ကျွန်ုပ်တို့ ဝမ်းသာ အားရ ဖြစ်ရပါတယ်"

ဟု ပြောလိုက်မိ၏။ ထိုအခါ ရှုံ့မဲ့သွားသောမျက်နှာနှင့်အတူ ရောဇမင်းသားကြီး ပြန်ပြောလိုက်သည်က–

"အရှင်အာနန္ဒာ ကျွန်ုပ်ကား ဘုရားအမှူးရှိသော သံဃာတော်များကို ကြည်ညို သောကြောင့် လာရောက်ကြိုဆိုနေခြင်းမဟုတ်ပါ။ ငွေဒဏ်ဆောင်ရမည် စိုးသောကြောင့်သာ လာရောက်ကြိုဆိုခြင်းဖြစ်သည်" ဟူ၏။

ရောဇမင်းသားကြီး၏ စကားကိုကြားလိုက်ရသည်နှင့် အရှင်အာနန္ဒာသည် အလွန် စိတ်မကောင်းဖြစ်သွား၏။ ထို့ကြောင့် ရောဇမင်းသားအား ရတနာသုံးပါးကို ကြည်ညို ကိုးကွယ်သူတစ်ယောက် ဖြစ်လာစေ လိုသောအကြောင်း ဗုဒ္ဓကို လျှောက်ထားလိုက်၏။ ဗုဒ္ဓက ရောဇမင်းသားကို ရတနာသုံး[illegible]အား ယုံကြည်သူတစ်ယောက် ဖြစ်လာစေရန် ငါဘုရားအတွက် အပန်းမကြီးဟု မိန့်တော်မူပြီး ရောဇထံရည်စူးသော ဥဒ္ဒိဿမေတ္တာများကို ပို့သပေးရာ ရောဇသည် မိခင်ပျောက်သွားသော နွားငယ်သည် မိခင်ကို မရမက တွေ့အောင်ရှာဖွေသကဲ့သို့ ဗုဒ္ဓကို မတွေ့ တွေ့အောင် ရှာဖွေကာ ယခုလို လျှောက်၏။

"မြတ်စွာဘုရား ယနေ့မှစ၍ ဘုရားရှင်လိုအပ်သမျှ ပစ္စည်းလေးပါးကို တပည့်တော် တစ်ယောက်တည်းသာ ပေးလှူပါမည်။ တစ်ခြား မည်သူ့ဆီကမှ အလှူခံတော်မမူပါနှင့်ဘုရား"

"ချစ်သားရောဇ ဝေနေယျအားလုံးအတွက် ပွင့်ထွန်းပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



တော်မူခဲ့ရသော ငါဘုရားသည် သင့်လျှုဒါန်းမှုကိုလည်း အလျှုခံသကဲ့သို့ တခြားသူ၏ လျှုဒါန်းမှုကိုလည်း အလျှုခံမည်သာဖြစ်၏။"

ဤသာဓကကိုထောက်၍ ဗုဒ္ဓသည်ဝေနေယျများ ရတနာသုံးပါးသို့ သက်ဝင်ယုံကြည်လာစေရန် လောကီမာယာအတတ်ပညာကို အသုံးပြုခြင်း မဟုတ်ဘဲ ဘဝများစွာ ဆည်းပူးအားထုတ်လာခဲ့သည့် မေတ္တာပါရမီကို အသုံးပြုခြင်းသာ ဖြစ်ကြောင်း ထင်ရှား၏။

နိဂဏ္ဌ၏ လက်ထောက်တပည့်သည် သူ့ကျောင်းသို့ ပြန်ရောက်သည်နှင့် နိဂဏ္ဌအား ထိုအကြောင်းကိုပြောပြ၏။ သူတို့ဂိုဏ်း၏ ဒကာရင်း ဖြစ်သော ဥပါလိအမည်ရှိ သူကြွယ်လည်း ထိုစကားများကို နားထောင် လိုက်ရ၏။

ဥပါလိသူကြွယ်သည် ဥစ္စာစည်းစိမ်ကြွယ်သကဲ့သို့ အသိဉာဏ် ပညာနှင့် စကားပြော အတတ်ပညာလည်း ကြွယ်ဝသူဖြစ်၏။ ထို့ကြောင့် နိဂဏ္ဌ လက်ထောက်၏ စကားဆုံးသည်နှင့် "ဒါဆိုရင် ရဟန်းကြီးဂေါတမ အယူ ဝါဒဟာ အတော်ကို မှားနေတာပဲ။ ဆရာကြီးသာ ခွင့်ပြုမယ်ဆိုရင် ရဟန်း ကြီးဂေါတမနဲ့ ဝါဒ သွားပြိုင်ချင်ပါတယ်။ ကိုယ်နဲ့ကျူးလွန်တဲ့ ကာယဒဏ် ကသာ အပြစ်အကြီးဆုံးဖြစ်ပြီး စိတ်နဲ့ကျူးလွန်တဲ့အပြစ်ဟာ ဘာမျှ မပြောပလောက်ဘူးဆိုတာ လူတိုင်းသိနေကြပါတယ်။ ဒါ့ကြောင့် ဝါဒပြိုင်ခဲ့ ရင် ကျွန်ုပ်က နိုင်မှာ သေချာပါတယ်။ ဝါဒပြိုင်ပွဲ ရှုံးသွားတာနဲ့ တစ်စင်ထောင် နေတဲ့ ရဟန်းကြီးဂေါတမဟာ ဆရာကြီး နိဂဏ္ဌရဲ့ တပည့် ဖြစ်လာဖို့ တာဝန် ယူပါတယ်"

သစ္စာလေးပါးမသိမှု အဝိဇ္ဇာ၏ ဖုံးလွှမ်းခြင်းကို ခံကြရသော လူသား မှန်သမျှသည် မိမိကိုယ်ကိုသာ အထင်ကြီး၏။ သူတစ်ပါးကို အထင် သေး၏။ သို့အတွက် လောကကို မိမိအတွက်သာ အသုံးချလို၏။ မိမိကိုယ်ကိုကား လောကအတွက် အသုံးချရမှန်းမသိ။ လူတို့၏ အတ္တမာနသည် မည်မျှထိ ကြီးမားသွားသနည်းဆိုလျှင် မိမိကိုယ်ကို လောက အတွက် အသုံးချသော သူကိုပင်လျှင် လေးစားရကောင်းမှန်း မသိကြ၊ လူ့အ ဟု ကင်ပွန်းတပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကဲ့ရဲ့ရှုတ်ချ၏။

မိမိကိုယ်ကို လောကအတွက် အပြည့်အဝအသုံးချသလို တပည့်သာဝက တို့ကိုလည်း အသုံးချစေသည့် ဗုဒ္ဓကိုပင်လျှင် လူမျိုးတုံးနေသူ လူမျိုးတုံးစေသူ ဟူ၍လည်းကောင်း၊ မည်သည့်အလုပ်ကိုမှ မပြုလုပ်စေသော အကိရိယဝါဒရှိသူ ဟူ၍လည်းကောင်း ကဲ့ရဲ့ရှုတ်ချ လေ့ရှိ၏။ ယခုလည်း ဗုဒ္ဓကို သူ့ဒကာဖြစ်သူ ဥပါလိလောက်မျှ အရည်အချင်းမရှိဟု ယူဆထားသော နိဂဏ္ဍသည် ဥပါလိ၏ အပြောအဟောကြောင့် "ဂေါတမဗုဒ္ဓ တစ်ယောက် သူ၏ တပည့်အဖြစ် ရလာလျှင် ကောင်းအံ့"ဟူသော ယူဆချက်ဖြင့် ဝါဒပြိုင်ပွဲကို သွားခွင့်ပြုလိုက်၏။

## ဗုဒ္ဓနှင့် ဥပါလိ ဝါဒပြိုင်ပွဲ

ထိုအခါ လက်ထောက်တပည့်က ဥပါလိသူကြွယ်ကို ဗုဒ္ဓထံ ဝါဒသွားပြိုင်ဖို့ မလွှတ်သင့်ကြောင်း ဂေါတမဗုဒ္ဓတတ်ကျွမ်းထားသော လောကီမာယာအတတ်ပညာကြောင့် ဥပါလိသည်သာလျှင် ဘုရား၏ တပည့် သာဝက ဖြစ်သွားမည်ဖြစ်ကြောင်း အပြင်းအထန် ပြောဆိုကန့်ကွက်၏။

ဗုဒ္ဓကို အထင်သေးထားသော 'နိဂဏ္ဍက ဥပါလိသာ အနိုင်ရမည်ဖြစ်ကြောင်း' ပြန်လည် ပြောဆိုပြီး ဝါဒပြိုင်ရန် လွှတ်လိုက်၏။ ထင်ရှားသော သူဌေးကြီးတစ်ဦးဖြစ်သည့် ဥပါလိရောက်လာသည်နှင့် ဗုဒ္ဓက တရားသဖြင့် စကားပြောနည်းတစ်ခုကို တင်ပြ၏။

"ဥပါလိ၊ ဝါဒပြိုင်ပြီး စကားပြောလိုသော သင့်အနေဖြင့် စစ်သူကြီးနေရာမှ ပြောဆိုမည်လော၊ သို့တည်းမဟုတ် ပညာရှိနေရာမှ ပြောဆိုမည်လော"

"အရှင်ဂေါတမ စစ်သူကြီးနေရာဟူသည် အဘယ်ပါနည်း။ ပညာရှိနေရာဟူသည် အဘယ်ပါနည်း"

"စစ်သူကြီးနေရာဟူသည် တစ်ဖက်က ယုတ္တိရှိရှိ မှန်မှန်ကန်ကန် တင်ပြသော်လည်း လက်မခံဘဲ မိမိဘက်က နိုင်လျှင်ပြီးရောဟူသော သဘောဖြင့် ပြောဆိုဆွေးနွေးခြင်းမျိုးတည်း။ ပညာရှိနေရာဟူသည် မှန်လျှင်

www.burmeseclassic.com

www.burmeseclassic.com



မှန်သည့်အတိုင်း၊ မှားလျှင် မှားသည့်အတိုင်း ဝန်ခံ၍ ပြောဆိုဆွေးနွေးခြင်းမျိုးတည်း"

"အရှင်ဂေါတမ ပညာရှိနေရာမှသာလျှင် ပြောဆိုဆွေးနွေးပါမည်"

"သို့ဖြစ်လျှင် မေးအံ့၊ သင့်စိတ်ထဲရှိသည့်အတိုင်း ဖြေဆိုလော့၊ သင်တို့၏ ဂိုဏ်း ဆရာကြီးသည် ညအခါ စကြံလျှောက်ရင်း စိတ်က မသိလိုက်ပဲ ပိုးရွတို့ကို နင်းခြေ သတ်ဖြတ်မိ၏။ သင်တို့ယူဆသည့်အတိုင်း အပြစ်အကြီးဆုံး ကာယကံဖြင့် သတ်ဖြတ်မိပြီဖြစ်၏။ သို့သော် မနောကံကား မပါလိုက်– ထိုဆရာကြီးတွင် အပြစ်ရှိ၊ မရှိ သင်ဖြေဆိုလော့"

"သေစေလိုသော စိတ်စေတနာမပါသည့်အတွက်ကြောင့် ပိုးရွတို့ကို နင်းမိသော ဆရာကြီးမှာ အပြစ်မရှိပါ"

"ဥပါလိ စဉ်းစားဆင်ခြင်၍ ဖြေလော့–၊ သင့်အဖြေသည် မနောကံထက် ကာယကံက ပိုအပြစ်ကြီးသည်ဟူသော သင်တို့အယူဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ် နေ၏"

ကာယစွမ်းအားထက် မနောစွမ်းအားက ပိုမိုကြီးမားကြောင်း သိစေရန် အောက်ပါ မေးခွန်းများကိုလည်း မေး၏။

"ဥပါလိ လူတစ်ယောက်သည် ထက်လှသော ဓားနှစ်ချောင်းကို ကိုင်၍ ဤမြို့မှ လူများကို တစ်ခဏခြင်း အရိုးတစ်ပုံ၊ အသားတစ်ပုံ ဖြစ်အောင် ခုတ်သတ်မည်ဟု ပြောလျှင် သူပြောသည့်အတိုင်း ခုတ်သတ် နိုင်ပါမည်လော"

"ကုဋေချီ၍ များပြားလှသော လူများကို သူပြောသည့်အတိုင်း တစ်ယောက်တည်းဖြင့် အရိုးတစ်ပုံ၊ အသားတစ်ပုံဖြစ်အောင် ခုတ်သတ်မည်ဆိုသည်မှာ မဖြစ်နိုင်ပါ"

"စိတ်တန်ခိုးရှိသော ရသေ့၏ ဒေါသကြောင့် မီးလောင်ပြာကျပြီး ကမ္ဘာလောကမှ ကွယ်ပျောက်သွားခဲ့သော မြို့ရွာများအကြောင်းကို သင်ကြားဖူးသည် မဟုတ်လော"

"ကြားဖူးပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"ထိုသို့သော စိတ်တန်ခိုးရှင်က ဤမြို့မှ လူများကို တစ်ခဏခြင်းဖြင့် မီးလောင် ပြာကျအောင်လုပ်မည်ဟု ပြောခဲ့လျှင် သူပြောသည့်အတိုင်း ပြုလုပ်နိုင်ပါမည်လော"

"ပြုလုပ်နိုင်ပါမည်"

"ဥပါလိစဉ်းစား၍ ဖြေလော့–သင့်အဖြေများသည် သင်တို့ ယူဆထားသော ကာယကသာ အပြစ်ကြီးသည်၊ မနောက အပြစ်မကြီးဟူသော အယူဝါဒနှင့် ရှေ့နောက်ဆန့်ကျင်နေ၏"

ထိုကဲ့သို့သော ဥပမာသုံးမျိုးကို နာကြားပြီးသွားသည်နှင့် ဥပါလိသည် ဗုဒ္ဓဘာသာအဖြစ်ကို ခံယူခွင့်ပြုရန် တောင်းပန်၏။ ထိုအခါ ဗုဒ္ဓက–

"ဥပါလိ သင်ကဲ့သို့သော ထင်ရှားသောသူတစ်ယောက်သည် ဘာ သာ အယူဝါဒတစ်ခုမှ ဘာသာအယူဝါဒတစ်ခုသို့ လွယ်ကူစွာ မပြောင်းသင့် စဉ်းစား ချင့်ချိန်ပြီးမှ ပြောင်းသင့်၏"ဟု မိန့်တော်မူ၏။

မိမိဘာသာလူများလျှင် ပြီးစတမ်းသဘောမျိုးဖြင့် မရမက ဆွဲဆောင်နေကြသော ဘာသာရေးလောကတွင် ဗုဒ္ဓကသူ့ဘာသာသို့ ကူးပြောင်းဝင်ရောက် လာသူတစ်ယောက်ကိုပင် ချက်ချင်းလက်မခံသေးဘဲ စဉ်းစားချင့်ချိန်ဖို့ သတိပေးနေသည်မှာ ထူးထူးခြားခြား ကြည်ညိုစရာ ကောင်းလှသော အချက်ပင် ဖြစ်၏။ ထိုထူးခြားချက်ကို ဥပါလိကလည်း သတိထားမိသည်သာဖြစ်၏။ ထို့ကြောင့်–

"မြတ်စွာဘုရား တခြားဘာသာရေးခေါင်းဆောင်များဟာ ကိုယ့်ဘာသာ လူများလျှင် ပြီးစတမ်းသဘောမျိုးဖြင့် ဆွဲဆောင်သိမ်းသွင်းနေကြချိန်မှာ ဘုရားရှင်ကတော့ ကိုယ့်ဘာသာသို့ ဝင်လာသူတစ်ယောက် ကိုပင် ချက်ချင်းဝင်ရောက် ခွင့်မပြုဘဲ စဉ်းစားချင့်ချိန်ဖို့ သတိပေးနေပါ သည်။ သည်အချက်ကြောင့်လည်း တပည့်တော်ဟာ မြတ်စွာဘုရားကို ပိုလို့သာ အကြည်ညိုတိုးမိပါတယ်။ ဒါကြောင့် တပည့်တော်အား ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်သူဟူ၍ မှတ်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓ၏ သဘောထားကြီးမားမှု

"ဥပါလိ–သင်၏နေအိမ်သည် နိဂဏ္ဌနှင့်အသင်းအပင်းတို့၏ နှစ်ပေါင်းများစွာ စားအိမ်သောက်အိမ်ကြီးဖြစ်ခဲ့၏။ ရေတွင်းကြီး သဖွယ်ဖြစ်ခဲ့၏။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူဖြစ်ပြီး နောက်၌လည်း နိဂဏ္ဌနှင့်အသင်း အပင်းတို့အား ကျွေးမွေးမြဲ ကျွေးမွေးလော့"

"မြတ်စွာဘုရား အရင်က တပည့်တော်ကြားဖူးခဲ့သည်မှာ ဗုဒ္ဓသည် ရတနာသုံးပါးကိုသာ လှူစေသည်။ တခြားသူကို မလှူစေရဟု ဖြစ်ပါသည်။ ယခု လက်တွေ့ကြုံရသောအချိန်တွင်ကား မြတ်စွာဘုရားသည် ရတနာသုံးပါးမှ တစ်ပါးသော သူများကိုလည်း ကျွေးမွေး လှူဒါန်းစေပါသည်။ အကြားနှင့် လက်တွေ့ တခြားစီဖြစ်နေပါသည်။ ဤအချက်ကြောင့်လည်း မြတ်စွာဘုရားကို တပည့်တော်သည် ပိုမို၍သာ ကြည်ညိုမိပါသည်။ တပည့်တော်ကို အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ် သူဟူ၍ မှတ်တော်မူပါ"

## လူသားအစစ်ဆိုတာ

မနုဿတ္တဘာဝေါဒုလ္လဘောဆိုတဲ့ တရားတော်မှာ မနုဿလို့ ဟောတော်မူ ခဲ့တယ်။ မြန်မာလို လူလို့ပြန်တယ်။ လူသားပေါ့၊ မြတ်စွာ ဘုရားက ဘာ့ကြောင့် လူလို့ခေါ်သလဲ။ မနုဿမှာ ပါဠိစကားနှစ်ခု ဆက်ထားတာ မနရယ်၊ ဥဿရယ်၊ မနနဲ့ဥဿတွဲတော့ 'မနုဿ' ဖြစ် သွားတယ်။ မနဆိုတာက စိတ်၊ ဥဿ ဆိုတာက မြင့်မြတ်တာ၊ စိတ်ထားမြင့် မြတ်တဲ့ပုဂ္ဂိုလ်။

သာရတ္ထဋီကာကျမ်းမှာ မနဿာ ရဿန္တတာယမနုဿာ– 'စိတ်ထား မြင့်မြတ် သောကြောင့် မနုဿခေါ်ရတယ်'လို့ ဖွင့်ဆိုထားတာတွေ့ရတယ်။ စိတ်ထားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်မှာ အရည်အသွေးသုံးမျိုးရှိရတယ်။ သူရော– ရဲစွမ်းသတ္တိရှိခြင်း၊ သတိမန္တော–သတိတရားနဲ့ ပြည့်စုံခြင်း၊ ဗြဟ္မစရိယဝါသော– မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်း၊ မနုဿ –လူသားမှန်ရင် ရဲစွမ်းသတ္တိရှိရမယ်။

သတ်ဖြတ်တိုက်ခိုက်၊ ခိုးဆိုး၊ ဆဲဆိုရဲတာမျိုးကို ပြောတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါနပြုတဲ့နေရာ၊ သီလဆောက်တည်တဲ့နေရာ၊ ဘာဝနာတရား အားထုတ်တဲ့နေရာ တွေမှာ နောက်မတွန့်ဘဲ ရဲစွမ်းသတ္တိရှိရမယ်။ မနုဿလူသားမှန်ရင် သတိတရား ရှိရတယ်။ ကိုယ့်စိတ်ကို သတိထား ကြည့်ရမယ်။ ကိုယ့်ဘာကြံတွေးနေတယ်ဆိုတာ သတိထားရင်သိတယ်။ စိတ်ထား မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေဟာ သမ္မာဇဉ်ဉာဏ်နဲ့ အမြဲသတိထားပြီးတော့ မကောင်းတာ မကြံစည်ဘူး။ ကောင်းတဲ့ တရားကိုသာ ကျင့်ဆောင်တယ်။

မနုဿလူသားမှန်ရင် မြတ်သောအကျင့်ကိုသာ ကျင့်သုံးရတယ်။ နိဗ္ဗာန် ရောက်ကြောင်း တရား၊ သတိပဋ္ဌာန်တရား၊ မဂ္ဂင်ရှစ်ပါးတရားစတဲ့ ဗောဓိပက္ခိယတရား ၃၇–ပါးကို ကျင့်သုံးနေရတယ်။ ကမ္ဘာ့လူဦးရေ ဘယ်လောက်တိုးတိုး ဒီအရည်အချင်းသုံးမျိုးရှိမှ မနုဿစာရင်းဝင်တယ်။ လူဖြစ်ဖို့ လွယ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ဒါနဲ့မှတ်ကျောက်တင်ကြည့်ပါ။ မနုဿလို့ ခေါ်နိုင်တဲ့ လူနည်းနည်းလေးပဲ ရှိပါတယ်။ မနုဿမဟုတ်တဲ့ လူတွေဟာ အမနုဿပေါ့။ လူနဲ့ပုံသဏ္ဌာန် တူပေမယ့် မနုဿလူအစစ် မဟုတ်ဘူး။

(စစ်ကိုင်း ဝါးချက်ဆေးရုံနှင့် မြောက်ဒဂုံကမ္မဋ္ဌာန်း ရိပ်သာတို့ကို တည်ထောင်သော ကျစွာဆရာတော်ရေး'မနုဿလူသား' စာအုပ်–မှ)

အခန်း –၁–ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

### ဗုဒ္ဓဘာသာကျောင်းပေါ်မှ ဘာသာခြားအမျိုးသမီးကြီး

၂–၁–၂၀၀၅ နေ့ကပင်ဖြစ်၏။

ရွှေပြည်သာမြို့၊ မန္တလေး ကျောင်းပေါ် သို့ အသက် ၇၀– အရွယ်ခန့်ရှိ အမျိုးသမီးကြီးတစ်ဦး တက်လာ၏။ ကျောင်းပေါ် ရောက်သည်နှင့် အမျိုးသမီးကြီးသည် သင့်တော်သော နေရာတစ်ခုတွင် ကျုံ့ကျုံ့ထိုင်လိုက်သည်ကိုတွေ့ရ၏။ ဘုရားကို ဦးမချခြင်း၊ စာရေးသူကို ဦးမချခြင်းတို့ကို မြင်ရသဖြင့် ဘာသာခြားတစ်ဦး ဖြစ်ကြောင်းမှာ ထင်ရှားနေ၏။

သို့ဖြစ်လျှင် မိမိနှင့်မဆိုင်သော ဗုဒ္ဓဘာသာကျောင်းပေါ် သို့ အဘယ့်ကြောင့် တက်လာရသနည်း။ လိုအပ်သော အကူအညီကို ပေးရန် အတွက် ဘုရားခန်းရှေ့နားရှိ ထိုင်ခုံပေါ် သို့ စာရေးသူက တက်ထိုင်လိုက်ရ၏။ စာရေးသူကို မြင်လိုက်သည်နှင့် သားတစ်ယောက်ကို မြင်လိုက်ရသည့် မိခင်အလားနှစ်လိုဝမ်းမြောက်စွာ ပြုံးလိုက်သော အပြုံးကို ထိုအဖွားး၏ နှုတ်ခမ်းနှင့်မျက်လုံးတို့တွင် ထင်ရှားစွာ တွေ့လိုက်ရ၏။ ဘဝပေး အတွေ့ အကြုံအရ ဤအဖွားသည် ရတနာသုံးပါး အကြောင်းကို ပြည့်စုံအောင် နာကြားရလျှင် ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်သည်ဟု စာရေးသူ သုံးသပ်လိုက်မိ၏။

ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုသော စကားအတိုင်း ခင်မင်မှုရှိမှတရားတော်

www.burmeseclassic.com

www.burmeseclassic.com



ကို လိုချင်စွာ နာယူမည်ဖြစ်သောကြောင့်–

"အမိုး–ဦးပဥ္စင်း ဘာကူညီရမလဲ၊ လိုအပ်တာကိုပြောပါ။ ဘာသာခြား ဘုန်းကြီးဆိုပြီး အားမနာပါနဲ့။ ဆွေမျိုးသားချင်းလို သဘောထားပြီး ပြောဆို ဆက်ဆံနိုင်ပါတယ်"ဟု မိတ်ဆက်လိုက်၏။

အဖွား၏ မျက်နှာအနေထားကိုကြည့်၍ ကရင်တိုင်းရင်းသူ တစ်ယောက်ဖြစ်ကြောင်းသိ၍ ယခုလိုမိတ်ဆက်လိုက်ခြင်း ဖြစ်၏။ အဖွားထံမှ စကားသံ ထွက်လာ၏။

"တပည့်တော်မမြေးလေး ဒီကျောင်းအတွက် ထင်းသယ်ဖို့ဆိုပြီး လိုက်သွားတာ ကြာနေလို့ လာခေါ်တာပါဘုရား"

"အမိုးက ဘာသာခြားသာဖြစ်တာ ဘုန်းကြီးတွေနဲ့ စကားပြော တတ်သားပဲ"

"တပည့်တော်မက ရန်ကုန်မြို့ထဲက သားတစ်ယောက်ဆီမှာ နေတာ ပါဘုရား။ အိမ်နားက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေကိုလည်း အိမ်ကသား မသိအောင် မကြာခဏ လိုအပ်တာတွေ သွားသွားလှူလို့ ဘုန်းကြီးတွေနဲ့ ခင်မင်ပြီး စကားပြောတတ်တာပါဘုရား"

"အခု ရွှေပြည်သာကို အလည်လာတာလား"

"ဟုတ်ပါတယ်ဘုရား၊ ရွှေပြည်သာမှာ သားအကြီးဆုံးတစ်ယောက် ရှိပါတယ်။ သူက တပ်ထွက်ပါ။ သူ့ဆီ အလည်ခဏ လာတာပါ"

"ဒီသားကြီးကတော့ ဗုဒ္ဓဘာသာထင်တယ်။ အမိုးမှာ သားသမီးက ဘယ်နှစ်ယောက် ရှိသလဲ"

"ငါးယောက်ရှိပါတယ်"

"ဗုဒ္ဓဘာသာက ဘယ်နှစ်ယောက်လဲ"

"သားသုံးယောက်က တပ်ထဲဝင်တဲ့အချိန်ကစပြီး ဗုဒ္ဓဘာသာဖြစ် သွားတာပါ။ ကျန်တဲ့ သားတစ်ယောက်နဲ့ သမီးတစ်ယောက်ကတော့( )ဘာ သာပါ"

"အမိုး ဒီဘာသာထဲရောက်တာ ဘယ်လောက်ကြာသွားပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ငါးဆယ်ကျော် ကြာသွားပါပြီ။ ၁၆–နှစ်သမီးအရွယ်ကစပြီး ဒီဘာသာထဲ ရောက်လာတာပါ။ ဒီအရင်ကတော့ စာဖြူ (ခရစ်ယာန်) ကရင်ပါ"

## စာဖြူခရစ်ယာန်ခေါ်ရခြင်းအကြောင်း

(မှတ်ချက်)။ ။ ရေနှစ်မင်္ဂလာပြုလုပ်သော (နှစ်ခြင်း)ဘာသာကို 'ပရိုတက်စတင့်' ဟု ခေါ်၏။ ရေဖြန်းမင်္ဂလာပြုလုပ်သော (ရေဖြန်း) ဘာသာကို ရိုမင်ကက်သလစ် ဟု ခေါ်၏။ ၁၅၅၅–ခုနှစ်တွင် ဗရင်ဂျီ ဘုန်းတော်ကြီး ဖါသာပီတာတွန်း မြန်မာပြည်သို့ စတင်သယ်လာသည်။ ၁၈၁၃ခုနှစ်၊ ဇူလိုင်လ ၁၃–ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု မက်ဆာချူး ဆက်ပြည်နယ်၊ မော်ဒလင်းမြို့သား ဆရာယုဒသန်နှင့် ဇနီးတို့ မြန်မာပြည်သို့ ရောက်ရှိ။ ထိုအချိန်က ဆရာယုဒသန် သည် ၂၅–နှစ် အရွယ်သာ ရှိသေးသည်။ ဘကြီးတော်မင်း တရားလက်ထက်ပင် ဖြစ်၏။

သူရောက်ပြီး ၆–နှစ်အကြာ ၁၈၁၉–ခုနှစ်၊ ဇွန်လ ၂၇–တွင် မောင်နော ဆိုသူ ခရစ်ယာန်ဘာသာဝင် စဖြစ်သည်။ နောက်ထပ် ၂၆– ရက်အကြာ ဇူလိုင် ၂၃–ရက်တွင် မောင်နော၏ မိတ်ဆွေ မောင်ပြားနှင့် မောင်သာလှတို့ ခရစ်ယာန် ဘာသာဝင် ဖြစ်ကြ၏။ ဆရာယုဒသန်သည် ဆူးလေစေတီအနီး ဇရပ်ထက်၌ နေ့စဉ်နေထိုင်ကာ ပုံနှိပ်စာရွက်ဖြူ ကလေးများကို ဝေငှ ပေးကမ်းပြီး သူ၏ သာသနာ ပြုလုပ်ငန်းကို စတင်သည်။ ထိုစာရွက်ဖြူ လေးများကို အစွဲပြု၍ နောင်တွင် 'စာဖြူခရစ်ယာန်'ဟု အမည်တွင်လာခြင်းဖြစ်၏။

၁၈၁၈ –ခုနှစ်တွင် ဆရာကောမန် ဇနီးမောင်နှံနှင့် ရှိလုပ်ဇနီးမောင်နှံ တို့ ထပ်မံရောက်ရှိ သာသနာပြုကြ၏။ မောင်နော နှစ်ခြင်းခံသည့်ရေကန်မှာ မင်္ဂလာတံခါးမှထွက်၍ ရွှေတိဂုံ ဘုရားသို့သွားရာ ဆံတော်ကြိုလမ်းဘေး ဆရာတော် ဦးကေတု၏ သုံးထပ်ကျောင်းအနီး တည်ရှိသည်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာယုဒသန် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ၉–နှစ်အတွင်း ခရစ်ယာန် ဘာသာဝင် ၁၈– ဦးထိ ရရှိခဲ့၏။

| | | |
|---|---|---|
| ၁၈၁၉ | = | မောင်နော၊ မောင်ပြား၊ မောင်သာလှ။ |
| ၁၈၂၀ | = | မမင်းလှ၊ မောင်ရွှေဝေ၊ မြတ်ယာ၊ သာရ၊ ညိုထွေး၊ မောင်ကွယ်၊ ဦးရွှေငုံ။ |
| ၁၈၂၁ | = | ဦးအင်း၊ မမြတ်လေး၊ မောင်လှေး။ |
| ၁၈၂၂ | = | မတုတ်၊ မယ်စု၊ မနု၊ ကိုသာ၊ မယ်မိ။ |

ဤကား အမိုး၏ ရိုးဖြောင့်မှုပင် ဖြစ်၏။ ရိုးဖြောင့်ခြင်းသည် ဆရာကောင်း ရခြင်း၊ တရားထူးရခြင်း၏ အဓိကအကြောင်းတစ်ခုပင် ဖြစ်၏။ အကြောင်းကား အမိုးက ထိုသို့ ရိုးသားစွာ ဖြေလိုက်သောအခါ စာရေးသူ အနေဖြင့် ပြည့်စုံစွာ ပြောပြလိုသော စေတနာဖြစ်လာသောကြောင့် ပင်တည်း"

"အမိုးနားထောင်ချင်တယ် ဆိုရင်တော့ ရတနာသုံးပါးကြောင့် ကောင်းကျိုးရပုံတွေ၊ အန္တရာယ်ကင်းပုံတွေကို လက်တွေ့အနေနဲ့ရော တစ်ဆင့်ကြားအနေနဲ့ပါ ပြောပြပေးမယ်လေ အမိုးနားထောင်မှာလား"

"နားထောင်ပါ့မယ်ဘုရား ပြောပြပေးပါ"

### အနန္တငါးပါးဘုရားရှိခိုးဖြင့် သေဘေးမှလွတ်သူ

"ပထမဆုံး ဦးပဥ္စင်းကိုယ်တွေ့တစ်ခုကို စပြောပြမယ်။ ဦးပဥ္စင်း ခုနစ်နှစ်သား အရွယ်လောက်ကပေါ့။ မယ်တော်ကြီးက ဦးပဥ္စင်းတို့ကို အနန္တော အနန္တငါးပါးဘုရား ရှိခိုးတစ်ခုကို သင်ပေးထားတယ်၊ ဘုရား ရှိခိုးက–

ဗုဒ္ဓဂုဏောအနန္တော၊ ဓမ္မဂုဏောအနန္တော
သံဃာဂုဏောအနန္တော၊ မာတာပိတုဂုဏောအနန္တော
အာစရိယဂုဏောအနန္တော၊ အနန္တော အနန္တငါးပါးတို့ကို ရှိသေစွာ
နာမာမိ– ရှိခိုးပါ၏တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဘုရားရှိခိုးကို သားတို့အမြဲ ရှိခိုး၊ အန္တရာယ်ကင်းတယ်၊ ဘေးရှင်းတယ်၊ မကောင်းဆိုးဝါးတွေ ဒုက္ခပေးလို့ မရနိုင်ဘူးလို့ ပြောပြထားတော့ ဦးပဋ္ဌင်းက ဒီဘုရားရှိခိုးကို သိပ်အားကိုးတာပေါ့။ မယ်တော်ကြီး မထင်မှတ်ပဲပြောလိုက်တဲ့ အဲဒီစကားလေးကြောင့် ဦးပဋ္ဌင်းဟာ ၇-နှစ်သား အရွယ်နဲ့ သေရမယ့်ဘေးကနေ ကင်းဝေးခဲ့ရတယ်"

"ဘယ်လိုသေဘေးမျိုးနဲ့ ကြုံရတာလဲဘုရား"

"မကောင်းဆိုးဝါးကြောင့် သေမယ့်ဘေးမျိုးနဲ့ဆုံရတာပါ။ တစ်နေ့တော့ ဦးပဋ္ဌင်းတို့ အိမ်နဲ့မျက်စောင်းထိုးက ဝက်သားရောင်းတဲ့ အမျိုးသမီးကြီး တစ်ယောက် သေသွားတယ်။ ဒီအမျိုးသမီးကြီးဟာ အရပ်က ရှည်ရှည်၊ အသားက မဲမဲ၊ မျက်လုံးက ပြူးပြူးနဲ့ မသေခင်ကတည်းကကို ကြောက်စရာ ကောင်းနေတယ်"

"သူသေပြီး နှစ်ရက်လောက်ပဲရှိသေးတယ်၊ အသုဘတောင် မချရသေးဘူး၊ သူ့အလောင်းကြီးက သူတို့အိမ်ရှေ့မှာရှိတုန်းပေါ့၊ ဦးပဋ္ဌင်းက တပို့တွဲလမှာ မွေးတဲ့သူဆိုတော့ အအေးကြိုက်တယ်၊ ဒါ့ကြောင့် အိမ်ထဲမှာ မအိပ်ပဲ အိမ်အပြင်က တန်းလျားလေးပေါ်မှာပဲ အိပ်တတ်တယ်၊ အဲဒီနေ့ညမှာတော့ အမေကပြောတယ်၊ သားကြီး ဒီငါးရက်လောက်တော့ အိမ်ထဲမှာ ဝင်အိပ်ချင် အိပ်ပါလားလို့ ပြောတယ်၊ အသုဘ အိမ်ရှိနေလို့ ကြောက်မှာစိုးလို့ ပြောတာပါ"

"ဦးပဋ္ဌင်းက အမေ-ကျွန်တော်မကြောက်ဘူး။ အိမ်အပြင်မှာပဲ အိပ်မယ်လို့ ပြောလိုက်တော့ အမေက အနန္တော အနန္တငါးပါးကိုသာ ရှိခိုးပြီးအိပ်၊ ငါ့သားကို ဘယ်မကောင်းဆိုးဝါးကမှ ဒုက္ခမပေးနိုင်ဘူးလို့ အားပေးပြီး အမေအိမ်ထဲပြန်ဝင် သွားတယ်၊ ဦးပဋ္ဌင်းလည်း အနန္တငါးပါးကို ဘုရားရှိခိုးပြီး အိမ်အပြင်ဘက်မှာ တစ်ယောက်တည်း အိပ်နေကျအတိုင်း အိပ်လိုက်တယ်၊ ကလေးဆိုတော့ ခဏနဲ့ အိပ်ပျော်သွားတာပါပဲ"

"အိပ်မက်ပဲလား တကယ်ပဲလားဆိုတာကတော့ ဦးပဋ္ဌင်းအခုအချိန်ထိ မဆုံးဖြတ် နိုင်သေးဘူး။ မျက်စေ့ထဲမှာ ထင်ထင်ရှားရှားကြီး

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရတာ တော့ အမှန်ပဲ။ လူခြေတိတ်ဆိတ်တဲ့ သန်းခေါင်ကျော်အချိန် လောက်လည်း ရောက်ရော၊ အသားမည်းမည်း၊ မျက်လုံးပြူးပြူးနဲ့ ဝက်သား သည်ကြီးဟာ ဦးပဥ္စင်းတို့အိမ်ရှိရာတို တစ်လှမ်းခြင်း လျှောက်လာတာကို တွေ့လိုက်ရတယ်။ သူ့ရဲ့ အရပ်ဟာ နဂိုအရပ်ထက် ဆယ်ဆလောက် ပိုရှည်နေ တော့ ဦးပဥ္စင်း တို့ အိမ်ခြံစည်းရိုးဟာ သူ့ဒူးခေါင်းလောက်ပဲ ရှိနေတာပေါ့"

"ဦးပဥ္စင်းကို မြင်လိုက်တာနဲ့ သူဟာ ခြံစည်းရိုးကို ကျော်ပြီး အိမ်ဝိုင်း ထဲ ဝင်လိုက်တယ်၊ အံ့သြစရာကောင်းတာက ဒီလောက်ကြောက် စရာကောင်း တဲ့ မကောင်းဆိုးဝါးမကြီးကို တွေ့နေရပေမယ့် ဦးပဥ္စင်းစိတ်ထဲမှာ ကြောက် စိတ် ပေါ် မလာတာပဲ၊ ဘာ့ကြောင့် ကြောက်စိတ် မပေါ် တာလဲ ဆိုတော့ အနန္တ ငါးပါးဘုရား ရှိခိုးဆိုတဲ့ အားကိုးရှိနေတဲ့ အတွက်ကြောင့်ပဲ၊ သူဟာ သေချာ ကုန်းကြည့်လိုက်ပြီး ဦးပဥ္စင်းရဲ့ အကျႌ နောက်ကျော ကော်လံစကနေ ဆွဲပြီး မလိုက်တယ်၊ ဦးပဥ္စင်းဟာ လက်အုပ်လေးချီပြီး တန်းလန်းလေး ပါသွား တယ်"

"လက်အုပ်ချီလိုက်တာဟာ အနန္တငါးပါးကို ရှိခိုးဖို့ အသင့်ပြင် လိုက်တာပါ၊ သူဟာ ဦးပဥ္စင်းကို ညာလက်နဲ့မယူပြီး သူ့ဘယ်လက်ဖဝါး ပေါ် ကို တင်လိုက်တယ်၊ ပြီးတော့ သူ့ရဲ့ မျက်နှာဆီ ဆွဲယူသွားပြီး သေချာ ကြည့်တယ်၊ ကြောက်တတ်တဲ့ ကလေးတစ်ယောက်ဆိုရင် သူ့ကို မြင်လိုက် ကတည်းက လန့်သေရမှာမဟုတ်လား၊ အခု ဦးပဥ္စင်းက သူ့လက်နဲ့ မယူသွားကဲ့အထိ ဘာမှ မဖြစ်သေးတာဟာ သူ့အတွက် အံ့သြစရာဖြစ် နေတာပေါ့"

"ဒါ့ကြောင့်လည်း အနီးကပ်ယူကြည့်ဟန်တူပါတယ်၊ ဦးပဥ္စင်းဟာ အနန္တ ငါးပါးဘုရားရှိခိုးကြောင့်သာ သူ့ကိုမကြောက်တာပါ၊ သူဟာ လူ့ဘဝက သေသွားပြီဖြစ်တဲ့ မကောင်းဆိုးဝါးဆိုတာကိုတော့ အလိုလို သိနေတယ်၊ သူ့ဘယ်ဘက် လက်ဖဝါးပေါ် ရောက်တာနဲ့ ဦးပဥ္စင်းက အနန္တငါးပါး ဘုရား ရှိခိုးကို ရွတ်ဆိုကန်တော့တော့တာပဲ၊ ဘုရားရှိခိုး ဆုံးတာနဲ့ သူဟာ ဦးပဥ္စင်းကို တန်းလျားပေါ် သေချာပြန်တင်ပေးပြီး အိမ်ဝိုင်းထဲကနေ စိတ်ပျက်တဲ့အမူ အရာနဲ့ ပြန်လှည့်ထွက်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမိုးသည် စာရေးသူ၏ ဖြစ်ရပ်ကို အတော်စိတ်ဝင်စားသွားဟန် တူ၏။ မျက်တောင်မခတ် သေချာစိုက်ကြည့်နားထောင်နေရင်းက ယခုလို ပြောလာ၏။

"အံ့ဩစရာပါလား ဆရာတော် ရတနာသုံးပါးဟာ တကယ်ကို အားကိုး ထိုက်တာပါလား။ နောက်ထပ်ဖြစ်ရပ်တွေရှိရင် ဆက်ပြောပြပါဦး။ တပည့်တော်မ နားထောင်ချင် ပါသေးတယ်"

"ဦးပဥ္စင်းရဲ့ ဖြစ်ရပ်မျိုး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၄၇–နှစ်ကျော်က လည်း ဖြစ်ခဲ့ဘူးတယ်"။

နမောဗုဒ္ဓဿဖြင့် ဘီလူးဘေးမှ လွတ်မြောက်သူ

"ဟင်–နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ဆိုတော့ ကြာလှပြီပဲဘုရား၊ ဆရာ တော်တောင် မမွေးသေးပဲနဲ့ ဒီအကြောင်းတွေ ဘယ်လိုလုပ်သိနေသလဲ ဘုရား"

"မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်စာပေတွေကို ကြည့်ပြီး သိရတာပါ"

"ပြောပါဘုရား တပည့်တော်မ စိတ်ဝင်စားပါတယ်"

"ဗုဒ္ဓလက်ထက်ကပေါ့ (ရာဇဂြိုဟ်)မြို့မှာ ဆင်းရဲတဲ့ ဘာသာခြား မိသားစုတစ်စု ရှိတယ်။ သူတို့မိသားစုထဲက ဆယ်နှစ် အရွယ်သားလေး တစ်ယောက်ဟာ တခြားကလေး တစ်ယောက်နဲ့အတူ ဂုံညင်းကစားတယ်။ အခုခေတ်စကားနဲ့ ဆိုရင်တော့ ပေသီးကစားတယ်ပဲ ပြောပါတော့။ ပေသီး ပစ်တဲ့အခါတိုင်း ဗုဒ္ဓဘာသာဝင်ကလေးက နမောဗုဒ္ဓဿလို့ ဆိုဆိုပြီး ပစ်တယ်။ ပစ်တဲ့အခါတိုင်း မှန်တာကများတော့ ဗုဒ္ဓဘာသာဝင် ကလေးက ချည်းပဲ နိုင်နေတာပေါ့"

"ဒါကို ဘာသာခြားကလေးက မခံနိုင်ဘူး။ ဟိုကလေးအနိုင်ရရ သွားတာဟာ နမောဗုဒ္ဓဿ လို့ ဆိုလို့ပဲ၊ နောက်တစ်ခါ ပေသီးကစားရင် ငါလည်း ဆိုနိုင်ရ မယ်ဆိုတဲ့အသိနဲ့ နမောဗုဒ္ဓဿကို အမြဲတမ်းရွတ်ဆို လေ့ကျင့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နမောဗုဒ္ဓသာရဲ့ အဓိပ္ပါယ်က ဘာလဲဘုရား"

ဤကြားဖြတ်မေးခွန်းကို ထောက်သောအားဖြင့် အမိုးသည် စာရေးသူ၏ စကားအပေါ် အတော်စိတ်ဝင်စားနေပြီဖြစ်ကြောင်း သိသာ၏။

"နမောဗုဒ္ဓသာရဲ့အဓိပ္ပါယ်က မြတ်စွာဘုရားအား ရှိခိုးပါ၏-တဲ့။ ဆိုနေကျ ဆိုတော့ ဘာသာခြားကလေးရဲ့ ပါးစပ်ဟာ နမောဗုဒ္ဓသာကို စွဲမြဲသွားတာပေါ့။ တစ်ရက်တော့ ဒီကလေးရယ် သူ့ဖခင်ရယ်ဟာ ထင်းခုတ်ရအောင် မြို့ပြင်ကို နွားလှည်းမောင်းပြီး ထွက်လာကြတယ်။ မြို့ပြင် သင်္ချိုင်းထဲရောက်တော့ လှည်းဖြုတ် ဒေါက်ထောက်ပြီး နွားတွေကို အစာ ရှာစားရအောင် ခဏလွှတ်ပေးထားလိုက်တယ်"

"ထင်းတွေခုတ်ပြီးလို့ ညနေစောင်းတဲ့အခါ သူ့အဖေက လွှတ်ထားတဲ့ နွားတွေကို လိုက်ရှာရင်း မြို့ထဲထိ ရောက်သွားတယ်။ နွားတွေက ပြန်ချိန်နောက်ကျနေတော့ သူတို့ဘာသာအိမ်ကို ပြန်သွားကြတာပေါ့။ နွားတွေကို ပြန်တွေ့ရတဲ့အချိန်မှာ နေကဝင်သွား ပါပြီ။ ဒါ့ကြောင့် ဖခင်ဖြစ်သူဟာ သားအတွက် စိုးရိမ်တဲ့စိတ်နဲ့ မြို့ပြင် အမြန်ထွက်ရအောင် သုတ်ခြေတင် ရှာပါတယ်။ ဆယ်နှစ် အရွယ်သူ့သားက သင်္ချိုင်းထဲက လှည်းအောက်မှာ တစ်ယောက်တည်း မဟုတ်လား"

"မြို့ရိုးအပေါက်ဝကို ရောက်တာနဲ့ သူ့ပါးစပ်က "ဟာ" ဆိုတဲ့ အာမေဍိတ်သံ တစ်သံထွက်သွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ မြို့တံခါးကြီးက ပိတ်ထားပြီး ဖြစ်နေလို့ပါပဲ။ မြို့ပြင်က သားငယ်လေးကတော့ ကြောက်ကြောက်နဲ့ ထင်းလှည်းအောက်မှာ ဝင်ထိုင်ရင်း ဖခင်အလာကို မျှော်နေရှာတယ်။ မျှော်ရင်း မျှော်ရင်းပဲ ညဉ့်နက်လာတော့ သားငယ်လေးဟာ အိပ်ပျော်သွားရှာတယ်။ ဒီအချိန်မှာပဲ မြို့ပြင်မှာနေတဲ့ ဘီလူးနှစ်ကောင်ဟာ အစာရှာရအောင်ထွက်လာရင်း ကလေးကိုတွေ့သွားကြတယ်။ ဘီလူး တစ်ကောင်က သမ္မာဒိဋ္ဌိ- ကောင်းသော အယူရှိတယ်၊ ကျန်တစ်ကောင်က မိစ္ဆာဒိဋ္ဌိပေါ့"

"ဘီလူးတစ်ကောင်က ကလေးအသားချိုချိုလေးကို စားချင်တာနဲ့ အတော်ပဲ လို့ပြောပြီး ကလေးရှေ့မှာရပ်လိုက်တယ်။ သမ္မာဒိဋ္ဌိဘီလူးက

www.burmeseclassic.com

www.burmeseclassic.com



ရမ်းမလုပ်သင့် ကြောင်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် နေတဲ့ကလေး ဆိုရင် နတ်ကောင်း နတ်မြတ်တွေက အပြစ်ပေးတတ်ကြောင်း ပြောဆိုတား မြစ်ပါတယ်။ အစားငန်းနေတဲ့ ဘီလူးဟာ မိတ်ဆွေရဲ့ အကြံပေးချက်ကို လက်မခံပဲ ကလေးရဲ့ခြေထောက်ကို သွားဆွဲလိုက်ပါတယ်"

"ခြေထောက်ကို ဘီလူးက ဆွဲလိုက်တာနဲ့ ကလေးက နမောဗုဒ္ဓဿလို့ ယောင်ပြီး ရွတ်လိုက်တယ်။ ဒီလိုရွတ်လိုက်တာနဲ့ ခြေထောက်ကို ဆွဲနေတဲ့ ဘီလူးရဲ့ တစ်ကိုယ်လုံးဟာ မီးတွင်းထဲအချခံလိုက်ရသလို ပူလောင်သွားလို့ ကလေးရဲ့ ခြေထောက်ကို လွှတ်ပြီး နောက်ကို ခုန်ဆုတ်သွားတယ်"

အဲဒီအခါ သမ္မာဒိဋ္ဌိဘီလူးက –

"သင်မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်တဲ့ သူတော်ကောင်း ကလေးကို ပြစ်မှားမိပြီ။ ဒီအပြစ်ဒဏ်အတွက် သားငယ်လေးကို ဘေးမ ရောက်အောင် တစ်ညလုံး စောင့်ရှောက်ဖို့ရယ်။ ညစာမစားရသေးတဲ့ သားငယ်လေးအတွက် ညစာရှာပေးဖို့ရယ်ကို တာဝန်ယူရမယ်လို့" ပြောလိုက် တယ်။

မိစ္ဆာဒိဋ္ဌိဘီလူးဟာ သူ့အပြစ်အတိုင်း ဘုရင်ရဲ့ပွဲတော်အုပ်ကို သွားယူ ပြီး သားငယ်ကို ကျွေးရှာတယ်။ ဒီလိုကျွေးတဲ့အချိန်မှာ သားငယ်ရဲ့ မိဘများ ပုံသဏ္ဌာန် အတိုင်း ဖန်ဆင်းပြီးတော့ ကျွေးတယ်။ ပြီးတော့ တစ်ညလုံးဘေး မရောက်အောင် စောင့်ရှောက်ပြီး မိုးလင်းမှ ပြန်သွားတယ်။ ဘုရင့်ပွဲတော် အုပ်တွေ မှာလည်း သားငယ်ကို ဘီလူးတစ်ကောင် ကိုယ်တိုင် ဘုရင့်နန်း တော်ထဲက စားစရာများကို ယူ၍ကျွေးခြင်းဖြစ်ကြောင်း သက်သေစာကို ရေးထားခဲ့တယ်။ မိုးလင်းတဲ့အခါ ပွဲတော်အုပ်တွေ ပျောက်လို့လိုက်ရှာရင်းနဲ့ မင်းချင်းတွေဟာ ကလေးရော၊ စာရော၊ ပွဲတော်အုပ်တွေရောကို ဘုရင့်ထံ ရောက်အောင် ဆက်သလိုက်တယ်။

"အကြောင်းစုံသိသွားတဲ့ဘုရင်ဟာ သားငယ်နဲ့သူ့ရဲ့မိဘတွေကို ကြီးကျယ်စွာ ထောက်ပံ့ချီးမြှောက်တဲ့အတွက် ချမ်းသာတဲ့ သူဌေးတွေ ဖြစ်သွားကြတယ်။ အဓိပ္ပါယ် ဘာမှမသိပဲနဲ့ ရွတ်ဆိုတဲ့ ဘုရားရှိခိုးလေးတောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်စွမ်းနေရင် အစိပ္ပါယ်သာသိပြီး ရှိခိုးရင် ဘယ်လောက်များ စွမ်းလိုက်မလဲ ဆိုတဲ့ အတွေးနဲ့အတူ သားငယ်နဲ့တကွ မိသားစုအားလုံးဟာ ဗုဒ္ဓဘာသာ ဝင်တွေဖြစ်သွားကြတဲ့အပြင် နောက်ဆုံးမှာ သားအမိသားအဖ သုံးဦးလုံး ရဟန္တာဖြစ်သွားကြတယ်"

"အံ့သြစရာပါလား ဆရာတော်၊ ဘာသာခြားကလေးဟာ နမော ဗုဒ္ဓဿရဲ့ အဓိပ္ပါယ်ကို သေချာမသိပဲနဲ့ ဗုဒ္ဓဘာသာမဟုတ်ပဲနဲ့ ရွတ်ဆိုတာ တောင် ကောင်းကျိုးတွေရပြီး အန္တရာယ်တွေကင်းရှင်းခဲ့တာဟာ တကယ့်ကို အံ့သြစရာ ကောင်းပါတယ်ဘုရား"

"ဒီထက် အံ့သြစရာကောင်းတာရှိသေးတယ်အမိုးရဲ့"

"ပြောပါဦးဘုရား"

## နတ်ဖြစ်သွားသော လင်းနို့သားငါးရာ

"ဂေါတမဘုရားရှင်ထက် အရင်ပွင့်တဲ့ ကဿပဘုရားရှင် လက်ထက် အခါ တုန်းက လင်းနို့အကောင်ငါးရာဟာ ကျောက်လိုဏ်ဂူကြီး တစ်ခုမှာ နေထိုင်ကြတယ်။ ရဟန်းတော်တွေ ရွတ်ဖတ်သရဇ္ဈာယ်တဲ့ တရားသံကို ဘာမှနားမလည်ပဲ နာယူခဲ့ကြတယ်။ သူတို့ရဲ့လင်းနို့ဘဝမှာ ကုသိုလ်ဆိုလို့ ဒီတရားနာတာလေး တစ်ခုပဲရှိတယ်"

"လင်းနို့ဘဝက သေကြတဲ့အခါ ဘာမှမသိပဲ တရားနာခဲ့တဲ့ ဓမ္မ သဝန ကုသိုလ်ကြောင့် နတ်ပြည်ကို ရောက်ရတယ်။ နတ်ပြည်ခြောက်ထပ် မှာရှိတဲ့ နတ်စည်းစိမ်တွေကို အစုန်အဆန် အပြန်ပြန် အလှန်လှန် နှစ်ပေါင်းများစွာ အကြာကြီးစံစားပြီး နောက်ဆုံးဘဝမှာတော့ ဂေါတမ မြတ်စွာဘုရား သာသနာမှာ သူဌေးသားတွေချည်းပဲ လာဖြစ်ကြတယ်"

"နတ်ပြည်ခြောက်ထပ် အဓိပ္ပါယ်နဲ့ သက်တမ်းအရေအတွက်ကို သေချာ သိချင်ပါသေးတယ်ဘုရား"

"မြင်းမိုရ်တောင်ရဲ့ အရှေ့အရပ်မှာ နေထိုင်ပြီး ဂန္ဓဗ္ဗနတ်တွေကို အုပ်ချုပ်ရတဲ့ နတ်မင်းကြီးကို ဓတရဋ္ဌလို့ခေါ်တယ်၊ မြင်းမိုရ်တောင်ရဲ့ တောင်အရပ်မှာ နေထိုင်ပြီး ကုမ္ဘာန်နတ်တွေကို အုပ်ချုပ်ရတဲ့ နတ်မင်းကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဝိရူဋ္ဌက လို့ခေါ်တယ်၊ မြင်းမိုရ် တောင်ရဲ့ အနောက်အရပ်မှာ နေထိုင်ပြီး နတ်နဂါးတွေကို အုပ်ချုပ်ရတဲ့နတ် မင်းကြီးကို ဝိရူပက္ခလို့ ခေါ်တယ်၊ မြင်းမိုရ်တောင်ရဲ့ မြောက်အရပ်မှာနေထိုင်ပြီး နတ်ဘီလူးတွေကို အုပ်ချုပ်ရတဲ့ နတ်မင်းကြီးကို ကုဝေရလို့ ခေါ်တယ်၊ နတ်မင်းကြီး လေးပါးအုပ်ချုပ်ရာ ဘုံဌာနဖြစ်လို့ စတုမဟာရာဇ်ဘုံလို့ခေါ်တာပဲ၊ ဒီဘုံဟာ လူ့သက်နဲ့ တွက်ကြည့်ရင် အနှစ်ကိုးသန်း အသက်ရှည်တယ်"

"မဃလုလင်နဲ့တကွ ၃၃–ယောက်သော နတ်တို့၏ ဖြစ်ရာဌာန ဖြစ်သောကြောင့် တာဝတိံသာလို့ခေါ်သတဲ့။ ဒီတာဝတိံသာနတ်တွေက လူ့သက်နဲ့ဆိုရင် သုံးကုဋေနဲ့ အနှစ်ခြောက်သန်း အသက်ရှည်တယ်။ ဆင်းရဲကင်းတဲ့ဘုံဖြစ်လို့ နတ်ချမ်းသာသို့ ကောင်းစွာ ရောက်တတ်တဲ့ဘုံဖြစ် လို့ ယာမာလို့ခေါ်တယ်။ သူတို့က ၁၄–ကုဋေနဲ့ လေးသန်းအသက် ရှည်တယ်။ ရွှင်လန်းခြင်းသို့ ရောက်တတ်တဲ့ အတွက်ကြောင့် တုသိတာ လို့ခေါ်တယ်။ သူတို့က ၅၇–ကုဋေ အနှစ်ခြောက်သန်း အသက်ရှည်တယ်"

"ပင်ကိုယ်ရှိပြီးသား စည်းစိမ်ထက် အလွန်အကဲခံစားလိုတဲ့ အတွက် အာရုံ ငါးပါးကို မိမိစိတ်ကြိုက်ဖန်ဆင်းပြီး ခံစားတတ်လို့ နိမ္မာနရတိ နတ်လို့ခေါ်တယ်။ သူတို့က ၂၃၀ ကုဋေနဲ့လေးသန်း အသက်ရှည်တယ်။ နိမ္မာနရတိနတ်တွေလို ကိုယ်တိုင်ဖန်ဆင်းစရာ တောင်မလိုပဲ အစေအပါး နတ်တို့က အလိုက်သိစွာ ဖန်ဆင်းပေးတဲ့ အာရုံတွေကို ခံစားတတ်တဲ့ အတွက်ကြောင့် ပရနိမ္မိတဝသဝတ္တီလို့ ခေါ်တယ်။ သူတို့က လူ့သက်နဲ့ဆိုရင် ၉၂၁–ကုဋေနဲ့ ခြောက်သန်းအသက် ရှည်တယ်"

"ဒီခြောက်ဘုံထဲက တုသိတာနတ်ဘုံမှာ နောက်ပွင့်မယ့် အရိမေတ္တေယျ ဘုရားအလောင်းနတ်သားရှိတယ်။ ပရနိမ္မိတဝသဝတ္တီဘုံမှာတော့ ဘုရားသာသနာကို ဖျက်ဆီးတတ်တဲ့မာရ်နတ်ကြီးရှိတယ်။ သူက နတ်မင်း တော့ မဟုတ်ပါဘူး။ သူပုန်နတ်ကြီးလို့ပဲ ပြောရမှာပေ့ါ"

(မှတ်ချက်)။ ။မြင့်မိုရ်တောင်သည် ယူဇနာ ၈၄၀၀၀– မြင်းလှ ဓေ လှသည့်အတွက် အာကာသသူရဲများ မရောက်နိုင်ကြသောကြောင့် ဧတွေ့

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းဟု ယူဆနိုင်။ တောတောင်ရေမြေများသည် အမြဲပြောင်းလဲ နေကြသည်။ တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်သည် ရှေးက တစပ်တည်း တစ်ပြင်တည်းရှိခဲ့၊ နောက်မှကွဲသွားပြီး တခြားစီဖြစ်သွားခဲ့၊ ရေအောက် အခြေခံ (ဖေါင်ဒေးရှင်း) တစ်ခုတည်း တည်ရှိနေပုံ အထောက် အထားများကို တွေ့ရကြောင်း သိပ္ပံပညာရှင် များကတင်ပြကြ။ သာမန် စိတ်တန်ခိုးသာ ရှိသော မျက်လှည့်ဆရာ ဒေးဗစ်ကော်ပါဖီးသည်ပင် ရထားကြီးများ၊ လေယာဉ်ကြီးများ မိုးထိမြင့်မားသော ရုပ်ထုကြီးများကို ဖျောက်ပြနိုင်သေးရာ သူ့ထက် စိတ်တန်ခိုးများစွာ မြင့်မားသော နတ်ဗြာဟ္မာများအတွက် မြင်းမိုရ်တောင်ကို ဖျောက်ပြဖို့ရာ အလုပ်သည် ခဲယဉ်းစရာ မရှိပေ။ မြင်းမိုရ်တောင် ရှိ၊ မရှိမေးဘူးသော လူငယ်အချို့အတွက် ဆက်စပ်မှုရှိတုန်း အတွေး တစ်စကို ထုတ်ပြခြင်းဖြစ်၏။

"လင်းနို့ငါးရာဘ၀ကလာတဲ့ သူဌေးသားငါးရာဟာ အရွယ်ရောက်တဲ့အခါ အရှင်သာရိပုတ္တရာထံမှာ ရဟန်းပြုကြတယ်။ ဒီအချိန်မှာ ဘုရားရှင်က တာဝတိံသာ နတ်ပြည်မှာ ဝါတွင်းသုံးလပါတ်လုံး မရပ်မနား အဘိဓမ္မာ တရားတော်ကို ဟောကြားနေတယ်။ ဆွမ်းစားချိန်ကျတော့ နိမ္မိတရုပ်ပွား တစ်ဆူကို ဆက်ဟောစေပြီး ဘုရားရှင်ကတော့ မြောက်ကျွန်းကို ကြွပြီး ဆွမ်းခံဘုဉ်းပေးတယ်။ ဆွမ်းဘုဉ်းပေးပြီးလို့ နေ့သန့်စင်ဆဲ အချိန် အတွင်းမှာ အရှင်သာရိပုတ္တရာကို နတ်ပြည်မှာဟောခဲ့တဲ့ အဘိဓမ္မာ တရားတော်ကို အကျဉ်းချုပ်ပြီး ပြန်ဟောတယ်"

"အရှင်သာရိပုတ္တရာက သူအကျဉ်းနာထားရတဲ့ အဘိဓမ္မာတရားကို တပည့် ရဟန်းငါးရာအား မကျဉ်းမကျယ်ပြန်ပြီးတော့ ဟောကြားတယ်။ အဘိဓမ္မာ တရားကို လူသားတွေထဲမှာ အရှင်သာရိပုတ္တရာ ပြီးရင် အရင်ဆုံး နာကြားရတဲ့သူတွေ ဖြစ်ခဲ့ရတဲ့ အကြောင်းကတော့ ကဿပဘုရား လက်ထက် အခါတုန်းက လင်းနို့ဘဝနဲ့ ကျောက်လိုဏ်ဂူထဲမှာ အဘိဓမ္မာ တရားကို နာကြားခဲ့ဖူးလို့ပါပဲ။ ဒီဘဝမှာတင်ပဲ လွယ်ကူသောအကျင့်၊ လျင်မြန်သော အသိဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားကြရတယ်။"

www.burmeseclassic.com

www.burmeseclassic.com



"အံ့သြစရာပါလား ဆရာတော်၊ အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်တွေ တရားနာတာတောင် ဒီလောက်ကောင်းကျိုးတွေရရင် အသိဉာဏ်ရှိတဲ့ လူသားတွေသာ နာကြားရရင် ဒီထက်ကောင်းကျိုးအနန္တ ရနိုင်မှာပေါ့ ဆရာတော်"

"သေချာတာပေါ့အမိုးရဲ့၊ တစ်လောကဆရာတော် ဦးဉာဏိဿရနဲ့ အတူတူ စာပေဒေါက်တာဘွဲ့ရသွားတဲ့ မန္တလေးမြို့က ဗန်းမော်ဆရာတော် ဦးကုမာရရဲ့ ကိုယ်တွေ့ပဋ္ဌာန်းတန်ခိုးလက်တွေ့အကျိုးတွေကို ပြောပြချင်တယ်"

"ပြောပြပါဘုရား"

"မြတ်စွာဘုရားဟောကြားတဲ့ တရားတော်တွေကို နာကြားနေသူတွေ ရွတ်ဖတ်သရဇ္ဈာယ်နေသူတွေ စဉ်းစားတွေးခေါ်နေသူတွေ ပွားများအားထုတ်နေသူတွေဟာ ဒီဘဝမှာလည်း သောတာပန်တည်နိုင်တယ်။ ဒီဘဝမှာ မတည်ရင် နောက်ဘဝနတ်ပြည်မှာ သောတာပန်တည်နိုင်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်မှာ ဟောထားတယ် အမိုးရဲ့။ ဒါ့ကြောင့် ဘုရားရှင်ရဲ့ တရားတော်တွေကို ကြုံရင်ကြုံသလို နာကြားမှုကိုလည်း ပြုသင့်တယ်။ ရွတ်ဖတ်သရဇ္ဈာယ်မှုကိုလည်း ပြုသင့်တယ်"

### ဗန်းမော်ဆရာတော် ကိုယ်တွေ့ပဋ္ဌာန်းတန်ခိုးများ

"၁၉ဂဂ–ခုနှစ်လောက်က မန္တလေးတိုင်း၊ တောင်သာမြို့နယ်ထဲက ရွာတစ်ရွာမှာ သိမ်သမုတ်ပွဲပြုလုပ်တယ်။ အဲဒီသိမ်သမုတ်ပွဲကို မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ နယားကျောင်း ဆရာတော်ဦးမေဓိယျရဲ့ တာဝန်ပေးချက်အရ ဗန်းမော်ဆရာတော်ဦးဆောင်ပြီး သံဃာတော် ၂၀–ကျော်တို့ဟာ တောင်သာမြို့နယ်ကို ကြွလာကြတယ်။ သိမ်သမုတ်မယ့်ရွာက ကျောင်းထိုင်ဆရာတော်က ဦးပဥ္စင်းရဲ့ ငယ်သူငယ်ချင်းမို့ ဦးပဥ္စင်းကိုလည်း လှမ်းပင့်လို့ ကြွသွားရတယ်"

"သိမ်အောင်ပွဲအဖြစ် တရားပွဲချီးမြှင့်တဲ့အခါ ဗန်းမော်ဆရာတော်က

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်တွေ့ ပဋ္ဌာန်းအကျိုးနဲ့ ဂုဏ်တော်အကျိုးတွေအကြောင်းကို ဟော သွားတာ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်။ ဗန်းမော်ကျောင်း တိုက်ကြီး အတွင်းမှာ ကျောင်းဆောင်တွေ အတော်များများ ရှိတယ်။ နှစ်ကလည်း ကြာ ပြုပြင်မယ့်သူကလည်းမရှိတော့ ဆွေးမြေ့ပျက်စီးနေတဲ့ ကျောင်းကများ တယ်။ မိတ်ဆွေ ဘုန်းကြီးတစ်ပါးက ဗန်းမော်ဆရာတော်ကို တိုက်တွန်း သတဲ့"

"ဦးကုမာရ၊ အရှင်ဘုရားကျောင်းတွေလည်း စုတ်ပြတ်နေပြီ၊ ကျောင်းတွေ ပြန်ကောင်းအောင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို နေ့စဉ်ရွတ်ပါလို့ တိုက်တွန်း သတဲ့။ ဒါပေမယ့် ဆရာတော်က မရွတ်ဖြစ်ဘူးတဲ့ မရွတ်ဖြစ်ခြင်း အကြောင်း ကတော့ အချိန်မရတာရယ်၊ သိပ်မယုံကြည်တာရယ်ကြောင့်ပဲတဲ့။ တစ်နေ့ တော့ ပဋ္ဌာန်းရွတ် ဖြစ်ဖို့အကြောင်းတစ်ခုကို တွေ့လာရတယ်"

"မန္တလေးမြို့၊ ဗောဓိကုန်းရပ်ကွက်က သီလရှင်ကြီးတစ်ပါးဟာ ပစ္စယနိဒ္ဒေသကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ် နေ့စဉ်ရွတ်သတဲ့။ မရွတ်ခင်မှာ နတ်ဗြဟ္မာ အားလုံးကို တရားနာ လာကြဖို့ ဖိတ်ကြားတယ်။ ရွတ်ပြီးလို့ အမျှပေးပြီးတဲ့အခါမှာလည်း သူလိုအပ်နေ တဲ့အရာများကိုလည်း ဝိုင်းဝန်း ကူညီဖို့တောင်းဆိုသတဲ့။ နှစ်ကြာလာတာနဲ့အမျှ ဒီသီလရှင်ကြီးဟာ အောင်မြင်တဲ့ သာသနာပြု သီလရှင်ကြီးတစ်ပါး ဖြစ်လာတယ်"

"ကျောင်းဆောင်ပေါင်းများစွာပါဝင်တဲ့ စာသင်တိုက်ကြီး တစ်တိုက် ရယ်၊ ရိပ်သာကြီး တစ်ခုရယ်ကို တည်ထောင်ပေးနိုင်ခဲ့ပြီး ဉာဏ်တော်အတော် မြင့်မားတဲ့ စေတီတော်ကြီးတစ်ဆူကိုလည်း အောင်မြင်စွာ တည်ထား ကိုးကွယ်နိုင်ခဲ့တယ်။ အဘိဓမ္မာတရားဟာ နတ်ပြည်မှာ ဟောခဲ့တာဆိုတော့ နတ်တွေဟာ ဒီအဘိဓမ္မာ တရားကို သိပ်နာကြားချင်ကြတယ်။ ဒါ့ကြောင့် သူတို့နာကြားချင်တဲ့အဘိဓမ္မာကို ရွတ်ဖတ်ပေးတဲ့သူများကို ကျေးဇူးဆပ် တဲ့အနေနဲ့ ပစ္စည်းလေးပါး ပေါ်များအောင် စောင့်ရှောက်ပေးကြတာပဲ ဖြစ်ပါတယ်။

"ရွတ်ဖတ်သက်ကြာလာတဲ့အခါ ပဋ္ဌာန်းတရားကို နတ်တွေ လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသူကြောင်း အထောက်အထားတွေကိုလည်း တွေ့ရသတဲ့။ အလွန် မွှေးကြိုင်တဲ့ အနံ့တွေရလာရင် ဂန္ဓမာဒနတောင်ကနတ်တွေပါ တရား နာ လာရောက်ကြောင်း သိရသတဲ့။ သီလရှင်ကြီးရဲ့ အကြောင်းကို သိပြီး တဲ့အခါ ဗန်းမော်ဆရာတော်က စဉ်းစားသတဲ့၊ သူ့လိုအမျိုးသမီး တစ်ယောက် တောင် ပဋ္ဌာန်းတန်ခိုးနဲ့ သာသနာ ပြုနိုင်သေးရင် ငါ့လို အမျိုးသား တစ်ယောက်က ဘာလို့ သာသနာ မပြုနိုင်ရမှာလဲလို့ ကိုယ့်ကိုယ်ကိုအား ပေးပြီး ပဋ္ဌာန်း ပစ္စယနိဒ္ဒေသကို ရွတ်လိုက်တာလမျှား မကြာမီမှာပဲ ဗန်းမော်တိုက်ထဲက ကျောင်းဆောင်တွေဟာ အလိုလို အလှူရှင်ပေါ် လာပြီး ပြုပြင် ဆောက်လုပ် လိုက်တာ အားလုံး ကျောင်းဆောင်သစ်တွေချည်း ဖြစ်သွားခဲ့ တယ်"

"တစ်ခါကလည်း ဆရာတော်ကျောင်းမှာ အရုပ်ဆိုးဆိုးနဲ့ ဦးပဥ္စင်း တစ်ပါး ရှိသတဲ့၊ ဝါကတော့ ဆယ်ဝါတောင်ကျော်နေပြီ။ ဒါပေမယ့် ဘုန်းကံ က သိပ်နည်းတာပဲတဲ့။ သူ့ကိုမြင် လိုက်တာနဲ့ ဆွမ်းခံအိမ်က ကလေးတွေဟာ တက်မတတ်ချက်မတတ် ငိုတတ်သတဲ့။ အဲသလောက်ကို ရုပ်ဆိုးတဲ့ ကိုယ် တော်ပေါ့။ ဒါကြောင့်လည်း သူ့သပိတ်ကို ကြည့်လိုက်ရင် ဆွမ်းကလည်း နည်းနည်း ဟင်းကလည်း နှစ်ခွက်သုံးခွက်အပြင် ပိုမရဘူးတဲ့။ တစ်ခါတော့ ဆရာတော်က သူ့ကိုခေါ်ပြီး ပုတီးတစ်ကုံးစွန့်ပြီး ဘုရားဂုဏ်တော်ပုတီး စိပ်ခိုင်းတယ်။ တစ်နေ့နှစ်ကြိမ်ပေါ့"။

## ဂုဏ်တော်တန်ခိုးဖြင့် လာဘ်တိုးသော ရုပ်ဆိုးကိုယ်တော်

ဆရာတော်က ဘုရားဂုဏ်တော်ကိုးပါးကို ဆယ်ပါးဖြစ်အောင်ခွဲပြီး စိပ်ခိုင်းတယ်။ ဆရာတော်စိပ်ခိုင်းတဲ့ နည်းက –

| | |
|---|---|
| အရဟံ | = လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ ပူဇော် အထူးကို ခံယူတော်မူထိုက်ပါပေ၏။ |
| သမ္မာသမ္ဗုဒ္ဓေါ | = အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူပါပေ၏။ |
| ဝိဇ္ဇာစရဏသမ္ပန္နော | = အသိဉာဏ်ဝိဇ္ဇာ၊အကျင့်စရဏနှင့် ပြည့်စုံတော် မူ ပါပေ၏။ |

www.burmeseclassic.com



| | |
|---|---|
| သုဂတော | = ကောင်းသောစကားကို ဆိုတော်မူ တတ်ပါပေ၏။ |
| လောကဝိဒူ | = သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟု ဆိုအပ်သော လောက သုံးပါးကို သိမြင်တော် မူပါပေ၏။ |
| အနုတ္တရော | = လောကသုံးပါးတွင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော် မူပါပေ၏။ |
| ပုရိသဒမ္မသာရထိ | = ဆုံးမထိုက်သူကို အောင်မြင်စွာ ဆုံးမတော်မူတတ်သည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူပါပေ၏။ |
| သတ္ထာဒေဝမနုဿာနံ | = လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဆရာဖြစ်တော်မူပါပေ၏။ |
| ဗုဒ္ဓေါ | = သစ္စာလေးပါးတရားကို သိမြင်တော်မူပါပေ၏။ |
| ဘဂဝါ | = ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေ၏။ |

(မှတ်ချက်)။ ။ပါရာဇိကဏ်အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာများတွင် ဘုရားဂုဏ်တော်ကို ဆယ်ပါးဖွင့်ပြသည်။ ဂိုဏ်းဆရာများက ကိုးပါး လုပ်ထားခြင်း ဖြစ်သည်။

"အဲဒီဂုဏ်တော်ကို မနက်ဆယ်ပါတ်၊ ညဆယ်ပါတ် မပြတ်အောင် စိပ်ခိုင်းတယ်၊ ကြားအချိန်မှာလည်း မေတ္တာဘာဝနာကို ရသလောက်ပွားများခိုင်းတယ်။ လအတော်ကြာလာတာနဲ့ အရုပ်ဆိုးကိုယ်တော်ဟာ ဘုန်းကြီးကြီးလာတယ်။ အရင်ကဆွမ်းဆိုရင် တစ်ပါးစာ လောက်ပဲရတယ်။ အခုဆိုရင် သပိတ်နဲ့အပြည့် အလျှံကို ရလာလို့ လေးပါးပါး စာလောက်တယ်။ အရင်က ဟင်းခွက်ဆိုရင် တစ်ခွက်နှစ်ခွက်ပဲရတယ်။ ခုလိုဂုဏ်တော်ပွားပြီးတဲ့ အခါမှာတော့ ခွက်နှစ်ဆယ်၊ သုံးဆယ်ထိရလာတယ်။ ဗန်းမော်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲမှာတော့ ဘုန်းအကြီးဆုံး ကိုယ်တော် ဖြစ်သွားတယ်”

“တစ်ရက်တော့ သူ့ဇာတိမြို့က အလှူပွင့်လို့ ရန်ကုန်ကတစ်ဆင့် သင်္ဘောစီးပြီး ရောဝတီမြစ်ရိုးအတိုင်းကြွသွားတယ်။ လမ်းခုလတ်က မြို့နယ်တစ်ခုကို သင်္ဘောကပ်တော့ ကမ်းနားမှာ မဏ္ဍပ်ကြီး ဟည်းနေအောင် ထိုးထားပြီး လမ်းတစ်လျှောက်လုံးမှာလည်း ရာဇမတ်ကာ၊ သဲဖြူးခင်းပြီး ငှက်ပျောပင်တွေ အစီအရီစိုက်ထားတာကို တွေ့လိုက်ရတယ်။ ရုပ်ဆိုး ကိုယ်တော်ကတော့ထင်သတဲ့ တိပိဋကဆရာတော်ကြီးတစ်ပါးပါးကို ပင့်ပြီး ပူဇော်မလို့နေမှာပေ့ါ။ သင်္ဘောရပ် လိုက်တာနဲ့ ဆိုင်ရာခရီးသည်တွေအားလုံး ဆင်းပြီးတာနဲ့ ဝတ်ကောင်းစားလှ ဝတ်ထားတဲ့ ဒကာကြီး ဆယ်ယောက် လောက် သင်္ဘောပေါ် တက်လာပြီး သူ့ကို လာဦးချသတဲ့”

“ရုပ်ဆိုးကိုယ်တော်က လူမှားနေပြီ ထင်တယ်လို့တွေးမိပြီး ဒကာကြီး လူမှားနေ ပြီထင်တယ်။ ဘာကိစ္စလဲလို့ မေးလိုက်တဲ့အခါ ခေါင်းဆောင် လူကြီးက မမှားပါဘူးဘုရား။ အရှင်ဘုရားမှ အရှင်ဘုရား အစစ်ပါ။ တပည့်တော်နဲ့တကွ ဒီမြို့ပေါ်က သူဌေးကြီးဆယ်ဦးလုံး တစ်ညတည်း အိပ်မက်အတူတူ မက်ကြပါတယ်။ မက်တဲ့အိပ်မက်ကတော့ ဒီနေ့ဒီအချိန်မှာ ဒီသင်္ဘော မင်းတို့မြို့ကို ကပ်လိမ့်မယ်။ အဲဒီသင်္ဘောထဲမှာ ရဟန္တာတစ်ပါး ပါလာတယ်”

“အဲဒီရဟန္တာရဲ့ပုံတော်ဟာ ဒီအတိုင်းပဲဆိုပြီး အရှင်ဘုရားရဲ့ မျက်နှာ တော် ပုံကို ထင်ထင်ရှားရှားကြီး ပြပါတယ်ဘုရား။ ဒါကြောင့် တပည့်တော် တို့တစ်တွေ ကျောင်းနေရာ သစ်စီမံ၊ ကျောင်းတွေဆောက်ပြီး အရှင်ဘုရား အလာကို စောင့်ကြိုနေကြတာပါဘုရား–လို့ လျှောက်ထားပြီး ပြန်လည် ရှင်းပြတာတောင် လက်မခံပဲ ဇွတ်ပင့်သွားလို့ ရုပ်ဆိုးကိုယ်တော်ဟာ လိုက်ပြီးကျောင်းထိုင်လိုက်ရသတဲ့ ခုဆိုရင် အဲဒီမြို့မှာ ဘုန်းအကြီးဆုံး ကိုယ်တော်ဖြစ်နေပြီတဲ့ အံ့သြစရာ မကောင်းဘူးလား အမိုး”

“ဘုရားတရားတော်ရဲ့ဂုဏ်တော် ကျေးဇူးတော်တွေဟာ အံ့သြလို့ မကုန်နိုင်အောင်ပါပဲလား ဆရာတော်”

www.burmeseclassic.com



"ဘုရားတရားတော်ရဲ့ အစွမ်းကြောင့် အန္တရာယ်ကင်းသွားပုံ၊ ဘေးရှင်း သွားပုံတွေကိုလည်း အမိုးကိုပြောပြဦးမယ်"

"မှန်ပါ ပြောပြပါဘုရား"

## ဝေသာလီပြည်ကဲ့သို့ ရောဂါဘေး၊ ဘီလူးဘေးဆိုက်သော ဇန်ဂီရေကျော်ရွာ

"ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်ထဲမှာ ဇန်ဂီရေကျော်လို့ အမည်ရတဲ့ ရွာတစ် ရွာရှိတယ်။ ဗုဒ္ဓဘာသာမဟုတ်ဘူး။ ၁၉၉၁–ခုနှစ်ထဲမှာ ရောဂန္တရ ကပ်ကြီးတစ်ခု ရွာထဲမှာ ဆိုက်ရောက်တယ်။ အများအားဖြင့်တော့ ကာလ ဝမ်းရောဂါလို့ပဲ ခေါ်ကြတယ်။ ဝမ်းတွေလျှောလျှောပြီး သေလိုက်ကြတာ တစ်လအတွင်း အလောင်းသုံးဆယ်တောင်ကျော်သွားတော့ တစ်နေ့ တစ်လောင်းတောင် မကတော့ဘူးပေါ့"

ဒီရောဂန္တရကပ်ကြီးကို ဖန်တီးတာဟာ မောဟဓာတ်ပဲ။ စိတ်ကို ဘာဝနာ တစ်ခုမှ မပွားပဲလွှတ်ထားရင် တွေ့ဝေတဲ့ အသိမှားတဲ့ မောဟဆိုတဲ့ အကုသိုလ် အမြဲတမ်း ဖြစ်နေတယ်။ အဲဒီမောဟအကုသိုလ်က အားကောင်း လာရင် လူ့လောကမှာ ရောဂါတစ်မျိုးမျိုးဖြစ်စေပြီး အသေသတ်တော့ တာပဲ"

"မောဟဆိုတဲ့ အကုသိုလ်စိတ်ဟာ လောကကြီးကို ရောဂန္တရ ကပ်ကို လည်း ဖြစ်စေတယ်။ ကမ္ဘာဖျက်လေထုကြီးကိုလည်း ဖြစ်ပေါ်စေတယ်။ ကမ္ဘာဖျက်လေကို မောဟဓာတ်က ဖန်တီးပေးလိုက်တာပါ။ ဘယ်သူကမှ ဖန်တီးပေးလိုက်တာ မဟုတ်ပါဘူး။ ဒီတွေဝေတဲ့ မောဟနဲ့ သေရင် တိရစ္ဆာန်ဘဝကိုလည်း ရောက်စေပါတယ်"

"အမိုးအနေနဲ့ ဘာသာဆိုတဲ့အရေခွံကို ခွာချပြီးလွတ်လပ်တဲ့ လူသား တစ်ယောက်အနေနဲ့ပဲ တွေးကြည့်ပါ။ လူသားတစ်ယောက် သန္တာန်မှာ ဒီမောဟ ဓါတ်ဟာ ရှိသင့်တဲ့တရားလား၊ မရှိသင့်တဲ့တရားလား အမိုး"

"ဘယ်လူသားသန္တာန်မှာမှ မရှိသင့်ပါဘူး ဘုရား"

"ဘာဖြစ်လို့လဲ အမိုး"

www.burmeseclassic.com

www.burmeseclassic.com



"မိမိအတွက်ရော၊ လောကအတွက်ပါ ဘာတစ်ခုမှ ကောင်းကျိုးမပေး လို့ပါပဲ"

"မိမိအတွက်ရော လူ့လောကကြီးတစ်ခုလုံးအတွက်ပါ ကောင်းကျိုးတစ်ခုမှ မပေးတဲ့ မောဟစာတ်ကြီး ပေါ်မလာအောင် ပျောက်သွားအောင် ပွားများရတဲ့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာအလုပ်ကို လူတိုင်း မလုပ်သင့်ဘူးလား အမိုး"

"လုပ်သင့်တာပေါ့ဘုရား"

"ငါ့ဘာသာရေးက ညွှန်ပြတဲ့နည်းမှမဟုတ်ပဲ။ ဘာဝနာပွားတဲ့ အလုပ်ကို မလုပ်ပါဘူးဆိုရင် မိမိအတွက်ရော၊ လောကကြီးတစ်ခုလုံးအတွက်ပါ မနစ်နာဘူးလားအမိုး"

"နစ်နာတာပေါ့ ဘုရား"

## လူသားအားလုံးနှင့်ဆိုင်သောသဘာဝဘာသာ

"ဒါကြောင့် ဗုဒ္ဓညွှန်ပြတဲ့တရားတော်တွေဟာ ဗုဒ္ဓဘာသာဝင်တွေ နဲ့သာဆိုင်တာမဟုတ်ပဲ။ ဘာသာအသီးသီး၊ လူမျိုးအသီးသီးက လူတွေနဲ့ပါဆိုင်တဲ့အတွက် သဘာဝဘာသာလို့ ခေါ်တယ်အမိုး။

"ဥပမာပေးရရင် လူတစ်ယောက်ဟာ ရောဂါတစ်ခုဖြစ်နေတယ်။ ဆေး သောက်မှ ဒီရောဂါပျောက်မယ်။ သို့သော် အဲဒီရောဂါပျောက်တဲ့ ဆေးကို သူ့နိုင်ငံကမဖော်နိုင်သေးဘူး။ တခြားနိုင်ငံကဆေးပဲ ရှိတယ်။ လူတစ်ယောက်ဟာ ရောဂါတော့ပျောက်ချင်ပါရဲ့ ကိုယ့်နိုင်ငံကဆေးမဟုတ်လို့မသောက်ဘူးဆိုရင် ဒီရောဂါနဲ့သေရုံပဲရှိတယ်။ ဒီနေရာမှာ ရောဂါပျောက်သွားဖို့က အဓိကပဲ။ ကိုယ့်နိုင်ငံက ဆေးဖြစ်ဖို့က အဓိကမကျဘူး"

"ဒီဥပမာအတိုင်းပဲ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာ ရောဂါတွေ ပျောက်ဖို့အတွက် ဗုဒ္ဓပေးထားတဲ့ ဝိပဿနာ ဘာဝနာဆေးကို မဖြစ်မနေ သောက်ကြရမယ်။ ကိုယ့်ဘာသာတရားမဟုတ်လို့ မကျင့်သုံး ဘူးဆိုရင်၊ ဘာဝနာဆေးကို မသောက်ဘူးဆိုရင် ကိလေသာရောဂါနဲ့သေပြီး အပါယ်ကျတာပဲ အဖတ်တင်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"လောကီကိစ္စတွေနဲ့ ရှုပ်ထွေးနေတဲ့ တပည့်တော်တို့လူသားတွေအနေနဲ့ ဘာဝနာပွားချိန်ရဖို့ လွယ်ပါ့မလားဘုရား"

"ဘာဝနာ အလုပ်ဆိုရင် ဘာသာရေးဆရာတွေ အလုပ်၊ ဘုန်းကြီးတွေရဲ့ အလုပ်လို့ပဲ ထင်နေကြတာဟာ သိပ်မှားပါတယ်။ တကယ်တော့ ဘာဝနာဆိုတာ ကျောင်းကန်ဘုရားသွားမှ တောထဲသွားမှ ဘုရားရှေ့ထိုင်နေမှ အချိန် တစ်နာရီနှစ်နာရီရမှ ပွားများကောင်းတဲ့ တရားမဟုတ်ပါဘူး"

"သွားရင်းလာရင်း၊ စားရင်းသောက်ရင်း၊ ရောင်းရင်းဝယ်ရင်း ပွားများလို့ ရတဲ့တရားပါ။ အခုအမိုး ဦးပဥ္စင်းကျောင်းကိုလာတဲ့အခါ ၁၅-မိနစ်လောက် လမ်းမလျှောက်ရဘူးလား"

"လျှောက်ရပါတယ်ဘုရား"

"အဲဒီလမ်းလျှောက်နေချိန်ဟာ ဘာဝနာတစ်ခုခုသာမပွားပဲနေမယ်ဆိုရင် အကုသိုလ်ဖြစ်ပြီးကုန်သွားမယ့် အချိန်ပါ။ ဒီအချိန်မျိုးမှာ လမ်းလျှောက်လာရင်း စကြာဝဠာအနန္တ ရှိကြကုန်သော လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ-လို့ စိတ်ထဲက ဆိုနေလိုက်ရင် ဒါ မေတ္တာဘာဝနာပွားလိုက်တာပဲ။

ဒါမှမဟုတ် -

အရဟံ = လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူ ထိုက်ပါပေ၏။

အရ-ဟံ = ထောင့်ငါးရာကိလေသာ အကန့်အကွက်တို့ကို ပယ်ဖျက် သုတ်သင်တော်မူပါပေ၏။

အ-ရဟံ = ဆိတ်ကွယ်ရာအရပ်၌သော်လည်း မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

လို့ စိတ်ထဲက ဆိုနေလိုက်မယ်ဆိုရင် ဒါ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလိုက်တာပဲ။ ဒါမှမဟုတ် မိမိခန္ဓာကိုယ်ရဲ့ ကိုးပေါက်သော ဒွါရတွေကနေ အပုပ်ရည်တွေ နေ့စဉ် စွန့်ထုတ်နေရပုံတွေကို အာရုံပြုပြီး-

www.burmeseclassic.com

www.burmeseclassic.com



"သြော်–မတင့်တယ်မဖွယ်ရာတဲ့ ခန္ဓာကိုယ်ကြီးပါလား၊ စက်ဆုပ်ရွံရှာဖွယ် ခန္ဓာကိုယ်ကြီးပါလား" လို့ စိတ်ထဲကဆိုလိုက်မယ်ဆိုရင် အသုဘဘာဝနာကို ပွားများပြီးသားဖြစ်သွားတာပဲ။ ဒါမှမဟုတ် တစ်နာရီပြီး တစ်နာရီ သေဖို့ရာနီးနီးသွားပုံကို အာရုံပြုပြီး–

"သြော် –ငါ့မှာ သေခြင်းတရားကအမြဲရှိပြီး နေခြင်းတရားက အမြဲမရှိပါလား– လို့ဆင်ခြင်ပွားများလိုက်မယ်ဆိုရင် မရဏာနုဿတိ ဘာဝနာကို ပွားများပြီးသားဖြစ်သွားတာပါပဲ။ ဝိပဿနာတရားကို သဘောပေါက်အောင် နာကြားဖူးပြီးသား ပုဂ္ဂိုလ်ဆိုရင်လည်း ပထမ ခြေလှမ်းလှမ်းတဲ့ အချိန်မှာဖြစ်နေတဲ့ ခန္ဓာငါးပါးဟာ ဒုတိယခြေလှမ်း အထိပါမလာပဲ ပထမ ခြေလှမ်းမှာတင် ဖြစ်ပျက် သွားတာကို သတိထား ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားလိုက်တာနဲ့ ဝိပဿနာဘာဝနာကို ပွားများပြီးသား ဖြစ်သွားတာပါပဲ။ "ကဲ ဒီအတိုင်းဆို ဘာဝနာပွားရတာ အချိန်ရွေး နေစရာ နေရာရွေးနေစရာ လိုသေးလားအမိုး"

"မလိုတော့ပါဘူးဘုရား"

## ရောဂန္တရကပ်ဖြစ်ရခြင်းအကြောင်း

"အခုပြောနေတဲ့ ဇန်ဂီရေကျော်ရွာက လူတွေဟာ အဲဒီလို ဘာဝနာတရား တစ်ခုမှမပွားဘဲ စိတ်ကိုလွှတ်ထားကြတော့ မောဟစာတ်တွေ ဖြစ်ချင်တိုင်းဖြစ်ပြီး အဲဒီမောဟစာတ် တွေကြောင့် ကာလဝမ်းရောဂါကြီး ဖြစ်လာရတာပါ။ လူတွေကလည်း နေ့တိုင်းသေ၊ အားကိုးစရာ ဓမ္မဆရာလည်း ရန်ကုန်ပြန်ပြေးသွားတော့ သူတို့မှာ အားကိုးမရှိတော့ဘူး။ အားလုံးဟာ ဒီရွာကနေ ပြောင်းပြေးကြဖို့စီစဉ်နေကြပြီ။ ဒီအခါမှာ ရပ်မိ ရပ်ဖဖြစ်ကြတဲ့ ဦး ...တို့၊ ဦးအောင်မောင်းတို့က ဒီလိုဆိုရင် မဖြစ်တော့ဘူး။ ရွာပျက်သွားလိမ့်မယ်"

"ရွာတော့အပျက်မခံနိုင်ဘူး ဗုဒ္ဓဘာသာ ဘုန်းကြီးတွေဆီ အကူအညီတောင်းကြည့် ကြမယ်ဆိုတဲ့ စိတ်ကူးနဲ့အဲဒီအချိန်က ဗဟိုသံဃာ့ဝန်ဆောင်

www.burmeseclassic.com



ဆရာတော်တစ်ပါးဖြစ်တဲ့ ကနစိုချောင်းရွာကျောင်း ဆရာတော်ကြီးကို အကျိုးအကြောင်းသွားလျှောက်ပြီး အကူအညီတောင်းတယ်။ ဒီဖြစ်ရပ်မျိုး လွန်ခဲ့တဲ့ ၂၅၄၀–နှစ်ခန့်ကလည်းဖြစ်ဖူးခဲ့တာမို့ ဆရာတော်ကြီးအနေနဲ့ ဒီရောဂါဘေးကြီး ပပျောက်အောင် ပြုလုပ်ဖို့ အခက်အခဲမရှိပါဘူး"

"ဒါကြောင့် သူတပည့်ဖြစ်တဲ့ အလယ်ရေကျော်ရွာကျောင်း ဆရာတော်ဦးကေသရကို ဇန်ဂီရေကျော်ရွာမှာ သံဃာများများနဲ့ ပရိတ်ပွဲ၊ ပဋ္ဌာန်းပွဲတွေ ကျင်းပပေးဖို့ ရွာသူရွာသား အားလုံးကို သရဏဂုံနဲ့ ငါးပါးသီလ ဆောက်တည်စေပြီး ဘာဝနာတရားပွားများကြစေဖို့ တာဝန်ပေး လိုက်တယ်။ ဆရာတော် ဦးကေသရလည်း သံဃာတွေစုပြီး ပရိတ်ပွဲ၊ ပဋ္ဌာန်းပွဲတွေ ရက်ရှည်ကျင်းပပေးလိုက်တာ ကပ်ရောဂါကြီး ပျောက်ကင်း ချမ်းသာသွား ပါတယ်"

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၄၀– နှစ်ခန့်ကလည်း ဒီဖြစ်ရပ်မျိုး ဖြစ်ခဲ့ဖူး တယ် ဆိုတာကိုလည်း အကျယ်ရှင်းပြပါဦးဘုရား"

"ဩော် –ဒါက ဗုဒ္ဓလက်ထက်ကဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို ပြောတာပါ။ အခု ဇန်ဂီရေကျော်ရွာမှာ ဖြစ်ပုံနဲ့တစ်ပုံစံတည်းပါပဲ။ အမိုးက ဗုဒ္ဓဘာသာ မဟုတ်လို့ မသိတာပါ။ ဗုဒ္ဓဘာသာမှန်သမျှ ဒီအကြောင်းကို သိကြတာများ ပါတယ်။ အမိုး သိချင်တယ်ဆိုရင် အကျဉ်းလေးတော့ ပြောပြမယ်။ ဗုဒ္ဓလက် ထက်က ဝေသာလီပြည်မှာ အခုလိုပဲ ကပ်ဆိုးရောဂါကြီး တစ်ခု ဖြစ်လို့ လူတွေတရစပ် သေနေလိုက်တာ သင်္ဂြိုဟ်လို့တောင် မနိုင်အောင် ဖြစ်သွား တယ်"

"သေချာမီးရှို့ခြင်း၊ မြှပ်နှံခြင်းမပြုနိုင်တော့ လူသေနံ့တွေက အရပ် လေးမျက်နှာမှာရှိတဲ့ ဘီလူးတွေကို လက်ယပ်ခေါ် သလိုဖြစ်သွားတယ်။ ဘီလူးသဘက်တွေ ဝင်လာတဲ့အတွက် လူသေနှုန်းဟာ ပိုလို့သာများ လာ တယ်။ ကြာရင် တိုင်းပြည်ပျက်တော့မှာဖြစ်တဲ့အတွက် ဘုရားအမျူးရှိတဲ့ သံဃာတော်များကို သွားပင့်ကြရတယ်။ ဘုရားအမျူးရှိတဲ့ သံဃာတော်များ ကြွလာပြီး ရတနာသုတ်ပရိတ်တော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ပေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက်ကြောင့် ရောဂါဘေး၊ ဘီလူးဘေး၊ ဇော်မွတ်ခြင်းဘေး တွေကလွတ်ပြီး ချမ်းသာသွားကြတဲ့ ဖြစ်ရပ်ကိုပြောတာပါ"

"ဗုဒ္ဓရဲ့တရားတော်တွေဟာ နှစ်ပေါင်း ၂၅၄၇ –နှစ်ကျော်တဲ့ အထိ ဟိုအချိန်ကလိုပဲ အစွမ်းအာနိသင် အပြည့်အဝရှိနေတာဟာ အံ့သြစရာပါပဲ ဆရာတော်"။

## ဘာသာခြားတို့ကို ဆွဲဆောင်စည်းရုံးနည်း

(မှတ်ချက်)။ ။ အမိုးသည် စာရေးသူပြောပြသောရတနာ သုံးပါးကြောင့် အန္တရာယ်ကင်းပုံ၊ ဘေးရှင်းပုံအကြောင်းများကို စိတ်ဝင်တစား နားထောင် နေသည်မှာ သူ့ကိုယ်သူဘာသာခြား ဆိုသည်ကိုပင် မေ့နေဟန်တူ၏။ သာသနာပြုပုဂ္ဂိုလ်များသည် ဘာသာခြားများကို ဆွဲဆောင် စည်းရုံးသော အခါ သတိပြုသင့်သော အချက်တစ်ခုရှိ၏။ ထိုဘာသာခြားသည် သဒ္ဓါအားသန်သူလော၊ ပညာအားသန်သူ လောဆိုသည်ကို ဦးစွာလေ့လာ သင့်၏။

သဒ္ဓါအားသန်သူဖြစ်လျှင် ရတနာသုံးပါး၏ ကြည်ညိုစရာ၊ အားကိုးစရာ ဖြစ်ရပ်များကို ဟောကြားပြီးစည်းရုံးသင့်၏။ ဤနည်းကို အရှင်သာရိပုတ္တရာက ပေးခဲ့၏။ အရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးသည် အသက်၇၀–ကျော်၊ ၈၀–နီးပါးရှိသည်အထိ ဘာသာခြားဘဝမှာပင်ရှိ သေး၏။ သူ၏ သားသမီးများအားလုံး ရဟန္တာများဖြစ်သွားကြသော်လည်း ထိုရဟန္တာများကို မွေးထုတ်ပေးသည့် မိခင်ကြီးသည် ဘာသာခြား ဘဝမှာပင် ရှိနေသေးသည်မှာ တွေးကြည့်တိုင်း စိတ်မကောင်းစရာပင်ဖြစ်၏။

ထို့ကြောင့် ပရိနိဗ္ဗာန်စံခါနီး အရှင်သာရိပုတ္တရာသည် မယ်တော်ကြီး တိုက်ခန်းသို့အရောက် ကြွလာတော်မူခြင်းဖြစ်၏။ သားတော်ကြီး ပရိနိဗ္ဗာန်စံရမည့် သွေးအန်ရောဂါခံစားနေရသည်ကို မယ်တော်ကြီး စိတ်မကောင်းစွာ တွေ့မြင်နေရ၏။ လူများအိပ်ချိန် ညဥ့်နက်သောအခါ သိကြားမင်းနှင့် ဗြဟ္မာမင်းတို့ အရှင်သာရိပုတ္တရာထံ လာပြီး ပြုစုစောင့်ရှောက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်မင်းဖြဟ္မာမင်းတို့၏ အရောင်ကြောင့် မယ်တော်ကြီး၏ တိုက်ကြီး တစ်ခုလုံး လင်းထိန်နေ၏။ မိုးလင်းသည်နှင့် ညကလာသူများမှာ အဘယ် ကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်ကြောင်း မယ်တော်ကြီးက မေးမြန်း၏။ အရှင် သာရိပုတ္တရာက သိကြားမင်းနှင့် သူ့တို့ကိုးကွယ်သော ဗြဟ္မာမင်းတို့ ဖြစ်ကြောင်း သိရသောအခါ သူ့သားတော်ကြီးကို အလွန်ကြည်ညိုသွား၏။ သူ့သားတော်ကြီးပင် ဤမျှ တန်ခိုးကြီးသေးလျှင် သားတော်ကြီး၏ ဆရာ ဘုရားရှင်သည်ကား ပို၍တန်ခိုးကြီးပေမှာပဲဟု တွေးမိပြီး မမြင်ရသေးသော ဘုရားရှင်အပေါ် အလွန်ကြည်ညိုလာ၏။

ထိုအချိန်မှာပင် အရှင်သာရိပုတ္တရာက ဘုရားရှင်၏ဂုဏ်တော် ကျေးဇူး တော်တို့ကို ဟောကြားတော်မူရာ မယ်တော်ကြီးသည် သဒ္ဓါစုရ သောတာပန် အဖြစ်သို့ ရောက်သွား၏။

သဒ္ဓါစုရသောတာပန် ဟူသည် ကြည်ညိုသောသဒ္ဓါကို အလေးပေးပြီး သောတာပန် တည်လာသူပင်ဖြစ်၏။ ပရမတ်ရုပ်နာမ်ခန္ဓာတို့၏ အဖြစ် အပျက် ကိုကား ပညာစုရ သောတာပန် လောက်ပြတ်သားခြင်းမရှိချေ။ အနာထပိဏ်နှင့် ဝိသာခါတို့သည်လည်း ထိုသဒ္ဓါစုရ သောတာပန် မျိုးဟုပင် ယူဆရ၏။

အဘယ်ကြောင့်နည်း။ ဘုရားရှင်နှင့် ရဟန္တာများက သူတို့နှစ်ဦးကို ဟော သောတရား များသည် သဒ္ဓါဖြစ်ဖွယ် ဒါနစေတနာနှင့်ပတ်သက်သော တရားများသာ ဖြစ်နေသောကြောင့်ပင်တည်း။ "အနာထပိဏ် သူဌေးကြီး ဆိုလျှင် သူသေခါနီးမှ ဓာတ် ၆-ပါး တရားကို နာကြားရသောကြောင့် ဤမျှအရသာ ရှိသောတရားကို သေခါနီးအခါကျမှသာ နာကြားရတော့ သည်ဟုဆိုကာ ဝမ်းနည်းပြီး ငိုကြွေးခဲ့ရှာ၏။ သင်သည် သဒ္ဓါအားသန်သူ ဖြစ်သည်က တစ်ကြောင်း၊ ဓာတ်တရား၊ ပရမတ်တရားများသည် ဉာဏ် ပညာအားသန်သောသူများကိုသာ ဟောကြားလေ့ရှိကြောင်း အရှင်သာရိ ပုတ္တရာက ရှင်းပြ၏။

ထိုအခါ အနာထပိဏ်က ကာမဘုံသား လောကီလူသားများတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဉာဏ်ပညာကြီးမားသောသူများရှိကြပါသည်။ ထိုသူများကို ရည်ရွယ်၍ ဓာတ်တရား၊ ပရမတ်တရားများကို ဟောကြားသင့်ပါကြောင်း လျှောက်ထား ခဲ့ရှာ၏။

"အမိုး ပျင်းရင်လည်း နားကြစို့လေ။ နောက်နေ့မှ ဆက်ကြရအောင်"

"တပည့်တော်ကတော့ ဘယ်တော့မှပျင်းမှာမဟုတ်ပါဘူး၊ ဒါပေမယ့် ပြောရတဲ့ ဆရာတော်မှာ ပင်ပန်းလှပြီ၊ ဒါ့ကြောင့် နောက်နေ့မှ စောစော လာမယ်ဘုရား"

အခန်း –၂– ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## စကြာဝဠာတစ်ခုလုံး ကိုးကွယ်မည့်ဘာသာ

"နောင်တစ်ချိန်တွင် စကြာဝဠာတစ်ခုလုံး ကိုးကွယ်ကြသည့် ဘာသာတရားတစ်ခု ဖြစ်ပေါ်လာလိမ့်မည်။ ထိုဘာသာတရားသည် တစ်ယူသန်ဝါဒ၊ တရားသေ ဝါဒများကိုလည်း ရှောင်လွှဲနိုင်လိမ့်မည်။ သဘာဝတရားနှင့် ဘာသာတရား နှစ်ခုလုံးကို လွှမ်းခြုံမိသည့် ဤဘာသာတရားသည် ရုပ်နာမ်တရားကို ကိုယ်တွေ့ ခံစားသိမြင်မှုနှင့် အဓိပ္ပါယ်ပြည့်ဝသည့် ပေါင်းစည်းညီညွတ်မှုအပေါ် မှာ အခြေခံလိမ့်မည်။ ဤအချက်အလက်များကို ဗုဒ္ဓဘာသာက အဖြေထုတ်ပေးလိမ့်မည်။ အကယ်၍သာ ခေတ်သစ်သိပ္ပံနည်းကျလိုအပ်ချက်များကို အဖြေထုတ် ဖြည့်ဆည်း ပေးနိုင်မည့် ဘာသာတရားတစ်ခုရှိလာမည်ဆိုလျှင် ထိုဘာသာတရားသည် ဗုဒ္ဓဘာသာပဲ ဖြစ်လိမ့်မည်။"

'ကမ္ဘာကျော်သိပ္ပံဆရာကြီး ဒေါက်တာအဲလဘတ်အိုင်းစတိုင်း'

## အမှန်မြင်သူ၏စကား

"သင်ဟာတက္ကသိုလ်က ဘွဲ့ကောင်းကောင်းတစ်ခု(သို့မဟုတ်) ကားအသစ်တစ်စီး (သို့မဟုတ်) အသံအလွန်ကောင်းသည့် စတီရီယို ကက်ဆက်တစ်လုံး ဒါမှမဟုတ် ကမ္ဘာဘယ်အရပ်ဒေသမဆို လွတ်လွတ်လပ်လပ်သွားလာနိုင်တဲ့ အခွင့်အရေးဆိုတာတွေဟာ သင့်ကိုတစ်ကယ်ပဲ ကျေနပ်မှုပေးနိုင်ပါရဲ့လား တကယ်ပဲ ကျေနပ်မှု ပေးနိုင်ပါတယ်လို့ သင်ဆိုမယ်ဆိုပါတော့ ဒါဆိုရင် ကျွန်မပြောချင်ပါတယ်။ အနောက်နိုင်ငံသား တွေဟာ ဒါတွေကို ကြိုးစားရယူရင်းနဲ့ပဲ ဝမ်းနည်းမှု၊ စိုးရိမ်ပူပန်ရမှုတွေ တွေ့ကြုံနေရပါတယ်။ ဒါ့ကြောင့် ဒီလိုတက်မက်မှု အဖုံဖုံကို လေးလေးနက်နက် စဉ်းစားသုံးသပ် လေ့လာကြည့်စေချင်ပါတယ်။ ၁၉၇၆–ခုနှစ်မတိုင်မီက ကျွန်မအခြားယောဂကျင့်စဉ်များကို ကျင့်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မဟာ အဲဒီကျင့်စဉ်များကို အားရကျေနပ်မှုမရှိခဲ့ပါဘူး။ ၁၉၇၆–ခုနှစ်၊ ဇူလိုင် လမှာ ဗုဒ္ဓဘာသာ တရားရိပ်သာ တစ်ခုမှာ မြတ်ဗုဒ္ဓရဲ့ သစ္စာလေးပါးတရားနဲ့ လင်္ကာရေးသုံးပါးအကြောင်းကို ပထမဆုံး နာကြားရပါတယ်။ အဲဒီအချိန်

www.burmeseclassic.com



ကစပြီး မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့ တရားတော်များမှ လွဲ၍ ဘယ်အတွေး အခေါ် အယူအဆကိုမှ အားရကျေနပ်မှု မရှိခဲ့ပါ။

'ဘာဘရာဂျင်နပ်စ်–(အမေရိကန်)'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃

## တရားတော်၏ ဂုဏ်ရည်များ

နောက်တစ်နေ့တွင် အမိုးတစ်ယောက် အစောကြီးပင် ကျောင်းသို့ ရောက်လာ၏။ ရတနာသုံးပါးကျေးဇူး ကိုယ်တွေ့ဖြစ်ရပ်များကို အမိုး တစ်ယောက် စိတ်ဝင်စားကြည်ညို နေသည်မှာ အသေအချာပင် ဖြစ်သည်။ စာရေးသူကို တွေ့တွေ့ချင်း အမိုးက မေးခွန်းတစ်ခုထုတ်၏။

"ဆရာတော် မနေ့က အကြောင်းတွေဆက်ပြီး ပြောဦးမှာလား ဘုရား၊ တပည့်တော်မ နားထောင်ချင်လို့ အစောကြီးလာခဲ့တာပါ"

"အို –အမိုးကသာ နားထောင်လို့ကတော့ တစ်နေကုန်ပြောပြမယ်။ အခုဆက်ရမှာက ဇန်ဂီရေကျော်ရွာကို စိတ်ဝင်စားလွန်းလို့ ဦးပဋ္ဌင်းကိုယ်တိုင် တရားပွဲနှစ်ညသွားဟောစဉ်က ပရိတ်တန်ခိုး လက်တွေ့အကျိုးလေးကို ဆက် ပြောပြမယ်။ လွန်ခဲ့တဲ့နှစ်အတွင်းက မမျှော်လင့်ဘဲ ဦးပဋ္ဌင်း လပွတ္တာ မြို့နယ်၊ အလယ်ရေကျော်ရွာမှာ သကြိန်အခါတွင်း ၇–ရက် တရားစခန်း သွားဖွင့် ပေးရတယ်"

"ဒီအလယ်ရေကျော်ရွာမှာ ဆရာတော်နဲ့ရင်းနှီးတဲ့ ဒကာ၊ ဒကာမ တွေရှိ သလားဘုရား"

"ရင်းနှီးတဲ့ဒကာ၊ ဒကာမတစ်ယောက်မှမရှိပါဘူး"

"ဒါဆိုရင် ဆရာတော်ကို သူတို့ဘယ်လိုလုပ်သိနေကြသလဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း–အဲဒီအကြောင်းကလည်း စိတ်ဝင်စားစရာပဲ။ အမိုး မေးလိုက်မှ တရားတော်အစွမ်း အံ့မခန်းဖြစ်ရပ်တစ်ခုကိုသွားပြီး အမှတ်ရတယ်။ စပြောတုန်းက ပရိတ်တန်ခိုးတော် တစ်ခုအကြောင်းကို ပြောမလို့၊ အခုတော့ တရားတန်ခိုး အကြောင်းကိုပါ ပြောပြရတော့မှာပေါ့"

"မှန်ပါ၊ ပြောပြပါဦးဘုရား။ ပိုစုံလေ ကောင်းလေပေါ့ဘုရား"

"ဒီလိုအမိုးရဲ့၊ အဲဒီအလယ်ရေကျော်ရွာက ဒေါ်တင်ကြည်လို့ အမည်ရတဲ့ အသက် ၆၀–ကျော်ခန့်ရှိတဲ့ အမျိုးသမီးတစ်ဦးဟာ ဝမ်းတွင်းကလီစာရောဂါတစ်ခု ဖြစ်တာကြောင့် ရန်ကုန်မြို့က ပါရဂူတွေဆီမှာ လာပြီးပြတယ်။ သိရတဲ့ အဖြေက အသည်းကင်ဆာတဲ့။ ဓာတ်ကင်ရင် သုံးလနေရမယ်၊ ဓာတ်မကင်ရင် တစ်လပဲနေရမယ် ဆိုတဲ့အဖြေထွက် လာတယ်"

"သူတို့ဓာတ်ကင်လိုက်ကြသလားဘုရား"

"မကင်ဘူးအမိုးရဲ့၊ သေမယ့်အတူတူ မကင်တော့ဘူး၊ တစ်လပဲနေမယ် ဆိုပြီး ရွာပြန်သွားကြတယ်။ ဒေါ်တင်ကြည်ရဲ့သားမက် ကိုငွေရက ဦးပဏ္ဍင်းကို ကိုးကွယ်ဆည်းကပ်တဲ့ ရွှေပြည်သာမြို့၊ ၇–ရပ်ကွက်၊ ရောမြိုင်ပန်းခြံက ပယောဂကုတဲ့ ဆရာကြီး ဦးထွန်းကြည်ရဲ့ တပည့် ဖြစ်နေတယ်။ ဒါ့ကြောင့် သူ့ယောက္ခမရောဂါ အကြောင်း ဦးထွန်းကြည်ကို လာပြောပြတဲ့အခါ ဦးထွန်းကြည် ပြန်ပြောလိုက်တဲ့ စကားလေးက ကောင်းတယ်"

"မောင်ငွေရ၊ လူတိုင်းသေရမှာမို့သေတဲ့အလုပ်ကို နစ်နာဆုံးရှုံးတယ်လို့ မပြောနိုင်ဘူး၊ ဒါပေမယ့် အနိမ့်ဆုံးရုပ်နာမ်ရဲ့အဖြစ်အပျက်ကလေးကိုမှ မသိရဘဲ သေရတယ်ဆိုရင်တော့ အလွန်နစ်နာဆုံးရှုံးတယ်။ ဒါကြောင့် မင်းယောက္ခမကြီး အနေနဲ့ ရုပ်နာမ်အဖြစ်အပျက်လေးကို သိသွားအောင် ဒီဝိပဿနာခြောက်ခွေတွဲလေးကို သေချာနာခိုင်းပါလို့ပြောပြီး ဦးပဏ္ဍင်းဟောထားတဲ့ ဝိပဿနာအလုပ်ပေး တရားခွေခြောက်ခွေကို ပေးလိုက်တယ်"

"ဦးထွန်းကြည်ပြောလိုက်တဲ့စကားဟာ –

ယော စ ဝဿသတံ ဇီဝေ၊

အပဿံ ဥဒယဗ္ဗယံ။

www.burmeseclassic.com

www.burmeseclassic.com



ကောဟံ ဇီဝိတံ သေယျော၊

ပဿန္တော ဥဒယဗ္ဗယံ။

ဆိုတဲ့ ဘုရားဟောတရားတော်နဲ့ သွားညီနေပါတယ်။ ဒီဂါထာ အဓိပ္ပါယ်က–

"လူတစ်ယောက်ဟာ အသက်တစ်ရာနေရပေမယ့် ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို မမြင်ဘူး (မသိဘူး)ဆိုရင် မမြတ်ဘူးတဲ့၊ လူတစ်ယောက်ဟာ တစ်ရက်တည်းနေရပေမယ့် ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို မြင်ရတယ် (သိတယ်)ဆိုရင်တော့ မြင့်မြတ်ပါတယ်တဲ့"

"အဲဒီ ဒေါ်တင်ကြည်ကရော ဆရာတော်ဟောတဲ့ တရားခွေကို နာကြည့်ရဲ့လားဘုရား"

"ရေနစ်နေတဲ့သူဟာ ကောက်ရိုးမျှင်တစ်ပင်ကိုသော်လည်း အားကိုးရာ အဖြစ် ဆွဲယူသလို သေရမယ့်နေ့ကိုသိပြီးတဲ့ လူတစ်ယောက်ဟာလည်း တွေ့တဲ့အားကိုးရာကို အရအမိဆွဲယူတော့တာပဲပေါ့"

## တရားတန်ခိုးဖြင့် တင်ဆာရောဂါပျောက်သူ

"ဒေါ်တင်ကြည်ဟာ ငါ့မှာတရားပဲ အားကိုးရာရှိတော့တယ်ဆိုတဲ့ အတွေးနဲ့ တရား ခွေတွေကို သေချာစူးစိုက်ပြီးနာကြားတယ်။ ဒီအချိန် မှာတော့ အင်္ဂလိပ်ဆေး မှန်သမျှကို ဖြတ်လိုက်ပြီး မြန်မာဆေးအနည်း ငယ်ကိုပဲ မှီဝဲတော့တယ်။ တရားခွေတွေ ကိုစူးစူးစိုက်စိုက်နဲ့ သုံးလေးခေါက် နာပြီး တဲ့ အဆုံးမှာ ရောဂါဟာ သက်သာသလိုဖြစ်သွားတယ်။ တရားကတော့ နာလျက်ပဲ။ ဒီလိုနဲ့ ဆရာဝန်ပြောထားတဲ့ တစ်လပြည့်သွားတယ်။ မသေဘူး။ အစားအသောက်တွေပါ ပြန်ဝင်လာတယ်"

"စိတ်ချလက်ချတော့ ဝမ်းမသာနိုင်သေးပါဘူး။ နောက်သုံးလ ပြည့်အောင် စိတ်ကထင့်ထင့်နဲ့ စောင့်ကြည့်ကြပြန်တယ်။ သုံးလသာပြည့် သွားတယ် မသေပြန်ဘူး။ ငါးလကျော်သွားတာနဲ့ သေရွာပြန်ဒေါ်တင်ကြည် ဆိုပြီး ရွာထဲမှာ ဟိုးလေးတကျော်ကျော် ဖြစ်သွားတယ်"

"တရားထိုင်လို့ ရောဂါတွေပျောက်သွားတာတော့ ခဏခဏကြား

www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ် ဘုရား။ တရားနာလို့ရောဂါပျောက်တာကတော့ ဒီတစ်ခါပဲ ကြားဘူးတယ်ဘုရား။ တရားထိုင်တာရယ်၊ တရားနာတာရယ် တူသလား ဘုရား၊ ဒါမှမဟုတ် မတူဘူးလား ဘုရား"

အမိုးကား ဘာသာခြားဖြစ်သော်လည်း ဗဟုသုတမနည်းသူပါ တကား။

"အတူတူပဲအမိုးရဲ့ တရားကျင့်တာဟာ သုံးမျိုးရှိတယ်။ ထိုင်ပြီး ကျင့်တာရယ်၊ နာပြီးကျင့်တာရယ်၊ ဆွေးနွေးမေးမြန်းပြီး ကျင့်တာရယ်တို့ ပေါ့။ ထိုင်ပြီးကျင့်လို့ တရားရသွားတာတွေကိုတော့ ဘာသာခြားဖြစ်တဲ့ အမိုးတောင် ကြားဖူးပြီးသားဖြစ်လို့ မပြောတော့ပါဘူး။ နာပြီးကျင့်လို့တရား ရသွားတာတွေဟာလည်း မရေနိုင်မတွက်နိုင်အောင် များပြားလှ ပါတယ်။ မြတ်စွာဘုရား တရားဦးဓမ္မစကြာဟောစဉ်အခါတုန်းက လူထဲက ပဉ္စဝဂ္ဂီ ငါးဦး၊ ဗြဟ္မာက ၁၈–ကုဋေ၊ နတ်ကအသင်္ချေတောင်မှ အရိယာ ဖြစ်သွား ကြတယ်"

"ဘုရားဖြစ်ဖြစ်ခြင်း ပထမဦးဆုံးကြွလာခဲ့ပါမယ်ဆိုတဲ့ ကတိဝန်ခံ ချက်ကြောင့် မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့ကို အရောက်ကြွလာပြီး သစ္စာတရားကို ဟောကြားပေးတယ်။ တရားအဆုံးမှာ ဗိမ္ဗိသာရမင်းကြီးနဲ့ လူပေါင်းတစ်သိန်း သောတာပန် တည်သွားတယ်။ ဒါက ဘုရားကိုယ်တိုင် ဟောလို့ အရိယာဖြစ်တာပါလို့ စောဒကတက်ခဲ့ရင် ကောသမ္ဗီပြည်က သာမာဝတီမိဖုရားနဲ့ မောင်းမငါးရာဟာ ခုဇ္ဇုတ္တရာကျွန်မဆီက သစ္စာတရား ကို နာကြားပြီး သောတာပန် တည်သွားတာကို ထောက်လိုက်ပါ"

"တရားဆွေးနွေးလို့ အရိယာဖြစ်သွားတဲ့သာဓကကိုတော့ သံယုတ် ပါဠိတော်၊ ခေမကသုတ်မှာ သွားတွေ့တယ်၊ ခေမကအမည်ရှိတဲ့ မထေရ် တစ်ပါးဟာ မကျန်းမမာဖြစ်နေတယ်။ အဲဒီမထေရ်ကို အခြားမထေရ် ၆၀– က လူနာမေးရင်း တရားအကြောင်းတွေ ဆွေးနွေး မေးမြန်းဖြစ် သွားတယ်။ ဆွေးနွေးပွဲ အပြီးမှာတော့ ဖြေဆိုသူ အရှင်ခေမကရော မေးမြန်းသူ ရဟန်းအပါး ၆၀–ပါး ရဟန္တာဖြစ်သွားကြတယ်။ ပုဂ္ဂလပညတ် ပါဠိတော်

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း နေယျပုဂ္ဂိုလ်တရားရှာတဲ့နည်းကို ဟောတဲ့အခါ တရားနာရမယ်။ ဒါနဲ့မှ မရှင်းလင်းရင် အထပ်ထပ်အခါခါ ဆွေးနွေး မေးမြန်းရမယ်လို့ ညွှန်ပြထားတယ်"

မှတ်ချက်။ ။ ဖော်ပြပါ အကြောင်းအရာတို့၏ အကျယ်ကို ကျွန်ုပ်တို့ ရေးသားသော သညာသိနှင့်ပညာသိစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

"တရားနာတာ၊ ဆွေးနွေးတာဟာ ထိုင်တာနဲ့အတူတူပဲဆိုတာကို လက်ခံပါပြီ ဘုရား၊ အဲဒီလိုတရားနာတာ၊ တရားထိုင်တာ၊ တရားဆွေးနွေး တာဟာ ဆရာတော်ရှေ့ပိုင်းက ပြောခဲ့သလို စိတ်မှာရှိတဲ့ကိလေသာ ရောဂါတွေပျောက်ဖို့ မဟုတ်လား ဘုရား၊ ခုလိုစိတ်မှာရှိတဲ့ ကိလေသာ ရောဂါတွေ ပျောက်သွားရုံနဲ့ ရုပ်မှာရှိတဲ့ အနာရောဂါတွေကပါ ဘယ်လိုလုပ် ပြီး ပျောက်ကုန်တာလဲဘုရား"

## အစာမစားဘဲ အသက်ရှည်နေသူများ

"ရုပ်တရားတွေ အဆက်မပြတ် ဖြစ်နေဖို့အတွက် အကြောင်းတရား လေးပါး ရှိတယ်။ သူတို့ကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ပဲ။ အပေါ်ယံကြည့်ရင်တော့ အာဟာရတစ်ခု တည်းကြောင့် ရုပ်ဖြစ်တယ်လို့ ထင်နေကြတာများတယ်။ အာဟာရ မစားပဲနဲ့ ကံ၊ စိတ်၊ ဥတုသုံးပါးကြောင့် ရက်ပေါင်းများစွာ လပေါင်းများစွာ အသက်ရှင်နေနိုင်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်"

"အစာအာဟာရမစားဘဲ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ အသက်ရှည်နေနိုင်တယ်ဆိုတာကို ခုမှကြားဖူးပါတယ်ဘုရား၊ တပည့်တော် မဆိုရင် အစားသိပ်မက်တော့ ထမင်းတစ်နပ်လောက် လွတ်သွားရင်ပဲ သေမတတ် ခံစားရတာ မဟုတ်လားဘုရား"

"အဓိကကတော့ စိတ်တန်ခိုးပါပဲ၊ ထေရဝါဒကျမ်းဂန်များမှာတော့ နိရောဓသမာပတ် ဝင်စားတယ်ဆိုတာရှိတယ်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနဲ့ အနာဂါမ် အချို့ပဲ ဝင်စားနိုင်တာပါ။ ဒီနိရောဓသမာပတ်ကို ၇-ရက်တိတိ ဝင်စားနိုင်တယ်။ နိရောဓသမာပတ်ဝင်စားသူရဲ့ သန္တာန်မှာ စိတ်ရယ်၊ စေတသိက်ရယ်၊ စိတ္တဇရုပ်ရယ် မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



၇–ရက်အတွင်း စားခြင်း၊ သောက်ခြင်း၊ ယိုခြင်း၊ ပေါက်ခြင်း တစ်ခုမှမရှိ တော့ဘူး။ စိတ်မရှိတော့တဲ့အတွက် စိတ်ကြောင့်ဖြစ်တဲ့ရုပ် မရှိတော့ဘူး။ အစား မစားတော့တဲ့အတွက် အာဟာရကြောင့်ဖြစ်တဲ့ ရုပ်လည်း မရှိတော့ဘူး။ ကံဆိုတာ စေတနာပဲ။ စေတနာဆိုတာ စေတသိက်ပဲ။ စေတသိက်ဆိုတာ စိတ်ကို မှီပြီးဖြစ်ရတာ၊ အခုစိတ်မရှိတော့ဘူး ဆိုတော့ စေတနာစေတသိက်လည်း မရှိနိုင်တော့တဲ့အတွက် ကံလည်း မရှိတော့ဘူးလို့ ဆိုနိုင်တယ်။

ဒါဆိုရင် နိရောဓသမာပတ် ဝင်စားချိန် ၇–ရက်အတွင်းမှာ ဥတု ကြောင့် ဖြစ်တဲ့ရုပ်ပဲ ရှိတော့တယ်။ ဒီရုပ်ကြောင့်ပဲ ခန္ဓာကိုယ်ဆက်လက် တည်တံ့နေတယ်လို့ ဆိုရမှာပဲ။ မီးမရှို့ပဲထားတဲ့ ဆရာတော်တွေရဲ့ အလောင်း တော်တွေကနေ ဆံပင်တွေ ရှည်ထွက်လာတာ၊ လက်သည်း၊ ခြေသည်းတွေ ရှည်ထွက်လာတာဟာ တစ်ခုတည်းသာ ကျန်တော့တဲ့ ဥတုကြောင့်ပါပဲ။

လောကီဘက်ကကြည့်မယ်ဆိုရင် အင်္ဂလိပ်ခေတ်က ဆရာတော် ဦးဝိစာရဟာ အစာအာဟာရမစားဘဲ ရက်ပေါင်းတစ်ရာကျော် နေသွား ခဲ့တယ်။ အစာမစားတော့ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်မရှိတော့ပါဘူး။ ဒါပေမယ့် ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်တွေ ဆက်ဖြစ်နေလို့ ရက်ပေါင်းတစ်ရာကျော်နေ သွားနိုင်တာပါ။

အိန္ဒိယနိုင်ငံမှာ ခန္ဓာကိုယ်ကို ညှဉ်းဆဲပြီးကျင့်တဲ့ အတ္တကိလမထ အကျင့်ဟာ ဘုရားပွင့်တော်မမူမီကတည်းက ထင်ရှားခဲ့တယ်။ ဒါ့ကြောင့် လည်း ဘုရားရှင်ကိုယ်တိုင်မှားပြီး ခြောက်နှစ်တိတိ ကျင့်ခဲ့မိရှာတာပါ။ အကျင့်မှား ဖြစ်ပေမယ်လို့ ခေါင်းပါးတဲ့အကျင့်ဖြစ်တဲ့အတွက် ကြည်ညိုတဲ့ လူအင်မတန် များတယ်။ ဒါ့ကြောင့်လည်း မှားတဲ့အကျင့်ဖြစ်ပေမယ့် ရေပဲ သောက်ကျင့်တယ်။ သဲပဲစားကျင့်တယ်၊ အသီးအနှံပဲစား ကျင့်တယ်ဆိုရင် လူတွေအုန်းထနေအောင် သွားကြတာပေ့ါ။

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောထဲမှာဆိုရင် အခုအချိန်ထိအောင် 'အတ္တ ကိလမထကျင့်စဉ်'ကို အစွန်းရောက်သည်အထိကျင့်တဲ့ ဟိန္ဒူဆာဒူးကြီး တွေ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးကြီးရှိပါတယ်။ တစ်ချို့ဆိုရင် သစ်ပင်ရင်းမှာထိုင်ပြီး စိတ်ကို ဖျောက်ထားလိုက်တာ နှစ်ပေါင်းဘယ်လောက်ကြာသွားသလဲဆိုရင် သူ့ခန္ဓာတစ်ခုလုံးခြတွေတက်ပြီး အသိုက်လုပ်လိုက်တာ လူပျောက်ပြီး ခြတောင်ပို့ကြီးဖြစ်သွားသတဲ့။ တစ်ချို့ဆာဒူး တွေကျတော့ အုတ်ဂူထဲမှာ ခြောက်လ၊ တင်နှစ်ကြာအောင် အင်္ဂတေနဲ့ အသေ အပိတ်ခံပြီးနေတယ်၊ ခြောက်လစေ့လို့ သို့မဟုတ် တစ်နှစ်စေ့လို့ အုတ်ဂူကို ဖြိုကြည့်လိုက်ရင် အသက်ရှင်လျက် တွေ့ရတာပဲတဲ့။

ဒီဆာဒူးတွေဟာလည်း အစာအာဟာရဆိုလို့ ရေတောင်မသောက်တာ အသေအချာပဲ။ ဒါဆိုရင် အာဟာရကြောင့်ဖြစ်တဲ့ ရုပ်မရှိတာကတော့ မှန်နေပြီ။ ဒီအချိန်မျိုးမှာ စိတ်ရှိနေမယ် ဆိုရင်တော့ ကံ၊ စိတ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်နဲ့ နေနေတယ်လို့ပဲ ဆိုရမယ်။ စိတ်ကိုမဖြစ်အောင် ချုပ်ထားနိုင်မယ် ဆိုရင်တော့ ဥတုကြောင့်ဖြစ်တဲ့ရုပ်နဲ့ပဲနေတယ်လို့ ဆိုရမယ်"

## စိတ်ထောင်းလို့ ကိုယ်ကြေရသူ

"ဒါက ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးကြောင့်ရုပ်ဖြစ်တာကို ထင်ရှားအောင် ပြောပြတာပါ။ ဒီလေးပါးထဲမှာစိတ်ကြောင့်ဖြစ်တဲ့ရုပ်ဟာ အားကောင်း တယ်လို့ ဆိုရမယ်။ ဘာ့ကြောင့်လဲဆိုတော့ စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျို့တော့ကိုယ်နုဆိုတဲ့ စကားပုံလေး ရှိနေလို့ပါပဲ။ ဒီစကားပုံလေးက ဦးပဥ္စင်းအတွက်တော့ ကိုယ်တွေ့ပဲ၊ ဦးပဥ္စင်း ၁၃–နှစ်သား အရွယ်က ကိုရင်ဝတ်ခဲ့တယ်။ ဥပဇ္ဈာယ်ဆရာတော်က အင်မတန် ဒေါသ ကြီးတော့ နေ့တိုင်း အမာန်ခံရတယ်၊ အရိုက်ခံရတယ်။

နေ့စဉ်အနည်းဆုံးလေးကြိမ်လောက် အရိုက်ခံရတယ်၊ ရိုက်တဲ့အခါလည်း အသာအယာမဟုတ်ဘူး၊ မချိမဆန့်ကို အရိုက်ခံရတာ၊ ဆရာတော်က ထွားထွား ကြိုင်းကြိုင်း ဗလကောင်းကောင်းကြီးရယ်၊ သူ့စိတ်ဆိုးလာပြီ ဆိုရင် အပြစ်သေးသေးတွေ့လည်း မတ်တပ်ကနေ မြေကြီးပေါ် လဲကျတဲ့အထိ ခေါင်းကို လက်သီးနဲ့ အချက် ပေါင်းများစွာထိုးတယ်။ စာတက်နေရင်းက ဒေါသဖြစ်လာ ပြီဆိုရင်လည်း သားရေဖုံးစာအုပ်ကို ခေါင်းလိုက်ကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုထုလိုက်တာ စာအုပ်အဖုံးကြီးတောင် စုတ်သွားတယ်"

"ဖြစ်မှဖြစ်ရလေဘုရား၊ အဲသလောက်နှိပ်စက်နေတာ ဆရာတော်တို့က ကျောင်းက ထွက်မပြေးကြဘူးလား"

"ကိုရင်ဘဝက မထွက်ချင်တော့ ထွက်မပြေးမိဘူး။ ပေပြီးတော့ ခံနေတယ်။ တစ်ခါကဆိုရင် ဦးပဥ္စင်းရဲ့ခေါင်းကို သူ့လက်သီးနဲ့အချက်ပေါင်းများစွာ ထိုးလိုက်တာ အထိုးခံရတဲ့ခေါင်းတော့မပြောနဲ့ သူ့လက်သီးကြီးဟာ ရောင်ကိုင်းသွားတယ်"

"အဲသလောက်ပဲ ရက်စက်သလားဘုရား"

"ဒါတင်မကသေးဘူး၊ နောက်နေ့ကျတော့ ဟော့ကောင်ဇဝန၊ လာခဲ့၊ မင်းခေါင်းကို ထိုးရလို့ ငါ့လက်ရောင်သွားပြီ ပရုပ်ဆီလိမ်းပေးစမ်းလို့ ခိုင်းလို့ သွားလိမ်းပေးရပါသေးတယ်"

"တပည့်တော် စိတ်ပညာကျမ်းစာအုပ်တွေမှာ ဖတ်ဖူးတယ်။ ဘုရား မိဘ ဆရာသမား အချို့ဟာ သားသမီးတပည့်ကို ရိုက်နှက်ဆုံးမတဲ့အခါ အပြစ်ကိုပြုပြင် စေချင်တဲ့ စိတ်ထက် မိမိဒေါသပြေပျောက်ဖို့ အသုံးချချင်တဲ့ စိတ်ကများနေရင် အဲဒီဆုံးမမှုကြောင့် ကလေးဟာ လိမ္မာမလာနိုင်ဘဲ မိဘဆရာသမားအပေါ် စိတ်နာပြီး လူမိုက်လေးတစ်ယောက်တောင် ဖြစ်လာနိုင်သတဲ့"

"ဦးပဥ္စင်းတော့စာပေကြောင့် ကံကောင်းလို့ လူမိုက်မဖြစ်တာ နေမှာပေါ့။ အဲဒီလိုနေ့စဉ် အရိုက်အနှက် အမာန်အငေါက်ခံနေရတော့ ဦးပဥ္စင်းဟာ သိပ်စိတ်ဆင်းရဲတယ်။ ဘယ်လောက်ထိစိတ်ဆင်းရဲရသလဲဆိုရင် အရက်ဆွမ်းစားနေရင်း ဘုန်းကြီးက ဟော့ကောင်ဇဝန ပြီးရင် စာတက်ရအောင် လာခဲ့လို့ ပြောလိုက်တာနဲ့ ဆွမ်းဆက်စားလို့မရတော့ဘဲ ဝမ်းနည်းပြီး မျက်ရည်တွေ ကျလာလိုက်တာ ဆွမ်းပန်းကန်ထဲတောင် ငရာက်တယ်"

"သောကရောက်တယ်၊ ဝမ်းနည်းတယ်၊ ပူဆွေးတယ်၊ စိုးရိမ်တယ်ဆိုတာဟာ စိတ်ဆိုးတာ၊ အမျက်ထွက်တာနဲ့ အတူတူပဲ၊ ဒေါသဆိုတဲ့ ကိလေသာမီးတွေ လောင်နေတာပေါ့။ ဒေါသဆိုတဲ့စိတ်က ထောင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်းကြွေတာပေါ့။ ဒီတုန်းက ဦးပဥ္စင်းအသက်ဟာ ၁၇–နှစ် လောက်ပဲ ရှိသေးတယ်။ ရင့်ထော်ကြမ်း တမ်းနေတဲ့ရုပ်ကြောင့် ဘယ်ကျောင်း၊ ဘယ်အိမ် ကိုရောက်ရောက် လေးငါးခြောက် ဝါရတဲ့ရဟန်းလို့ပဲ အထင်ခံ ရတယ်"

## စိတ်ပျို့လို့ ကိုယ်နု

"ဒါက စိတ်ထောင်းလို့ ကိုယ်ကြေခဲ့တဲ့အချိန်ပေါ့။ နောက်တစ်ခါ စိတ်ပျို့ တော့ကိုယ်နု ဆိုတဲ့အချိန်ကိုလည်း ကြုံခဲ့ရတယ်။ အခုလည်း ကြုံဆဲလို့ ဆိုရမှာပေါ့။ ဦးပဥ္စင်းစာသင်တိုက် ရောက်တဲ့အချိန်ကစပြီး စိတ်တ အားချမ်းသာသွားတယ်။ စာတွေ တက်လိုက်၊ ကျက်လိုက်၊ ဘုရား ရှိခိုးလိုက်၊ မေတ္တာပွားလိုက်နဲ့နေရတာကို အလွန်ပျော်နေတယ်။ သဒ္ဓါ ကြည်ညိုတဲ့ ကုသိုလ်စိတ်တွေ၊ အေးမြတဲ့မေတ္တာ ကုသိုလ်စိတ်တွေပဲ အမြဲဖြစ် နေရတော့ ရင့်ထော်ကြမ်းတမ်းနေတဲ့ ဦးပဥ္စင်းရဲ့ မျက်နှာဟာ တဖြည်းဖြည်း နုပျို လန်း ဆန်းလာတယ်"

"စိတ်ပျို့တော့ကိုယ်ဟာဘယ်လောက်ထိ နုသွားသလဲဆိုရင် အသက် ကသာ လေးဆယ်ကျော်လာတယ်၊ တွေ့ရတဲ့သူက ၁၆–နှစ် ၁၇–နှစ် လောက်သာရှိသေးတဲ့ ကိုရင်လေးတစ်ပါးလို့ပဲ ထင်မိကြတယ်။ တစ်ခါက ဆိုရင် ရွှေပြည်သာမြို့၊ ၅–ရပ်ကွက်ထဲက ဒကာတစ်ဦးက ကျောင်းမှာ သားရှင်ပြုအလှူလာလုပ်ဖို့ လျှောက်ထားတာကို ဦးပဥ္စင်းက ခွင့်ပြု လိုက်တယ်"

"သူတို့အလှူကို မှတ်တမ်းတင်ဗွီဒီယိုရိုက်မှာဆိုတော့ ပထမဆုံးအနေ နဲ့ ဘုရား၊ တရား၊ သံဃာကို ဦးစွာရိုက်ချင်တယ်။ ဒါ့ကြောင့် မန္တလေး ကျောင်းက ဘုရားပုံရယ်၊ ပိဋကတ်သုံးပုံရယ်၊ မန္တလေးကျောင်း ဆရာတော် ရယ်ကို အရင်သွားရိုက်ပါဆိုပြီး အလှူရှင်က ဗွီဒီယိုဆရာတွေကို ကျောင်း လွှတ်လိုက်တယ်"

"ဗွီဒီယိုရိုက်ကူးရေးအဖွဲ့တွေက မြို့ထဲကဆိုတော့ ဦးပဥ္စင်းကို ဘယ် သိမှာလဲ၊ သူတို့စိတ်ထဲမှာ မန္တလေးကျောင်းဆရာတော်ဦးဇေ နဆိုတဲ့

www.burmeseclassic.com



နာမည်ကိုသာ အလျှူရှင် ကပြောလိုက်လို့သိတာ လူကိုသိတာမဟုတ်တော့ ကျောင်းပေါ် ကို တက်လာပြီး ဘုရားကိုဦးချပြီးတာနဲ့ ကျောင်းပေါ် မှာ တံမြက်စည်းလှဲနေတဲ့ ဦးပဥ္စင်းကို လှမ်းမေးတယ်"

"ကိုရင်လေး .ဆရာတော်ရှိလား–တဲ့၊ ဦးပဥ္စင်းကလည်း ရှိပါတယ်လို့ ပြောပြီး အခန်းထဲကို ဝင်သွားလိုက်တယ်။ သင်္ကန်းကို သပ်သပ်ယပ်ယပ်လေးပြင်ဝတ်ပြီး အပြင်ကိုပြန်ထွက်လာတော့ သူတို့က ဆက်မေးတယ်။ ကိုရင်လေး ဆရာတော်ဘယ်မှာလဲ–တဲ့၊ ဦးပဥ္စင်းက ရယ်ချင်လိုက်တာ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာတော်ကို ရှေ့ထားပြီး လိုက်မေးနေတာကိုး။ အဲဒီတော့မှ မန္တလေးကျောင်းတိုက် ဆရာတော် ဦးဇဝနဆိုတာ ကျုပ်ပဲဗျလို့ ပြောလိုက်တော့မှ သူတို့ အားနာပါးနာ ဖြစ်သွားပြီး မသိလို့မေးမိတဲ့ အကြောင်း တောင်းပန်ကြတယ်"

"ဒီလောက်ဆိုရင် စိတ်ကြောင့်ရုပ်ဖြစ်ပုံကို အမိုးနားလည်လောက်ပြီလို့ထင်တယ်"

"မှန်ပါ၊ နားလည်ပါပြီဘုရား"

"ဒါဆိုရင် တရားတန်ခိုးကြောင့် ရောဂါပျောက်သွားပုံကို သဘာဝကျအောင်ပြောပြမယ်။ စိတ်ကကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ အဗျာကတစိတ်လို့ သုံးမျိုးရှိတယ်။ အပြစ်မရှိခြင်း၊ ကောင်းသော အကျိုးကိုပေးခြင်း၊ လက္ခဏာရှိလို့ ကုသိုလ်စိတ်ခေါ် တယ်။ အပြစ်ရှိခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိလို့ အကုသိုလ်စိတ်ခေါ် တယ်။ ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ် ဟူ၍လည်းကောင်း မခေါ် ရတဲ့အတွက် အဗျာ–ကတလို့ခေါ် တယ်"

"အဗျာကတစိတ်က ဝိပါက်စိတ်နဲ့ကြိယာစိတ်လို့နှစ်မျိုးရှိတယ်၊ ဝိပါက်စိတ်ဆိုတာ ကုသိုလ်၊ အကုသိုလ်နဲ့ကောင်းကျိုး၊ ဆိုးကျိုးဖြစ်တဲ့စိတ်တွေပေါ့။ ဥပမာ ဒါနပြုတာဟာ ကုသိုလ်စိတ်အကြောင်းတရားပေါ့။ ဒီကုသိုလ်စိတ် အကြောင်းတရားက နောင်ဘဝမှာ လူ့ချမ်းသာဘဝ ပဋိ–သန္ဓေစိတ်၊ နတ်ချမ်းသာဘဝ ပဋိသန္ဓေစိတ်အကျိုးတရားကို ဖြစ်စေတယ်"

www.burmeseclassic.com



သူ့အသက်သတ်တာဟာ အကုသိုလ်စိတ်အကြောင်းတရားပေါ့။ ဒီ အကုသိုလ်စိတ် အကြောင်းတရားက နောက်ဘဝမှာ ငရဲဘဝပဋိသန္ဓေစိတ်၊ ဘီရစ္ဆာန်ဘဝ ပဋိသန္ဓေစိတ် အကျိုးတရားကို ဖြစ်စေတယ်"

"ကြိယာစိတ်ဆိုတာကတော့ ကိလေသာအာသဝေါကုန်ခန်းပြီးဖြစ်တဲ့ ရဟန္တာများ ရဲ့သန္တာန်မှာဖြစ်ပါတယ်။ ရဟန္တာပုဂ္ဂိုလ်များဟာ တဏှာကို အမြစ်ပြတ် ပယ်သတ်ပြီးဖြစ်လို့ နောက်ဘဝမရှိတော့ဘူး။ ဒါ့ကြောင့် ရဟန္တာများပြုတဲ့ ကုသိုလ်ဟာ ကုသိုလ်အမည်မရတော့ဘဲ ပြုကာမတ္တ ကြိယာသာ အမည်ရတော့တယ်။ ဒီတော့ ကုသိုလ်စိတ်နဲ့ အကုသိုလ် စိတ်ဆိုတာဟာ ပုထုဇဉ်နဲ့ပဲဆိုင်တယ်လို့ မှတ်ထားလိုက်ပါ"။

## ရောဂါဖြစ်ခြင်းအကြောင်းနှင့် ပျောက်ရခြင်းအကြောင်း

"အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်ကတော့ ကုသိုလ်စိတ်နဲ့ဆိုင် ပါသေးတယ်။ ဒီသုံးယောက်သန္တာန်မှာ အပါယ်ကျစေမယ့် အကုသိုလ် ကတော့မရှိတော့ လို့ မဆိုင်ဘူးလို့ပဲ မှတ်လိုက်ပါ"

"ပုထုဇဉ်တွေဟာ များသောအားဖြင့် ဘာဝနာတရားနဲ့ကင်းဝေး ကြတာပဲ များတယ်။ ဒါနနဲ့သီလကုသိုလ်သာ တစ်ခါတစ်ရံဖြစ်သော်လည်း ဘာဝနာကုသိုလ်ကတော့ မဖြစ်သလောက်ပါပဲ။ ဘာဝနာမရှိတဲ့ စိတ်ဟာ အကုသိုလ်ကံအမြဲ ဖြစ်နေတယ်။ အကုသိုလ်စိတ်ဟာ ညစ်ညမ်းတဲ့အတွက် သူ့ကြောင့်ဖြစ်တဲ့ရုပ်တွေဟာလည်း ညစ်ညမ်းပြီး ရောဂါမျိုးစုံကို ဖြစ်ပွားစေ တယ်"

"အထင်ရှားဆုံးကတော့ နှလုံးရောဂါနဲ့ သွေးတိုးရောဂါပဲ၊ နှလုံး ရောဂါက အမြဲတန်းစိတ်ဆင်းရဲနေတဲ့သူတွေ အဖြစ်များတယ်။ သွေးတိုး ရောဂါက စိုးရိမ် သောကများတဲ့သူတွေ ဒေါသကြီးတဲ့သူတွေ အဖြစ်များ တယ်။ တရားနာနေပြီ၊ တရားထိုင်နေပြီ။ တရားဆွေးနွေးနေပြီဆိုရင် ဘာဝနာကုသိုလ်စိတ်တွေ အမြဲဖြစ်နေတယ်။ ကုသိုလ်စိတ်ဟာ ဖြူစင်တဲ့ အတွက် သူ့ကြောင့်ဖြစ်တဲ့ရုပ်ဟာလည်း ဖြူစင်သန့်ရှင်းနေတယ်"

"ဘာဝနာတရားအလုပ်ကို ကြာကြာလုပ်လာတဲ့အခါ ဖြူစင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်စိတ်တွေ ကြာကြာဖြစ်လာတယ်။ ဒီတော့ ဖြူစင်တဲ့ရုပ်သစ်တွေ အဖြစ်များလာတာပေါ့။ ဒီအခါမှာ ညစ်ညမ်းတဲ့ ရုပ်ဟောင်းတွေဟာ ချုပ်ပျောက်သွားပြီး နောက်ထပ်လည်း ညစ်ညမ်းတဲ့ ရုပ်ဟောင်းတွေဖြစ်ခွင့် မရတဲ့အတွက် စိတ်မှာရှိတဲ့ကိလေသာရောဂါ တွေသာမက ရုပ်မှာရှိတဲ့ အနာရောဂါတွေပါ ပျောက်ကုန်ရတာပါ။ အမိုးရှင်း ရဲ့လား"

"ရှင်းပါတယ်ဘုရား။ သေချာထပ်သိချင်သေးတာက ဝိပဿနာ တရားကြောင့် နိုင်ငံခြားသားတွေမှာရော ဒီလိုကင်ဆာရောဂါ ပျောက်သွား တာမျိုး ရှိခဲ့ဖူးသလား ဘုရား"

"ရှိဖူးတာပေါ့အမိုးရဲ့။ ကုလသမဂ္ဂဌာန ကိုယ်စားလှယ်ဖြစ်တဲ့ ဂျပန် လူမျိုး မစ္စတာကီတာတာနီဟာ နယူးယောက်မှာနေစဉ် အစာအိမ်ကင်ဆာ ရောဂါ ဖြစ်တယ်။ ဒါ့ကြောင့် အစာအိမ်ရဲ့လေးပုံသုံးပုံကို ခွဲစိတ်ဖြတ်တောက် ပစ်ရတယ်။ ကင်ဆာဆဲလ်တွေ နောက်ထပ်မတိုး ပွားအောင် အလွန်ပြင်းတဲ့ ထိုးဆေးတွေသုံးရလို့ ဆံပင်တွေကျွတ်တယ်၊ လက်သည်း တွေပုပ်တယ်၊ အူတွင်းရောဂါသစ်တစ်ခု ထပ်ဖြစ်တယ်။ သွေးဖြူဥတွေ ပျက်စီးတယ်၊ နိုင်ငံခြားဆေးကို အမြဲသုံးစွဲသူတိုင်း ခံစားရတဲ့ ဘေးထွက်ရောဂါတွေပေါ့"

### ကင်ဆာရောဂါကို တရားဖြင့်ပျောက်စေသော ဂျပန်နိုင်ငံသား

"ဒါ့ကြောင့် ဆေးကိုဆက်မထိုးရဲဘဲ ရပ်ထားတယ်။ ဆရာဝန်များ အနေနဲ့ သူ့အသက်ရှင်ရေးကို မဆိုထားနဲ့ ကင်ဆာရောဂါဆက်လက် မတိုး ပွားရေးကိုတောင် တာဝန်မယူနိုင်တော့တာကို မစ္စတာကီတာတာနီ သိသွားတယ်။ ဒါ့ကြောင့် မသေခင်နေရတဲ့အချိန်လေးကို ဘယ်လို အကျိုးရှိ အောင် အသုံးချရမလဲဆိုတာကို စဉ်းစားမိသွားတယ်။ အကောင်းဆုံးရ လာတဲ့ အဖြေကတော့ ခတ်စာစားရင်း တစ်ဘက်ကဝိပဿနာတရားကို နာကြားအားထုတ်ဖို့ပဲ"

"ဆုံးဖြတ်ချက်အတိုင်း ဝိပဿနာတရားကို နာကြားအားထုတ်လိုက် တာ သုံးနှစ်လည်းကြာရော သူ့ရဲ့ကင်ဆာရောဂါဟာ အမြစ်ပြတ် ပျောက် ကင်းသွားခဲ့တယ်။ စာရေးဆရာ ဆန်းလွင်ကိုယ်တိုင် ရန်ကုန် ချမ်းမြေ

www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာမှာ မစ္စတာကီတာတာနီကို ကိုယ်တိုင်တွေ့ပြီး မေးမြန်းရေးသားခဲ့လို့ အမိုးကို အခုလို သေချာပြောပြနိုင်တာပါ"

"ဝိပဿနာတရားကြောင့် ရောဂါပျောက်ကင်းပုံကို အမိုးနားလည် လက်ခံသွားပြီဆိုရင် ပရိတ်တရားတော်ကြောင့် အသက်ဘေးကလွတ်ပုံ သာဓကတွေကို ဆက်ပြောပြမယ်။ အလယ်ရေကျော်တရားစခန်းပြီးတာနဲ့ ပင့်လာတဲ့ ကျေးရွာတွေကို လိုက်ဟောရင်းနဲ့ စောစောကပြောခဲ့တဲ့ ဇနိဂိ ရေကျော်ရွာမှာလည်း တရားပွဲနှစ်ညဟောဖြစ်တယ်။ ပထမညမှာကတည်းက လူတွေ အများကြီးလာနာကြတယ်"

"ဒုတိယညဟောမယ့် ညနေပိုင်းအချိန်မှာတော့ တရားပွဲကို ဦးစီး ကျင်းပတဲ့ ဦးအောင်မောင်းရဲ့သားတစ်ယောက်က အနီးကပ်လာဖူးတယ်၊ တရားပွဲမှာကျတော့ အဝေးကြီးကမို့ သေချာမမြင်ရလို့ပါတဲ့။ တရား အကြောင်းလေးတွေ ရှင်းပြရင်းနဲ့ နောက်ဆုံးညမှာ သူတရားနာ မလာ နိုင်တဲ့အကြောင်း ပြောလာတယ်။ ဘာဖြစ်လို့လဲလို့မေးကြည့်တော့ သူ့ ယောက္ခမကြီးက နာတာရှည်ရောဂါ ဖြစ်နေတာကြာပြီတဲ့။ ကနေ့ညဆုံး မယ်လို့ အားလုံးက ယူဆထားကြတယ်။ စကားမပြောနိုင်တဲ့အပြင် ပက်လက် ကနေ ပြောင်းနေလို့မရအောင် ဖြစ်နေပြီဆိုတော့လည်း မရတော့ဘူးလို့ ထင်ကြတာမဆန်းပါဘူး"

"ဒီတော့ ဦးပဥ္စင်းလည်း ပရိတ်ရွတ်ပြီး ရေမန်းလုပ်ပေးလိုက်တယ်။ သက်တမ်းရော၊ ကံရောမကုန်သေးဘူးဆိုရင်တော့ ပြန်ကောင်းလာလိမ့် မယ်လို့ ပြောလိုက်တယ်"

"ကောင်းသွားသလားဆရာတော်"

"ကောင်းသွားတယ်။ ပရိတ်ရေသောက်ပြီး နောက်တစ်နေ့မှာပဲ အိပ်ယာက ထပြီး ထမင်းစားနိုင်တဲ့အထိ ကောင်းသွားတယ်။ ဘာသာခြား ဘဝကလာတဲ့ သူတို့အနေနဲ့ ပရိတ်တရားတော်ရဲ့တန်ခိုးကို ဒုတိယအကြိမ် တွေ့ကြရတာပေါ့။ သူတို့ရွာမှာ ဦးပဥ္စင်း နှစ်ညတိုင်အောင် ဟောခဲ့တဲ့တရား က တကယ့်ဗုဒ္ဓဘာသာ ကျင့်စဉ်ဖြစ်တယ်၊ ဒီတရားတော်ထဲမှာ ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



တရား၊ သံဃာ၊ ရတနာသုံးပါးရဲ့ စွမ်းရည်သတ္တိတွေကို လက်တွေ့ သာဓကတွေနဲ့ သေချာဟောခဲ့တာကိုး"

"တရားကိုလည်းနာရ၊ ပရိတ်တရားတော်ရဲ့ အစွမ်းသတ္တိကိုလည်း လက်တွေ့ သိရဆိုတော့ တရားတော်အပေါ် ပိုကြည်ညိုသွားတာပေါ့၊ ပရိတ်တရားတော်ရဲ့ တန်ခိုးဟာ ဒါနဲ့မပြီးဘူး၊ အဲဒီအလယ်ရေကျော်ရွာက ဦးကြည်အောင်နဲ့ ဒေါ်ကျင်နု ဆိုတာရှိတယ်၊ သူတို့ဟာ အရင်က ရိပ်သာတစ်ခုမှာ အားထုတ်ရင်း တရားမရဘဲ ရောဂါတွေပဲရလာကြတယ်၊ ဒကာကြီးက အားပြတ်ပြီး ဆေးရုံတင် လိုက်ရတယ်၊ ဒကာမကြီးကတော့ စိတ်ဖောက်ပြန်သွားတယ်"

"ဦးပဥ္စင်းဟောကြားတဲ့တရားတော်ကို နာကြားအားထုတ်ရတော့မှ နှစ်ယောက်စလုံး တရားတွေ့ပြီး ကျန်းမာရေးတွေ ပြန်ကောင်းသွားကြတယ်။ တရားအားထုတ်လို့ ရူးတယ်ဆိုတာ မဟုတ်ပါဘူး။ တရားမဟုတ်တာကို တရားလုပ်ပြီး မနိုင်ဝန်ထမ်းရလို့ ရူးတာပါ။ တရားအစစ်အမှန်ဆိုရင် မရူးတဲ့အပြင် အရူးရောဂါတောင် ပျောက်ပါတယ်။ ဗုဒ္ဓလက်ထက်က ပဋာစာရီဆိုရင် လင်က မြွေကိုက်လို့သေတယ်။ သားတစ်ယောက်က ရေနစ်လို့သေတယ်၊ သား တစ်ယောက် က စွန်ချီလို့သေတယ်"

"မိဘနဲ့ညီအစ်ကိုမောင်နှမတွေက လျှော်လှူပ်ပြီးတိုက်ပိလို့ သေကြတယ်။ ဒါ့ကြောင့် အဝတ်မဝတ်နိုင်တော့တဲ့အထိ သွက်သွက်ခါအောင် ရူးသွားတယ်။ ဒါပေမယ့် ဘုရား တရားတော်ကိုလည်း နာလိုက် ရရော အရူးရောဂါတွေချက်ခြင်းပျောက်ပြီး သောတာပန် တည်သွားခဲ့တယ်။ သောတာပန်တည်ချင်ရင် ဗုဒ္ဓဟောကြားခဲ့တဲ့အတိုင်း အစဉ်အတိုင်း ကျင့်ဖို့ လိုတယ်။ အရင်ဟာနောက်၊ နောက်ဟာ အရင်သွား လုပ်ရင်တော့ သောတာပန် မတည်ဘဲ ခပ်ချောင်ချောင်ဖြစ်သွားတတ်တယ်"

"အစဉ်အတိုင်းဆိုတာ ဘယ်လိုကျင့်ရမှာလဲဘုရား"။

***

www.burmeseclassic.com

www.burmeseclassic.com



## အစဉ်အတိုင်းကျင့်ရမယ့် ဝိပဿနာ

"အမိုးက ကျင့်ကြည့်ချင်လို့လား"

"သိထားခြင်းအားဖြင့် ကိုယ့်အတွက်အရှုံးမရှိဘူးလို့ ထင်ပါ တယ် ဘုရား"

"ဟုတ်တယ်၊အမိုးပြောတာမှန်တယ်။ ဒီလိုအမိုးရဲ့၊သောတာပန်ဖြစ်ဖို့ အတွက် အစဉ်အတိုင်းကျင့်စဉ် လေးခုကို ဗုဒ္ဓကဟောခဲ့တယ်။ ပထမ တစ်ခုက သပ္ပုရိသူပနိဿယတဲ့။ အစိပ္ပါယ်ကတော့ ရုပ်တရား နာမ်တရား အပေါ်မှာပဲ ငါစွဲ သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောပေးနိုင်မယ့် သူတော် ကောင်း ကို ရှာဖွေဆည်းကပ်ပါတဲ့"

"ဒုတိယကျင့်စဉ်က အဲဒီသူတော်ကောင်းဟောတဲ့ သစ္စာတရားကို သေချာနာကြားပါတဲ့။ နာကြားလို့ နားရည်ဝပြီဆိုတဲ့ အခါကျတော့ သင့်တင့်အောင် နှလုံးသွင်းကြံစည်ပါတဲ့။ ပရမတ်ကို မှန်ကန်သင့်မြတ်အောင် ကြံစည်နိုင်ပြီ ဆိုတဲ့အခါကျတော့မှ ရှုမှတ်ပွားများပါတဲ့။ အခုတော့ တရားအားထုတ်တယ်ဆိုရင် ဘာမှလည်းသိတာမဟုတ်ဘဲနဲ့ စွတ်ထိုင်နေ တာဟာ တရားကို ပြောင်းပြန်ကျင့် သလိုဖြစ်သွားတာပေါ့။ ဒါကြောင့်လည်း တရားအရနည်းကြတာပါ"

"သောတာပန်တည်ဖို့ အင်္ဂါလေးချက်ထဲက ဒုတိယမြောက်အင်္ဂါ ဖြစ်တဲ့ သဒ္ဓမ္မသဝန– သူတော်ကောင်းတရားကို နာကြားရမယ်ဆိုတာဟာ ကြားနာလို့သိရတဲ့ သုတမယဉာဏ်ကို ဗုဒ္ဓကအရယူခိုင်းတာပါ။ ဘာအကျိုး အတွက် ယူခိုင်းတာလည်းဆိုတော့ စိန္တာမယဉာဏ်ကိုရဖို့ အတွက်ပါပဲ။ စိန္တာမယဉာဏ် ဆိုတာကတော့ မှန်ကန်စွာကြံစည်စိတ်ကူး နိုင်တဲ့ဉာဏ်ပေါ့။ သောတပန်တည်ဖို့ တတိယအင်္ဂါဖြစ်တဲ့ ယောနိသောမနသိကာရဆိုတာ စိန္တာမယဉာဏ်ကို ပြောတာပါပဲ"

"ဗုဒ္ဓက ဘာကြောင့် စိန္တာမယဉာဏ်ကို အရယူခိုင်းရတာလဲဆိုတော့ ဘာဝနာမယဉာဏ်ကို ရဖို့အတွက်ပါပဲ။ ဘာဝနာမယဉာဏ်ဆိုတာ အာရုံ–ခြေ ပါးနဲ့ တွေ့ဆုံတိုင်း အလျဉ်းသင့် သလိုပွားများရှုပွားတဲ့ဉာဏ်ကို ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာမယညာဏ်ဆိုတာဟာ သောတာပန်တည်ဖို့ အင်္ဂါ လေးချက်ထဲက နောက်ဆုံးအင်္ဂါဖြစ်တဲ့ ဓမ္မာနုဓမ္မပဋိပတ္တိကို ပြောတာပါပဲ။ ကဲပရိတ် အကြောင်းကို ပြန်သွားကြဦးစို့"

"ဦးကြည်အောင်တို့မိသားစုဟာ တရားစခန်းပြီးတဲ့ရက် ညနေပိုင်းမှာ သူ့အိမ်ကို ပင့်ပြီးပရိတ်ပွဲ ကျင်းပတယ်။ ပရိတ်ရေကိုလည်းပုံးအကြီးကြီး တွေနဲ့ အသင့်ပြင်ထားတယ်။ ဦးပဋ္ဌင်းက ရတနာသုတ်ရယ်၊ မောရ္ဂသုတ် ရယ်ကို ရွတ်ပေးတယ်။ အဆုံးမှာတော့ –

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံ ပဋ္ဌပက္ခမေန တထာဂတာ ဇီဝိတာ ဝေါရောပေယျ
အနုပက္ခမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ
တေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတုသဗ္ဗဒါ။

ဆိုတဲ့ပါဠိတော်ကို သုံးခေါက်ရွတ်တယ်။ ဒီပါဠိအဓိပ္ပါယ် အကျဉ်း ကတော့ ဘုရားရှင်တို့ မည်သည် သူတစ်ပါး၏လုံ့လပယောဂဖြင့် ဘယ် သောအခါမှ မသေနိုင်၊ ဘုရားရှင်တို့သည် သက်တမ်းအစဉ်အတိုင်းနေ၍ မိမိအလိုလိုသာလျှင် ပရိနိဗ္ဗာန် ဝင်စံကုန်၏။ ဤမှန်ကန်သော သစ္စာစကား ကြောင့် ဤပရိတ်ရေနှင့် ဆက်ဆံသူများအားလုံး အမြဲတန်းကျန်းမာ ချမ်းသာ ကြပါစေလို့ အဓိပ္ပါယ်ရပါတယ်"

"နောက်ဆုံးအချက်ကတော့ မှန်ကန်တိကျတဲ့ သစ္စာသုံးမျိုးကိုပြုပြီး ရောဂါမျိုးစုံ ပျောက်ဖို့ အဓိဋ္ဌာန်ပြုပါတယ်။ ဥပမာအားဖြင့် ကျွန်ုပ်သည် အကြိမ်၅၀ သွေးလှူခဲ့ပါ၏ ။ ဤစကားသည် မှန်ကန်ပါ၏ ။ ဤမှန် ကန်သော သစ္စာစကား၏ အာနုဘော်ကြောင့် ပယောဂမှန်သမျှ ရောဂါမှန် သမျှ ပျောက်ကင်းပါစေသတည်းပေါ့"

"အဲဒီပရိတ်ရေကို စွဲသောက်လိုက်တာ ဦးကြည်အောင်မှာ နှစ်ပေါင်း များစွာ ကစွဲလာတဲ့ သွေးတိုးရောဂါကြီးပျောက်သွားတယ်။ တစ်ရက်တော့ အလယ်ရေကျော်ရွာနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ဘေးပေါက်ရွာက ကိုပါကြီး ဆိုတာရောက်လာပြီး ဦးကြည်အောင် သေချာသိမ်းထားတဲ့ ပရိတ်ရေ

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပေးဖို့ လာတောင်းတယ်"

"ဘာအတွက်လဲဆိုတော့ သူ့အမျိုးသမီးမစန်းမြင့် ကိုယ်ဝန်က ခွဲမွေးမှ ရမယ်လို့ ဆရာဝန်ကပြောလို့ မြို့ဆေးရုံကိုခွဲစိတ်ရအောင် သွားကြရမယ်တဲ့။ အဲဒီလို ခွဲစိတ်တဲ့အခါ ဘေးအန္တရာယ်ကင်းရှင်းစွာ အောင်မြင်စေချင်လို့ပါပဲတဲ့။ ဒါနဲ့ ဦးကြည်အောင်က ပရိတ်ရေတစ်ပုလင်း ပေးလိုက်တယ်။ သူတို့ဟာ ဆေးရုံကို ခွဲစိတ်ဖို့ အချိန်မီရောက်ပါတယ်"။

**နေ့ရွေးသောကြောင့် ကလေးတစ်ယောက် မသေသင့်ဘဲသေရခြင်း**

"ဒါပေမယ့် စနေနေ့မို့လို့ နေ့မကောင်းဘူးဆိုပြီး နောက်ရက်ကို ရွှေ့လိုက် တယ်။ လူအချို့ဟာ လောကီပညာမှာတော့ အထက်တန်းစားဘွဲ့ရပညာရှင်တွေပါ။ ဒါပေမယ့် ဘာသာရေးပညာမှာတော့ အောက်တန်းကမူလတန်းအဆင့်ပဲ ရှိပါတယ်။ အဲဒီ အမှားကြောင့် ကလေးတစ်ယောက်ဟာ မသေသင့်ပဲ သေခဲ့ရတယ်။ မိခင်တောင် ပရိတ်ရေတန်ခိုးကြောင့် ကံကောင်းလို့မသေတာ"

"ဘယ်လိုဖြစ်တာလဲဘုရားပြောပါဦး"

"နောက်ရက်ခွဲတော့ အခက်အခဲတွေအများကြီးတွေ့ရတယ်။ ပထမအခက်အခဲက ဗိုက်ခွဲရင်း မီးနှစ်ခါပျက်တယ်"

"အို ဒါဆိုရင် အသက်အန္တရာယ်သိပ်ကြီးတယ်ဘုရား"

"နောက်မေ့ဆေးပေးတာ မသေချာလို့ နှစ်ခါပြန်ပေးရတယ်"

"ဟင် ဒါလဲအသက်နဲ့နီးတာပဲဘုရား"

"ပရိတ်တန်ခိုးကြောင့် မိခင်တော့ မသေဘူး။ ဒါပေမယ့် ကလေးကတော့ နောက်ကျမှခွဲလို့ ဝမ်းထဲမှာပဲ မွန်းကျပ်ပြီး သေသွားရှာတယ်။ မီးနှစ်ခါပျက်တာ မေ့ဆေး နှစ်ခါပြန်ပေးရတာဟာ၊ မီး တာဝန်ခံတွေရဲ့ ပေါ့ဆမှုပါသလို၊ မစန်းမြင့်ကို မြန်မြန်သေအောင် ဒုက္ခပေးချင်တဲ့ မကောင်းဆိုးဝါးတွေရဲ့ ဒုက္ခပေးမှုလည်းပါနိုင်တယ်"

"ဘာကြောင့်ပြောနိုင်တာလည်း ဘုရား"

"တစ်အချက်က မစန်းမြင့်ဟာ ခွဲစိတ်ရမယ်လို့ သိလိုက်ရကတည်းက

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဟာ အလိုလိုအားငယ်သွားတယ်။ သူ့ကိုယ်သူ သေရမယ့် လူတစ်ယောက်လို့လည်း ခံယူမိသွားတယ်။ အဲဒါဟာ မကောင်းဆိုးဝါးတွေက မစန်းမြင့်လူ့ဘဝမှာ ဆက်မနေချင်အောင် အရင်ဆုံး တိုက်ကွက်ဆင်လိုက်တာပဲ။ နှစ်အချက်က မီးကို မပျက်ပျက်အောင်လုပ်တာရယ်၊ မေ့ဆေးကို အချိန်မတိုင်မီ ပြယ်သွားအောင် လုပ်တာရယ်ပဲ"

"သုံးအချက်ကတော့ မျက်နှာတစ်တောင်လောက်ရှိတဲ့ မကောင်းဆိုးဝါး အယောက်တစ်ရာဟာ မစန်းမြင့်ကို သူတို့နဲ့ အေးအေး ဆေးဆေး လိုက်ခဲ့ဖို့ လာခေါ်တယ်။ မစန်းမြင့်က မလိုက်ဘူးလို့ငြင်းတော့ အတင်းဆွဲလွဲပွေ့ယူသွားကြတယ်။ မစန်းမြင့်ဟာ အော်ရင်းဟစ်ရင်း၊ ရုန်းရင်း၊ ကန်ရင်းပါသွားတယ်။ အဲဒီလိုပါသွားရင်းနဲ့ တောနက်ကြီးတစ်ခုထဲ ရောက်တဲ့အခါ ဦးပဥ္စင်းကို ရပ်လျက်သား တွေ့လိုက်ရသတဲ့"

"ဪ ဆရာတော်ကိုတွေ့လိုက်ရသတဲ့လားဘုရား"

"ဟုတ်တယ်၊ ဒါ ကာယကံရှင် လူနာကိုယ်တိုင် ပြောပြလို့ အားလုံးသိကြရတာပါ။ ဦးပဥ္စင်းကိုမြင်ရတော့ မစန်းမြင့်ဟာ အားတက်သွားပြီး 'ဆရာတော်ဘုရား ကယ်ပါဦးဘုရား' လို့ လှမ်းလျှောက်လိုက်တော့ ဦးပဥ္စင်းက မင်းတို့သွားကြ–လို့ လက်ညှိုးထိုးပြောလိုက်တာနဲ့ မကောင်းဆိုးဝါးအယောက် ၅၀ က ချက်ချင်း ထွက်ပြေးသွားကြတယ်။

"ကျန်တဲ့ ၅၀– ကိုတော့ မင်းတို့သူ့ကို ပြန်ပို့လိုက်ကြလို့ ပြောလိုက်တာနဲ့ ချက်ချင်း မစန်းမြင့်ကို ဆေးရုံရောက်အောင် ပြန်ပို့ကြရတယ်။ ငြိမ့်ကနဲ တစ်ချက်ဖြစ်ပြီးတာနဲ့ မစန်းမြင့်ဟာ သတိပြန်ရသွားသတဲ့"

"အံ့သြစရာပါပဲလား ဆရာတော်"

"ပျံလွန်တော်မူသွားတဲ့ တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ ပရိတ်ရေဆိုရင် ပိုလို့တောင် အံ့သြစရာကောင်းသေးတယ်။ ဆရာတော်ကြီး ပရိတ်ရွတ်နေဆဲအချိန်မှာကိုပဲ ပရိတ်ရေတွေဟာ ဆူပြီးပွက်ကျလာတယ်။ အဲဒီပရိတ်ရေကိုသောက်တဲ့အတွက် ရောဂါမျိုးစုံ ပျောက်သွားတဲ့ သာဓကတွေ အများကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့အပြင် တခြားဆရာတော်တွေရဲ့ ပရိတ်ရေကြောင့် ရောဂါပျောက်သွားတာတွေရော ရှိသေးသလားဘုရား"။

## ဦးသုစိတ္တ၏ ပရိတ်နှင့်မေတ္တာတန်ခိုး

အများကြီးရှိတာပေါ့။ ဦးပဥ္စင်းတို့မန္တလေးကျောင်းက ဒုတိယတရားပြဆရာတော် ဦးသုစိတ္တ (မင်းဟိန်းထိဝ်)ဆိုရင် သူရွတ်တဲ့ပရိတ်ရေကြောင့် အသက် ချမ်းသာရသွားသူနှစ်ဦး တောင်ရှိတယ်။ ပထမတစ်ဦးက ရွှေပြည်သာမြို့၊ ၉–ရပ်ကွက်၊ ပင်းယပန်းခြံမှာ နေထိုင်တဲ့ စာရေးဆရာလည်းဖြစ်၊ အယ်ဒီတာလည်းဖြစ်တဲ့ ဟံသာဝတီဦးအုန်းကြိုင်ရဲ့ သမီးတစ်ယောက်ဟာ အိမ်ထဲမှာ မီးမဖွားနိုင် လို့ တော်တော်ဒုက္ခရောက်နေတယ်"

"အဲဒီအချိန်မှာ ဆွမ်းခံကြွလာတဲ့ ဦးသုစိတ္တကိုတွေ့တာနဲ့ ဦးအုန်းကြိုင်က အင်္ဂုလိမာလသုတ် ပရိတ်ရွတ်ပေးဖို့ လျှောက်ထားတာကြောင့် ရွတ်ပေးလိုက်တယ်။ ပရိတ်တရားဆုံးတာနဲ့ ချမ်းချမ်းသာသာ မီးဖွားနိုင်သွားတယ်။ နောက်တစ်ဦးက ရွှေပြည်သာမြို့နယ်၊ အမှတ် ၇–ရပ်ကွက်၊ ရောမြိုင်ပန်းခြံက ဆရာကြီး ဦးထွန်းကြည် နဲ့ဒေါ်မြသန်းတို့ရဲ့ သားအငယ်ဆုံးလေးဟာ အိပ်ရာထဲမှာ တရှောင်ရှောင် ဖြစ်နေတယ်"

"ရောဂါအမည်မတပ်နိုင်ဘူး။ တစ်နေ့ ညနေခင်းမှာ ဦးသုစိတ္တကို ပင့်ပြီး သားလေးအတွက် ပရိတ်တရားနာကြတယ်။ ပရိတ်တရားတော်ကိုလည်းနာ၊ ပရိတ်ရေကိုလည်း သောက်လိုက်တာ နောက်ရက်မှာရောဂါပျောက်ကင်းသွားတယ်။ တစ်ခါကတော့ ရခိုင်ပြည်နယ်မှာနေထိုင်တဲ့ ဦးသုစိတ္တရဲ့နှမလေး တစ်ယောက်ဟာ ရောဂါတစ်ခုကို အပြင်းအထန် ခံစားနေရတဲ့အကြောင်း သံကြိုးစာရောက်လာတယ်။

"ဒီအချိန်မှာ ဦးသုစိတ္တကလည်း သာသနာရေးကိစ္စတစ်ခုနဲ့ အမ်းမြို့နယ်ကို သွားဖို့ရာ ကိစ္စတစ်ခုအကြောင်းပေါ် လာတယ်။ ဦးသုစိတ္တဟာ နှမငယ်ထံကို ရည်စူးတဲ့ ဥဒ္ဒိဿမေတ္တာပို့ပြီး မောရွှင်သုတ် ပရိတ်ကိုရွတ်ရင်း အမ်းမြို့နယ်တွင်းမှာရှိတဲ့ သူတို့ရွာလေးကို အရောက်သွားခဲ့တယ်။ အင်မတန် ခေါင်တဲ့ရွာဖြစ်လို့ ရန်ကုန်ကနေ သူတို့ရွာကို ရောက်ဖို့အထိ

www.burmeseclassic.com



လေးရက် လောက်ကြာတယ်"

"ပထမအံ့ဩစရာကောင်းတာက ဦးသုစိတ္တရွှာကို ပြန်ရောက်တာနဲ့ အားလုံးမရ တော့ဘူးလို့ လက်လျှော့ထားတဲ့နွားမလေးကို ကျန်းမာရွှင်လန်းစွာ တွေ့ရတာပါပဲ။ ဒုတိယအံ့ဩ စရာကတော့ နွားမငယ်ရောဂါ စပျောက်တဲ့ရက် ကို မေးကြည့်တဲ့အခါ ဦးသုစိတ္တမေတ္တာပို့ပြီး ပရိတ်စရွတ်တဲ့နေ့ ဖြစ်နေ တာပါပဲ"

"ပန်းတနော်က ဒေါ်ဗူးဒီးအမည်ရှိတဲ့ ဘာသာခြားအမျိုးသမီးကြီး တစ်ဦးဟာလည်း ပရိတ်တန်ခိုးကြောင့် ဗိုက်အောင့်ရောဂါပျောက်ခဲ့ဖူးတယ်။ ဒေါ်ဗူးဒီးဟာ ဗုဒ္ဓဘာသာရဟန်းတွေကို အင်မတန်မုန်းတီးစက်ဆုပ်တဲ့ ဘာသာ ဝင်တစ်ဦးပါ။ ဘယ်လောက်ထိမုန်းသလဲဆိုရင် သူတို့ သွားမယ့် လမ်းမှာ ဗုဒ္ဓဘာသာရဟန်းတစ်ပါးပါးကို မြင်ရပြီဆိုရင် လာဘ်တိတ် တယ်ဆိုပြီး တခြားလမ်းကနေ ပြောင်းသွားတဲ့အထိပါပဲ"။

## ပရိတ်တရားကြောင့် ဗုဒ္ဓဘာသာဖြစ်လာသူ

"တစ်ခါတော့ ဒေါ်ဗူးဒီးမှာ ဗိုက်အောင့်တဲ့ရောဂါဖြစ်တယ်။ ဘာဆေး နဲ့မှမပျောက်ဘူး ဖြစ်နေတယ်။ ဒီလိုနဲ့ဆေးရုံတင်လိုက်ရတယ်။ ရက် အတော် ကြာတဲ့အထိ မသက်သာဘူး။ တစ်ရက်မှာတော့ တခြားလူနာ တစ်ဦး ကပင့်လို့ ကြွလာတဲ့ရဟန်းတစ်ပါးကို တွေ့လိုက်ရတာနဲ့ ဒေါ်ဗူးဒီးဟာ တော်တော်ကြည် ညို သွားတယ်။ ဒီရဟန်းတော်ရွတ်တဲ့ ပရိတ်တရားကို နာလိုက်ရရင် သူ့ရောဂါပျောက် ကင်းသွားမယ်လို့လည်း စိတ်ထဲက သိပ် ယုံကြည်နေတယ်"

"ဒေါ်ဗူးဒီးရဲ့ အမျိုးသားဟာ ဗုဒ္ဓဘာသာဝင်ပါ။ ဒါ့ကြောင့် ပရိတ် အကြောင်းကို ဒေါ်ဗူးဒီးသိနေတာပါ။ စိတ်ထဲရှိတဲ့အတိုင်း ရဟန်းတော်ကို ပင့်လျှောက်ပြီး ပရိတ်တရားကို နာယူလိုက်တာ ဒေါ်ဗူးဒီးရဲ့ ဗိုက်အောင့် ရောဂါဟာ တစ်ခါတည်း ပျောက်သွားတယ်။ သံဃာတော်တစ်ပါးကို ကြည်ညိုတာကစပြီး ဒေါ်ဗူးဒီးဟာ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်သွားခဲ့ တယ်"

"ကြည့်မြင်တိုင်သာဓုကျောင်းမှာ နှစ်စဉ်ပို့ချပေးနေတဲ့ ရှေ့သဘိမ္မော

www.burmeseclassic.com

www.burmeseclassic.com



စာချ ဆရာတော်ဦးသုန္ဒရဟာ ဒေါ်ဖူးဒီးရဲ့သားပဲ"

"ပရိတ်ဟာ ဘယ်သူရွတ်ရွတ်စွမ်းတာပဲလား ဘုရား"

"ဗုဒ္ဓသတ်မှတ်ပေးတဲ့ အင်္ဂါရပ်တွေနဲ့ ညီညွတ်အောင်ရွတ်ရင် လူရွတ်ရွတ်၊ ရဟန်းရွတ်ရွတ်စွမ်းတာပါပဲ"

"အဲဒီအင်္ဂါတွေ သိပါရစေဘုရား"

"နာယူသူဘက်က အင်္ဂါသုံးချက်၊ ရွတ်သူဘက်က အင်္ဂါသုံးချက်ရှိတယ်။ နာယူသူဘက်က အင်္ဂါသုံးချက်ကတော့ ပဉ္စာနန္တရိယကံငါးပါးက လွတ်သူဖြစ်ရမယ်။ ကံ ကံရဲ့အကျိုးကို ယုံကြည်သူဖြစ်ရမယ်၊ ပရိတ်တရားတော်အပေါ်မှာ ထက်သန်တဲ့ ယုံကြည်မှုရှိရမယ်"။

## ပရိတ်ရွတ်သူ ရှိထားရမည့်အင်္ဂါ

"ရွတ်သူဘက်က အင်္ဂါသုံးချက်ကတော့ ပါဠိနဲ့ ပုဒ်ဖြတ်ကို မှန်ကန်အောင် ရွတ်ရမယ်။ ရွတ်နေတဲ့ ပါဠိရဲ့မြန်မာပြန်ကို သို့မဟုတ် အဓိပ္ပါယ်အကျဉ်းကို သိနေရမယ်။ လှူဖွယ်ဝတ္ထုလာဘ်လာဘတွေကို အဓိက မထားဘဲစေတနာ၊ မေတ္တာကို အဓိကထားရမယ်။ ဒီအင်္ဂါသုံးချက်နဲ့ ညီမယ် ဆိုရင် ဘယ်သူရွတ်ရွတ် ပရိတ်ဟာ အစွမ်းထက်ပါတယ်"

"မြတ်စွာဘုရားရဲ့ နှုတ်ကပတ်တော်အားလုံးဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဖြည့်ခဲ့တဲ့ ပါရမီအားတွေ အပြည့်ပါနေတဲ့အတွက်ကြောင့် မိမိက စေတနာ မေတ္တာအပြည့်နဲ့သာ ရွတ်ဖတ်သရဇ္ဈာယ်မယ်ဆိုရင် အစွမ်းထက်တာချည်းပါပဲ။ ဦးပဥ္စင်းရဲ့မယ်တော်ကြီး ဒေါ်သိန်းရင်ဆိုရင် ရေမန်းနဲ့ မားမန်း တအားစွမ်းတယ်"

"ညဖက်အပြင်က ပြန်လာတဲ့အခါ ကလေးငယ်လေးတွေမှာ မကောင်းဆိုးဝါးတွေ ကပ်ပါလာတတ်ပြီး တက်မတတ်၊ ချက်မတတ် ငိုတတ်တယ်။ အဲဒီအခါမျိုးဆိုရင် မယ်တော်ကြီး ရေမန်းနဲ့ကလေးရဲ့ မျက်နှာကို တစ်ချက်သာ တောက်လိုက် ချက်ချင်းအငိုတိတ်ပြီး ကောင်းသွားတယ်။ မယ်တော်ကြီး မန်းတာက –

ဖုဋ္ဌဿ လောကဓမ္မေဟိ၊

www.burmeseclassic.com

www.burmeseclassic.com



စိတ္တံ ယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ။

ဆိုတဲ့ ပါဠိသုံးပုဒ်ကိုရွတ်ပြီးမန်းတာပဲ။ ဒီပါဠိဟာ မင်္ဂလသုတ်ပရိတ်ထဲကပါ။ အဓိပ္ပါယ်ကတော့ လောကဓံတရားနဲ့ကြုံတွေ့ရတဲ့အခါ ရဟန္တာတို့ရဲ့ စိတ်ဟာ တုန်လှုပ်ခြင်းမရှိဘူး။ သောကကင်းတယ်။ ကိလေသာဆိုတဲ့ မြူကင်းတယ်။ ဘေးကင်းတယ်တဲ့"

"ဓားမန်းကတော့ ဦးပဥ္စင်းတို့ကိုယ်တိုင်ကလေးဘဝက လေးကြိမ်လောက် အမန်းခံဖူးတယ်။ ဦးပဥ္စင်းဟာ ငယ်ငယ်ကအပူ၊ အစပ်တွေ တအားစားတော့ မကြာခဏ သွေးစုနာ ပေါက်လေ့ရှိတယ်။ သွေးစုနာ ပေါက်တော့မယ်ဆိုရင် တင်ပါးတို့၊ ပေါင်တို့မှာ အကျိတ်တွေ စပြီးပေါ်လာတယ်။ အကျိတ်ဖြစ်စမှာ သွားမန်းခိုင်းလိုက်ရင် နောက်နေ့မှာ မာနေတဲ့ အကျိတ်ဟာ ပျော့ကျသွားပြီး တစ်ခါတည်းပျောက်တာပဲ"

"အကယ်၍ အကျိတ်အဖုက တော်တော်ကြီးရင့်လာမှ သွားမန်းလိုက်တယ်ဆိုရင် နောက်ရက်မှာ ချက်ချင်းမှည့်ပြီး အနာဖေးတက်လာတယ်။ အဲဒီအနာဖေးလေးကို လက်သည်းနဲ့ ကုတ်ချလိုက်တာနဲ့ အနာဝပေါ်ပြီး ပြည်တွေ၊ သွေးပုပ် တွေတစ်ခါတည်း ထွက်ကျသွားတာပဲ"

"တစ်ခါကဆို ကျောင်းကကိုရင်တစ်ပါး မျက်ခွံမှာအဖုကြီးတစ်ဖု ပေါက် လာတယ်။ မြန်မာဆရာ၊ အင်္ဂလိပ်ဆရာစုံနေအောင် ကုလိုက်တာ ဘာဆရာနဲ့မှ မပျောက်ဘူး။ လတောင်တော်တော်ကြာသွားတယ်။ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် မယ်တော်ကြီးက မန္တလေးကနေ ရွှေပြည်သာကို အလည်ရောက်လာတယ်"

"ကိုရင့်မျက်ခွံက အကျိတ်ကိုပြပြီး အကူအညီတောင်းလိုက်တာနဲ့ မယ်တော်ကြီးက ဓားလေးတစ်ချောင်းယူပြီး ဘုရားခန်းရှေ့မှာ ဘုရားရှိခိုး၊ ငါးပါးသီလ ဆောက်တည်တယ်။ ပြီးတာနဲ့ ဓားကိုမန်းပြီး ကိုရင့် မျက်ခွံက အကျိတ်ပေါ်မှာ ဓားသွားနဲ့ထိပေးတယ်၊ ခုတ်တဲ့သဘောမျိုးပေါ့။ ဒါကိုပဲ ဓားမန်းခုတ်တယ် လို့သုံးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မန်းပြီးမယ်တော်ကြီးက ပြောတယ်။ နောက်နေ့ဆိုရင် ကိုရင့် အကျိတ်ဟာ နည်းနည်း ပိုကြီးလာလိမ့်မယ်။ မကြောက်ပါနဲ့ အဲဒါအထဲမှာ ရှိနေတဲ့ရောဂါတွေ ကန်ထွက်လာတာတဲ့။ သုံးကြိမ်လောက်မန်းပြီးရင် ကိုရင့် အကျိတ်ပျောက်ပါပြီတဲ့ ဟုတ်တယ်။ သုံးကြိမ်မြောက် လည်းမန်းပြီးရော ကိုရင့်မျက်ခွံကအကျိတ်လည်း ပျောက်တာပါပဲ"

"အဲဒီဓားမန်းအတွက်ကရော ဘာပရိတ်ကို ရွတ်တာလည်းဘုရား"

"အင်းဒီဓားမန်းက ပရိတ်တော့မဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ ဝိနည်းနဲ့ ပတ်သက်တဲ့ စကားတော်တစ်ခုကိုပဲ ရှေးလူကြီးများက ဓားမန်း အဖြစ် အသုံးချထားတာပါ ဆိုရတဲ့ပါဠိက "ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေ"တဲ့ ဒါလေးပါပဲ။ ဒီစကားဟာ ဘယ်နေရာမှာသုံးလဲဆိုတော့ ရဟန်း များဟာ သစ်ပင်ကို ဖျက်ဆီးခြင်း မပြုရသလို အပင်ပေါက်နိုင်တဲ့ မျိုးစေ့ ကိုလည်း ဖျက်ဆီးခြင်း မပြုရဘူး။

## အကျိတ်အဖုပျောက်စေသောပါဠိ

"ဒါကြောင့် ကြံတို့၊ ငှက်ပျောသီးတောင့်တို့ကို စားသုံးတော့မယ်ဆိုရင် ရဟန်း တော်က အနီးအနားမှာရှိတဲ့ ဒကာ ဒကာမတစ်ယောက်ယောက် ကိုဖြစ်စေ၊ ကိုရင် တစ်ပါးပါးကိုဖြစ်စေ ကပ္ပိယံကရောဟိလို့ ခိုင်းစေရတယ်။ မြန်မာပြန်ကတော့ ဒီကြံတွေ၊ ငှက်ပျောသီးတောင့် တွေကို စားကောင်းအောင် အပ်စပ်အောင် လုပ်လိုက်ပါတဲ့"

"ဒီအခါမှာ အနားမှာရှိတဲ့တစ်ဦးဦးက ကပ္ပိယံဘန္တေ –အပ်စပ် အောင်ပြုပါပြီ ဘုရားဆိုပြီး ကြံဆိုရင် ဓားတစ်ချောင်းနဲ့ ဓားရာပေါ် သွား အောင် စတီအနေနဲ့ ခုတ်လိုက်ရတယ်၊ ငှက်ပျောသီးဆိုရင် တစ်တောင့်လောက် ကို လက်သည်း နဲ့ဆိတ် လိုက်ရတယ်၊ ဒီလိုလုပ်လိုက်ရင် အပင်ပေါက်နိုင်တဲ့ ဗီဇဓာတ်တွေအားလုံး ပျက်သွားတဲ့အတွက် သုံးဆောင်ကောင်းသွားတယ်"

"တကယ်ပဲ အဲဒီကြံတွေ၊ ငှက်ပျောသီးထဲကအစေ့တွေဟာ အပင် မပေါက်တော့ဘူး လားဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မပေါက်တော့ဘူးအမိုး၊ မြတ်စွာဘုရားရဲ့ဝိနည်းအာဏာစက် စူးရှထက်မြက်ပုံဟာ သိပ်အံ့ဩစရာကောင်းတယ်၊ ဓမ္မဒူတအရှင် ပညာဇောတဆရာတော်ကြီးက လက်တွေ့ စမ်းသပ်ကြည့်ခဲ့တယ်၊ တစ်ခါတော့ စာသင်သား သံဃာတွေအတွက် ကြံခင်းပိုင်ရှင်တစ်ဦးက ကြံချောင်းတွေ အများကြီး လာလှူသွားတယ်"

"ကြံအပုံကြီးရှေ့မှာ ဆရာတော်ကြီးက ကိုရင်တစ်ပါးကို ကပ္ပိယံ ကရောဟိ လို့ပြော လိုက်တယ်၊ ကိုရင်က ကပ္ပိယံဘန္တေလို့ပြောလိုက်ပြီး ကြံအပုံကြီးထဲက တစ်ချောင်းလောက်ကိုပဲ ဓားနဲ့တစ်ချက်ခုတ်လိုက်တယ်၊ တစ်ချောင်းကို ခုတ်လိုက်တာနဲ့ ကျန်တဲ့ကြံချောင်းတွေ အားလုံးကို ကပ္ပိပြီးသားဖြစ်သွားတာပဲ"

"သံဃာတော်တွေကို ကပ်ပြီးတာနဲ့ ပိုနေတဲ့ကြံချောင်းတွေကို အတိုလေးတွေဖြတ်ပြီး ကြံတောင်သူတစ်ယောက်နဲ့ ကျောင်းဝိုင်းထဲက မြေကွက်မှာ စိုက်ခိုင်းလိုက်တယ် မြတ်စွာဘုရားရဲ့ အာဏာစက်ကြောင့် တစ်ဆစ်မှ အပင်ပေါက်မလာတော့ပါဘူး၊ ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေဆိုတဲ့ ပါဠိဟာ မျိုးစေ့ကို ချေဖျက်နိုင်တဲ့ အစွမ်းသတ္တိရှိတာကိုသိထားတဲ့ ရှေးလူကြီးသူမများက အကျိတ်အဖုမှာ ရှိနေတဲ့မျိုးစေ့ကိုလည်း ဖျက်ဆီးနိုင်စွမ်းရှိရမယ်ဆိုတဲ့ အတွေးနဲ့ ဓားမန်းအဖြစ် တီထွင်ထားခဲ့တာပါ၊ ကဲ အမိုး ဗုဒ္ဓရုပ်ပွားတော်တွေရဲ့ ဂုဏ်ရည်အကြောင်းကိုတော့ နက်ဖြန်ခါမှ ဆက်ကြရအောင်"

အခန်း -၃- ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်တို့နှင့် နီးစပ်သော မြတ်ဗုဒ္ဓ

ဗုဒ္ဓသည် ကျွန်ုပ်တို့နှင့်နီးစပ်၏။ သိရခက်ကြီးမျိုးထဲကမဟုတ်ဘဲ ရိုးစင်းသော၊ အစိကဦးတည်ချက်ကြီးမားသော၊ အဖော်မမှီး တစ်ကိုယ်တည်း ကေစာရီကျင့်သုံးသော ဉာဏ်ပညာတည်းဟူသော အလင်းဓာတ်အတွက် (မောဟ)ကို တိုက်ဖျက်နေသော လူ့ သဘာဝလက္ခဏာ ပြက်ပြက်ထင်ထင် ပေါ်လွင်ထင်ရှားသည့် မနုဿလူသားတစ်ဦးကို အလွယ်တကူပင် အသင့် တွေ့မြင်နိုင်ပါသည်။

ဒဏ္ဍာရီဆန်ဆန် တစ်ခဲနက်သော အံ့ဘွယ်သရဲများနောက်ကွယ်က မနုဿလူသား တစ်ဦးရှိသည်ဟု ကျွန်ုပ် သိရှိခံစားရ၏။ ထိုမနုဿ လူသားကြီးကလည်းပဲ စကြာဝဠာအတွင်းရှိ လူသတ္တဝါတို့အား သတင်းစကားပေးအပ်ထားတော်မူခဲ့ပါ၏။ ကျွန်ုပ်တို့၏ အကောင်းဆုံး ခေတ် အမြင်များနှင့် အနီးကပ်ဆုံး တူညီနေကြပါ၏။ လူ့ဘာဝအတွင်းရှိ အတိဒုက္ခများနှင့် မရောင့်ရဲမကျေနပ်မှုများသည် အတ္တစွဲများကြောင့် ဖြစ်ရသည်ဟူ၍ ဗုဒ္ဓက ဟောကြားထားတော်မူခဲ့ပါပြီ။

အတ္တစွဲသုံးမျိုးရှိ၏။ တစ်–ကာမတဏှာခေါ် ကာမဂုဏ်လိုလား လိုက်စားမှု၊ နှစ်–ဘဝတဏှာခေါ် ဘုံဘဝကို တွယ်တာတပ်မက်မှု၊ သုံး– ဝိဘဝတဏှာခေါ် သေသွားသည့်နောက် လုံးဝပျောက်ပျက်သွားသည် ဟူသော အယူအဆကို တပ်မက် တွယ်တာမှုတို့ဖြစ်ကြ၏။ ငြိမ်းအေးသူ တစ်ယောက်ဟူ၍ ဖြစ်မြောက် မလာမီသူသည် ကာမဂုဏ်အာရုံများနှင့် အတ္တစွဲတို့ကို ပယ်စွန့်ရပါမည်။ ထိုအခါ သူသည် ကြီးမြတ်သူတစ်ဦးနှင့် ပေါင်းဆုံသွားတော့၏။

ခရစ်တော်မပေါ်မီ နှစ်ပေါင်းငါးရာကျော်ကပင်လျှင် ဗုဒ္ဓသည် လူသတ္တဝါတို့ကို မိမိ ကိုယ်ကိုမိမိ မေ့လျော့နေသူများဟူ၍ ဘာသာစကားတစ်မျိုးဖြင့် ခေါ်ဆိုတော်မူခဲ့ပါပြီ။ ဗုဒ္ဓသည် ကျွန်ုပ်တို့နှင့်ရော၊ ကျွန်ုပ်တို့ လိုအပ်ချက်များနှင့်ပါ နီးစပ်ခဲ့ပါပြီ။ အကျိုးဆောင်လုပ်ငန်းတွင် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးအရ အရေးပါ အရာရောက်မှုအပေါ် ဗုဒ္ဓက ပို၍နားလည်

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်၏။ ထို့ပြင် ပုဂ္ဂိုလ်ရေးရာအရ သေရ၊ မသေရဟူသော ပြဿနာနှင့်ပတ်သက်၍ ဝေဝါးခြင်း မရှိပါချေ။

(ကမ္ဘာကျော် အင်္ဂလိပ်ကမ္ဘာ့သမိုင်းပညာရှင် အိပ်ချ်ဂျီဝဲလ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

## ဗုဒ္ဓရုပ်ပွားတော်၏ဂုဏ်ရည်များ

နောက်နေ့ အမိုးကျောင်းသို့ရောက်လာသောအခါ မျက်နှာသိပ်မကောင်းသဖြင့် စာရေးသူက သေချာမေးကြည့်ရ၏။

"အမိုး မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

"တပည့်တော်တို့ဘာသာက သိပ်ချုပ်ချယ်တယ်ဘုရား၊ တပည့်တော်ဆရာတော် ကျောင်းလာတာကို ဘယ်သူကသတင်းပို့လိုက်တယ် မသိဘူး၊ မြို့ထဲကသား လိုက်လာပြီး တပည့်တော်ကိုပြန်ခေါ်တယ်ဘုရား၊ ဗုဒ္ဓဘာသာဘုန်းကြီး ကျောင်းတွေကိုမသွားပါနဲ့၊ သူ့ဘာသာဝင်တွေကြားထဲမှာ သူသိက္ခာကျတယ်တဲ့၊ ဒါ့ကြောင့် အခုချက်ခြင်းပြန်လိုက်ခဲ့ပါတဲ့"

"အမိုးက ဘာပြန်ပြောလိုက်သလဲ"

"ငါအသက် ၇၀–ရှိနေပြီ၊ ကလေးမဟုတ်ဘူး၊ စဉ်းစားတွေး ခေါ်တတ်တယ်၊ မြို့ထဲကိုပြန်မလိုက်နိုင်သေးဘူးလို့ ပြောလိုက်တာနဲ့ စိတ်ဆိုးပြီး ပြန်သွားတယ်ဘုရား"

"ဘာသာရွေးချယ်မှုနဲ့ပတ်သက်ရင် ဘယ်သူ့ကိုမှအားနာစရာ မလိုဘူး အမိုး၊ သုံးလေးနှစ် လောက်သာအသုံးပြုရမယ့် သောက်ရေအိုးလေး တစ်လုံး ဝယ်တာတောင် ရမ်းမဝယ်ကြဘူးလေ၊ အကွဲများပါသလား။

www.burmeseclassic.com

www.burmeseclassic.com



အအက်များ ပါသလားဆိုပြီး ခေါက်ကြည့်တန်ကြည့်၊ ရေထည့်ကြည့်တန် ကြည့်ပြီး ရွေးချယ်ဆန်းစစ်ရတယ် မဟုတ်လား"

"တခဏတာသုံးရမယ့် သောက်ရေအိုးလေးဝယ်တာကျ သေချာ ဆန်းစစ် ရွေးချယ်ပြီးတော့ ဘဝသံသရာတစ်လျှောက်ကိုးကွယ်ရမယ့် ဘာ သာ ကျတော့မှ ဆန်းစစ်ရွေးချယ်ခြင်းမပြုဘဲ ကိုးကွယ်မယ်ဆိုရင် အဲဒီ လူထက် မိုက်တာ ဘယ်ရှိတော့မလဲ။ ဒီစကားကို အမိုးလက်ခံတယ် မဟုတ် လား"

"လက်ခံပါတယ်ဘုရား၊ ဒါနဲ့ကိုးကွယ်သင့်တဲ့ဘာသာဟုတ်, မဟုတ် ကို ဘယ်အချက်တွေနဲ့ ရွေးချယ်ဆန်းစစ်မလဲဘုရား"

"အင်္ဂုတ္တိုရ်ပါဠိတော်၊ ကေသမုတ္တိသုတ်အဖွင့်ရယ်၊ အသောကမင်းကြီး ကျောက်စာ ဖွင့်ဆိုချက်ရယ် နှစ်မျိုးကို ဆက်စပ်ကြည့်လိုက်ရင် ကိုးကွယ် သင့်တဲ့ ဘာသာတစ်ခုရဲ့ အင်္ဂါဟာ ၇– ချက်ရှိတယ် အမိုး၊ အဲဒါတွေဟာ–

**ကိုးကွယ်သင့်သောဘာသာ၌ ရှိရမည့် အင်္ဂါများ**

၁။ အပြစ်ကင်းရမယ်၊

၂။ ကောင်းကျိုးရှိရမယ်၊

၃။ ပညာရှိတို့ ကဲ့ရဲ့မှုမှ လွတ်ကင်းရမယ်၊

၄။ အခြားဘာသာကို ဖျက်ဆီးခြင်း၊ ရှုတ်ချခြင်းကင်းရမယ်၊

၅။ အခြားဘာသာများ တရားသဖြင့် တိုးတက်ကြီးပွားအောင် ပြုလုပ် ခြင်းကို ခွင့်ပြုရမယ်၊

၆။ မကောင်းမှုကို မပြုမိအောင် စောင့်စည်းပေးနိုင်ရမယ်၊

၇။ စိတ်ကို ကိလေသာမှစင်ကြယ်အောင် ညွှန်ပြနိုင်စွမ်းရှိရမယ်' ဆိုတဲ့အချက်တွေပဲ။

"ဒီအချက်တွေကို ဘာသာအယူဝါဒရှိသူတိုင်း သိစေချင်ပါတယ် ဘုရား။ ဆရာတော်အနေနဲ့ ရုပ်ပွားဆင်းတုကိုးကွယ်ရခြင်းရဲ့ လက်တွေ့ ကောင်းကျိုးတွေကို ပြောပြနိုင်မလားဘုရား"

"အများကြီးပြောပြနိုင်ပါတယ်။ ဗုဒ္ဓကိုယ်တိုင် ရုပ်ပွားဆင်းတု ကိုး

www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှုနဲ့ ပတ်သက်ပြီး ဝိမာနဝတ္ထုမှာ အခုလိုဟောထားပါတယ်"

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊
သမေ စိတ္တံ သမံ ဖလံ။
စေတောပဏိဓိ ဟေတူဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂတိံ။

"သက်တော်ထင်ရှား ဘုရားရှင်၌သော်လည်းကောင်း၊ ပရိနိဗ္ဗာန်ဝင်စံကြွသွားသည့် ဘုရားရှင်အား ရည်မှန်း၍ တည်ထားအပ်သော ဗုဒ္ဓရုပ်ပွား၊ စေတီစသည်၌ သော်လည်းကောင်း၊ ကြည်ညိုသောစိတ် အညီအမျှထားနိုင်လျှင် ကောင်းကျိုးလည်း အညီအမျှရ၏ ။ သတ္တဝါတို့သည် ကြည်ညိုသော သဒ္ဓါစိတ်ဟူသော အကြောင်းကြောင့် လူချမ်းသာ၊ နတ်ချမ်းသာသုဂတိဘဝသို့ ရောက်ရကုန်၏ "တဲ့။

"ဆိုလိုရင်းကတော့ သက်တော်ထင်ရှားဘုရားကိုဖြစ်စေ၊ ရုပ်ပွားဆင်းတု တစ်ခုခု ကိုဖြစ်စေ စိတ်ထားညီမျှစွာနဲ့ ကြည်ညိုနိုင်ရင် အကျိုးပေးလည်းညီမျှစွာ ရမယ်လို့ ဆိုလိုတာပါပဲ။ မြတ်စွာဘုရားကို သေခါနီးမှ ကပ်ပြီးကြည်ညိုတဲ့ သဒ္ဓါစိတ်ကြောင့် နတ်ပြည်ရောက်သွားတဲ့ ဘာသာခြားလေးတစ်ယောက် အကြောင်းကို စပြောချင်တယ်"။

## သေခါနီးမှ ဗုဒ္ဓကိုကြည်ညိုခွင့်ရသူ

"ဗုဒ္ဓလက်ထက်ကပေါ့။ ဘာသာခြားလူငယ်လေးတစ်ယောက်ဟာ သေရမယ့် ရောဂါကြီးတစ်ခုကို အပြင်းအထန်ခံစားနေရတယ်။ သူ့အမည်ကိုတော့ မဋ္ဌကုဏ္ဍလီ လို့ ခေါ်တယ်။ ဆွေမျိုးသားချင်း မိတ်သင်္ဂဟတွေက သူ့ရောဂါကို လာကြည့်ကြတယ်။ သူ့ဖခင်က လူနာလာကြည့်တဲ့ သူတွေကို သူ့အိမ်ထဲ မဝင်စေချင်ဘူး"

"အကြောင်းပြချက်ကတော့ သူစုဆောင်းသိမ်းဆည်းထားတဲ့ ဥစ္စာစည်းစိမ်တွေကိုမြင်ပြီး ချေးငှားမှာစိုးလို့ပါတဲ့။ ဒါနဲ့ရောဂါသည် မဋ္ဌကုဏ္ဍလီကို အိမ်ရှေ့မှာ ထုတ်ထားလိုက်တယ်။ သေခါနီးဖြစ်နေတဲ့ မဋ္ဌကုဏ္ဍလီအနေနဲ့ သူ့ဖခင်ကို မတရားမှန်းသိသော်လည်း ဘာမှစောဒက တက်နိုင်စွမ်း

www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး။ ခုတင်ပေါ်မှာ ပက်လက်ကလေးနေရင်း သေရမယ့် အချိန်ကို စောင့်မျှော်နေရှာတယ်"

"ဒီအချိန်မှာ ဗုဒ္ဓရှင်တော်မြတ်က မဋ္ဌကုဏ္ဍလီသေမှာကိုရော၊ သေပြီးနောက် အပါယ်ငရဲကျမှာကိုလည်း သိမြင်တော်မူတယ်။ အကယ်၍ ငါဘုရားကို ဖူးမျှော် ကြည်ညိုပြီးမှ သေရင်တော့ နတ်ပြည်ကို ရောက် လိမ့်မယ်ဆိုတာကိုလည်း မြင်တော်မူတဲ့အတွက်ကြောင့် မဋ္ဌကုဏ္ဍလီ ရှိရာကိုကြွပြီး ရောင်ခြည် တော်ခြောက်သွယ်ကို လွှတ်တော်မူလိုက်ပါတယ်"

"ဘုရားရှင်ရဲ့ရောင်ခြည်တော်ကို မြင်လိုက်ရတာနဲ့ မဋ္ဌကုဏ္ဍလီဟာ ဘုရားရှင်မှန်း သိသွားပြီး ပက်လက်ကနေပဲ လက်အုပ်ချီပြီး ရှိခိုးကြည်ညိုတယ်။ အဲဒီလို ကြည်ညိုပြီး တစ်ခဏအကြာမှာပဲ သေဆုံးသွားပြီး ဗုဒ္ဓကို ကြည်ညိုလိုက် တဲ့တစ်ခဏတာ ကုသိုလ်ကြောင့် နတ်ပြည်ကို ရောက်ခဲ့ရတယ်"

"ဘာသာခြားဖြစ်နေတာတောင် မြတ်စွာဘုရားကို သေခါနီးမှ ကပ်ပြီး ကြည်ညိုလိုက်တဲ့ ကုသိုလ်လေးကနတ်ရွာသုဂတိပို့ပေးခဲ့တယ်ဆိုတော့ ဈေးသည် စကားနဲ့ပြောရရင် ဘုရားရှင်ကို ကြည်ညိုတဲ့သူမှာ တော်တော်ကို တန်ဖိုးရှိပါတယ် ဘုရား"

"ဗုဒ္ဓကိုကြည်ညိုရင် လူမပြောနဲ့ တိရစ္ဆာန်များတောင် နတ်ပြည်ကို ရောက်ပါတယ်"

"ဘုရားကို ကြည်ညိုရုံနဲ့ တိရစ္ဆာန်တွေတောင် နတ်ပြည်ကို ရောက်နိုင်တယ်ဆိုတာ တကယ်ပဲလားဘုရား"

"တကယ်ပါအမိုးရဲ့။ အရင်တစ်နေ့က တရားသံကို ကြည်ညိုတဲ့ အတွက်ကြောင့် နတ်ပြည်ရောက်ခဲ့တဲ့ လင်းနို့ငါးရာအကြောင်းပြောခဲ့တယ် မဟုတ်လား။ တရားတော်ကို ကြည်ညိုတာတောင် နတ်ပြည်ရောက်သေးရင် အဲဒီတရားတော်ကို ဟောကြားတဲ့ဘုရားရှင်ကို ကြည်ညိုတာဆိုရင် ပိုလို့တောင် နတ်ပြည်ရောက်ရမှာပေါ့"။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓကို ကြည်ညို၍ နတ်ဖြစ်သွားသောတိရစ္ဆာန်များ

"အဲဒီအကြောင်းကိုလည်း ဆက်ပြီးနားထောင်ပါရစေဘုရား"

"နတ်ပြည်ရောက်ခဲ့တဲ့ပထမဆုံးတိရစ္ဆာန်က မြင်းတစ်ကောင်ပဲ။ သူ့နာမည်ကို ကဏ္ဍကလို့ခေါ်တယ်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ကဏ္ဍကမြင်းကိုစီးပြီး ဖွားဘက်တော် မောင်ဆန်နဲ့အတူ တောထွက်တော်မူခဲ့တယ်"

"အနော်မာသောင် တစ်ဖက်ကမ်းကို ရောက်တဲ့အခါ မင်းဝတ်တန်ဆာများနှင့်အတူ ကဏ္ဍကမြင်းကိုပါ ခေါ်ယူစေပြီး မောင်ဆန်ကို နန်းတော်သို့ ပြန်ခိုင်းခဲ့တယ်။ ကဏ္ဍကမြင်းဟာ အလောင်းတော်အပေါ်မှာ တအားကြည်ညို နေရှာတယ်။ နန်းတော်ကိုမပြန်ချင်ဘူး။ ဘုရားဖြစ်ပြီး ပရိနိဗ္ဗာန်စံတဲ့အထိ အလောင်းတော်နားမှာပဲ နေသွားချင်တယ်"

"ဒါပေမယ့်သနားစရာကောင်းတာက လူလိုလည်း မပြောတတ်ရှာတော့ မလိုက်ချင်ဘဲနဲ့ မောင်ဆန် ဆွဲခေါ်ရာနောက်ကို လိုက်သွားရတယ်။ ကဏ္ဍကမြင်းဟာ အလောင်းတော်ကို လှည့်ကြည့် လှည့်ကြည့်နဲ့ လိုက်သွားရင်း ဘုရားအလောင်းတော်ကို မမြင်ရတဲ့နေရာလည်း ရောက်ရော သေပွဲဝင်သွားရှာတယ်"

"သို့သော် အလောင်းတော်ကို ကြည်ညိုခဲ့တဲ့ သဒ္ဓါစိတ်ကြောင့် ကဏ္ဍကမြင်းဟာ နတ်ပြည်ကိုရောက်ခဲ့တယ်။ ဒါဟာ ဘုရားတောင်ဖြစ်သေးတာမဟုတ်ဘူး။ အလောင်းတော်ဘဝကို ကြည်ညိုတာနဲ့တောင် နတ်ပြည်ကိုရောက်ခဲ့တာပါ။ နောက်ထပ်ဆင်တစ်ကောင်နဲ့ မျောက်တစ်ကောင်ဟာလည်း ဘုရားရှင်ကို ကြည်ညိုခဲ့တဲ့ သဒ္ဓါစိတ်ကြောင့် နတ်ပြည်ကို ရောက်ခဲ့ပါတယ်"

"အမိန့်ရှိပါဦးဘုရား"

"ဒီဖြစ်ရပ်မှာကတော့ အသင်းအဖွဲ့အစည်းများ စည်းလုံးညီညွတ်စွာနေထိုင်ရေးနဲ့ ပတ်သက်ပြီး မှတ်သားစရာ၊ စိတ်ဝင်စားစရာ အတော်များများပါတဲ့အတွက်ကြောင့် နောက်ကြောင်းသမိုင်းစဉ်လေးကိုပါ ထည့်ပြောပေး

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်''

''လူမှုရေးနဲ့ပတ်သက်တဲ့မှတ်သားစရာလေးတွေပါ ပါတယ်ဆိုတော့ ပိုကောင်းတာပေါ့ဘုရား။ ရှည်ချင်ရှည်ပါစေ၊ ပြည့်စုံအောင် ပြောပြပါဘုရား''

''ကောသမ္ဗီပြည်မှာ မြတ်စွာဘုရားရဲ့ သာသနာထွန်းကားစည်ပင်တော်မူနေတဲ့အချိန်ပေါ့။ မြတ်စွာဘုရားရဲ့ ဘုန်းတန်ခိုးကြောင့် သံဃာတော်များမှာ ပစ္စည်းလေးပါး အင်မတန်မှပေါများတော်မူကြတယ်။ တစ်နေ့မှာ သုတ္တန်ဆောင် ရဟန်းတစ်ပါးဟာ ကုဋီတက်ပြီး ပြန်ဆင်းအလာရေခွက်ထဲမှာ သန့်သက်ရေ အနည်းငယ်ကျန်သွားတယ်''

''ဝိနည်းဆောင်ရဟန်းက အဲဒီကုဋီကို တက်တဲ့အခါ သန့်သက်ရေကျန်တာကို တွေ့သွားတာပေါ့။ ဒါ့ကြောင့် ကုဋီကဆင်းလာတဲ့အခါ သုတ္တန်ဆောင်ရဟန်းကို သွားပြောတယ်။ သန့်သက်ရေခွက်ထဲမှာချန်မထားကောင်းကြောင်း၊ ဒုက္ကဋ်အာပတ် သင့်ကြောင်းပေါ့။ ဒီအခါ သုတ္တန်ဆောင်ရဟန်းကလည်း သူမသိလို့ချန်ခဲ့မိတာ ဖြစ်ကြောင်း အာပတ်သင့်သည်ဆိုလျှင် ဒေသနာကြားမည် ဖြစ်ကြောင်း ပြန်ပြောပါတယ်''

''ဒီအခါ ဝိနည်းဆောင်ရဟန်းက မသိရင်တော့ အာပတ်မသင့်ပါဘူး။ နောင်အခါသာ ဒီလိုသန့်သက်ရေမကျန်ပါစေနဲ့လို့ပြောပြီး ပြန်သွားတယ်။ သုတ္တန်ဆောင်ရဟန်းလည်း အာပတ်မသင့်ဘူးလို့ ဝိနည်းဆောင် ရဟန်းကိုယ်တိုင်ပြောတော့ ယုံကြည်သွားပြီး ဒေသနာ မကြားတော့ဘူးပေါ့။ နောက်ရက်ကျတော့ ဝိနည်းဆောင်ရဟန်းက သူ့တပည့်တွေကို ပြောတယ်''

''သုတ္တန်ဆောင်ရဟန်းဟာ ဝိနည်းကို ဘာမှနားမလည်ဘူး။ သန့်သက်ရေကို ခွက်ထဲမှာချန်ခဲ့တယ်။ သင့်သွားတဲ့ဒုက္ကဋ်အာပတ်ကိုလည်း ဒေသနာမကြားဘူးလို့ အပြစ်ပြောသတဲ့။ ဒီနေရာမှာ ဆုံးမခြင်းနဲ့ ပြစ်တင်ကဲ့ရဲ့ခြင်းကို သေချာခွဲခြားထားရမယ်အမိုးရဲ့''

''အပြစ်ကိုပြောရတာခြင်းတူနေတော့ ဆုံးမတာနဲ့ ကဲ့ရဲ့တာ အတူတူလို့ ထင်စရာဖြစ်နေတယ်ဘုရား။ ဒီအချက်ကို သေချာရှင်းပြစေ

www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ်"။

## တဲ့ရဲ့ခြင်းနှင့် ဆုံးမခြင်း

"ဆုံးမတာက ဒီအပြစ်မျိုးနောက်ထပ်မဖြစ်စေချင်တဲ့ မေတ္တာဓာတ်ရယ်၊ ဒီပြစ်မှုရဲ့ဆင်းရဲဒုက္ခကို မခံစားစေချင်တဲ့ ကရုဏာဓာတ်ရယ်တို့ကြောင့် ဖြစ်ပေါ်လာတာပါ။ ကဲ့ရဲ့ကာက ငါကသူ့ထက်တတ်တယ်၊ သိတယ်လို့ လူကြားထဲမှာ ထောင်လွှားချင်တဲ့ မာနဓာတ်ရယ်၊ တစ်ဖက်သားရဲ့ ဂုဏ်သိက္ခာတွေ ပျက်စီးစေချင်တဲ့ ဒေါသဓာတ်ရယ်ကြောင့် ဖြစ်ပေါ်လာတာပါ"

"ဒီအချက်ဟာ သိပ်ကျေးဇူးများပါတယ်ဘုရား၊ မိမိက လူတစ်ယောက်ကို အပြစ်ပြောတော့မယ်ဆိုရင် ကိုယ့်ကိုယ်ကို သေချာဆန်းစစ်နိုင်တာပေါ့ဘုရား။ မေတ္တာစိတ်၊ ကရုဏာစိတ်နဲ့ပြောတာဆိုရင် ဆုံးမတာ၊ မာနစိတ်၊ ဒေါသစိတ်နဲ့ ပြောတာဆိုရင် ကဲ့ရဲ့တာလို့ လွယ်ကူစွာ ဆုံးဖြတ်နိုင်ပါပြီဘုရား"

"ဝိနည်းဆောင်ရဟန်းဟာ ပထမတုန်းကတော့ မေတ္တာစိတ်၊ ကရုဏာစိတ်နဲ့ ပြောတာမို့လို့ ဆုံးမတာပါ။ ဒုတိယပြောတာကျတော့ မာနစိတ်၊ ဒေါသစိတ်နဲ့ ပြောတာဖြစ်လို့ ကဲ့ရဲ့လိုက်တာပါ။ မြတ်စွာဘုရားက ဓမ္မပဒ မှာ–

သုဒဿံဝဇ္ဇ မညေသံ၊
အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံဟိသော ဝဇ္ဇာနိ၊
ဩပုနာတိ ယထာဘုသံ။
အတ္တနော ပန ဆာဒေတိ၊

ကလိံဝ ကိတဝါသဌော–တိ–လို့ ဟောကြားတော်မူ ထား တယ်။ အဓိပ္ပါယ်က "သူတစ်ပါးအပြစ်ကိုတော့ မြင်လွယ်တယ်။ မိမိအပြစ်ကိုတော့မြင်နိုင်ခဲတယ်။ စပါးဖျင်းကို မှုတ်လွှင့်သကဲ့သို့ မိမိအပြစ်ကို မြင်ရေး မရှိသောသူသည် သူတစ်ပါးအပြစ်တို့ကို ပြောဆိုကဲ့ရဲ့တတ်၏။ ငှက်တို့ကို သတ်လိုသော ငှက်မုဆိုးသည် ငှက်တို့ကိုသတ်လိုသော မိမိခန္ဓာကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



သစ်ခက်စသည်ဖြင့် ဖုံးလွှမ်းသကဲ့သို့ (စိတ်ဓာတ်ညံ့ ဖျင်းသောသူသည်) သူတစ်ပါးအပြစ်ကို များများပြောခြင်းဖြင့် မိမိအပြစ် ကိုတော့ ဖုံးလွှမ်းလေ့ရှိ၏" တဲ့။

"ဆိုလိုတာကတော့ လူတစ်ယောက်ဟာ သူတစ်ပါးအပြစ်ကို များများ ပြောလာပြီဆိုရင် ဝေးဝေးက ရှောင်ပေတော့တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာမကြာခင်အချိန်မှာ ကိုယ့်အကြောင်းကိုလည်း သူတစ်ပါးကို ပြောမှာ ဖြစ်လို့ပါပဲတဲ့"။

## သဘောထားသေးသူနှင့် ကြီးသူတို့၏ အယူအဆ

"သဘောထားသေးသိမ်တဲ့ပုဂ္ဂိုလ်ဆိုတာ မိမိရဲ့မြင့်မိုရ်တောင်လောက် ကြီးမားတဲ့ အပြစ်ကိုတော့ မမြင်တတ်ပဲ သူတစ်ပါးရဲ့ ဆီးစေ့လောက်သာရှိတဲ့ အပြစ်ကိုတော့ ဆီလိုအပေါက်ရှာမြင်ပြီး ကဲ့ရဲ့ပြစ်တင်တတ်ပါတယ်။ သဘောထား ကြီးမားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကျတော့ မိမိရဲ့ ဆီးစေ့လောက်သာရှိတဲ့ အပြစ်ကိုကျတော့ ဆီလို အပေါက်ရှာမြင်ပြီး ပြုပြင်သလောက် သူတစ်ပါးရဲ့ မြင်းမိုရ်တောင်လောက်ရှိတဲ့ အပြစ်ကိုကျတော့ မမြင်တတ်ပါဘူး။ မြင်ရင်လည်း အလွယ်တကူပဲ နားလည်ခွင့်လွှတ်တတ်ပါတယ်"

"ဒါ့ကြောင့် သူတော်ကောင်းရဲ့ လက္ခဏာတစ်ခုကို စာပေမှာ ပြထားတာက 'အဏုမတ္တေ သုဝဇ္ဇေသု ဘယဒဿာဝီ'တဲ့။ မြန်မာလိုကတော့ အဏုမြူမျှ သေးငယ်သောအပြစ်ကလေးကိုသော်လည်း ကြောက်စရာဘေးကြီးလို့ ရှုမြင်တတ်ပါသတဲ့။ ရဟန္တာတစ်ပါးအဖြစ် ကျော်ကြားတော်မူခဲ့တဲ့ မိုးညှင်းဆရာတော် ဘုရားကြီးဆိုရင် တရားအားထုတ်ခါနီးမှာ နေခဲ့တဲ့ ဘဝတစ်လျှောက်ဘာအပြစ်တွေ လုပ်ခဲ့သလဲဆိုတာကို ပြန်လည်ပြီး အသေးစိတ်ဆင်ခြင်တော်မူသတဲ့"

"ဒီလိုဆင်ခြင်တော့ အပြစ်ကိုတွေ့သလားဘုရား"

"သူတော်ကောင်းဆိုတာ ကိုယ့်အပြစ်ကိုသာ ရှာနေကျဆိုတော့ တွေ့တာပေါ့။ ဆရာတော်ငယ်စဉ်ကလေးဘဝတုန်းက ရပ်ကွက်ထဲ လမ်းဘေး ထားတဲ့ အုတ်ခဲကျိုးလေး တစ်လုံးကိုကောက်ပြီး ပစ်ခဲ့ဖူးတယ်။ အဲဒါတမဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာ ဖြစ်ပေမယ့် လမ်းကိုဖျက်ဆီးရာ ရောက်နေတယ်။ ဒါ့ကြောင့် သတိရရချင်းပဲ ရပ်ရွာကိုရောက်အောင်ပြန်ပြီး ဖျက်ဆီးခဲ့မိတဲ့ လမ်းကြီးကို ပြီးစီးသည်အထိ ပြန်လည်ပြုပြင်တော်မူပါတယ်"။

## လူမိုက်လူလိမ္မာခွဲခြားနည်း

ဒါ့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ် အစ္စယသုတ်မှာ –

၁။ မိမိအပြစ်ကို အပြစ်ဟု မမြင်ခြင်း။

၂။ အပြစ်ကို အပြစ်ဟု မြင်သော်လည်း တရားနှင့်အညီ မကုစားခြင်း။

၃။ သူတစ်ပါးက အပြစ်ကို ဝန်ခံပြောကြားလျှင် တရားနှင့်အညီ လက်မခံခြင်း။

ဆိုတဲ့အင်္ဂါသုံးပါးနဲ့ပြည့်စုံသူကို လူမိုက်ဟုသိရမယ်လို့ ဟောကြားပြီး –

၄။ မိမိအပြစ်ကို အပြစ်ဟုမြင်ခြင်း။

၅။ အပြစ်ကို အပြစ်ဟုမြင်ပြီး တရားနှင့်အညီ ကုစားခြင်း။

၆။ သူတစ်ပါးကအပြစ်ကိုဝန်ခံပြောကြားလျှင် တရားနှင့်အညီ ကုစားခြင်း။

ဆိုတဲ့ အင်္ဂါသုံးပါးနဲ့ပြည့်စုံသူကို ပညာရှိသူတော်ကောင်းလို့ သိရမယ်လို့ ဟောကြားတော်မူခဲ့တာပေါ့။

"ဒီတရားတော်တွေဟာ လူတိုင်းအတွက် တန်ဖိုးရှိမှန်း ခုမှသိရတယ်ဘုရား။ ဝိနည်းဆောင်ရဟန်းနဲ့ သုတ္တန်ဆောင် ရဟန်းနှစ်ပါး အကြောင်းကို ဆက်ပါဦးဘုရား"

"ဝိနည်းဆောင်ရဟန်းရဲ့တပည့်တွေဟာ သုတ္တန်ဆောင်ရဟန်းရဲ့ တပည့်တွေကို တွေ့တဲ့အခါသင့်တို့ဆရာသည် ရဟန်းဖြစ်ပြီးဝိနည်းကို နားမလည် ကုဋီထဲမှာ သန့်သက်ရေကို ချန်ခဲ့တယ်လို့ပြောတော့ သုတ္တန်ဆောင်ရဟန်းရဲ့ တပည့်တွေက သူတို့ဆရာကိုပြန်ပြောတော့တာပေါ့။ ဒီအခါ သုတ္တန်ဆောင်ရဟန်းက ဒီ ဝိနည်းဆောင်ရဟန်းဟာ စိတ်ထား မမှန်ကန်သူသာဖြစ်တယ်။ အရင် ငါကိုယ်တိုင်မသိလို့ ဖြစ်တာပါလို့ ဝန်ခံစဉ်က

www.burmeseclassic.com

www.burmeseclassic.com



သူပဲမသိရင်အပြစ် မရှိဘူးလို့ ပြောခဲ့တယ်"

"အခုတစ်ခါ အပြစ်ရှိတယ်လို့ ပြောပြန်ပြီ။ ဝိနည်းဆောင်ရဟန်းဟာ ရဟန်းဖြစ်ပြီး မုသားပြောသူလို့ ပြန်ပြောလိုက်တယ်။ အဲဒီစကား ဝိနည်းဆောင်ရဟန်းဆီ ရောက်သွားတဲ့အခါ မခံမရပ်နိုင်ဖြစ်ပြီး ရဟန်းနှစ်စုဟာ အကြီးအကျယ် ငြင်းခုံခိုက်ရန်စကားများကြတယ်"

"ရဟန်းတွေနှစ်စုကွဲသွားတော့ သူတို့ကို ကိုးကွယ်တဲ့လူတွေလည်း နှစ်စုကွဲသွားတယ်။ လူတွေနှစ်စုကွဲတော့ နတ်ဗြဟ္မာတွေပါ နှစ်စုကွဲသွားပြန်တယ်။ ဒါ့ကြောင့် ဘုရားရှင်က ကျောင်းတော်ကို အရောက်ပြန်ကြွလာပြီး ဇာတ်တော်မျိုးစုံနဲ့ ညီညွတ်ရေးတရားကို ဟောကြားတော်မူပါတယ်"

"အဲဒီတော့ ညီညွတ်သွားကြရောလားဘုရား"

"ဘယ်ညီညွတ်မှာလဲ။ တစ်ပါးမှ ဘုရားရဲ့စကားကို နားမထောင်ကြဘူး၊ ရဟန်းတစ်ပါးကဆို ထပ်တောင်ပြောလိုက်သေးတယ်၊ မြတ်စွာဘုရား ဆုံးမတော်မူမနေပါနဲ့။ ကြောင့်ကြမဲ့ နေတော်မူပါ။ တပည့်တော်တို့ ပြဿနာကို တပည့်တော်တို့ဘာသာ ရှင်းပါမယ်တဲ့"။

### ဘုရားစကားတော်ကို နားမထောင်ခြင်းအကြောင်း

"ဟင်–ဘုရားသားတော် ရဟန်းတွေဖြစ်နေပြီး ဘုရားစကား တော်ကို ဘာဖြစ်လို့ နားမထောင်ကြတာလဲဘုရား"

"မာနကြောင့်ပေါ့။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ကလည်းပေါ၊ ကိုးကွယ်တဲ့ဒကာ ဒကာမတွေကလည်းများတော့ မာန တက်နေကြတာပေါ့။ တကယ်တော့ ပစ္စည်းလေးပါးနဲ့ ဒကာဒကာမတွေ ပေါများနေတာဟာ ဘုရားရှင်ရဲ့ ဘုန်းကံကြောင့်ပါ။ ဒါပေမယ့် ကောသမ္ဗီက ရဟန်းတွေကတော့ သူတို့ဘုန်းကံ ကြောင့်လို့ ထင်နေကြတယ်။ ဒါ့ကြောင့်လည်း ဘုရားစကားကို နားမထောင်ကြတာပေါ့"

"ဘုန်းကံကြီးမားနေတဲ့ ရဟန်းတွေဟာ အဲဒီအချက်ကို အထူး သတိထားသင့်တယ်။ ရဟန်းတွေ ပစ္စည်းလေးပါးပေါများနေတာ ဘုရားရှင် ရဲ့ဘုန်းရိပ် ကံရိပ်ကို ခိုလှုံနေရလို့ပါ။ မိမိဘုန်းကံလား၊ ဘုရားဘုန်းကံလား

www.burmeseclassic.com

www.burmeseclassic.com



သိချင်ရင် လူထွက်ကြည့်လိုက်ပေါ့။ ရဟန်းဘဝကလို တစ်ယောက်မှ လာလှူမှာ မဟုတ်တော့ပါဘူး။ ဝိပဿနာတရားတွေနဲ့ နာမည်ကြီးနေတဲ့ ဓမ္မကထိက ရဟန်းတော်တစ်ပါးကို တွေ့ဖူးတယ်။ ဒကာ၊ဒကာမတွေက ကြည်ညိုလွန်းလို့ လှူဒါန်းလိုက်ကြတာ ပစ္စည်းလေးပါးအပြင် ကိုယ်ပိုင်ကားတွေပါ ပါလာတယ်"

"နောက်တော့ ဘုရားဘုန်းကို ကိုယ့်ဘုန်းထင်ပြီး လူထွက်သွားတယ်။ လူလည်း ထွက်သွားရော ဘယ်ဒကာ ဒကာမမှ လာမလှူတော့တဲ့အပြင် လှူပြီးသား ကားကိုတောင် ပြန်လာတောင်းလို့ ဘုန်းကြီးလူထွက်က ပြန်မပေးချင်တော့ တခြားဘုန်းကြီးကျောင်း တစ်ကျောင်းကို လှူထားတယ်လို့ လိမ်ပြောလိုက်သတဲ့။ လူထွက်ကြည့်လိုက်မှ ဘုရားရှင်ရဲ့ ဘုန်းကံဆိုတာကို သေချာသိသွားတာပေါ့"

"ဘုရားတည်တဲ့ဘိုးတော်အချို့ ရဟန်းအချို့ဟာလည်း ဘုရားပုထိုးစေတီတွေ များများတည်နိုင်လာတဲ့အခါ မာနကြီးလာကြတယ်။ ဘုရားရှင်ရဲ့ ဘုန်းကံကို သူတို့ဘုန်းကံလို့ ထင်လာကြတယ်။ တကယ်တော့ ဘုရားရှင်ရဲ့ ဘုန်းကံကြောင့် ဘုရားရုပ်ပွား၊ စေတီပုထိုးတွေဟာ ဘယ်နေရာမှာ တည်တည် လွယ်လွယ်ကူကူ ပြီးတာပါ"

"အကယ်၍ ဘုရားပုထိုးစေတီရုပ်ပွား တည်သူတွေဟာ မိမိဘုန်းကံကြောင့်လို့ထင်ရင် မိမိပုံတူရုပ်တုကြီးတစ်ခုကို လုပ်ကြည့်ပါလား။ ဒကာဒကာမတွေက တစ်ပြားတစ်ချပ်တောင် လာလှူမှာမဟုတ်ပါဘူး။ ပဲခူးနယ်ဘက်မှာ ဘိုးတော်တစ်ယောက်ကိုတွေ့ဖူးတယ်။ စေတီတွေတော့ တည်ပါရဲ့ စေတီထဲမှာ သူ့ဓာတ်ပုံတွေ၊ သူ့ရုပ်တုတွေကို အဓိကနေရာ အမြင့်မှာထားတာကို တွေ့ခဲ့ရတယ်။ ဒါဟာ မာနရဲ့ သင်္ကေတတွေပဲ"

"တစ်ခါကလည်း စေတီဘုရားတည်တဲ့ တောထွက်ဘုန်းကြီး တစ်ပါးဟာ ဘုရားရုပ်ပွားမျက်နှာမှာ သူ့မျက်နှာပုံစံကိုထည့်ထားသတဲ့။ မာနဟာ ဘယ်လောက် ကြောက်စရာကောင်းသလဲလို့။ မကြာပါဘူး။ ဥပစ္ဆေဒကကံတစ်ခုနဲ့ ပျံတော်မူသွားတယ်။ မာနဟာရဟန္တာကျမှ အမြစ်ပြတ် ပယ်သတ်တာမို့

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် နယ်ကျယ်ပြီး သိမ်မွေ့တယ်။ အထူး သတိထားရတယ်"

"ဘယ်လောက်သိမ်မွေ့သလဲဆိုရင် ကိလေသာတွေကို ပယ်သတ်ပေးတဲ့ ဓမ္မနဲ့ပတ်သက်ပြီးတော့တောင် မာနဟာဖြစ်ပေါ် လာတတ်တယ်။ ထူးခြားတဲ့ တရားအသိလေး တစ်ခုကို သိလိုက်ရရင် ဒီထူးခြားတဲ့ အသိလေးကို ငါသာသိတာ တခြားသူတွေမသိသေးဘူးလို့ တွေးလိုက်တာနဲ့ မာနက ကိုယ့်ဂုဏ်ပေါ် မှာ ကိုယ်မသိခင် ခွစီးပြီးသားဖြစ်နေပြီ။ အဲသလောက် သိမ်မွေ့တယ်"

"ရဟန်းတွေကို ဘယ်လိုမှဆုံးမလို့မရတဲ့အဆုံး ဘုရားရှင်ဟာ ပလလဲတောထဲကို တစ်ပါးတည်းကြွသွားတော်မူတယ်။ ပလလဲတော မရောက်ခင် ဝါးတောကြီး တစ်ခုထဲကို အရင်ရောက်သွားတယ်။ ဒီဝါးတောကြီးထဲမှာ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလမထေရ်သုံးပါးတို့ဟာ ညီညွတ်ချစ်ခင်စွာ နေထိုင်ပြီး တရားနဲ့နေတာကိုတွေ့ရတော့ ဘယ်လို အပြုအမူမျိုး ဘယ်လို စိတ်ထားမျိုးနဲ့ နေကြလို့ စည်းလုံးညီညွတ်ကြတာလဲလို့ မေးတော်မူခဲ့တယ်"

"မထေရ်သုံးပါးဖြေဆိုတဲ့ ညီညွတ်စည်းရုံးစွာ နေထိုင်နည်းဟာ လူအားလုံးနဲ့ဆိုင်ပါတယ်။ အဖွဲ့အစည်းအားလုံးနဲ့ဆိုင်ပါတယ်။ ယုတ်စွအဆုံး မိသားစု အားလုံးအတွက်ပါ ဆိုင်ပါတယ်။ ဗုဒ္ဓအမေးနဲ့ မထေရ်သုံးပါးရဲ့ အဖြေကို မြင်းမူ မောင်နိုင်မိုးက မဟာဗုဒ္ဓဝင် တတိယတွဲနဲ့ စတုတ္ထတွဲကိုမှီးပြီး အခုလို ထိထိမိမိ ကဗျာဖွဲ့သီထားတယ်"။

### ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ

* အခါတစ်ပါး၊ မြတ်ဘုရားသည်
သုံးပါးသံဃာ၊ ညီညွတ်စွာဖြင့်
သာယာချမ်းမြေ့၊ တောမှီမွေ့သည်
အရှေ့ဝါးတော၊ ပြည်ကောသမ္ဗီ
အနီးဆီသို့

www.burmeseclassic.com



ကြွချီတော်မူခဲ့သည်တကား။

* အို ...ချစ်သားတို့...ဘယ်သို့စိတ်ထား
ကျင့်ကြံပွားလျက်၊ သုံးပါးညီထွေ
နေထိုင်ပေဟု
မိန့်ခြွေဗုဒ္ဓ၊ မေးသမျှကို
ဖြေကြသည်မှာ ဤသို့တကား။

* အရှင်ဘုရား...ဘုရားတပည့်တော်
သုံးဖော်သံဃာ၊ နေပါသည်ကား
တစ်ပါးကိုလျှင်၊ တစ်ပါးမြင်သော်
ချစ်ခင်သောအကြည့်၊ ထိုမျက်စိဖြင့်
ကြည့်ကြပါသည် အရှင်ဘုရား။

* ထိုပြင်နှိုင်းချိ၊ ပြုဖွယ်ရှိသော်
မိမိကိစ္စ၊ သူ့ကိစ္စဟု
ကိစ္စပိုင်းခြား၊ ငြင်းမပွားဘဲ
သုံးပါးညီစွာ၊ ပြုကြပါသည်
ပမာနို့နှင့်ရေပါဘုရား။

* ထိုပြင်စိတ်တွင်း၊ နှလုံးသွင်း၏
သီတင်းသုံးဖော်၊ ငါတို့သော်ကား
သင့်လျော်တူကွ၊ နေပေရသည်
အရတော်စွာ၊ မိတ်ရင်းချာဟု
ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ
မနောကံမေတ္တာ၊ ထာဝရတည်ဆောက်
ကြံသက်ရောက်သည်
မျက်မှောက်မျက်ကွယ်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



* ထို့နောက်တွင်ကား၊ ဤသုံးပါးတွင်
တစ်ပါးချင်းက၊ ကိုယ့်ဆန္ဒ
လုံးဝမလိုက်၊ နှစ်ပါးကြိုက်ကို
လိုက်လျှောကြည်သာ၊ ဖြည့်စွမ်းပါ၏
ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ
သုံးပါးအလို၊ မဖောက်မိုသည်
သုံးကိုယ်တစ်စိတ်ပါအရှင်ဘုရား။

* ဩော်–အရှင်အနုရုဒ္ဓါမထေရ်
အရှင်နန္ဒိယမထေရ်၊ အရှင်ကိမိလမထေရ်
မထေရ်သုံးပါး၊ မြတ်ဘုရားကို
ပန်ကြားလျှောက်တင်၊ စကားစဉ်၌
နားဝင်ချိုလှစ်၊ အမြင်သစ်ခဲ့
ချစ်ခြင်းအပြည့်၊ ထိုမျက်စိဖြင့်
ရှုကြည့်လေက၊ မြင်တိုင်းလှလိမ့်
လောဘ၊ ဒေါသ၊ အာဃာတနှင့်
မာနမျက်စိ၊ ရှိတုံဘိက
ကြည့်တိုင်းမလှ၊ ဖြစ်တတ်စွတည့်
လောကကိုလျှင်၊ လှစေချင်က
ငြိုငြင်မာန်တင်း၊ ပြုစုကင်းလျက်
ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါဟု
ကဗျာတစ်ပုဒ်ရင်မှထုတ်၍
ကျွန်ုပ်လက်ဆောင်ပေးချင်၏။ ။

(မြင်းမူမောင်နိုင်မိုး)

အဖွဲ့အစည်းဆိုတာ ဦးရေအများကြီးမှ မဟုတ်ပါဘူး။ တစ်ဦးက ကျော်လို့ နှစ်ဦးဖြစ်လာပြီဆိုရင် ဒါအဖွဲ့အစည်းပါပဲ။ ဒီအဖွဲ့အစည်း စည်းလုံး ညီညွတ်စွာ ရှိစေချင်တယ်ဆိုရင်တော့ အရှင်အနုရုဒ္ဓါတို့သုံးပါးရဲ့ နေ

www.burmeseclassic.com



ထိုင်နည်းကို ကျင့်သုံးသင့်ပြီပေါ့"

"ကဗျာထဲက လိုရင်းအချက်တွေကို ထုတ်ပြပါဦးဘုရား"။

## အဖွဲ့တစ်ခု စည်းလုံးညီညွတ်ဖို့ လိုအပ်သောအင်္ဂါများ

အဖွဲ့အစည်း ညီညွတ်ဖို့အတွက် ပထမဆုံးလိုအပ်ချက်က တစ်ယောက်နဲ့ တစ်ယောက်မြင်ရင် ချစ်ခင်တဲ့မေတ္တာမျက်စိနှင့်ကြည့်ဖို့ပါပဲ။ ရန်လိုတဲ့မျက်စိ၊ အထင်သေးတဲ့ မျက်စိနဲ့ ချိုကြည့်၊ မကြည့်မိဖို့ အင်မတန်ရေးကြီးပါတယ်။ ဒုတိယအချက်ကတော့ လုပ်စရာကိုင်စရာရှိရင် သူ့အလုပ်၊ ငါ့အလုပ်လို့ ခွဲခြားမနေဘဲဦးတဲ့သူက လုပ်ထားဖို့လိုပါတယ်"

"တတိယအချက်က ကံသုံးပါးလုံးမှာ မေတ္တာတရားထုံမွှမ်းထားပြီး ငါတို့တစ်တွေ အတူနေထိုင်ခွင့်ရတာ အရတော်ပေစွဆိုပြီး ဝမ်းသာတတ်ဖို့ လိုပါတယ်"

"ကံသုံးပါးလုံးမှာ မေတ္တာတရားထုံမွှမ်းထားရမယ်ဆိုတာကို အကျယ်ရှင်းပါဦးဘုရား"

"မနောကံလို့ခေါ်တဲ့ စိတ်ထဲမှာလည်း မေတ္တာဓာတ်တွေ အမြဲတန်းပွားနေရမယ်၊ အဲဒီစိတ်ထဲကမေတ္တာတရားဟာ ကာယကံခေါ်တဲ့ ကိုယ်ထဲကိုရော၊ ဝစီကံခေါ်တဲ့ နှုတ်ထဲကိုရော ရောက်သွားရမယ်၊ ကိုယ်မှာမေတ္တာဓာတ် ရောက်တယ်ဆိုတာ အချင်းချင်းရဲ့ကိစ္စတွေကို ဘာမှမျှော်လင့်ချက်မထားဘဲ ဝင်ရောက်ကူညီ လုပ်ကိုင်ပေးတာကို ပြောတာပါ"

"နှုတ်မှာ မေတ္တာဓာတ်ရောက်တယ်ဆိုတာ စကားပြောတိုင်း တစ်ဖက်သား စိတ်ချမ်းသာမယ့် စကားလုံးမျိုးကိုသာ ရွေးချယ်ပြောတာကို ဆိုလိုပါတယ်၊ စတုတ္ထမြောက် အချက်ကတော့ အဖွဲ့အစည်း ညီညွတ်စေချင်ရင် မိမိဆန္ဒကို ဘယ်တော့မှရှေ့တန်းမတင်ရဘူး၊ ကျန်တဲ့လူတွေ ရဲ့ ဆန္ဒကိုပဲ ရှေ့တန်းတင်ရမယ်။ များသောအားဖြင့် အဖွဲ့အစည်းတွေ ပြိုကွဲပျက်စီးကြတာဟာ အများဆန္ဒထက် မိမိဆန္ဒကိုသာ အတ္တဆန်စွာနဲ့ ရှေ့တန်းတင်ကြလို့ပါပဲ"

"သိပ်ကိုတန်ဖိုးရှိတဲ့အကြောင်းအရာတွေပါပဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးအပိုဒ်က အကြောင်းအရာနှစ်ခုက ပိုတောင်တန်ဖိုးရှိသေးတယ်"

လောဘ၊ ဒေါသ၊ အာဃာတနှင့်
မာနမျက်စိ၊ ရှိတုံဘိက၊
ကြည့်တိုင်းမလှ၊ ဖြစ်တတ်စွတည့် –တဲ့။

အဓိပ္ပါယ်က လောဘ၊ ဒေါသစိတ်တွေနဲ့ မကောင်းကွက်ကိုသာရှာကြည့်နေမယ်ဆိုရင် လောကကြီးဟာ အမြဲတန်း အရုပ်ဆိုးအကျည်းတန်နေမှာပဲ တဲ့။ ကဲ–ကြည့်စမ်း၊ အမိုး အကောင်းမြင်ဝါဒမရှိတဲ့အတွက် အမြဲတန်း မိမိလည်း စိတ်ဆင်းရဲရ၊ သူတစ်ပါးလည်းစိတ်ဆင်းရဲရနဲ့ ဘယ်ကောင်းမလဲ"

"ဒါဆိုရင် ဘယ်လိုကြည့်ရမလဲဘုရား"

"အောက်ဆုံးအပိုဒ်မှာ ပါတယ်လေ –

လောကကိုလျှင်၊ လှစေချင်က
ငြိုငြင်မာန်တင်း၊ ဖြူစင်ကင်းလျက်၊
ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါ" –တဲ့။

"အဓိပ္ပါယ်က လောဘ၊ ဒေါသတွေ၊ ဣဿာ၊ မစ္ဆရိယတွေကင်းစင်စေပြီး ချစ်ခင်တဲ့ မေတ္တာခါတ်နဲ့သာကြည့်မယ်ဆိုရင် လောကကြီးဟာ အမြဲတန်း လှနေမှာပါတဲ့။ အကောင်းမြင်ဝါဒနဲ့ ပတ်သက်ပြီးတော့ ရှေးတုန်းက ဆယ်တန်း မြန်မာစကားပြေလက်ရွေးစင်ထဲမှာ ဖတ်ရတဲ့ မတ္တရာဆရာတော်အကြောင်းကို ပြောပြမယ်"။

## အကောင်းမြင်ဝါဒရှိသော မတ္တရာဆရာတော်

"တကယ်တော့ မတ္တရာဆရာတော်ကြီးဟာ တောရွာကသာမန်ဘုန်းကြီး တစ်ပါးပါ။ ဒါပေမယ့် ဆရာတော်ကြီးရဲ့ သည်းခံတဲ့'ခမာဂုဏ်' ကြောင့် မန္တလေးမြို့က မင်းတုန်းမင်းကြီးက အဝေးကနေ မတွေ့ရသေးပဲ ကြည်ညိုနေတယ်။ အကောင်းမြင်ဝါဒနဲ့ သည်းခံတယ်ဆိုတာ တကယ် ဟုတ်,မဟုတ်သိရအောင် ကပ္ပိယဒကာတွေကို လျှို့ဝှက်လွှတ်ပြီး လာတွေ့စုံ

www.burmeseclassic.com

www.burmeseclassic.com



စမ်းစေတယ်"

"ကပ္ပိယတွေက ဆွမ်းတွေကို မာတောင်နေအောင် ချက်ကပ်ပြီး ဘုန်းပေးရတာ အဆင်ပြေရဲ့လားဘုရားလို့ မေးတဲ့အခါ ဆရာတော်က အဆင်ပြေပါတယ်။ မာမာလေးဆိုတော့ သေချာဝါးရလို့ အရသာတောင် ပိုပေါ်သေးတယ်တဲ့။ နောက်တစ်ခါ ဆွမ်းကိုပျော့စိပြီး ကော်ရည်လို ဖြစ်သွားအောင် ချက်ပြီး ကပ်ကြပြန်တယ်။ အဆင်ပြေရဲ့လားဘုရားလို့ မေးလိုက်တော့ အဆင်ပြေတယ် ပျော့နေတော့ အဝါးရသက်သာတာပေါ့ တဲ့"

"နောက်တစ်ခါဟင်းတွေကို ဆားမထည့်ဘဲ ပေါ့ရွှတ်နေအောင် ချက်ကပ်ကြပြန်တယ်၊ အဆင်ပြေရဲ့လားဘုရားလို့မေးတော့ အဆင်ပြေပါတယ်။ ဆားပေါ့တော့ သွေးတိုးရောဂါ ကင်းတာပေါ့တဲ့။ နောက်တစ်ခါ ဆားတွေ ငန်နေအောင် ခပ်ပြီး ကပ်ပြန်တယ်။ ဒီတစ်ခါလည်း အဆင်ပြေရဲ့လား ဘုရားလို့ မေးလိုက်တဲ့အခါ ပြေပါတယ်။ ဆားငန်တော့ သွေးသန့်ပြီး သွေးကြောတယ်–တဲ့"

"ဩော်–တော်တော်ကို သည်းခံနိုင်တာပါလား ဆရာတော်"

"တကယ့်သူတော်ကောင်းမှန်သမျှဟာ မကောင်းတဲ့လောကစံနဲ့ တွေ့တဲ့အခါ ဒေါသမဖြစ်အောင် သည်းခံနိုင်သလို၊ ကောင်းတဲ့လောကစံနဲ့ တွေ့တဲ့အခါလည်း လောဘမဖြစ်အောင် သည်းခံနိုင်ကြပါတယ်။ တစ်ချို့က သည်းခံတဲ့သူကို လူကြောက်လူပျော့လို့ ဝေဖန်တာဟာ အင်မတန်မှားတယ်။ တကယ်တန်းကျတော့ အကောင်းအဆိုး လောကစံတွေအပေါ်မှာ လောဘ ဒေါသ မဖြစ်အောင် သည်းခံနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ပညာလည်းရှိမှ သူတော်ကောင်းလည်း ဖြစ်မှသာ သည်းခံနိုင်တာပါ"

"ဘုရားအလောင်းတော်များ ဖြည့်ဆည်းရတဲ့ ပါရမီဆယ်ပါးထဲမှာ ခန္တီပါရမီပါနေတာကို ထောက်သောအားဖြင့် သည်းခံတယ်ဆိုတာ အထက်တန်းကျတဲ့ ပညာရှိသူတော်ကောင်းတွေရဲ့ ကျင့်စဉ်ဆိုတာထင်ရှားပါတယ်"

"ဆရာတော်တို့ဗုဒ္ဓဘာသာဝင်တွေကြားထဲမှာ ပြောတတ်ကြတဲ့စကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းရှိတယ်။ ဟိုဆရာတော်ကတော့ တရားမရှိဘူး။ ဒီဆရာတော်ကတော့ တရားရှိတယ်ဆိုတာ ဘာကိုကြည့်ပြီးပြောကြတာလဲဘုရား၊ စာတတ် တာကို ကြည့်ပြီးပြောတာလား ဒါမှမဟုတ် တရားဟောကောင်းတာကို ကြည့်ပြီး ပြောတာလား။ ဒါမှမဟုတ် ဘုရားစေတီ ကျောင်းကန်တိုက်တာတွေ ပေါ်များတာကို ပြောတာလားဘုရား"။

## တရားရှိသူနှင့်မရှိသူ ခွဲခြားနည်း

"တစ်ခုမှမဟုတ်ဘူးအမိုး။ အမိုးမေးတဲ့ မေးခွန်းနဲ့တော်တော်လေး ဆင်တူတဲ့ မေးခွန်းတစ်ခုကို ပုဏ္ဏားတစ်ယောက်က ဗုဒ္ဓကို မေးခဲ့ဖူးတယ်။ အဲဒါလေးကို အမိုးနားထောင်ကြည့် –

"အရှင်ဂေါတမသည် တရားကို မျက်မှောက်ထင်ထင် ကိုယ်တိုင် တွေ့မြင်နိုင်၏။ ကိုယ်တိုင်သိမြင်နိုင်၏ဟု ပြောဆိုကြပါသည်။ အဘယ် မျှဖြင့် တရားကို မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်နိုင်ပါသနည်းတဲ့ ဘုရားရှင် ပြန်ဖြေလိုက်တာက–

"ပုဏ္ဏား၊ တပ်မက်သောစိတ်ရှိသူသည် ရာဂဖြင့် လွှမ်းမိုးဖိစီးအပ် သည်ဖြစ်၍ မိမိဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။ သူတစ်ပါး ဆင်းရဲရန်လည်း စေ့ဆော်အားထုတ်၏။ မိမိ သူတစ်ပါးနှစ်ဦးလုံး ဆင်းရဲ ရန်လည်း စေ့ဆော်အားထုတ်၏။ ကိုယ်ဆင်းရဲခြင်းကိုလည်း ခံစား၏။ ရာဂကို ပယ်အပ်ပြီးသည်ရှိသော် မိမိဆင်းရဲရန်လည်း စေ့ဆော်အား ထုတ်ခြင်း မပြု၊ သူတစ်ပါး ဆင်းရဲစေရန်လည်း စေ့ဆော်အားထုတ်ခြင်းမပြု၊ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း မခံစားရ။ ပုဏ္ဏား၊ အမျက်ထွက်သောစိတ် ရှိသူသည် ဒေါသဖြင့် လွှမ်းမိုးဖိစီးသည်ဖြစ်၍ မိမိ ဆင်းရဲရန်လည်း စေ့ဆော် အားထုတ်၏။ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း ခံစားရ၏။

ဒေါသကို ပယ်အပ်သည်ရှိသော် မိမိဆင်းရဲရန်လည်း စေ့ဆော် အားထုတ်ခြင်းမပြု၊ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း မခံစားရ။ ပုဏ္ဏား တွေဝေသော စိတ်ရှိသူသည် မောဟဖြင့်လွှမ်းမိုးဖိစီးအပ်သည်ဖြစ်၍ မိမိဆင်း ရဲရန်လည်း စေ့ဆော်အားထုတ်၏။ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ခံစားရ၏။ မောဟကို ပယ်အပ်သည်ရှိသော် မိမိဆင်းရဲခြင်းငှာလည်း စေ့ဆော် အားထုတ် ခြင်းမပြု။ ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း မခံစားရ၊ ပုဏ္ဏား, ဤသို့လျှင် တရားကို မျက်မှောက်ထင်ထင် ကိုယ်တိုင် သိမြင်နိုင်ပေ၏ –လို့ ဟောကြားတော်မူခဲ့ပါတယ်။"

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တရျဖြပ္ပကသုတ်)

"ဒါဆိုရင် အမိုးနားလည်လောက်ပါပြီ။ တရားရှိတယ်ဆိုတာ လောဘဖြစ်စရာ အာရုံမှာ လောဘမဖြစ်အောင် နှလုံးသွင်းဆင်ခြင်နိုင်တာဖြစ်ပြီး၊ ဒေါသဖြစ် စရာအာရုံမှာ ဒေါသမဖြစ်အောင် နှလုံးသွင်းဆင်ခြင်နိုင်တာကိုမှ တရားရှိတယ်လို့ ခေါ် နိုင်တာပါ။ အခု မတ္တရာဆရာတော်ကြီးဟာ တရားရှိလို့သာ ဒေါသဖြစ်စရာအာရုံမှာ ဒေါသမဖြစ်အောင် နှလုံးသွင်းဆင်ခြင်နိုင်တာပါ"

"ဆရာတော်ကြီး တရားရှိမှန်းကို သိသွားတော့ မင်းတုန်းမင်းကြီးက မန္တလေးကို ပင့်ရောလားဘုရား"

"ပင့်တာပေါ့၊ ဘုရင်ကိုယ်တိုင်စီးတဲ့ သင်္ဘောကြီးနဲ့လာပင့်ကြတယ်၊ သူတော်စင်ဖြစ်တဲ့ ဆရာတော်ကြီးအနေနဲ့ ဘယ်အရပ်မှာနေနေ အတူတူပါပဲ၊ တောမှမြို့မှလို့ ခွဲခြားမှုမရှိဘူး၊ ဆရာတော်ကြီးကို နှစ်ရှည်လများ ကိုးကွယ်လာကြတဲ့ ရွာသူရွာသားတွေကတော့ ငိုယိုကျန်ခဲ့ကြတာပေါ့၊ ဒကာ၊ ဒကာမတွေ ငိုယိုကျန်ခဲ့တော့ ဆရာတော်ကြီးလည်း ဘယ်စိတ်ကောင်းမလဲ၊ ဘုရင်ကပင့်လို့သာ ကြွရရှာတာပါ၊ ဒါပေမယ့် သူတော်ကောင်းဆိုတော့ ဖြေနည်းကရပြီးသားပဲ၊ 'မန္တလေးမြို့ပေါ် က ငါ့တရားကို မနာဖူးသေး တဲ့လူတွေ နာကြားရတာပေါ့လေ' လို့ ပြောပြီး ပင့်တဲ့အတိုင်း လိုက်ကြွ ရှာတာပါပဲ"

ဆရာတော်ကြီးကို ပင့်လာတဲ့သင်္ဘောကြီး မန္တလေးဆိပ်ကမ်းကိုလည်း ကပ်ရော ဘုရင့်အမိန့်တော်တစ်ခု အသင့်စောင့်နေတယ်၊ အမိန့်တော်က မတ္တရာဆရာတော် ကြီးကို မင်းတုန်းမင်းကြီးက ကိုးကွယ်ခြင်း မပြုလိုတော့သည့်အတွက် မတ္တရာသို့ အရောက်ပြန်ပို့စေတဲ့၊ တရားမရှိသူသာဆိုရင် ဘယ်လောက်များဒေါသထွက်စရာ ကောင်းလိုက်သလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



"တရားရှိတဲ့ဆရာတော်ကြီး တုန့်ပြန်လိုက်တာက ဒါလည်း ကောင်းပါတယ်။ ငိုယိုပြီး ရွာမှာကျန်ခဲ့ကြတဲ့ ဒကာ,ဒကာမတွေအတွက် ဝမ်းသာစရာပေါ့တဲ့။ သင်္ဘောပြန်ထွက်လို့ ရေလယ်ခေါင်လည်းရောက်ရော အမိန့်တော်တစ်ခု ထပ်လာပြန်တယ်၊ မန္တလေးရွှေမြို့တော်သို့ပြန်လည်ကြွရ မည်တဲ့၊ ဒါလည်း ဆရာတော်က ဘာမှမပြောပါဘူး၊ အေးအေးဆေးဆေးပဲ ပြန်လည် ကြွတော်မူလာပါတယ်"

"မဏ္ဍရာဆရာတော်ကြီးအတွက် ကြီးကျယ်ခမ်းနားတဲ့ မှန်စီရွှေချ ကျောင်းမြင့်ကြီးတစ်ကျောင်းကို မင်းတုန်းမင်းကြီးက သေချာဆောက်လုပ် ထားတယ်၊ ကျောင်းကြီးပေါ် ပင့်ပြီးလို့ ထိုင်ကာစရှိသေးတယ် အမိန့်တော် တစ်ခုက ရောက်လာပြန်တယ်။ မဏ္ဍရာဆရာတော်သည် ကျောင်းမြင့် ကြီးပေါ် မနေရ၊ ကျောင်းဝိုင်းထဲမှ အသေးဆုံး တဲကျောင်းလေးမှာသာ နေရမည်တဲ့။ ဒီတော့ ဆရာတော်က ဘာပြောတယ်မှတ် သလဲ။ ဒါလည်း ကောင်းတာပဲ၊ အသက်ကြီးသူဆိုတော့ အတက်ရအဆင်းရ သက်သာ တာပေါ့တဲ့"

"ဒါနဲ့ တဲကျောင်းပေါ် ကို ချက်ခြင်းပြန်ပြောင်းကြရတယ်။ တဲကျောင်း ပေါ် ရောက်တာနဲ့ နောက်ထပ်အမိန့်တော်တစ်ခု ထပ်ရောက်လာပြန်တယ်။ ကျောင်းကြီးပေါ် မှာပဲ ပြန်သီတင်းသုံးပါတဲ့။ ဒီတစ်ခါ ဆရာတော်ပြောတာက ဒါလည်း ကောင်းတာပဲ။ တရားနာလာသူတွေ မိုးလုံလေလုံနေကြရ တာပေါ့ တဲ့၊ ခမာဂုဏ်ကြောင့် မင်းအကိုးကွယ်ခံရတဲ့ ဆရာတော်ကြီး ဖြစ်သွား သော်လည်း မဏ္ဍရာဆရာတော်ကတော့ ဘာမှပြောင်းလဲမသွားဘူး၊ အရင် အတိုင်းပါပဲ"

"တစ်ရက်တော့ ဆရာတော်ကြီးကို ဝတ်ဖြည့်(နှိပ်)ပေးတဲ့အခါ ပေါင်ရင်းနား ရောက်သွားရင် 'တွန့်ကနဲတွန့်ကနဲ' ဖြစ်သွားလို့ သင်္ကန်းကို မသိမသာ လှန်ကြည့်တဲ့အခါ ပိုးလောက်တွေကျနေတဲ့ အနာကြီးကို တွေ့ကြရတယ်။ တပည့်တွေက ပိုးလောက်တွေ ဖယ်ရှားပြီး ဆေးကုဖို့ လျှောက်ထားတဲ့အခါ သူတို့မိသားစုတွေရယ်၊ သူတို့နေတဲ့အိမ်ရယ်ကို

www.burmeseclassic.com

www.burmeseclassic.com



မဖျက်ဆီးကြပါနဲ့လို့ပြောပြီး တားမြစ်သတဲ့"

"နောက်တော့ အဲဒီအနာကြောင့်ပဲ ပျံလွန်တော်မူရှာပါတယ်။ ဒါ့ကြောင့် ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်မှာ –

**"ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် ယောနိသော မနသိကာရ (အကောင်းမြင်ဝါဒ) ရှိခြင်းဖြစ်၏၊ အကုသိုလ်ဖြစ် ခြင်း၏ အနီးဆုံးအကြောင်းသည် အယောနိသောမနသိကာရ (မကောင်းမြင် ဝါဒ)ရှိခြင်း ဖြစ်၏"။**

လို့ ဟောကြားတော်မူခဲ့တာပေါ့၊ အဲဒီအဆုံးအမနဲ့တစ်ဆက်တည်း ဒီဒဿနလေးတစ်ခုကိုလည်း အမိုးမှတ်ထားသင့်တယ်"

"အမိန့်ရှိပါဘုရား"

**"မကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာ ပုဂ္ဂိုလ် မရှိ၊ ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် မပေါင်းနိုင် စရာပုဂ္ဂိုလ်မရှိ"။**

ဆိုတဲ့ ဒဿနလေးပါပဲ၊ ကဲမြင်းမှူ မောင်နိုင်မိုးရဲ့ ကဗျာကိုရှင်းပြနေတာနဲ့ ဘေးကိုအတော်ထွက်သွားတယ်။ လိုရင်းရောက်အောင် ဆက်သွား ကြဦးစို့။ မြတ်စွာဘုရားလည်း အရှင်အနုရုဒ္ဓါတို့သုံးပါးကို ချီးမွမ်း စကား ပြောကြားပြီး ဆက်လက်ထွက်လာလိုက်တာ ပလလဲတောကို ရောက် သွားတယ်။ ပလလဲအမည်ရှိတဲ့ ဆင်မင်းကြီးတစ်ကောင်တည်း ကျင်လည် ကျက်စားလို့ ပလလဲတောလို့ခေါ်သတဲ့"

"မြတ်စွာဘုရားကြွလာတာနဲ့ ဆင်မင်းကြီးဟာ အနီးကပ် လူသားတစ် ယောက်ကဲ့သို့ မြတ်စွာဘုရားကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်တယ်။ ရေပူရေအေးကအစ သစ်သီးဝလံအဆုံးပေါ့။ ဆင်ကြီးကလည်း အရင်က ဆင်အုပ်ကြီးတစ်အုပ်မှာ ခေါင်းဆောင်ပေါ့။ နောက်လိုက်ဆင်တွေက သူ့စကားနားမထောင်ဘဲ ထင်သလိုနေ ထင်သလိုစားကြလို့ စိတ်ပျက်ပြီး တစ်ကောင်တည်း လာနေတာပေါ့"

"ဆင်ကြီးအဖြစ်နဲ့ ဗုဒ္ဓရဲ့အဖြစ်ဟာ အတော်တိုက်ဆိုင်ပါလား ဘုရား"

"ဟုတ်တယ်၊ တော်တော်တိုက်ဆိုင်တယ်။ မြတ်စွာဘုရားလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီးရဲ့ အပြုအစုကို ခံယူပြီး ပလလဲတောထဲမှာ တစ်ဝါဆိုတော်မူတယ်"

"ကောသမ္ဗီကရဟန်းတွေက မာနတွေမကျသေးဘူးလားဘုရား"

"ကျတော့မှာပါ။ ဒီလိုနဲ့ ဝါကျွတ်တယ်ပဲဆိုကြပါတော့ ဝါတွင်းရော ဝါကျွတ်တဲ့အထိပါ ဘုရားကိုလည်းမဖူးရ၊ ဘုရားတရားတော်ကိုလည်း မနာရတော့ ကောသမ္ဗီမြို့သူမြို့သားတွေဟာ စိတ်မကောင်းကြဘူး။ ဒါ ဘယ်သူ့ကြောင့်လဲလို့ ဆန်းစစ်ကြည့်လိုက်တဲ့အခါမှာ ဘုရားဘုန်းကံကို ကိုယ့်ဘုန်းကံထင်ပြီး မာနကြီးကြတဲ့ ဝိနည်းဆောင်ရဟန်းတွေနဲ့ သုတ္တန် ဆောင်ရဟန်းတွေပဲဆိုတာကို တွေ့သွားကြတယ်"။

## စိန်နားကပ်ရောင်ကြောင့် ပါးပြောင်သူများ

"ဒါကြောင့် ဘုရားရှင်ကြွမလာမချင်း ကိုယ်တော်တွေကို ပစ္စည်း လေးပါး မလှူကြနဲ့ဆိုပြီး ဒကာ,ဒကာမတွေက သပိတ်မှောက်ကြတယ်။ ရဟန်းသံဃာဆိုတာ ဒကာ၊ ဒကာမကိုမှီပြီး အသက်မွေးကြရတဲ့ပုဂ္ဂိုလ်တွေပဲ၊ ဒီတော့ ကောသမ္ဗီက ငြင်းခုန်ခိုက် ရန်ဖြစ်ကြတဲ့ရဟန်းတွေအားလုံး ငတ်ပြတ် ပြီး ဆင်းရဲဒုက္ခ ရောက်ကြတယ်။ အဲဒီအခါကျတော့ စိန်နားကပ်ရောင် ကြောင့်ပါးပြောင်ရတဲ့ သူတို့ရဲ့အဖြစ်မှန်ကို မြင်သွားကြတယ်"

"ဒါကြောင့် ဒကာတွေကိုပြန်ပြီး တောင်းပန်ကြတယ်။ ဒကာတို့ ငါတို့ အမှားကို သိကြပါပြီ။ အချင်းချင်းပြန်လည် သင့်မြတ်အောင် နေကြပါ တော့မယ်။ ဘုရားရှင်ကိုလည်း ပလလဲတောကနေ ကောသမ္ဗီမြို့သို့ ပြန် ရောက်အောင် ပင့်ပေးပါ့မယ်။ သင်တို့တတွေကလည်း အရင်အတိုင်း ပစ္စည်းလေးပါးကို ပြန်လည် လှူဒါန်းကြပါလို့ပြောမှ ဒကာ, ဒကာမတွေက လည်း ပြန်ပြီးလှူဒါန်းကြတယ်"

"ရဟန်းတွေလည်း ဘုရားရှင်ကိုပြန်ပင့်ဖို့ ပြောတတ်ဆိုတတ်ရှိတဲ့ အရှင်အာနန္ဒာကို အကူအညီတောင်းပြီး ပလလဲတောထဲကို လာခဲ့ကြတယ်။ တောအဝင်ဝ ရောက်တဲ့အခါ ကျန်တဲ့ရဟန်းတွေက စောင့်ကျန်ရစ်ခဲ့ပြီး အရှင်အာနန္ဒာတစ်ပါးတည်း ဘုရားရှင်ရှိရာကို ကြွလာခဲ့တယ်။ ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



ထံကိုကြွလာတဲ့ အရှင်အာနန္ဒာကိုလည်း မြင်လိုက်ရော ပလလဲဆင်ကြီးဟာ သစ်ပင်ပေါက် တစ်ပင်ကို အမြစ်ကဆွဲနှုတ်ပြီး အရှင်အာနန္ဒာဆီကို ပြေးထွက်သွားတယ်"

"ဒီအခါ ဘုရားရှင်က ရန်သူမဟုတ်ကြောင်း၊ တပည့်သာဝက တစ်ပါးဖြစ်ကြောင်း လှမ်းပြောလိုက်မှ ဆင်ကြီးဟာ သစ်ပင်ပေါက်ကို ပစ်ချပြီး အရှင်အာနန္ဒာကို ကြိုဆိုခေါ်ဆောင်လာခဲ့တယ်။ အရှင်အာနန္ဒာဆီက အကြောင်းစုံသိပြီးတဲ့အခါ ဘုရားရှင်က ပြန်လိုက်ဖို့ မတ်တပ်ထလိုက်တာနဲ့ ပလလဲဆင်ကြီးက ဗုဒ္ဓရှေ့ကနေ သူ့ကိုယ်ကြီးကို ကန့်လန့်ဖြတ်ရပ်ပြီး ပိတ်ထားတယ်"

"ဩော်! သူ့ကိုပစ်ထားခဲ့မှာကို စိုးရိမ်လို့ထင်တယ်ဘုရား"

"ဒါပေါ့အမိုးရဲ့၊ အဲဒီအခါမှာ ဗုဒ္ဓက ပလလဲဆင်ကြီးရဲ့ဦးကင်းကို ကိုင်ပြီး 'သင်ဟာ အခုဘဝမှာတော့ တိရစ္ဆာန်ဖြစ်နေလို့ မဂ်ဖိုလ်ကို မရနိုင်သေးဘူး။ ဒါပေမယ့် ငါဘုရားကိုပြုစုတဲ့ကုသိုလ်၊ ကြည်ညိုတဲ့ ကုသိုလ်တို့ကြောင့် နောက်ဘဝမှာတော့ နတ်ပြည်ကိုရောက်ရလိမ့်မယ်။ ငါ့မှာ ချွတ်ချွတ်စရာ ဝေနေယျတွေ အများကြီးကျန် နေသေးလို့ နေခဲ့ပေဦးတော့' လို့ပြောလိုက်တဲ့အခါမှာတော့ ပလလဲဆင်ကြီးဟာ ဝမ်းနည်းလွန်းလို့ ပါးစပ်ကလည်းအော်၊ မျက်ရည်တွေလည်းကျပြီး လမ်းဖယ်ပေးရှာတယ်"

"ဘုရားရှင်ကြွရာလမ်းတစ်လျှောက်လုံးကို မမှိတ်တဲ့မျက်လုံးနဲ့ လှမ်းကြည့်ရင်း ကျန်ခဲ့တဲ့ ပလလဲဆင်ကြီးဟာ ဘုရားရှင်လည်း သူ့မျက်စေ့အောက်ကပျောက်သွားတာနဲ့ လဲကျပြီး သေပွဲဝင်ရှာတယ်၊ တိရစ္ဆာန်ဖြစ်သော်လည်း ဘုရားရှင်ကို ကြည်ညိုခဲ့ တဲ့ကုသိုလ်ကြောင့် နတ်ပြည်ကို ရောက်ခဲ့ပါတယ်။ အဲဒီပလလဲတောထဲက မျောက်တစ်ကောင်ကလည်း ပလလဲဆင်ကြီးကို အားကျပြီး ဘုရားရှင်ကို ပျားအုံတစ်အုံလာပြီးတော့ လှူတယ်"

"ပျားအုံထဲမှာ မသေသေးတဲ့ပျားကောင်လေးတွေပါနေတော့ ဗုဒ္ဓက မဘုဉ်းပေးဘဲ မျောက်ကို ပြန်ပေးလိုက်တယ်။ ဒါကိုရိပ်မိသွားတဲ့ မျောက်က

www.burmeseclassic.com

www.burmeseclassic.com



ပျားကောင် လေးတွေကိုဖယ်ရှားပြီး ထပ်ကပ်လှူတဲ့အခါမှာတော့ ဗုဒ္ဓက ဘုဉ်းပေးတော်မူပါတယ်။ ဒါကို မျောက်ကတအားဝမ်းသာသွားပြီး သစ်ပင်ပေါ် မှာ လှည့်ပတ် ခုန်ပေါက်ပြေးလွှားလိုက်တာ သစ်ကိုင်းစ ရင်ဝကိုစူးမိပြီး သေပွဲဝင်သွားရှာတယ်"

"ဒီမျောက်လည်း ဘုရားကိုကြည်ညိုလှူဒါန်းခဲ့တဲ့ကုသိုလ်ကြောင့် နတ်ပြည်ကိုပဲ ရောက်ခဲ့ပါတယ်။ ခုပြောခဲ့တာတွေက ဗုဒ္ဓကိုကြည်ညိုရင် လူမပြောနဲ့ တိရစ္ဆာန်တွေတောင် နတ်ပြည်ကိုရောက်ခဲ့တဲ့သာဓကတွေပါပဲ။ ဆက်ပြောရမှာက ရုပ်ပွားဆင်းတုကိုကြည်ညိုလှူဒါန်းတဲ့အတွက် ကောင်းကျိုးချမ်းသာခံစား ရပုံတွေ၊ အန္တရာယ်ကင်းဘေးရှင်းပုံတွေပါပဲ"

"ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီရယ်လို့ စေတီလေး မျိုးကို ဦးစွာသိထားသင့်တယ်"

"အဓိပ္ပာယ်ကိုလည်း ရှင်းပြပါဦးဘုရား"

"ဓာတုစေတီဆိုတာ မြတ်စွာဘုရားရဲ့ဓာတ်တော်များနဲ့ ဌာပနာပြီး ထုလုပ် ထားတဲ့စေတီတော် ရုပ်ပွားတော်များကိုခေါ် ပါတယ်။ ဓမ္မစေတီဆိုတာက မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ တရားတော်များကို ဌာပနာပြီး ထုလုပ်ထားတဲ့ စေတီတော် ရုပ်ပွားတော်များပါ။ပရိဘောဂစေတီဆိုတာ ဘုရားရှင်ရဲ့ အသုံးအဆောင် ပစ္စည်းများကို ဌာပနာပြီး ထုလုပ်ထားတဲ့ စေတီတော် ရုပ်ပွားတော်များဖြစ်ပြီး၊ ဥဒ္ဒိဿစေတီ ဆိုတာကတော့ ဆိုခဲ့တဲ့ ပစ္စည်းသုံးမျိုးမပါဘဲ ဘုရားရှင်ကိုရည်စူး မှန်းဆပြီး ထုလုပ်ထားတဲ့ ရုပ်ပွားဆင်းတုတွေပါပဲ"။

## မီးနှင့်တူသောအရိယာ

"ဘုရား၊ ပစ္စေကဗုဒ္ဓါအပါအဝင် အရိယာသူတော်စင်တွေဟာ မီးနဲ့တူတယ်။ မီးဟာ အသုံးပြုတတ်ရင် ကောင်းကျိုးများစွာရပြီး အသုံး မပြုတတ်ရင် တစ်ရွာလုံး၊ တစ်မြို့လုံးပြာကျအောင် လောင်ကျွမ်းတတ်သလို သူတော်ကောင်းများကိုလည်း ဆည်းကပ်ကိုးကွယ်မယ်၊ ကြည်ညိုမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးအနန္တ ရနိုင်သလို၊ မရိုမသေပြုလုပ်မယ်၊ စော်ကား မော်ကားပြု လုပ်မယ်ဆိုရင်လည်း မကောင်းကျိုး အနန္တရနိုင်ပြန်ပါတယ်"

"မကောင်းကျိုးရတာရော၊ ကောင်းကျိုးရတာရော နှစ်မျိုးလုံးသိရ ရင် ပိုကောင်းမယ်ဘုရား"

"အမိုးကို နှစ်မျိုးလုံး ပြည့်ပြည့်စုံစုံပြောပြပါ့မယ်။ မကောင်းကျိုး ရတာတွေကနေ စပြောပြမယ်။ ဦးပဥ္စင်းရဲ့ဇာတိ အမရပူရမြို့မှာ ပုဂံ မင်းတည်ခဲ့တဲ့ ပုထိုးတော်ကြီးဘုရားဆိုတာ အခုထိရှိတယ်။ စေတီတော်ကြီး ထဲ ဌာပနာသွင်းတဲ့ အခါ ရွှေသား အစစ်နဲ့ထုလုပ်ထားတဲ့ ဘုရားရုပ်ပွားတွေ၊ ရဟန္တာရုပ်ပွားတွေ အများကြီးပါတယ်။ ဒါ့အပြင် ကုန်းဘောင်မင်းဆက် အစကနေ သူ့လက်ထက်တိုင် နိုင်ငံကို အုပ်စိုးခဲ့တဲ့ မင်း၊ မိဖုရားရုပ်တုတွေ ကိုလည်း ရွှေအစစ်နဲ့ ပကတိလူ့ခန္ဓာ ကိုယ်အတိုင်း အတိအကျထုလုပ်ပြီး ဘုရားထဲမှာ ဌာပနာခဲ့တယ်"

"ဒုတိယကမ္ဘာစစ်အတွင်း ဘုရားကြီးကို ပြုစုစောင့်ရှောက်မယ့် သူလည်း မရှိရော အမရပူရမြို့၊ ဘုန်းအိုးရပ်ကွက်က ဘာသာခြားတွေဟာ သူတို့ရပ်ကွက်ကနေ ဘုရားကြီးအောက်ထဲထိရောက်အောင် ဥမင်လိုဏ် ခေါင်း တူးပြီး ဌာပနာပစ္စည်းအားလုံးကို ခိုးထုတ်ယူသွားကြတယ်။သူတို့ရပ် ကွက်ဟာ အရင်တုန်းက ရေထဲမှာတည်ထားတဲ့ရွာတစ်ရွာပဲ။တစ်ရွာလုံး သားတွေ၊ ငါးတွေသတ်ပြီး အသက်မွေးကြတယ်။ ဌာပနာတွေ ဖောက်ယူပြီး မကြာပါဘူး။ သူတို့တစ်ရွာလုံး မီးလောင် ခံရတယ်။လူတွေလည်း တော်တော် ပါသွားတယ်"

"ရေပေါ်မှာတည်ထားတာတောင် တစ်အိမ်မှမကျန်အောင် မီးက လောင်ပစ်တယ်။ လူကြီးများကတော့ အကုသိုလ်ကြီးလွန်းအားကြီးလို့ လောင်မီးကျတာ လို့လည်းပြောကြတယ်"။

## စိန်ဖူးတော်ခိုးမိ၍ ဘေးဒဏ်ထိသူများ

"ရှေးကစိန်ဖူးတော်ကြီးဆိုတော့ တော်တော်တန်ဖိုးကြီးဟန်တူတယ်။ သူတို့မိသားစုဟာ အဲဒီစိန်ဖူးကြီးရောင်းချပြီးတာနဲ့ ရပ်ကွက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အချမ်းသာဆုံး ဖြစ်လာတယ်။ သားတွေဟာ ဆိုင်ကယ်ကိုယ်စီဖြစ်လာတယ်။ မကြာပါဘူး။ အကုသိုလ်အကျိုးပေးချိန်ရောက်တော့ သားတစ်ယောက်က ဆိုင်ကယ်ချင်း တိုက်ပြီးသေတယ်။ နောက်သားတစ်ယောက်ကတော့ ဓာတ်တိုင်ကိုဝင်တိုက်ပြီး သေတယ်"

"ဖခင်ဖြစ်သူက ဦးနှောက်သွေးကြောပြတ်ပြီး သေတယ်။ ကျန်တဲ့ မယားနဲ့ သားတစ်ယောက်ကတော့ စိတ်ရောဂါဖြစ်ပြီး အစာရေစာမစားဘဲ ငတ်ပြီး သေသွားကြတယ်"

"အကုသိုလ်ရဲ့ မကောင်းကျိုးကိုတော့ သူတို့မိသားစုရှောင်လို့ မလွတ်ပါလား ဆရာတော်"

"အံမယ်၊ အမိုးတောင် ကံ၊ ကံ၏ အကျိုးတွေကို တော်တော် နားလည်နေပြီပဲ။ ဦးပဥ္စင်းအပင်ပန်းခံပြောရကျိုးနပ်ပါတယ်။ အကုသိုလ် လုပ်တိုင်း ဘယ်ဘာသာဝင်မဆို ဘယ်လူမျိုးမဆို ဘေးလေးမျိုး ထိုက် တယ်အမိုးရဲ့၊ အဲဒီဘေးတွေက –

| | |
|---|---|
| အတ္တာနုဝါဒဘေး | = မိမိကိုယ်ကို မကြည်ညိုတာ၊ စွပ်စွဲကဲ့ရဲ့တာပေါ့၊ |
| ပရာနုဝါဒဘေး | = သူတစ်ပါးက မကြည်ညိုတာ၊ စွပ်စွဲကဲ့ရဲ့တာ ပေါ့၊ |
| ဒဏ္ဍဘေး | = အပြစ်ပေးခံရတာ၊ ထောင်ကျတာမျိုးပေါ့၊ |
| ဒုဂ္ဂတိဘေး | = သေပြီး အပါယ်လေးပါးကျရောက်ရတာပေါ့၊ |

ဒီလေးမျိုးထဲက ပရာနုဝါဒဘေးနဲ့ ဒဏ္ဍဘေးကတော့ ဟန်ဆောင်ကောင်းရင်၊ လာဘ်ထိုးနိုင်ရင်လွတ်ပါတယ်၊ အတ္တာနုဝါဒဘေးနဲ့ ဒုဂ္ဂတိဘေး ကတော့ ဟန်ဆောင်လို့လည်းမရပါဘူး၊ လာဘ်ထိုးလို့လည်း မရပါဘူး။ စိန်ဖူးခိုးခဲ့တဲ့ မိသားစုဟာ ဟန်ဆောင်ကောင်းလိုလည်းမရပါဘူး လာဘ်ထိုး လို့လည်း မရပါဘူး၊ စိန်ဖူးခိုးခဲ့တဲ့ မိသားစုဟာ ဟန်ဆောင်ကောင်းလို့၊ လာဘ်ထိုးလို့ ပရာနုဝါဒဘေးနဲ့၊ ဒဏ္ဍဘေးကတော့ ထိုက်သလောက်လွတ် သွားကြတာပေါ့။ ဒါပေမယ့် ငါတို့ဟာ ဘုရားပစ္စည်းကို ခိုးယူတဲ့သူခိုးတွေ ပဲဆိုတဲ့ အတ္တာနုဝါဒဘေးကြီးကိုတော့ လာဘ်ထိုးပြီးရှောင် လို့မရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မိမိကိုယ်မိမိမကြည်ညိုတဲ့ အတ္တာနုဝါဒဘေးကြီးဆိုက်လာပြီဆိုရင် ဒီဘဝ မှာလည်း အမြဲတန်းစိတ်ဆင်းရဲပြီး ဒုက္ခမျိုးစုံနဲ့ တွေ့ကြုံရပါတယ်။ သေပြီဆိုရင်လည်း အပါယ်လေးပါးကို သေချာပေါက်ကျရပါတယ်"

"အတွေးအခေါ် လေးတစ်ခုရှိတယ်အမိုးရဲ့။ အဲဒါက သူတစ်ပါးကို မကြည်ညိုရင် ကုသိုလ်မရရုံဘဲ။ ကိုယ့်ကိုယ်ကို မကြည်ညိုရင် အပါယ်ကျ တတ်တယ်တဲ့။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မိမိကိုယ်မိမိ တကယ်ကြည်ညို မှသာလျှင် မင်္ဂဖိုလ်တရားထူးကိုလည်း ရနိုင်တယ်။ ဘဝကူးလည်း ကောင်း နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတစ်ပါးကိုဟန်ဆောင်လိမ်ညာ၍ ရသော် လည်း မိမိကိုယ်မိမိကျတော့ ဟန်ဆောင်လိမ်ညာလို့ မရလို့ပါပဲ"

"နောက်တစ်ယောက်ကတော့ မြန်မာတစ်ပြည်လုံးကြားဖူးနေတဲ့ ဂဠုန် ဦးစောပါပဲ"

"ဦးစောကရော ဗုဒ္ဓရုပ်ပွားတော်ကို မရိုမသေလုပ်ထားတာရှိသလား ဘုရား"။

## ဂဠုန်ဦးစောနှင့် သစ်တနက်ဘုရား

"ရှိတယ်လို့ပဲပြောရမှာပေါ့။ တစ်ခါတော့ဦးစောဟာ ရွှေဘိုကို ရောက် သွားတော့ ကုန်းဘောင်မင်းဆက်တွေ ကိုးကွယ်လာတဲ့ သစ်ကနက် ဘုရား တစ်ဆူကို အဆောင်အနေနဲ့ အသုံးချရအောင် ယူလာခဲ့သတဲ့။ သေချာမှတ် ထားနော်။ သူယူလာစဉ်ကတည်းက ကိုးကွယ်ပူဇော်ဖို့ မဟုတ်ဘူး။ အဆောင် ပစ္စည်းအဖြစ် အသုံးချဖို့ ယူလာတာ။ ဒီတော့ ဘုရားကျောင်းဆောင်နဲ့ ဘုရားခန်းနဲ့ဘယ်မှာထားတော့မလဲ"

"သွားလေရာပါအောင် ဖြစ်သလိုထည့်ပြီး ယူသွားမှာပေါ့။ အဲဒီ အချိန်ကစပြီး ဂဠုန်ဦးစောမှာ ကြမ္မာဆိုးမျိုးစုံဝင်တယ်။ သေနတ်နဲ့ချောင်း ပစ်ခံရလို့ မျက်စေ့တစ်ဖက်ပျက်ခဲ့တယ်။ အဲဒါကိုလည်း ဗိုလ်ချုပ် အောင်ဆန်း ကလုပ်ကြံ ခိုင်းတာလို့ ဂဠုန်ဦးစောက အထင်မှားခဲ့တယ်။ အမှန်ကအခြားသူ တစ်ဦးကလုပ်ကြံခိုင်းတာပါ။ ဗိုလ်ချုပ်က လူနာ သွားမေးတာတောင် အကောင်းမထင်ဘူး–တဲ့။ အပြစ်ကို ဖုံးကွယ်ချင်လို့

www.burmeseclassic.com



လာမေးတာလို့ ယူဆသတဲ့"

"အဲဒီသစ်ကနက်ဘုရားကို အဆောင်အဖြစ်အသုံးချတဲ့အချိန်ကစပြီး မကောင်းကျိုးတွေကို ဆက်တိုက်ခံစားရင်း နောက်ဆုံးဗိုလ်ချုပ်တို့ကို လုပ်ကြံခိုင်းမိခဲ့တဲ့အထိ မှားယွင်းပြီးသေဒဏ်အချခံခဲ့ရတာပါ"

"ဦးစောလည်း ပုထုဇဉ်ဆိုတော့ မကောင်းကွက်ရှိသလို ကောင်းကွက်လည်း တစ်ကွက်တစ်လေရှိဦးမယ် ထင်ပါတယ်ဘုရား"

"အင်း .အမိုးလည်း ယောနိသောမနသိကာရတွေ တော်တော် အားကောင်းလာပြီပဲ။ ဟုတ်တယ်အမိုး၊ ဦးစောမှာလည်းကောင်းကွက်လေး တစ်ကွက် တော့ ရှိခဲ့ဖူးပါတယ်။ သူ့အင်္ဂလိပ်လက်ထက် သစ်တောဝန်ကြီး ဖြစ်ခဲ့စဉ်က ဘုန်းကြီးကျောင်းတွေအတွက် သစ်ပါမစ်တွေ အတော်များများ အခမဲ့ချပေးခဲ့ဖူးတယ်။ ပြီးတော့ ပထမပြန်စာအောင် သံဃာတွေ ၅၀– ကျပ်ထိ တိုးပေးခဲ့တာလည်း ဦးစောပဲဖြစ်ပါတယ်"။

## အိန္ဒိယစစ်သားနှင့် ဗုဒ္ဓရုပ်ပွားတော်

"တခြားနိုင်ငံသားတွေမှာရော ဗုဒ္ဓရုပ်ပွားတော်တွေကို မရိုမသေ လုပ်တဲ့ အတွက် ဘေးဖြစ်တာမျိုးရှိခဲ့သေးသလား ဘုရား"

"ရှိတာပေါ့အမိုးရဲ့။ ဦးဌေးလှိုင်ပြုစုတဲ့ ဓမ္မဒူတစာအုပ်ထဲမှာ မြန်မာပြည်က ဗိုလ်ကြီးတစ်ယောက်အိန္ဒိယကို စစ်ပညာသွားသင်ရင်း အိန္ဒိယ ဗိုလ်မှူး တစ်ယောက်အိမ်ကို အလည်ရောက်သွားတယ်။ အဲဒီဗိုလ်မှူးဟာ ရောဂါ တစ်ခု စွဲကပ်ပြီး အိပ်ယာထဲလဲနေတာ လအတော်ကြာသွားပြီ။ ဘာရောဂါမှန်း မသိတဲ့အတွက် ဘာဆေးနဲ့မှ ကုလို့မရဘူး။ မြန်မာ ဗိုလ်ကြီးသွားတွေ့တဲ့ အချိန်ဟာ အခြေအနေက မကောင်းတော့ဘူး။ မျက်တွင်းကြီး ဟောက်နေပြီး အရိုးပေါ် အရေတင်ပဲ ရှိတော့တယ်"

"ဒီရောဂါဘယ်အချိန်စဖြစ်တာလဲလို့မေးတဲ့အခါ လေ့ခါးရင်း ဖိနပ်ချွတ်တဲ့ နေရာက ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားလေးကို လက်ညှိုးထိုးပြရင်း အဲဒီအရုပ်လေး ရောက်တဲ့အချိန်ကစပြီး ဖြစ်တာပါ။ သူ့အနေနဲ့ ရောဂါ စဖြစ်တဲ့နေ့ အဖြစ်သာ သိတာပါ။ ဗုဒ္ဓရုပ်ပွားတော်ကို ဖိနပ်ချွတ်နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိမသေချထားလို့ဖြစ်တာလို့တော့ မသိရှာပါဘူး။ ဒါ့ကြောင့်လည်း ရုပ်ပွားတော်ကို တခြားမြင့်မြတ်တဲ့ နေရာပြောင်းထာဖို့ သတိမရတာပေါ့"

"အဲဒီကျမှ မြန်မာဗိုလ်ကြီးက ဒီရုပ်ပွားဟာ ဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း၊ ဒီလိုမရှိမသေထားလို့ ယခုလိုကုလို့မရတဲ့ရောဂါ ဖြစ်ရကြောင်း ရှင်းပြတဲ့အခါ အိန္ဒိယဗိုလ်မှူးဟာ သိပ်ကြောက်သွားတယ်။ ဒါဆိုရင် ဆင်းတုတော်ကို မြန်မာပြည် ပင့်သွားဖို့ပြောလို့ မြန်မာဗိုလ်ကြီးက မြန်မာပြည် ကို ပြန်ပင့်ခဲ့ရတယ်"

"အိန္ဒိယဗိုလ်မှူးက မြန်မာပြည်မှာ တာဝန်ပြီးဆုံးလို့ပြန်တဲ့အခါ အမှတ်တရ အနေနဲ့ ဗုဒ္ဓရုပ်ပွားတော်ကျောက်ဆင်းတုကို ယူလာတာ ဖြစ်တဲ့အကြောင်း နောင်ကျမှသိရတယ်။ စေတီရုပ်ပွား၊ ဗုဒ္ဓသာသနိက ပစ္စည်းများနဲ့ ပတ်သက် ပြီး မှတ်သားစရာအတွေးအခေါ် တစ်ခုကို အခုလို ရေးသားခဲ့သေးတယ်"

"စေတီရုပ်ပွား၊ ဗုဒ္ဓသာသနိကပစ္စည်းများနှင့်စပ်၍ လောက ဝေါဟာရအားဖြင့် ခိုက်သည်ဟုဆိုခြင်းမှာ အလွန်ထင်ရှားသော အချက်ကြီးဖြစ်၏။ သို့ပါလျက် လူတို့သည် ဓမ္မစေတီထိုက်သော တရားစာအုပ်၊ တရားတိတ်ခွေများ၊ ပြက္ခဒိန်ပါပုံတော်များ၊ အရိယာသူတော်ကောင်းကြီးများ၏ ပုံတော်များ ကို လေးစားရကောင်းမှန်း မသိရှာကြချေ။

ခိုက်သည်ဆိုရာ၌ အထူးမှတ်သားရန်မှာ ရုပ်တုပုံတော်စသော သာသနိကပစ္စည်းများက ခိုက်သည် (ဝါ) ဒုက္ခရောက်စေသည်ကား မဟုတ်။ ရိုသေရမည့် အရာ၌ မရှိသေသော 'ဗုဒ္ဓအဂါရဝ၊ ဓမ္မအဂါရဝ၊ သံဃာ အဂါရဝ' မိမိတို့ အကုသိုလ်ကပင် မိမိတို့အား ခိုက်နေသည်ကို မစဉ်းစားမိ ကြချေ။ ယင်းအဂါရဝတရားကို သာသနာ့ကွယ်ပအောင် လုပ်သော အကျင့်ဆိုးကြီး ဟုလည်း ဟောတော်မူခဲ့၏။

(ဓမ္မဒူတ–ပ၊၂၀၃)

"ဒီရေးသားချက်ရဲ့ လိုရင်းအချုပ်ကတော့ ရုပ်ပွားစေတီက ခိုက်တာ မဟုတ်။ ရုပ်ပွားစေတီကို မရိုသေတဲ့အဂါရဝစိတ်ထားက ခိုက်တာဆိုတာ ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာပါပဲ။ ရုပ်ပွားတော်ကို မြန်မာပြည်ပြန်ပို့လိုက်မှပဲ အိန္ဒိယက ဗိုလ်မှူးဟာပြန်ပြီး ကျန်းမာရေးကောင်းသွားတယ်။ နောက် တစ်ခုကလည်း အိန္ဒိယနိုင်ငံမှာဖြစ်ခဲ့တာပဲ။ ဒါလည်း ဇလွန်ပြည်တော် ပြန်ဘုရားအကြောင်း ကြားဖူးသူတိုင်း သိကြပါတယ်"

"အင်္ဂလိပ်တွေဟာ မြန်မာပြည်က ကြေးခေါင်းလောင်းတွေ၊ ကြေးဆင်းတုတွေကို ကျည်ဆံလုပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အိန္ဒိယကို သယ်ကြတယ်။ အဲဒီကြေးဆင်းတုတွေထဲမှာ ဇလွန်ပြည်တော်ပြန် ဘုရားလည်း ပါသွားတာပေါ့"

"အရည်ကျိုမယ်ဆိုပြီး ရုပ်ပွားတော်ကို ထုရိုက်ချိုးဖွဲ့တဲ့ ကုလားတွေဟာ သွေးအန်ပြီး သေကုန်ကြတယ်။ ဒါ့ကြောင့်လည်း အဲဒီရုပ်ပွားတော်ကို မဖျက်ဆီးရပဲ ဘေးနားဖယ်ထားကြတယ်။ ဒီရုပ်ပွားတော်ကို မရှိမသေထားကတည်းက အလုပ်ရုံထဲက အလုပ်သမားတွေမှာ ခေါင်းကိုက်၊ ဖျားနာနဲ့ ရောဂါ တစ်ခုမဟုတ်တစ်ခု အမြဲဖြစ်နေတယ်။ နောက်ဆုံး အင်္ဂလန်က ဘုရင်မကြီးကိုယ်တိုင် ခေါင်းကိုက်ရောဂါဖြစ်လာတာ ဘာဆေး နဲ့မှ ကုလို့ မရဘူး။ တစ်ညမှာတော့ အရည်ကျိုစက်ရုံထဲက ရုပ်ပွားတော်ကို မြန်မာပြည် ပြန်ပို့မှ ရောဂါပျောက်မယ်လို့ အိပ်မက် မက်သတဲ့"

"အိပ်မက်အတိုင်း ပြန်ပို့လိုက်တော့မှ ဘုရင်မကြီးလည်း ခေါင်းကိုက် ရောဂါ ပျောက်သွားတယ်။ နောက်ဆုံးတစ်ခုကတော့ အာဖဂန် နစ္စတန်နိုင်ငံ၊ ဘာမီယန် မြို့က ၁၇၅– ပေမြင့်တဲ့ ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီးကို တစ်ကမ္ဘာလုံးက တားနေတဲ့ကြားထဲက တာလီဘန်တွေဟာ ဖြိုခွဲဖျက်ဆီး ပစ်ခဲ့ကြတယ်။ ဒီအကျိုးဆက်အရ သူတို့အားလုံးနီးပါး အမေရိကန် လက်ချက်ကြောင့် သေဆုံးကြရ၊ ထွက်ပြေးကြရတယ် မဟုတ်လား"

"အပေါ်ယံကြည့်ရင် နိုင်ငံရေးအရကြည့်ရင်တော့ အမေရိကန်က တိုက် ခိုက်လို့ သူတို့ဒုက္ခရောက်ရတာပါ။ နက်နက်နဲနဲကြည့်ရင် ဘာသာရေး အရ ကြည့်ရင်တော့ ဗုဒ္ဓရုပ်ပွားတော်ကို သက်သက်မဲ့ ဖျက်ဆီးခဲ့တဲ့အတွက် ဒုက္ခရောက်ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓရုပ်ပွားတော်ကို ကြည်ညိုလှူဒါန်းတဲ့အတွက် ကောင်းကျိုးရပုံကိုလည်း ပြောပြပါဦးဘုရား"။

## မသေခင် နတ်ပြည်မှာ ဗိမာန်ပေါက်သူ

"ပထမတစ်ခုက ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ စမ်းမြိုင်ရပ်ကွက်က ဒေါ်ကုလားမ အကြောင်းပဲ။ ဖြူးမြို့နယ်ထဲမှာ ဝဲကြီးအောက်ခုံ ရွာဆိုတာရှိတယ်။ ဒီရွာက ကျောင်းထိုင်ဆရာတော်ကြီးရဲ့ဘွဲ့ကို ဦးဇာဂရလို့ခေါ်တယ်။ သက်တော်ကြီးရင့် လာတော့ဖြစ်လာတဲ့ရောဂါတွေကို ခံနိုင်ရည်မရှိတော့ဘူး။ တစ်ရက်မှာ ရောဂါတစ်ခုကို အပြင်းအထန်ခံစားရင်း ဆရာတော်ကြီးရဲ့ စိတ်အစဉ်မှာ နတ်ပြည်အာရုံတွေ ထင်လာတယ်"

"လူ့ပြည်မှာ စီးပွားရှာနိုင်ရင် ရှာနိုင်သလောက် ချမ်းသာသလို နတ်ပြည်မှာလည်း လူ့ဘဝက ကုသိုလ်များများပြုခဲ့ရင် ပြုခဲ့သလောက် စည်းစိမ်ဥစ္စာများ ပြားတယ်။ တစ်ချို့က ရွှေဗိမာန်၊ တစ်ချို့က ငွေဗိမာန်၊ ဘစ်ချို့က ပတ္တမြားဗိမာန် စသည်ဖြင့် ဗိမာန်ပေါင်းစုံကို ရင်သပ်ရှုမောဖွယ်ရာတွေမြင်ရတယ်"

"တစ်ချို့က သူတို့မျက်စေ့နဲ့ကိုယ်တွေမမြင်ရလို့ နတ်၊ ဗြဟ္မာတွေရှိတယ် ဆိုတာကို သိပ်လက်မခံချင်ကြဘူးဘုရား"

"အဲဒီလို ပြောတဲ့လူတွေဟာ သူတို့ကို သူတို့အမြင်ကျယ်တယ်။ အတွေးအခေါ်ကြီးမားတယ်လို့ ထင်နေတတ်တယ်။ တကယ်တော့ အမြင်ကျဉ်းတာ၊ အတွေးအခေါ် သေးသိမ်တာသာဖြစ်တယ်"

"ဘာဖြစ်လို့လဲဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ကိလေသာဆယ်ပါးလုံးအပြည့်ရှိနေတဲ့ အဘ (အဖ)က ငါ့သား မင်းမှာ အဘပြီးရင် အဘိုးရှိတယ်။ အဘိုးပြီးရင် အဘေးရှိတယ်။ အဘေးပြီးရင် အဘီရှိတယ်။ အဘီပြီးရင် အဘင်ရှိတယ်။ အဘင်ပြီးရင် အဘောင်ရှိတယ်။ အဘောင်ပြီးရင် အဘောရှိတယ်လို့ ပြောသာရင် အဘိုး အဘေးစသည်ကို မိမိမျက်စေ့နဲ့မမြင်ရပေမယ့် အဘကိုထောက်ဆပြီး အဘိုးရှိတယ်။ အဘိုးကို ထောက်ဆပြီး အဘေး ရှိတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာကို လက်ခံရတယ် မဟုတ်လား"

"ငါ့မျက်စေ့နဲ့မှ မမြင်ရဘဲနဲ့ အဘိုးတွေ၊ အဘေးတွေရှိတာကို လက်မခံဘူး ဆိုရင် အမြင်ကျဉ်းရာကျမလား၊ အမြင်ကျယ်ရာကျမလား"

"အမြင်ကျဉ်းရာကျတာပေါ့ဘုရား"

"အတွေးအခေါ်ကြီးရာကျမလား၊ အတွေးအခေါ် သေးသိမ်ရာကျမလား"

"အတွေးအခေါ် သေးသိမ်ရာကျတာပေါ့ဘုရား"

"ကိလေသာအပြည့်ရှိနေတဲ့ အဖေအမေရဲ့ စကားပင်ဖြစ်သော်လည်း လက်ခံထိုက်ရင် လက်ခံရသေးတာ၊ ကိလေသာအားလုံးကင်းရှင်းပြီးဖြစ်တဲ့ ဘုရား ရဟန္တာတွေက အဘိညာဉ်မျက်စေ့နဲ့မြင်ရလို့ နတ်ပြဟ္မာတွေ၊ ငရဲသားတွေ၊ ပြိတ္တာတွေ ရှိတယ်လို့ ဟောထားတာကို ပိုလို့တောင် လက်ခံရမှာ ပေါ့"

"ဒါကိုမှ လက်မခံရင် ပိုပြီးတော့အမြင်ကျဉ်းရာကျမှာပေါ့။ ပိုပြီးတော့ သဘောထားသေးသိမ်ရာကျမှာပေါ့"

"ဒီစကားဟာသဘာဝကျပြီး လူတိုင်းလက်ခံနိုင်တဲ့စကားပါဘုရား"။

## အမြင်ကျဉ်းသူနှင့် အမြင်ကျယ်သူ

"နောက်ထပ်အတွေးအခေါ် နှစ်ခုကို ပြောချင်သေးတယ်။ ရောဂါပိုးမွှားတွေ၊ ခန္ဓာကိုယ်ထဲက ပိုးတွေကို အဆပေါင်းကုဋေနဲ့ချီပြီးချဲ့ထားတဲ့ မှန်ဘီလူးနဲ့ကြည့်မှ မြင်ရမယ့်ပိုးမွှားတွေကို ပကတိမျက်စေ့နဲ့ကြည့်လို့ မမြင်ရတဲ့အတွက် လက်မခံဘူးဆိုရင် ဒီလူဟာ အမြင်ကျဉ်းတဲ့လူပဲ။ အတွေးအခေါ် သေးသိမ်တဲ့လူပဲ"

"ထို့အတူ အဘိညာဉ်မျက်စေ့နဲ့ကြည့်မှမြင်လို့ရမယ့် နတ်တွေ၊ ဗြဟ္မာတွေ၊ ငရဲသားတွေ၊ ပြိတ္တာဘုံသားတွေကို ပကတိမျက်စေ့နဲ့ကြည့်လို့ မမြင်ရတဲ့အတွက် လက်မခံဘူးဆိုရင် ဒီလူဟာအမြင်ကျဉ်းတဲ့လူ၊ အတွေးအခေါ် သေးသိမ်တဲ့လူပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီနှင်းဆီပွင့်လေးကို ဆယ်ပေအကွာလောက်က ပြမယ်ဆိုရင် အမိုး မြင်ရတယ်မဟုတ်လား"

"မြင်ရပါတယ်ဘုရား"

"အဲဒါမြင်စရာလည်းရှိလို့ မြင်နိုင်စွမ်းလည်းရှိလို့ အင်္ဂါနှစ်ချက်လုံး ညီတဲ့အတွက် မြင်ရတာပါ။ နောက်တစ်ခါပေတစ်သောင်းလောက် အဝေးက နေ နှင်းဆီပွင့်ကို လှမ်းပြဦးမယ်ဆိုရင် အမိုးမြင်ပါဦးမလား"

"မမြင်ရတော့ဘူးဘုရား"

"အမိုးသေချာစဉ်းစားပြီးမှ သဘောကျသလိုဖြေပါ။ အဲဒီလို မမြင်ရတာဟာ နှင်းဆီပန်းပွင့်မရှိတော့လို့မမြင်ရတာလား။ အမိုး မျက်စေ့က မြင်နိုင်စွမ်းမရှိလို့ မမြင်ရတော့တာလား"

"နှင်းဆီပန်းကတော့ ရှိပါတယ်။ တပည့်တော်မျက်စေ့က မြင်နိုင် စွမ်းမရှိလို့ မမြင်ရတာပါဘုရား"

"မြင်စရာကတော့ ရှိနေတယ်။ ကိုယ့်မျက်စေ့ကမြင်နိုင်စွမ်းမရှိလို့ မမြင် ရတာကို နှင်းဆီပန်းပွင့်မရှိဘူးလို့ ဇွတ်ငြင်းနေမယ်ဆိုရင် အဲဒီလူကို အမြင်ကျဉ်း တယ်လို့ ခေါ်မလား။ အမြင်ကျယ်တယ်လို့ ခေါ်မလား"

"အမြင်ကျဉ်းတယ်လို့ ခေါ်ပါတယ်ဘုရား"

"အတွေးအခေါ် သေးသိမ်ရာကျမလား၊ အတွေးအခေါ် ကြီးမားရာ ကျမလား"

"အတွေးအခေါ် သေးသိမ်ရာကျပါတယ်ဘုရား"

"ထို့အတူ အဘိညာဉ်မျက်စေ့နဲ့မြင်နိုင်တဲ့နတ်တွေ၊ ဗြဟ္မာတွေ၊ ငရဲသား တွေ၊ ပြိတ္တာတွေကို ပကတိမျက်စေ့နဲ့ မမြင်ရတာမရှိဘူး လက်မခံ ဘူးလို့ ပြောတဲ့သူကို အမြင်ကျဉ်းတယ်လို့ ခေါ်မလား အမြင်ကျယ်တယ်လို့ ခေါ်မလား"

"အမြင်ကျဉ်းတယ်လို့ ခေါ်ပါတယ်ဘုရား"

"ဒီအချက်နဲ့ပတ်သက်ပြီး သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိ ဝံသက အတွေးအမြင်ဩဝါဒလေးတစ်ခုကို ပေးဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါဦးဘုရား"။

နတ်၊ ဗြဟ္မာများကို မမြင်ရခြင်းအကြောင်း

"ဗြဟ္မာများရုပ်ကို တန်ခိုးကြီးနတ်များပင် မမြင်ရသူတို့က ရုပ်တစ်မျိုး ဖန်ဆင်းပြမှ မြင်ကြရသည်။ သာမန်လူများ ဘယ်မှာမြင်ကြ ရပါအံ့နည်း။ ထိုမျှ သိမ်မွေ့သော ရုပ်ဖြစ်သောကြောင့်ပင် ပကတိမျက်စေ့မျိုး၊ ကမ္မဇိဒ္ဓိ (ကံကြောင့် ဖြစ်သောတန်ခိုး) ဉာဏ်မျိုးဖြင့်မမြင်ရဘဲ အဘိညာဉ်ထူး များဖြင့်သာ တွေ့မြင်ရ၏။

ထိုသို့အဘိညာဉ်ဖြင့်သာ သိနိုင်သောဗြဟ္မာကို မိမိတို့မမြင်ရ မတွေ့ရ၍ မရှိဆိုလျှင် မှန်ဘီလူးဖြင့် ကြည့်မှမြင်ရသောအရာကို ပကတိ မျက်စေ့ဖြင့် မတွေ့ရ၍ မရှိဟုဆိုသကဲ့သို့သာ ရှိတော့သည်။ လောကတွင် လေဒ္ဓရှိသော ရုပ်မှာ အထိအတွေ့ရှိသော်လည်း မမြင်ရ၊ အသံအဆက်ဆက် ပြန်လာသော အသံလှိုင်းရုပ်ဆိုလျှင် ထိတွေ့မှုပင် မထင်ရှား၊ ထိုရုပ်များထက် သိမ်မွေ့ သောရုပ်ဖြစ်၍ နတ်၊ ဗြဟ္မာများကို ပကတိမျက်စေ့ဖြင့် မမြင်ရခြင်းဖြစ် သည်တဲ့"

"မှန်ပါ၊ မှတ်သားစရာကောင်းပါတယ်ဘုရား"

"ဒါဆိုရင် နတ်တွေ၊ ဗြဟ္မာတွေရှိတာကို အမိုးရောလက်ခံနိုင်ပြီလား"

"လက်ခံနိုင်ပါပြီဘုရား"

"ဒါဆိုရင် စောစောက စကားကိုပြန်ဆက်မယ်။ ဆရာတော် ဦးဇာဂရ ဟာ ကြီးမားလှပတဲ့ နတ်ဗိမာန်တွေကို လျှောက်ကြည့်ရင်း ရွှေဗိမာန်ကြီး တစ်ခုနား ရောက်သွားတော့ အံ့ဩစရာကို သွားတွေ့တယ်"

"ဘယ်လိုအံ့ဩစရာလဲဘုရား"

"တခြားတော့မဟုတ်ဘူး။ ဒီဗိမာန်မှာ ပိုင်ရှင်နတ်သား၊ နတ်သမီး တစ်ယောက်မှ မတွေ့ရတာပဲ။ ဗိမာန်ပိုင်ရှင်နတ်သား၊ နတ်သမီးရဲ့ အရောင် အဆင်းနဲ့ အခြွေအရံ နတ်သားနတ်သမီးတွေရဲ့ အရောင်အဆင်းဟာ တော်တော်ကြီးကို ကွာနေလို့ ဆရာတော်ကြီးက သတိထားမိနေတာပါ။ ဒါနဲ့ မေးမိသတဲ့ ဒီရွှေဗိမာန်က ပိုင်ရှင်နတ်သားနတ်သမီး မရှိဘူးလား ဆိုတော့

www.burmeseclassic.com



အခြွေအရံ နတ်သား နတ်သမီးတွေက ဖြေတယ်။ မရှိသေးဘူးတဲ့ ပိုင်ရှင်ဖြစ်မယ့်နတ်သမီးက လူ့ပြည်မှာ သက်ရှိထင်ရှား ရှိနေသေးတယ်"

"ဒီရွှေဗိမာန်ကြီးက အဲဒီအမျိုးသမီးရောက်လာရင် အသင့်နေနိုင်အောင် ကြိုပေါက်ပေးထားတာပါတဲ့။ ဒီတော့ စာတတ်ပေတတ် ဆရာတော်ကြီး ဆိုတော့ ဗုဒ္ဓလက်ထက်က နန္ဒိယသူကြွယ်အကြောင်းကို ချက်ခြင်းသွားပြီး သတိရတယ်။ နန္ဒိယသူကြွယ်ဟာ ဘုရားအမှူးရှိတဲ့ သံဃာများကို ကျောင်းဆောင်ကြီးတစ်ဆောင် ဆောက်လုပ်ပြီး လှူဒါန်းတယ်။ ကျောင်းဆောင်ကြီးရေစက်ချပြီးတာနဲ့ တာဝတိံသာ နတ်ပြည်မှာ ဗိမာန်ကြီးတစ်ခု ချက်ခြင်းပေါက်လာတယ်"

"ဒီအချိန်တုန်းက အရှင်မောဂ္ဂလာန်ဟာ တန်ခိုးကြီးမားတဲ့ ပုဂ္ဂိုလ်ဆိုတော့ နတ်ပြည်နဲ့ငရဲပြည်ကို မကြာခဏသွားပြီး နတ်သားနတ်သမီးတွေရဲ့ လူ့ဘဝကပြုခဲ့တဲ့ ကုသိုလ်တွေ၊ နေရပ်လိပ်စာတွေကို သေချာမေးတယ်။ ငရဲခံနေရသူတွေရဲ့ လူ့ဘဝကပြုခဲ့တဲ့ အကုသိုလ်တွေနေရပ်လိပ်စာတွေကို သေချာမေးပြီး လူ့ပြည်မှာ အတိအကျပြန်ပြီးတော့ ဟောကြားပေးတယ်"

"တစ်ခါတော့ နတ်ပြည်သွားရင်း နန္ဒိယသူကြွယ်ရဲ့ရွှေဗိမာန်ကြီးကို တွေ့တာနဲ့ အကျိုးအကြောင်းမေးကြည့်တဲ့အခါ နန္ဒိယသူကြွယ် မသေခင်ကတည်းက ကြိုပေါက်နေတဲ့ ဗိမာန်ကြီးဖြစ်ကြောင်း သိကြရတာပါ။ အခုလည်း ဒီဖြစ်ရပ်နဲ့ တစ်ထပ်တည်းလိုဖြစ်နေတော့ ဆရာတော်ကြီးက အခြွေအရံ နတ်သား နတ်သမီးတွေကို မေးလိုက်တယ်။ ဒီ ဗိမာန်ပိုင်ရှင်ဟာ ဘယ်မြို့ ဘယ်ရပ်ကွက်မှာ နေသလဲ မသိရဘူးလားဆိုတော့ သိရပါတယ်။ တပည့် တော်တို့ကလည်း ပြောပြချင်နေတာပါ"

"ဒီရွှေဗိမာန်ပိုင်ရှင်ဖြစ်မယ့် အမျိုးသမီးကြီးနာမည်ကို ဒေါ် ကုလားမလို့ ခေါ် ပါတယ်။ ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ စမ်းမြိုင်ရပ်ကွက်မှာ နေပါတယ်။ ပြောပေးနိုင် ရင် ပြောပေးပါ။ ဆင်းရဲတဲ့လူ့ဘဝကို မြန်မြန်ပစ်ထားခဲ့ပြီး ချမ်းသာတဲ့ နတ်ပြည်ကို မြန်မြန်လာခဲ့ပါလို့ မှာလိုက်ပါတယ်တဲ့။ ဆရာတော်ကြီးဟာ အံ့ဩလွန်းလို့ လိပ်စာကို သေချာမှတ်မိအောင်မှတ်တယ်။ သတိပြန်

www.burmeseclassic.com

www.burmeseclassic.com



ရလာတာနဲ့ လိပ်စာကို သေချာရေးမှတ်ပြီး ဒေါ်ကုလားမအိမ်ကို တွေ့အောင် ရှာပြီး ဘယ်လိုဒါနမျိုးတွေ ပြုတယ်ဆိုတာကို မေးနိုင်းလိုက်တယ်"

"ရှာလို့တွေ့ရဲ့လားဘုရား"

"တွေ့တာပေါ့အမိုးရဲ့။ ဒါပေမယ့် စမ်းမြိုင်ရပ်ကွက်ဆိုတာကိုတော့ အတော် ကြာအောင် ရှာလိုက်ရတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီအချိန်တုန်းက စမ်းမြိုင်ရွာလေးကို ရပ်ကွက်အတွင်း သွင်းထားတာ သိပ်မကြာသေးလို့ပဲ။ အရင်တုန်းက ရွာလေးတစ်ရွာပေါ့။ တွေ့ရတဲ့အချိန်မှာ ဒေါ်ကုလားမဟာ မုဆိုးမတစ်ယောက် ဖြစ်နေပါပြီ။ သမီးတစ်ယောက်နဲ့ အတူ ပဲပြုတ်ရောင်းစားနေပါတယ်။ ဒါပေမယ့် ရိုးသားအေးဆေးစွာ နေကြတော့ စားနိုင်သောက်နိုင်၊ ပြေပြေလည်လည်ပါပဲ"

"ဆရာတော်ကြီးရဲ့ ကပ္ပိယဒကာကြီးများက အကြောင်းစုံပြောပြပြီး နောက်ဆုံးမှာ မသေခင်နတ်ပြည်မှာ ဗိမာန်ကြိုပေါက်ရလောက်အောင် ဘယ်လို ကုသိုလ်ထူးတွေ ပြုလုပ်ထားတယ်ဆိုတာကို သိပါရစေလို့မေးကြတော့ ဒေါ်ကုလားမက ဖြေတယ်။ သူ့အနေနဲ့ သိန်းနဲ့သန်းနဲ့ ချီပြီး တော့ မလှူဘူးပါဘူး။ ဒါပေမယ့် အိမ်မှာကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကိုတော့ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ကပ်လှူခဲ့တာ နှစ်ပေါင်း ၃၀–ကျော် လောက်ရှိခဲ့ပါပြီတဲ့။ ဒါ့ကြောင့် နတ်ပြည်မှာ ဗိမာန်ပေါက်တယ်ဆိုရင်ဗုဒ္ဓ ရုပ်ပွားတော်ကို နေ့စဉ်ဆွမ်းတော် ကပ်လှူတဲ့ ကုသိုလ်ကြောင့်ပဲ ဖြစ် ပါလိမ့်မယ်တဲ့"

## နတ်ဗိမာန်ကြိုတင်ပေါက်ခြင်း, မပေါက်ခြင်းအကြောင်း

"ဒီလိုဆိုရင် ဗုဒ္ဓဘာသာအများစုဟာ ဗုဒ္ဓရုပ်ပွားတော်ကို နေ့စဉ်ဆွမ်းတော် ကပ်လှူနေကြတာဆိုတော့ အားလုံးလိုလို နတ်ပြည်မှာ ဗိမာန်ပေါက်ကြမှာ ပေါ့ဘုရား"

"ဗုဒ္ဓဘာသာတိုင်းတော့လည်း ဗိမာန်မပေါက်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲဘုရား၊ ဗုဒ္ဓရုပ်ပွားတော်ကို ဆွမ်းတော်ကပ်လှူတာခြင်း ကတော့ အတူတူပဲ မဟုတ်လားဘုရား"

"ဆွမ်းတော်ကပ်လှူတာခြင်းကတော့ တူတယ်။ ဒါပေမယ့် သဒ္ဓါခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



စေတနာခြင်းမတူလို့ အကျိုးပေးပုံခြင်းလည်း မတူနိုင်ဘူး။ တစ်ချို့သော ဗုဒ္ဓဘာသာတွေ ဆွမ်းတော်ကပ်လှူတယ်ဆိုတာ စေတနာသဒ္ဓါ တရားမထက်သန်ဘူး။ ဝတ်ကြေတန်းကြေပဲ ကပ်လှူနေကြတာ။ ဗုဒ္ဓကို ဆွမ်းကပ်လှူချင်တဲ့ သဒ္ဓါစိတ်ထက် ကြီးပွားတိုးတက်ချင်တဲ့လောဘစိတ်က ပိုကဲနေတယ်။ ဒါ့ကြောင့်လဲ ဘုရား ဆွမ်းတော်ကပ်တဲ့အခါ ကြွက်စာ လောက်ပန်းကန်လေးနဲ့ကပ်ပြီး ဟင်းတောင်မပါပဲ ထမင်းပေါ် မှာ လူမပြောနဲ့ ငါးတိုင်းတောင်မစားတဲ့ ပေါက်ပေါက်ပွင့်တွေ ဖြူးထားလိုက်သေးတာပေါ့"

"ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့အခါ ဘယ၊ လာဘ၊ ကုလာစာရဆို တဲ့ အစွန်းသုံးပါးက လွတ်မှကောင်းကျိုးအနန္တရနိုင်တယ်"

"အဓိပ္ပါယ်ရှင်းပြပါဦးဘုရား"

"ဘယဆိုတာ ရတနာသုံးပါးကို ကိုးကွယ်တာဟာ ကြောက်လို့ ကိုးကွယ်တာ မဖြစ်စေရဘူးတဲ့။ လာဘဆိုတာက စည်းစိမ်ဥစ္စာလာဘ် လာဘ၊ အခြံအရံ၊ အကျော်အစောကိုလိုချင်လို့ ကိုးကွယ်တာလည်း မဖြစ်စေရဘူးတဲ့။ ကုလာစာရ ဆိုတာကတော့ အဖိုးအဖွားအဖေအမေတွေ ကိုးကွယ် ဆည်းကပ်လို့ ကိုယ်လည်းကိုး ကွယ်ဆည်းကပ်တာ မဖြစ်စေရဘူးတဲ့။ ဒေါ်ကုလားမဆွမ်းကပ်တာဟာ အဲဒီ အစွန်းသုံးပါးက လွတ်တယ်"

"ရုပ်ပွားတော်ကို တကယ့်သက်တော်ထင်ရှားဘုရားရှင်လို သဘောထားပြီး ဆွမ်းကပ်တဲ့အခါ တစ်ပါးစာဝလောက်အောင် ပြင်ပြီးတော့ ကပ်တယ်။ အိမ်မှာချက်တဲ့ဟင်း ၃–မျိုးရှိရင် ပန်းကန်သုံးပန်းကန်နဲ့ ထည့်ကပ်တယ်။ လက်ဆေးရေ၊ ဗွန်း၊ လက်သုတ်ပုဝါအကုန်ထည့်ပြီး သေချာကပ်တယ်"

"ဒီလိုကပ်လှူတာဟာ ဘယ၊ လာဘ၊ ကုလာစာရကြောင့် မဟုတ် ဘူး။ ဘုရားရှင်အပေါ် ကြည်ညိုတဲ့ သဒ္ဓါတရားသက်သက်နဲ့ကို ကပ်လှူ တာ။ ဒါ့ကြောင့်လည်း မသေခင်မှာကိုပဲ နတ်ပြည်မှာ ဗိမာန်ပေါက်ခဲ့ရ တာပေါ့"

"နောက်တစ်ယောက်က စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ မိုးတားမြို့နယ်က ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမကြီး ဒေါ်ရွှေဥအကြောင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေဥဟာ အရင်ဘဝက ဗီမိုးတားမြို့ထဲမှာပဲ ဆင်းရဲ နွမ်းပါးတဲ့မိန်းကလေး တစ်ယောက် ဖြစ်ခဲ့တယ်။ ဆရာတော်ကြီးတစ်ပါးရဲ့ သွန်သင် လမ်းညွှန်ချက် အရ ဗုဒ္ဓရုပ် ပွားတော်ကို သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ သဘောထားပြီး မိမိရေသောက်တိုင်း ဘုရားရှင်ကို သောက်တော်ရေ ကပ်လှူခဲ့တယ်"

"ရေအကျိုးဆယ်ပါးဆိုတာ တောင်းစရာမလိုဘဲ ရတာဆိုတော့ အဲဒီဘဝက သေတဲ့အခါ အနုလိုဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမကြီး အဖြစ် နာမည်ကြီးတဲ့ သူဋ္ဌေးမကြီးလာဖြစ်ရတာပဲ"

မှတ်ချက်။ ဒေါ်ရွှေဥ၏ အကြောင်းအရာအကျယ်ကို စာရေးသူ ရေးသား သော 'ယုံမှတ်လို့ပုံအပ်မိသူများအကြောင်းအတွဲ ၂-'တွင် ဖတ်ရှုနိုင်ပါသည်။

"ရေအကျိုးဆယ်ပါးဆိုတာ ပြောပြပါဦးဘုရား"

"ရေအကျိုးဆယ်ပါးက ဖြစ်ရာဘဝမှာ –

၁။ ခန္ဓာကိုယ်တစ်ခုလုံး အနာရောဂါကင်းပြီး သန့်ရှင်းစင်ကြယ်တယ်။

၂။ ထင်ရှားကျော်ကြားပြီး လူသိများတယ်။

၃။ တပည့်သားသမီးမိတ်ဆွေ အဖော်အခြံအရံများပြားတယ်။

၄။ လေးလံထိုင်းမှိုင်းခြင်းမရှိဘဲ လျှင်မြန်သွက်လက်တယ်။

၅။ အစာရေစာ မွတ်သိပ်ဆာလောင်ခြင်းဘေးက အမြဲလွတ်ကင်း တယ်။

၆။ အသက်ရှည်တယ်။

၇။ အဆင်းလှတယ်။

၈။ ခန္ဓာကိုယ်ဟာ အမြဲတန်းအေးချမ်းနေတယ်။

၉။ ခွန်အားဗလကြီးတယ်။

၁၀။ ဉာဏ်ပညာကြီးမားတယ်။

"တပည့်တော်မ ဉာဏ်သိပ်ကောင်းချင်တယ်ဘုရား"

"ဉာဏ်ကောင်းချင်ရင် အမိုးလည်း ရေများများလှူပေါ့။ ရေအကျိုး

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပါးလင်္ကာလေးက –

"စင်ကြယ်ကျော်ကြား၊ ဖော်များလျှင်မြန်၊
မွတ်သိပ်ဆာခြင်း၊ ကွာကင်းရပြန်၊
သက်ရှည်ဆင်းလှ၊ ချမ်းမြအားသန်၊
ဉာဏ်ဝေဖြိုး၊ ရေကျိုး၍ဆယ်တန်" တဲ့။

ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ချောင်းဖျားရွာကျောင်းမှာ သီတင်းသုံးနေထိုင်တော်မူတဲ့ ဆရာတော်ဦးဇာဂရဟာလည်း ရေနစ်သွားသော်လည်း ဗုဒ္ဓရုပ်ပွားတော်ကို သတိရ ကြည်ညိုလိုက်တဲ့ အတွက်ကြောင့် သေဘေးက လွတ်ခဲ့ရဖူးတယ်"

"အကျယ်ပြောပါဦးဘုရား"။

## သဒ္ဓါကြောင့်သေဘေးမှလွတ်ခဲ့သူ

"ဆရာတော်ဘုန်းကြီးကျောင်းသားဘဝကပေါ့။ ဆရာတော်က အညာသား တစ်ယောက်ပါ။ တစ်ခါတော့ ဘောလုံးကွင်းလေးကွင်းစာ လောက်ကျယ်တဲ့ ငါးကန်ကြီးကို ကျောင်းသားလေးဟာ ပုဆိုးကို ပူစီဖောင်း လုပ်ပြီးကူးတယ်။ ရေမကူးတတ်ပါဘူး။ ပူစီဖောင်းကိုစီးပြီး လက်နဲ့ယက်ကူး တာပါ။ ဖြစ်ချင်တော့ ကန်လယ်လောက်လည်းရောက်ရော လေပြင်း တစ်ချက် တိုက်လိုက်တာ ပူစီဖောင်းဟာ ပြေကျပြီး ရေထဲနစ်သွားတယ်"

"ဒီကျောင်းသားလေးဟာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဘယ်သူမှ မခိုင်းရဘဲ နေ့စဉ်ဆွမ်း၊ ပန်း၊ ရေချမ်းကို ကပ်လှူလေ့ရှိတယ်။ သူရေနစ်သွား တာနဲ့ ရုပ်ပွားတော်ကို အရင်သတိရတယ်။ ရေနစ်နေရင်းနဲ့ ဒီရုပ်ပွားတော်ကို ငါမရှိတော့ရင် ဘယ်သူများဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပါ့မလဲလို့ တွေးမိလိုက်သတဲ့"

"သေရမှာကြောက်တဲ့ဒေါသစိတ်ပေါ် မလာဘဲ ဗုဒ္ဓရုပ်ပွားတော်ကို ကြည်ညိုတဲ့သဒ္ဓါစိတ်က အရင်ပေါ်လာတော့ အန္တရာယ်ကင်း ဘေးရှင်း တော့တာပေါ့။ ရေနစ်နေဆဲအချိန်လေးမှာပဲ သူနေ့တိုင်းဆွမ်း၊ ပန်းကပ်လှူ နေကြ ရုပ်ပွားတော်ဟာ သူ့ခေါင်းပေါ် တည့်တည့်ရောက်လာတာကို မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ပေလေးဆယ်ကျော်နက်တဲ့ ရေကန်ကြီးထဲမှာ ဆယ်နှစ်သား ကျောင်းသားလေးတစ်ယောက် ရေနစ်မှုတော့ အသက်ရှင်စရာ အကြောင်း တစ်ခုမှ မရှိပါဘူး"

"ဒါပေမယ့် ဒီကျောင်းသားလေးဟာ အသက်ရှင်သွားခဲ့တယ်။ ရေနစ်နေတဲ့ ကြားထဲက သူဟာရုတ်တရက်သတိလစ်သလို၊ အိပ်ပျော်သလို ဖြစ်သွားပြီး ကန်ပေါင်ပေါ် အလိုလို ရောက်သွားတယ်။ ဒါဟာ ဗုဒ္ဓရုပ်ပွား တော်ကို ကြည်ညိုတဲ့ သဒ္ဓါစိတ်က သူ့အသက်ကို မသေအောင် ကယ်တင် လိုက်တာပါပဲ"

"ဗုဒ္ဓဘာသာမဆိုထားနဲ့။ ဘာသာခြားဖြစ်နေတာတောင်မှ ဗုဒ္ဓ ရုပ်ပွား တော်ကို ကြည်ညိုကိုးကွယ်တဲ့အတွက် သေဘေးကလွတ်သွားတဲ့ လူတစ် ယောက်ရှိခဲ့ဖူးတယ်"

"အမှန့်ရှိပါဦးဘုရား"

"ဒုတိယကမ္ဘာစစ်အတွင်းကပေါ့။ အမရပူရမြို့မှာ ဦးရာမအမည်ရှိတဲ့ ဘာသာခြား သူဌေးကြီးတစ်ယောက် ရှိတယ်။ တစ်ရက်တော့ ဦးရာမဟာ အရေးကြီးတဲ့ ငွေရေးကြေးရေးကိစ္စတစ်ခုအတွက် ရွာတစ်ရွာကိုလမ်း လျှောက်သွားတယ်။ ကွင်းပြင်ကျယ်ကြီးတစ်ခုကို ဖြတ်လျှောက် နေဆဲအချိန် မှာပဲ ကျွဲညိုနောင်လို့ နာမည်ကြီးတဲ့ ညိုပုပ်ပုပ်အရောင်နဲ့ တိုက်လေယာဉ် နှစ်စီးဟာ ရုတ်တရက်ပေါ် လာပြီး ဦးရာမခေါင်းပေါ် တည့်တည့် ရောက် အောင် အတင်းမောင်းလာကြတယ်"။

## ဦးရာမအသက်ကိုကယ်သော စေတီငယ်

"လေယာဉ်တွေမောင်းလာတဲ့ အနေအထားကို ကြည့်လိုက်တာနဲ့ သူ့ကိုဗီဗိန် မကြွေကြွေအောင်ခြွေတော့မယ်ဆိုတာကို ဦးရာမရဲ့စိတ်အာရုံက အလိုလို သိလိုက်တယ်။ အံ့ဩစရာကောင်းတာက တစ်ကယ်သေ ဘေးနဲ့ ကြုံရပြီဆိုတာနဲ့ ဦးရာမဟာ သူကိုးကွယ်တဲ့ဘာသာက ဘုရားကို အားကိုး

www.burmeseclassic.com

www.burmeseclassic.com



လိုစိတ်မရှိတော့ပဲ ဗုဒ္ဓဘုရားရှင်ကိုပဲ အားကိုးကြည်ညိုစိတ်တွေ တဖွားဖွား ပေါ်လာတယ်။ ဒါ့ကြောင့်လည်း သူမြင်ခဲ့ဘူးတဲ့ဗုဒ္ဓရုပ်ပွား၊ စေတီတွေကို အာရုံပြုပြီးဘုရားကယ်ပါ။ ဘုရားကယ်ပါနဲ့ အော်ဟစ်ရင်း ခြေဦးတည့်ရာ စွပ်ပြေးနေမိတယ်"

"သူ့ခေါင်းပေါ်တည့်တည့်လေယာဉ်တွေရောက်လာတဲ့ အချိန်မှာပဲ ကိုးတောင်ပြည့်မြေစိုက်စေတီလေးတစ်ဆူကို ဦးရာမဖူးတွေ့လိုက်ရတယ်။ ဘုရားကို သတိရတော့ ဘုရားရှိတဲ့နေရာကို သဒ္ဓါစိတ်ကအလိုက်သိစွာ ပို့ပေးလိုက် သလိုပါပဲ။ ဦးရာမဟာ ဝမ်းပန်းတသာစေတီတော်ကို လက်အုပ်ချီမိုးရှိခိုးရင်း ဘုရားကယ်ပါ၊ ဘုရားကယ်ပါလို့ နှုတ်ကအဆက် မပြတ်ဆိုနေ တယ်"

"ဒီအချိန်မှာပဲ မဟာမိတ်လေယာဉ်က ဦးရာမကိုဂျပန်ထင်ပြီး စက်သေနတ်နဲ့ပစ်၊ ဗုံးတွေချနဲ့အဆက်မပြတ်တိုက်ခိုက်တော့တာပဲ။ စေတီလေး တစ်ဝိုက်မှာ စက်သေနတ်သံနဲ့ ဗုံးကွဲသံတွေဟာ နားမခံသာအောင် ဆူညံလို့ နေတော့တာပေါ့။ ပစ်ခတ်လို့အားရတော့မှ လေယာဉ်နှစ်စီးဟာ ဦးရာမ ရှိနေတဲ့ နေရာကနေ မောင်းနှင်ထွက်သွားတယ်"

"မီးခိုးတွေလည်းပျောက်၊ ဖုန်မှုန့်တွေလည်းငြိမ်ဝပ်သွားတဲ့အခါကျ တော့မှ စေတီလေးရှေ့မှာ လက်အုပ်ချီလျက်သား ဦးရာမကို ကျန်းမာ ပကတိချမ်းသာစွာ ရှိနေတာကို တွေ့ကြရပါတယ်။ ဗုဒ္ဓရုပ်ပွားစေတီသာ မကယ်ရင် သူ့အသက်ရှင်စရာ အကြောင်းမရှိဘူးဆိုတာကို ဦးရာမ သေသေ ချာချာ သိပါတယ်"

"အဲဒီနေ့ကစပြီး ဦးရာမဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သွား တယ်။ နောက်တော့ သူ့သားမယားဆွေမျိုးသားချင်းအချို့ပါ ဗုဒ္ဓဘာသာဝင် တွေဖြစ်လာကြတယ်။ ကဲ–အမိုးဗုဒ္ဓရုပ်ပွားတော်နဲ့ပတ်သက်ပြီး ဒီလောက်ဆို တော်ကြဦးစို့။ နောက်နေ့မှ သံဃာတော်များကို ပြစ်မှားခြင်း ရဲ့ဆိုးကျိုး တွေ၊

www.burmeseclassic.com



ကြည်ညိုကိုးကွယ်ခြင်းရဲ့ ကောင်းကျိုးတွေကို ပြောကြ သေးတာပေါ့။ အမိုးက နားထောင်ဦးမှာလား။

"နားထောင်မှာပေါ့ဘုရား။ တပည့်တော်မ မနက်ဖြန်ခါ စောစော လာခဲ့မယ်ဘုရား"

အခန်း -၄- ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

## သံဃာတော်၏ဂုဏ်ရည်များ

အင်အားရှိသော ခေတ်နှင့် အင်အားကြီးမားသော ပုဂ္ဂိုလ်ထူးများကို မှီခိုရခြင်းသည် ကံရှိသူတို့အတွက် ပိုမို၍အကျိုးများစေ၏ ။ ကံနည်း သူတို့အတွက်ကား ရံခါပို၍ပင် အကျိုးဆုတ်ယုတ် သွားစေတတ် သည်။ ဥပမာ မီးနှင့် လျှပ်စစ်ကဲ့သို့တည်း။ အရိယူပဝါဒကံကိုလည်း ထိုဥပမာနှင့်အတူ သဘောသက်ဝင်သင့်၏ ။

(ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာ – ၃၇၇)

## ဘယ်အရာမှ ဗုဒ္ဓဘာသာတရားတော်ထက်ပို၍ မသာလွန် မကောင်းမြတ်

ဗုဒ္ဓဘာသာဝင်ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကျွန်ုပ်သည် ကမ္ဘာပေါ် ရှိ ဘာသာတရားကြီးအားလုံးကို လေ့လာခဲ့ပြီးဖြစ်၏ ။ လှပတဲ့အရာ မှာရော၊ ပြည့်စုံကုံလုံတဲ့အရာမှာပါ ဗုဒ္ဓဘာသာရဲ့ အမှန်တရား အရိယ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးဆိုတဲ့ အကျင့်တရားလမ်းစဉ်ထက်ပို၍ သာလွန်ကောင်းမြတ်တဲ့အရာ တစ်ခုမျှ မတွေ့ရပါ။ ထိုလမ်းစဉ် နှင့်အညီ ကိုယ့်ဘဝကိုယ် ပုံဖော်ရေးအတွက် ကျွန်ုပ် ကျေနပ် ရောင့်ရဲပါ၏ ။

(ပါမောက္ခရိုက်–စ် ဒေးဗစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

## လူသားတိုင်း ဆွေမျိုး တော်စပ်ခဲ့ဖူးကြသည်

ယနေ့ နေ့ဆွမ်းစားပြီးချိန်အထိ အမိုးရောက်မလာသေးပါ။ ကျောင်း တွင် အမိုးနှင့်သိကျွမ်းသူ မည်သူမှ မရှိသဖြင့် ရောက်ရောက်ခြင်း စာရေးသူကို မတွေ့က အမိုးစိတ်ဓာတ်ကျသွားမှာစိုးသဖြင့် ကျောင်းပေါ် တွင် အသင့်ထိုင် စောင့်နေရင်း သတ္တဝါတို့၏ ဘဝသံသရာရှည်လျားမှု အကြောင်းကို တွေး တောနေမိ၏။ ဗုဒ္ဓ၏ ဟောကြားချက်ဒေသနာများကို ထောက်ဆ ကြည့်လျှင် လူသားအချင်းချင်း ဆွေမျိုးမတော်စပ်ခဲ့ဖူးသူ တစ်ယောက်မှ မရှိကြောင်း သိရ၏။

ထိုအချက်နှင့်ပတ်သက်၍ ပထဝီသုတ်၊ တိဏကဋ္ဌသုတ်တို့ကို ဗုဒ္ဓ ဟောကြားခဲ့၏။ ပထဝီသုတ်၏ဆိုလိုရင်း အဓိပ္ပါယ်မှာ ယူဇနာနှစ်သိန်း လေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးကို ရေနှင့် ရွှံ့ဖြစ်ရုံ နယ်၍ ဆီးစေ့လောက်ရှိသော အလုံးကလေးများကို လုံးရမည်။ ပြီးလျှင် တစ်လုံး ချင်းကောက်၍ ဒါက ငါ့အမေ၊ ဒါက ငါ့အမေရဲ့အမေဟု ဆွေမျိုး စပ်လျှင် ဆီးစေ့ခန့်ရှိသော မြေကြီးလုံးလေးတွေသာ ကုန်သွားမည်။ အမေ အဆက် ဆက်ကား မကုန်ဟူ၍ဖြစ်၏။

ဤဒေသနာကိုထောက်၍ အမျိုးသမီးတစ်ယောက်အပေါ် ဒေါသ ဖြစ်စရာ မုန်းစရာကြုံလာလျှင် ယခုဘဝသော ဤအမျိုးသမီးသည် ငါ့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးပျက်စီးအောင်လုပ်တာ အရင်ဘဝများစွာ ငါ့အမေဖြစ်ခဲ့စဉ်က ငါ့အပေါ် ဖြူစင်တဲ့ စေတနာနဲ့ ပြုစုယုယခဲ့မှာပဲဟု ဒေါသ၊ အာဃာတကို ဖြေဖျောက် သင့်ကြောင်း အကြံပြုထား၏။ တိကာဋ္ဌသုတ်၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ မြက်သစ်ပင်အားလုံးကို လက်ဆစ် တစ်ဆစ်စီ ခုတ်ဖြတ်ပြီး ပုံထားရမည်။

ပြီးလျှင် တစ်ဖြတ်စီကောက်၍ ဒါက ငါ့အဖေ၊ ဒါက ငါ့အဖေရဲ့ အဖေဟု ဆွေမျိုးစပ်လျှင် လက်တစ်သစ်ခန့်စီရှိသော မြက်သစ်ပင်တွေ သာ ကုန်သွားမည်။ အဖေအဆက်ဆက်ကား မကုန်ဟူ၍ဖြစ်၏။ ဤဒေသနာ ကိုထောက်၍ အမျိုးသားတစ်ယောက်အပေါ် ဒေါသထွက်စရာ ကြုံလာလျှင် ယခုဘဝသာ ဤအမျိုးသားသည် ငါ့အပေါ် အကျိုးပျက်စီး အောင်လုပ်တာ အရင်ဘဝများစွာ ငါ့အဖေဖြစ်ခဲ့စဉ်က ငါ့အပေါ် ဖြူစင်တဲ့ စေတနာနဲ့ ပြုစုယုယခဲ့မှာပဲဟု ဒေါသ၊ အာဃာတကို ဖြေဖျောက်သင့်ကြောင်း အကြံပြု ထား၏။

## ဗုဒ္ဓကို သားအရင်းကဲ့သို့ ချစ်ခင်ကြည်ညိုသူ

မြတ်စွာဘုရား မဇ္ဈိမဒေသတစ်ခွင်လှည့်လည်ပြီး တရားဒေသနာ ဟော ပြောစဉ်အခါက သုသုမာရဂိရမြို့သို့ ရောက်ရှိတော်မူခဲ့၏။ မိကျောင်း သံများကို ကြားနေရတတ်သောကြောင့် သုသုမာရဂိရဟု ခေါ် ဆိုခြင်းဖြစ်၏။ ထိုမြို့သို့ ရောက်ရောက်ချင်း ယခုအမိုးတို့ အရွယ်ခန့်ရှိ နေပြီဖြစ်သည့် နကုလပိတာနှင့် နကုလမာတာ အမည်ရှိသော အဖိုးအဖွား နှစ်ယောက်တို့ သည် မြတ်စွာဘုရားကို မြင်လိုက်သည်နှင့် သူတို့ ရင်မှမွေးဖွားသော သား အရင်းကဲ့သို့ ချစ်ခင်သွား၏။ သားအရင်းကဲ့သို့လည်း စွဲယူသွား၏။

ထို့ကြောင့် ဘုရားရှင်ကိုတွေ့တွေ့ခြင်း –

"သားရယ် ...အဖေနဲ့အမေကို ပစ်ထားပြီး ဘယ်အရပ်၊ ဘယ် ဒေသထိ သွားနေရတာလဲ၊ ဒီတစ်ခါတော့ အဖေနဲ့အမေကိုပစ်ထားပြီး ဘယ်ကိုမှ မသွားပါနဲ့ သားရယ်"ဟု တစ်တွတ်တွတ်ပြောဆိုပြီး ဘုရားရှင် နောက်မှ တကောက်ကောက် လိုက်နေကြ၏။ ထိုအခါ မျက်မြောင်မွေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောက်လောက်သာ မြင်နိုင်သော ရဟန်းများက –

"ဘုရားရှင်မှာ သုဒ္ဓေါဒနနဲ့ မယ်တော်မာယာဆိုတဲ့ အဖေနဲ့အမေရှိနေမှန်း သိရက်နဲ့ ဤအဖိုးကြီးနှင့်အဖွားကြီးသည် မဟုတ်တာတွေ လျှောက်ပြောပြီး ဘုရားရှင်ကို သူတို့ဘက်ပါအောင်လုပ်သည်"ဟု ပြောဆို ကဲ့ရဲ့၏။

ဘုရားရှင်သိသောအခါ ထိုသို့မပြောသင့်ကြောင်း၊ ဤအဖိုးနှင့် အဖွားသည် ဟန်လုပ်ပြီးပြောနေခြင်း မဟုတ်ကြောင်း၊ ဤအဖိုးနှင့် အဖွားသည် ငါဘုရား၏ မိခင်နှင့်ဖခင်အဖြစ် ဘဝတစ်ထောင်စီဖြစ်ခဲ့ကြကြောင်း၊ ထို့ကြောင့် ယခုဘဝထိ သူတို့ရင်မှဖြစ်သောသားဟု တကယ်ထင်၍ ပြောနေခြင်းဖြစ်ကြောင်း ရှင်းပြတော်မူခဲ့၏။ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ဖြင့် ကြည့်ခြင်းဖြစ်၍ မိမိနှင့်အဖိုးအဖွားတို့၏ သံသရာတစ်လျှောက်ကိုပါ အမြစ်ရင်းထိမြင်နိုင်ခြင်းဖြစ်၏။

ထို့ကြောင့်လည်း ဆရာကြီးဦးရွှေအောင်က လူတစ်ယောက်ကို ကြည့်လျှင် စေတနာအမြစ်ရင်းထိမြင်အောင် ကြည့်သင့်ကြောင်းကို ယခုလိုရေးသားခဲ့၏။

## အမြင်သုံးမျိုး

ပန်းပင်နှင့်ပတ်သက်၍ဆိုရလျှင် ပန်းပွင့်ကိုမြင်သောအမြင်သည် သုတဒိဋ္ဌိ ဖြင့်မြင်သော အမြင်မျိုးဖြစ်၏။ ပင်စည်ကိုမြင်သောအမြင်သည် အနုမိတဒိဋ္ဌိ ဖြင့်မြင်သော အမြင်မျိုးဖြစ်၏။ အမြစ်ကိုမြင်သောအမြင်သည် သစ္စိကတဒိဋ္ဌိဖြင့် မြင်သောအမြင်မျိုးဖြစ်၏။ အလားတူပင် အနုပညာနယ်ပယ်၌ ပန်းပုရုပ်တုနှင့် ပတ်သက်၍ဆိုရလျှင် ပန်းပုရုပ်တစ်ခု၏ အသွင်သဏ္ဍာန်ကို သုတဒိဋ္ဌိဖြင့် ကြည့်မြင်နိုင်၏။ ပန်းပုဆရာ၏ အတတ် ပညာကို အနုမိတဒိဋ္ဌိဖြင့် ကြည့်မြင်နိုင်၏။ ပန်းပုဆရာ၏ စေတနာကို သစ္စိကတဒိဋ္ဌိဖြင့် ကြည့်မြင်နိုင်၏။

ထို့ကြောင့် သုတဒိဋ္ဌိသည် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ပတ်သက်၏။ အနုမိတဒိဋ္ဌိသည် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ပတ်သက်၏။ သစ္စိကတဒိဋ္ဌိသည် ကိုယ်ကျင့် သိက္ခာပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ပတ်သက်၏။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်များက ဆိုကြ၏။ သို့ဖြစ်လေရာ လူ့ဘဝကို ရကြသူများသည် မိမိတို့၏ ဘဝအတွက် ပတ်ဝန်းကျင်ကို ကြည့်ရာတွင် သစ္စာကတဒိဋ္ဌိ အမြင် ဖြင့်မြင်အောင် ကြည့်အပ်၏။

သို့မဟုတ်ပဲ သုတဒိဋ္ဌိအမြင်ဖြင့်သာကြည့်ပါက မိမိတို့၌ ထိုက်တန် သော အရည်အချင်းများရှိသည်၊ မရှိသည်ကို ပဓာနမထားဘဲ အားလုံးကို ကျော် လွှား၍ ပစ္စည်းဥစ္စာများကို မရလျှင်ရသည့်နည်းဖြင့် ယူတတ်၏။ ရာထူး ဂုဏ်သိန်များကို မရလျှင်ရသည့်နည်းဖြင့် ယူတတ်၏။ ထင်ပေါ် ကျော်ကြား မှုများကို မရလျှင် ရသည့်နည်းဖြင့် ယူတတ်၏။ ထိုအခါ မိမိနှင့် ပတ်ဝန်း ကျင်ဆက်ဆံရေးသည် မလွဲမသွေ အဖုအထစ် ရှိလာမည် ဖြစ်၏။

အဖုအထစ်ဖြစ်လာလျှင် တရားသည်၊ မတရားသည်ကို ပဓာန မထား ဘဲ၊ ယင်းအဖုအထစ်ကို မရလျှင်ရသည့်နည်းဖြင့် ကျော်လွှားနိုင်အောင် အားထုတ်တော့မည်ဖြစ်၏။ ထိုသို့အားထုတ်လျှင် လူ့ဘဝကို ရခဲ့စွာ ရလာကြသော လူသားများကို မလွဲမသွေ ကြက်ကလေးများ၊ ငှက်ကလေး များပမာ ဆက်ဆံရပေတော့မည်။ ထိုသို့ ဆက်ဆံခြင်းသည် လူ့ဘဝကို ထိုက်ထိုက်တန်တန် ရလာသော လူသားတစ်ဦး၏ ဆက်ဆံနည်းမဟုတ်၊ တောရိုင်းတိရစ္ဆာန် တစ်ကောင်၏ ဆက်ဆံနည်းမျိုးသာဖြစ်ချေ၏။

(အမြင်များပြောင်းလဲခြင်း၊ စာ–၆၉–၇၀)

"ဖော်ပြပါဒေသနာတော် အထောက်အထားအရ ဘာသာခြားဖြစ် သော အမိုးသည်လည်း ဘဝအဆက်ဆက်က စာရေးသူ၏မိခင်ဘဝသို့ အတော်များများ ရောက်ခဲ့ဟန်တူသည်။ ဘာသာမတူသော်လည်း စာရေးသူကို တွေ့သောအချိန်မှစ၍ သားတစ်ယောက်ကဲ့သို့ သဘောထားပြီး လိုအပ် သမျှကိုကြည့်ပြီး သူတတ်နိုင်သလောက် လှူဒါန်းရှာ၏။ စာရေးသူ ဟောပြောသော တရားများကိုလည်း စိတ်ဝင်တစားနားထောင်၏။ ပထမ တွင်ကား အမိုးသည် စာရေးသူအပေါ် သားဟူသော သံယောဇဉ်ဖြင့် လှူဒါန်းမှု၊ တရားနာမှုကို ပြုနေခြင်းဖြစ်၏။

တရားနာပါ များလာသောအခါ အမိုးသည် တာဝန်ကျေသဘော

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘဲ တကယ့်ကို စိတ်ဝင်စားလာသည်ကို တွေ့ရ၏။ ယနေ့ ဆိုလျှင် သံဃာရတနာကို ပြစ်မှားစော်ကားခြင်း၏ ဆိုးကျိုး၊ ကြည်ညို ကိုးကွယ်ခြင်း၏ ကောင်းကျိုးများကို အမိုးစိတ်ဝင်စားအောင် ပြောပြရ ပေဦးမည်။ နေ့ခင်း ၁၂ နာရီခွဲခန့် အချိန်မှာပင် ငါးဆင့်ချိုင့်ကြီးတစ်လုံးနှင့် အမိုးရောက်လာ၏။

"ဆရာတော် ဒီနေ့သွေးသွားလှူတယ်လို့ကြားတယ်၊ ဘယ်နှစ်ကြိမ် မြောက်လဲဘုရား"

"အကြိမ် ၅၀ မြောက်ပါ"

"ဆရာတော်က လူကသာခပ်သေးသေးရယ် သွေးကျတော့တော် တော်လှူနိုင်တာပဲ၊ ဆရာတော်သွေးအားမြန်မြန်ပြန်ပြည့်အောင်လို့ အမဲ သားတစ်ပိဿာ နှပ်လာတယ်ဘုရား ဆရာတော်ရက်ဆက်ပြီး ဘုဉ်းပေးပါ"

ပြောပြောဆိုဆိုအမိုးက ငါးဆင့်ချိုင့်ကြီးကို စာရေးသူအနားသို့ မ, လာ၏။ စာရေးသူက –

"အမိုး နေလွဲသွားပြီ၊ ဒီဟင်းတွေကို အခုအချိန်မှာ ကပ်လို့လည်း မရဘူး၊ ဘုဉ်းပေးလို့လဲ မရတော့ဘူး၊ နက်ဖြန်အရုဏ်ဆွမ်းကျမှပဲ ဘုဉ်းပေး ရမယ် ကျောင်းသားကိုပဲ ချိုင့်ပေးလိုက်ပါ"ဟု ပြောပြပြီး ကျောင်းသား တစ်ယောက်ခေါ်ပြီး သိမ်းခိုင်းလိုက်၏။ အမိုးသည် သူကိုယ်တိုင် ချက်ထား သောအမဲနှပ်ကို ချက်ခြင်းစားစေချင် ဟန်တူသည်။ ချိုင့်သိမ်းသွား သော ကျောင်းသားကိုလှမ်းကြည့်ရင်းဖြင့် သူသိချင်သော မေးခွန်းများကို ထုတ် လာ၏။

"ဆရာတော်တို့ရဟန်းတွေက ၁၂–နာရီကျော်ရင် ဘာမှမစားရ တော့ဘူးလား ဘုရား"

"မစားရတော့ဘူး အမိုး"

"ခုလိုသွေးလည်းလှူထားရ၊ ညစာလည်းမစားရဆိုတော့ ဆရာတော် ညဘက်ရောက်ရင် အရမ်းဆာမှာပေါ့ဘုရား"

"နေနေကျဆိုတော့ မဆာတော့ဘူးအမိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရှင်က ဘယ်လိုအကျိုးတွေမြင်လို့ ညစာမစားဘို့ တားမြစ်ခဲ့တာလဲဘုရား"။

## ညစာမစားခြင်း၏ ကောင်းကျိုးများ

"ညစာမစားခြင်းအားဖြင့် ကုသိုလ်အလုပ်တွေ ပိုမိုအားထုတ်ဖို့ အချိန်ရတယ်၊ ကာမရာဂတွေ အားနည်းလျော့ပါးတယ်၊ ရောဂါဘယမျိုးစုံ အဖြစ်နည်းတယ်၊ အကြောအချဉ်တွေလျော့ပြီး အညောင်းအညာပြေတယ်၊ ပေါ့ပါး လျှင်မြန်ပြီး နေလို့ထိုင်လို့ကောင်းတယ်"

အခုလက်တွေ့ပဲကြည့်လေ ညနေရောက်ရင် အမိုးတို့မှာ ညစာအတွက် ဝယ်ရခြမ်းရ၊ ချက်ရပြုတ်ရ၊ စားရသောက်ရ၊ ဆေးရကြောရနဲ့ အချိန်တွေ အလကား ကုန်နေတဲ့အချိန်မှာ ဦးပဥ္စင်းတို့ ရဟန်းတွေကတော့ ဂုဏ်တော်ပွားမယ်၊ စာကြည့်မယ်၊ တရားနာမယ်၊ တရားထိုင်မယ် ကုသိုလ်တစ်မျိုးမျိုး ရနေတယ်လေ၊ ဒါတွေမြင်လို့ ဘုရားရှင်က ညစာမစားဖို့ တားမြစ်တော်မူခဲ့တာပေါ့"

"ဘုရားရှင်ဟာ ဒီလိုအသေးစိတ်လေးကစပြီး မြင်တော်မူတာဟာ အံ့ဩကြည်ညိုစရာ ကောင်းလှပါတယ်ဘုရား၊ ဩော် .ဒါနဲ့ ဆရာတော် စိတ်မဆိုးရင် မေးခွန်းတစ်ခုမေးချင်လို့ဘုရား"

"မေးပါအမိုး၊ စိတ်မဆိုးပါဘူး"

"ဆရာတော်တို့ ရဟန်းတွေမှာ ဇနီးမယားယူခွင့်ရှိသလားဘုရား"

"ဘယ်ယူခွင့်ရှိမလဲ အမိုးရဲ့၊ ယူဖို့နေနေသာသ အမသတ္တဝါ တစ်ဦးဦးနဲ့ မေထုန်မှီဝဲလိုက်ရင် ရဟန်းဘဝက တစ်ခါတည်းသေသွားတာပဲ။ ရဟန်းဘဝကို တစ်သက်လုံး ပြန်မရနိုင်တော့ဘူး။ အမိုးက ဘာဖြစ်လို့ ဒီမေးခွန်းကို မေးတာလည်း အကြောင်းရှိမယ်ထင်တယ်"

"တပည့်တော်တို့ဘာသာက ဆရာတွေကတော့ ညစာလည်း စားတယ်၊ မိန်းမလည်း အများကြီး ယူကြတယ်ဘုရား"

ထိုစကားကိုပြောပြီး အမိုးသည် အတန်ကြာတိတ်ဆိတ်သွား၏။ အမိုး တစ်ယောက် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် သူတို့ဘာသာရေး ဆရာများ၏

www.burmeseclassic.com



ကိုယ်ကျင့်သီလကို တိုင်းတာကြည့်နေဟန်တူ၏။ စာရေးသူသည် ဗုဒ္ဓဟော ကြားထားသည့် သူတော်ကောင်းဟုတ်, မဟုတ် မှတ်ကျောက်တင် ကြည့်နည်း ဂါထာတစ်ဂါထာကို ရုတ်တရက် သတိရ လိုက်မိ၏။

## သူတော်ကောင်းမှတ်ကျောက်

> သူယုတ်မာတို့သည် ရွှေအတုကဲ့သို့ သူတော်ကောင်းများအသွင် အပြင် အခြံအရံဖြင့် ဖုံးကွယ်လျက် လောက၌ လှည့်လည် နေကြ ကုန်၏။ သူတော်ကောင်းနှင့် ဆင်တူယိုးမှား ထိုပုဂ္ဂိုလ်ထူးများ ကို သီလ၊ သမာဓိ၊ ပညာ မှတ်ကျောက်ဖြင့် ခွဲခြားကြည့်ညှိရာ၏။
>
> (သဂါထာဝဂ်၊ သတ္တဇဋိလသုတ်)

အတော်ကြာမှ အမိုးက မေးခွန်းထုတ်လာ၏။

"ဗုဒ္ဓဘာသာ ရဟန်းတော်တွေဟာ သိက္ခာပုဒ်ဘယ်လောက်ကို စောင့်ထိန်းရသလဲဘုရား"

"အကျဉ်း ၂၂၇-ပုဒ်၊ အကျယ်ကုဋေကိုးထောင်ကျော်ကို စောင့်ထိန်း ရတယ်"

"မနည်းပါလားဆရာတော်၊ တစ်ချို့ရဟန်းတွေလည်း ဒီလောက်များ တဲ့ သိက္ခာပုဒ်တွေ မစောင့်ထိန်းနိုင်တာနဲ့ စိတ်ပျက်ပြီး လူဝတ်လဲကုန် ကြမယ် ထင်တယ်"

"ဘုရားရှင်က ဒီအချက်ကို သိမြင်တော်မူလို့ သိက္ခာပုဒ်အများကြီး မစောင့်ချင်တဲ့ ရဟန်းတွေကို သိက္ခာပုဒ်တစ်ခုတည်း စောင့်ထိန်းခိုင်းတာ လည်းရှိတယ်"

"ကုဋေကိုးထောင်ကျော်တောင်ရှိတဲ့ သိက္ခာပုဒ်တွေက ဘယ်လို လုပ်ပြီး တစ်ခုတည်းဖြစ်သွားတာလဲဘုရား"

"ဒီလိုအမိုးရဲ့ တစ်ခါတော့ ရဟန်းတစ်ပါးဟာ အမိုးပြောသလိုပဲ သိက္ခာပုဒ်တွေ များလွန်းအားကြီးတော့ မစောင့်နိုင်တော့လို့ လူဝတ်လဲ ခွင့်ပြုဖို့ ဘုရားရှင်ကို လျှောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဗုဒ္ဓက–ချစ်သား၊ သင်သည် သိက္ခာပုဒ်တစ်ခုတည်း ဆိုလျှင်ကော စောင့်ထိန်းနိုင်မည်လားဆိုတော့၊ တစ်ခုတည်းဆိုလျှင်တော့ စောင့်ထိန်း နိုင်ပါသည်လို့ ပြန်လျှောက်တော့ –

စိတ္တံ ရက္ခေထ မေဓာဝီ– ပညာရှိဆိုတာ စိတ်ထဲမှာ ကိလေသာ ဖြစ်ပေါ် ခွင့်မရအောင် ဘာဝနာတစ်ခုခုကို ပွားများပြီး စောင့်ရှောက်ပါ။ စိတ္တံ ဂုတ္တံ သုခါဝဟံ– စိတ်ကိုဘာဝနာဖြင့် ကိလေသာမဝင်အောင် အမြဲ စောင့်ရှောက်သောသူသည် လူနတ်ချမ်းသာကိုသာမက နိဗ္ဗာန်ချမ်း သာထိ ရနိုင်၏။

ဆိုပြီး စိတ်ဆိုတဲ့ သိက္ခာပုဒ်တစ်ခုကိုပဲ စောင့်ထိန်းခိုင်းလိုက်တာ လများမကြာမီမှာ ကိလေသာအာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်တော်မူ သွားပါတယ်"

"စိတ်တစ်လုံးထဲကို စောင့်လိုက်ရတာနဲ့ ကျန်တဲ့ သိက္ခာပုဒ်တွေက ဘယ်လိုလုပ်ပြီး ပါသွားတာလဲဘုရား"

"အသီးတစ်ရာ အညှာတစ်ခုဆိုတဲ့ စကားလိုပေါ့အမိုးရယ်၊ အညှာတစ်ခုကို ဆွဲလိုက်ရင် ကျန်တဲ့အသီးတွေ အကုန်ပါလာသလိုပါပဲ၊ သိက္ခာပုဒ်ပေါင်း ကုဋေကိုးထောင်ကျော်ဟာ ကာယကံလို့ခေါ်တဲ့ ကိုယ်ရယ်၊ ဝစီကံလို့ခေါ်တဲ့ နှုတ်ရယ်မှာ ဖြစ်ကြတာပါ။ ကိုယ်နဲ့သိက္ခာပုဒ်တစ်ခုကို ကျူးလွန်ဖို့အတွက် စိတ်ကပဲ စရကြတယ်၊ ဥပမာ ကိုယ်နဲ့ သူတစ်ပါးဥစ္စာကို ခိုးတော့မယ်ဆိုရင် ခိုးချင်တဲ့စိတ်က အရင်ဖြစ်ရတယ်၊ ပြီးမှ ကိုယ်နဲ့ ိုးလို့ ရတယ်"

"ဗုဒ္ဓက အဲဒီလို သူတစ်ပါးဥစ္စာကို လိုချင်တဲ့လောဘ လေး မပေါ်အောင် ဘာဝနာတစ်ခုခုပွားပြီး စိတ်ကိုထိန်းခိုင်းတာ၊ နှုတ်နဲ့ လိမ် ညာပြောတော့ မယ်ဆိုရင် လိမ်ညာပြောချင်တဲ့စိတ်လေးအရင်ဖြစ်ရတယ်၊ ပြီးမှ နှုတ်ကလိမ်ညာ ပြောလို့ရတယ်၊ ဗုဒ္ဓက အဲဒီလို လိမ်ညာပြောချင် တဲ့စိတ်ပေါ် မလာအောင် ဘာဝနာတစ်ခုခုပွားပြီး စိတ်ကိုထိန်းထားခိုင်းတာ၊ ဒါကြောင့် စိတ်ဆိုတဲ့ သိက္ခာပုဒ် တစ်ခုကို လုံခြုံအောင် ထိန်းသိမ်းနိုင်ရင် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တွေ အကုန်ပါသွားတယ်လို့ ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်ပါပြီဘုရား။ ဒီလိုအကျင့်ကောင်းတွေကျင့်နေတဲ့ သံဃာတော်များကို စော်ကားရင်ရရှိမယ့်ဆိုးကျိုးနဲ့ ကြည်ညိုကိုးကွယ် လှူဒါန်းရင်ရရှိမယ့် ကောင်းကျိုးတွေအကြောင်းကိုလည်း သိပါရစေ ဘုရား"

"ရာဇဂြိုဟ်မြို့ကြီးမှာ ဗုဒ္ဓသာသနာအလွန်ထွန်းလင်းတောက်ပနေတဲ့ အချိန်ကပေါ့၊ စာပေများမှာတော့ လူဦးရေကိုးကုဋေမှာ ခုနစ်ကုဋေဟာ အရိယာတွေလို့တောင် ဖွင့်ပြတယ်"

"အခုရော အဲဒီလောက်ရှိပါဦးမလားဘုရား"

"ဘယ်ရှိတော့မှာလဲ သာဝတ္ထိတို့၊ ရာဇဂြိုလ်တို့ဆိုတာ အခုအချိန် မှာတော့ မြက်ပင်တွေ တောထနေတဲ့ လွင်ပြင်ကြီးဖြစ်နေတာကို ဦးပဥ္စင်း ဘုရားဖူးသွားတုန်းက တွေ့ခဲ့ရတယ်"

"အဲဒီလောက် စည်ကားခဲ့တဲ့မြို့ကြီးတွေဟာ အခုအချိန်မှာ ဘာဖြစ်လို့ ခြောက်ခန်းကွယ်ပျောက်သွားတာလဲဘုရား"

"ဒီမေးခွန်းမျိုးကို ဗုဒ္ဓလက်ထက်က ပုဏ္ဏားတစ်ယောက်ကလည်း ဗုဒ္ဓကို မေးခဲ့ဘူးတယ်၊ ပုဏ္ဏားရဲ့ လျှောက်ထားချက်ကို ကြည့်ရရင် သာဝတ္ထိ မှာ လူဦးရေ ခုနစ်ကုဋေရှိတာ၊ ရာဇဂြိုလ်မှာ လူဦးရေ ကိုးကုဋေ ရှိတာတောင် ဟိုးအရင်တုန်းကနဲ့စာရင် နည်းပါးခြောက်ကပ်သွားလို့ လျှောက်ထားတဲ့ ပုံမျိုးပဲ"

"အဲဒါကိုဖြတ်ပြီး အမိန့်ရှိပါဦး ဘုရား"

"ဒီအကြောင်းအရာကို အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ ပလေက သုတ်မှာ ဟောထားတာပါ။ မြန်မာလိုဆိုရင်တော့ လူ့လောကပျက်စီးခြင်း အကြောင်း သုံးပါးလို့ ဆိုရမှာပေါ့၊ အခါတစ်ပါးမှာ ချမ်းသာကြွယ်ဝတဲ့ ပုဏ္ဏားတစ်ယောက်ဟာ ဗုဒ္ဓကို အခုလို မေးမြန်းပါတယ်။

❋

www.burmeseclassic.com

www.burmeseclassic.com



## လူဦးရေနည်းပါး မစည်ကားခြင်း၏ အကြောင်း

"အရှင်ဂေါတမ ရှေးအခါက ဤလူ့လောကသည် အဝီစိငရဲကဲ့သို့ လူတို့ဖြင့် ပြည့်နှက်နေ၏။ ရွာနိဂုံးမင်းနေပြည်တို့သည် ကြက်ပျံတစ်ကျ စည်ကားကုန်၏ ဟူ၍ ဆရာ့ဆရာဖြစ်သော ရှေးပုဏ္ဏားတို့ပြောသည်ကို ကျွန်ုပ်ကြားဖူးပါသည်။ ယခုအခါ၌ကား လူဦးရေနည်းပါး၍ ကျိုးတိုး ကျဲတဲသာထင်ပါသည်။ မြို့ရွာ နိဂုံးဇနပုဒ်တို့သည် မြို့ရွာနိဂုံးဇနပုဒ် မဟုတ်သည့်အဖြစ်သို့ ရောက်နေပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဘယ် အကြောင်းကြောင့်ပါနည်း" တဲ့။ ဗုဒ္ဓက ယခုလို ဖြေကြားပါတယ်။

"ပုဏ္ဏား! ယခုအခါ လူတို့သည် မတရားသော အဓမ္မရာဂဖြင့် တပ်မက် အပ်ကုန်၏။ မညီမျှသော လိုချင်မှု ဝိသမလောဘဖြင့် နှိပ်စက် အပ်ကုန်၏။ မှောက်မှားသောအကျင့် မိစ္ဆာဓမ္မနှင့် ပြည့်စုံကုန်၏။ ထိုသူတို့ သည် ထက်သော ဓားလက်နက်များ စွဲကိုင်၍ တစ်ယောက်ကို တစ်ယောက် သတ်ဖြတ်ကြ ကုန်၏။ ထို့ကြောင့် လူအများသေကြေကြကုန်၏။ ဤသို့ သေခြင်းသည် လူဦးရေလျော့ပါး၍ ကျိုးတိုးကျဲတဲသာ ထင်ခြင်း၏ ပဌမအကြောင်း ဖြစ်၏။

ပုဏ္ဏား! ထိုမှတစ်ပါး အဓမ္မရာဂဖြင့် တပ်မက်ကုန်သော, ဝိသမ လောဘဖြင့် နှိပ်စက်ကုန်သော, မိစ္ဆာဓမ္မနှင့် ပြည့်စုံကုန်သော ထိုလူတို့ အား မိုးကောင်းစွာ မရွာသဖြင့် ဆန်စပါးရှားပါး၍ ဝတ်မှတ်ခေါင်းပါး ခြင်းဖြစ်၏။ ထို့ကြောင့် လူများ သေကြေကြကုန်၏။ ဤသို့သေခြင်းသည် လူဦးရေလျော့ပါး၍ ကျိုးတိုးကျဲတဲသာ ထင်ခြင်း၏ ဒုတိယအကြောင်း ဖြစ်၏။

ပုဏ္ဏား! ထိုမှတစ်ပါး အဓမ္မရာဂဖြင့် တပ်မက်ကုန်သော၊ ဝိသမ လောဘဖြင့် နှိပ်စက်ကုန်သော၊ မိစ္ဆာဓမ္မနှင့် ပြည့်စုံသော ထိုလူတို့ထံသို့ အကြီးအကဲဖြစ်သော ဘီလူးတို့သည် ကြမ်းကြုတ်သော ဘီလူးတို့ကို စေလွှတ်ကုန်၏။ ထို့ကြောင့် လူအများသေကြကုန်၏။ ဤသို့သေခြင်းသည် လူဦးရေလျော့ပါး၍ ကျိုးတိုးကျဲတဲသာ ထင်ခြင်း၏ တတိယအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏" တဲ့။

(မှတ်ချက်)။ ။ ကုက္ကုဋသံပါတိကာ–သည်ဘက်ရွာ၏ အိမ်မိုးပေါ်မှ ပျံသွားသော ကြက်သည် တစ်ဖက်ရွာ၏ အိမ်မိုးပေါ်သို့ သက်ဆင်းနိုင်လောက်အောင် ရွာချင်းနီးကပ်၏ဟု ဆိုလိုသည်။ အင်္ဂုတ္တိုရ်ပါဠိတော် အရဆိုလျှင် ကြက်ပျံတစ်ကျဟု သုံးရမည်။ မြန်မာတို့၏ ကြက်ပျံမကျကား အဓိပ္ပါယ် တစ်မျိုးဖြစ်၏။

အဓမ္မရာဂဟူသည် သူတစ်ပါးတို့၏ စည်းစိမ်၌ တပ်မက်ခြင်းကို ဆိုလို၏။ ဝိသမလောဘဟူသည် သူတစ်ပါးတို့၏ စည်းစိမ်၌ လိုချင်မှုကို ဆိုလို၏။ မိစ္ဆာဓမ္မ ဟူသည် ဆက်ဆံမှီဝဲမှု မပြုသင့်သူ (မိကြီး၊ မိထွေး စသည်) တို့၌ မှီဝဲဆက်ဆံမှုကို ဆိုလို၏။

"ဒီတရားတွေဟာ လူသားတိုင်းနဲ့ဆိုင်တဲ့တရားတွေပဲဘုရား"

"ဒါ့ကြောင့် ဗုဒ္ဓတရားတော်ကို လူသားတိုင်းက လိုက်နာကျင့်ကြံကြရင် ကမ္ဘာကြီးတစ်ခုလုံးငြိမ်းချမ်းမယ်လို့ ဗုဒ္ဓဘာသာ ခေါင်းဆောင်တွေက ရဲရဲဝံ့ဝံ့ ပြောရဲတာပေါ့"

"ကဲ ရာဇဂြိုဟ်မြို့က အရှင်မောဂ္ဂလာန်အကြောင်းကို ဆက်ကြဦးစို့။ အရှင်မောဂ္ဂလာန်ဟာ တန်ခိုးကြီးတဲ့ ရဟန်းတစ်ပါးဆိုတော့ နတ်ပြည်ကိုလည်းသွားတယ်၊ ငရဲပြည်ကိုလည်းသွားတယ်။ နတ်ပြည်က နတ်သားနတ်သမီးတွေရဲ့ လူ့ဘဝကပြုခဲ့တဲ့ ကုသိုလ်တွေကိုမေးပြီး လူ့ဘဝမှာ လိပ်စာအတိအကျနဲ့ ပြန်ဟောပေးတယ်။ ငရဲပြည်က ငရဲသားတွေရဲ့ လူ့ဘဝက ပြုခဲ့တဲ့ အကုသိုလ်တွေ ကိုမေးပြီး လူ့ဘဝမှာ လိပ်စာအတိအကျနဲ့ပြန်ဟောတယ်"

"ဒီလိုလက်တွေ့ တရားတွေကို နာရတဲ့အတွက်ကြောင့်လည်း ရာဇဂြိုဟ် က လူအများစုဟာ ဗုဒ္ဓဘာသာထဲကို ဝင်ရောက်လာကြတယ်၊ ဗုဒ္ဓဘာသာ ဝင်တွေများလာတော့ တိတ္ထိတွေမှာ လာဘ်လာဘတွေ ရှားပါးပြီး ငတ်မွတ် လာကြတယ်။ ဒါ့ကြောင့် ခိုးသားငါးရာကိုငွေပေးပြီး အရှင်

www.burmeseclassic.com

www.burmeseclassic.com



မောဂ္ဂလာန်ကို ရိုက်သတ်ခိုင်းကြတယ်။ အရှင်မောဂ္ဂလာန်ကလည်း အရင်ဘဝတစ်ခုက မိဘနှစ်ပါးကို မိန်းမစကားနားထောင်ပြီး သတ်ဖြတ်ခဲ့တဲ့ အကုသိုလ်ကံ ကြွေးတွေပါလာလို့ ရှောင်မနေတော့ပဲ အသတ်ခံလိုက်တယ်"

"အဂ္ဂသာဝကကြီးကို သတ်ဖြတ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ခိုးသားတွေရော၊ သတ်ခိုင်းတဲ့တိတ္ထိတွေရော အမှုမှန်ပေါ်တော့ သေဒဏ်အချခံရတယ်။ သူတို့အားလုံးကို ခေါင်းသာဖော်ပြီး တစ်ကိုယ်လုံး မြေမြှုပ်လိုက်တယ်။ ပြီးတဲ့အခါ သူတို့ရဲ့ ခေါင်းတွေပေါ်ကို ကောက်ရိုးတွေပုံပြီး မီးရှို့လိုက်တယ်။ ကောက်ရိုးမီးက ခဏလောင်တာဆိုတော့ သေတော့မသွားဘူး။ ဒါပေမယ့် သေလောက်တဲ့ဒဏ်ကိုတော့ ခံကြရတယ်။ ခေါင်းမှာရှိတဲ့ ဆံပင်နဲ့အမွေးအမျှင်အားလုံး မီးလောင်သွားတာပေါ့။

"အဲဒီအခါကျမှ သူတို့ရဲ့ခေါင်းတွေကို သံထွန်သွားနဲ့ထွန်ပြီး သတ်ပစ်လိုက်တယ်။ ဒါဟာ သံဃာရတနာကို စော်ကားတဲ့ ဆိုးကျိုးတွေပေါ့။ ဒီဖြစ်ရပ်က နှစ်ပေါင်း ၂၅၄၀ နှစ်တောင်ရှိနေပြီ၊ အခုအချိန်မှာရော ဒီလိုဖြစ်ရပ်တွေရှိနိုင်ပါ့မလားလို့ စောဒကတတ်ခဲ့ရင် ရှိနိုင်ပုံသာဓကတွေကို ဆက်ပြောပြမယ်"။

## ဆရာတော်ကိုဆဲ၍ အသေဆိုးနှင့် သေရသူ

"ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်၊ ဂုံညင်းတန်းအုပ်စုရွာကျောင်းဆရာတော်ဟာ ဆရာကောင်းပီသစွာနဲ့ ရပ်ရွာကိုစောင့်ရှောက်တယ်။ ငါးပါးသီလထဲမှာ သုရာမေရယဟာ ခေါင်ချုပ်ပဲ။ ဒီသီလပျက်တာနဲ့ ကျန်တဲ့သီလတွေ အလွယ်တကူပျက်တော့တာပဲ။ ဥပမာပေးရရင် နွားအုပ် အကောင်တစ်ရာမှာ ရန်စပြီး တခြားနွားတွေကို လိုက်ခွေ့တတ်တဲ့နွားဆိုး တစ်ကောင်ပါလာတတ်တယ်"

"အဲဒီလိုပါလာရင် ဒီနွားဆိုးကို တခြားနေရာသပ်သပ်မှာ ငြိမ်အောင်ချီထားရတယ်။ ဒါဆိုရင် နွားတစ်အုပ်လုံး အေးချမ်းစွာ စားသောက်နေထိုင်ကြရတယ်။ ဒီနွားဆိုးသာ လွတ်သွားရင်တော့ နွားခြံကြီး တစ်ခြံလုံး ရွက်လောရိုက်ကုန်တော့တာပဲ။ အဲဒီဥပမာအတိုင်းပဲ ငါးပါးသီလမှာ သုရာမေ

www.burmeseclassic.com



ရယက် ဖောက်ဖျက်လိုက်တာနဲ့ ကျန်တဲ့ကံတွေ အကုန်ပျက်တော့တာပဲ။ ဒါကြောင့် ဘာသာရေးခေါင်းဆောင်များက သုရာမေရယကံကြီး မဖောက်ဖျက်မိအောင် အထူးစောင့်ရှောက် ကာကွယ်ပေးကြတယ်"

"ဂိုညင်းတန်းအုပ်စုရွာကျောင်းဆရာတော်ဟာ သူ့ဒီရွာမှာ ကျောင်းစထိုင်တာနဲ့ တစ်ရွာလုံးအရက်မသောက်ရ၊ အရက်မရောင်းရလို့ ပြင်းထန်စွာ တားမြစ်ထားတယ်။ ဒီရွာက ရဲမောင်ဆိုတဲ့ အရက်သမားတစ်ယောက်ဟာ အရက်လည်း သောက်တယ်၊ အရက်လည်းရောင်းတယ်။ ဆရာတော်ရောက်လာလို့ အရက် မရောင်းရ၊ မသောက်ရလို့လည်း တားမြစ်လိုက်ရော သူဟာဒေါသဖြစ်ပြီး ဆရာတော်ကို မကြားဝံ့မနာသာ ဆဲရေးတယ်"

"ဆရာတော်ကတော့ သူတော်ကောင်းဆိုတော့ သည်းခံတာပေါ့။ ဒါပေမယ့် သံဃာကိုစော်ကားခဲ့တဲ့ အကုသိုလ်ကံကတော့ သူ့ကို သည်းမခံပါဘူး။ ဆရာတော်ကိုဆဲပြီး သုံးရက်အကြာမှာပဲ တောစပ်မှာ လူသတ်ခံလိုက်ရတယ်။ ရုပ်ပျက်ဆင်း ပျက်ဖြစ်အောင် သတ်ထားတာမို့ အလောင်းကိုတွေ့တွေ့ခြင်း ရဲမောင်မှန်းတောင် မသိကြဘူး။ နောက်မှ သူ အပြင်ထွက်ခါနီး ဝတ်သွားတဲ့ အဝတ်အစားကို အိမ်သားတွေက ပြန်မှတ်မိလို့ ရဲမောင်မှန်း သိသွားကြတာ"

"သံဃာရတနာကို ပြစ်မှားမိတဲ့ အကုသိုလ်ကံဟာ တော်တော်ကြောက်စရာ ကောင်းတာပါလား ဆရာတော်။ ဒါနဲ့ ဆရာတော်နဲ့ အနီးစပ်ဆုံးနေရာတွေမှာလည်း ဒီလိုအဖြစ်မျိုးတွေ ရှိခဲ့ဘူးသလား ဘုရား"

"ရှိခဲ့ဖူးတာပေါ့၊ ရွှေပြည်သာက ဦးစိန်ဆိုတဲ့ ဒကာကြီးဟာ သာသနာသန့်ရှင်းရေးမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။ အဲဒီတုန်းက မြို့တစ်မြို့က ဆရာတော်တစ်ပါးကို ပထမပါရာဇိက အာပတ်ကျူးလွန်တယ်ဆိုတဲ့ တစ်ဖက်သတ် စွဲချက်နဲ့ ရိုက်နှက်ညှဉ်းပန်းပြီး စစ်ဆေးမိကြတယ်။ အစအဆုံးလိုက်ပြီး စစ်ဆေးကြည့်တော့မှ စွဲချက်ဟာ မတရား သမြုပ်စွပ်စွဲချက်ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်သိရတဲ့အချိန်မှာ သူတို့က တော်တော်လက်လွန်ပြီးနေပြီ၊ ဆရာတော်လည်း တော်တော်နာသွားတာပေါ့။ အဲဒီလိုဖြစ်ပြီး မကြာပါဘူး၊ ညှင်းပန်းတဲ့ ဒကာသုံးယောက်ထဲက နှစ်ယောက်က သွေးအန်ပြီး သေသွားတယ်။ အရုံအဖွဲ့ဝင် အနေနဲ့ပါခဲ့တဲ့ ဦးစိန်လည်း အဲဒီအချိန်ကစပြီး အဆုပ်နာတဲ့ရောဂါ ဖြစ်တော့တာပဲ။ ချောင်းဆိုးတိုင်း သွေးတွေ ပါလာတယ်၊ ဘယ်ဆေးနဲ့ကုကု မပျောက်တော့ဘူး"

"သူ့မှာ ရောဂါဒဏ်ကလည်း ခံစားရ၊ သေလည်းမသေနိုင်ဆိုတော့ ပိုတောင် ဆိုးသလိုဖြစ်နေတာပေါ့။ ဒါသူကိုယ်တိုင်ပြောပြလို့ ဦးပဉ္ဇင်းတို့ သိရတာပါ။ နောက် တစ်ခုကတော့ ဦးပဉ္ဇင်းကိုယ်တိုင်ကို အဆဲခံရတာ အမိုးရဲ့"။

## စာရေးသူကိုယ်တိုင် အဆဲခံရခြင်း

"အို–ဖြစ်မှဖြစ်ရလေ ဆရာတော်ကိုယ်တိုင်တောင် အဆဲခံရတယ် ဟုတ်လား ဆရာတော်"

"ဟုတ်တယ် အမိုး"

"ဘာဖြစ်လို့ ဆဲတာတဲ့လဲဘုရား"

"ဇာတ်လမ်းက နည်းနည်းရှည်တယ်"

"ပြောပြပါဘုရား တပည့်တော်စိတ်ဝင်စားပါတယ်"

"ရွှေပြည်သာမှာ ဦးပဉ္ဇင်းရဲ့ တပည့်မလေးတစ်ယောက်ရှိတယ်၊ နာမည်က မလှတဲ့၊ မလှဟာ ဦးပဉ္ဇင်းတို့ ဟောကြားတဲ့တရားတွေနာ၊ ဘာသာရေး စာအုပ်မျိုးစုံကိုလည်း ဖတ်ရှုတဲ့အတွက်ကြောင့် တကယ့်ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်သွားတယ်။ ဒါ့ကြောင့်လည်း မလှဟာ ဘာသာခြားတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ပေမယ့် ဘာသာပြောင်း မသွားတဲ့အပြင် ခင်ပွန်းဖြစ်သူ ဘာသာခြားကိုတောင် ဗုဒ္ဓဘာသာဝင် ဖြစ်အောင် ဆွဲဆောင်နိုင်ခဲ့တာပေါ့"

"မလှဟာ တခြားမြို့နယ် ဆေးရုံကြီးတစ်ခုက ကိုပါလားလို့အမည်

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ဘာသာခြားတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့တယ်။ မလှက ဦးပဥ္စင်းဟောခဲ့တဲ့ တရားခွေတွေ၊ ရေးခဲ့တဲ့စာအုပ်တွေကိုနာခိုင်း၊ ဖတ်ခိုင်းရင်းစိတ်ဝင်တစား ရှင်းပြလိုက်တာ ရက်မျှားမကြာမီမှာ ကိုပါလားတစ်ယောက် ဗုဒ္ဓဘာသာဝင် ဖြစ်လာတော့တာပါပဲ"

"တကယ့် ဗုဒ္ဓဘာသာဆိုတော့ တခြားဗုဒ္ဓဘာသာရှိသေးလို့လားဘုရား"

"ရှိသေးတယ်အမိုးရဲ့ နောက်တစ်မျိုးကတော့ မိရိုးဖလာ ဗုဒ္ဓဘာသာတဲ့"

"အဲဒီဗုဒ္ဓဘာသာ နှစ်မျိုးအဓိပ္ပါယ်ကို ပြောပြပါဦးဘုရား"

"မိမိရဲ့ အဖိုးအဖွား၊ အဖေအမေတွေ ကိုးကွယ်ခဲ့လို့ ဗုဒ္ဓဘာသာကိုကိုးကွယ်လိုက်တာ၊ တရားလည်းမနာ၊ စာပေလည်းမဖတ်၊ တတ်သိနားလည်သူ တွေကိုလည်း မမေးမြန်းတဲ့အတွက် ရတနာသုံးပါးအကြောင်းဘာမှမသိတဲ့ ဗုဒ္ဓဘာသာကို မိရိုးဖလာဗုဒ္ဓဘာသာလို့ ခေါ်တယ်"

"တစ်နပ်စာ ဟင်းရွက်ကန်စွန်း ဝယ်တာတောင် အနွမ်းအရိ အပုပ်မပါအောင် ဆန်းစစ်ရွေးချယ်ရသေးတာ၊ သံသရာတစ်လျှောက် ကိုးကွယ်ရမယ့် ဘာသာဆိုတာ အချိန်ယူပြီး ရွေးချယ်ဆန်းစစ်သင့်တယ် ဆိုတဲ့အတွေးနဲ့ ဗုဒ္ဓဘာသာ အကြောင်းတရားတွေကို နာကြားတယ်၊ စာအုပ်တွေကို သေချာ ဖတ်ရှုတယ်။ တတ်သိနားလည်တဲ့သူကို မေးမြန်းဆွေးနွေးတယ်၊ ဗုဒ္ဓဘာသာနဲ့ တခြားဘာသာများကို ဆန်းစစ်လေ့လာတယ်"

"ဒီလိုဆန်းစစ်လေ့လာလိုက်တဲ့အတွက် ဗုဒ္ဓဘာသာရဲ့ အနှစ်သာရရှိပုံကို တကယ်သိသွားပြီး တကယ်ကြည်ညိုသွားတယ်။ အဲဒီလို ဗုဒ္ဓဘာသာမျိုးကို တကယ့်ဗုဒ္ဓဘာသာလို့ခေါ်တယ်"။

## မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာကို ခွဲခြားနည်း

"သူကတော့ မိရိုးဖလာဗုဒ္ဓဘာသာ၊ သူကတော့ တကယ့်ဗုဒ္ဓဘာသာဆိုတာကို ဘယ်လိုခွဲခြားပြီး သိနိုင်မလဲဘုရား"

"ဘာသာခြားနဲ့ အိမ်ထောင်ကျတဲ့အချိန်၊ တခြားဘာသာက ငွေရွှေ

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ၊ ရာထူးများနဲ့ ဆွဲဆောင်လာတဲ့အချိန်မှာ ဗုဒ္ဓဘာသာနှစ်မျိုးကို ခွဲခြားသိနိုင်ပါတယ်။ ဘာသာခြားနဲ့ အိမ်ထောင်ကျပြီဆိုရင် မိရိုးဖလာ ဗုဒ္ဓဘာသာက ဘာသာခြားနောက်ကို တစ်ခါတည်းပါသွားတယ်။ တကယ့် ဗုဒ္ဓဘာသာက မပါဘူး။ ဘာသာခြား အိမ်ထောင်ဘက်ကိုပဲ မိမိဗုဒ္ဓဘာသာ ထဲကို ပါလာအောင် ဆွဲဆောင်စည်းရုံးနိုင်တယ်၊ တစ်ဖက်ဘာသာက ရွှေငွေဥစ္စာရာထူးများနဲ့ ဆွဲဆောင်လာတဲ့ အခါ မိရိုးဖလာ ဗုဒ္ဓဘာသာက တစ်ခါတည်း ပါသွားတယ်၊ တကယ့်ဗုဒ္ဓဘာသာက မပါဘူး။ အဲဒီလို ကွဲပြား တယ်"

"ဗုဒ္ဓဘာသာနှစ်မျိုးအကြောင်းကို နားလည်ပါပြီဘုရား၊ ကိုပါလား နဲ့မလှတို့အကြောင်းကို ဆက်ပါဦးဘုရား"

"၁၃၆၁–ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့မှာ ကိုပါလားနဲ့ မလှတို့ အလုပ် ဝင်နေကြတဲ့ ဆေးရုံဝင်းကြီးထဲမှာ ပရိတ်ရွတ်ပွဲ ကျင်းပတယ်။ ကိုပါလား နဲ့မလှတို့ ဦးဆောင်ကျင်းပတာဆိုတော့ ဦးပဥ္ဇင်းတို့ကျောင်းကိုပဲ ပရိတ်ရွတ် ပင့်တာပေါ့။ ပရိတ်ပွဲနဲ့အတူ တရားတစ်ပုဒ်လောက်ကို ဟောပေးစေချင် ကြောင်း ကိုပါလားတို့က လျှောက်ထားတဲ့အတွက် ပရိတ်ရွတ်အပြီးမှာ ဆည်းဆာတရားပွဲအဖြစ် တစ်နာရီလောက် တရားဟောပေးလိုက်ပါတယ်"

"ဟောပေးတဲ့တရားအမည်က သရဏဂုံအစွမ်းအံ့မခန်း။ ဒီတရား ဟောပေးရင်းနဲ့ လိမ်စားတတ်တဲ့ နတ်ကတော်တွေရှိတဲ့ အကြောင်းနဲ့ လိမ်စားပုံ တကယ့် ဖြစ်ရပ်တစ်ခုကိုပါ ထည့်ဟောပေးလိုက်တယ်"

(မှတ်ချက်)။ ။ ရွှေပွားပေးမည်ဟုပြောပြီး လှိုင်မြို့နယ်၊ (၅)ရပ်ကွက်တွင် အချိုကြီးလိမ်သွားသော နတ်ကတော် လက်ပွားဦးမြင့်ဦး အကြောင်းကို ကျွန်ုပ် ရေးသားသော 'ယုံမှတ်လို့ ပုံအပ်မိ သူများအကြောင်း–၁'တွင် ဖတ်ရှုနိုင်သည်။

"ဖြစ်ချင်တော့ တရားနာပရိသတ်ထဲမှာ နတ်ကတော်တစ်ယောက် ပါလာတယ်။ နတ်ကတော်က သူ့ကိုနတ်ကတော်မှန်းသိလို့ စောင်းဟောတာ လို့ယူဆပြီး တရားပွဲပြီးတာနဲ့ ဦးပဥ္ဇင်းကိုဆဲတော့တာပဲ။ ဒါပေမယ့် ဦးပဥ္ဇင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြွပြီးမှဆဲလို့ ကျေးဇူးတင်လိုက်ရသေးတယ်"

"ဆရာတော်ကလည်း ကိုယ့်ကိုဆဲတဲ့လူကိုတောင် ကျေးဇူးတင် တယ်-တဲ့ အံ့သြစရာပါပဲ၊ ဘာကိုကျေးဇူးတင်တာလဲဘုရား"။

## ဆဲသူကို ကျေးဇူးတင်လိုက်ခြင်း

"တရားပွဲထဲမှာ ဦးပဥ္စင်းရှိနေတုန်းဆဲရင် ပိုအရှက်ကွဲမှာပေါ့။ဦးပဥ္စင်း ပြန် သွားမှဆဲတော့ အရှက်ကွဲသက်သာသွားတာပေါ့။ အဲဒါကို ကျေးဇူးတင်တယ်လို့ ပြောတာ"

"ဩော်...မှတ်မိပြီ၊ တစ်နေ့က ဆရာတော် ချစ်ခြင်းဖြင့်သာ ရှုမြင်ပါဆိုတဲ့ ကဗျာကိုရွတ်ပြရင်း တပည့်တော်ကို ဒဿနတစ်ခု ပေးလိုက်တယ်။ အပိုဒ်တစ်ခုက ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် မပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ-တဲ့။ အခု ဆရာတော်က နတ်ကတော်ရဲ့ ကောင်းကွက်ကို ရှာကြည့်လိုက်တော့ ဒေါသမဖြစ်ပဲ ကုသိုလ်ဖြစ်သွားတာပေါ့ ဘုရား၊ ဒီသဘောမျိုး မဟုတ်လား ဆရာတော်"

"သိပ်ဟုတ်တာပေါ့ ၊ အမိုးကိုပြောရကျိုးနပ်တယ်။ တကယ်ကို နားလည်သွားတာပဲကိုး။ ဒါဆိုရင် နတ်ကတော်ဘက်ကနေကြည့်ပြီး သဘောပေါက်သလို ပြောပြစမ်းပါဦး"

"မကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာပုဂ္ဂိုလ်မရှိဆိုတဲ့ စကားအတိုင်း နတ်ကတော်က မကောင်းကွက်ကိုရှာကြည့်လိုက်တော့ အကုသိုလ် ဖြစ်သွားတာပေါ့ဘုရား"

"ဘယ်လိုရှာကြည့်လိုက်တာလဲအမိုး"

"တကယ်တော့ ဆရာတော်က ဒီရပ်ကွက်မှာ ဒီတစ်ခါပဲ တရားဟောဖူးသေးတာပဲဘုရား။ ဒီနတ်ကတော်ရှိမှန်းဘယ်သိပါ့မလဲ။ လူတွေ အလိမ်အညာ မခံကြရပါစေနဲ့ဆိုတဲ့စေတနာနဲ့ ဟောရှာတာပဲလို့ဖြေလိုက်ရင် အကုသိုလ်ဖြစ်စရာ မရှိဘူးဘုရား။ အခုတော့ ငါ့ကိုစောင်းဟောဘာဆိုပြီး မကောင်းကွက် ရှာကြံကြည့်လိုက်တော့ ဆရာတော်ကို ဆဲရေးမိတာ့ အကုသိုလ်တွေ ဖြစ်ရတော့တာပေါ့ဘုရား။ ဒါနဲ့ ဒီလိုအကောင်းမြင်ဝါဒနဲ့

www.burmeseclassic.com



ကြည့်တတ်အောင် ဆရာတော်ကို ဘယ်သူက သင်ပေးလိုက်တာလဲ ဘုရား"

"အမြဲပွားများနေတဲ့ မေတ္တာဘာဝနာနဲ့ ဗုဒ္ဓစာပေတွေက သင်ပေးလိုက်တာပါ"

"အကြောင်းတရားကိုသိရမှ တပည့်တော်တို့အတွက် လက်တွေ့ကျင့်ကြံပွားများရခြင်းအကျိုးရှိနိုင်တယ်ဘုရား။ ဒါ့ကြောင့် ဆရာတော် အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်ခြင်းရဲ့အကြောင်းကို သေချာသိချင်ပါတယ်ဘုရား"

"သိရပါတယ်၊ မေတ္တာဘာဝနာမှာ ဌာန်လေးချက်ရှိတယ်"

ဟိတာကာရ ပိတ္တိလက္ခဏာ မေတ္တာ

ဟိတူပသံဟာရ ရသာ

အာဃာတဝိနယရသာဝါ

သောမ္မဘာဝ ပစ္စုပဌာနာ

သတ္တာနံ မနာပဘာဝဒဿန ပဒဋ္ဌာနာ– တဲ့။

(စရိယာပိဋက)

အဓိပ္ပါယ်က –

မေတ္တာရဲ့ လက္ခဏာက သက်ရှိသတ္တဝါမှန်သမျှရဲ့ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်းတဲ့။ မိဘအပေါ်မှ သားသမီးအပေါ်မှမဟုတ်ဘဲ သက်ရှိသတ္တဝါတိုင်းရဲ့ အကျိုးစီးပွားကို ကျင့်ဆောင်မှသာ မေတ္တာဘာဝနာအစစ်လို့ မှတ်နိုင်တာပေါ့။ မေတ္တာရဲ့ပြုလုပ်တတ်တဲ့ကိစ္စက အာဃာတကို ပယ်ဖျောက်ပေးခြင်းပဲ။ မေတ္တာရဲ့ ထင်ရှားတဲ့ အခြင်းအရာက စိတ်ထဲမှာ အမြဲတမ်းအေးမြ ငြိမ်းချမ်းနေတာပဲ။ မေတ္တာဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းက သတ္တဝါတွေရဲ့ ကောင်းကွက်ကို ရှာကြံကြည့်ရှုတတ်ခြင်းပဲ"

"ဒီဋ္ဌာန်လေးချက်နဲ့ပြည့်စုံလို့ မေတ္တာဘာဝနာဟာ ဖြစ်ပေါ်လာတာ၊ တစ်ခါ မေတ္တာဘာဝနာကို ထိရောက်အောင် တကယ်ပွားလာပြီ ဆိုရင်လည်း ဒီဋ္ဌာန်လေးချက်က တစ်ခါတည်း အလိုလို ပါလာတာပဲ ဆိုတာသိရမယ်၊ ဒါ့ကြောင့် မေတ္တာဘာဝနာကို တကယ်ပွားလာပြီဆိုရင် သူတစ်ပါး ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်ကို အလိုလို ကြည့်တတ်လာတယ်ဆိုတာကို သိနိုင်တာပေါ့"
(မှတ်ချက်)။ ။ အကောင်းမြင်ဝါဒအကျယ်ကို ကျွန်ုပ်တို့ရေးသားသော "မေတ္တာအစွမ်းအံ့မခန်း"စာအုပ်တွင် ဖတ်ရှုနိုင်သည်။

"ဗုဒ္ဓစာပေကနေ အကောင်းမြင်ဝါဒရလာပုံတွေထဲမှာ တစ်ခုလောက် ထုတ်ပြရရင် သုဝဏ္ဏသာမဇာတ်တော်မှာ မိဘနှစ်ပါးဖြစ်တဲ့ ဒုကူလနဲ့ ပါရိကာတို့ဟာ သားဖြစ်သူ သုဝဏ္ဏသာမအတွက် သစ်သီးရှာထွက်ရင်း ပြန်အလာမှာ မိုးတွေမိလို့ သစ်ပင်ကြီးတစ်ပင်အောက်ဝင်ပြီး မိုးခိုကြတယ်။ ဒါပေမယ့် သူတို့မတ်တပ်ရပ်မိ တဲ့နေရာဟာ တောင်ပို့ကြီး တစ်ခုဆိုတာကိုတော့ သူတို့ သတိမထားမိကြပါဘူး"

"သူတို့နှစ်ယောက်ရဲ့ကိုယ်က ချွေးတွေနဲ့ ရွှဲနေတဲ့မိုးရေတွေဟာ တောင်ပို့ အပေါက်ထဲကို စီးဝင်သွားကြတယ်။ ဒါကိုတောင်ပို့ထဲက မြွေဟောက်က ဒေါသဖြစ်ပြီး အဆိပ်ငွေ့နဲ့ မှုတ်လိုက်တာနှစ်ယောက်လုံး မျက်စေ့ကွယ်သွားကြတယ်။ မိုးကလည်းချုပ်၊ မျက်စေ့ကလည်း ကွယ်နေတော့ အားငယ်ဝမ်းနည်းပြီး နှစ်ယောက်လုံးသစ်ပင်အောက်မှာ ထိုင်ပြီး ငိုကြွေးနေကြတယ်"

"ဒီအချိန်မှာ မိဘတွေပြန်ရောက်ချိန် ရောက်မလာတော့ သုဝဏ္ဏသာမဟာ တောနင်းပြီး လိုက်ရှာလိုက်တာ မိဘနှစ်ပါးကို တွေ့သွားတယ်၊ မျက်မမြင်ဖြစ်နေတဲ့ မိဘနှစ်ပါးကို တွေ့လိုက်ရတာနဲ့ သုဝဏ္ဏသာမဟာ ငိုခြင်း၊ ရယ်ခြင်း နှစ်မျိုးကို ပြုတယ်"

"ငိုတာကတော့ မိဘနှစ်ပါးမျက်စေ့မမြင်ဖြစ်တာကို တွေ့ရလို့ ဆိုတာ ထင်ရှားပါတယ်ဘုရား၊ ရယ်တာကရော ဘာ့ကြောင့်လဲဘုရား"

"ရယ်တာက ကောင်းကွက်ကိုမြင်လိုက်တဲ့အတွက်ပဲ'

## သုဝဏ္ဏသာမ၏ အကောင်းမြင်ဝါဒ

"မိဘနှစ်ပါးမျက်စေ့မမြင်တာကို ဘယ်လိုလုပ်ပြီးကောင်းကွက် အဖြစ် မြင်အောင်ကြည့်သလဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ရခဲမှ ရတနာ၊ သိခဲမှ ပညာဆိုတာ ဒါကိုပြောတာပေါ့၊ သုဝဏ္ဏသာမဟာ မိဘနှစ်ပါးကို ကိုယ်တိုင်ပြုစုကျွေးမွေးချင်တယ်။ မိဘနှစ်ပါးကလည်း လက်မခံဘူး။ ငါတို့ငယ်သေးတယ် လုပ်မကျွေးနဲ့ဦး။ ငါတို့အသက်တွေကြီးလာမှ လုပ်ကျွေးလို့ ပြောထားတယ်၊ အခုမိဘနှစ်ပါးလုံး မျက်စေ့မမြင်ကြတော့ဘူးဆိုတော့ သူက တစ်သက်လုံး အစအဆုံး လုပ်ကိုင်ကျွေးမွေးခွင့် ရတော့မယ်။ အဲဒီကောင်းကွက်ကို မြင်လို့ ရယ်လိုက်တာပဲ"

"အံ့ဩစရာပါလားဘုရား။ သူတော်ကောင်းတွေရဲ့ မကောင်းတဲ့လောကဓံထဲကနေ ကောင်းတဲ့လောကဓံကို မြင်အောင်ကြည့်တတ်တဲ့ ပညာကိုတော့ လူသားတိုင်းက ဦးခိုက်ကြည်ညိုထိုက်ပါတယ်ဘုရား"

"ကဲ-နတ်ကတော်အကြောင်းကို ဆက်ရအောင်။ နတ်ကတော်ဟာ တရားပွဲပင့်တဲ့ ကိုပါလားနဲ့ မလှကိုရော၊ တရားဟောတဲ့ ဦးပဥ္စင်းကိုပါ သတိရတိုင်း ဆဲတယ်၊ မလှတို့ဇနီးမောင်နှံကိုလည်း အသက်သေအောင် အောက်လမ်းပညာနဲ့ တိုက်တယ်။ သူတို့လင်မယားဟာ ညညမှာ ကောင်း ကောင်း အိပ်မရတော့ဘူး။ အိပ်မက်ဆိုးတွေမက်တယ်။ နတ်ကတော်ကြီးက တစ်နေ့ သူတို့ အိမ်ခန်းဘေးမှာ ကြက်သွေးတွေ လာလောင်းထားတယ်"

"ညရောက်တာနဲ့ သူတို့လင်မယားအိပ်ခန်းထဲမှာ ကြက်ဖကြီးတစ်ကောင် အတောင်ပံတွေရိုက်ပြီး လှည့်ပတ်ပျံနေတယ်။ လိုက်ဖမ်းတော့လည်း မမှီဘူး။ ကြာတော့စိတ်တွေချောက်ခြားပြီး ကျန်းမာရေးတွေချို့ယွင်းလာတယ်။ စီးပွားရေး တွေကျလာတယ်။ ဒီအချိန်ကျမှ ဦးပဥ္စင်းကို အကြောင်းစုံလာလျှောက်ကြတယ်။ ဦးပဥ္စင်းက အဋ္ဌာနမေတ် ပါဠိတော်ကို နေ့စဉ်သက်စေ့ရွတ်ဖို့ မှာလိုက်တယ်။ အလွတ်မရခင်ကြားမှာ စာရွက်ကြည့်ရွတ်ပြီး အဲဒီစာရွက်ကိုလည်း ခေါင်းအုံးအောက်မှာ ထားအိပ်ဖို့မှာ လိုက်တယ်"

"အနှောင့်အယှက်တွေ တကယ်ပဲကင်းပျောက်သွားသလား ဘုရား"

"ကင်းပျောက်သွားပါတယ်။ ကျန်းမာရေးရော၊ စီးပွားရေးရော အကုန်ပြန် ကောင်းသွားတယ်၊ မလှတို့က ကျန်းမာရေး၊ စီးပွားရေးတွေ

www.burmeseclassic.com

www.burmeseclassic.com



အကုန် ပြန်ကောင်းသွားပေမယ့် နတ်ကတော်အမျိုးသမီးကြီးကတော့ ကျန်းမာရေးတွေလည်း ချို့ယွင်းလာပြီး စီးပွားရေးတွေလည်း ထိုးကျ သွားတယ်။ သံဃာတော်ကိုဆဲဆိုတဲ့ အကုသိုလ်က ချက်ခြင်းပြန်ပြီး မကောင်းကျိုးပေးတဲ့သဘောပါ"

"အပြစ်ကိုသိလို့ စောစောစီးစီး ပြန်ပြီး တောင်းပန်ကန်တော့လိုက်ရင် အပြစ်တွေ ကျေပျောက်ပြီး ကျန်းမာရေး၊ စီးပွားရေး နှစ်ခုလုံးပြန်ကောင်းလာနိုင်ပါတယ်။ အခုတော့ နတ်ကတော်ဟာ မာနတွေ၊ ဒေါသတွေခံပြီး သူ့အပြစ် သူမမြင်ဘူး။ ဦးပဥ္စင်းတို့အားလုံးကို မသေသေအောင် အောက်လမ်းနည်းနဲ့ ဆက်လုပ်နေတယ်"

"အဌာနမေတ်ပါဠိတော်ရဲ့ အစွမ်းကြောင့် ဦးပဥ္စင်းတို့သုံးယောက်လုံး အောက်လမ်းဘေးကလွတ်သွားပါတယ်။ နတ်ကတော်အမျိုးသမီးကြီးမှာတော့ သံဃာကိုဆဲဆိုတဲ့အကုသိုလ်ကံ၊ သူတစ်ပါးကိုအောက်လမ်းနည်းနဲ့သေအောင် ကြိုးစားတဲ့အကုသိုလ်ကံတွေကြောင့် ကုလို့မရတဲ့ ရောဂါကြီးတစ်ခုစွဲကပ်ပြီး အိပ်ယာထဲလဲတယ်"

"အသက်ကုန်ခါနီးအချိန်ကျမှ မလှတို့လင်မယားကို ခေါ်ပြီး သူကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ခွင့်လွှတ်ဖို့တောင်းပန်တယ်။ ဆဲဆိုမိတဲ့ အပြစ်တွေကျေပျောက် ဖို့ ဦးပဥ္စင်းကိုလည်း အဝေးကနေပဲ လှမ်းကန်တော့ခဲ့ကြောင်း လျှောက်ထားပေးဖို့ မလှတို့ကိုပြောတယ်။ အကယ်၍ မလှတို့ကသာ ခွင့်မလွှတ်ဘူးဆိုရင် သူအသေဖြောင့်မှာ မဟုတ်ပါဘူးတဲ့"

"မလှတို့လင်မယားကလည်း လူငယ်တွေဆိုတော့ ကိုယ့်ကိုစီးပွားပျက်ရုံမက သေသည်အထိပါလုပ်ခဲ့တဲ့ လူတစ်ယောက်ကို ချက်ခြင်းတော့ ဒေါသကြောင့် ခွင့်မလွှတ်နိုင်ဘူးဖြစ်နေတယ်၊ နတ်ကတော်ကြီးကလည်း မလှတို့ ပါးစပ်က ခွင့်လွှတ်ပါတယ်ဆိုတဲ့စကားသံကို မကြားရမချင်း မသေနိုင်ဘူး ဖြစ်နေတယ်။ ချွဲတွေလိုက်လာတဲ့အတွက် နှာခေါင်းက အသက်ရှူလို့မရတော့ဘူး။ ပါးစပ်ကပဲ တဂဲဂဲနဲ့ မောပန်းစွာ အသက်ရှူပြီး ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားသံကို စောင့်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လူနာရဲ့ အဖြစ်ဆိုးကိုမြင်ရတော့ မလှတို့လင်မယားလည်း တင်းခံမနေ တော့ပါဘူး။ ခွင့်လွှတ်ပါတယ်လို့ ပြောလိုက်ကြတယ်။ အဲဒီကျတော့မှ လူနာဟာ အသက်ကုန်သွားတယ်"

"တော်တော်အဖြစ်ဆိုးပါလား ဆရာတော်"

"အဲဒီအဖြစ်ဆိုးထဲကပဲ အဖြစ်ကောင်းလေးတစ်ခုရှိနေသေးတယ်"

"ဘယ်လိုအဖြစ်ကောင်းလဲဘုရား"

"မကောင်းတာလုပ်မိသော်လည်း ဖုံးကွယ်မထားဘဲ အပြစ်ကို ဝန်ချတောင်းပန်ရဲတဲ့ သူတော်ကောင်းစိတ်ကလေးရှိနေတာဟာ အဖြစ်ကောင်းပဲ။ ပြုမိတဲ့အပြစ်ဆိုတာ ဝန်မခံရဲရင် နှစ်ဆတိုးတက်တယ်။ ဥပမာ – ခိုးမှုတစ်ခုကို ကျူးလွန်မိတယ်ဆိုရင် အဒိန္နဒါနကံဆိုတဲ့ အပြစ်ဖြစ်သွား တာပေါ့။ ဒါကို ဝန်မခံဘဲ ထပ်ပြီး လိမ်လိုက်မယ်ဆိုရင် မုသာဝါဒကံဆိုတဲ့ အပြစ်တစ်ခု ထပ်တိုးသွားတာပေါ့"

"အရိယာသူတော်ကောင်းတွေရဲ့ အသုံးနှုန်းအရအတိုးတက်တယ်လို့ခေါ်တယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး အင်္ဂုတ္တိုရ်ပါဠိတော်မှာ အကျယ်ဟောထားတာရှိတယ်"

"တပည့်တော်မ သိပါရစေဘုရား"

"အဲဒါဆိုရင်လည်းနားထောင် အင်္ဂုတ္တိုရ်ပါဠိတော်၊ ဆက္ကနိပါတ်၊ ဣဏသုတ်ကို မူရင်းအတိုင်းဖတ်ပြမယ်"။

## ဣဏသုတ်

## ကြွေးယူခြင်းနှင့် ဆင်းရဲခြင်းခြောက်မျိုး

ကာမဂုဏ်စည်းစိမ် ခံစားသောလူတို့၌ လူမွဲဖြစ်ရခြင်းသည် ဆင်းရဲခြင်းတစ်မျိုးဖြစ်၏။ ကိုယ်ပိုင်ပစ္စည်းမရှိ၍ ကြွေးယူရခြင်းသည်လည်း ဆင်းရဲခြင်းတစ်မျိုးဖြစ်၏။ ကြွေးယူရာ၌ အတိုးပေးပါမည်ဟု အာမခံရခြင်းသည်လည်း ဆင်းရဲခြင်းတစ်မျိုး ဖြစ်၏။ အချိန်ရောက်တိုင်း အတိုးပေးရန် အတောင်းခံရခြင်းသည်လည်း ဆင်းရဲခြင်းတစ်မျိုး ဖြစ်၏။ အတိုးမပေးနိုင်၍ မကြွေးရှင်

www.burmeseclassic.com

www.burmeseclassic.com



တို့ က နောက်မှ တစ်ကောက်ကောက် အလိုက်ခံရခြင်းသည်လည်း ဆင်းရဲခြင်း တစ်မျိုး ဖြစ်၏။ အကြွေးကိုမဆပ်နိုင်၍ ဖမ်းဆီး ချုပ်နှောင်ခံရခြင်းသည်လည်း ဆင်းရဲခြင်းတစ်မျိုး ဖြစ်၏။

"အရိယာတို့၏ အဆုံးအမ၌လည်း သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာဟူသော တရားငါးပါးမရှိသူသည် လူမွဲမည်၏။ ထိုလူမွဲ၏ ကိုယ်နှုတ် စိတ်သုံးပါးဖြင့် ဒုစရိုက်မှုများကို ဖုံးကွယ်ရန်အားထုတ်ခြင်းသည် အတိုးတက် ခြင်းမည်၏။ မိမိ၏ ဒုစရိုက်မှုများကို သီတင်းသုံးဖော်တို့ကသိ၍ ကဲ့ရဲ့ပြောဆိုခံရခြင်းသည် ကြွေးတောင်း ခံရခြင်းမည်၏။ ဒုစရိုက်မှုများကို ပြုကျင့်မိသူအား ဆိတ်ငြိမ်ရာ အရပ်၌နေစဉ် နှလုံးမသာယာမှုနှင့် မကောင်း သောအကြံများ ဖြစ်ပေါ်လာရခြင်းသည် ကြွေးရှင်များနောက်မှ အလိုက် ခံရခြင်းမည်၏။ သေလွန်သောအခါ ငရဲဘုံ၊ တိရစ္ဆာန်ဘုံသို့ ရောက်ရ ခြင်းကား ဖမ်းဆီးချုပ်နှောင်မှုခံရခြင်းမည်၏။ ငရဲဘုံတိရစ္ဆာန်ဘုံသို့ ရောက်ရခြင်းသည် အရဟတ္တဖိုလ်သို့မရောက်စေရန် ဖမ်းဆီး ချုပ်နှောင် ထားသည့် ကြီးစွာသော ဖမ်းဆီးချုပ်နှောင်မှုဖြစ်သည် –တဲ့"

"ဘုရားရှင်ပေးတဲ့ ဥပမာလေးတွေက ကောင်းလိုက်တာဘုရား။ တစ်ခါ တည်း သဘောပေါက်သွားတာပဲ။ ဒါနဲ့ 'အဋ္ဌာနမေတံပါဠိတော်' အကြောင်းကို ရှေ့တုန်းက ဆရာတော်တစ်ခါပြောခဲ့ဖူးသေးတယ်။ ဒီပါဠိရဲ့ နောက်ကြောင်း အပြည့်အစုံကို သိချင်ပါတယ်ဘုရား"

"ဒီပါဠိတော်ကြီးကို လူထုရှေ့မှောက်ရောက်လာအောင်ပွဲထုတ်ခဲ့တဲ့ သူကတော့ သက်တော်ရှည်စံကင်းဆရာတော်ဘုရားကြီးပါပဲ"

"သက်တော်ဘယ်လောက်ထိ ရှည်သလဲဘုရား"

"၁၀၂– နှစ်ထိရှည်တယ်"

"တော်တော်ကိုအသက်ရှည်တာပဲ ဘုရား။ တပည့်တော်မလည်း အဲဒီလို အသက်ရှည်ချင်တယ်ဘုရား ဘယ်လိုလုပ်ရမလဲ"။

***

www.burmeseclassic.com

www.burmeseclassic.com



**ရွှေဟင်္သာဆရာတော်၏ သက်ရှည်ကျန်းမာ နည်းလေးဖြာ**

"အသက်ရှည်ကျန်းမာတဲ့ နည်းကို စံကင်းဆရာတော်ကြီးလိုပဲ အသက်တော် ၁၀၂-နှစ်ရှည်သွားတဲ့ စစ်ကိုင်းရွှေဟင်္သာဆရာတော် ဘုရားကြီး အခုလိုမိန့်တော် မူဖူးတယ်။ အသက်ရှည်ကျန်းမာချင်ရင် "လမ်းများများ လျှောက်၊ အစာနည်း နည်းစား၊ ခေါင်းအေးအေးထား၊ သောကနည်းပါစေ"တဲ့ စံကင်းဆရာတော်ကြီး ဟာ ဒီပါဠိတော်ကြီးနဲ့ သူတို့မြို့မှာဖြစ်တဲ့ ကပ်ဆိုးဘေးကြီးတွေကို ပယ်ဖျောက်စေ ခဲ့တယ်။ တစ်ခါတော့ ရောဂါဘေးကြီးတွေ ကျရောက်လာလို့ လူတွေ တအား သေကြတယ်။ ပရိတ်ရွတ်တာတောင် တော်တော်နဲ့မနိုင်ဘူးဖြစ်နေတယ်။ ဒါ့ကြောင့် စံကင်း ဆရာတော်က အဌာနမေတ်ပါဠိကိုပါထည့်ပြီး သံဃာတော်များကို ရွတ်စေတယ်"

"အဌာနမေတ်ပါဠိတော်ကြီးကိုရွတ်မှပဲ သေခါနီးလူနာတွေဟာ ရောဂါတွေ ပျောက်ကင်းပြီး အသက်ချမ်းသာရာပြန်ရသွားကြတယ်။ ကပ်ရောဂါဘေးကြီးလည်း ပျောက်ကင်းသွားတယ်။ ဆရာတော်ကြီးဟာ အဌာနမေတ်ပါဠိတော်နဲ့ အတူ တစ်ခြားဂါထာသုံးဂါထာကို လူလာတိုင်း နေ့စဉ်ရွတ်ဖတ်ဖို့ တိုက်တွန်း လေ့ရှိတယ်"

"ဆရာတော်ကြီးကိုယ်တိုင် အသက်ရှည်ကျန်းမာစွာနဲ့ သာသနာပြုနိုင်တာဟာ ဒီပါဠိတော်လေးပုဒ်ကြောင့်ပဲလို့ ယုံကြည်တယ်။ ဒါ့ကြောင့် ဆရာတော် ရဲ့စံကင်းရွာမှာ လေးထောင့်ကျောက်တိုင်ကြီး တစ်တိုင်စိုက်ပြီး ဒီပါဠိတော်လေးပုဒ်ကို ရေးထားတယ်။ နေ့တိုင်းမရွတ်ဖြစ်တောင် ကျောက်တိုင်ရှိရာ ရောက်လာလို့ တစ်နေ့တစ်ခါရွတ်လည်း အကျိုးမနည်း ဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီကျောက်တိုင်ကြီး ကိုစိုက်ခဲ့တာပါ"

"ဒီပါဠိတော်လေးပိုဒ်နဲ့ လိုရင်းအချုပ်မြန်မာပြန်ကို တပည့်တော်မရချင်ပါတယ်ဘုရား"။

**စံကင်းဆရာတော်၏ သက်ရှည်ကျန်းမာ လေးဂါထာ**

"ရရှမှာပေါ့၊ ကျောက်စာရဲ့ပထမမျက်နှာက -

**ပါဠိ-အဌာန မေတ် ဘိက္ခဝေ အနဝကာသော၊**

www.burmeseclassic.com



ယံ ပစ္စုပန္နမေန တထာဂတံ ဝိဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

(မြန်မာ)။ ။ ရဟန်းတို့ သူတစ်ပါးတို့၏ လုံ့လပယောဂဖြင့် ဘုရားရှင်တို့အား ဇီဝိတိန္ဒြေမှ ချခြင်းမည်သည် မဖြစ်နိုင်၊ (လုပ်ကြံသတ်ဖြတ်၍ရခြင်းဟူ သည် မဖြစ်နိုင်ဟုဆိုလို) "ရဟန်းတို့ ဘုရားရှင်တို့သည် သက်တမ်းအစဉ် အတိုင်း နေ၍ မိမိအလိုလိုသာလျှင် ပရိနိဗ္ဗာန်ဝင်စံကြကုန်၏ ။ ဤ မှန်ကန်သော သစ္စာ စကားကြောင့် ငါ့အား အမြဲတမ်း ကျန်းမာခြင်း ချမ်းသာခြင်း ဖြစ်ပါစေ" တဲ့။

ဒုတိယမျက်နှာက –

ပါဠိ– ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရာနုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

(မြန်မာ)။ ။ "နေမင်းသည် နေ့အခါ၌သာလျှင် တင့်တယ်၏ ။ လမင်းသည် ညအခါ၌ သာလျှင်တင့်တယ်၏ ။ ပြည့်ရှင်မင်းသည်မင်းမြောက် တန်ဆာ ဆင်ယင်သော အခါ၌သာလျှင် တင့်တယ်၏ ။ ရဟန္တာပုဂ္ဂိုလ်သည် ဈာန် သမာပတ် ဝင်စားသော အခါ၌သာလျှင် တင့်တယ်သပ္ပါယ်၏ ။ ဘုရားရှင် သည် သီလ၊ သမာဓိ၊ ပညာ၊ ပုည၊ ဓမ္မဟူသော တရားငါးမျိုးတို့ဖြင့် နေ့ရော ညပါ အမြဲတမ်းတင့်တယ်၏ ။ ထိုသို့ တန်ခိုးတော် အနန္တနှင့် ပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



တော်မူသော မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပါ၏။ ဤသို့ ရှိခိုး ရသောတန်ခိုးတဇော်အာနုဘော်ကြောင့် အကြံအစည်မှန်သမျှ အလုံးစုံ ပြည့်ဝရပါလို၏" တဲ့ –

တတိယမျက်နှာက –

(ပါဠိ) နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံ ဒဒ။

(မြန်မာ)။ ။ အာဇာနည်ယောကျ်ားဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုး ပါ၏။

မြင့်မြတ်သောယောကျ်ားဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

သတ္တဝါတို့ကို သံသရာမှ ကူးမြောက်ကယ်တင်တတ်သောမြတ်စွာဘုရားအား ရှိခိုးပါ၏။

မသေရာနိဗ္ဗာန်ကို ပေးတော်မူတတ်သော မြတ်စွာဘုရားအား ရှိခိုးပါ၏ – တဲ့။

စတုတ္ထမျက်နှာက –

ပါဠိ– ယေစ ဗုဒ္ဓါ အတီတာ စ၊
ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

(မြန်မာ)။ ။ ပွင့်တော်မူပြီးသမျှသော ဘုရားရှင်အားလုံးတို့အား လည်းကောင်း၊ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်အားလုံးတို့အား လည်းကောင်း၊ ပွင့်တော်မူဆဲ ဘုရားရှင်အားလုံးတို့အားလည်းကောင်း တပည့်တော်သည် အခါခပ်သိမ်း ရှိခိုးပါ၏ တဲ့"

"အဋ္ဌာနမေတံပါဠိတော်နဲ့ ပတ်သက်ပြီး လက်တွေ့ဖြစ်ရပ်လေးတွေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ရှိသေးသလားဘုရား"။

## အဋ္ဌာနမေတ်နှင့် ပယောဂရန်

"အများကြီးရှိတာပေါ့။ စိတ်ဝင်စားစရာ တစ်ခုလောက်ပြောပြမယ်။ ကျောင်းသားတစ်ယောက်ဟာ မြို့ကြီးတစ်မြို့ကို စာသင်ရအောင် ထွက်လာခဲ့တယ်။ စာသင်ရင်း ကျောင်းသားတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ကြတယ်။ နှစ်ယောက်လုံး စာကြိုးစားကြလို့ နှစ်ယောက်လုံးအတန်းထဲမှာ အတော်ဆုံးဖြစ် နေကြတယ်။ ဒါပေမယ့် ပထမကျောင်းသားက ဒုတိယကျောင်းသားထက် ဉာဏ်ပိုကောင်းတော့ အမြဲတန်းသူချည်း ပထမရနေတယ်"

"ဒုတိယကျောင်းသားက သူ့ကို ဘယ်လိုမှမမှီနိုင်အောင် ဖြစ်နေ တယ်။ ဒီအကြောင်းကိုသိသွားတဲ့ ဒုတိယကျောင်းသားရဲ့မိဘများက စာမေးပွဲနီးတဲ့အချိန်မှာ ပထမကျောင်းသားစာကျက်မရအောင် စုန်းမ တစ်ယောက်ကို ပြုစားခိုင်းတယ်။ စုန်းမက ခိုင်းတဲ့အတိုင်း ပထမ ကျောင်းသားကို ဗိုက်နာအောင်လုပ်ပြီး ပြုစားတယ်။ အံ့သြစရာ ကောင်းတာက အဲဒီလိုပြုစားလိုက်တာနဲ့ ပထမကျောင်းသားက ဘာမှမဖြစ်ဘဲ ပြုစားတဲ့ စုန်းမသာ ဗိုက်နာလာပြီး ဘာဆေးနဲ့မှ ကုမရပဲ ကြမ်းပြင်ပေါ် လူးလှိမ့်နေရတယ်"

"စုန်းမပါးစပ်ကလည်း တစ်တွတ်တွတ်ပြောနေတယ်။ ပထမ ကျောင်းသားကို ရအောင်ခေါ် ပေးပါ။ ပထမကျောင်းသားက ခွင့်လွှတ် ပါတယ်လို့ ပြောမှ သူ့ဗိုက်နာ ရောဂါဟာပျောက်မှာ၊ ပထမကျောင်းသားထံမှာ ပယောဂ ပြုစားလို့မရတဲ့ အဆောင် ရှိနေပါတယ်လို့ ဇွတ်ပြောနေတာနဲ့ ပထမကျောင်းသားကို တောင်းပန်ပြီး ခေါ် လာခဲ့ရတယ်"

"ပထမကျောင်းသားကိုတွေ့တာနဲ့ စုန်းမက သူများခိုင်းလို့ ပြုစားမိတာကို ခွင့်လွှတ်ပါ။ ငါ့တူလေးခွင့်လွှတ်မှ အဒေါ် ရောဂါဟာ ပျောက်မှာပါလို့ တောင်းပန်တာကြောင့် ပထမကျောင်းသားကလည်း ခွင့်လွှတ်ပါတယ်လို့ ပြောလိုက်တယ်။ ဒီလိုပြောလိုက်တာနဲ့ စုန်းမရဲ့ ဗိုက်နာရောဂါဟာ လက်နဲ့ ယူပစ်သလို ချက်ချင်း ပျောက်သွားတယ်"

"အဲဒီတော့မှ စုန်းမကပြောသတဲ့။ ငါ့တူဆီမှာ ပယောဂလုပ်မရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆောင်တစ်ခုရှိနေတယ်တဲ့။ ဒီတော့ကျောင်းသားကလည်း မရှိပါဘူး။ အဆောင်တွေ၊ အင်းတွေ၊ ခါတ်လုံးတွေ သူဝါသနာမပါပါဘူးလို့ ငြင်းသတဲ့။ ဒါပေမယ့် စုန်းမကလည်း အတိအကျပဲ ပြောနေတယ်။ ပယောဂ ကာကွယ်တဲ့ အဆောင်ရှိပါတယ်။ သေချာရှာကြည့်ပါ။ အဲဒီအဆောင်ရှိလို့ သူပြုစားလို့မရပဲ ပြုစားတဲ့သူသာ ပြန်ခံရတာပါလို့ ဆက်ရှင်းပြတာနဲ့ ကျောင်းသားလည်း ကျောင်းပြန် ရောက်တဲ့ အခါ သေချာပြန်စဉ်းစား သတဲ့"

"အဲဒီတော့မှ ကျောင်းတက်လာခါနီး ဆရာဘုန်းကြီးက ပါဠိတော် တစ်ခုကို စာရွက်နဲ့ရေးပေးပြီး အလွတ်ကျက်ပြီး ရွတ်ဖတ်ပါ အလွတ်မကျက် နိုင်သေးရင် ကြည့်ဖတ်ပါ။ ဒါမှအချိန်မရသေးရင်တော့ ဒီစာရွက်ကို ခေါင်းအုံးထဲမှာ ထည့်ထားပါလို့ မှာလိုက်တာကို ပြန်သတိရလာတယ်၊ ဒါနဲ့ ခေါင်းအုံးကို ပြန်ဖောက်ကြည့်တဲ့အခါ အဋ္ဌာနမေတ်ပါဠိတော်ကို စာရွက်နဲ့ ရေးထားတာကို တွေ့ရတော့တာပါပဲ"

"ဒီပါဠိတော်ဟာ ပယောဂရန်ကို ကာကွယ်တဲ့အပြင် တစ်ဖက်က ရပ်မသွားပဲ ဆက်လုပ်နေရင် သူလုပ်တဲ့အတိုင်း ပြန်ထိသွားတတ်တဲ့ သတ္တိရှိ နေလို့ တန်ပြန်သဘောမျိုးလို့ စံကင်းဆရာတော်ကြီးက မသုံး စေချင်ဘူး။ သုံးလည်း မသုံးသင့်ဘူး။ ဒါ့ကြောင့် ဒီအဋ္ဌာနမေတ်ကို ရွတ်တော့မယ်ဆိုရင် ဦးစွာ မေတ္တာ ပို့ပါဦးလို့ ဆရာတော်ကြီးက မှာလေ့ရှိတယ်၊ တစ်ဖက်ရန်သူကို ပြန်မထိခိုက်အောင် မေတ္တာပွားခိုင်းတာပါပဲ"

"ဒီ အဋ္ဌာနမေတ် ပါဠိတော်ကို မြတ်စွာဘုရားက ဘာအကြောင်း ကြောင့် ဟောခဲ့တာလဲဘုရား"

"အမိုးက မေးတတ်သားပဲ။ ဟုတ်တယ်၊ အဋ္ဌာနမေတ် ရွတ်ဖတ်တဲ့ သူဟာ ဒီအကြောင်းတွေကို သိသင့်တယ်။ အရှင်ဒေဝဒတ်ဟာ အရင် တုန်းက ဈာန်အဘိညာဉ်အထိတောင်ရတဲ့ ရဟန်းကောင်းတစ်ပါးပဲ။ ဒါပေမယ့် သိပ်ဘုန်းကြီးချင်တယ်၊ သိပ်ကျော်ကြားချင်တယ်၊ သိပ်ပြီး လာဘ်လာဘ ပေါများချင်တယ်။ ဒီအချက်သုံးချက်ဟာ ဘုရားရှင်ထံမှာ

www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝရှိ နေတယ်"

"ဘုရားရှင်ကို ဖယ်ရှားပစ်ပြီး ဘုရားရှင်နေရာကို ယူလိုက်ရင် ငါဟာ အလိုလိုဘုန်းကံကြီးမားပြီး ကျော်ကြားတဲ့ ပုဂ္ဂိုလ်ဖြစ်လာမှာပဲ လို့တွေးပြီး အဇာတသတ်မင်းသားလေးကို အဘိညာဉ်တန်ခိုးနဲ့ သွေးဖက် ပါအောင် စည်းရုံး လိုက်တယ်။ စည်းရုံးလို့ ရသွားတဲ့အခါ မင်းက မင်းအဖေကို သတ်ပြီး ဘုရင်ဖြစ်အောင်လုပ်၊ (ငါကလည်းဘုရားရှင်ကိုသတ်ပြီး ဘုရားဖြစ်အောင် လုပ်မယ်)လို့ အကြံပေးတော့တာပဲ"

ဒါကြောင့် မစိုးရိမ်တိုက်သစ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသ မထေရ်မြတ်ကြီးက အခုလို ဩဝါဒပေးတော်မူဖူးတာပေါ့ ....။

## ဘုန်းကြီးချင်စိတ်သည် ယုတ်မာသောစိတ်

"အရှင်ဘုရားတို့ ဘုန်းမကြီးချင်ကြနဲ့ ဘုန်းကြီးချင်တဲ့စိတ်ဟာ ယုတ်မာတဲ့ စိတ်ပဲ။ ဘာ့ကြောင့်လည်းဆိုတော့ ဘုန်းကြီးချင်တယ်ဆိုတာ လာဘ၊ သက္ကာရ၊ သိလောကကို လိုချင်တာပဲ။ လိုချင်တာဟာ လောဘ စိတ်ပဲ၊ လောဘစိတ်ဟာ အကုသိုလ်စိတ်ဖြစ်တဲ့အတွက် ယုတ်မာတဲ့စိတ်လို့ ပြောရ တာပဲ။ အရှင်ဒေဝဒတ်ကြီး ဘုရားရှင်ကို သေကြောင်းကြံတာ၊ သံဃာသင်းခွဲ တာဟာ ဘာအတွက်ကြောင့်လဲဆိုရင် ဘုန်းကြီးချင်တဲ့အတွက်ကြောင့်ပဲ၊ အခုအဲဒီဘုန်းကြီး ချင်တဲ့စိတ်ကြောင့် အရှင်ဒေဝဒတ်ဟာ အဝီစိငရဲမှာ ခံနေရပြီ။ ဒီအချက်ကြောင့်လည်း ဘုန်းကြီးချင်တဲ့စိတ်ကို ယုတ်မာတဲ့စိတ်လို့ ပြောရတာပဲ။ စာပေကို ကြိုးစားလို့၊ တရားကို ကြိုး စားလို့ သူ့ဖာသာ ဘုန်းကြီးချင်ကြီးပါစေ၊ ဒါက အပြစ်မရှိဘူး၊ ဘုန်းကြီးချင်လို့ စာပေကို ကြိုးစားတာ၊ တရားကို ကြိုးစားတာမျိုးတော့ မဖြစ်သင့်ဘူး –တဲ့"

"တော်တော်နက်နဲတယ်ဘုရား တပည့်တော်မတော့ လိုက်လို့မမှီဘူး"

"ရဟန်းတွေအတွက်ပြောတာဆိုတော့ ရဟန်းတွေပဲနားလည်မှာပေါ့။ ရှင်ဒေဝဒတ်အကြံပေးတဲ့အတိုင်း အဇာတသတ်ဟာ ဖခင်ဗိမ္ဗိသာရ မင်းကို သတ်ပြီး ဘုရင်လုပ်တယ်။ ရှင်ဒေဝဒတ်ကလည်း ဘုရားရှင်ကို သုံးကြိမ်နိုင် ဝံအောင် သေကြောင်းကြံတယ်။ ပထမမှ္ဘားသမားတွေကို လွှတ်ပြီး လုပ်ကြံ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတယ်။ မအောင်မြင်ဘူး။ မြားသမားအားလုံး တရားရှင်တွေ ဖြစ်သွားတယ်"

"ဒုတိယ နာဠာဂီရိဆင်ကို အရက်တိုက်ပြီး နင်းသတ်ခိုင်းပြန်တယ်။ ဒါလည်း မအောင်မြင်ဘူး။ နောက်ဆုံး အရှင်ဒေဝဒတ်ကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ပေါ် ကနေ မြတ်စွာဘုရားကိုယ်ပေါ် ကို ကျောက်မောင်း ဆင်ချတယ်။ ဒါလည်း မအောင်မြင်ဘူး။ အခုလိုဒေဝဒတ်က သုံးကြိမ်တိုင်တိုင် လုပ်ကြံသတ်ဖြတ်လာတဲ့အခါ ရဟန်းတော်တွေဟာ ဘုရားရှင်အတွက် အလွန်အမင်း စိုးရိမ်လာကြတယ်"

"ဒါကြောင့် ဘုရားရှင်သီတင်းသုံးတဲ့ ကျောင်းဆောင်ဘေးမှာ ရဟန်းတွေဟာ ဝိုင်းပြီးနေထိုင်ကြတယ်။ ဒီအကြောင်းကိုသိသွားတဲ့ ဘုရားရှင်က အဋ္ဌာနမေတံ အစရှိတဲ့စကားကို မိန့်တော်မူတာပါပဲ။ ဘုရားရှင်တို့ရဲ့ အသက်ကို မည်သူမှလုပ်ကြံ သတ်ဖြတ်လို့မရဘူး။ ပူမနေကြနဲ့၊ ကိုယ့်နေရာကိုယ်ပြန်ပြီး ကိုယ့်တရားအလုပ်ကိုယ် လုပ်ကြဆိုတဲ့ အဓိပ္ပါယ်မျိုးပါ"

"အရှင်ဒေဝဒတ်ဟာ ဘုရားရှင်ကို သေကြောင်းကြံမရတော့ နောက်ထပ် ဘာဆက်လုပ်သေးလဲဘုရား"

"နောက်ထပ် ဘုရားထံမှာ အချက်ငါးချက်တောင်းပြီး သံဃာသင်းခွဲတယ်၊ သူတောင်းတဲ့အချက်ငါးချက်က –

ရဟန်းတွေဆွမ်းခံသာ စားပါစေ။ ပို့ဆွမ်း, ပင့်ဆွမ်းမစားပါစေနဲ့။ ပံ့သကူ သင်္ကန်းကိုသာ ဝတ်ရုံပါစေ။ လှူသောသင်္ကန်းကို မဝတ်ပါစေနဲ့။ တောမှာသာ နေပါစေ။ မြို့မှာမနေပါစေနဲ့။ သစ်ပင်အောက်မှာသာ နေပါစေ။ အသင့် ဆောက်ထားသောကျောင်းမှာ မနေပါစေနဲ့။ အသားလွတ် သာ စားပါစေ။ အသားဟင်း, ငါးဟင်းကို မစားပါစေနဲ့။ ထိုအတိုင်း မလိုက်နာသော ရဟန်းအား အပြစ်သင့်စေဟူ၍ အာပတ်ပညတ်ပေးပါလို့ ဗုဒ္ဓထံတောင်းဆိုတယ်"

"ဗုဒ္ဓက အာပတ်ပညတ်ပြီး တားမြစ်လိုက်ရင် သာသနာပျက်စီးမှာကိုမြင်တဲ့အတွက် ငါးချက်လုံးကို ခွင့်မပြုပဲ ပယ်ချလိုက်တယ်၊ ရှင်ဒေဝဒတ်

www.burmeseclassic.com



ကလည်း ဒါကိုမြင်ပြီးသား ငါကတော့ ဒီငါးချက်အတိုင်း ပညတ်ပြီး အုပ်ချုပ်မယ်။ ငါ့ကို ကြည်ညိုတဲ့ရဟန်းများ ငါ့နောက်ကို လိုက်ခဲ့ကြဆိုပြီး သံဃာတွေကို စည်းရုံးတယ်။ အသိဉာဏ်နည်းပါးတဲ့ ရဟန်းငယ်ငါးရာဟာ အရှင်ဒေဝဒတ်ကို အထင်ကြီးပြီး လိုက်သွားကြတယ်"

"ဒီအခါမှာ မြတ်စွာဘုရားက ဘုန်းကြီးချင်တဲ့သူများအတွက် အခုလို ဥပမာလေးမျိုးနဲ့ သတိပေးတရားဟောကြားခဲ့တယ်။"

ဝါးပင်ဟာ ဝါးသီးကြောင့် သေကြေပျက်စီးရသလို၊ ကျူပင်ဟာ ကျူသီးကြောင့် သေကြေပျက်စီးရသလို၊ ငှက်ပျောပင်ဟာ ငှက်ပျောသီးကြောင့် သေကြေပျက်စီးရသလို၊ အဿတိုရ်မြင်းမဟာ အာဇာနည်မြင်း သန္ဓေကြောင့် သေကြေပျက်စီးရသလို၊ ဒေဝဒတ်ဟာလည်း လာဘ၊ သက္ကာရ၊ သိလောကကို လိုချင်တဲ့လောဘကြောင့် သေကြေပျက်စီးပြီး အဝီစိငရဲမှာ နစ်မွန်းရမယ်ဆိုတဲ့ ဟောကြားချက်ကို ဘုန်းကြီးအောင်၊ ထင်ပေါ်ကျော်ကြားအောင် နည်းမျိုးစုံနဲ့ အားထုတ်နေကြတဲ့ ရဟန်းတော်တွေ သတိပြုသင့်တယ်။ နောက်ပြီးတော့ အဲဒီလို လာဘ်လာဘ မက်မောတဲ့ရဟန်းကို အတူနေ သီတင်းသုံးဖော်တွေက မကြည်ညိုကြတဲ့ အကြောင်းကိုလည်း အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ ဓနဝဂ်၊ ပဌမပိယသုတ်မှာ အခုလိုဟော ထားတယ်"။

## အတူနေများ မချစ်အပ်သူနှင့် ချစ်အပ်သူ

ရဟန်းတို့ ခုနစ်ပါးသောတရားတို့နှင့် ပြည့်စုံသောရဟန်းသည် သီတင်းသုံးဖော်များ မချစ်အပ်သူ၊ မနှစ်သက်အပ်သူ၊ အလေးမပြုအပ်သူ၊ စိတ်နှလုံးကို မပွားစေသူဖြစ်၏။ အဘယ်တရားခုနစ်ပါးတို့နည်း ဆိုသော်-

၁။ လာဘ်ကို အလိုရှိခြင်း၊
၂။ အရိုအသေပြုမှုကို အလိုရှိခြင်း၊
၃။ ထင်ရှားကျော်ကြားမှုကို အလိုရှိခြင်း၊
၄။ ရှက်တတ်မှုမရှိခြင်း၊
၅။ ကြောက်တတ်မှုမရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၆။ ယုတ်မာသောအလိုရှိခြင်း၊

၇။ မှားသောအယူရှိခြင်းတို့ဖြစ်၏–တဲ့ ။

အပြန်အလှန်အားဖြင့် လာဘ်ကိုအလိုမရှိခြင်းစတဲ့ အင်္ဂါ ၇– ချက်နဲ့ ညီတဲ့ ရဟန်းဆိုရင် သီတင်းသုံးဖော်တွေက ချစ်ခင်ကြမယ်၊ နှစ်သက်ကြမယ်လို့ ဆက်ပြီး ဟောထားတယ်။ ဒီအချက် ၇–ချက်နဲ့ ညီညွတ်နေလို့လည်း သီတင်းသုံးဖော် ရဟန်းတွေက အခုအချိန်တိုင်အောင် အရှင်ဒေဝဒတ်အပေါ် မှာ မချစ်ခင် မနှစ်သက်ကြတာပေါ့"

"အရှင်ဒေဝဒတ်နောက်လိုက်သွားတဲ့ ရဟန်းငါးရာက နောက်ပိုင်းဘာဖြစ်သွားသေးလဲဘုရား"

"ဗုဒ္ဓရဲ့ စေခိုင်းချက်အရ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့က နောက်ကလိုက်သွားတယ်။ အဲဒီအချိန်မှာ အရှင်ဒေဝဒတ်က ရဟန်းငါးရာကို တရားဟောနေတယ်။ အဂ္ဂသာဝကနှစ်ပါး လာနေတာကို မြင်သွားတဲ့ ဒေဝဒတ်ရဲ့တပည့် ကောကာလိကက ဒေဝဒတ်ကို သတိပေးတယ်။ အရှင်ဒေဝဒတ်၊ အဂ္ဂသာဝကနှစ်ပါးကို သတိထားပြီး ဆက်ဆံပါတဲ့"

"ဒေဝဒတ်က ဘဝင်မြင့်နေတော့ ကောကာလိက ပြောတာကို ဂရုမစိုက်ဘူး။ အဂ္ဂသာဝကနှစ်ပါးဟာ ဘုရားထက်သူ့ကို ပိုကြည်ညိုလို့ လိုက်လာတယ် ထင်ပြီး ခရီးဦးကြိုဆိုနေရာပေးတယ်။ အရှင်သာရိပုတ္တရာတို့ ထိုင်ပြီးတဲ့အချိန်မှာပဲ အရှင်သာရိပုတ္တရာကို တရားဆက်ဟောခိုင်းပြီး သူကခါးညောင်းလို့ဆိုပြီး လဲလျောင်းလိုက်တယ်။ ဒါဟာ ဘုရားရှင်ရဲ့ အပြုအမူကို ခိုးယူတာပဲဖြစ်ပါတယ်။ ခေတ္တလဲလျောင်းတယ်သာပြောတယ် သီလသမာဓိမရှိတော့ အရှင်ဒေဝဒတ်ဟာ ခေတ္တနဲ့ အိပ်မောကျသွားတယ်၊ အရှင်သာရိပုတ္တရာက တရားကို ဆက်ဟောပြတဲ့အခါ ရဟန်းသစ် ငါးရာဟာ အမြင်မှန်တွေရပြီး အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့နဲ့အတူ ဘုရားရှင်ထံ အားလုံးပြန်လိုက်သွားကြတယ်"

"ဒါကိုတွေ့လိုက်ရတဲ့ ကောကာလိကဟာ အရှင်ဒေဝဒတ်ကို ဒေါသတော်ကြီး စိတ်ဆိုးသွားတယ်၊ ငါပြောနေတဲ့ကြားထဲက အဂ္ဂသာဝကနှစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ကိုလက်ခံပြီး တရားဟောစေတဲ့အတွက် ရဟန်းသစ်တွေ ဘုရားရှင်ထံ ပြန်ပါသွားပေါ့လို့ ပြောရင်း အရှင်ဒေဝဒတ်ရဲ့တစ်ကိုယ်လုံးကို ဖနောင့်နဲ့ ပေါက်ပါတယ်။ ဖနောင့်ဒဏ်ကြောင့် အရှင်ဒေဝဒတ်ဟာ ပါးစပ်က သွေးပွက်ပွက် အန်ထွက်လာတယ်"

"သွေးအန်ပြီးသေခါနီးအချိန်ကျမှ သူ့အပြစ်တွေကို ပြန်တွေးပြီး နောင်တရတယ်။ သူမဟုတ်တာ ဘာပဲလုပ်လုပ် ဗုဒ္ဓကအမြဲ သည်းခံခဲ့တာကိုတွေးပြီး အရှင်ဒေဝဒတ် မျက်ရည်မဆည်နိုင်အောင် ဖြစ်ရတယ်။ ဒါ့ကြောင့်လည်း သေခါနီးအချိန်မှာ ကန်တော့မယ်ဆိုပြီး ဘုရားထံ ရောက်အောင်သွားတယ်။ ဒါပေမယ့် မရောက်ပါဘူး။ ဇေတဝန်ကျောင်း မရောက်ခင်တစ်နေရာမှာပဲ မြေမျိုပြီးအဝီစိ ငရဲကျသွားတယ်"

"အဋ္ဌာနမေတံပါဠိတော်အကြောင်း ဒီလောက်သိရရင် ကျေနပ်ပါပြီဘုရား။ ဒီသံဃာတော်တွေကို ဆည်းကပ်ကိုးကွယ်လှူဒါန်းရင် လက်တွေ့ကောင်းကျိုး ရပုံတွေကိုလည်း ဆက်သိချင်ပါသေးတယ်ဘုရား"

"ဒီအချက်နဲ့ပတ်သက်ပြီး သိစရာတွေ အများကြီးထဲက စိတ်ဝင်စားစရာကောင်းတဲ့ အချက်တွေကိုရွေးပြီး ပြောပြမယ်။ ဗုဒ္ဓလက်ထက်က မောင်ပုဏ္ဏနဲ့ ဘာရိတာလို့ အမည်ရတဲ့ သူဆင်းရဲဇနီးမောင်နှံရှိကြတယ်။ သူတို့မှာ ဥတ္တရာအမည်ရှိတဲ့ သမီးလေးတစ်ယောက်လည်းရှိတယ်။ ဆင်းရဲလွန်းလို့ ကိုယ်ပိုင်အိမ်မရှိဘဲ သူတစ်ပါးအိမ်ဘေးမှာ အဖီလေးချပြီး နေကြရတယ်"

"တစ်နေ့တော့ နိရောဓသမာပတ်ကထလာတဲ့ အရှင်သာရိပုတ္တရာက သူတို့လင်မယားကို ချီးမြှောက်တဲ့အနေနဲ့ နံနက်စောစောအချိန်မှာ လယ်ထွန်နေတဲ့ မောင်ပုဏ္ဏရှေ့မှာ သပိတ်ပိုက်ပြီးရပ်တယ်။ မောင်ပုဏ္ဏကလည်း စောစောစီးစီး ဆိုတော့ တခြားလောင်းလှူစရာလည်း မရှိတာနဲ့ မျက်နှာသစ်ရေရယ်၊ ဒန်ပူရယ်ကို လှူလိုက်တယ်။ ဒန်ပူဆိုတာ သွားတိုက်တံသဘောမျိုး အသုံးပြုရတဲ့ တမာသားတို့၊ မန်ကျည်းသားတို့ကို အချောင်းလေးတွေ လုပ်ထားတာမျိုးကို ပြောတာပါ။ ရှေးခေတ်က သွားတိုက်တံတို့ သွားတိုက်

www.burmeseclassic.com



ဆေးတို့မရှိတော့ ဒန်ပူ ချောင်းကိုဝါးပြီး ထွက်လာတဲ့ အရည်နဲ့ သွားသန့်ရှင်းခိုင်မာရေးအတွက် အသုံးပြုကြတယ်"

မှတ်ချက်။ ။နိရောဓသမာပတ်ဟူသည် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်နေပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနေခြင်းပင် ဖြစ်၏။ နိရောဓ သမာပတ်ကို ၇–ရက်ထိ ဝင်စားနိုင်၏။ ထိုသို့ဝင်စားနေချိန်အတွင်း စားခြင်း၊ သောက်ခြင်း၊ ယိုခြင်း၊ ပေါက်ခြင်း မရှိတော့ချေ။ ၇– ရက်တိတိ မည်သည့် အစားအစာမျှ မစားရသဖြင့် ပါစကဝမ်းမီးသည် အစာအိမ်ကို ပြင်းစွာ လောင်မြိုက်လျက်ရှိ၏။ ထို့ကြောင့် နိရောဓသမာပတ်မှ ထလာလာချင်း ဆွမ်းလောင်းမည့်သူမရှိ၍ မဘုဉ်းပေးရလျှင် တစ်ခဏခြင်း ပရိနိဗ္ဗာန်ဝင်စံရ၏။ နိရောဓသမာပတ်မှ ထလာစအချိန်သည် ဆွမ်းကို အလွန်လိုအပ်လျက်ရှိသောအချိန် ဖြစ်ခြင်းကြောင့် ထိုအချိန်မျိုးတွင် လှူခွင့်ရသောသူများသည် ယခုဘဝမှာပင် ချမ်းသာသွားတတ်ကြ၏။ ဓမ္မပဒအဋ္ဌကထာတွင် ဒါနတစ်ခု ယခုဘဝ ကောင်းကျိုးရရန် အင်္ဂါလေးချက်ထုတ်ပြထား၏။ ထိုအင်္ဂါတို့ကား –

၁။ အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ရဟန္တာ၊ အနာဂါမ်ပုဂ္ဂိုလ်တို့တွင် တစ်ဦးဦးဖြစ်ခြင်း၊

၂။ ထိုပုဂ္ဂိုလ်များသည် နိရောဓသမာပတ်မှ ထလာကာစဖြစ်ခြင်း၊

၃။ အလှူပေးပုဂ္ဂိုလ်သည် မလှူခင်၊ လှူဆဲ၊ လှူပြီး စေတနာသုံးတန်လုံး ထက်သန်ကောင်းမွန်ခြင်း၊

၄။ လှူဘွယ်ဝတ္ထုသည် ဓမ္မိယလဒ္ဓတရားသဖြင့် ရရှိလာတာ ဖြစ်ခြင်း တို့ပင်တည်း။

"လင်ဖြစ်သူထံက ရေနဲ့ဒန်ပူအလှူခံပြီးတဲ့အခါ ထမင်းလာပို့တဲ့ မယား ဖြစ်သူထံကလည်း ဆွမ်းကိုခံယူတယ်။ ဘာရိတာကလည်း စေတနာအပြည့်နဲ့ ဆွမ်းနဲ့ ဟင်းတွေကို အကုန်လောင်းလှူပြီး နောက်တစ်ကြိမ်ပြန်ချက်တယ်။ လင်မယား နှစ်ယောက်လုံး တစ်ယောက်အလှူတစ်ယောက် ဝမ်းသာအားရဖြစ်ပြီး သာဓုခေါ်ကြတယ်။ တစ်ယောက်ရဲ့ အလှူကို ကျန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဝမ်းသာမှုလည်း လင်မယားနှစ်ယောက်စလုံး ကုသိုလ် အတူတူရတယ်"

"ဒါနဲ့ပတ်သက်ပြီး မှတ်သားစရာဖြစ်ရပ်လေးနှစ်ခုကို သတိရတုန်း ပြောပြဦးမယ်။ ပထမတစ်ခုက အခုသိကြားမင်းဖြစ်နေတဲ့ ဦးမာဃရဲ့ အတိတ် လူ့ဘဝက ဇနီးတစ်ယောက်အကြောင်းပေါ့။ ဦးမာဃတို့ လူ့ဘဝက ဖြစ်စဉ်အခါတုန်းက သာသနာပအခါပါ။ ကုသိုလ်တရား အကြောင်းတွေကို သွန်သင် ညွှန်ပြပေးမယ့်သူ မရှိပါဘူး။ ဦးမာဃနဲ့ မိတ်ဆွေအပေါင်းအပါ ၃၃–ယောက်ဟာ ကောင်းကျိုးရှိမယ် လို့ထင်ရတဲ့ အလုပ်တွေကိုမှန်းပြီး လုပ်ကြရတယ်"

"လမ်းဖောက်၊ တံတားပြင်၊ ဇရပ်ဆောက်၊ သစ်ပင်စိုက်၊ ရေအိုးစင် တည် စသည်ဖြင့် ကုသိုလ်လို့ထင်ရတဲ့ အရာမှန်သမျှ အကုန် လျှောက်လုပ် ကြတယ်။ ဦးမာဃမှာ ဇနီးလေးယောက်ရှိတယ်။ သုဇာအမည်ရှိတဲ့ ဇနီးမှတစ်ပါး ကျန် ဇနီးသုံးယောက်က ကုသိုလ်ပြုတဲ့နေရာမှာ တတ်နိုင်တဲ့ ဘက်က ပါဝင်ကူညီ လှူဒါန်းကြတယ်"။

## သုဇာတာ ဗျိုင်းမ ဖြစ်ရခြင်းအကြောင်း

"သုဇာတာကတော့ လင်ကုသိုလ်လုပ်ရင် မယားက အလိုလိုရတာပဲ။ ဘာမှ ဝိုင်းကူလုပ်စရာမလိုပါဘူးလို့ ယူဆပြီး ကုသိုလ်အလုပ်တွေမှာ ဘာမှ အကူအညီ မပေးဘဲ အလှပြင်ရင်းပဲ အချိန်ကုန်ပြီး သေဆုံး သွားတယ်။ အားလုံးကွယ် လွန်ကြတဲ့အခါ ကျန်တဲ့ ဇနီးသုံး ယောက်က ဦးမာဃတို့နဲ့ အတူ နတ်ပြည်မှာ နတ်သမီးတွေလိုက်ပြီး ဖြစ်ကြတယ်"

"အလှပြင်ရင်း ဘဝဆုံးသွားခဲ့ရတဲ့ သုဇာကတော့ ဗျိုင်းမလေး တစ်ကောင်ဖြစ်ရှာတယ်"

"သနားစရာပါလားဘုရား၊ ဦးမာဃကရော ဗျိုင်းမလေးကို နတ်ပြည် ရောက်အောင် ပြန်မကယ်ဘူးလားဘုရား"

"ကယ်ပါတယ်။ ဗျိုင်းဘဝဆိုတော့ တခြားကုသိုလ်တွေပြုခိုင်းလို့ မရတော့ဘူး။ ငါးပါးသီလကိုပဲ လုံအောင်စောင့်ထိန်းခိုင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖျိုင်းမလေးကရော လုံအောင်စောင့်ထိန်းနိုင်ပါ့မလားဘုရား၊ ဖျိုင်းဆိုတာ သူများအသက်စားတဲ့သတ္တဝါပဲ"

"စောင့်ထိန်းပါတယ်။ တစ်ခါကဆို သိကြားမင်းက လက်တွေ့စမ်းကြည့်တယ်။ ဖျိုင်းမလေးရဲ့ မနီးမဝေးမှာ ငါးအသေလေး တစ်ကောင်မျိုး ဟန်ဆောင် လိုက်တယ်။ ဖျိုင်းမလေးကလည်း ငါးအသေလေးပဲဆိုပြီး စားရအောင်နှုတ်သီးနဲ့ ကောက်ချီလိုက်တယ်။ အဲဒီကျတော့မှ ငါးလေးက အမြီးလေးလှုပ်ပြလိုက်တယ်"

"အမြီးလှုပ်ပြတာကို တွေ့တာနဲ့ ဖျိုင်းမလေးဟာ ချက်ချင်း ပြန်လွှတ်ချလိုက်တယ်၊ မစားတော့ဘူး။ အဲဒီတော့မှ သိကြားမင်းက ငါကိုယ်တိုင်ငါးပါးသီလလုံ့,မလုံလာပြီး စမ်းသပ်ခြင်းဖြစ်တယ်။ ခုလို ငါးပါးသီလလုံရင် သင်ဟာ ဒီဘဝကသေရင် လူ့ဘဝရောက်လိမ့်မယ်။ငါးပါးသီလကို သေသည်အထိ လုံအောင်စောင့်ပါ လို့ မှာပြီး နတ်ပြည်ကို ပြန်သွားတယ်"

"ငါးပါးသီလတန်ခိုးကြောင့် သုဇာတာဟာ ဖျိုင်းဘဝကသေတဲ့အခါ လူ့ဘဝမှာ အမျိုးသမီးတစ်ယောက် ဖြစ်တယ်။ သိကြားမင်းက လူ့ဘဝမှာလည်း ငါးပါးသီလဆက်လုံဖို့၊ ဒါနပြုဖို့တိုက်တွန်းတယ်။သုဇာတာလည်း ပြောတဲ့အတိုင်း လိုက်နာတဲ့အတွက် လူ့ဘဝကသေတဲ့အခါ အသူရာ နတ်ပြည်မှာ နတ်သမီးသွား ဖြစ်တယ်။ အဲဒီကျတော့မှ ဦးမာဃနဲ့အတူ နတ်ပြည်မှာ စံစားခွင့်ရတယ်"

"နောက်တစ်ခု မိဘနဲ့သားသမီးကဏ္ဍပေါ့။ တစ်ချို့သားသမီးတွေက မိဘတွေ ကုသိုလ်လုပ်တဲ့အခါ တက်တက်ကြွကြွ ကူညီအားပေးမှုမရှိဘူး။ မိဘတွေ ကုသိုလ်လုပ်ရင် သားသမီးက အလိုလိုရတာပဲဆိုပြီး သက်သာ သလို နေတတ်ကြတယ်။ အဲဒါသိပ်မှားတယ်။ မိဘတွေကုသိုလ်လုပ်တိုင်း သားသမီးက အလိုလို မရပါဘူး။ မိဘကုသိုလ်လုပ်ငန်းမှာ တက်ကြွစွာ ပါဝင်ကူညီမှသာ သားသမီးလည်း မိဘလုပ်တဲ့ ကုသိုလ်အကျိုးကိုရနိုင် ပါတယ်"

"ဒါနဲ့ပတ်သက်ပြီး မှတ်သားစရာကောင်းတဲ့ ဗုဒ္ဓလက်ထက်က ဇတိုလ သူဌေးကြီးအကြောင်း ပြောပြချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဇင်္ဂိုလအခါပွါယ်က ဆံပင်တွေလိမ်ကောက်နေသူလို့ ဖြစ်တယ်။ ဘာ့ကြောင့် လိမ်ကောက်နေရသလဲဆိုတော့ အဖေ မပေါ် ပဲ မွေးတဲ့ကလေးမို့ အမေဖြစ်သူက မွေးမွေးပြီးခြင်း ရေတောင်မချိုး ပေးနိုင်ဘဲ အိုးထဲထည့်ပြီး ရေမျှောခံလိုက်ရလို့ပဲ။ ဒီတော့ မွေးမွေးချင်းပါလာတဲ့ဆံပင်တွေက အရိအချွဲတွေနဲ့ ခြောက်ကပ်ပြီး တွန့်လိမ်ကုန်တာပေါ့"

"အဖေကဘာဖြစ်လို့ မပေါ် တာလဲဘုရား"

"မပေါ် ဆို သူ့အဖေက ကောင်းကင်ကပျံနေတဲ့ ဝိဇ္ဇာမိုရ် တစ်ယောက်ပဲ။ သူ့အမေက ခုနစ်ထပ်တိုက် အပေါ် ဆုံးမှာနေရတဲ့ သူဌေးသမီးပေါ့၊ အဲဒါ ဘယ်သူမှမသိဘဲ ညားကြလို့ ဒီကလေးကို ကိုယ်ဝန်ရတာပဲ၊ ဒါ့ကြောင့် မွေးမွေးပြီးချင်း မြစ်ထဲမှာ မျှောချလိုက်တာ"

"အဲဒီလို မျှောချခံရတာ ဝဋ်ကြွေးရှိလို့လားဘုရား"

"ရှိတာပေါ့၊ အဲဒါအဆုံးကျမှ ပြောမယ်၊ အဲဒီလိုမျှောချခံရပေမယ့် သူဟာ သူဌေးတစ်ယောက်ရဲ့ ကောက်ယူမွေးစားခြင်းကို ခံရတယ်၊ သူ ရောက်ရောက်ချင်း သူ့မိဘတွေလည်း စီးပွားတအားတက်လာတယ်၊ ဇင်္ဂိုလ ဟာ သူ့ကိုယ်ပိုင်အိမ်နဲ့ နေရတာနဲ့ တစ်ပြိုင်နက် အိမ်ဝိုင်းထဲမှာ ရွှေတောင်ကြီး တစ်တောင်ပေါက်လာလို့ ဇမ္ဗူဒိပ်မှာ အချမ်းသာဆုံး သူဌေးစာရင်း ဝင်သွားတယ်"။

## ဇင်္ဂိုလသူဌေး၏ အမွေခွဲနည်း

"ဇင်္ဂိုလသူဌေးကြီး အသက်အရွယ်ကြီးရင့်လာတဲ့အခါ တရားဖက် လိုက်စားတော့မှာဆိုတော့ သားသုံးယောက်ကို အမွေခွဲပေးတယ်။ သူ့အမွေ ခွဲတဲ့နည်းက အင်မတန်သဘာဝကျတယ်။ ပထမဆုံးသားကြီးကို ပေါက်ဆိန် တစ်ချောင်းပေးပြီး ရွှေတောင်ကြီးကိုရသလောက် ပေါက်ယူလို့ ပြောလိုက် တယ်။ သားကြီးလည်း အားကြိုးမာန်တက် ရွှေတောင်ကြီးကို ပေါက်ဆိန်နဲ့ ပေါက်လိုက်တာ ချွေးပြိုက်ပြိုက်ကျပြီး တစ်နေသာကုန်သွားတယ် ရွှေတစ် ကျပ်သားတောင် ပဲ့ထွက်မလာဘူး"

"သားကြီးအလျှော့ပေးပြီဆိုမှ သားလတ်ကို ပေါက်ခိုင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



သားလတ် ပေါက်တာလည်း သားကြီးလိုပဲ ရွှေတစ်စမှ ပွဲမထွက်ဘူး။ နောက်ဆုံးသားငယ်ကို ပေါက်ခိုင်းတဲ့ အခါမှာတော့ ရွှေတွေဟာ ပေါက်လိုက်တိုင်း သားငယ် စိတ်ကလိုချင်သလောက် အတုံးလိုက်အတစ်လိုက် ပွဲထွက်လာတယ်။ အဲဒီကျတော့မှ ဇဋိလသူဌေးကြီးက ဒီရွှေတောင်ကြီးကို ရထိုက်တဲ့ကုသိုလ်ဟာ သားငယ်မှာပဲရှိတယ်"

"ဒါ့ကြောင့် သားငယ်ကို ရွှေတောင်ကြီးနဲ့တကွ အမွေအားလုံးပေးလိုက်ပြီး သားကြီးနဲ့သားလတ်ကိုကတော့ ရွှေတောင်ကြီးကို ပိုင်ဆိုင်ထိုက်တဲ့ ကုသိုလ်ကံမပါ ခဲ့တဲ့အတွက် ညီငယ်ပေးသမျှကိုသာယူပြီး အသက်မွေးကြပေတော့လို့ မှာခဲ့တယ်"

"သားအရင်းချင်းတူရဲ့သားနဲ့ တစ်ယောက်သာရယူနိုင်ပြီး ကျန်နှစ်ယောက်က ဘာ့ကြောင့် မယူနိုင်ကြတာလဲဘုရား"

"အကြောင်းက ဒီလိုပါ–

ရှေးဘဝတစ်ခုတုန်းကလည်း ဒီသားသုံးယောက်ဟာ ဇဋိလသူဌေးလောင်းရဲ့ သားတွေပဲ ဖြစ်ခဲ့ကြတယ်"

"ဇဋိလသူဌေးလောင်း အမျိုးသားနဲ့ သူ့ဇနီးတို့ဟာ အကြောင်းတစ်ခုကြောင့် စကားများရန်ဖြစ်နေကြတယ်။ ဒီအချိန်မှာ ရဟန်းတော်တစ်ပါးက ကဿပ မြတ်စွာဘုရားရဲ့ ဓာတ်တော်ကို ဌာပနာပြီးတည်မယ့် စေတီကြီးဟာ ရွှေအုတ်တွေ လိုလို့ မပြီးနိုင်ဖြစ်နေတယ်။ ဒကာ,ဒကာမများ.လိုအပ်တဲ့ နေရာမှာ သွားရောက် လှူဒါန်းနိုင်ပါတယ်လို့ သူတို့အိမ်ရှေ့မှာလာရပ်ပြီး ကောင်းမှုပြုဖို့ နှိုးဆော်တယ်"

"ဇဋိလသူဌေးလောင်းအမျိုးသားဟာ ဒေါသဖြစ်နေတာကြောင့် 'ဘာမှ မလှူနိုင်ဘူး၊ အဲဒီစေတီရော ဓာတ်တော်ရော ရေထဲသာမျှောလိုက်' လို့ ပြောမိသွားတယ်။ ဘုရားရှင်ကို စော်ကားတာဖြစ်တဲ့အတွက် အပြစ်သိပ်ကြီးကြောင်း ရဟန်းတော်ကရော၊ ဇနီးသည်ကပါ ရှင်းပြမှ အမျိုးသားဟာ သူ့အပြစ်ကို မြင်ပြီး သိပ်ကြောက်သွားတယ်"

"ရဟန်းတော်ရဲ့ အကြံပေးချက်အရ ကျူးလွန်မိတဲ့အပြစ် ကျေ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဖို့ ရွှေပန်းခိုင် တစ်ခိုင် ပြုလုပ်ပြီး ပူဇော်ကန်တော့ရမှာ ဖြစ်တယ်။ သားအဖ အားလုံး ရွှေပန်းထိန်သည်တွေဖြစ်ကြတယ်။ ဒါ့ကြောင့် ဖခင်ဖြစ်သူက သားသုံး ယောက်ကို ရွှေပန်းခိုင် လုပ်တဲ့ နေရာမှာ ကူညီလုပ်ဖို့ ပြောတဲ့ အခါ သားငယ်လေးကပဲ လုပ်ပြီး သားကြီးနဲ့သားလတ်က ကူမလုပ်ကြဘူး"

"ဒါ့ကြောင့် ဇဋိလသူဌေးကြီးဘဝ ရွှေတောင်ကြီးပေါက်လာတဲ့ အခါ သားငယ်ကပဲ သုံးစွဲလို့ရပြီး ကျန်နှစ်ယောက်က သုံးစွဲလို့မရတာပါပဲ။ ဘုရားရှင်ရဲ့ ဓာတ်တော်နဲ့စေတီကို ရေထဲမျှောချလိုက်လို့ပြောခဲ့တဲ့ ဝစီကံကြောင့် ဇဋိလသူဌေးလောင်းဟာ ခုနစ်ဘဝတိတိ ရေမှာ အမျှောခံ ခဲ့ရတယ်"

"ဒီဖြစ်ရပ်ကိုကြည့်ပြီး မိဘတွေ ကုသိုလ်ပြုတဲ့အခါ သားသမီးတွေလည်း အားကြိုးမာန်တက် ပါဝင်ကူညီသင့်ကြတာပေါ့။

ကဲ .မောင်ပုဏ္ဏတို့ ဇနီးမောင်နှံ နှစ်ယောက်အကြောင်း ပြန်ဆက်ရအောင် သူတို့နှစ်ယောက်ရဲ့ အလှူဟာ အင်္ဂါလေးချက်နဲ့ ညီတဲ့အတွက် အချိန်ပိုင်းအတွင်းမှာပဲ ကောင်းကျိုးတွေကို ချက်ချင်းခံစားရတယ်။ မောင်ပုဏ္ဏထွန်ထားတဲ့ မြေကြီးခဲတွေဟာ အကုန်လုံး ရွှေတွေ ဖြစ်ကုန်လို့ 'ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင်က ရွှေသူဌေးဘွဲ့ကို' ပေးလိုက်ရတယ်"။

## ပေါက်ပေါက်ပွင့် နတ်သမီး

"တစ်ခါကလည်း လယ်သူမလေးတစ်ယောက် ရှတ်တရက်ပိုးထိပြီး ကွယ်လွန်မှာကို အရှင်သာရိပုတ္တရာက မြင်တော်မူတယ်။ အားကိုးစရာ ကုသိုလ် မရှိတဲ့ အတွက် သေပြီးအပါယ်လေးပါးကျမှာကိုပါ သိတော်မူတော့ အားကိုးစရာ ကုသိုလ် ရှိပါစေခြင်းအကျိုးငှာ လယ်သူမလေးထံ ဆွမ်းအလှူခံကြွတော်မူတယ်။ လယ်သူမလေးမှာလည်း တခြားလှူစရာ ဘာမှ မရှိတော့ သူ့အပျင်းပြေစားရအောင် ယူလာတဲ့ 'ပေါက်ပေါက်ပွင့်'တွေကိုပဲ မထေရ်မြတ်ကို လှူလိုက်တယ်"

"မထေရ်မြတ်ပြန်ကြွပြီး မကြာခင်မှာပဲ ပိုးထိပြီး သေရှာတယ်။ ဒါပေမယ့် ပေါက်ပေါက်ပွင့်လှူခဲ့တဲ့ ဒါနကုသိုလ်ကြောင့် နတ်ပြည်မှာ 'ပေါက်ပေါက်ပွင့် နတ်သမီး'ဆိုပြီး သွားဖြစ်တယ်။ ဒါက သိကြားကို လှူဒါန်းပူ

www.burmeseclassic.com

www.burmeseclassic.com



ဘော်ရတဲ့အတွက် နောက်ဘဝမှာ ကောင်းကျိုးရပုံပေါ့"

"အခုခေတ်အတွင်းမှာလည်း လက်တွေ့ကောင်းကျိုးရပုံတွေကို သိချင်ပါ သေးတယ်ဘုရား"

"အမိုးနားထောင်မယ်ဆိုရင် ပြောပြစရာတွေ အများကြီးရှိတယ်"

"နားထောင်ပါ့မယ်ဘုရား၊ စုံအောင်သာပြောပြပါ"

"မြန်မာပြည်မှာလည်း မောင်ပုဏ္ဏနည်းတူ သံဃာကို ဆွမ်းလှူရတဲ့ အတွက် ချက်ခြင်းချမ်းသာသွားတဲ့ သူဌေးတစ်ယောက်ရှိခဲ့ဖူးတယ်။ သူ့ကို မြတောင် သူဌေးမင်း ဦးစီလို့ခေါ်တယ်။ သူဌေးဘွဲ့ကို သီပေါမင်း ကိုယ်တိုင် ပေးခဲ့တာပါ။ ဦးစီဟာ အရင်က လယ်စာရင်းငှားတစ်ယောက်ပါ၊ အင်မတန် ဆင်းရဲတယ်။ မိုင်းတိုင်သူမချို့နဲ့ အိမ်ထောင်ကျပြီးတဲ့ အချိန်ကျမှ မိုင်းတိုင် ခရိုင်အုပ်မင်းက လယ်တစ်လုပ်စာချပေးလို့ ကိုယ်ပိုင်လယ်လေး လုပ်ခွင့်ရ သွားတယ်"

"တစ်နေ့ ခရီးသွား ရဟန်းတော်တစ်ပါးကို သူစားမယ့်ထမင်းနဲ့ ဟင်း ကို မစားတော့ဘဲ နေ့ဆွမ်းအဖြစ် ဆက်ကပ်လှူဒါန်းလိုက်တယ်။ အဲဒီအလှူ ကို မယားကို ပြောပြတော့ မယားကလည်း အားရဝမ်းသာ သာခုခေါ်တယ်။ နောက်မကြာပါဘူး။ သူတို့လယ်ကွက်အလယ်ကောင်မှာ တောင်ပူစာကြီး တစ်ခုပါနေတယ်။ အဲဒီတောင် ပူစာကြီးကို ဖြိုချ လိုက်တဲ့အခါ အလယ်မှာ ကျင်းကြီးဖြစ်နေတယ်။ ဒီကျင်းကြီးထဲ ရတနာ တွေအပြည့်ရသွားလို့ သူဌေး ဖြစ်သွားကြတယ်"

"အံ့သြစရာပါပဲဘုရား"

"မန္တလေးမြို့က မစိုးရိမ်ကျောင်းတိုက်ကြီးကို စတင်တည်ထောင် လှူဒါန်း ခဲ့တဲ့ ကျောင်းဒကာကြီး ဦးသက်ရှည်တို့၊ သားဖြစ်သူ ဦးကျော်တို့ အကြောင်းဆိုရင် ပိုလို့တောင် အံ့သြစရာကောင်းသေးတယ်။ သူတို့သားအဖ ဟာ အရင်က မြစ်ငယ်ကနေ အသီးအနှံကုန်စိမ်းတွေယူပြီး မန္တလေးဈေးချို မှာ ထမ်းရောင်းရတဲ့ အထမ်းသမားတွေဖြစ်တယ်"

"အဲဒီဘဝကနေ လှူချင်တန်းချင်တဲ့ သဒ္ဓါတွေဖြစ်လာလို့ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောက် လှူနိုင်အောင် ကြိုးစားရာကနေ သူဌေးဘဝ ရောက်လာကြတာပဲ။ သူတို့သား အဖရော အခု အမိုးကြားဖူးနေတဲ့ လူပျံတော်ပတ္တမြား သွေးဆေး ပိုင်ရှင် ဦးမောင်မောင်တို့ရောဟာ လှူလို့ချမ်းသာလာတဲ့ သူဌေးတွေပဲ။ ဦးသက်ရှည်တို့ သားအဖဆိုရင် အတွင်းမှာ ရွှေအစစ်ချထားတဲ့ နှစ်ထပ်တိုက် ကျောင်းများ၊ တစ်ထပ်တိုက်ကျောင်းများကို မစိုးရိမ်ကျောင်း (တိုက် ဟောင်း) အတွင်းမှာ တစ်ဦးတည်းနဲ့ ဆောက်လုပ်လှူဒါန်းခဲ့တယ်"

"ဒါ့အပြင် မိုးတွင်းဆွမ်းခံမထွက်နိုင်တဲ့ ရက်တွေဆိုရင် စာသင်သား သံဃာတွေ ဆွမ်းအဆင်ပြေအောင် ဆွမ်းစားလက်မှတ်တွေ အသင့်ကပ် ထားတယ်။ ဒီလက်မှတ်တွေနဲ့သံဃာငါးရာကျော်ဟာ မန္တလေးမြို့အတွင်းက ထမင်းဆိုင်တွေမှာ ဘယ်ဆိုင်ပဲစားစား ရတယ်။ အဲဒီလိုသူများနဲ့မတူအောင် လှူဒါန်းခဲ့လို့လည်း သူများနဲ့ မတူအောင် ချမ်းသာကြတာပါ"

"လူပျံတော်ပတ္တမြားသွေးဆေးပိုင်ရှင်ဦးမောင်မောင်ဆိုရင် အရင်က ရန်ကုန် ကပ္ပလီကွက်သစ်မှာ ခနိမိုးထရံကာနဲ့နေရတဲ့ ဆင်းရဲသား တစ် ယောက်ပါ။ သွေးဆေးကိုလည်း မောင်းလေးတီးပြီး ကိုယ်တိုင်လိုက်ရောင်း နေရတဲ့အချိန်ပေါ့။ ဒီအချိန်မှာဆဋ္ဌသင်္ဂါယနာပွဲကြီးစတော့ သူ့ရဲ့ဆရာရင်း ပထမ မစိုးရိမ်ဆရာတော် ဘုရားကြီး သင်္ဂါယနာကိစ္စနဲ့ ရန်ကုန်ကိုကြွလာ တော့ ဦးမောင်မောင်ဟာ ဆရာတော်ကြီးနဲ့ တပည့်သံဃာတွေကို သူ့အိမ်မှာ နေ့စဉ်ဆွမ်းကပ်တယ်"

"ဆွမ်းကပ်ရင်း မိုးမလုံလို့ ခနိမိုးက မိုးယိုလာတဲ့အခါ ဆွမ်းဝိုင်းကို အပေါ်က ထီးမိုးပေးရတယ်။ အဲသလောက်ထိ ဆင်းရဲခဲ့တယ်။ ဒါပေမယ့် ဥစ္စာဆင်းရဲပေမယ့် ဦးမောင်မောင်တို့မိသားစုဟာ သဒ္ဓါမဆင်းရဲဘူး။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားရှင်ကလည်း ဟောတော်မူထားတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ လို့ခေါ်တဲ့ သူတော်ကောင်း တရား ၇–ပါးရှိတဲ့ လူဟာ လူချမ်းသာမှာပါပဲတဲ့"

"ဒီသူတော်ကောင်းတရားတွေရှိနေတော့ ဦးမောင်မောင်တို့ မိသား စုကို လူဆင်းရဲလို့မခေါ်ရဘူး၊ လူချမ်းသာလို့ပဲခေါ်ရမယ်။ သံဃာတွေကို

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်း နိုင်အောင် ကြိုးစားလေ သွေးဆေးက ရောင်းတောင်းလေနဲ့ နောက်ဆုံးမှာ သိန်းပေါင်း ရာနဲ့ချီပြီး သာသနာကိုထောက်ပံ့ လှူဒါန်းနိုင်တဲ့ သူဌေးကြီး တစ်ဦးဘဝကို ရောက်ခဲ့ရတာပဲ"

"ရန်ကင်းပဋ္ဌာနိကာယကျောင်းတိုက်ကြီးနဲ့ စေတီတော်ကြီး၊ မြေနီကုန်းက မစိုးရိမ်ကျောင်းတိုက်ကြီး၊ မဟာမြတ်မုနိဝင်းထဲက ဘုရားဖူးတွေ တည်းခိုဖို့ နှစ်ထပ်တိုက်မွေ့သာလာဆောင်ကြီးစတဲ့ သာသနာ့ အဆောက်အဦ ပေါင်းများစွာကို လှူဒါန်းနိုင်တဲ့အထိ ချမ်းသာလာတာဟာ သံဃာတော်များကို လှူဒါန်းပူဇော်ရတဲ့အတွက် ယခုဘဝချက်ချင်းခံစားရတဲ့ ကောင်းကျိုးတွေပါပဲ"

"ဒါနပြုခြင်းအားဖြင့် ပစ္စည်းဥစ္စာ ပေါများချမ်းသာတဲ့အပြင် တခြားကောင်းကျိုးတွေလည်း ထပ်ပြီးရနိုင်သေးတယ်"

"ဘယ်လိုကောင်းကျိုးတွေလဲဘုရား"

"အဲဒီအကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ သီဟသေနာပတိသုတ်မှာ ဟောထားတယ်။ အမိုးနားထောင်၊ ဦးပဥ္စင်းဖတ်ပြမယ်"။

## မျက်မှောက်ဘဝ၌ ခံစားရသော ဒါန၏ကောင်းကျိုးများ

"အခါတစ်ပါး၌မြတ်စွာဘုရားသည် ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးနေသည်။ ထိုအခါ သီဟမည်သော စစ်သူကြီးသည် မြတ်စွာဘုရားထံချဉ်းကပ်ပြီး 'အရှင်ဘုရား မျက်မှောက်ထင်ထင် သိမြင် ခံစားနိုင်သည့် ဒါနအကျိုးကို ဟောကြားခြင်းငှာ ဖြစ်နိုင်ပါသလား'ဟု မေးလျှောက်သည်။ မြတ်စွာဘုရားသည် သီဟ စစ်သူကြီး၏ မေးခွန်းများကို တုံ့ပြန်မေးမြန်းချက်များဖြင့် ဖြေကြား တော်မူသည်။

"သီဟ ဤလောက၌ သဒ္ဓါနည်းပါး ဝန်တိုစိတ်များပြီး ကြိမ်း မောင်း ဆဲဆိုတတ်သူနှင့် သဒ္ဓါရှင်လန်းပေးကမ်းလှူဒါန်းမှု၌ အစဉ်မွေ့လျော်တတ်သူဟူ၍ လူနှစ်ယောက်ရှိရာ၏။ ထိုသူနှစ်ယောက်တို့တွင် မည်သူ့ကို

www.burmeseclassic.com



ရဟန္တာပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ကူညီစောင့်ရှောက်ကြမည်နည်း"

"အရှင်ဘုရား၊ သဒ္ဓါရှင်လန်းပေးကမ်းလှူဒါန်းမှု၌ မွေ့လျော်တတ်သူကို ရဟန္တာပုဂ္ဂိုလ်တို့သည် ရှေးဦးစွာကူညီစောင့်ရှောက်ကြပါလိမ့်မည်"

"သီဟ–ထိုသူနှစ်ယောက်တို့တွင် မည်သူ့ထံသို့ ရဟန္တာပုဂ္ဂိုလ်တို့ ရှေးဦးစွာ ချဉ်းကပ်ကြသနည်း"

"အရှင်ဘုရား၊ သဒ္ဓါရှင်လန်း ပေးကမ်းလှူဒါန်းမှု၌ မွေ့လျော်သူတို့ထံ ရဟန္တာ ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ချဉ်းကပ်ကြပါလိမ့်မည်"

"သီဟ ထိုသူနှစ်ယောက်တို့တွင် မည်သူ၏ ပစ္စည်းကို ရဟန္တာ ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာအလှူခံကြမည်နည်း"

"အရှင်ဘုရား၊ သဒ္ဓါရှင်လန်း လှူဒါန်းပေးကမ်းမှု၌ မွေ့လျော်သူတို့၏ ပစ္စည်းကို ရဟန္တာပုဂ္ဂိုလ်တို့ ရှေးဦးစွာ အလှူခံကြပါလိမ့်မည်"

"သီဟ–ထိုသူနှစ်ဦးတို့တွင် မည်သူ့သူ့အား ရဟန္တာပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ တရားဟောကြားမည်နည်း"

"အရှင်ဘုရား၊ သဒ္ဓါရှင်လန်းပေးကမ်းလှူဒါန်းမှု၌ မွေ့လျော်သူအား ရဟန္တာ ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ တရားဟောကြားပါလိမ့်မည်"

"သီဟ ထိုသူနှစ်ဦးတို့တွင် မည်သူ၏ ကောင်းသော ဂုဏ်သတင်း သည် ပျံ့နှံ့မည်နည်း"

"အရှင်ဘုရား၊ သဒ္ဓါရှင်လန်းပေးကမ်းလှူဒါန်းမှု၌ မွေ့လျော်သူ၏ ကောင်းသောဂုဏ်သတင်းသည် ပျံ့နှံ့ပါလိမ့်မည်"

"သီဟ ထိုသူနှစ်ဦးတို့တွင် မည်သူသည် ကြောက်ရွံ့မှုကင်းစင် ကြည်လင်သောမျက်နှာရှိသည်ဖြစ်၍ ပရိသတ်လေးပါးသို့ ချဉ်းကပ်ဝံ့ မည်နည်း"

"အရှင်ဘုရား၊ သဒ္ဓါရှင်လန်းပေးကမ်းလှူဒါန်းမှု၌ မွေ့လျော်သူသည် ကြောက်ရွံ့မှုကင်းစင် ကြည်လင်သော မျက်နှာရှိသည်ဖြစ်၍ ပရိတ်သတ်လေးပါးသို့ ချဉ်းကပ်ဝံ့ပါလိမ့်မည်"

"သီဟ သဒ္ဓါနည်းပါး, ဝန်တိုစိတ်များသူနှင့် သဒ္ဓါရှင်လန်း, ပေးကမ်း

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းမှု၌ မွေ့လျော်သူ နှစ်ဦးတို့တွင် မည်သူသည် သေလွန်သော အခါ သုဂတိဘုံသို့ ရောက်မည်နည်း"

"အရှင်ဘုရား၊ ထိုသူနှစ်ဦးတို့တွင် သဒ္ဓါရှင်လန်းပေးကမ်းလှူဒါန်းမှု၌ မွေ့လျော်သူသည် သေလွန်သောအခါ သုဂတိဘုံသို့ ရောက်ပါလိမ့်မည်"

သီဟစစ်သူကြီးသည် ယင်းသို့ဖြေကြားပြီး မြတ်စွာဘုရားအား အောက်ပါအတိုင်း ဆက်လက်လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ ယခုမြတ်စွာဘုရား ဟောကြားခဲ့သည့် မျက်မှောက်ထင်ထင် သိမြင်ခံစားနိုင်သော ဒါန၏ အကျိုးတို့၌ မြတ်စွာဘုရားအား ယုံကြည်မှုဖြင့် တပည့်တော်လက်ခံသည်မဟုတ်ပါ။ တပည့်တော်ကိုယ်တိုင်လည်း ဤအကျိုးများကို သိမြင်ပါသည်"

"အရှင်ဘုရား– တပည့်တော်သည် ပေးလှူတတ်သူ ဒါနရှင် ဖြစ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်တို့သည် တပည့်တော်ကိုရှေးဦးစွာ ကူညီ စောင့်ရှောက်ကြပါသည်။ တပည့်တော်ထံရှေးဦးစွာ ချဉ်းကပ်ကြပါသည်။ တပည့်တော်၏ လှူဖွယ်ပစ္စည်းကို ရှေးဦးစွာခံယူကြပါသည်။ တပည့်တော် အား ရှေးဦးစွာ တရားဟောကြပါသည်။ တပည့်တော်၏ဂုဏ်သတင်းသည် ပျံ့နှံ့ပါသည်။ တပည့်တော်သည် ကြောက်ရွံ့မှု ကင်းစင် ကြည်လင်သော မျက်နှာရှိသည် ဖြစ်၍ ပရိသတ်လေးပါးသို့ ချဉ်းကပ်ဝံ့ပါသည်"

"အရှင်ဘုရား၊ ပေးလှူတတ်သော အလှူရှင်သည်သေလွန်သော အခါ သုဂတိဘုံသို့ရောက်ရ၏ဟူ၍ မြတ်စွာဘုရားဟောကြားသော အကျိုးကိုမူ တပည့်တော်သည် ကိုယ်တိုင်မသိပါ။ ဤအကျိုး၌ မြတ်စွာဘုရားအား ယုံကြည်မှုဖြင့် တပည့်တော်လက်ခံပါသည်ဟု လျှောက်ကြားလေသည်"

"ကဲ...ကဲ...ဒါနရဲ့ ယခုဘဝလက်တွေ့အကျိုးတွေကို အမိုးသဘောပေါက်တယ် မဟုတ်လား"

"မှန်ပါ၊ သဘောပေါက်ပါတယ်ဘုရား"

"သံဃာရတနာဟာ ဒီဘဝကလူသားတွေကိုတင် ကျေးဇူးကျိုး

www.burmeseclassic.com



ချမ်းသာ ပေးနိုင်တာမဟုတ်ဘူး။ တမလွန်ဘဝက ပုဂ္ဂိုလ်တွေကိုပါ ကောင်းကျိုးချမ်းသာကို ပေးနိုင်စွမ်းရှိတယ်။

မန္တလေးမြို့ပေါ်မှာ မိုးကောင်းကျောင်းတိုက်ဆိုတဲ့ စာသင်တိုက်ကြီး တစ်တိုက်ရှိတယ်။ အဲဒီ စာသင်တိုက်ကြီးထဲမှာ တိုက်ကြီးတစ်လုံး ဆောက်လှူထားတဲ့ ဒကာကြီးဟာ အရင်က ဘာသာခြားတစ်ယောက်ပေါ့"

"ဘာသာခြားကနေ ဘယ်လိုလုပ်ပြီး ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တစ်ကျောင်းကို ဆောက်လှူဖြစ်သွားတာလဲဘုရား"။

## ပြိတ္တာဖြစ်သွားသော ဘာသာခြားသမီးပျို

"ဒီလိုလေ– အဲဒီဘာသာခြား သစ်ကုန်သည်သူဌေးကြီးမှာ တစ်ဦးတည်းသော သမီးပျိုလေးတစ်ယောက်ရှိတယ်။ တစ်နေ့သမီးလေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရုတ်တရက်သေဆုံးပြီး အိမ်ထဲမှာတင် ပြိတ္တာ ပြန်ဖြစ်နေတယ်။ ညညဆိုရင် သူနေခဲ့တဲ့ အခန်းထဲကနေ အဖေကို လှမ်းလှမ်း ခေါ်ပြီး သူ့ကိုမကောင်းတဲ့ ဘဝကနေ ကယ်ခိုင်းတယ်"

"သူ့အဖေကလည်း သူတို့ဘာသာက ဆရာတွေပင့်ပြီး ကျွတ်လွတ်အောင် လုပ်ပေးပေမယ့် ဘယ်လိုမှ မကျွတ်လွတ်ဘူးဖြစ်နေတယ်။ နောက်ဆုံး သူ့သစ်လုပ်ငန်းထဲက ဗုဒ္ဓဘာသာ မန်နေဂျာတစ်ယောက်ကို အကူအညီ တောင်းပြီး ဗုဒ္ဓဘာသာတွေထုံးစံအတိုင်း ရဟန်းသံဃာတွေပင့် ဆွမ်းတွေ သင်္ကန်းတွေလှူပြီး အမျှပေးမှ မကောင်းတဲ့ဘဝကနေ ကျွတ်လွတ်သွားတယ်"

"အဲဒီမှာတင် ဘာသာခြားသူဌေးကြီးဟာ ဗုဒ္ဓဘာသာဖြစ်သွားပြီး စောစောက ပြောခဲ့တဲ့ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့တာပေါ့။ သံဃာ ရတနာဟာ ကောင်းကျိုးရရုံတင်မကဘူး ဆိုးကျိုးတွေ မခံစားရအောင်လည်း ကာကွယ် တားဆီးပေးနိုင်တယ်။

ပဲခူးရိုးမအစပ်မှာ တောင်ငူဘုရင် တပင်ရွှေထီးတည်ခဲ့တဲ့ စိန်ကြီးဘုရား ဆိုတာရှိတယ်။ နှစ်ကြာလာပြီး ပြုပြင်မယ့်သူမရှိတော့ ပျက်စီးယိုယွင်း နေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတော့ အဲဒီစေတီနားမှာ ရဟန်းတော်တစ်ပါး တရားလာအားထုတ်တယ်။ ကျောင်းမရှိတော့ သစ်ပင်အောက်မှာပဲ ဖြစ်သလိုနေရှာတယ်။ နေပူထဲ၊ မိုးရွာထဲ ဒီအတိုင်းပဲနေရတော့ကြာရင် ကျန်းမာရေးထိခိုက်လာနိုင်တာပေါ့။ အဲဒါကို စဉ်းစားမိတဲ့ ဦးမောင်ကြီးလို့အမည်ရတဲ့ ဗုဒ္ဓဘာသာ ဒကာကြီးတစ်ယောက်က တစ်ပါးနေတဲ့ကျောင်းလေး တစ်ကျောင်း ဆောက်လှူတယ်"

"အားလုံးပြည့်စုံပြီး အခင်းနေရာကျမှ ဝါးခြောက်လုံးလိုနေတယ်။ ဦးမောင်ကြီး ရွာကလည်း အဝေးကြီးဆိုတော့ ပြန်ယူဖို့အချိန်မရဘူး။ ဒါနဲ့အနီးနားရွာက ဘာသာခြားဖြစ်တဲ့ စောထီလအမည်ရ ကရင်အမျိုးသားကြီးဆီက ဝါးခြောက်လုံး အလှူခံရတယ်။ ဘာသာမတူပေမယ့် ကူညီတဲ့အနေနဲ့ စောထီလက ဝါးခြောက်လုံး လှူလိုက်ပါတယ်။ စောထီလရဲ့ ဘဝတစ်သက်တာမှာ ဒါနဆိုလို့ အဲဒီဝါးခြောက်လုံး လှူတာပဲရှိတယ်"

"စောထီလဟာ တစ်ရက်တော့ တောင်ပေါ်ကငှက်ပျောခိုင်တွေ ခုတ်ရင်း တောင်ပြိုကျလို့ မြေတွေပိပြီး သေသလိုဖြစ်သွားတယ်။ အများ အမြင်ကတော့ သေသွားတယ်ပေါ့။ စောထီလဟာ သုံးရက်လောက်ထိ မေ့မျောနေပြီးမှ သတိပြန်ရလာတယ်။ သတိရလာတာနဲ့ စိန်ကြီးဘုရားက သူဝါးခြောက်လုံးလှူခဲ့တဲ့ ဆရာတော်ဆီ အတင်းလိုက်ပို့ခိုင်းပြီး သရဏဂုံ ဆောက်တည်ကာ ဗုဒ္ဓဘာသာထဲ ဝင်လိုက်တယ်"

"သူ့မေ့မျောနေတဲ့အချိန်မှာ ဘာတွေတွေ့ခဲ့ရလို့လဲဘုရား"

"သူပြောပြချက်အရ တောင်ပြိုပြီးတာနဲ့ သူ့ကိုလူမည်းမည်းကြီးနှစ်ယောက်က မြေကြီးအောက်ထဲကို ညှပ်ခေါ် သွားသတဲ့။ မြေကြီးအောက်ထဲကျတော့ လူဝဝါကြီး တစ်ယောက်က သူ့ကိုဘာကုသိုလ်တွေ လုပ်ခဲ့သလဲဆိုတာကို စစ်ဆေးတယ်တဲ့။ ဒေဝဒူတသုတ္တန်မှာ ယမမင်းက လွှတ်ထားတဲ့ တမန်ငါးမျိုး ရှိတယ်"။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ယမမင်းလွှတ်ထားသော တမန်ငါးမျိုး

အဲဒီတမန် ငါးမျိုးက–

၁။ ကလေး

၂။ သူအို

၃။ သူနာ

၄။ သူသေ

၅။ အကျဉ်းသား

တို့ပါပဲ။ "ယမမင်းမေးစစ်ပုံကတော့ အသင်လူသား အသင်လူ့ဘဝမှာ ရှိစဉ်တုန်းက သူသေကောင်ကို တွေ့ဖူးလိမ့်မည်။ ထိုသို့ သူသေကိုတွေ့ သည့်အခါ ငါလည်းတစ်နေ့ကျဒီလိုသေရမှာပါလားလို့ သံဝေဂမဖြစ်ခဲ့ ဘူးလား။ အဲဒီသံဝေဂနဲ့အတူ သေခြင်းတရားရောက်မလာမီ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားတွေ ပြုထားမှတော်မယ်ဆိုပြီး ကုသိုလ်တွေ အား မထုတ်ခဲ့ဘူးလားလို့ ငါးမျိုးလုံးစုံအောင် မေးတယ်"

"တစ်မျိုးမျိုးကို မေးမြန်းစိစစ်နေရင်းနဲ့ ပြုခဲ့တဲ့ကုသိုလ်ကို အမှတ်ရသွားရင် ငရဲကချက်ချင်းလွှတ်ပြီး နတ်ပြည်ရောက်သွားတဲ့ သူတွေ အများကြီးရှိပါတယ်။ တကယ်တော့ 'ယမမင်း'ဆိုတာ သူတော်ကောင်းကြီးပါ။ ငရဲမကျထိုက်သူတွေ မကျရအောင် မေးမြန်းစိစစ်ပေးနေရှာတာပါ။ တမန်ငါးမျိုးလုံးကုန်တဲ့အထိ ကုသိုလ် ပြုတာတစ်ခုမှ မရှိတော့ဘူးဆိုရင်တော့ ယမမင်းလည်း ဘာမှ မတတ်နိုင်တော့ပဲ"

"ဒုစရိုက်အကုသိုလ်ကံများကို အသင်လူသားကိုယ်တိုင်ပြုခဲ့ခြင်း ဖြစ်တယ်။ တခြားသူတွေပြုခဲ့တာ မဟုတ်ဘူး။ ဒါ့ကြောင့် အသင်လူသား ပြုခဲ့တဲ့ အကုသိုလ် ဒုစရိုက်များရဲ့ဆိုးကျိုးကို အသင်လူသားကိုယ်တိုင် ခံပေတော့လို့ ပြောပြီး စိတ်မကောင်းစွာနဲ့ မျက်နှာကိုတစ်ဖက် လှည့်သွားတယ်"။

## ဝါးခြောက်လုံးဒါနကြောင့် ငရဲဘေးမှလွတ်ခဲ့သူ

"အဲဒီအချိန်မှာပဲ ငရဲသားကြီးနှစ်ယောက်က စောထီလကို ဆွဲခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပွက်ပွက်ဆူနေတဲ့ ဆီဒယ်အိုးကြီးထဲကို ပစ်ချလိုက်တယ်။ အံ့သြစရာကောင်းတာက ဒယ်အိုးထဲကိုမကျခင် လမ်းခုလတ်မှာ 'ဝါးခြောက်လုံး'က စောထီလအောက်ကနေ ဒယ်အိုးထဲမကျအောင်လာခံထားတယ်"

"ငရဲသားတွေလည်း အံ့သြသွားပြီး စောထီလကို ပြန်မယူ လိုက်တယ်။ စောထီလကို ပြန်မယူလိုက်တာနဲ့ ဝါးခြောက်လုံးက ပျောက်သွား ပြန်တယ်။ ဒီအခါ ငရဲသားများက စောထီလကို ဒယ်အိုးထဲပြန်ပစ်ချ လိုက်တာနဲ့ ဝါးခြောက်လုံးက လာခံနေပြန်တယ်။ သုံးကြိမ်တိုင်အောင် ပစ်ချလို့မရမှ ငရဲသားတွေက စောထီလကို ယမမင်းကြီးထံ ပြန်ခေါ် သွား တယ်"

"ယမမင်းကြီးက သေချာစစ်ဆေးကြည့်တော့ စိန်ကြီးဘုရားနားမှာ သီတင်းသုံးတဲ့ ရဟန်းတစ်ပါးကို ဝါးခြောက်လုံးလှူခဲ့တာကို သတိရသွားတယ်။ အဲဒီမှာ ယမမင်းကြီးက စောထီလ အဲဒီလိုကုသိုလ်တွေ ဆက်လုပ်ပါ လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်။ အဲဒီမှာတင် စောထီလ ပြန်သတိရလာ တာပါပဲ"

" "

အမိုးဆီမှ စကားထောက်မရ၍ လှမ်းကြည့်လိုက်သောအခါ အမိုး တစ်ယောက်မျက်နှာကို ပုဝါအုပ်ပြီးငိုကြွေးနေသည်ကို တွေ့ရ၏။

"အမိုး –ဘာဖြစ်လို့ ငိုနေတာလဲ"

"တပည့်တော်မ ဝမ်းနည်း, ဝမ်းသာခံစားရလို့ပါဘုရား။ ဝမ်းနည်း တာကတော့ အနှစ်သာရဘာမှမရှိတဲ့ ဘာသာခြားဘဝမှာ အနှစ် ၇၀– အထိ နေခဲ့ရ လို့ပါဘုရား။ ဝမ်းသာတာကတော့ ရတနာသုံးပါးရဲ့ ကြည်ညို အား ထားထိုက်ပုံတွေကို မသေခင်သိခွင့်ရသွားလို့ပါပဲဘုရား။ ဆရာတော်ထံက ဘုရားရတနာအကြောင်းကို နာယူရစဉ်ကတည်းက တပည့်တော် ဗုဒ္ဓဘာသာ အဖြစ်ကို ခံယူချင်နေတာပါဘုရား"။

## အမိုးရဲ့ဘဝနောက်ကြောင်း

"ဒါပေမယ့် အသက် ၇၀– အရွယ်ရောက်ကာမှ တတိယမြောက် ဘာသာကို ပြောင်းရမှာ တပည့်တော်မသိပ်ဝန်လေးနေပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့်လည်း ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူချင်လျက်နဲ့ မခံယူပဲအောင့်ပြီး နေတာပါပဲ။ အခုတော့ တပည့်တော်မ မနေနိုင်တော့ပါဘူးဘုရား။ နောက်ထပ်ဘယ်လောက်ပဲ နေရနေရ ဗုဒ္ဓဘာသာအဖြစ်နဲ့ပဲနေပြီး ဗုဒ္ဓဘာသာအဖြစ်နဲ့ပဲ သေချင်ပါတယ်ဘုရား"

"အမိုးစဉ်းစားတာမှန်ပါတယ်။ ဘာသာတစ်ခုကနေ တစ်ခြားဘာသာ တစ်ခုကို လွယ်လွယ်မပြောင်းသင့်ပါဘူး။ အခုလည်း အမိုးအနေနဲ့ နောက်ထပ် အချိန်ယူ သေချာစဉ်းစားပြီးမှ ဗုဒ္ဓဘာသာအဖြစ်ကို ခံယူစေချင်ပါတယ်"

"အဲဒီလိုပြောလိုက်တဲ့ အချက်ကလည်း တပည့်တော်မ လက်ရှိ ယူထားတဲ့ ဘာသာနဲ့ဗုဒ္ဓဘာသာတို့ ကွာခြားချက်ကို ထင်ထင်ရှားရှား ပြလိုက်တာပဲ ဘုရား"

"တပည့်တော်မ အမြဲတမ်း ဆုတောင်းတယ်။ ဒီလူနဲ့မြန်မြန်သေကွဲ ကွဲရပါစေ။ သို့မဟုတ် ရှင်ကွဲကွဲရပါစေလို့ပေါ့။ တပည့်တော်မဆုတောင်း ပြည့်ပါတယ်။ ကလေးခြောက်ယောက် မွေးပြီးတဲ့အချိန်မှာပဲ ဒီလူဟာ ရောဂါတစ်ခုနဲ့ ဆုံးသွားတယ်။ တပည့်တော်မဟာ သားငါးယောက်နဲ့ သမီးတစ်ယောက်ကို အရွယ်ရောက်သည်အထိ ပင်ပန်းဆင်းရဲစွာ ကျွေးမွေး ပြုစုခဲ့ရပါတယ်"။

## တတိယအရွယ်ရဲ့ တတိယမြောက်ဘာသာ

"မြန်မာပြည်ဖွားတစ်ယောက်ဖြစ်ပါလျက်နဲ့ အသက် ၇၀– အရွယ်ကျမှ ဗုဒ္ဓဘာသာရဲ့အနှစ်သာရကိုသိရတာ သိပ်နောက်ကျနေပါပြီဘုရား။ ဒါ့ကြောင့် အခုပဲ တပည့်တော်မကို သရဏဂုံဆောက်တည်ပေးပြီး ဗုဒ္ဓဘာသာအဖြစ်ကို သွတ်သွင်း ပေးပါဘုရား"

"ဧဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဧဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဧဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ"

"အသက်ဆုံးသည့် တိုင်အောင် ဘုရားရှင်ကိုကိုးကွယ်ရာဟူ၍ ဆည်း

www.burmeseclassic.com

www.burmeseclassic.com



ကပ်ပါ၏ ။"

"အသက်ဆုံးသည့် တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"

"အသက်ဆုံးသည့် တိုင်အောင် သံဃာတော်အရှင်မြတ်ကို ကိုးကွယ် ရာဟူ၍ ဆည်းကပ်ပါ၏"

သာဓု ....သာဓု ....သာဓု

(မှတ်ချက်)။ ။အဖွားဒေါ်မြရင်သည် ယခုအချိန်တိုင်အောင် ရွှေပြည်သာမြို့တွင် နေထိုင်လျက်ရှိပါသည်။ ရန်ကုန်မြို့ထဲမှ သားတစ်ယောက်သည် အလွန် ချမ်းသာ၏။ ဒေါ်မြရင် ဘာသာခြား ဘဝတွင်ရှိစဉ်က ထိုသားကပင် ကျွေးမွေးထောက်ပံ့ထား၏။ ယခုဗုဒ္ဓဘာသာသို့ ပြောင်းသွားသော အချိန်တွင်ကား လုံးဝပေးကမ်း ထောက်ပံ့ခြင်း မပြုတော့ပါ။ ထို့ကြောင့် စာရေးသူကပင် အစားလည်းကျွေး၊ တရားလည်း ပေးထားပါသည်။

အခန်း–၆–ပြီး၏ ။

www.burmeseclassic.com

www.burmeseclassic.com



## လူ့ဘာသာတရား

ကောင်းကင်ထက်မှာ နေလတွေရှိနေသမျှ မြေကမ္ဘာပေါ်မှာ လူသားတွေ တည်ရှိနေသမျှ ကာလပတ်လုံး ဗုဒ္ဓဘာသာရှိနေမှာပါ။ အကြောင်းမူယင်းသည် လူ့ဘာသာတရားဖြစ်၏။ ခြုံငုံ၍ဆိုရသော် လူသားမျိုးစုံ တစ်ရပ်လုံး၏ ဘာသာတရားဖြစ်နေသောကြောင့်ပါပဲ။

(သီရိလင်္ကာဝန်ကြီးချုပ်ဟောင်း ဘန္ဒရာနိုက်)

## ဗုဒ္ဓဘာသာဝင်သည် အခြားသူတစ်ဦး၏ ကျေးကျွန်မဟုတ်

ဗုဒ္ဓဘာသာဝင်တစ်ဦးဦးသည် အခြားသူတစ်ဦးဦး၏ ကျေးကျွန် မဟုတ်။ ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်လာရေးအတွက် မိမိ၏ လွတ်လွတ်လပ်လပ်တွေးခေါ် ဝေဖန်နိုင်ခွင့်ကို စွန့်လွှတ်စရာ မလိုအပ်ပါ။ သူ၏ လွတ်လပ်ခွင့်ကို ဆက်လက် ကျင့်သုံးနိုင်သည့်အပြင် သူကိုယ်တိုင် ဘုရား ဆုပန်ပြီး ပညာပါရမီ ဆက်လက်တိုးတက် ဖြည့်ဆည်းရေးအတွက်ကိုသော်မှ ဗုဒ္ဓဘာသာက အားပေးထောက်ခံထားပါသည်။ အကြောင်းမူ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သမ္မာဗုဒ္ဓ၊ သုတဗုဒ္ဓ ဟူသော ဗုဒ္ဓလေးမျိုးတို့အနက် တစ်မျိုးမျိုးသောဗုဒ္ဓ ဖြစ်နိုင်သည့် ပင်ကိုယ်စွမ်းရည်များ ရှိနေကြသောကြောင့် ဖြစ်၏။

(ဗုဒ္ဓဘာသာဆိုတာဘာလဲဟူသော ကျမ်းစာရှင်
မဟာနာယကထေရဘဒ္ဒန္တနာဒရ)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၆

## ဓမ္မဓိဋ္ဌာန် ဘာသာရွေးနည်း

၁၉၉၄–ခုနှစ်ခန့်ကဖြစ်၏။ အသက်သုံးဆယ်ခန့်အရွယ်ရှိ ဖြူဖြူသန့်သန့် အမျိုးသားတစ်ယောက်ကျောင်းပေါ် သို့တက်လာ၏။ သူ့လက်ထဲတွင် ဂျပ်စက္ကူအလိပ်ကြီးတစ်လိပ်လည်းပါလာ၏။ စာရေးသူကို မြင်လိုက်သည်နှင့် –

"ကျောင်းထိုင်ဆရာတော်နဲ့ တွေ့ချင်လို့ပါ"

ဟု လျှောက်၏။ စာရေးသူက –

"ဦးပဉ္ဇင်းက ဒီကျောင်းက ကျောင်းထိုင်ဆရာတော်ပါပဲ။ ဒကာလေးလိုတဲ့အကူအညီကိုပြောပါ။ တတ်နိုင်သမျှ ကူညီပါ့မယ်"

ဟု ပြောလိုက်ရာ ထိုသူငယ်သည် စာရေးသူကိုကြည့်ပြီး အတော်အံ့ဩသွားဟန်ကို တွေ့ရ၏။

"သြော် –ဆရာတော်က ငယ်ငယ်လေးရှိသေးတာပဲ။ တပည့်တော် က ဘာသာခြားတစ်ယောက်ပါ။ တပည့်တော်တို့ ဓမ္မဆရာက ဘာသာ တစ်ခုကို မျက်စေ့မှိတ် မကိုးကွယ်သင့်ဘူး။ မျက်စေ့ဖွင့်ပြီး ကိုးကွယ်သင့်တယ်။ မင်းတို့ အနေနဲ့ တခြားဘာသာက ဓမ္မစာပေတွေကိုလည်း လေ့လာပါ။ အထူးသဖြင့် ဝိဘဇ္ဇဉာဏ်ကို အားပေးတဲ့ဗုဒ္ဓဘာသာက စာပေတွေကို အများဆုံးလေ့လာ

www.burmeseclassic.com

www.burmeseclassic.com



ပါလို့ တိုက်တွန်းခဲ့ပါတယ်။ ဒါ့ကြောင့် တပည့်တော် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွေသွား၊ ဆရာတော်များများနဲ့ မေးမြန်းဆွေး နွေး၊ ဓမ္မစာပေတွေဖတ်နဲ့လုပ်နေတာ အတော်ကြာပါပြီဘုရား။ ဒါ့ကြောင့်လည်း ဆရာတော်တွေနဲ့ စကားပြောတတ်နေတာပါ"

"ကောင်းတယ် ဒကာလေး၊ အင်္ဂလန်က ခရစ်ယာန်ဘုန်းကြီး တစ်ပါးရဲ့သားဖြစ်တဲ့ 'ဒေါက်တာရိုင်းစဒေးဗစ်' ဟာ ခရစ်ယာန်ဘာသာရဲ့ ဓမ္မကဗုဒ္ဓဘာသာရဲ့ ဓမ္မထက်သာလွန်ကြောင်း တစ်ကမ္ဘာလုံးကသိစေဖို့ ပိဋကတ်တော်တွေကို အင်္ဂလိပ် ဘာသာပြန်ဆိုခဲ့တာပါ။ ပြန်ဆိုရင်းပဲ 'ဗုဒ္ဓဓမ္မရဲ့အနှစ်သာရတွေ'ကို တွေ့ရှိပြီး ဗုဒ္ဓဘာသာဖြစ်သွားတာပါ"

"ဆာအက်ဒွင်အာနိုးဟာလည်း အာရှတိုက်ရဲ့အလင်းရောင် ကဗျာရှည်ကြီးကို ရေးဖို့အတွက် ဗုဒ္ဓဓမ္မတွေကို လေ့လာရင်း ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့တာပါ။ ဒါဟာ ဘာသာတရားကို မျက်စေ့ဖွင့်ပြီး တစ်နည်း– ဦးနှောက်တံခါးဖွင့်ပြီး ကိုးကွယ်ခဲ့ကြတဲ့ အကျိုးပေါ့။ ဗုဒ္ဓရဲ့ဓမ္မကို လေ့လာတဲ့အခါမှာ နည်းကောင်းလေး တစ်ခုကိုပေးချင်တယ်"

"ပေးပါဘုရား"

"လောကမှာ မိမိရဲ့အကျိုးမြန်မြန်ပြီးချင်ရင် လူကြီးနဲ့တစ်ခါတည်းဝင်တွေ့လိုက်တာ အကောင်းဆုံးပဲ။ ပီအေနဲ့တင်တွေ့နေရရင် ကိုယ်လိုချင်တဲ့အကျိုးကို တော်တော်နဲ့မရနိုင်ဘူး။ ပီအေက ဘယ်လိုပဲ သဘောကောင်းပါတယ်ပြောပြော၊ လူကြီးမဟုတ်တာကတော့ အမှန်ပဲ။ ထို့အတူ ဗုဒ္ဓရဲ့ဓမ္မတွေကို လေ့လာတဲ့အခါ မင်္ဂဖိုလ်ဆိုတဲ့ကောင်းကျိုးကိုမြန်မြန်ရချင်ရင် ပါဠိတော်တွေ သို့မဟုတ် ပါဠိတော် မြန်မာပြန်တွေကို တိုက်ရိုက်ဖတ်စေချင်တယ်"

"ပီအေနဲ့တူတဲ့ တခြားသူတွေ တစ်ဆင့်ပြန်ရေးတဲ့စာပေတွေ မှာတင်လမ်းမဆုံးစေချင်ဘူး။ သူသူကိုယ်ကိုယ် စာရေးကြပြီဆိုရင် ကိုယ့်ရဲ့အတ္တနောမတိလေးကိုတော့ ထည့်ရေးတတ်ကြတာ ဓမ္မတာပါပဲ။ ဒါ့ကြောင့် ပါဠိတော်တွေကို အရင်ပေါက်အောင်ဖတ်ပြီးမှ တခြားသူတွေ ရေးတာကို ဖတ်စေ

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်"

"ဥပမာ–ဘီလုံးငှက်နဲ့သိန်းစွန်အကြောင်းကို ဒကာလေးဖတ်ဖူးတယ် မဟုတ်လား".

"တန်းကျောင်းမှာ ပြဋ္ဌာန်းခဲ့တာဆိုတော့ ဖတ်ဖူးပါတယ်ဘုရား"

"အဲဒါကိုဖတ်ပြီး ဒကာလေးသဘောပေါက်တာကို ပြောပြပါဦး"

"တပည့်တော်သဘောပေါက်တာက ဘီလုံးငှက်လေးဟာ မိမိနေရာ မဟုတ်တဲ့ အရပ်မှာ သွားနေမိလို့ သိန်းစွန်ရဲချီသုတ်ခြင်းကို ခံရတာ၊ မိမိနေရာဖြစ်တဲ့ မြေစိုင်ခဲအောက်မှာနေခဲ့တော့ သိန်းစွန်ရဲသုတ်ချီခြင်းကို မခံရတဲ့အပြင် ဇွတ်အတင်း လာသုတ်ချီတဲ့သိန်းငှက်ဟာ မြေစိုင်ခဲနဲ့ ဆောင့်မိပြီး သေသွားရတယ်။ ဒီဥပဒေသအတိုင်း လူဟာမိမိကျွမ်းကျင်တဲ့ ဒေသမှာသာ ကျက်စားသင့်တယ်။ မိမိမကျွမ်းကျင်တဲ့ဒေသမှာ မကျက်စားသင့်ဘူး ဆိုတဲ့ သင်ခန်းစာတစ်ခုကို ရတာပေါ့ဘုရား"

"လူတစ်ရာမှာ ၉၉–ယောက်ကတော့ အဲဒီအတိုင်းပဲ သိထားကြတယ်။ ဦးပဥ္စင်းတို့ကိုယ်တိုင်လည်း အရင်တုန်းက ၉၉–ယောက်ထဲမှာ ပါခဲ့တာပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဗုဒ္ဓဓမ္မကိုလေ့လာတဲ့အခါ တစ်ဆင့်ရေးတာတွေကိုသာ အဖတ်များခဲ့တာကိုး"

"နောက် ပါဠိတော် မြန်မာပြန်တွေကို တိုက်ရိုက်ဖတ်လာမှ ဗုဒ္ဓရဲ့ အဓိက ရည်ရွယ်ချက်ကို သိလာရတယ်။ ဗုဒ္ဓပွင့်ထွန်းပေါ် ပေါက် လာရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ဟာ လူသားတွေသန္တာန်မှာရှိတဲ့ ကိလေသာ အပူမီးတွေ ကုန်ခန်းပပျောက်သွားရေးအတွက်ပဲ။ အဲဒီအချက်ကို ဒကာလေး ဘယ်တော့မှ မမေ့နဲ့"

"ဘာသာရေးနဲ့ပတ်သက်ပြီး ဗုဒ္ဓဝါဒလား၊ ဗြဟ္မဏဝါဒလားဆိုတာ သိချင်ရင် ကိလေသာကုန်ခန်းရေး၊ နည်းပါးရေးဟုတ်,မဟုတ်ဆိုတဲ့ မှတ်ကျောက်ကိုသာ တိုက်ကြည့်လိုက်ပေါ့ လာတာပဲ။ ကိလေသာ ကုန်ခန်းရေး၊ နည်းပါးရေးနဲ့ ဆိုင်ရင် ဗုဒ္ဓဝါဒလို့ သတ်မှတ်နိုင်ပြီး ကိလေသာကုန်ခန်းရေး၊ နည်းပါးရေးနဲ့ မသက်ဆိုင်ရင် ဗြဟ္မဏဝါဒလို့ သတ်မှတ်နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အခုဒကာလေးဖတ်ရတဲ့ ဗီလုံးငှက်အကြောင်းဟာ သံယုတ်ပါဠိတော်၊ သကုဏဂ္ဃိသုတ်မှာ ဗုဒ္ဓဟောကြားထားတဲ့ ဒေသနာတစ်ခု ဖြစ်တယ်။ ဒီဒေသနာမှာ ဥပမာန၊ ဥပမေယျလို့နှစ်ခုပါတယ်။ ဒီနှစ်ခုမှာ ဥပမေယျက လိုရင်းပဲ။ ဥပမာနမှာ ဗီလုံးငှက်လေးဟာ သူကျက်စားနေကျ မဟုတ်တဲ့ နေရာမှာ သွားကျက်စားလို့ သိန်းငှက်ရဲ့သုတ်ချီခြင်းကို ခံလိုက်ရတယ်"

"ဒီအခါ ဗီလုံးငှက်က ငါဟာ ကျက်စားနေကျ နေရာမှာ မကျက်စားတဲ့အတွက် အခုလိုသိန်းငှက်ရဲ့ သုတ်ချီခြင်းကိုခံရတယ်။ ငါကျက်စားနေကျနေရာမှာသာ ကျက်စားရင် အခုလို သုတ်ချီတာခံရမှာမဟုတ်ဘူးလို့ ပြောဆိုပြီး ငိုနေတဲ့အတွက် သိန်းငှက်က မခံချင်စိတ်ဖြစ်ပြီး ဒီလောက် အပြောကြီးတဲ့ ဘီလုံးငှက် သင်ကျက်စားနေကျ နေရာကို ပြောစမ်း၊ သင့်ကို ပြန်လွှတ်ပြီး ရအောင်ဖမ်းပြမယ်လို့ ပြောလိုက်တယ်"

"ဒီအခါ ဘီလုံးငှက်က ထွန်ကျစ်စာခဲတုံးကြီးတွေ ရှိတဲ့နေရာဟာ ကျွန်ုပ် ကျက်စားနေကျနေရာပဲလို့ပြောတာနဲ့ သိန်းငှက်ဟာ ဘီလုံးငှက် ပြောတဲ့နေရာကို လွှတ်ပေးလိုက်တယ်"

"ဒီအခါ ဘီလုံးငှက်က ကြီးမားတဲ့ မြေစိုင်ခဲတုံးကြီးပေါ် တက်မတ်တပ်ရပ်ပြီး သိန်းငှက်ကို စိန်ခေါ်လိုက်တယ်။ သိန်းငှက်ကလည်း အလောတကြီးနဲ့ ဘီလုံးငှက်ကို အရှိန်နဲ့ဆင်းပြီး သုတ်ချီတယ်။ သိန်းငှက် သဲ့နား ရောက်ခါနီးတာနဲ့ ဘီလုံးငှက်ဟာ မြေစိုင်တုံးကြီးအောက် ပြေးဝင်လိုက်တယ်"

"ဒီအခါ သိန်းငှက်ဟာ မြေစိုင်ခဲတုံးနဲ့ ရင်ဝကိုဆောင့်မိပြီး သေပွဲဝင်သွားတယ်။ ဒါက ဥပမာပါ၊ သီစေချင်တဲ့ဥပမေယျက–ကိလေသာ ကုန်အောင် တရားအားထုတ်နေတဲ့ ရဟန်းဟာ သို့မဟုတ် ယောဂီဟာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးမှာသာ စိတ်ဟာ ကျက်စားနေရမယ်။ သတိပဋ္ဌာန်လေးပါးဟာ ယောဂီတစ်ယောက်ရဲ့ အမြဲ ကျက်စားရမယ့်နေရာပဲ"

"ထို့အတူဘီလုံးငှက်အမြဲကျက်စားရမယ့် နေရာဟာ မြေစိုင်ခဲကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတဲ့ နေရာပဲပေါ့။ ဘီလုံးငှက်ဟာ သူ မကျက်စားရမယ့် လွင်ပြင်လို နေရာမှာ သွားကျက်စားတော့ သိန်းငှက်ရဲ့သုတ်ချီခြင်းကိုခံရသလို ယောဂီဟာလည်း သူမကျက်စားသင့်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ ဆိုတဲ့ အာရုံငါးပါးပေါ်မှာ သွားပြီး ကျက်စားရင် မာရ်နတ်မင်းရဲ့ လောဘ၊ ဒေါသစတဲ့ ကိလေသာ သိန်းငှက်ရဲ့ သုတ်ချီခြင်းကို ခံရပြီး ရဟန်းဆိုရင် လူထွက်မယ်၊ ယောဂီဆိုရင် တရားအလုပ် ပျက်သွားမယ်လို့ ဆိုလိုတာပါပဲ"

"အို–သိပ်အံ့ဩစရာကောင်းတာပဲ။ ဗုဒ္ဓရဲ့တရားတော်တွေဟာ ကိလေသာ ကုန်ခမ်းရေးကိုချည်း ဦးတည်ထားတယ်ဆိုတာ အခုမှသိရတယ်ဘုရား။တပည့်တော်ကလည်း ဗုဒ္ဓရဲ့ အဓိကရည်ရွယ်ချက်ကို နားလည်အောင်ပြောပြနိုင်မယ့် ဆရာတော်ကို ရှာနေတာကြာပြီ ဘုရား။ ဆရာတော်ကိုတွေ့ရတာ ရေငတ်တုန်း ရေတွင်းထဲကျသလိုပါပဲ။ ဆရာတော် ခွင့်ပြုမယ်ဆိုရင် ဆရာတော်ရဲ့ကျောင်းမှာ နှစ်လကျော်လောက်နေပြီး ဗုဒ္ဓရဲ့ ဓမ္မတွေကို ပြည့်ပြည့်စုံစုံသိအောင် ဆွေးနွေးမေးမြန်းချင်ပါတယ် ဘုရား"

"ခွင့်ပြုတာပေါ့။ ဦးပဥ္စင်းတို့ရဟန်းတော်တွေမှာ ဒီလိုသာသနာပြုတဲ့ အလုပ်မှတစ်ပါး တခြားအလုပ်မှမရှိပဲ"

"ဒါနဲ့ ဆရာတော် ဝေးလံခေါင်သီတဲ့ တောရွာတွေမှာရော ဆင်းပြီး သာသနာပြု ခရီးကြွပါသလား ဘုရား"

"ကြွတယ်၊ သူများမကြွချင်တဲ့ နေရာတွေကိုမှ ဦးစားပေးကြွပြီး တရားဟော တရားပြပေးတယ်"

"ကောင်းတယ်ဘုရား၊ ဒါဆိုရင် ဆရာတော်က ဒင်ကျီးငှက်ရဲ့ သာသနာပြုနည်းနဲ့ သာသနာပြုနေတာဆိုတော့ တပည့်တော် ဝမ်းသာပါတယ် ဘုရား"

"အဆန်းပါလား၊ ဒင်ကျီးငှက်ရဲ့သာသနာပြုနည်းဆိုတာ ဘာကို ပြောတာလဲ"

"တပည့်တော်တို့ ဆရာက ပြောတာဘုရား။ ဆရာတော်စိတ်မဆိုးဘူး

www.burmeseclassic.com



ဆိုရင်တော့ ပြောပြချင်ပါတယ်ဘုရား"

"ဘာလို့စိတ်ဆိုးရမှာလဲ ပြောပြပါ"

"ဒီလိုပါဘုရား၊ ဗုဒ္ဓဘာသာ ရဟန်းတော်တွေရဲ့ သာသနာပြုနည်းက ဗျိုင်းနဲ့တူတယ်တဲ့ဘုရား။ ဗျိုင်းဟာ ရေပေါ် ပေါ် လာတဲ့ ငါးကိုသာ ဖမ်းစားတယ်။ ရေအောက်ထဲထိ လိုက်ပြီး ငါးကိုမဖမ်းဘူး။ ထို့အတူ ဗုဒ္ဓ ဘာသာ ရဟန်းအများစုဟာလည်း မြို့ပေါ်၊ ရွာပေါ် ကတွေ့သမျှ လူလောက် ကိုပဲ ဟောပြောပြပြီး သာသနာပြုတယ်။ ဝေးလံခေါင်သီတဲ့ တောရွာတွေထိ လိုက်ပြီး သာသနာမပြုကြဘူး"

"အခြားဘာသာခြား ဆရာတွေကတော့ ဒင်ကျီးငှက်နဲ့တူတယ်၊ ဒင်ကျီးငှက်ဟာ ရေပေါ် ပေါ် လာတဲ့ငါးကိုလည်း ဖမ်းစားတယ်။ ရေအောက်ကငါးကိုလည်း လိုက်ပြီးဖမ်းစားတယ်။ ထို့အတူ ဗုဒ္ဓဘာသာမှတစ်ပါး တခြားသောဘာသာခြား ဆရာတွေဟာ မြို့ပေါ် ရွာပေါ် မှာလည်း သူ့တို့ရဲ့ သာသနာကို ဖြန့်တယ်။ ဝေးလံခေါင်သီတဲ့ တောရွာတွေမှာလည်း သူ့တို့ရဲ့ သာသနာကိုဖြန့်တယ်။ ဒါ့ကြောင့် ခေါင်တဲ့ အရပ်တွေမှာဆိုရင် ဗုဒ္ဓဘာသာ သာသနာပြုတွေ မရောက်တဲ့အတွက် ဘာသာခြားတွေများနေတာလို့ ပြောပါတယ်*ဘုရား"

ဘာသာခြား ဆရာတစ်ယောက်ဆီကရသော စကားဖြစ်သော်လည်း စာရေးသူတို့ ဗုဒ္ဓဘာသာရဟန်းတော်များအတွက် အင်မတန် အကျိုးရှိသော စကားပင်ဖြစ်၏။ သာသနာပြုအပြေးပြိုင်ပွဲတွင် မြန်မာပြည်၌ ဗုဒ္ဓဘာသာ သာသနာပြုများသည် ယုန်နှင့်တူ၏။ နောက်မှ ရောက်လာသော ဘာသာခြား သာသနာပြုများသည် လိပ်နှင့်တူ၏။ ယုန်သည် အပြေးမြန်သော်လည်း အိပ်နေသောကြောင့် တစ်လှမ်းချင်း ဖွဲဖြင့်သွားသောလိပ်ကို အရှုံးပေးခဲ့ရ၏။

ထို့အတူ မြန်မာပြည်သို့ တခြားဘာသာများထက် အရင်ဆုံး ရောက်လာ သော ဗုဒ္ဓဘာသာသည် အားအကောင်းဆုံး ဖြစ်သောကြောင့် ယုန်နှင့်တူ၏။ တခြားဘာသာကား နောက်မှရောက်လာပြီး အားနည်းသော ကြောင့် လိပ်နှင့်တူ၏။ အရင်ရောက်သော ဗုဒ္ဓဘာသာ သာသနာပြုများသည်

www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်ရွာပေါ် လောက်သာ ဇိမ်ခံပြီး သာသနာပြုနေခြင်းသည် အိပ်ပျော်နေသောယုန်နှင့် တူ၏။

မြို့ပေါ်ရွာပေါ်သာမက ဝေးလံခေါင်သီလှသော တောအုံများပါ မကျန် သာသနာပြုနေသော ဘာသာခြားသာသနာပြုများကား လိပ်နှင့်တူ၏။ ဘာသာခြားဆရာပြောလိုက်သောစကားသည် အိပ်ပျော်နေသော ဗုဒ္ဓဘာသာ သာသနာပြုများကို လှုပ်နှိုးလိုက်သည်နှင့်တူ၏။ အိပ်ပျော်ရာမှ နိုးနိုးချင်း ထပြေးမည်ဆိုလျှင်ကား ယုန်သည် လိပ်ကို နိုင်မည်ဖြစ်သကဲ့သို့ ဘာသာရေး အိပ်ပျော်ရာမှ ရဟန်းတော်များ နိုးလာပြီး တောစွန်ခြုံဖျားပါမကျန် သာသနာ ပြုကြလျှင်ကား ဘာသာခြား သာသနာပြုများကို ကျော်တက်နိုင်ပါသေးသည်။

နိုင်ငံတော်အစိုးရကလည်း လူသာသနာပြုသင်တန်း၊ ရဟန်း သာသနာပြု သင်တန်းများကို ဖွင့်လှစ်ကာ တောင်တန်းဒေသများသို့ သာသနာပြုစေလွှတ်ကာ အားပေးကူညီနေပြီမဟုတ်ပါလော။ စာရေးသူသည်အတွေးကို ရပ်၍ အမေးအဖြေကို ပြန်စရ၏။

"ဒကာလေး ကေသမုတ္တိသုတ်ကိုဖတ်ပြီးပြီလား"

"ဖတ်ပြီးပြီ ဘုရား၊ သိပ်ကောင်းတာပဲ။ ဘာသာရွေးချယ် ကိုးကွယ်နည်းကို ဗုဒ္ဓကဘက်မလိုက်ပဲ ဟောထားတာ ဘယ်ဘာသာဝင်မဆို ဖတ်သင့်တယ်ဘုရား"

"ကေသမုတ္တိသုတ္တန်ကို ဓမ္မဓိဋ္ဌာန်ဘာသာရွေးနည်းလို့ နာမည်ပေးသင့်တယ်။ ရွေးချယ်ရမယ့်ဘာသာမှာ ရှိရမယ့် အင်္ဂါလေးချက်နဲ့ ပယ်စွန့်ရမယ့်ဘာသာမှာရှိတဲ့ အင်္ဂါလေးချက်ကို တိတိကျကျဟောထားတယ်။ ဘာသာအယူဝါဒတစ်ခုကတရားကို ကျင့်သုံးကြည့်လိုက်လို့ –

၁။ ကုသိုလ်တရားသာဖြစ်မယ်။

၂။ အပြစ်ကင်းတဲ့ တရားသာဖြစ်မယ်။

၃။ ပညာရှိတို့ချီးမွမ်းအပ်တဲ့တရားသာဖြစ်မယ်၊

၄။ ပြည့်စုံစွာကျင့်သုံးလိုက်ရင်အစီးအပွားတိုးတက်ခြင်း၊ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်မယ်" ဆိုရင် အဲဒီဘာသာကို ယူသင့်တယ်၊ လက်တွေ့ ကျင့်သုံးကြည့်လိုက်လို့–

၁။ အကုသိုလ်တရားသာဖြစ်မယ်။

၂။ အပြစ်ရှိတဲ့တရားသာဖြစ်မယ်။

၃။ ပညာရှိတွေ ကဲ့ရဲ့အပ်တဲ့ တရားသာဖြစ်မယ်။

၄။ ပြည့်စုံစွာကျင့်သုံးလိုက်ရင် အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းဖြစ်မယ်– ဆိုရင်

အဲဒီဘာသာကို ပယ်သင့်တယ်။ ဒီကေသမုတ္တိသုတ်ကို ဒကာလေး ဖတ်တဲ့အခါ ဆရာရဲ့စကားဖြစ်ရုံနဲ့လည်း အမှန်လို့မယူနဲ့ စတဲ့ ဆယ်ချက်လောက်ကိုပဲ ဖတ်ရတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါသုတ္တန်ရဲ့ အစလောက်ပဲရှိသေးတယ်။ နောက်မှာ အရေးတကြီးသိသင့်တဲ့ဟောကြားချက်တွေ အများကြီးကျန်သေးတယ်"

"ဟာ အဲဒါဆိုတပည့်တော် အစအဆုံးသေချာဖတ်ချင်တယ်ဘုရား"

"ဖတ်ချင်ရင်ရော့ ဒီစာအုပ်ကိုဖတ်"

ဟုဆိုကာ ဦးမောင်မောင်လေးဘာသာပြန်သော ပိဋကအနှစ်ချုပ် အင်္ဂုတ္တရ နိကာယ် ပထမတွဲစာအုပ်ကိုပေးလိုက်၏။

(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ကေသမုတ္တိသုတ်)

## ပယ်ရမည့်တရားသုံးပါးနှင့် ပြည့်စုံရမည့်တရားသုံးပါး

ကာလာမမင်းများလျှောက်ကြားပုံ –

"အခါတစ်ပါး၌မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းနှင့်တကွ ကောသလတိုင်းအတွင်း၌ ဒေသစာရီကြွချီစဉ် ကာလာမမင်းတို့၏ ကေသမုတ္တမည်သော နိဂုံးသို့ဆိုက်ရောက်လေ၏။

မှတ်ချက်။ ။ တံတိုင်းအရံမရှိဘဲ ဈေးကြီးသာရှိလျှင်နိဂုံးဟုခေါ်၏။ တံတိုင်း ဈေးကြီးနှစ်မျိုးလုံးရှိလျှင် မြို့ဟုခေါ်၏။ နှစ်မျိုးလုံးမရှိလျှင် ရွာဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းရံမရှိ၊ ဈေးသာရှိမှတ်ဘိနိဂုံးတည်း။

နှစ်ပါးစုံရှိ၊ မြို့ဟုသိ၊ မရှိဂါမတည်း။ (စာရေးသူ)

ကာလာမမင်းတို့သည် သာကီဝင်မင်းမျိုးဖြစ်သော ရဟန်းဂေါတမသည် ကေသမုတ္တနိဂုံးသို့ ဆိုက်ရောက်လာသတဲ့ဟူသော သတင်းစကားကိုကြားသိကြလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လာကြပြီး ဝမ်းမြောက်ဖွယ်ပဋိသန္ထာရ စကားကို ပြောဆိုကြသည်။ ထို့နောက်ကာလာမမင်းတို့က မြတ်စွာဘုရားအား အောက်ပါစကားကို လျှောက်ကြားကြသည်။

"အရှင်ဘုရား၊ အချို့သော သမဏဗြာဟ္မဏတို့သည် ကေသ မုတ္တနိဂုံးသို့ ရောက်လာကြပါသည်။ သူတို့သည် မိမိတို့ အယူဝါဒကိုသာလျှင် အမွှန်းတင်ပြောဆို၍ သူတစ်ပါးတို့၏ အယူဝါဒကို ရှုတ်ချပြောဆို ကြပါသည်။ တစ်ဖန် အခြားသော သမဏဗြာဟ္မဏာများ ရောက်လာပြန်သော အခါ၌လည်း ထိုနည်းတူပင်ပြောဆိုကြပြန်ပါသည်"

"အရှင်ဘုရား ၊ ထိုသမဏဗြာဟ္မဏတို့တွင် အဘယ်သူတို့၏ စကားသည် မှန်ကန်၍ အဘယ်သူ၏ စကားသည် မှားသနည်းဟူ၍ ကျွန်ုပ်တို့အား ယုံမှားမှု၊ တွေးတောမှုများ ဖြစ်ခဲ့ရပါသည်"

ကာလာမမင်းတို့က ထိုသို့လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် ကာလာမမင်းတို့အား သူတစ်ပါးပြောကာမျှဖြင့် မယုံဘဲ၊ ကိုယ်တိုင်သိမြင်အောင် ဆင်ခြင်စူးစမ်းပြီးမှ ပယ်သင့်သောတရားကိုပယ်၍ ဆောင်သင့် သောတရားကို ဆောင်ကြရန်ဟောကြားလမ်းညွှန်တော်မူပါသည်။

"ကာလာမမင်းတို့၊ သင်တို့သည် ယုံမှားခြင်းငှာသင့်ပေ၏ ။ တွေးတောခြင်းငှာ သင့်ပေ၏ ။ ယုံမှားသင့်သော အရာ၌သာလျှင် သင်တို့အား ယုံမှားခြင်းသည် ဖြစ်ခဲ့၏ "။

## မယုံကြည်ရာအကြောင်းဆယ်ပါး

"ကာလာမမင်းတို့ သင်တို့သည် တစ်ဆင့်စကား ကြားရုံမျှဖြင့် အမှန်ဟု မယူကြကုန်လင့်။ မိဘဘိုးဘွား အဆက်ဆက် ပြောစကားများဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။ ဒီဟာကဒီလိုတဲ့ဟူ၍ မသေမချာ ပြောစကားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း အမှန်ဟု မယူကြကုန်လင့်။ စာပေကျမ်းဂန်နှင့် ညီညွတ်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။ ဤအတိုင်းသာ ဖြစ်လောက်ရာ၏ဟူ၍ ကြံဆခြင်းဟူသော အကြောင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။ နည်းလမ်းယုတ္တိဖြင့်ချိန်ဆနိုင်ခြင်းဟူသော အကြောင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။ အကြောင်းခြင်းရာကို ကြံဆခြင်း ဖြင့်လည်း အမှန်ဟုမယူကြကုန်လင့်။ တွေးကြံစဉ်းစား၍ ကျေနပ် နှစ်သက် လက်ခံထားသော မိမိအယူအဆနှင့် ညီညွတ်ရုံဖြင့်လည်းအမှန်ဟု မယူဆကြ ကုန်လင့်။ နာယူထိုက်သော ပုဂ္ဂိုလ်၏ စကားဖြစ်ခြင်းမျှဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။ မိမိတို့၏ ဆရာဖြစ်သောရဟန်း၏ စကားဖြစ်ရုံမျှ ဖြင့်လည်း အမှန်ဟုမယူကြကုန်လင့်။

## ကိုယ်တိုင်သိလျှင် စွန့်ပယ်ကြ

"ကာလာမမင်းတို့၊ အကြင်အခါ၌ ဤတရားတို့သည် အကုသိုလ်တရားများဖြစ်၏။ အပြစ်ရှိသော တရားများဖြစ်၏။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားများ ဖြစ်၏။ ပြည့်စုံစွာ စွဲယူ ဆောက်တည်အပ် သည်ရှိသော် အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ဟူ၍ သင်တို့ ကိုယ်တိုင်သာလျှင် သိကုန်ရာ၏။ ထိုအခါ၌ သင်တို့သည် ထိုတရားတို့ကို ပယ်စွန့်ကြကုန်လော့"။

## ပယ်ရမည့်တရားသုံးပါး

"ကာလာမမင်းတို့၊ ထိုအရာကို သင်တို့မည် အသို့ ထင်ကြကုန်သနည်း။ လောဘသည် သတ္တဝါ၏ အတွင်းသန္တာန်၌ဖြစ်ပေါ် လာသည်ရှိသော် အကျိုးစီးပွား တိုးတက်ခြင်းငှာ ဖြစ်သလော၊ အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားမဲ့ခြင်းငှာဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့ ၊တပ်မက်ခြင်းရှိသောသတ္တဝါသည် လောဘဖြင့် လွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲယူအပ်သောစိတ်ရှိသည်ဖြစ်၍ သတ္တဝါကိုလည်း သတ်၏။ သူမပေးအပ်သောဥစ္စာကိုလည်းယူ၏။ သူတစ်ပါးသားမယား

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းသွားလာ၏။ မုသားစကားကိုလည်းပြော၏။ သူတစ်ပါးကိုလည်း ထိုအမှုများကိုပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါကိုသတ်ခြင်းစသော အမှုသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေ၏"

"ကာလာမမင်းတို့၊ ထိုအရာကိုသင်တို့ မည်သို့ထင်ကြသနည်း။ ဒေါသသည် သတ္တဝါ၏ အတွင်းသန္တာန်၌ဖြစ်ပေါ် လာသည်ရှိသော် အကျိုး စီးပွားတိုး တက်ခြင်းငှာဖြစ်သလော၊ အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ ဒေါသထွက်သောသတ္တဝါသည် ဒေါသဖြင့် လွှမ်းမိုးအပ်၊ သိမ်းကျုံး ဆွဲယူအပ်သောစိတ် ရှိသည်ဖြစ်၍ သတ္တဝါကိုလည်း သတ်၏။ မုသားစကားကိုလည်း ပြော၏။ သူတစ်ပါးကိုလည်း ထိုအမှု များဖြင့်ပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါကိုသတ်ခြင်း စသောအမှု သည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေ၏"

"ကာလာမမင်းတို့၊ ထိုအရာကို သင်တို့မည်သို့ထင်ကြသနည်း။ မောဟသည် သတ္တဝါတို့၏ အတွင်းသန္တာန်ဖြစ်သည်ရှိသော် အကျိုးစီးပွား တိုးပွားခြင်းငှာ ဖြစ်သလော၊ အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ တွေဝေသောသတ္တဝါသည် မောဟဖြင့် လွှမ်းမိုးအပ်၊ သိမ်းကျုံး ဆွဲယူအပ်သောစိတ် ရှိသည်ဖြစ်၍ သတ္တဝါကိုလည်း သတ်၏။ မုသားစကားကိုလည်း ပြော၏။ သူတစ်ပါးကိုလည်း ထိုအမှုများ ပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါသတ်ခြင်းစသော အမှုသည် ထိုသတ္တဝါအား ရှည်မြင့်စွာအကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေ၏"

"ကာလာမမင်းတို့၊ ထိုအရာကို သင်တို့မည်သို့ထင်သနည်း။ ဤလောဘ၊ ဒေါသ၊ မောဟတို့သည် ကုသိုလ်တရားများဖြစ်သလော၊ အကုသိုလ် တရားများဖြစ်ပါသလော"

"အကုသိုလ်တရားများဖြစ်ပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အပြစ်ရှိသောတရားများဖြစ်သလော၊ အပြစ်ကင်းသောတရားများဖြစ်သလော"

"အပြစ်ရှိသောတရားများဖြစ်ပါသည်ဘုရား"

"ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားများဖြစ်သလော၊ ပညာရှိတို့ ချီးမွမ်းအပ် သောတရားများဖြစ်သလော"

"ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားများဖြစ်ပါသည်ဘုရား"

"ဤတရားတို့သည် အပြည့်အစုံစွဲယူဆောက်တည်အပ်သည် ရှိသော် အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာဖြစ်သလော။ မဖြစ်ကုန်သလော။ ဤအရာ၌ သင်တို့၏ ထင်မြင်ချက်မည်သို့ရှိပါသနည်း"

"ဤတရားတို့သည် အပြည့်အစုံစွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာဖြစ်ပါကုန်၏။ ဤအရာ၌ ဤသို့လျှင် ကျွန်ုပ်တို့ ထင်မြင်ချက်ရှိပါသည်ဘုရား"

"ကာလာမမင်းတို့၊ ဤသို့သော လောဘ၊ ဒေါသ၊ မောဟတို့၏ အစီးအပွားမဲ့မှု၊ ဆင်းရဲမှုကိုဖြစ်စေခြင်းဟူသော အနက်သဘောကို ရည်ရွယ်၍ သင်တို့သည် တဆင့်စကားကြားရုံမျှစသည်ဖြင့် အမှန်ဟု မယူဆကြကုန်လင့်။ အကြင်အခါ၌ ဤတရားတို့သည် အကုသိုလ်တရား၊ အပြစ်ရှိ သောတရား၊ ပညာရှိတို့ ကဲ့ရဲ့အပ်သောတရား၊ အစီးအပွားမဲ့မှု၊ ဆင်းရဲမှုကို ဖြစ်စေနိုင်သော တရားများ ဖြစ်ကုန်၏ဟူ၍ သင်တို့ကိုယ် တိုင်သိကုန်၏။ ထိုအခါ၌ ထိုတရားတို့ကို ပယ်စွန့်ကြကုန်လော့ ဟူ၍ ငါမိန့်ကြား ခဲ့ခြင်းဖြစ်ပေ၏"။

## ပြည့်စုံရမည့်တရားသုံးပါး

"ကာလာမမင်းတို့ သင်တို့သည် တဆင့်စကားကြားရုံမျှဖြင့် အမှန်ဟု မယူဆကြကုန်လင့်။ မိမိတို့၏ဆရာဖြစ်သော ရဟန်း၏စကား ဖြစ်ရုံမျှဖြင့်လည်း အမှန်ဟု မယူဆကြကုန်လင့်" –ကျွန်ရှစ်ချက်ဆက်ဆို–

"ကာလာမမင်းတို့၊ အကြင်ခါ၌ ဤတရားတို့သည် ကုသိုလ်တရားများဖြစ်၏။ အပြစ်ကင်းသောတရားများဖြစ်၏။ ပညာရှိတို့ ချီးမွမ်း

www.burmeseclassic.com

www.burmeseclassic.com



အပ်သော တရားများဖြစ်၏။ ပြည့်စုံစွာ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွား တိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟူ၍ ကိုယ်တိုင်သာလျှင် သိကုန်ရာ၏။ ထိုအခါ၌ သင်တို့သည် ထိုတရားတို့ကို ပြည့်စုံစေ၍ နေကြကုန်လော"

"ကာလာမမင်းတို့၊ ထိုအရာကို သင်တို့မည်သို့ထင်ကြသနည်း။ အလောဘသည် သတ္တဝါ၏ အတွင်းသဏ္ဌာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားတိုးတက်ခြင်းငှာဖြစ်သလော၊ အကျိုးမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားတိုးပွားခြင်းငှာဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ မတပ်မက်သောသတ္တဝါသည် လောဘဖြင့် မလွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲငင်၍ မယူအပ်သောစိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုမသတ်၊ သူ့ဥစ္စာကိုမခိုးယူ၊ သူတစ်ပါးသားမယားကို မသွားလာ၊ မုသားစကားမဆို၊ သူတစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်းခြင်းမပြု၊ ယင်းသို့ မပြုခြင်းသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်း ငှာဖြစ်၏။

"ကာလာမမင်းတို့၊ ထိုအရာကိုသင်တို့မည်သို့ထင်ကြသနည်း။ အဒေါသသည် သတ္တဝါတို့၏ အတွင်းသဏ္ဌာန်၌ဖြစ်သည်ရှိသော် အကျိုး စီးပွားတိုးပွားခြင်းငှာ ဖြစ်သလော အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားတိုးပွားခြင်းငှာ ဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ အမျက်မထွက်သောသတ္တဝါသည်ဒေါသဖြင့် မလွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲငင်၍မယူအပ်သောစိတ်ရှိသည်ဖြစ်၍ သူ့အသက်ကို မသတ်၊ မုသားစကားကိုမဆို၊ သူတစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်း တိုက်တွန်းခြင်းမပြု၊ ယင်းသို့မပြုခြင်းသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွား တိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ပေ၏"

"ကာလာမမင်းတို့၊ ထိုအရာကို သင်တို့မည်သို့ထင်ကြသနည်း။ အမောဟသည် သတ္တဝါတို့၏ အတွင်းသဏ္ဌာန်၌ဖြစ်ပေါ်လာသည်ရှိသော်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွား တိုးပွားခြင်းငှာဖြစ်သလော၊ အကျိုးမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားတိုးပွားခြင်းငှာဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ မတွေဝေသောသတ္တဝါသည် မောဟဖြင့် မလွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲငင်၍ မယူအပ်သောစိတ်ရှိသည်ဖြစ်၍ သူ့ အသက်ကို မသတ်၊ မုသားစကားကိုမဆို။ ထိုအမှုများပြုကျင့်ရန် စေခိုင်း တိုက်တွန်းခြင်း မပြု။ ယင်းသို့ မပြုခြင်းသည် ထိုသတ္တဝါအား ရှည်မြင့် စွာ အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ပေ၏"

"ကာလာမမင်းတို့၊ ထိုအရာကို သင်တို့မည်သို့ထင်ကြသနည်း၊ ဤအလောဘ၊ အဒေါသ၊ အမောဟသုံးပါးတို့သည် ကုသိုလ်တရား များဖြစ်ကြသလော၊ အကုသိုလ်တရားများဖြစ်ကြလော"

"ကုသိုလ်တရားများဖြစ်ပါသည်ဘုရား"

"အပြစ်ရှိသောတရားများဖြစ်သလော၊ အပြစ်ကင်းသော တရားများဖြစ်သလော"

"အပြစ်ကင်းသောတရားများဖြစ်ပါသည်ဘုရား"

"ပညာရှိတို့ကဲ့ရဲ့အပ်သောတရားများဖြစ်သလော၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားများဖြစ်သလော"

"ပညာရှိတို့ ချီးမွမ်းအပ်သောတရားများ ဖြစ်ပါသည်ဘုရား"

"ဤတရားတို့သည် ပြည့်စုံစွာစွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာဖြစ်ကုန်သလော၊ မဖြစ်ကုန်သလော။ ဤအရာ၌ သင်တိုထင်မြင်ချက်မည်သို့ရှိသနည်း"

"ဤတရားတို့သည် ပြည့်စုံစွာစွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာဖြစ်ပါသည်။ ဤအရာ၌ ဤသို့လျှင် ကျွန်ုပ်တို့ ထင်မြင်ချက်ရှိပါသည်ဘုရား"

"ကာလာမမင်းတို့၊ ဤသို့အလောဘ၊ အဒေါသ၊ အမောဟတို့၏ အကျိုးစီးပွားတိုးတက်မှု၊ ချမ်းသာမှုကိုဖြစ်စေနိုင်ခြင်းဟူသော ဤအနက် သဘောကိုရည်ရွယ်၍ 'သင်တို့သည် တဆင့်စကားကြားရုံမျှစသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဟု မယူကြကုန်လင့်။ အကြင်အခါ၌ ဤတရားတို့သည် ကုသိုလ် တရား၊ အပြစ်ကင်းသောတရား၊ ပညာရှိတို့ချီးမွမ်းအပ်သော တရား၊ အကျိုးစီးပွား တိုးတက်မှု၊ ချမ်းသာမှုကို ဖြစ်စေသောတရားဟူ၍ သင်တို့ကိုယ် တိုင် သိကုန်၏။ ထိုအခါ၌ ထိုတရားတို့ကို ပြည့်စုံစေ၍ နေကြကုန်လော့' ဟူ၍ ဩဝါဒ မိန့်ကြားခဲ့ခြင်း ဖြစ်ပေသည်"။

## မေတ္တာပွားပုံ

"ကာလာမမင်းတို့၊ အကုသိုလ်တရားသုံးပါးကိုပယ်၍ ကုသိုလ် တရားသုံးပါးနှင့်ပြည့်စုံသော ထိုအရိယာတပည့်သည် အဘိဇ္ဈာ၊ ဗျာပါဒ နှင့်ပြင်းစွာ တွေဝေခြင်း၊ မောဟတို့ကင်းကွာပြီး ကောင်းစွာဆင်ခြင်တတ်သော သမ္ပဇဉ် ဉာဏ်နှင့်စွဲမြဲသော သတိရှိလျက် မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍နေ၏။ ထို့အတူ ဒုတိယအရပ်မျက်နှာ၊ တတိယ အရပ်မျက်နှာ၊ စတုတ္ထအရပ် မျက်နှာတို့ကို ဖြန့်၍နေ၏။ ဤသို့လျှင် အထက် အောက် ဝန်းကျင်အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါ အားလုံး အပေါ် ဝယ် မိမိနှင့် ထပ်တူပြုခြင်းဖြင့် သတ္တဝါ အားလုံးပါဝင်သော သတ္တ–လောကကို ကျယ်ပြန့်သော၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော၊ အတိုင်းအဆ မရှိသော၊ ရန်လိုမှုစိတ်ငြိုငြင်မှု မရှိသော၊ မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့်ဖြန့်၍နေ၏။

ကရုဏာနှင့်တကွဖြစ်သောစိတ်၊ မုဒိတာနှင့်တကွဖြစ်သောစိတ်၊ ဥပေက္ခာ နှင့်တကွဖြစ်သောစိတ်ဖြင့် ဖြန့်၍နေ၏။

## ဆောတ်တည်ရာလေးပါးကိုရခြင်း

"ကာလာမမင်းတို့၊ အကြင်အရိယာတပည့်သည် ရန်လိုမှုကင်းသော စိတ်ရှိ၏။ ငြိုငြင်မှုကင်းသောစိတ်ရှိ၏။ မညစ်နွမ်းသော စိတ်ရှိ၏။ စင်ကြယ်သောစိတ်ရှိ၏။ ထိုအရိယာတပည့်သည် မျက်မှောက်ဘဝ၌ပင် လေးပါးသော ထောက်တည်ရာတို့ကို ရလေသည်"

၁။ အကယ်၍ တမလွန်လောကသည် ရှိငြားအံ့၊ ကောင်းစွာပြု

www.burmeseclassic.com

www.burmeseclassic.com



အပ်သောအမှု၊ မကောင်းသဖြင့် ပြုအပ်သောအမှုတို့၏ အကျိုးဝိပါတ်သည် အကယ်၍ ရှိငြားအံ့၊ ငါသည်သေလွန်သောအခါ နတ်ပြည်သို့ရောက်ရ လိမ့်မည်ဟူ၍ ပထမ ထောက်တည်ရာကိုရ၏။

၂။ အကယ်၍ တမလွန်လောကသည် မရှိငြားအံ့၊ ကောင်းစွာပြု အပ်သောအမှု၊ မကောင်းသဖြင့်ပြု အပ်သော အမှုတို့၏ အကျိုးဝိပါတ်သည် အကယ်၍ မရှိငြားအံ့ ငါသည်ယခုမျက်မှောက်ဘဝ၌ ရန်မရှိသော၊ ကြောင့် ကြမှုမရှိသော ဆင်းရဲကင်း၍ ချမ်းသာသော မိမိကိုယ်ကို ဆောင်ရပေ၏ဟူ၍ ဤဒုတိယ ထောက်တည်ရာကို ရလေ၏။

၃။ မကောင်းမှုကိုပြုလုပ်သူသည် အကယ်၍မကောင်းမှုကိုပြု လုပ်ရာ ရောက်ငြားအံ့၊ စင်စစ်ငါသည် တစ်စုံတစ်ယောက်သောသူ အပေါ်၌ မကောင်းမှုကို စေ့ဆော်အားထုတ်ခြင်းမပြုခဲ့ မကောင်းမှုမပြုသော ငါ့ကို ဆင်းရဲခြင်းဒုက္ခသည် အဘယ်မှာ တွေ့ထိအံ့နည်းဟူ၍ ဤတတိယ ထောက် တည်ရာကိုရ၏။

၄။ အကယ်၍ မကောင်းမှုကိုပြုလုပ်သော်လည်း ပြုရာ မရောက် ငြားအံ့၊ ငါသည်မကောင်းမှုကိုပြုလည်း မပြုခြင်း၊ ပြုသော်လည်းပြုရာ မရောက်ခြင်း ဟူသောအကြောင်းနှစ်ပါးလုံးဖြင့်ပင် စင်ကြယ်သော မိမိ ကိုယ်ကို တွေ့မြင်နေရ၏ ဟူ၍ ဤစတုတ္ထထောက်တည်ရာရ၏။

"ကာလာမမင်းတို့၊ စင်ကြယ်သော စိတ်ရှိသော ထိုအရိယာ တပည့် သည် မျက်မှောက်ဘဝ၌ပင် ဤလေးပါးသော ထောက်တည်ရာတို့ကို ရ လေပြီ။

ဤသို့ မြတ်စွာဘုရားက ဟောကြားသောအခါ ကေသမုတ္တနိဂုံး၌ နေသော ကာလာမမင်းတို့သည် "မြတ်စွာဘုရားဟောကြားသော တရား ကား နှစ်သက်ဖွယ် ကောင်းလှပေသည်" ဟုချီးကျူးစကားလျှောက်ကြားပြီး ဥပါသကာ အဖြစ်ခံယူ သွားကြလေသည်။

မှတ်ချက်။ ။ အချိန်နည်းသူများအဖို့ ဗုဒ္ဓနှင့်မြန်မြန်တွေ့နိုင်ရန် ဦးမောင် မောင်လေးပြုစုသော –

www.burmeseclassic.com

www.burmeseclassic.com



ပိဋကနှစ်ချုပ် အင်္ဂုတ္တရနိကာယ် (ပ၊ ဒု)
ပိဋကနှစ်ချုပ် မဇ္ဈိမနိကာယ် (ပ၊ ဒု)
ပိဋကနှစ်ချုပ် သံယုတ္တနိကာယ်
ပိဋကနှစ်ချုပ် ဒီဃနိကာယ်
ပိဋကနှစ်ချုပ် သုတ္တနိပါတ်
တို့ကို ဖတ်ရှုနိုင်ပါသည်။

"နောက်ပိုင်းမှာ သိစရာတွေအများကြီး ပါနေတာပါလား ဆရာတော်၊ ဆရာတော်ပြောသလို ဘုရားနဲ့မြန်မြန်တွေ့အောင် ပိဋကတ်မြန်မာပြန်တွေကို အရင်ဖတ်ဖို့ အရေးကြီးတာပဲဘုရား၊ တပည့်တော်ဖတ်သင့်တဲ့ စာအုပ်အမည် လေးတွေ စာရင်းလုပ်ပေးပါဦးဘုရား"

"ဒါဆိုရင် ဈေးနှုန်းလည်းသက်သာ၊ အချိန်ကုန်လည်းသက်သာတဲ့ ဦးမောင်မောင်လေးပြုစုတဲ့ ဒီစာအုပ်ငါးအုပ်ကို အရင်ဖတ်ပါ"

စာရေးသူသည် ဖော်ပြပါစာအုပ်ငါးအုပ် အမည်စာရင်းကို သူ့အား ပေးလိုက်၏။ သူသည် စာအုပ်စာရင်းကို သေချာစွာကြည့်ပြီးသည်နှင့် စကား ဆက်၏။

"အထက်တန်းကျတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ဖို့ အတွက် ဘာတွေကို စပြီး သိထားသင့်သလဲဘုရား"

"ဗုဒ္ဓရဲ့ကျင့်စဉ်တွေကို စပြီး သိသင့်တယ်။ မြင့်မြတ်တဲ့ကျင့်စဉ်တွေကို နည်းနည်းသာ ကျင့်မယ်ဆိုရင် နည်းနည်းသာ မြင့်မြတ်တာပေါ့၊ မြင့်မြတ်တဲ့ကျင့်စဉ်တွေကို များများကြီး ကျင့်မယ်ဆိုရင်တော့ များများကြီး မြင့်မြတ်တယ်လို့ ဆိုနိုင်တာပေါ့"

"မြင့်မြတ်တဲ့ ကျင့်စဉ်တွေကို ဘယ်လောက်ကြာအောင် ကျင့်သလဲ ဆိုတဲ့ အချက်ကိုကြည့်ပြီး ဘာသာရေးခေါင်းဆောင်ကို ရွေးချယ်မယ် ဆိုရင်လည်း ဓမ္မဓိဋ္ဌာန်ဘာသာရေး ခေါင်းဆောင်ရွေးချယ်နည်းပဲပေါ့။ ဒီနေရာမှာ တခြား ဘာသာအားလုံးနဲ့ ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်တစ်ခုကို ပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"တခြားဘာသာတွေမှာ ကိုးကွယ်သူက ဘုရားဖြစ်ချင်လို့မရဘူး။ ဘုရား ဖြစ်အောင်ကျင့်ရမယ့်ကျင့်စဉ်မရှိဘူး။ ဘယ်ရွေ့ဘယ်မျှ ကြာအောင် ကျင့်ရမည် ဆိုတဲ့ သတ်မှတ်ချက်မရှိဘူး။ ဗုဒ္ဓဘာသာမှာကတော့ ကိုးကွယ် သူက ဘုရားဖြစ်ချင်လို့ရတယ်၊ ဘုရားဖြစ်အောင်ကျင့်ရမယ့် ကျင့်စဉ်ရှိတယ်။ ဘယ်ရွေ့ဘယ်မျှကြာအောင် ကျင့်ရမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း ရှိတယ်"

"ဒီအချက်နဲ့တင်ပဲ ဗုဒ္ဓဘာသာဟာသိပ်စိတ်ဝင်စားဖို့ကောင်းနေပြီ ဘုရား၊ ဘုရားဖြစ်အောင်ကျင့်ရမယ့် ကျင့်စဉ်တွေကိုပြောပြပါဘုရား"

"ဘုရားဖြစ်အောင် ကျင့်ရမယ့် ကျင့်စဉ်တွေကို ပါရမီလို့ခေါ်တယ်။ ပါရမီကို အစိပ္ပါယ်နှစ်မျိုးဖွင့်ပြထားတယ်။ ပထမတစ်ခုက မြင့်မြတ်သူတို့၏ အလုပ်ဖြစ်သောကြောင့် ပါရမီတဲ့၊ ဒုတိယတစ်ခုက ဤအကျင့်တို့ဖြင့် သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်သို့သွားရောက်နိုင်သောကြောင့် ပါရမီတဲ့ အဲဒီပါရမီကဆယ်ပါးရှိတယ်။ ဆယ်ပါးက –

၁။ ဒါနပါရမီ = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။
၂။ သီလပါရမီ = ကိုယ်နှုတ်နှုတ်ကို ထိန်းသိမ်းခြင်း။
၃။ နိက္ခမပါရမီ = ကာမဂုဏ်မှထွက်မြောက်ခြင်း။
၄။ ပညာပါရမီ = ထိုးထွင်းနှိုင်းချိန်၍သိခြင်း။
၅။ ဝီရိယပါရမီ = ကြိုးစားအားထုတ်ခြင်း။
၆။ ခန္တီပါရမီ = သည်းခံခွင့်လွှတ်ခြင်း။
၇။ သစ္စာပါရမီ = မှန်ကန်စွာ ပြောဆိုခြင်း၊ မှန်ကန်စွာ ပြုလုပ်ခြင်း။
၈။ အဓိဋ္ဌာနပါရမီ = မည်မျှအခက်အခဲတွေတွေ့နေသော်လည်း ပြီးမြောက်အောင် ပြုလုပ်နိုင်ခြင်း။
၉။ မေတ္တာပါရမီ = သက်ရှိသတ္တဝါအားလုံး၏ ကောင်းကျိုး ကို လိုလားခြင်း၊ ကောင်းကျိုးရအောင် ကျင့်ခြင်း။
၁၀။ ဥပေက္ခာပါရမီ = မိမိအားချီးမွမ်းဂုဏ်ပြုသူများအပေါ်

www.burmeseclassic.com

www.burmeseclassic.com



ချစ် ခင်တွယ်တာစိတ်မထား၊ မိမိအား
ကဲ့ရဲ့ ရှုတ်ချသူများအပေါ် ၌လည်း ဒေါ
သ စိတ်မထားဘဲ လစ်လျူရှုကာ ကိုယ့်
အလုပ်ကို ဆက်လုပ်ခြင်း။

တို့ပဲ၊ ကျန်တဲ့ပကတိသာဝကတို့၊ မဟာသာဝကတို့၊ အဂ္ဂသာဝကတို့လည်း ဒီပါရမီတွေကို ဖြည့်ဆည်းကြရတာပဲ။ ဒါပေမယ့် ပါရမီဆယ်ပါး အရှိအတိုင်းပဲ ဖြည့်ကြရတယ်။ ပိုဖြည့်စရာမလိုဘူး။ ဘုရားဖြစ်ဖို့ကျတော့ ပါရမီတစ်ပါးကို သုံးမျိုးခွဲပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သွားအောင်ဖြည့်ရတဲ့အတွက် ပါရမီသုံးဆယ် ဖြစ်သွားတယ်"

"ပါရမီသုံးဆယ်ဖြစ်ပုံ အကျယ်ရှင်းပြပါဦးဘုရား"

"ဥပမာ – အဝတ်အထည်၊ အစားအသောက်၊ ရွှေ၊ ငွေစတဲ့ခန္ဓာကိုယ်ကပြင်ပမှ ဥစ္စာတွေအား လှူဒါန်းမှုကိုရိုးရိုးဒါနပါရမီလို့ပဲခေါ်တယ်။ ခြေလက်အင်္ဂါအသေးအသားတွေကိုပါ လှူဒါန်းတာကိုတော့ ဒါနဥပပါရမီလို့ ခေါ်တယ်။ အသက်ကိုပါ လှူဒါန်းတာကိုတော့ ဒါနပရမတ္ထပါရမီ လို့ခေါ်တယ်။ ဒီတော့ ဒါနပါရမီက သုံးမျိုးဖြစ်လာတာပေါ့"

"သီလပါရမီမှာလည်း ကိုယ်နဲ့နှုတ်ကိုရိုးရိုးစောင့်ထိန်းတာကို သီလပါရမီ၊ ခြေလက်အင်္ဂါအပျက်ခံပြီး ကိုယ်နဲ့နှုတ်ကိုစောင့်ထိန်းတာကို တော့ သီလဥပပါရမီ အသက်အသေခံပြီး ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းတာကို တော့ သီလပရမတ္ထပါရမီ လို့ခေါ်တယ်"

"သီလပါရမီမှာလည်း အဲဒီလိုသုံးမျိုးပြားသွားပြန်တယ်၊ ပါရမီဆယ်ပါးမှာ တစ်ပါးလျှင် သုံးမျိုးစီပြားလာတော့ သုံးဆယ်လီသုံးဆယ်ဖြစ်သွား တာပေါ့ ဒါကိုပဲ မြန်မာစကားနယ်ပယ်မှာ ပါရမီဆယ်ပါးအပြားသုံးဆယ်လို့သုံးနေကြတာပါ"

"ပါရမီဆယ်ပါးထဲမှာ ဒါနပါရမီဆိုရင် –

ဓနပရိစ္စာဂ = ဥစ္စာစည်းစိမ်အားလုံးကိုလည်း စွန့်ကြဲ လှူဒါန်းရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုတ္တဂရိစ္စာဂ = သားသမီးကိုလည်း စွန့်ကြဲလှူဒါန်းရတယ်။
ဘရိယပရိစ္စာဂ = မယားကိုလည်း စွန့်လွှတ်လှူဒါန်းရတယ်။
အင်္ဂပရိစ္စာဂ = ခြေလက်ကိုလည်း စွန့်လွှတ်လှူဒါန်းရတယ်။
ဇီဝိတပရိစ္စာဂ = အသက်ကိုလည်း စွန့်လွှတ်လှူဒါန်းရတယ်။

ဒီပါရမီသုံးဆယ်ကိုလေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင်ဖြည့်ဆည်းမှ ဘုရားဖြစ်တယ်။

"ဒီလေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအကြောင်းကို ဆရာတော်အတော်များများအား လိုက်မေးခဲ့တယ်။ တပည့်တော် ကျေနပ်လောက်အောင် မဖြေနိုင် ကြဘူးဘုရား။ ဆရာတော်အချို့တောင် တိတိကျကျ မသိကြဘူးဆိုတော့ ဒကာ ဒကာမတွေဆိုရင် ပိုဆိုးမယ်လို့ထင်တယ်ဘုရား"

"ဒါမျိုးတွေက သင်ခဲ့ရတဲ့စာထဲမှာ ပါတာမဟုတ်ဘူး။ ဒကာလေးရဲ့ သီးသန့်လေ့လာထားမှ သိတာ။ စာပေဝါသနာမပါတဲ့ ဆရာတော်တွေဆိုရင် ဘယ်သိပါ့မလဲ။ ရော့ ‐လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအကြောင်း မှတ်ထားတဲ့ မှတ်စုလေး သေချာဖတ်ပြီးမှတ်ပေတော့"။

## လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွက်ပုံ

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုသောစကား၌ လေးသင်္ချေဆိုသည်မှာ ...

၁။ ဒီပင်္ကရာဘုရားပွင့်ရာ ကမ္ဘာကြီးကုန်ဆုံးသောအခါ ကမ္ဘာကြီး တစ်ခု ပေါ်လာ၏။ ထိုကမ္ဘာမှာဘုရားမပွင့်သော သုညကမ္ဘာဖြစ်၏။ ထိုကဲ့သို့သော သုညကမ္ဘာကြီးပေါင်းမည်မျှဟု ရေတွက်မရအောင် များလှ၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထိုကမ္ဘာ၌ ကောဏ္ဍညဗုဒ္ဓ ပွင့်တော်မူ၏။ ထိုဘုရားပွင့်ရာ ကမ္ဘာကို အသုညကမ္ဘာဟုခေါ်၏။ ထို ဒီပင်္ကရာဗုဒ္ဓ ပွင့်ရာ ကမ္ဘာနှင့် ကောဏ္ဍညဗုဒ္ဓပွင့်တော်မူရာ ကမ္ဘာနှစ်ခု တို့၏ အကြား ကာလ၌ ပေါ်ခဲ့သော သုညကမ္ဘာကြီးပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီ ဖြည့်ကျင့်ရာ ဗုဒ္ဓန္တရအသင်္ချေ တစ်ခုဖြစ်၏။

၂။ ထိုကောဏ္ဍညဗုဒ္ဓပွင့်ရာ ကမ္ဘာကုန်ဆုံးသောအခါ ဘုရား မပွင့်သည့် သုည

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးပေါင်း အသင်္ချေလာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခု ပေါ်လာ၏။ ထိုကမ္ဘာ၌ မင်္ဂလဗုဒ္ဓ၊ သုမနဗုဒ္ဓ၊ ရေဝတဗုဒ္ဓ၊ သောဘိတဗုဒ္ဓ ဟူသော ဗုဒ္ဓလေးဆူပွင့်တော်မူ၏။ ထိုကောဏ္ဍညဗုဒ္ဓပွင့်ရာ ကမ္ဘာနှင့် မင်္ဂလဗုဒ္ဓတို့ပွင့်ရာ ကမ္ဘာတို့အကြား ကာလ၌ ပေါ်ခဲ့သော သုညကမ္ဘာကြီး ပေါင်း အသင်္ချေသည် အလောင်းတော် ပါရမီဖြည့်ကျင့်ရာ ဗုဒ္ဓန္တရ အသင်္ချေတစ်ခု ဖြစ်၏။

၃။ ထိုဘုရားလေးဆူပွင့်တော်မူရာ ကမ္ဘာကုန်ဆုံးသောအခါ သုည ကမ္ဘာကြီး ပေါင်း အသင်္ချေ လာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထို ကမ္ဘာ၌ အနောမဒဿီ၊ ပဒုမဗုဒ္ဓ၊ နာရဒဗုဒ္ဓဟူသော ဘုရားသုံးဆူ ပွင့်တော်မူ၏။ ထိုသောဘိတဗုဒ္ဓ ဘုရားရှင်တို့ပွင့်ရာကမ္ဘာနှင့် အနောမ-ဒဿီ ဘုရားရှင်တို့ပွင့်ရာ ကမ္ဘာတို့၏ အကြား၌ဖြစ်ပေါ်ခဲ့သော သုည ကမ္ဘာ ကြီးပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီဖြည့်ကျင့်ရာ ဗုဒ္ဓန္တရ အသင်္ချေ တစ်ခု ဖြစ်၏။

၄။ နာရဒဗုဒ္ဓပွင့်ရာ ကမ္ဘာကုန်ဆုံးသောအခါ သုညကမ္ဘာပေါင်း အသင်္ချေ လာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထိုကမ္ဘာ၌ ပဒုမုတ္တရဗုဒ္ဓ ပွင့်တော်မူ၏။ နာရဒဘုရားရှင်တို့ပွင့်တော်မူရာ ကမ္ဘာနှင့် ပဒုမုတ္တရဗုဒ္ဓ ပွင့်တော်မူရာ ကမ္ဘာတို့၏ အကြား၌ ဖြစ်ပေါ်ခဲ့သော သုည ကမ္ဘာပေါင်း အသင်္ချေသည် အလောင်းတော် ပါရမီဖြည့်ရာ ဗုဒ္ဓန္တရ အသင်္ချေ တစ်ခု ဖြစ်၏။ ဤသို့လျှင် အလောင်းတော်ပါရမီဖြည့်ရာ ဗုဒ္ဓန္တရ အသင်္ချေ လေးရပ်ဖြစ်၏။

**ဆောင်။** ။ဒီပင်္ကရာ၊ ကောဏ္ဍညာ၊ ကြားမှာတစ်သင်္ချေ၊
ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ၊ အကြားမှာ၊ မှတ်ပါတစ်သင်္ချေ၊
သောဘိတနှင့်၊ အနောမဒဿီ၊ အကြားဆီ၊ လွန်ပြီတစ်သင်္ချေ၊
နာရဒနှင့်၊ ပဒုမုတ္တရ၊ ကြားကာလ၊ လွန်ထတစ်သင်္ချေ၊
ဗုဒ္ဓန္တရ၊ ကြားကာလ၌၊ သုညကမ္ဘာ မရေသာ၊
လေးဖြာအသင်္ချေ။

www.burmeseclassic.com



## တမ္ဗာတစ်သိန်း

ထို့နောက် ပဒုမုတ္တရဗုဒ္ဓပွင့်ရာ ကမ္ဘာမှ သိခီဗုဒ္ဓနှင့် ဝေဿဘူဗုဒ္ဓနှစ်ဆူပွင့်တော်မူရာ ကမ္ဘာအထိ ကမ္ဘာပေါင်းတစ်သိန်းနှစ်ကမ္ဘာရှိ၏။ ကမ္ဘာတစ်သိန်းဟူ၍သာ အလွယ်ခေါ်ကြ၏။ ထိုကမ္ဘာများအတွင်း၌ ဘုရား ၁၂ဆူပွင့် တော်မူကြ၏။ အလောင်းတော်သည် ထိုကမ္ဘာတစ်သိန်း နှစ်ကမ္ဘာကာလပတ်လုံးလည်း ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့၏။

"လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအကြောင်းကိုတော့ နားလည်သွားပါပြီဘုရား။ ဆက်သိချင်တာက ဒီပါရမီတွေကိုဖြည့်ဆည်းတဲ့အခါ တစ်ဘဝမှာပါရမီတစ်မျိုးသာ ဖြည့်ဆည်းပါသလား။ သို့မဟုတ် ဆယ်ပါးလုံး တစ်ပေါင်းတည်း ဖြည့်ဆည်းပါသလား"

"ဆယ်ပါးလုံးတစ်ပြိုင်နက်ပဲ ဖြည့်ဆည်းပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ပါရမီဖြည့်ပုံလေးမျိုးကို ပြောပြပါမယ်"

၁။ ဘုရားအလောင်းဟာဖြစ်လေရာဘဝတိုင်း ပါရမီဆယ်ပါးကို စွမ်းနိုင်သလောက် ဖြည့်ပါတယ်။ ဒီဘဝမှာ ဒါနပါရမီပဲဖြည့်မယ်။ သီလပါရမီဖြည့်မယ် စသည်ဖြင့် ကန့်သတ်ထားတာ မရှိပါဘူး။ အလှူ ဒါနပြုပြီဆိုရင်လည်း စုံလင်နိုင်သမျှ စုံလင်အောင် လှူဒါန်းပါတယ်။ ဒီလိုအဖက်ဖက်မှ ပြည့်စုံအောင် ဖြည့်ဆည်းခြင်းကို သဗ္ဗသမ္ဘာရဘာဝနာလို့ ခေါ်တယ်။

၂။ ဘုရားအလောင်းဟာ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာမှာ ဒီဘဝမှာဖြည့်လိုက်၊ ဟိုဘဝကျတော့ ရပ်နေလိုက်၊ တစ်ဖန်နောက်ဘဝကျတော့ပြန်ဖြည့်လိုက်နဲ့ ပြတ်တောင်းပြတ်တောင်း ဖြည့်ကျင့်တာ မဟုတ်ဘူး။ ဖြစ်လေရာ ဘဝတိုင်းမှာ တတ်စွမ်းသလောက် အဆက်မပြတ် ဖြည့်ကျင့်သွားတယ်။ ဒီလိုဘဝတိုင်း အဆက်မပြတ် ဖြည့်ကျင့်သွားတာကို နိရန္တရဘာဝနာလို့ ခေါ်တယ်။

၃။ ဘုရားအလောင်းပါရမီဆယ်ပါးကို ဖြည့်ကျင့်တဲ့အခါ တစ်ဘဝ၊ နှစ်ဘဝ

www.burmeseclassic.com



သာ ဖြည့်ကျင့်ရတာလည်း မဟုတ်ဘူး။ ဘဝပေါင်းတစ်ရာ၊ တစ်ထောင်မျှ ဖြည့်ကျင့်ရတာလည်း မဟုတ်ဘူး။ ဘဝအရေအတွက်၊ နှစ် ပရိစ္ဆေဒ အရေအတွက်အားဖြင့် မရေတွက်နိုင်တဲ့ လေးသင်္ချေကမ္ဘာ တစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခဲ့ရတယ်။ ဒီလို အချိန်ကာလ ကြာမြင့်စွာ ဖြည့်ကျင့်ရခြင်းကို စိရကာလဘာဝနာလို့ ခေါ်တယ်။

၄။ ဘုရားအလောင်းဟာ ပါရမီဆယ်ပါးဖြည့်ကျင့်ရာမှာ ဘယ်အခါ မှ ပေါ့ပေါ့တန်တန် မပြုခဲ့ဘူး။ ရိုသေလေးစားမှုအပြည့်ဖြင့်သာ အခါခပ် သိမ်း ဖြည့်ကျင့်ခဲ့တယ်။ ဒါနပြုရာမှာလည်း မလှူမဖြစ်လို့ စိတ်မပါတပါ လှူရတယ်လို့ မရှိဘူး။ စိတ်ပါလက်ပါပဲ လှူတယ်။ မလွှဲသာ၍ ဥပုသ် စောင့်ရတယ်။ မနိုင်၍ သည်းခံရတယ်။ ကြောက်လို့အမှန်ကို ထုတ်ပြော ရတယ် ဆိုတာမရှိဘူး။ ဘယ်ပါရမီမဆို ခံယူချက်အပြည့်အဝ စိတ်ပါ လက်ပါ ဖြည့်ကျင့်ခဲ့တယ်။ ဒီလို စိတ်ပါလက်ပါ လေးလေးစားစား ကျင့်ခြင်းကို သက္ကစ္စဘာဝနာလို့ ခေါ်တယ်။

"ဒီအချက်လေးချက်ဟာ သိပ်ကောင်းတာပဲဘုရား၊ လောကီ အလုပ် ကိစ္စတွေမှာလည်း အသုံးချလို့ရမယ်ထင်တယ်။

၁။ အဖက်ဖက်မှပြည့်စုံအောင် ပြုလုပ်ခြင်း။
၂။ အချိန်တိုင်းအဆက်မပြတ်ပြုလုပ်ခြင်း။
၃။ အချိန်ကာလကြာမြင့်စွာပြုလုပ်ခြင်း။
၄။ စိတ်ပါလက်ပါလေးလေးစားစားပြုလုပ်ခြင်း။

ဆိုတဲ့အချက်လေးချက်ဟာ ဘုရားအဖြစ်ကိုတောင်ရောက်အောင် ပို့ပေး နိုင်တာပဲ။ လောကီအလုပ်ကိစ္စလောက်ကတော့ ပြောစရာကို မလိုပါ ဘူး" ။

## ဒါနပါရမီ

"ပါရမီဆယ်ပါးထဲက တစ်ပါးစီအကျယ်ချဲ့ပြောပါဦးဘုရား"

"ဒီပင်္ကရာမြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေကို သုမေဓာ ရသေ့လေးဟာ ခန္ဓာကိုယ်အလျားခင်းပြီး တံတားအဖြစ်လှူတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါ ဒီပင်္ကရာမြတ်စွာဘုရားက သင်ဟာ နောင် လေးသင်္ချေနဲ့ကမ္ဘာ တစ်သိန်းထက်မှာ ဂေါတမဟူသော ဘွဲ့အမည်ဖြင့် ဘုရားစင်စစ် ဧကန် ဖြစ်လိမ့်မည်လို့ ဗျာဒိတ်ပေးတော်မူတယ်"

"ဒီအခါမှာ သုမေဓာရှင်ရသေ့က ဘုရားရှင်ရဲ့ဗျာဒိတ်တော်အတိုင်း ဘုရားအဖြစ်သို့ရောက်စေရန် ငါသည်ဘယ်တရားတွေကို ဖြည့်ကျင့်ရမည် နည်းလို့ စဉ်းစားတယ်။ ဒီအခါရှေးဘုရားအလောင်းအဆက်ဆက်တို့ ပါရမီဆယ်ပါးကို ဖြည့်ဆည်းသွားတာကို သိမြင်တဲ့အတွက် သူပိုင်ဆိုင် သမျှ ဘဏ္ဍာတိုက်တံခါးတွေကို ဖွင့်လှစ်ပြီးအလိုရှိတဲ့သူတိုင်းယူနိုင်ဖို့ လှူဒါန်းပြီး တောထွက်သွားတယ်"

ဂေါတမဘုရားအလောင်းဟာ လေးသင်္ချေကမ္ဘာတစ်သိန်းအတွင်း ပါရမီ ဖြည့်စဉ်အချိန်အတွင်းမှာ ဘုရား ၂၃–ဆူကိုသာ ဖူးတွေ့ခဲ့ရပါတယ်။ ဒီလို ဖူးတွေ့ရတဲ့အခါမှာ –

၁၈–ဆူကိုလူသားအဖြစ်ဖြင့်၊ တစ်ဆူကို သိကြားမင်းအဖြစ်ဖြင့်၊ တစ်ဆူကို နတ်ဘီလူးမင်း (ယက္ခရာဇာ)အဖြစ်ဖြင့်၊ နှစ်ဆူကို နဂါးမင်း အဖြစ်ဖြင့်၊ တစ်ဆူကို ခြင်္သေ့မင်းအဖြစ်ဖြင့် ဖူးတွေ့ရခြင်းဖြစ်တယ်။ ဒီလိုဖူးတွေ့ရတဲ့ အခါတိုင်းမှာလည်း သူမတူအောင် လှူဒါန်းပူဇော်ခဲ့တယ်။ ကောဏ္ဍည မြတ်စွာဘုရားလက်ထက်မှာ အလောင်းတော်ဟာ ဝိဇိတာဝီ အမည်ရှိတဲ့ စကြာဝတေးမင်းဖြစ်ခဲ့တယ်။ ဒီအခါတုန်းက ဘုရားအမှူးရှိတဲ့ သံဃာတော် ကုဋေတစ်သိန်းကို ခုနှစ်ရက်တိုင်တိုင် အလှူကြီး ပေးခဲ့တယ်။ နောက် အလှူပေးရုံတင်အားမရလို့ သာသနာ့ဘောင်ကိုပါ ဝင်ရောက်ခဲ့ တယ်။ ဒီလိုလှူတဲ့နေရာမှာ ဘုရားရှင်တို့ကိုမှ မဟုတ်ပါဘူး။ ဘယ်သူ့ကို မဆို ပေးလှူတာပါ။ အလောင်းတော်ဟာ ဘဝတစ်ခုတုန်းက ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ ဗြာဟ္မဏ၊ မဟာသာလမျိုးမှာ ဖြစ်ခဲ့တယ်"

"အမည်ကိုတော့ အကိတ္တိလို့ခေါ်တယ်။ မိဘများကွယ်လွန်သွား တဲ့အခါ ပစ္စည်းဥစ္စာအားလုံးကို စွန့်လွှတ်လှူဒါန်းပြီး တောထွက်သွား ခဲ့တယ်။ ရသေ့ဘဝနဲ့ တောထဲမှာ ကံပြင်းရွက်ကိုသာပြုတ်ပြီးစားနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတော်ကောင်းမှန်သမျှဟာ ဝတ်မသေရုံစားရရင် အစားအစာ ဟာ လုံလောက်ပြီလို့ ခံယူထားလို့သာ အခုလိုသစ်ရွက်ပြုတ်တွေကိုစားပြီး နေနိုင်တာပါ။"

"တစ်နေ့ သိကြားမင်းက အလောင်းတော်စိတ်ဓါတ်ကို စမ်းကြည့် ချင်တာနဲ့ ပုဏ္ဏားယောင်ဆောင်ပြီး ကံပြင်းရွက်ပြုတ်တွေကိုလာပြီး အလှူ ခံပါတယ်၊ အလောင်းတော်ဟာ ဝမ်းမြောက်ဝမ်းသာ အကုန်လုံး လှူဒါန်း လိုက်ပြီး အလောင်းတော်ကတော့ အဲဒီနေ့ တစ်နေ့လုံး ဘာမှ မစားဘဲ ပီတိချမ်းသာနဲ့ပဲ နေပါတယ်"

"ဒသကနိပါတ်မှာလာတဲ့ သင်္ခဇာတ်မှာ အလောင်းတော်သခ် ပုဏ္ဏား ကြီးဟာ ဗာရာဏသီပြည်မှာ အလှူဇရပ်ခြောက်ခု ဆောက်ပြီး နေ့စဉ် အသပြာငွေ ခြောက်သိန်းအကုန်အကျခံပြီး လာလာသမျှ အလှူခံများကို စားဖွယ်သောက်ဖွယ်အပြင် အဝတ်အစားပါမကျန် ပစ္စည်းမျိုးစုံကို လှူဒါန်း တယ်၊ ထိုအလှူကြီးမျိုးကို အဆက်မပြတ်ပေးလှူနိုင်ရန်အတွက် ကုန်ရောင်း ကုန်ဝယ် လုပ်ဖို့ ရေကြောင်းခရီးနဲ့ ထွက်ရအောင်ပြင်ဆင်နေတယ်"

အိမ်ကထွက်အလာ သင်္ဘောဆိပ်အနီး ခြစ်ခြစ်တောက်ပူနေတဲ့ သဲသောင်ပြင်မှာ ဖိနပ်မပါပဲကြွလာတဲ့ ပစ္စေကဗုဒ္ဓါကိုမြင်တဲ့အခါ သခ်ပုဏ္ဏား ဟာ သူစီးလာတဲ့ ဖိနပ်ကိုတောင် ချွတ်လှူလိုက်တယ်၊ ဒီကုသိုလ်ဟာ ပထမဇောအနေနဲ့ ဒီဘဝမှာတင် ကောင်းကျိုးပေးတယ်။

သမုဒ္ဒရာထဲမှာ သင်္ဘောပျက်လို့ လူအများသေကြေသော်လည်း သခ်ပုဏ္ဏား ကြီးမှာတော့ မဏိမေခလာနတ်သမီးရဲ့ ကူညီစောင့်ရှောက်မှု ကြောင့် သေဘေးကလွတ်ပြီး ပစ္စည်းဥစ္စာမြောက်များစွာနဲ့ အိမ်ကို ချောမော စွာ ပြန်ရောက်သွားတယ်။

"စတုက္ကနိပါတ်မှာလာတဲ့ "ဝိသယှဇာတ်"မှာဆိုရင် အလောင်းတော် ဝိသယှ သူဌေးကြီးဟာ နေ့စဉ်အသပြာခြောက်သိန်းအကုန်ခံပြီး ဒါနပြုလေ့ရှိ တယ်၊ သိကြားမင်းဟာ ဝိသယှသူဌေးကြီးရဲ့ သဒ္ဓါဓာတ်ကို စုံစမ်းကြည့်ချင် တာနဲ့ သူဌေးကြီး ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းအားလုံးကို ဖျောက်ပစ်လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ချို့က ငွေချမ်းသာလွန်းနေလို့သာ ဒါနပြုတာ ဆင်းရဲသွားပြီ ဆိုရင် ဒါနမပြုတော့ဘူး၊ ဝိသယှသူဌေးကြီးလည်း ဒီလိုပဲလားဆိုတာ သိချင်လို့ သိကြားမင်းက စမ်းကြည့်တာပါ။ ဝိသယှသူဌေးကြီးဟာ ဆင်းရဲသွားတော့လည်း လှူလျက်ပါပဲ။ မြက်ရိတ်ရောင်းပြီးရလာတဲ့ ငွေတစ်ပဲကို သူတောင်းစား တစ်ယောက်အား ရက်ရက်ရောရော လှူလိုက် တာပါပဲ"

"သူဌေးကြီး ဆင်းရဲလွန်းလို့ အစာရေစာ ပြတ်ပြီး ခုနစ်ရက်လောက် မူးလဲနေတဲ့ အချိန်မှာ သိကြားမင်းက လှူရင်ကုန်ခန်းတာပဲ အဖတ်တင်ကြောင်း၊ ဒါ့ကြောင့် နောက်ကို ဒါနမပြုဘဲနေသင့်ကြောင်း လာတား ပါတယ်။ ဒီအချိန်မှာ အလောင်းတော် ပြန်ပြောတဲ့ စကားလေးဟာ မျှော်လင့်ချက်ထားပြီး ဒါန ပြုသူတွေအတွက် သတိထားစရာပါပဲ၊ အလောင်းတော် ပြန်ပြောတာက–

"ကျွန်ုပ်သည် လူ့စည်းစိမ်နတ်စည်းစိမ်ကို လိုချင်၍ ယခုကဲ့သို့ ဒါနပြုနေခြင်း မဟုတ်၊ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင် မည့် သဗ္ဗညုတဉာဏ်ကြီး ရဖို့အတွက်သာ ယခုလို အလှူဒါနပြုရခြင်း ဖြစ်တယ် တဲ့"

"ဒီအခါကျမှ အလောင်းတော်ရဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်ကို လေးစားသွားပြီး သိကြားမင်းဟာ သူဖွက်ထားတဲ့ ဥစ္စာရွှေငွေတွေ အားလုံးကို ပြန်ပေးလိုက်ပါတယ်။ ဒီလိုဒါနပြုတာဟာ လူ့ဘဝတင် မဟုတ်ပါဘူး၊ တိရစ္ဆာန်ဘဝရောက်နေလည်း ပြုလျက်ပါပဲ။ အလောင်းတော် ယုန်မင်းဘဝရောက်စဉ်တုန်းကဆိုရင် တခြားလှူစရာမရှိလို့ သူ့အသားကိုတောင် လှူခဲ့တယ်"

"ဘယ်လိုလှူသလဲဘုရား"

"လပြည့်ဥပုသ်နေ့ရောက်လာတဲ့အခါ အလောင်းတော်ယုန်မင်းက သူ့မိတ်ဆွေတွေကို အခုလိုဆော်ဩတယ်။ မိတ်ဆွေတို့ ဒီနေ့ဟာ လပြည့်ဥပုသ်နေ့ ဖြစ်တယ်။ ဒါ့ကြောင့် သူတော်ကောင်းအလှူခံတွေ တောင်ရောက်လာရင် လှူရအောင် လှူဘွယ်ဝတ္ထုတွေ အသင့်ရှာထားကြပါ။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ဆော်ဩချက်အတိုင်း လှူဖွယ်ဝတ္ထုတွေ လိုက်ရှာလိုက်ကြတာ ဖျံက ငါးရံ့ ခုနစ်ကောင် ပုံသကူသားကို ရတယ်။ မြေခွေးက ပိုင်ရှင်မေ့ကျန်ခဲ့တဲ့ အမဲ နို့နှစ်ခု၊ ဖွတ်ကင်တစ်ခုနဲ့ နို့မမ်းအိုးကို ရတယ်။ မျောက်က သရက်သီး မှည့် တစ်ခိုင်ရတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှာပဲ အလှူခံပုဏ္ဏား အိုကြီး တစ်ယောက်ရောက်လာလို့ သူတို့ရှာထားတဲ့ စားဖွယ်တွေကို အသီးသီးလှူကြ တယ်။ ဒီအချိန်မှာ ဒုက္ခရောက်ရတာက ယုန်မင်းပဲ။ သူစားတဲ့ မြက်ကျတော့ လည်း လူသားအလှူခံကို လှူလို့မသင့်တော်ဘူး ဖြစ်နေတယ်"

"တခြားစားဖွယ်ကလည်း ရှာဖွေလို့မရဘူးဖြစ်နေတော့ ပုဏ္ဏားကြီးက အသင်ယုန်မင်းမှာတော့ လှူဖွယ်ဝတ္ထုမရှိဘူးထင်တယ်။ ဒါဆို ကျွန်ုပ် ပြန် တော့မယ် ဆိုတော့ ယုန်မင်းက မပြန်ပါနဲ့၊ လှူစရာရှိပါတယ်။ မီးပုံ တစ်ခုပြု လုပ်ပေးပါလို့ တောင်းဆိုတယ်။ ပုဏ္ဏားကြီးက မီးပုံတစ်ခု ပြုလုပ်ပေးတဲ့အခါ ယုန်မင်းဟာ ခန္ဓာကိုယ်သန့်ရှင်းစင်ကြယ်အောင် သန်းတွေကို ခါထုတ်ပစ်ပြီး မီးပုံထဲကို ခုန်ဆင်းလိုက်တယ်"

"ဟာ–အဲသလောက်ထိကို လှူခဲ့ရတာလား ဘုရား၊ ကြည်ညိုစရာ ကောင်းလိုက်တာ၊ ဒါနဲ့ သေသွားရောလားဘုရား"

"သေတော့မသေဘူး။ ဘာကြောင့်လဲဆိုတော့ အလှူခံပုဂ္ဂိုလ်က သိကြားမင်း ဖြစ်နေလို့ပဲ။ မီးတွေဟာ ယုန်မင်းခုန်ဆင်းလိုက်တာနဲ့ ချက်ချင်း ငြိမ်းသွားတယ်"

"ဩော်–သိကြားမင်းက ဘုရားအလောင်း ဒါနပါရမီပြည့်အောင် ပုဏ္ဏားယောင်ဆောင်ပြီး လာအလှူခံတဲ့ သဘောပေါ့ဘုရား"

"ဟုတ်တယ်၊ အဲဒီအတိုင်းပဲ။ ဘဝတစ်ခုကဆိုရင် အလောင်းတော် ဟာ လူသားတစ်ယောက်သွားဖြစ်တယ်၊ တစ်နေ့ တောထဲသွားရင်း ချောက်ထဲ ကျပြီး အစာရေစာ ပြတ်နေတဲ့ ကျားကြီးတစ်ကောင်ကို တွေ့လိုက် တာနဲ့ ချောက်ထဲကို တစ်ခါတည်း ခုန်ချလိုက်တာပဲ"

"အို .အဲသလောက်ထိကို လှူရတာလားဘုရား"

"လှူရတာပေါ့၊ ဒါမှလည်း ဘုရားဖြစ်မှာကိုး။ လေးသင်္ချေကမ္ဘာ

www.burmeseclassic.com



တစ်သိန်းအတွင်း အလောင်းတော်လှူဒါန်းခဲ့တဲ့ အသားတွေသာ မသိုးမပုပ် မပျက်မစီး ရှိနေမယ်ဆိုရင် အသားပုံကြီးဟာ မြင်းမိုရ်တောင်မင်းထက် တောင် မြင့်ပါလိမ့်မယ်"

"သိဝိမင်းဘဝဖြစ်စဉ်ကဆိုရင် အစားအသောက်တွေ၊ အဝတ် အထည်တွေ၊ နေအိမ်တိုက်တာတွေကို နေ့စဉ်လှူနေရတာအားမရလို့ အလှူခံ သာရှိမယ်ဆိုရင် မျက်စေ့၊ နား၊ နှာ အစရှိတဲ့ ကိုယ်လက်အင်္ဂါ တွေကိုပါ ပေးလှူချင်တယ်လို့ ဆန္ဒဖြစ်နေသတဲ့"

"အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မျက်လုံးနှစ်ဖက်ကန်းနေတဲ့ ပုဏ္ဏားတစ်ယောက် နန်းတော်နားရောက်လာပြီး မျက်လုံးနှစ်လုံး လိုချင် ကြောင်း အော်ဟစ် အလှူခံနေတယ်။ ဒါကို သိဝိမင်းလည်းကြားရော ချက် ချင်း ပုဏ္ဏားကို အနားခေါ်ပြီး သူ့မျက်လုံးနှစ်လုံးလှူမယ့်အကြောင်း ပြော လိုက်တယ်"

"ပုဏ္ဏားကလည်း ဝမ်းမြောက်ဝမ်းသာ ဆုမွန်တွေပေးနေတာပေါ့။ ဒါပေမယ့် မျက်လုံးထုတ်ပေးရမယ့် သမားတော်ကြီးနဲ့တကွ မှူးကြီးမတ်ရာ သေနာပတိ အားလုံးက ဝမ်းမသာနိုင်ဘူးဖြစ်နေတယ်"

"ဖြစ်မှာပေါ့ဘုရား။ မျက်စေ့ကန်းသွားပြီဆိုရင် ရှင်ဘုရင်အဖြစ် ဘယ် ဆက်နေလို့ရတော့မှာလဲဘုရား"

"အဲဒါက သာမန်လူတွေအတွေးပေါ့။ လှူတာတောင် နောက် ကြောင်း ကို ပြန်တွေးနေမှတော့ ဒါနဟာ ဘယ်အောင်မြင်တော့မလဲ။ သိဝိမင်းက နောက် ကြောင်းကို လုံးဝထည့်မတွက်ဘူး။ လိုနေတဲ့သူကို မျက်စေ့လှူရဖို့ တစ်ခုကိုပဲ ကြည့်တယ်။ မျက်လုံးတောင်စွန့်လွှတ်နိုင်မှတော့ ရှင်ဘုရင်အဖြစ် ကိုလည်း ဘယ်မှာလာပြီး မစွန့်လွှတ်နိုင်ဘဲ ရှိမှာလဲ။ စွန့်လွှတ်နိုင်တော့ တာပေါ့။ မျက်ကန်းမို့ ရှင်ဘုရင်နေရာ မထားဘူးဆိုလည်း နန်းတော်ထဲက ထွက်သွားရုံပဲဆိုတဲ့ စိတ်နဲ့ သိဝိမင်းဟာ သူ့မျက်လုံးကို အမြန်ထုတ်ယူခိုင်း တယ်"

"ဘယ်လိုမှမရတဲ့ အဆုံးကျတော့ သမားတော်ကြီးလည်း မျက်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူရတော့တာပေါ့"

"ခုခေတ်မှာလိုပဲ ခွဲစိတ်ပြီးထုတ်တာပဲလား"

"အံမယ် အဲဒီခေတ်အချိန်က ခုခေတ်ထက်တောင် ခေတ်မီနေသေးတယ်။ ခွဲစိတ်စရာမလိုဘူး လိမ်းဆေးနှစ်မျိုးသုံးပြီး ရအောင်ထုတ်ယူသတဲ့။ ပထမ ဆုံးလိမ်းဆေးကို မျက်လုံးဘေးမှာ ဝိုက်လိမ်းလိုက်တာနဲ့ ဆေးရဲ့ ဖိအား ကြောင့် မျက်လုံးဟာရှေ့ကို တစ်လက်မလောက် စူထွက်လာတယ်"

"မျက်လုံးအကောင်းလိုက်ကြီး အပြင်ဘက်စူထွက်လာတာဆိုတော့ တော် တော်နာမှာပဲဘုရား"

"နာတာတော့ ဘယ်ပြောကောင်းမလဲ။ မင်းကြီးလည်း နာလွန်းအားကြီးတော့ ခန္ဓာကိုယ်ဟာ တဆတ်ဆတ်တုန်လာတာပေါ့။ ဒါကို မကြည့်ရက်တဲ့ သမားတော်ကြီးက အရှင်မင်းကြီး မလျှုချင်တော့ရင်ပြောပါ၊ နောက်ပြန် ဆုတ်လို့ ရပါသေးတယ်လို့ လျှောက်ထားတဲ့အခါ လက်ကာပြပြီး မျက်လုံးကိုပဲ အပြင်ရောက်အောင် ဆက်ထုတ်စေတယ်"

"ဒီတော့ သမားတော်ကြီးလည်း စိတ်မကောင်းစွာနဲ့ ဒုတိယမြောက် လိမ်းဆေးကို လိမ်းရတော့တာပေါ့။ ဒုတိယမြောက်ဆေးလိမ်းပြီးတာနဲ့ မင်းကြီးရဲ့ မျက်လုံးဟာ အပြင်ဘက်ကိုလုံးလုံးထွက်ကျလာတယ်။ မျက်လုံးကြီးတောင် ထွက်ကျလာတာဆိုတော့ သွေးကြောအချို့လည်း ပြတ်ထွက်ကုန်တာပေါ့။ ဒါ့ကြောင့် မျက်လုံးနဲ့ အတူသွေးတွေဟာလည်း မြင်မကောင်းအောင်ထွက်ကျလာတယ်"

"ခံစားနေရတဲ့ ဘုရင်ကြီးရဲ့ အဖြစ်ကို မကြည့်ရက်တော့ သမားတော်ကြီးက နောက်ပြန်ဆုတ်လို့ရပါသေးတယ်။ မလျှုချင်တော့ရင်ပြောပါလို့ လျှောက်ထားတဲ့ အခါမှာလည်း လက်ကာပြပြီး မျက်လုံးကိုပဲ အပြင်ရောက်အောင် ထုတ်ယူစေတယ်"

"ဒီတော့မှ အကြောတန်းလန်းနဲ့ ဖြစ်နေတဲ့ မျက်လုံးနှစ်လုံးကို အကြောကနေ ဖြတ်ပြီး ယူလိုက်ရတော့တာပေါ့။ ပြီးတာနဲ့ မျက်လုံးပျောက်ပက် ဖြစ်နေတဲ့ ပုဏ္ဏားရဲ့မျက်လုံးအိမ်ထဲကို ထည့်ပေးလိုက်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းအတွင်းမှာ ဘုရားအလောင်း လှူဒါန်းခဲ့တဲ့ မျက်လုံးအရေအတွက်ဟာ မပုပ်မသိုး မပျက်စီးဘဲ ရှိခဲ့မယ်ဆိုရင် ကောင်းကင်က ထွက်ပေါ် နေတဲ့ ကြယ်တာရာတွေ ထက်တောင် များဦးမယ်။ ကဲ ..ဓမ္မဓိဋ္ဌာန်ကျကျပဲ မေးပါမယ်။ တခြား ဘာသာရေး ခေါင်းဆောင်တွေ အခုလို မျက်စိ၊ နား၊ နှာ စတဲ့ ခြေလက်အင်္ဂါတွေ ပေးလှူတယ်ဆိုတာ ဒကာလေး ကြားဖူးသလား"

"မကြားဘူးပါဘူး ဘုရား။ တခြားဘာသာက ဘာသာရေး ခေါင်းဆောင်တွေဟာ တစ်ဘဝလောက် ကျင့်တာနဲ့ပဲ ခေါင်းဆောင်ဘဝကို ရောက်လာကြသူတွေပါ"

"ဓမ္မဓိဋ္ဌာန်အရ ဘာသာရွေးမယ်ဆိုရင် ဒီအချက်တွေဟာလည်း ထည့်သွင်း စဉ်းစားသင့်တဲ့အချက်တွေပေါ့။ ကဲ-သီလပါရမီကို ဆက်ကြဦးစို့။ သုမေဓာ ရှင်ရသေ့ဟာ သီလပါရမီဖြည့်ဖို့အတွက် အခုလိုအဓိဋ္ဌာန်တယ်။ စာမရီမည်သော သားကောင်သည်မိမိ၏ အမြီးဖျားကို တစ်စုံ တစ်ခုသော သစ်ပင်ခြုံနွယ်၌ ငြိတွယ် နေလျှင် ထိုအမြီးဖျားကို အပျက်အစီး မခံ၊ အသက်ကိုသာ အသေခံသကဲ့သို့ ထို့အတူ ငါသည်အသက်ကိုပင် အသေ ခံ၍ သီလကိုလုံခြုံအောင် စောင့်ထိန်းမည်"

ဒီအဓိဋ္ဌာန်အတိုင်း လေးသင်္ချေကမ္ဘာတစ်သိန်း ကာလအတွင်းမှာ သီလ ပါရမီကို အပြည့်အဝဆည်းပူးခဲ့တယ်။ ဒီပင်္ကရာဘုရားနောက် ပွင့်တော်မူခဲ့တဲ့ ဘုရားရှင်တို့အနက် ကိုးဆူသောဘုရားရှင်တို့ထံမှာ ရဟန်းဝတ်ပြီး စတုပါရိသုဒ္ဓိသီလကို စောင့်ထိန်းခဲ့တယ်။ ရဟန်းတော်တွေ စောင့်ထိန်းရတဲ့ သိက္ခာပုဒ် ပေါင်းဟာ အကျဉ်းအားဖြင့် ၂၂၇-ပုဒ်ရှိပြီး အကျယ်အားဖြင့် ကုဋေကိုးထောင် ကျော်ရှိတယ်"

"ရသေ့ဝတ်ပြီး ရှစ်ပါးသီလ၊ ကိုးပါးသီလစောင့်ထိန်းခဲ့တဲ့ ဘဝတွေကလည်း မရေနိုင်အောင် များလှပါတယ်။ သီလဆိုတာ ကိုယ်နဲ့နှုတ်မှာဖြစ်တဲ့ ဒုစရိုက်မှု တွေကို မပြုဖြစ်အောင်ထိန်းသိမ်းခြင်းပါပဲ။
ကိုယ်မှာဖြစ်တဲ့ ဒုစရိုက်က -

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ပါဏာတိပါတ | = | သူ့အသက်ကိုသတ်ဖြတ်ခြင်း။ |
| အဒိန္နာဒါန | = | သူမပေးသော ဥစ္စာကို မတရားသဖြင့် ရယူခြင်း |
| ကာမေသုမိစ္ဆာစာရ | = | သူ့အိမ်ယာကို ပြစ်မှားကျူးလွန်ခြင်းတို့ပဲ။ နှုတ်မှာဖြစ်တဲ့ ဝစီဒုစရိုက်က – |
| မုသာဝါဒ | = | လိမ်ညာပြောဆိုခြင်း။ |
| ပိသုဏဝါစာ | = | ကုန်းတိုက်စကားပြောဆိုခြင်း။ |
| ဖရုသဝါစာ | = | ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း။ |
| သမ္ဖပ္ပလာပ | = | အနှစ်မရှိပြိန်ဖျင်းတဲ့စကားကို ပြောဆိုခြင်း။ |

တို့ပါပဲ။

ဒီ ၇–ပါးထဲကို –

| | | |
|---|---|---|
| အဘိဇ္ဈာ | = | သူတစ်ပါးစည်းစိမ်ကို မတရားကြံစည်ခြင်း။ |
| ဗျာပါဒ | = | သူတစ်ပါးသေစေရန် ကြံစည်ခြင်း။ |
| မိစ္ဆာဒိဋ္ဌိ | = | အယူအဆ မှားယွင်းခြင်း။ |

ဆိုတဲ့ မနောဒုစရိုက်ကိုပါ ထည့်လိုက်ပြီဆိုရင် ဒုစရိုက်ဆယ်ပါးဖြစ်သွားတာပေါ့။ မနောဒုစရိုက်သုံးပါးကိုတော့ မေတ္တာဘာဝနာပါရမီနဲ့မှ ပယ်သတ်နိုင်တာပါ။

ဒီသီလကို အလောင်းတော်ဟာ လူ့ဘဝတင်မကပါဘူး။ တိရစ္ဆာန်ဘဝမှာတောင် ရအောင်စောင့်ထိန်းခဲ့တယ်။ ဆဒ္ဒန်ဆင်မင်းဇာတ်မှာ ဆိုရင်သောဏုတ္တိုရ်မုဆိုးဟာ ဆဒ္ဒန်ဆင်မင်းရေချိုးပြီးလို့ ရေစစ်အောင် မတ်တပ်ရပ် နေကျနေရာ တည့်တည့်မှာ မြေကျင်းကြီးတူးလိုက်တယ်"

"ပြီးတော့သူက ကျင်းထဲကနေစောင့်တယ်။ မြေကျင်းအပေါ်ယံမှာတော့ သစ်သားတုံးတွေနဲ့ပြန်ပိတ်ပြီး အပေါ်ကမြေကြီးတွေ ဖုံးထားလိုက်တော့ ကျင်းရှိမှန်း မသိသာဘူးပေါ့။ ဆဒ္ဒန်ဆင်မင်းလာရပ်လိုက်ရင် ဗိုက်နဲ့တည့်တည့်ကျမဲ့ နေရာမှာတော့ မြှားတံထွက်သာရုံ အပေါက်တစ် ပေါက်ဖောက်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်မင်းလည်းလာရပ်ရော လေးတင်ပြီးမျှားတံကို အားကုန်လွှတ်လိုက်တယ်။ မုဆိုးကလည်းဆင်လောက်ကို အားကောင်းတဲ့သူဆိုတော့ သူပစ်လိုက်တဲ့ မျှားဟာ ဆင်မင်းရဲ့ ဝမ်းဗိုက်ကနေကျောက်ကုန်း ထိပေါက်ထွက်ပြီး ကောင်းကင် ထိတက်သွားတယ်။ ဆင်မင်းဟာနာလွန်းလို့ ရင်ထဲက လှိုက်ပြီး တစ်ချက်အော် လိုက်တယ်။ ဆင်မင်းရဲ့အော်သံကြောင့် ကျန်တဲ့ဆင်တွေဟာ ရန်သူရှာရအောင် အရပ်လေးမျက်နှာကို ပျံ့ထွက်သွားကြတယ်"

"ဆဒ္ဒန်ဆင်တွေဟာ ကောင်းကင်မှာပျံနိုင်ကြတယ်။ ပညာရှိတဲ့ဆင်မင်း ကတော့ ရန်သူဟာဝမ်းဗိုက်အောက်မြေကြီးထဲမှာ ရှိတယ်ဆိုတာ အတပ်သိ လိုက်တယ်။ အားအင်မတန်ကောင်းပြီး သတိကြီးလှတဲ့ အတွက်ကြောင့် ဆင်မင်းဟာ ချက်ချင်းမသေဘဲ ရန်သူ့ကို တွေ့အောင်ရှာဖွေနိုင်တာပါ"

"အောက်ကမြေကြီးကို ခွာနဲ့ယက်လိုက်တာနဲ့ မုဆိုးကြီးပေါ်လာတာပါပဲ။ ရန်သူကိုသတ်မယ်ဆိုတဲ့စိတ်နဲ့ မုဆိုးကိုနှာမောင်းနဲ့ ပွေ့ယူလိုက်တယ်။ ဒီအချိန်မှာ မုဆိုးဟာ သင်္ကန်းရောင်ကိုဝတ်ထားတယ်။ သူ့ကိုသတ်ဖို့ဆွဲပွေ့လိုက်တဲ့ ဆင်မင်းရဲ့ နှာမောင်းပေါ်ကိုလည်း သင်္ကန်းစတစ်စကို တင်ပေးလိုက်တယ်"

သူများအသက်ကို ရက်ရက်စက်စက်သတ်တတ်တဲ့သူတွေဟာ ကိုယ့်အသက် သေမှာကျတော့ တခြားသူထက်ကိုပိုပြီး ကြောက်တတ်ကြ တာဟာ မမွှတာပဲ။ အလွန်ရှုံ့စရာကောင်းတဲ့ အလေ့အထတစ်ခုပဲ။ အခုမုဆိုးကြီးလဲ ဒီအတိုင်းပဲပေါ့။ သင်္ကန်းရောင်ကို မြင်လိုက်တာနဲ့ ဆင်မင်းရဲ့ဒေါသတွေဟာ ပျောက်သွားတယ်"

"သူတော်ကောင်းအရေကိုခြုံပြီး ဘာ့ကြောင့်မကောင်းမှုကို ပြုလုပ်ရတာလည်းလို့ စစ်မေးတဲ့အခါ စူဠသုဘဒ္ဒါမိဖုရားက ဆင်မင်းရဲ့အစွယ်ကို လိုချင် လို့ဖြတ်ခိုင်းလိုက်တဲ့ အကြောင်းပေါ်လာတယ်"

"စူဠသုဘဒ္ဒါက ဆင်မင်းနဲ့ဘယ်လိုပတ်သက်နေသလဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒကာလေးက ဒီဝတ္ထုကိုမဖတ်ဖူးသေးဘူးထင်တယ်။ စူဠသုဘဒ္ဒါ ဆိုတာ အရင်ဘဝက သူ့ရဲ့မယားဆင်မတစ်ကောင်ပဲ၊ သူ့မှာ မဟာသုဘဒ္ဒါနဲ့ စူဠသုဘဒ္ဒါဆိုပြီး မယားဆင်မနှစ်ကောင်ရှိတယ်။ တစ်နေ့တော့ ဆင်မနှစ်ကောင် ရှိရာကို ဆင်မင်းက ပန်းပွင့်တွေ အပင်ကနေ လှုပ်ချပေးတယ်"

"ကံဆိုးချင်တော့ စူဠသုဘဒ္ဒါဆင်မရဲ့ ကိုယ်ပေါ် ကိုကျတဲ့ ပန်းပွင့်တွေထဲမှာ ခါချဉ်ထုပ်ပါသွားတယ်။ ဒီတော့ ခါချဉ်တွေကိုက်တာပေါ့။ အဲဒီလို မတော်မဆ ဖြစ်တာကိုပဲ စူဠသုဘဒ္ဒါဆင်မဟာ ရန်ငြိုးဖွဲ့ပြီး ပစ္စေကဗုဒ္ဓါ တစ်ပါးကို သစ်သီးတွေ လှူရင်းနဲ့ ဆုတောင်းသတဲ့"

"ဒီကုသိုလ်ကြောင့် နောက်ဘဝကျရင် ဘုရင်ရဲ့မိဖုရားဖြစ်ပြီး ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်ကိုဖြတ်ပြီး နားဋ္ဌောင်းလုပ်ဝတ်ရပါလို၏တဲ့ အဲဒီဆုတောင်းကြောင့် ဆင်မဘဝကသေတဲ့အခါ မိဖုရားသွားဖြစ်တော့ သူထားခဲ့တဲ့ ရန်ငြိုးအတိုင်း မုဆိုးကို အစွယ်ဖြတ်ရအောင် လွှတ်လိုက်တာပါပဲ"

"အကြောင်းစုံသိသွားတဲ့ ဆင်မင်းဟာ မုဆိုးကို မသတ်တဲ့အပြင် အစွယ်ကိုပါ အလွယ်တကူဖြတ်ယူခွင့်ပြုလိုက်ပါတယ်။ အစွယ်ဖြတ်ပြီးမှပဲ သေဆုံးသွား ရှာတယ်။ ဒီဖြစ်ရပ်မှာလည်း ဆင်မင်းဟာ ရန်သူကို သတ်လို့ရရက်နဲ့ မသတ်တာဟာ သီလပါရမီကို ဖြည့်ဆည်းလိုက်တာပဲ"

"လူတိုင်းတောင် ဖြည့်ဆည်းဖို့မလွယ်ကူတဲ့ သီလပါရမီကို တိရစ္ဆာန်ဘဝမှာတောင် ရအောင်ဖြည့်ဆည်းပြတာကတော့ တကယ်ကို လေးစားကြည်ညိုဖို့ ကောင်းလှပါတယ်ဘုရား"

"အဲဒီလိုတိရစ္ဆာန်ဘဝမှာတောင် သီလပါရမီကို ပြည့်စုံအောင်ဖြည့်တဲ့ ဘဝတွေဟာ ငါးရာငါးဆယ်ဇာတ်တော်တွေထဲမှာ အများကြီးပါ။ အဲဒီထဲက သင်္ခပါလ နဂါးမင်းဇာတ်တစ်ခုလောက်ထုတ်ပြရရင် ရာဇဂြိုလ်ပြည် မာဂဓမင်းရဲ့မိဖုရားကြီးမှာ သားတော်တစ်ပါးဖွားမြင်တယ်။ အမည်ကိုတော့ ဒုယျောဓန လို့ပေးကြတယ်။ အရွယ်ရောက်တော့ တက္ကသိုလ်ပြည်မှာ ပညာ

www.burmeseclassic.com

www.burmeseclassic.com



သွားသင်တယ်။ ပညာစုံလို့ ပြန်ရောက်တဲ့ အချိန်မှာပဲ ခမည်းတော်က နန်းတော်ကိုလွှဲအပ်ပြီး ရသေ့ဝတ်သွားတယ်"

ဒါပေမယ့် သားတော်ရဲ့တောင်းပန်ချက်အရ ဖခင်ရသေ့ကြီးဟာ ဒေတာထဲကို ထွက်ခွာသွားခွင့်မရပဲ မြို့တော်ရဲ့အနီးမင်္ဂလာဥယျာဉ်ထဲမှာပဲ သီတင်းသုံး နေရတယ်။ သားတော်ကလည်း ရသေ့ကြီးကို တစ်နေ့သုံးကြိမ် ဆည်းကပ်တယ်။ တခြားမှူးမတ် ပြည်သူတွေကလည်း ကျောင်းသခ်န်းကို မကြာခဏ လာနေကြတော့ ရသေ့ကြီးမှာ တရားအလုပ်တွေ ပျက်တာပေါ့။

"တရားရချင်တဲ့သူ ဆိုတာ ဆိတ်ငြိမ်တဲ့နေရာမှာလည်းနေရတယ်၊ တစ် ယောက်တည်းနေရတယ်၊ အအိပ်နည်းရတယ်၊ စကားနည်းရတယ်၊ ဆိုဆုံးမ လွယ်ရတယ်၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိရတယ်"

"နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်ဆိုတာ ကိလေသာတွေကုန်ခန်း သွားစေချင်တဲ့ စိတ်တစ်မျိုးသာရှိရမယ်။ နာမည်ကြီးဖို့၊ လူသိများဖို့၊ တိုက်တာတွေပေါဖို့၊ ဒကာ၊ ဒကာမတွေများဖို့ဆိုတဲ့ စိတ်တွေအလျင်းမရှိ ရဘူးလို့ဆိုလိုတာပါပဲ။ နောက် ဒကာလေးလည်း ဝိပဿနာတရားတွေ အား ထုတ်ချင်လာပြီဆိုရင် ဒီအချက်ကလေးတွေဟာ သိပ်တန်ဖိုးရှိလာ လိမ့်မယ်"

"တစ်နေ့တော့ရသေ့ကြီးဟာ သားတော်ကိုတောင် အသိမပေးတော့ ဘဲ မင်္ဂလာဥယျာဉ်ထဲကနေ ထွက်လာလိုက်တာ မဂဓတိုင်းကိုလွန်ပြီး မဟိံသက တိုင်း အတွင်းထိ ရောက်သွားတယ်။ မဟိံသကတိုင်းအတွင်းက ကဏ္ဏဝဏ္ဏ မည်တဲ့ မြစ်ကမ်းအတိုင်းလိုက်လာလိုက်တာ စန္ဒကမည်တဲ့ တောင်တစ်လုံး ကိုတွေ့တော့ ရသေ့ကြီးဟာ သဘောကျပြီး တောင်ခြေမှာ တဲထိုးပြီး နေ တယ်"

"အေးချမ်းတိတ်ဆိတ်တဲ့ ကျောင်းသခ်မ်းမှာ တစ်ကိုယ်တည်း နေခွင့် ရတော့ ကသိုဏ်းပရိကမ် ဈာန်အဘိညာဉ်ရကြောင်း တရားတွေလည်း အား ထုတ်နိုင်တော့ မကြာခင်မှာပဲ ဈာန်အဘိညာဉ်တွေကို ရသွားတယ်"

"တစ်ယောက်တည်းနေရတာ တော်တော် အကျိုးထူးတာပါလား ဆရာတော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ကြောင့် ဘုရားကလည်း တစ်ယောက်တည်းနေဖို့ အမြဲတန်း တိုက်တွန်းတာပေါ့။ ဈာန်အဘိညာဉ်ရပြီးတဲ့နောက်ပိုင်း ရသေ့ကြီးကို ကြည်ညိုသူတွေထဲမှာ နဂါးတစ်ကောင်ပါလာတယ်။ ရိုးရိုးနဂါးမဟုတ်ဘူး။ စည်းစိမ်ချမ်းသာခံစားရတဲ့ နဂါးမင်းပါ။ နာမည်က သခ်ပါလတဲ့ ကဏှ ဝဏ္ဏမြစ်ညာဘက်ရှိ သခ်ပါလရေအိုင်ကြီးမှာ နေလို့ သခ်ပါလဆိုတဲ့ နာမည်ကို ရတာပါ"

"နှစ်အတော်ကြာတဲ့အခါ ဒုယျောဒနမင်းဟာ ဖခင်ရသေ့ကြီးကို လွမ်းဆွတ် သတိရတဲ့အတွက် နေရာအတိအကျကို သိရအောင်စုံစမ်းပြီး စစ်သည်ဗိုလ်ပါများစွာနဲ့ လိုက်လာတယ်။ ဒုယျောဒနမင်းကြီး ကျောင်းသခ်္ခန်း ထဲဝင်လာတဲ့ အချိန်မှာ သခ်ပါလနဂါးမင်းက လှပတင့်တယ်တဲ့ နတ်လုလင် အသွင်နဲ့ ရသေ့ကြီး တရားကို နာနေတယ်"

"စစ်သည်ဗိုလ်ပါတွေနဲ့ အတူဝင်လာတဲ့ မင်းကြီးကို တွေ့လိုက်ရတယ်ဆိုရင်ပဲ နဂါးမင်းဟာ ကျောင်းထဲက ခပ်သုတ်သုတ်ထွက်သွားတယ်။ နဂါးမင်းရဲ့ နတ်သား အသွင် တင့်တယ်လှပတဲ့ အဆင်းကို မြင်လိုက်ရတော့ ဒုယျောဒနမင်းဟာ အားကျသွားတယ်။ အကျိုးအကြောင်း မေးကြည့်တဲ့အခါ သခ်ပါလအမည်ရတဲ့ နဂါးမင်းဖြစ်ကြောင်း စည်းစိမ်ချမ်းသာ ကြီးကျယ်ကြောင်းတွေကိုပါ ရသေ့ကြီးက ပြောပြတော့ မင်းကြီးစိတ်ထဲမှာ နဂါးမင်းဖြစ်ချင်စိတ်ပေါက်သွားတယ်"

"ဖခင်ရသေ့ကြီးကို နှစ်ရက်သုံးရက် ပြုစုလုပ်ကျွေးပြီးတာနဲ့ မင်းကြီးဟာရာဇဂြိုဟ်ပြန်ပြီး အရပ်လေးမျက်နှာမှာ မဏ္ဍပ်ကြီးတွေဆောက်ပြီး နေ့စဉ်ကြီးကျယ်တဲ့ အလှူကြီးကို ပေးတယ်။ ဥပုသ်သီလကိုလည်း စွဲမြဲစွာဆောက်တည်တယ်။ ဒီကုသိုလ်တွေကြောင့် သခ်ပါလနဂါးမင်းဖြစ်ဖို့ပဲ ဆုတောင်းတယ်"

"မင်းကြီးကွယ်လွန်တဲ့အခါ သူ့တောင့်တချက်အတိုင်း သခ်ပါလရေအိုင်ကြီးမှာ သခ်ပါလနဂါးမင်းကြီးသွားဖြစ်တာပေါ့"

"အရင်နဂါးမင်းကြီးက သက်တမ်းကုန်သွားလို့မရှိတော့ဘူး။ နှစ်

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတဲ့ အထိတော့ နတ်သမီးတမျှလှပတဲ့ နဂါးမလေးတွေရဲ့ ဖျော်ဖြေမှုကြားမှာ နစ်မျောပြီး ပျော်မွေ့နေသေးတာပေါ့။ ဒါပေမယ့် အတော်ကြီးကြာလာတဲ့ အခါမှာတော့ တစ်စတစ်စနဂါးဘဝကို ငြီးငွေ့လာတယ်"

"ဘာကြောင့်ငြီးငွေ့လာတာလဲဘုရား"

"ဘာကြောင့်လဲဆိုတော့ ပဝတ္တိအခါ နတ်သားနတ်သမီးလို ဖန်ဆင်းထားတဲ့အတွက် နတ်စည်းစိမ်မျိုးကိုခံစားရပေမယ့်။ ပဋိသန္ဓေအားဖြင့် တော့ နဂါးဆိုတာ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ မြွေမျိုးပဲ။ ဒါ့ကြောင့် တခြား အချိန်တွေမှာ နတ်သား နတ်သမီးသဏ္ဌာန် ဖန်ဆင်းထားလို့ရပေမယ့် အိပ်ပျော်တဲ့အခါ ကာမဂုဏ်မှီဝဲတဲ့အခါ စုတေတဲ့အခါတွေကျတော့ နတ်သားနတ်သမီး ပုံစံဖန်ဆင်းလို့မရတော့ဘူး"

"ပကတိအရှိအတိုင်း မြွေနဂါးပုံသဏ္ဌာန်ကြီးပြန်ပေါ် လာတာပဲ။ ဒီအကြောင်း တွေကြောင့် နဂါးဘဝကိုစက်ဆုပ်ပြီး လူ့ဘဝကို ပြန်တောင့်တလာတယ်။ လူ့ဘဝ ပြန်လည်ရရှိရေးအတွက် လပြည့်နေ့၊ လကွယ်နေ့တွေမှာ ဥပုသ်သီလစောင့်ထိန်းတယ်။ ဒါပေမယ့် နဂါးမလေးတွေရဲ့ ဖျားယောင်းသွေးဆောင်မှုကြောင့် ဥပုသ်သီလကို လုံခြုံအောင် မစောင့်ထိန်းနိုင်ဘူး။ မကြာခဏ ဥပုသ်ကျိုးကျိုးနေတယ်"

"ဒါကြောင့် သင်္ခပါလနဂါးမင်းဟာ လူ့ပြည်ထွက်လာပြီး ကဏ္ဏဝဏ္ဏမြစ်ကမ်းဘေးက တောင်ပို့ကြီးတစ်ခုမှာ ကိုယ်ဖြင့်ရစ်ပတ်ပြီး ဥပုသ်စောင့်နေတယ်။ ဥပုသ်စောင့်နေစဉ်အတွင်း မည်သူမဆို ငါ၏ အသွေးအသားကို ယူချင်ယူကြပါစေ။ အသက်သေစေကာမူ ဥပုသ်သီလကို မဖျက်လို့လည်း အဓိဋ္ဌာန်ပြုထားတယ်"

"ဒီအချိန်မှာ ပစ္စန္တရာဇ်အရပ်က မုဆိုး ၁၆–ယောက်တို့ဟာ တောလိုက်သွားရာက ဘာသားကောင်မှမရဘဲပြန်လာကြရင်းက နဂါးမင်းကြီး ကိုတွေ့ကြတော့ နဂါးသားပဲစားကြမယ်၊ ရောင်းကြမယ်ဆိုတဲ့ စိတ်နဲ့ နဂါးမင်းကြီးကို ဖမ်းဖို့ပြင်ဆင်ကြတယ်"

"တကယ်တော့ သူနှာခေါင်းလေတစ်ချက်မှုတ်ရုံ၊ မျက်စောင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ချက် ထိုးလိုက်ရုံနဲ့ မုဆိုး ၁၆–ယောက်ဟာ တစ်ခါတည်းပြာကျပြီး သေနိုင်ပါတယ်။ ဒါပေမယ့် သီလကိုလုံခြုံအောင် စောင့်ထိန်းချင်တဲ့ အတွက်ကြောင့် မုဆိုးတွေကို ဘာမှပြန်မလုပ်ဘဲ ရေမြွေတစ်ကောင်လို ငြိမ်ပြီးခံရှာတယ်"

"ပထမဆုံးနဂါးမင်းကြီးရဲ့ခန္ဓာကိုယ်ကို သံချွန်ကြီးတွေနဲ့အပေါက်တွေဖြစ်အောင် ဖောက်ကြတယ်။ အဲဒီအပေါက်တွေထဲကိုမှ အဆူးကပ်ထားတဲ့ ကြိမ်လုံး များကိုသွင်းပြီး ထမ်းပိုးရှစ်ချောင်းနဲ့ ထမ်းပြီး သယ်လာကြတယ်။ လူ ၁၆–ယောက် ထမ်းပိုးရှစ်ချောင်းနဲ့ထမ်းတာတောင် နဂါးမင်းရဲ့ခန္ဓာကိုယ်ကြီးက ရှည်လျား ကြီးမားလွန်းတော့ နဂါးမင်းရဲ့ဦးခေါင်းဟာ တွဲလျားကျပြီး မြေကြီးနဲ့ တိုက်မိနေတယ်"

"ဒီအခါမုဆိုးတို့က နဂါးမင်းရဲ့နှာခေါင်းဖူမှာ သံချွန်နဲ့အပေါက်ဖောက်ပြီး ကြိုးနဲ့သိုင်းချည်ထားလိုက်တယ်။ အဲဒီလိုမုဆိုးတွေက သဘောရှိနှိပ် စက်နေကြပေမယ့် သခ်ပါလနဂါးမင်းဟာ ရန်ပြုဖို့နေနေသာသာ မျက်စေ့တောင် ဖွင့်မကြည့်ဘဲ ပြုသမျှကိုနု၍သာခံရှာတယ်။ ဘုရားဖြစ်ဖို့ အတွက်အလောင်းတော်ဟာ သီလပါရမီကို အဲဒီလို ဖြည့်ဆည်းခဲ့ရတာပါ"

"ဒီအချိန်မှာ မိတ္ထီလာမြို့မှ အာဠာရအမည်ရှိတဲ့ကုန်သည်ကြီးဟာလှည်း ပေါင်းငါးရာနဲ့ ကုန်ရောင်းသွားဖို့ထွက်လာတုန်း နဂါးမင်းကိုဖမ်းဆီးလာတဲ့ မုဆိုးတွေနဲ့ပက်ပင်းတွေ့တော့တာပဲ။ ကုန်သည်ကြီးဟာမုဆိုးတွေလက်မှာ မရှုမလှ ခံနေရတဲ့ နဂါးမင်းကို မြင်ရရင်ပဲ အလွန်သနားသွားပြီး မုဆိုးများကို ငွေတစ်ရာ ပေးပြီး နဂါးမင်းကိုလွှတ်စေလိုက်ပါတယ်"

"နဂါးမင်းလည်း သူ့ရဲ့ဥပုသ်အဓိဋ္ဌာန်ပြည့်ပြီးတဲ့အခါ နဂါးပြည်ကိုပြန်ခဲ့တယ်။ ကုန်သည်ကြီးကိုလည်း နဂါးပြည်ထိခေါ်ပြီး နဂါးမင်းရဲ့စည်းစိမ်နဲ့ ကျွေးမွေးဆပ်ခဲ့ပါတယ်"

"ပါရမီ၊ ပါရမီနဲ့ပြောတော့သာ လွယ်တာ၊ တကယ်ဖြည့်ဆည်းဖို့ကျတော့ မလွယ်ပါလား ဆရာတော်"

"ဒါ့ကြောင့် မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေရဲ့အလုပ်လို့ပြောတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျ စိတ်ထားမြင့်မြတ်တဲ့သူတွေသာ ဒီပါရမီတွေကို ဖြည့်ဆည်းနိုင်တာပါ။ အောက်တန်းကျပြီး စိတ်ထားယုတ်နိမ့်တဲ့ပုဂ္ဂိုလ်တွေ မလုပ်နိုင်ဘူး"

"ဘုရင်အဖြစ်ကိုမင်းသားကသာ စိတ်ကူးသည်။ သူတောင်းစားကား အမှတ် ပင်မရ။ ရဟန္တာအဖြစ်ကို သူတော်ကောင်းကသာ စိတ်ကူးသည်။ မသူတော်ကား အမှတ်ပင်မရဆိုတဲ့ စကားအတိုင်း ဒီမှာလည်း ဒါန၊ သီလစသော ပါရမီဆယ်ပါးကို ဖြည့်ဆည်းရန် မြင့်မြတ်သော စိတ်ထားရှိသူသာ စိတ်ကူးသည်။ ယုတ်နိမ့်သော စိတ်ထားရှိသူကား အမှတ်ပင်မရလို့ ဆိုရမှာပေါ့"

"မှန်ပါတယ်ဘုရား"

"တတိယမြောက် အလောင်းတော်ဖြည့်ဆည်းရမယ့် ပါရမီက နေက္ခမ္မပါရမီပဲ။ ကာမဂုဏ်ငါးပါးမှ လွတ်မြောက်ခြင်းလို့ အဓိပ္ပါယ်ရတယ်။ နေက္ခမ္မပါရမီ ဖြည့်ဆည်းဖို့နဲ့ပတ်သက်ပြီး သုမေဓာရှင်ရသေ့ဟာ မိမိကိုယ်ကို အခုလို ဆုံးမတယ်"

"အို သုမေဓာ၊ သင်သည် ဘဝသုံးပါးကို အကျဉ်းထောင်ကဲ့သို့ ရှုမြင်ပါလော။ အကျဉ်းထောင်ထဲ၌ ရက်လပေါင်းများစွာ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်းစသော ဆင်းရဲတို့ကို ခံစား၍နေရသော ယောကျ်ားသည် ထိုအကျဉ်းထောင်ထဲ၌ တစ်ခဏမှမပျော်မွေ့နိုင်။ ထို အကျဉ်းထောင်မှ လွတ်မြောက်ရေးကိုသာ ပြင်းပြစွာ မျှော်လင့် တောင့်တ နေသကဲ့သို့ ထို့အတူ သင်သည်လည်း ဘဝသုံးပါးမှ လွတ်မြောက်ရေးကိုသာ ရှာကြံအားထုတ်ပါလော"

"ဒီအဆုံးအမအတိုင်း နေက္ခမ္မပါရမီကို ဘဝတိုင်းဘဝတိုင်းမှာ ဖြည့်ဆည်း ခဲ့တယ်။ ဒီပင်္ကရာမှစပြီး ၂၄–ဆူသောမြတ်စွာဘုရားတွေထဲမှာ ဒီပင်္ကရာ၊ နာရဒ၊ အတ္ထဒဿီ ဘုရားသုံးဆူလက်ထက်မှာ ရသေ့ဘဝနဲ့ နေက္ခမ္မပါရမီကို ဖြည့်ဆည်းခဲ့ပြီး ကောဏ္ဍည၊ မင်္ဂလစတဲ့ ဘုရားကိုးဆူ လက်ထက်မှာတော့ သာသနာတွင်းမှာ ရဟန်းဘဝနဲ့ နေက္ခမ္မပါရမီကို

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ခဲ့တယ်"

"အလောင်းတော်ဟာ ဘုရားရှင်တို့အား ဖူးတွေ့ရတဲ့ဘဝတွေမှာသာ နေက္ခမ္မ ပါရမီကို ဖြည့်ခဲ့တာမဟုတ်ပါဘူး။ ဘုရားရှင်တို့အား မဖူးတွေ့ရတဲ့ ဘဝတွေမှာလည်း နေက္ခမ္မပါရမီကို ဖြည့်ခဲ့တာပါပဲ။ ငါးရာ့ငါးဆယ် နိပါတ်တော်များမှာ အလောင်းတော်ဟာ ၁၀၀–ဘဝတိတိ ကာမဂုဏ်စည်းစိမ် တွေ စွန့်ပြီး တောထွက်ခဲ့ကြောင်း တွေ့ရပါတယ်"

"သောမနဿမင်းသားဘဝ၊ ဟတ္ထိပါလမင်းသားဘဝ၊ အယောဃရမင်းသားဘဝ၊ စူဠသောတသောမမင်းသား ဘဝတို့မှာဆိုရင် လက်ထဲရောက်လာလုဆဲဆဲ မင်းစည်းစိမ်ကို အာလယပြတ်စွန့်ပြီး တောထွက်တော်မူခဲ့တယ်။ မဟာဇနကဇာတ်တော်မှာဆိုရင်လည်း မိတ္ထီလာပြည်ထီးနန်းမှာ နှစ်ပေါင်း ခုနစ်ထောင်တိုင်တိုင် လက်တွဲစံစားခဲ့တဲ့ သီဝလီဒေဝီမိဖုရားကြီးကိုပင် နည်းနည်းမှ ငဲ့ကွက်တွယ်တာခြင်းမရှိပဲ တောထွက်တော်မူခဲ့တယ်"

"နောက်ထပ် တောထွက်တဲ့ ဇာတ်လမ်းနှစ်ခုကို အကျယ်မပြောမီ ဒကာလေးကို အထိရောက်ဆုံးနဲ့အကျဉ်းဆုံးသစ္စာလေးပါးတရားကို ဟောပေးမယ်။ ဒကာလေး သစ္စာလေးပါးတရားကို လေ့လာဖူးသလား"

"လေ့လာဖူးပါတယ်ဘုရား၊ ဗုဒ္ဓဘာသာမှာ အဓိကအကျဆုံးတရားဆိုရင် အဓိကထားပြီး လေ့လာမှတ်သားပါတယ်"

"ဒါဆိုရင် ဒကာလေး လေ့လာထားပြီးသလောက်ကို ပြောပြစမ်းပါ။ လိုတာကို ဦးပဥ္စင်းက ဖြည့်ပေးမှာပါ"

"သစ္စာလေးပါးက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ပါ"

| | | |
|---|---|---|
| ဒုက္ခသစ္စာအရ | = | လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈ ကို ရပါတယ်။ |
| သမုဒယသစ္စာအရ | = | လောဘခေါ် တဏှာကို ရပါတယ်။ |
| နိရောဓသစ္စာအရ | = | နိဗ္ဗာန်ကိုရပါတယ်။ |

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂသစ္စာအရ = မဂ္ဂင်ရှစ်ပါးကိုရပါတယ်။

ဒုက္ခသစ္စာဟာ သိရမယ့်တရားပါ။ ဒါ့ကြောင့် ၃၁–ဘုံဟာ မမြဲလို့လည်း ဆင်းရဲပါတယ်။ အိုနာသေနဲ့ အမြဲအနှိပ်စက် ခံနေရလို့လည်း ဆင်းရဲပါတယ်။ ဒါ့ကြောင့် ဒုက္ခသစ္စာလို့ ဟောထားပါတယ်။ ဒါ့ကြောင့် ၃၁–ဘုံကို ဆင်းရဲရာအမှန် လို့ သိရပါမယ်။

သမုဒယသစ္စာကတော့ ပယ်သတ်ရမယ့်တရားပါ။သမုဒယသစ္စာ လို့ခေါ်တဲ့ တဏှာနဲ့လိုချင်ခဲ့လို့ ၃၁–ဘုံခန္ဓာတွေကို လာပြီး ရကြတာပါ။ ဒါ့ကြောင့် သမုဒယသစ္စာခေါ်တဏှာကို ပယ်သတ်ရမယ့် တရားလို့ ဟောတာပါ။ နိရောဓသစ္စာခေါ် နိဗ္ဗာန်ကတော့ ဆိုက်ရောက် ရမယ့်တရားပါ။ မဂ္ဂသစ္စာခေါ် မဂ္ဂင် ၈–ပါးကတော့ ပွားများရမယ့်တရားပါ။

"သာဓုဗျာ၊ သာဓု။ ဒကာလေးက ဘာသာခြားသာဆိုတယ် တော်တော် လေ့လာထားတာပဲ။ အခုဒကာလေးသိထားတာကို စာသိလို့ခေါ် တယ်။ အဲဒီစာသိကနေ ငါသိရောက်အောင် သွားရမယ်။ ငါသိနဲ့သိနိုင် အောင် သစ္စာလေးပါးကို ဒီလိုပြောင်းပြီးမှတ်လိုက်"

လိုချင်လျှင် ဆင်းရဲသည်။
မလိုချင်လျှင် ချမ်းသာသည်

တဲ့။ ခန္ဓာကိုပဲ လိုချင်လိုချင်၊ မိန်းမ၊ ယောကျ်ားကိုပဲ လိုချင်လိုချင်၊ ပစ္စည်းဥစ္စာကိုပဲ လိုချင်လိုချင်၊ ထင်ရှားကျော်ကြားမှုကိုပဲ လိုချင်လိုချင်၊ တပည့် ဒကာများတာကိုပဲ လိုချင်လိုချင်၊ လိုချင်တာမှန်သမျှ သမုဒယ သစ္စာတဏှာပဲ။ သမုဒယသစ္စာ တဏှာနဲ့ လိုချင်နေသမျှ ဒုက္ခသစ္စာ ဆင်းရဲကို ချည်းရမှာပါ။ ဒါ့ကြောင့်လိုချင်လျှင် ဆင်းရဲသည်လို့ပြောတာ"

"လိုချင်တာက သမုဒယသစ္စာ၊ ဆင်းရဲတာက ဒုက္ခသစ္စာပေါ့။ နက် နက်နဲနဲ ကြီးကြည့်မှ မဟုတ်ပါဘူး။ အပေါ်ယံလောက်ကြည့်ရင်ပဲ သမုဒယ သစ္စာကြောင့် ဒုက္ခသစ္စာကိုရတယ်။ တစ်နည်းလိုချင်လျှင် ဆင်းရဲတယ်ဆို တာကို သေချာ သိမြင်နိုင် ပါတယ်။ ဥပမာ–ခန္ဓာလိုချင်ရင် အခုရလာ တဲ့ခန္ဓာကြောင့် ဆင်းရဲနေရပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီခန္ဓာကြီးရလာတာနဲ့ နေ့စဉ်ကျွေးမွေးသုတ်သင်သန့်ရှင်းပေးရတဲ့ဒုက္ခ၊ ဥစ္စာစည်းစိမ်ဆင်းရဲမွဲတေတဲ့စီးပွားရေးဒုက္ခ၊ စီးပွားရေး အဆင်ပြေပြန်တော့ လင်ကွဲ၊ မယားကွဲ၊ လူမှုရေးဒုက္ခ၊ စီးပွားရေးနဲ့လူမှုရေး အဆင်ပြေပြန်တော့ အိပ်ယာက မထနိုင်တဲ့ ကျန်းမာရေးဒုက္ခ၊ ဒါတွေ အားလုံး အဆင်ပြေပါတယ်ဆိုရင်လည်း လာပြန်ပြီ ရန်သူမျိုးငါးပါးဒုက္ခ"

"လွန်ခဲ့တဲ့ ၂၇–နှစ်လောက်တုန်းက မန္တလေးတစ်မြို့လုံးနီးပါး မီးလောင်ခံရတာ အိမ်ခြေခြောက်ထောင်ကျော်တောင်ပါသွားတယ်။ ဘာမှမတတ်နိုင်ကြဘူး။

**မှတ်ချက်။** ။ ပြီးခဲ့သည့်နှစ်ကလည်း မြစ်ကြီးနားတစ်မြို့လုံး ရေဘေးဆိုက်ရာ အိမ်ခြေထောင်နှင့်ချီပြီး ပျက်စီးခဲ့ရ၏။ လူလေးရာခန့် သေဆုံး၏။

'ဒီကြားထဲ အိုခြင်း၊ နာခြင်းဒုက္ခကလည်း အမြဲတန်းနှိပ်စက်နေတယ်။ အချိန်ကျတဲ့အခါ သေခြင်းဒုက္ခကလည်း ကေန်မုချလာဦးမှာပါ။ ဒါ့ကြောင့် ဘာကိုပဲ လိုချင်လိုချင်၊ လိုချင်တာမှန်သမျှ ဆင်းရဲခြင်းရဲ့ အကြောင်းလို့ သိထား စေချင်တယ်။ ဆန့်ကျင်ဘက်အားဖြင့် မလိုချင်လျှင် ချမ်းသာသည်တဲ့။ ၃၁–ဘုံမှာရှိတဲ့ သက်ရှိ သက်မဲ့အားလုံးဟာ ဖြစ်ခြင်း၊ ပျက်ခြင်းဖြင့် အမြဲအနှိပ်စက်ခံနေရတဲ့ ရုပ်နာမ် သဘောတရားတွေပဲလို့ မဂ္ဂသစ္စာနဲ့ကြည့်လိုက်ရင် ဘာကိုမှ မလိုချင်တော့ဘူး"

"ဘာကိုမှမလိုချင်တဲ့နေ့ဟာ တကယ့်ချမ်းသာအစစ်ကိုရတဲ့နေ့ပဲ။ ဒါ့ကြောင့် မလိုချင်တာက မဂ္ဂသစ္စာ၊ ရလာတဲ့ချမ်းသာက နိရောဓသစ္စာပေါ့။ ဒါ့ကြောင့် မလိုချင်လျှင် ချမ်းသာသည်လို့ အလွယ်ပြောခဲ့တာ။ တဏှာက ထွက်မြောက်သွားတာ၊ တဏှာကင်းသွားတာကို နိဗ္ဗာန်လို့ သင်္ဂဟကျမ်းမှာ ဖွင့်ပြထားတာနဲ့ မလိုချင်လျှင် ချမ်းသာသည်လို့ ပြောထားတာဟာ အတူတူသွားကျနေပါတယ်"

"အခုနေကွမ်မှူးပါရမီနဲ့ပတ်သက်ပြီး ဇာတ်တော်နှစ်ပုဒ်ကို နားထောင်ရအောင် ပထမတစ်ခုက ကေနိပါတ်မှာလာတဲ့ တက္ကပဏ္ဍိတဇာတ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ရဲ့အမည် တက္ကပဏ္ဍိတကိုစွဲပြီး တက္ကပဏ္ဍိတဇာတ်လို့ ခေါ်တာပါပဲ"

"အဲဒီဘဝက အလောင်းတော်ဟာ ငယ်ရွယ်စဉ်ကပင် တောထွက်ရသေ့ဝတ်ပြီး လူသူမနီးတဲ့ ဂင်္ဂါမြစ်အနီးက ကျောင်းသင်္ခမ်းလေးမှာ တစ်ပါးတည်း အေးချမ်းတိတ်ဆိတ်စွာနေထိုင်တယ်"။

## ဝိဝေက–ကင်းဆိတ်ခြင်းသုံးမျိုး

ဝိဝေကနဲ့ပြည့်စုံအောင်နေတဲ့အတွက် ဈာန်သမာပတ်တွေကိုလည်း ခဏနဲ့ ရရှိသွားတယ်။ ဝိဝေကသုံးမျိုးရှိတယ်။

**ကာယဝိဝေက** = လူသူမှကင်းဆိတ်ခြင်း။
**စိတ္တဝိဝေက** = ကိလေသာမှကင်းဆိတ်ခြင်း။
**ဥပဓိဝိဝေက** = ရုပ်နာမ်ခန္ဓာမှကင်းဆိတ်ခြင်း။

တို့ပဲ။ မဂ်ဖိုလ်ရချင်တဲ့သူဟာ ပထမဆုံး ကာယဝိဝေက = လူသူကင်းဆိတ်ပြီး တစ်ယောက်တည်းနေတတ်အောင် ကြိုးစားရမယ်။ ဒုတိယ စိတ္တဝိဝေက= ဝိပဿနာသတိအမြဲရှိပြီးကိလေသာတွေက ကင်းဆိတ်အောင် နေပြီဆိုရင် ဥပဓိဝိဝေကလို့ခေါ်တဲ့ ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရောက်ရမှာပါပဲ။

"ဒါဆိုရင်ကာယဝိဝေကမရနိုင်တဲ့ တပည့်တော်တို့ လူဝတ်ကြောင်တွေ တရားရဖို့လွယ်ပါ့မလား ဘုရား"

"လွယ်ပါတယ်။ ကာယဝိဝေကဖြစ်အောင်လုပ်တယ်ဆိုတာ စိတ္တဝိဝေက ဖြစ်ဖို့ပဲ။ တစ်ချို့ကြိုးစားတဲ့သူများကျတော့ ကာယဝိဝေက မရှိတဲ့ ကြားထဲကကို စိတ္တဝိဝေကဖြစ်အောင်လုပ်ပြီး ဝတ်ကြောင်နဲ့ မဂ်ဖိုလ်ရ သွားသူတွေအများကြီးပါ"

"ဥပမာ သုဒ္ဓေါဒနမင်းကြီးဆိုရင် တိုင်းပြည်အုပ်ချုပ်ဘုရင်လုပ်ရင်းပဲ ရဟန္တာ ဖြစ်သွားတာပါ။ ဒါဟာ ကာယဝိဝေက မဖြစ်သော်လည်း စိတ္တဝိဝေကဖြစ်ရင် ကိစ္စပြီးတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုပြနေတာပဲ။ ဝိသာခတို့ စိတ္တ သူကြွယ်တို့ဆိုရင် သူဌေးဘဝ ကုန်ရောင်းကုန်ဝယ်လုပ်ရင်းပဲ အနာဂါမ်

www.burmeseclassic.com

www.burmeseclassic.com



တည်သွားကြတာပါ။ စိတ္တသူကြွယ်ဆိုရင် တရားဟောကောင်းလွန်းလို့ လူပုဂ္ဂိုလ်အမျိုးသားထဲမှာ ဓမ္မ ကထိက ဧတဒဂ် တောင်ရလိုက်သေးတယ်"

"ထေရိကာဆိုတဲ့ အမျိုးသမီးလေးဆိုရင်လည်း အိမ်မှုကိစ္စတွေလုပ်ရင်း အနာဂါမ်တည်သွားတာပဲ။ ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမဟာနိုင်ငံ အုပ်ချုပ်ရင်း ကြားထဲက သောတာပန်တည်ခဲ့သလို ဝေသာလီပြည်က စစ်သူကြီး သီဟဟာလည်း စစ်မက်တိုက်ခိုက်မှုတွေကို ကွပ်ကဲနေရင်း ကြားထဲက ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရပြီး သောတာပန်တည်ခဲ့တာပါ"

"ဒီလိုဆိုတော့လည်း တပည့်တော်တို့ လူဝတ်ကြောင်တွေအတွက် အားငယ် စရာမရှိတော့ပါဘူးဘုရား"

"ကာယဝိဝေကပါ ရနိုင်ရင်တော့ ပိုကောင်းတာပေါ့။ မရနိုင်ရင် လည်း စိတ္တဝိဝေကကို မရရအောင်ယူပြီး အားထုတ်ကြရမှာပေါ့။ တကယ် တော့ တရားဆိုတာ တောထဲတောင်ထဲမှာ ကျောင်းကန်ဘုရားထဲမှာ၊ ရိပ်သာထဲမှာရှိတာ မဟုတ်ပါဘူး။ ခန္ဓာမှာရှိတာပါ။ ဒါ့ကြောင့် ခန္ဓာအဖြစ်အပျက်တွေမြင်ပြီး ရှုပွားတတ်ဖို့အတွက် ဝိပဿနာတရား တွေများများနာဖို့ ဝိပဿနာစာအုပ်တွေ များများဖတ်ဖို့ အရေးကြီးတာပါ"

"ကဲဇာတ်လမ်းဆက်ရအောင် တစ်ညတော့ ဂင်္ဂါမြစ်ထဲက အော်သံကြားရလို့ အလောင်းတော်ရသေ့ဟာ ကရုဏာစိတ်ကြောင့် သွားကြည့်မိတဲ့ အခါ မြစ်ထဲမှာ သစ်တုံးတစ်တုံးနဲ့ မျောပါနေတဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့ရတယ်။ ဒါနဲ့ရေထဲက ကယ်ယူဆယ်တင်ပြီး ကျောင်း သင်္ခမ်းကို ခေါ် လာတယ်"

"အမျိုးသမီးလေးဟာ အင်မတန်ချောမောလှပြီး ဗာရာဏသီ သူဌေးကြီးရဲ့ သမီးတစ်ယောက်လည်းဖြစ်တယ်။ နာမည်က ဒုဋ္ဌကုမာရီတဲ့ သူ့ဇာတိရပ်ထံ ပြန် မပို့မိမှာပဲ။ ဒုဋ္ဌကုမာရီက ဆွဲဆောင်ဖျားယောင်းလို့ အလောင်းတော်လည်း ဈာန် လျှောပါလေရော"

"သူတို့ရသွားကြသလားဘုရား"

"မိန်းမကာစပြီး ဆွဲဆောင်မှတော့ ရကြတော့တာပေါ့။ အလောင်း

www.burmeseclassic.com



တော်လည်း ရသေ့ဘဝကထွက်ပြီး ရွာတစ်ရွာသွားပြီး သူဌေးသမီးနဲ့ ပေါင်းသင်းနေထိုင်ကြတယ်။ ရသေ့လူထွက်ဆိုတော့ ဘုန်းကြီးလူထွက်လိုပဲ ဘာမှမလုပ်တတ် မကိုင်တတ်ဆိုတော့ မယားကို ဒိန်ချဉ်ရောင်းပြီး ဆင်းရဲ ပင်ပန်းစွာ လုပ်ကျွေးရရှာတယ်"

"အိမ်ထောင်ကျသွားပြီဆိုရင် ချမ်းသာကနည်းနည်းရယ် ဆင်းရဲတွေကသာ များတာပါဘုရား။ တပည့်တော်တော့ လူ့လောကမှာလက်တွေ့မြင်နေရတာပါ။ ဒါ့ကြောင့် တပည့်တော် အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူး။ အဲဒါတစ်ချို့ကမြှောက် ပေးတယ်"

"ဘယ်လိုမြှောက်ပေးတုန်း"

"မောင်ရဲမြင့် အရွယ်ရှိတုန်းအိမ်ထောင်ပြုထား။ ဒါမှ အသက်ကြီးလာတဲ့အခါ ဆေးပေးမီးယူရှိမှာ နို့မို့ရင် တစ်ယောက်တည်း ဒုက္ခရောက်လိမ့်မယ်တဲ့"

"အဲဒါ အဆင်းမှာဘီးတပ်ပေးတဲ့စကား အကောင်းမထင်နဲ့ အိမ်ထောင်ပြုလိုက်လို့ မယားတို့သားတို့ဖြစ်လာတဲ့အခါ ဆေးပေးတာက တစ်ကြိမ်ရယ်၊ သောကအပူမီးတွေပေးတာက အကြိမ်တစ်ရာတောင် ကတာမဟုတ်ဘူး"

"အဲဒါသိပ်မှန်တဲ့စကားပါဘုရား"

"ကဲ ဇာတ်လမ်းကိုဆက်ရအောင် တစ်နေ့ကျတော့ ဓားပြ အဖွဲ့တစ်ဖွဲ့ အလောင်းတော်တို့နေတဲ့ရွာကို ဝင်ရောက်တိုက်ခိုက် လုယက် တယ်။ သူတို့ထွက်သွားတဲ့အခါ ဓားစာခံတော်တော်များများကိုလည်း ခေါ် သွားတယ်။ အဲဒီ ဓားစာခံတွေထဲမှာ ဒုဋ္ဌကုမာရီလည်းပါသွားတာပေါ့"

"တောနက်ထဲရောက်တဲ့အခါ ဓားပြခေါင်းဆောင်ဟာ ကျန်တဲ့သူတွေအားလုံးကို ပြန်လွှတ်လိုက်ပြီး အသက်လည်းငယ်၊ လှလည်းလှတဲ့ ဒုဋ္ဌကုမာရီကိုတော့ မယားအဖြစ်သိမ်းပိုက်လိုက်ပြီး ပြန်မလွှတ်တော့ဘူး။ ဒုဋ္ဌကုမာရီ ဟာရသေ့ လူထွက်နဲ့နေရစဉ်က ဆင်းရဲပင်ပန်းသလောက် ဓားပြခေါင်း ဆောင်နဲ့ ပေါင်းသင်း ရတဲ့ အခါမှာတော့ အစားအသောက်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အထည် ရွှေငွေလက်ဝတ် လက်စားကအစ ပေါမျှားကြွယ်ဝနေတော့ အပျော်ကြီးပျော် နေတာပေါ့"

"တစ်နေ့ကျတော့ အပျော်ကြီးပျော်ရာကနေ စိုးရိမ်ကြောင့်ကြမှုတစ်ခု ပေါ်လာတယ်။ အဲဒါကတော့ လင်ဟောင်းတက္ကပဏ္ဍိတက တစ်နည်းနည်းနဲ့ သူ့ကို လာခေါ် ရင်ပြန်ပြီး ဆင်းရဲစွာနေရတော့မယ်ဆိုတဲ့ ကြောင့်ကြမှုပဲ"

"အကယ်၍ တက္ကပဏ္ဍိတသာ သေသွားမယ်ဆိုရင် စာရင်းရှင်း သွားပြီ။ သူ ဘယ်တော့မှ ပြန်မဆင်းရဲတော့ဘူး။ အဲဒီအကြံနဲ့ တက္ကပဏ္ဍိတ ထံ မိမိကို လာခေါ် ဖို့ လျှို့ဝှက်စာတစ်စောင်ရေးပေးလိုက်တယ်။ စာရတော့ ရသေ့လူထွက်က ဝမ်းသာအားရ တောနက်ကြီးထဲကို မမောမပမ်း တစ် ယောက်တည်း လိုက်လာတယ်"

"တောနက်ထဲရောက်တော့ ဒုဋ္ဌကုမာရီချိန်းချက်ထားတဲ့ နေရာမှာ ဓားပြတွေ မသိအောင် ပုန်းနေရမယ်။ စာထဲရေးတဲ့အတိုင်းဆိုရင် ဒုဋ္ဌကု– မာရီက ဓားပြတွေ အလစ်မှာ သူ့ဆီထွက်လာပြီး လင်မယားနှစ်ယောက် ရွာ အရောက် ပြန်ပြေးကြဖို့ပေါ့။ ဒါပေမယ့် သူပုန်းနေတဲ့နေရာကို တကယ် ရောက်လာတာက အရက်မူးနေတဲ့ ဓားပြခေါင်းဆောင်ကြီး ဖြစ်နေတယ်"

"ဘယ်လိုဖြစ်ရတာလဲဘုရား"

"ဘာဖြစ်ရမလဲ ဒုဋ္ဌကုမာရီက တက္ကပဏ္ဍိတရောက်လာပြီဆိုတာ သိတာနဲ့ ဓားပြခေါင်းဆောင်ကို အရက်တိုက်ပြီး တက္ကပဏ္ဍိတပုန်းတဲ့ နေရာကို ညွှန်ပြလိုက်လို့ပဲ"

"ဓားပြခေါင်းဆောင်ဟာ အရက်အရှိန်၊ မိန်းမအရှိန်တွေကြောင့် အလောင်းတော် တက္ကပဏ္ဍိတကို အားရအောင်ထိုးကြိတ် ရိုက်နှက်တော့ တာပဲ။ နှိပ်စက်လို့ အားရမှသတ်ပစ်မယ်ပေါ့။ ဒုဋ္ဌကုမာရီရဲ့ လှည့်ကွက်ကို ရိပ်မိ သွားတဲ့ တက္ကပဏ္ဍိတဟာ ဓားပြခေါင်းဆောင်ကို ပြန်လှန်ခုခံခြင်း ဘာမှ မလုပ်ဘဲ အင်း...မိန်းမတွေ....မိန်းမတွေ....တယ်ဆိုးတဲ့ မိန်းမတွေပါ လားလို့သာ ညည်းတွားနေတယ်"

"တက္ကပဏ္ဍိတရဲ့ထူးခြားတဲ့ အခြင်းအရာကို တွေ့ရတော့ ဓားပြ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဟာ အံ့အားသင့်သွားပြီး ဆက်မနိုပ်စက်တော့ပဲ အကျိုး အကြောင်းကို မေးမြန်းတယ်။ ဒီအခါကျမှ တက္ကပဏ္ဍိတက သူဟာ ကာမဂုဏ် ကို ရှောင်ခွာပြီး တောထဲမှာ ရသေ့ဝတ်နဲ့ နေခဲ့ကြောင်း ဈာန် အဘိညာဉ်ကို ပါရရှိခဲ့ကြောင်း ဒုဋ္ဌကုမာရီအား မြစ်ထဲမှကယ်တင်မိရာမှ အစ အခုလို လူ့ဘဝမှာဆင်းရဲစွာ လုပ်ကိုင် စားသောက်ရကြောင်း အခု တစ်ဖန်လည်း ဒုဋ္ဌကုမာရီကိုယ်တိုင် စာရေးခေါ်ပြီး ဓားပြခေါင်းဆောင်က သတ်ခွင့် ရ အောင် ဖန်တီးပေးခဲ့ကြောင်း ရှင်းပြလိုက်တယ်"

"ဒုဋ္ဌကုမာရီရဲ့ ရက်စက်ယုတ်မာပုံကို သိရတဲ့အခါ ဓားပြခေါင်းဆောင် ကိုယ်တိုင် အမူးတွေပျောက်ပြီး ကြီးကျယ်စွာသံဝေဂရသွားတယ်။ ဒါ့ကြောင့် လည်း အလောင်းတော်တက္ကပဏ္ဍိတနဲ့လိုက်သွားပြီး ရသေ့ရဟန်းပြု လိုက် တယ်"

"ဒီဇာတ်တော်ဟာဆရာတော်တို့ ရဟန်းတွေအတွက် သခ်န်းစာ ရစရာ သိပ်ကောင်းတယ်ဘုရား"

"ဟုတ်တာပေါ့။ ဒါ့ကြောင့်လည်းရန်ကုန်မြို့က မဟာဝိသုဒ္ဓါရုံ စာသင် တိုက်ကြီးကို စတင်တည်ထောင်တော်မူခဲ့တဲ့ အရှင်ဝါသဝါဘိဝံသ ဆရာ တော်ကြီးက အခုလိုထိမိတဲ့ တေးထပ်တစ်ပုဒ်နဲ့ ရဟန်းတော်တွေ မ,ကြောင့် မပျက်စီးဖို့ သတိပေးတော်မူခဲ့တယ်"

အနာဂါမ်လောကုတ်၊
သဘောဟုတ်မရမီ၊
ပြောအလုပ်နှင့် သမဏာပီအောင်၊
မ, မသီစေနှင့်။
သင်းအတွက် ရမှုက်ခွာ၊
စက္ကဝါခြား၍ နေသင့်၊
ဝိသဘာဂအာရုံမျှော်သည်၊
ရှာပုံတော်တွေနှင့်။
ကာမဂုဏ်ညှော်လေပင့်တော့၊

www.burmeseclassic.com

www.burmeseclassic.com



လေလွင့်ရပြန်သည်၊
ဈာန်လက်ကိုင်ပုဂ္ဂိုလ်များ၊
ယုတ်ရှိပျက်ပြားများလှလေပြီ၊
ကျင့်သီလစာမရှိလို့၊
မကွာညီတည်ရစ်ဖို့၊
ပြည်ချစ်တဲ့သီလျှာ၊
သိပါစိမ့်ဌာ၊
နောင်တော်ကြီးအကိုဝါ၊
ထိုကဗျာလက်ကမ်းပေ့ါလေး။

"အဓိပ္ပါယ်လိုရင်းကတော့ ငယ်ဖြူရဟန်းတွေ လူထွက်ဘဝ မရောက်ချင်ရင် အနာဂါမ်ပုဂ္ဂိုလ်မဖြစ်မခြင်း အမျိုးသမီးတွေနဲ့ နီးကပ်စွာ မဆက်ဆံပါနဲ့တဲ့။ အမျိုးသမီးတွေနဲ့ နီးကပ်စွာဆက်ဆံရင် ပုထုဇဉ်ရဟန်းမပြောနဲ့ သောတာပန်၊ သကဒါမ်ရဟန်းတွေတောင် လူထွက်နိုင်သေးတယ်တဲ့။ အနာဂါမ်ကျမှသာ ကာမဂုဏ်ကိုပယ်သတ်ပြီးလို့ လူမထွက်နိုင်တော့ တာပါတဲ့"

"မ, နဲ့ဝေးဝေးကဆက်ဆံဆိုတဲ့နေရာမှာ စိတ်ချရအောင် စကြဝဠာကြီး တစ်ခုလောက် ခြားတဲ့အထိ ဝေးဝေးက ဆက်ဆံစေချင်တယ်တဲ့။ ဖိုဓာတ်၊ မ,ဓါတ်လို့ခေါ်တဲ့ သဘောခြင်းမတူတဲ့ ဝိသဘာဂအာရုံနှစ်ခုဟာ တစ်ခုနဲ့ တစ်ခု ထိတွေ့ယှဉ်ပါးရအောင် သဘာဝအရ အမြဲရှာဖွေနေ တတ်ကြတယ် တဲ့။ ဒါ့ကြောင့် အခု ဇာတ်တော်က တက္ကပဏ္ဍိတရသေ့တို့လို ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်တွေတောင် ဈာန်တွေလျှောကျ၊ သီလတွေ ပျက်စီးသွားကြတာ အများကြီးပါတဲ့"

"ဒါကြောင့် နောင်တော်ကြီးအရှင်ဝါသဝါဘိဝံသက ပြည်ချစ်တဲ့၊ ကျော်ကြားတဲ့ ရဟန်းညီငယ်တွေကို စာမရိုငှက်ဟာ အသက်ထက်အမြီးကို ပိုပြီး တန်ဖိုးထားသလို အသက်ထက်ရဟန်းသီလကိုပိုပြီး တန်ဖိုးထား တတ်ကြဖို့ ဒီကဗျာကို လက်ကမ်းခဲ့တာပါတဲ့"

"သိပ်ကောင်းတာပဲ ဘုရား။ တပည့်တော်ကူးယူထားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာပါရမီအခန်းကျရင်လည်း မ,နဲ့နီးအောင်နေမိတဲ့ အလောင်းတော် ဈာန်ရရသေ့ဟာ ဈာန်လျှောပြီး ကာမေသုရေယဉ်ကြောမှာ မျောရတဲ့အကြောင်းကို ဆက်ပြီးတွေ့ရဦးမယ်။ ကဲ-တက္ကပဏ္ဍိတဇာတ်တော်ကိုလည်း ရှေ့မှာ ပြောခဲ့တဲ့ သစ္စာလေးပါးနဲ့ တိုက်ကြည့်ရအောင်"

"သစ္စာလေးပါး ပထမအတွဲက လိုချင်လျှင်ဆင်းရဲသည်တဲ့။ ဟုတ်တယ်လေ၊ အလောင်းတော်ရသေ့ဟာ ဒုဋ္ဌကုမာရီကို လိုချင်တဲ့အတွက် လူထွက်ပြီး ဒိန်ချဉ် ရောင်းရတယ်။ ဒါလည်းဆင်းရဲတာပဲ။ ဟောဒုတိယအကြိမ် ဓါးပြခေါင်းဆောင်ရဲ့ ထုထောင်းရိုက်ပုတ်မှုကို ခံရတယ်။ ဒါတွေအားလုံးဟာ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာတွေဖြစ်ရတာပေါ့"

"တစ်နည်းအားဖြင့် လိုချင်လို့ ဆင်းရဲရတာပေါ့။ အမှန်ကိုလည်း မြင်သွားရော ဒုဋ္ဌကုမာရီကိုမလိုချင်တော့ဘူး။ မလိုချင်တာနဲ့ ချမ်းသာ သွားတာပါပဲ။ မလိုချင်တာက မဂ္ဂသစ္စာ၊ ချမ်းသာတာက နိရောဓသစ္စာလို့ သိနိုင်တာပေါ့"

"နောက်ဇာတ်တော်တစ်ခုကို ဆက်ပါဦးဘုရား"

"နောက်ဇာတ်တော်က ကုဒါလပဏ္ဍိတဇာတ်ပဲ။ ဒီဘ၀တုန်းက အလောင်းတော်မြတ်ဟာ တောရွာတစ်ရွာမှာ ဖူး၊ ဖရုံစတဲ့ ဟင်းသီး ဟင်းရွက်တွေကို စိုက်ပျိုးရောင်းချပြီး အသက်မွေးရတဲ့ သူဆင်းရဲ တစ်ယောက်ဖြစ်ခဲ့တယ်။ မိဘနှစ်ပါး ဆုံးသွားတဲ့အခါမှာ အိမ်ထောင်မပြုဘဲ တစ်ယောက်တည်းနေတယ်"

"တစ်နေ့ကျတော့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးရောင်းချရတာ ပင်ပန်း ဆင်းရဲလွန်းအားကြီးလို့ တစ်ခုတည်းသော ကိုယ်ပိုင်ပစ္စည်းဖြစ်တဲ့ ပေါက်တူးအို ကလေးကို လုံခြုံတဲ့နေရာမှာ သိမ်းထားခဲ့ပြီး ရသေ့ဝတ်သွားတယ်။ ကုဒါလပဏ္ဍိတဟာ ရွာအနီးရှိ တောအုပ်ကလေးထဲမှာတဲကျောင်းလေးတစ်ကျောင်း ဆောက်ပြီးနေတယ်"

"ဆွမ်းခံရင်တစ်နပ်စာလောက်ကိုတော့ အလွယ်တကူရတယ်။ ရသေ့ဘ၀ မှာ စားရေးဝတ်ရေးနေရေး ဘာမှမပူရဘူး။ ဒါပေမယ့် ကုဒါလ

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍိတဟာရသေ့ဘဝမှာ မပျော်ဘူး။ အမိုးအကာမလုံတဲ့ သူ့ရဲ့တဲအိုလေးရယ်၊သိမ်းထားတဲ့ ပေါက်တူးလေးရယ်ကို နှမြောတသဖြစ်ပြီး တစ်လမပြည့်သေးခင်မှာပဲ ရသေ့ဘဝက ထွက်သွားတယ်"

"ချမ်းချမ်းသာသာနေရတဲ့ ရသေ့ဘဝကလူထွက်လာတဲ့ ကုဒါလပဏ္ဍိတ ဟာ တစ်ဝမ်းတစ်ခါးအတွက် နေပူမိုးရွာမရှောင် အလုပ်လုပ်ရတာကို ပိုပြီးပင်ပန်း တယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် လူ့ဘဝမှာ ကြာကြာ မနေနိုင်ဘဲ ရသေ့ပြန်ဝတ်တယ်။ အဲဒီလိုနဲ့ ရသေ့ဝတ် လိုက်ပြန်ထွက်လိုက်နဲ့ ၆–ကြိမ် မြောက်သွားတယ်"

"ခုနှစ်ကြိမ်မြောက်ရသေ့ဝတ်တဲ့အခါမှာတော့ ခဏခဏငါလူထွက်နေတာဟာ ပေါက်တူးအိုလေးအားကိုးစရာရှိနေလို့ပဲ။ လုပ်ကိုင်စားဖို့ ပေါက်တူးအိုလေး မရှိရင် ငါလူထွက်ချင်မှာ မဟုတ်ဘူးလို့ စဉ်းစားမိပြီး မျက်စေ့စုံမှိတ်ကာ ဂင်္ဂါမြစ်ထဲ လွှဲပြီးပစ်ချလိုက်တယ်"

"အဲဒီလိုပစ်ချပြီးတာနဲ့ အောင်ပြီအောင်ပြီဆိုပြီး အားရကျေနပ်စွာ ကြွေး ကြော်လိုက်တယ်။ ဒီအချိန်မှာပဲ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းက နယ်စပ်တွေမှာ ထကြွသောင်းကျန်းနေတဲ့ သူပုန်များကိုတိုက်ခိုက် နှိမ်နင်း အောင်မြင်လို့ ပြန်အလာမှာ ကုဒါလပဏ္ဍိတရဲ့ ကြွေးကြော်သံကို ကြားတဲ့ အတွက် အသံရှင်ကို ခေါ် ခိုင်းပြီး သေချာမေးစစ်တယ်"

"ဘာကြောင့် အောင်ပြီလို့ဟစ်ကြွေးရတာလဲဆိုတော့ လောဘရမ္မက်ကို အောင်လို့ပါလို့ဖြေတယ်။ ပေါက်တူးလေးတစ်လက်အပေါ် မှာ စွဲလမ်း တပ်မက်မိတဲ့ လောဘရမ္မက်ကြောင့် ရသေ့ဝတ်မှ ၆–ကြိမ်တိုင်တိုင် ထွက်ခဲ့ရကြောင်း၊ ယခု ထိုလောဘရမ္မက်ကို အောင်မြင်သွားပြီဖြစ်၍ ရသေ့ ဘဝမှ ထွက်တော့မှာ မဟုတ်ကြောင်း ရှင်းပြလိုက်တဲ့အခါ ဗြဟ္မဒတ်မင်းကြီး အတွက် စဉ်းစားစရာဖြစ်သွားတယ်"

"သူပုန်သူကန်စတဲ့ အပြင်ဘက်ကရန်ကို အောင်ခြင်းထက် ကိုယ်တွင်း သန္တာန်က လောဘ၊ ဒေါသစတဲ့ကိလေသာတွေကို အောင်နိုင်ခြင်းကသာ မြင့်မြတ်သော အောင်မြင်ခြင်းဖြစ်ကြောင်း သဘောပေါက်သွားတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မဒတ် မင်းကြီးဦးဆောင်ပြီး စစ်သည်ဗိုလ်ပါအားလုံး ရသေ့ပြုကြတယ်။ ပြီးတော့ ကုဒါလပဏ္ဍိတနဲ့အတူ ဟိမဝန္တာတောထဲကို လိုက်ပါသွားကြတယ်"

"စောစောကပြောခဲ့တဲ့ သစ္စာနဲ့ပြန်တိုက်ကြည့်ရင် ကုဒါလပဏ္ဍိတဟာ ဘာမှတန်ဖိုးမရှိတဲ့ ပေါက်တူးလေးတစ်လက်အပေါ်မှာ စွဲမက်နေတယ်။ ဒါကြောင့်လည်း ၆-ကြိမ်တိုင်တိုင်လူထွက်ပြီး ပင်ပန်းဆင်းရဲတဲ့ ဒုက္ခကို ခံရတယ်။ ဒီတော့ လိုချင်လျှင် ဆင်းရဲသည် သို့မဟုတ် သမုဒယသစ္စာ ကြောင့် ဒုက္ခသစ္စာဖြစ်တယ် ဆိုတာထင်ရှားနေတာပေါ့"

"တစ်ဖန်ပေါက်တူးအပေါ် စွဲမက်မှုကို ပယ်သတ်လိုက်တာနဲ့ ရသေ့ ဘဝမှာ ချမ်းသာစွာတစ်သက်လုံး နေနိုင်သွားတယ်။ ဒါကမလိုချင်လျှင် ချမ်းသာတယ်ဆိုတဲ့ စကားနဲ့သွားကိုက်တာပေါ့။ မလိုချင်တာက မဂ္ဂသစ္စာ၊ ချမ်းသာတာက နိရောဓသစ္စာပေါ့"

"လေးခုမြောက်ပါရမီကို ဆက်ပါဦးဘုရား"

"လေးခုမြောက်ပါရမီက ပညာပါရမီပေါ့။ အလောင်းတော်ဟာ နိယတ ဗျာဒိတ်ရပြီးနောက် ဖူးတွေ့ခဲ့ရတဲ့ ၂၄ ဆူသောဘုရားရှင်တို့အနက် ကိုးဆူသော ဘုရားရှင်တို့ သာသနာမှာ ရဟန်းပြုပြီးတရား ဒေသနာများကို သင်ယူ လေ့လာ ခြင်း သူတစ်ပါးတို့အား သင်ကြားပို့ချပေးခြင်းတို့ကိုပြုပြီး ပညာပါရမီကို ဆည်းပူးခဲ့တယ်"

"ငါးရာ့ငါးဆယ်ဇာတ်တော်များစွာတို့မှာလည်း ဒိသာပါမောက္ခ ဆရာကြီး အဖြစ်နဲ့ ၁၈-ရပ်သောအတတ်ပညာတွေကို သင်ကြားပေးခြင်း ဟာ လည်း ပညာ ပါရမီကိုဆည်းပူးခြင်းပါပဲ။ အဠသာလိနီ အဠကထာ၊ နိဒါနကထာမှာ သူတစ်ပါးတို့ ပစ္စည်းဥစ္စာရရှိစေရန် မိမိဉာဏ်ပညာဖြင့် ကူညီစောင့်ရှောက်ခြင်းသည် ပညာပါရမီ၊ သူတစ်ပါးတို့ ခြေလက်စသော ကိုယ်အင်္ဂါများမပျက်စီးစေရန် မိမိ၏ ဉာဏ်ပညာဖြင့် ကူညီစောင့်ရှောက်ခြင်း သည် ပညာဉပပါရမီ၊ မိမိ၏ ဉာဏ်ပညာဖြင့် သူတစ်ပါး တို့အား အသက် ဘေးမှ ကယ်တင်နိုင်ခြင်းသည် ပညာပရမတ္ထ ပါရမီလို့ ခွဲပြထားတယ်"

"ဘုရားရှင်ဖြစ်ချင်ရင် ဒီပညာပါရမီသုံးမျိုးလုံးဖြည့်ဆည်းရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု ငါးရာ့ ငါးဆယ်ထဲက ပညာပါရမီဖြည့်ဆည်းပုံတွေကို အကျဉ်းချုံးပြီး ပြောပြမယ်။ အပဏ္ဏကဇာတ်မှာ ကန္တာရထဲနေတဲ့ဘီလူးတွေဟာ လှည်းကုန်သည်တွေကို နည်းအမျိုးမျိုးနဲ့ အစာရေစာပြတ်အောင် လုပ်ကြတယ်"

"အဓိကကတော့ ရေပေါ့။ ကန္တာရကြီးကို ရက်အတော်ကြာ ဖြတ်ရတဲ့အခါ သောက်ရေဟာ သိပ်အရေးကြီးတယ်။ အဲဒီရေပြတ်သွားရင် လူတွေဟာ အားနည်းနွမ်းရိကုန်ကြတယ်။ အဲဒီလိုအချိန်မျိုးကျမှ ဘီလူးတွေက လူတွေကို အလွယ်တကူ ဖမ်းယူစားသောက်ကြတယ်"

"တစ်ခါက လှည်းကုန်သည်ငါးရာတို့ဟာ သောက်ရေများကို ပြည့်စုံအောင်တင်ပြီး သဲကန္တာရကြီးကို ဖြတ်ကြတယ်။ သဲကန္တာရတစ်နေရာ လည်းရောက်ရော မျက်နှာချင်းဆိုင်က လှည်းတစ်စီးထွက်လာတာကို တွေ့ရတယ်။ အနားရောက်လို့ ကြည့်လိုက်တော့ လှည်းမောင်းသူဟာ ရေတွေ တစ်ကိုယ်လုံးစိုရွှဲနေတယ်"

"သူ့လှည်းပေါ် မှာ ရေအိုးကြီးတွေ သုံးလေးအိုးကို ရေအပြည့်နဲ့တွေ့ကြ တယ်။ မေးမြန်းကြည့်တဲ့အခါ ရှေ့အတော်လှမ်းလှမ်းမှာ ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေကန်ကြီးရှိကြောင်း သူသည် ထိုကန်မှ ရေများကို အဝသောက်၊ အဝချိုးပြီး လမ်းအတွက်ပါ သယ်လာခဲ့ကြောင်း ထို့ကြောင့် လှည်းကုန်သည် ငါးရာ၏ လှည်းပေါ် မှ ရေများကို နွားများရှန်းရ သက်သာအောင် သွန်ပစ်သင့်ကြောင်း ရေကန်ကြီးရောက်မှ လိုသလောက်ရေကို ရယူနိုင်ကြောင်း ပြောဆိုပါတယ်"

"ပညာမဲ့တဲ့ ကုန်သည်ခေါင်းဆောင်ဟာ အဲဒီလူရဲ့စကားကို အကြွင်းမဲ့ ယုံကြည်သွားပြီး လှည်းငါးရာပေါ် မှာတင်လာတဲ့ ရေအိုးကြီးတွေထဲက ရေတွေကို ကန္တာရထဲ အားလုံးသွန်ပစ်ကြတယ်။ နောက်ရေကန်ကြီး ရှိတယ်ဆိုတဲ့နေရာကို အမြန် မောင်းကြတာပေါ့။ နာရီတွေသာ အများကြီး ကြာသွားတယ်။ ဘာရေကန်မှ သူတို့မတွေ့ကြဘူး"

"ရေမသောက်ရတော့ လူတွေရော၊ နွားတွေရော နွမ်းရိပျော့ခွေကုန်တယ်။ ရှေ့ဆက် မသွားနိုင်တော့ဘဲ သဲကန္တာရကြီးထဲမှာ ပိုးလိုး ပက်လက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြတယ်။ အဲဒီအချိန်မှာ ဘီလူးတွေရောက်လာပြီး လှည်းကုန်သည် ငါးရာရော၊ နွားတွေကိုပါ စားသောက်ပစ်ကြတယ်။ အဲဒီ နေရာဟာ လူရိုးနွားရိုး ဖွေးဖွေးလှုပ်ဖြစ်သွား တာပေါ့"

"ရေကန်ကြီးရှိတဲ့အကြောင်း လိမ်ပြောလာသူဟာ ဘီလူးတစ်ကောင်သာ ဖြစ်တယ်။ ကုန်သည်ခေါင်းဆောင်ဟာ ပညာဉာဏ်မရှိတော့ ဘီလူးလှည့်ပတ်တာကို ခံရပြီး အားလုံးသေကြရတာပေါ့။ နောက်တစ်ကြိမ်ကျတော့ အလောင်းတော်ဦးဆောင်တဲ့ ကုန်သည် လှည်းသားငါးရာ ဒီသဲကန္တာရကြီးကို ဖြတ်ရပြန်တယ်"

"ဒီအခါမှာလည်း အရင်ဘီလူးပဲ လူယောင်ဖန်ဆင်းပြီး လိမ်ပြန်တယ်။ ရေကန်ကြီးရှိတဲ့အကြောင်း ယုံအောင်ပြောပြီးလို့ ဘီလူးရဲ့လှည်းထွက်သွားတာနဲ့ နောက်လိုက်ကုန်သည်တွေဟာ သောက်ရေတွေကို သွန်ပစ်ဖို့ပြင်ဆင်ကြတယ်။ ဒီအခါမှာ အလောင်းတော်က ကျွန်ုပ် ဒီကန္တာရကို အရင်ကလည်း ဖြတ်သွားဖူးတယ်။ အဲဒီရေကန်မျိုးရှိတယ်ဆိုတာ တစ်ခါမှ မကြားဖူးပါဘူး"

"ပြီးတော့လာပြောတဲ့သူဟာ လူသားစင်စစ်မဖြစ်နိုင်ဘူး။ မျက်တောင်မခတ်တာရယ်၊ အရိပ်မထွက်တာရယ်၊ ဖနောင့်တိုတာရယ် ဒီအချက် သုံးချက်က သူဟာ ဘီလူးက လူယောင်ဖန်ဆင်းထား ခြင်းဖြစ်ကြောင်း ပြောပြနေတယ်။ ရှေ့ခရီး တော်တော်ပေါက်သွားရင် ကျွန်ုပ်စကားမှန်ကြောင်း သက်သေသာဓကတွေကို တွေ့ရလိမ့်မယ်လို့ပြောပြီး သတိဝီရိယနဲ့လှည်းကို ဆက်မောင်းလာကြတယ်။ နာရီ အနည်းငယ်လည်း ခရီးပေါက်ပြီးရော သူတို့အရင်သွားနှင့်ကြတဲ့ လှည်းကုန်သည် ငါးရာနဲ့ နွားတွေရဲ့အရိုးတွေကို ဖွေးဖွေးလှုပ်နေအောင်တွေ့ကြရမှ အတွေးအခေါ် ဉာဏ်ပညာထက်မြက်လှတဲ့ အလောင်းတော်ကို ချီးမွမ်းအံ့သြကြတယ်"

"ဝဏ္ဏုပထဇာတ်မှာလည်း လှည်းကုန်သည်ငါးရာဟာ သောက်ရေပြတ်သွားလို့ သေမဲ့အချိန်ကို နွမ်းရိချိနဲ့စွာ စောင့်နေကြရတယ်။ သောက်ရေပြတ်သွားရခြင်းအကြောင်းကတော့ သဲကန္တာရလည်းဖြတ်အပြီး သောက်ရေ

www.burmeseclassic.com

www.burmeseclassic.com



လည်းအကုန်ဆိုပြီး ရေကိုအတိအကျတိုင်းတာပြီး ယူခဲ့ကြတယ်။ သဲကန္တာရ ဆိုတော့ အင်မတန် ပူလောင်တယ်၊ နေ့ခင်းဆိုရင် သွားလို့မရဘူး၊ နား နေကြရ တယ်"

"ညမှပဲ ခရီးဆက်ကြလေ့ရှိတယ်။ ဒီတစ်ညမောင်းပြီး မနက်မိုးလင်း တာနဲ့ သဲကန္တာရကိုလွန်ပြီး မြို့ရွာတွေကိုရောက်ပြီဆိုတာ အားလုံးသိနေကြ တယ်။ ဒါ့ကြောင့် အဲဒီညမှာ ရေကိုချွေတာမနေကြတော့ဘဲ အကုန်သောက် သုံးပစ်လိုက်ကြတယ်။ ဒါပေမယ့် မိုးလင်းလို့ကြည့်လိုက်တဲ့အခါ လှည်းတပ် ကြီးဟာ သဲကန္တာရထဲပြန်ရောက်နေတာကို အံ့သြထိတ်လန့်ဖွယ်ရာ တွေ့ကြ ရတယ်"

"ဖြစ်ရပုံက ရှေ့ဆုံးကသွားတဲ့နွားလှည်းဟာ သဲကန္တာရဆုံးခါနီးမှ မျက်စေ့ လည်ပြီး သဲကန္တာရထဲကို ပြန်လှည့်သွားမိတယ်။ လှည်းမောင်းသူ အားလုံးဟာ အိပ်ပျော်နေကြတော့ ဒီလိုနွားတွေလမ်းမှားသွားတာကို ဘယ်သူမှ မသိလိုက် ကြဘူး။ နေပူလာပြီဆိုတော ရေကလည်း ပိုငတ်လာကြ တယ်။ ဒီအချိန်မှာ အလောင်းတော်ကုန်သည် ခေါင်းဆောင်ဟာ လှည်းတပ် ချထားတဲ့ ပတ်ဝန်းကျင် ကိုလျှောက်ပြီး လေ့လာတဲ့အခါ ထူးထူးခြားခြား မြက်အတော် များများ ပေါက်နေတဲ့နေရာ တစ်နေရာကို တွေ့သွားတယ်"

"သူ့အောက်မှာ ရေရှိလို့သာ ဒီမြက်ပင်တွေပေါက်စွမ်းနိုင်တာ ဖြစ်ရ မယ်လို့ တွေးဆပြီး အဲဒီနေရာကို ရေတွင်းတူးခိုင်းတယ်။ အားကြိုးမာန် တက်ဝိုင်းတူး လိုက်ကြတာ ခဏအတွင်းမှာပဲ တွင်းကြီးဟာ တော်တော် နက် သွားတယ်။ ဒါပေမယ့် အားပျက်စရာကောင်းသွားတာက တွင်းအဆုံးမှာ ကျောက်ဖျာတစ်ချပ် ခံနေတာပဲ"

"အားလုံး စိတ်ပျက်ပြီး ခြေပစ်လက်ပစ် ဖြစ်ကုန်ကြတဲ့အခါ အလောင်း တော်ဟာ တွင်းအောက်ဆုံးထိ ဆင်းကြည့်ပြီး ကျောက်ဖျာမှာ နားရွက်ကပ်ပြီး နားထောင်ကြည့်တဲ့အခါ ကျောက်ဖျာအောက်က ရေစီး သံကိုကြားရတယ်။ ဒါ့ကြောင့် ကျောက်ဖျာကို သံတူကြီးတွေနဲ့ ရိုက်ခွဲလိုက် တဲ့အခါ ထန်းပင်လုံး ပမာဏရှိတဲ့ ရေတွေဟာ မြေပေါ် ရောက်အောင် ပန်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတယ်။ အလောင်းတော်ဟာ သူ့ရဲ့ပညာစွမ်းနဲ့ လူငါးရာ၊ နွားတစ်ထောင်တို့ရဲ့ အသက်ကို ဒုတိယအကြိမ်မြောက် ကယ်တင်ပေးနိုင်ခဲ့တယ်"

"ဒီဇာတ်တော်နှစ်ခုကိုကြည့်ပြီး အတွေးအခေါ် တစ်ခုကို စဉ်းစားမိတယ်ဘုရား။ နိုင်ငံရေးမှာဖြစ်စေ၊ ဘာသာရေးမှာဖြစ်စေ ခေါင်းဆောင်လုပ်သူတွေဟာ ငယ်သားတွေအပေါ် ချစ်တတ်ရုံမေတ္တာ၊ သနားတတ်ရုံကရုဏာနဲ့တင် မလုံလောက်သေးဘူးဘုရား၊ ငယ်သားတွေ အန္တရာယ်ကင်းအောင်၊ ဘေးရှင်းအောင်၊ ချမ်းသာရောက်အောင် တွေးခေါ် မျှော်မြင်နိုင်တဲ့ ပညာဉာဏ်လည်း ရှိဖို့လိုတယ် ဆိုတာပါပဲ ဘုရား"

"ဘာ့ကြောင့်ဒီလိုပြောရသလဲဆိုတော့ ပထမလှည်းကုန်သည် ခေါင်းဆောင်ဟာ ငယ်သားတွေအပေါ် သနားတဲ့ကရုဏာနဲ့ချစ်ခင်တဲ့ မေတ္တာတော့ရှိတာပဲ ဘုရား။ ဒါပေမယ့် တွေးခေါ် မျှော်မြင်တဲ့ပညာမရှိတော့ ငယ်သားတွေကို ဘီလူး စားခံရမယ့် ဘေးကနေကယ်တင်မပေးနိုင် တော့ဘူးပေါ့ဘုရား"

"သိပ်မှန်တာပေါ့ ဒကာလေး၊ စကားစပ်မိတုန်း နိုင်ငံရေးခေါင်းဆောင် အချို့ မေတ္တာ၊ ကရုဏာရှိသော်လည်း ပညာမရှိမှုကြောင့် တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေ အချည်းနှီးဆုံးရှုံးသွားရတဲ့ဖြစ်ရပ်တစ်ခုကို ပြောပြဦးမယ်"

"မှန်ပါ ပြောပြပါဦးဘုရား"

"၁၉၇၄–ခုနှစ်က နိုင်ဂျီးရီးယားအစိုးရဖွံ့ဖြိုးရေးစီမံကိန်းကြီးတစ်ခုအတွက် ဘိလပ်မြေတန်သန်းနှစ်ဆယ်ကို နိုင်ငံခြားကနေ မှာယူတယ်။ ဘိလပ်မြေတန် သန်း ၂၀ သယ်ယူလာတဲ့သင်္ဘောတွေဟာ နိုင်ဂျီးရီးယားနိုင်ငံ၊ လာဂိုးသင်္ဘော ဆိပ်မှာ ဆိုက်ကပ်တယ်"

"ဘိလပ်မြေတွေ သင်္ဘောပေါ်က စချတဲ့အချိန်ကျမှပဲ နိုင်ဂျီးရီးယားအစိုးရ က သူတို့ရဲ့အမှားကြီးကို မြင်မိကြတယ်"

"ဘယ်လိုမှားတာလဲဆိုတော့ လာဂိုးသင်္ဘောဆိပ်ဟာ တစ်ရက်မှ ဘိလပ်မြေ တန်နှစ်ထောင်ပဲ သင်္ဘောပေါ်ကချနိုင်တယ်။ ဒါ့ကြောင့် တန်သန်းနှစ်ဆယ်ရှိတဲ့ ဘိလပ်မြေတွေ သင်္ဘောပေါ်ကနေ ကုန်းပေါ်ရောက်ဖို့ အတွက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း ၂၇–နှစ်တိတိ ကြာမယ်။ ဒီလောက်ကြာမှတော့ ဘိလပ်မြေတွေ ဟာခဲပြီး ပျက်စီးကုန် ပြီပေါ့"

"ဒီအချိန်က သူတို့ဝယ်လိုက်တဲ့ဘိလပ်မြေရဲ့ပမာဏဟာ ကမ္ဘာ့ ထုတ်လုပ်မှုရဲ့ သုံးပုံတစ်ပုံရှိသတဲ့။ ဒီအချက်ကိုထောက်ပြီး နိုင်ငံရေး ခေါင်းဆောင်တွေမှာလည်း ပြည်သူပြည်သားတွေကို ချစ်တတ်ရုံ၊ သနား တတ်ရုံနဲ့ မပြီးသေးဘူး။ တွေးခေါ် မြော်မြင်တတ်တဲ့ ပညာပါ လိုအပ်တယ်ဆိုတာ ထင်ရှားတာပေါ့"

မိမိတို့ရဲ့ဘဝသံသရာ တစ်လျှောက်ကို တာဝန်ယူမယ့်ဘာသာရေး ခေါင်းဆောင် (ဘုရား) ဆိုရင် ပိုပြီးရွေးချယ်ကိုးကွယ်သင့်တာပေါ့။ ဗုဒ္ဓကိုယ်တိုင်ကလည်း ပိဋကတ်ပါဠိတော်နေရာတိုင်းမှာ –

"ယထာဘူတာယသတ္ထာ ပရိယေသိတဗ္ဗာ = အမြင်မှန်ကို ရခြင်းငှာ ဆရာကောင်းကို ရှာဖွေအပ်၏" ဆိုတဲ့တရားတော်ကို အကြိမ်ပေါင်း ၁၇၉၂–ကြိမ်တိတိ မှာကြားတော်မူခဲ့တယ်။

ဒါ့ကြောင့် မြန်မာစကားပုံနယ်ပယ်မှာ "ကုန်ရှုံးတော့တစ်ခေါက်၊ လင်ကုန် ရှုံးတော့ တစ်သက်လုံးမှောက်၊ ဆရာကုန်ရှုံးတော့ တစ်သံသရာလုံး မှောက်" လို့ ရှိနေတာပေါ့"

"ဘာသာအယူဝါဒရွေးနည်းကိုတော့ ကေသမုတ္တသုတ်မှာ သေချာ ဖတ်လိုက် ရပါပြီဘုရား။ ဆရာကောင်းရွေးနည်း၊ တစ်နည်း၊ ဘာသာရေး ခေါင်းဆောင်ရွေး နည်းကိုရော ဗုဒ္ဓဟောထားတာမရှိဘူးလားဘုရား"

"ရှိတာပေါ့၊ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ်မှာဟောထားတယ်။ ဒါကိုမှတ် လို့လွယ်အောင် မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်မှာ –

"ရှိသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊
လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊
ဓမ္မနက်နဲ၊ ဟောနိုင်မြဲ၍၊
ကျိုးနည်းမတန်း၊ ခုနစ်ခန်းနှင့်၊
ပြည့်လျှမ်းညီညာ၊ ဤဆရာ၊

www.burmeseclassic.com

www.burmeseclassic.com



ဖွေရှာတပည့်ခံ" ဆိုပြီး ရေးစပ်တော်မူခဲ့တယ်။ ခုပြောခဲ့တဲ့အင်္ဂါ ၇-ချက် နဲ့ညီတဲ့ ဆရာကို တစ်သံသရာလုံးရဲ့ ဘာသာရေးခေါင်းဆောင် အဖြစ် ဆည်းကပ်ကိုးကွယ်ပါတဲ့"

"ဒါသိပ်အရေးကြီးတဲ့အချက်ပဲဘုရား။ ဆရာတော်တစ်ချက်စီ အကျယ်ရှင်းတော့မှာဆိုရင် ခဏနေပါဦးဘုရား၊ တပည့်တော်မှတ်စုထဲမှာ တစ်ခါတည်း ရေးထည့်ထားချင်ပါတယ်"

ထိုသို့ပြောပြီး သူသည်ကာအုပ်နှင့်ဘောလ်ပင်ကို အသင့်ပြင်၏။ သူ အသင့် ဖြစ်မှ စာရေးသူက ဘာသာရေးခေါင်းဆောင်၌ ရှိရမည့် အင်္ဂါ ၇-ချက်ကို တစ်ချက်စီ ရှင်းပြရ၏။

### ဘာသာရေးခေါင်းဆောင်ကောင်း၏ အင်္ဂါ ၇ ချက်

"ဘာသာရေးခေါင်းဆောင်ကောင်းမှာရှိရမယ့်အင်္ဂါ ၇-ချက်က-

၁။ ရိုသေထိုက်တဲ့ဂုဏ်ရှိရမယ်။

၂။ ချီးမွမ်းထိုက်တဲ့ဂုဏ်ရှိရမယ်။

၃။ ချစ်ခင်ထိုက်တဲ့ဂုဏ်ရှိရမယ်။

၄။ တပည့်ဖြစ်သူလွဲမှားနေရင် ပြုပြင်ဆုံးမနိုင်ရမယ်။

၅။ တပည့်ဖြစ်သူမသိ၍ မေးလာသမျှကို ဖြေဆိုနိုင်ရမယ်။

၆။ နက်နဲတဲ့သစ္စာတရားကို ဟောကြားနိုင်ရမယ်။

၇။ ကောင်းကျိုးရမယ့်နေရာကို ညွှန်ပြနိုင်စွမ်းရှိရမယ်။

ဒီခုနစ်ချက်ပဲ"

"၁၊ ၂၊ ၃ အင်္ဂါတွေအရ ရိုသေထိုက်တဲ့ ဂုဏ်၊ ချစ်ခင်ထိုက်တဲ့ဂုဏ်၊ ချီးမွမ်းထိုက်တဲ့ဂုဏ်ဆိုတာ ဘာတွေလဲဘုရား"

"သဂ်ဟတရားလေးပါးနဲ့သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး ပြည့်စုံတဲ့သူဟာ ရိုသေထိုက်၊ ချစ်ခင်ထိုက်၊ ချီးမွမ်းထိုက်တဲ့ဂုဏ်ရှိသူပါပဲ။ သင်္ဂဟ တရားလေးပါးက-

အတ္ထစရိတာ = မိမိအပါအဝင်တပည့်တွေရဲ့ ကောင်းကျိုးကို အမြဲ ကျင့်ဆောင်နေသူဖြစ်ရမယ်။ ပရဟိတ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ် အပြည့်ရှိရမယ်လို့ ဆိုရမှာပေါ့။

သမာနတ္ထတာ = တပည့်တွေအပေါ် မာနမထားဘဲ တစ်တန်းစား တည်းအနေမျိုး ဆက်ဆံနိုင်သူဖြစ်ရမယ်။ ထောင်လွှားတဲ့ မာန်မာနကင်းသူ ဖြစ်ရမယ်လို့ ဆိုလိုတာပါပဲ။

ဒါန = ပေးကမ်းစွန့်ကြဲမှုရှိသူဖြစ်ရမယ်။ အမှန်ကတော့ လောဘကိလေသာကင်းတဲ့သူ ဖြစ်ရမယ်လို့ ဆိုလိုတာပါပဲ။ လူတစ်ယောက် လောဘနည်းတယ်၊ များတယ်ဆိုတာ သိချင်ရင် အဲဒီလူ ဒါနပြု၊ မပြုကိုကြည့်ရင် သိတာပဲ။ ဒါနပြုသူ ဟာ လောဘကင်းလို့ပဲ၊ ဒါန မပြုသူဟာ လောဘကိလေသာများလို့ပဲ။

ပေယျဝဇ္ဇ = ချစ်ခင်နှစ်လိုဖွယ်စကားရှိရမယ်။ ဒေါသကင်းပြီး မေတ္တာဓာတ်အပြည့်ရှိရမယ်လို့ ဆိုလိုတာပါပဲ။ မေတ္တာဆိုတာ အကောင်အထည်မဟုတ်တော့ ရှာဖွေ စမ်းသပ်လို့မရနိုင်ပါဘူး။ ဒါ့ကြောင့် ဆရာဖြစ်သူ တရားဟောတဲ့အခါ စကားသံမှာ မေတ္တာဓာတ် ပါ, မပါကို နှလုံးသားနဲ့ ခံစားနားထောင်ကြည့်ရင် သိနိုင်ပါတယ်။

သီလ = သီလဆိုတာကတော့ ကိုယ်နဲ့လည်း ဒုစရိုက်မှုကို မပြုကျင့်ရသလို နှုတ်နဲ့လည်း ဒုစရိုက်စကားတွေကို မပြောတဲ့သူဖြစ်ရမယ်။

သမာဓိ = သမာဓိဆိုတာ ပညာရှိသူတော်ကောင်း အမည်ခံထားတဲ့ ဘာသာရေး ခေါင်းဆောင်ဟာ ကိုယ်နဲ့နှုတ်မှာတင် ဒုစရိုက်ကင်းရုံနဲ့ မလုံ

www.burmeseclassic.com

www.burmeseclassic.com



လောက်သေးပါဘူး။ စိတ်မှာလည်း ကိလေသာကင်းအောင် ဘာဝနာတစ်ခုခု အမြဲပွားပြီး တည်ကြည်သူဖြစ်ရပါမယ်။

ပညာ = သီလစောင့်ရင် ကိလေသာတွေဟာ တဒင်္ဂပဟာန် ခဏပဲ ငြိမ်းပါတယ်။ သမထဘာဝနာ တစ် ခုခုပွားပြီး သမာဓိနဲ့ တည်ကြည် နေမယ်ဆိုရင် ကိလေသာတွေဟာ ဝိက္ခမ္ဘန ပဟာန် ခပ်ကြာကြာ ငြိမ်းနေမယ်။ ဆရာကောင်းဆိုတာ အဲဒီ လောက်နဲ့လည်း မလုံ လောက်သေးပါဘူး။ လေးမဂ်လေးဖိုလ် ရအောင် အားထုတ်ပြီး ကိလေသာအားလုံး သမုစ္ဆေဒပ–ဟာန်နဲ့ အမြစ်ပြတ် ပယ်သတ်ပြီး သူ ဖြစ်ရပါဦးမယ်။

ဒီအင်္ဂါ ၇–ချက်နဲ့ပြည့်စုံသူသည်သာ ရိုသေထိုက်တဲ့ဂုဏ်၊ ချစ်ခင်ထိုက်တဲ့ဂုဏ်၊ ချီးမွမ်းထိုက်တဲ့ဂုဏ်ရှိသူဖြစ်ပါတယ်"

"သိပ်တန်ဖိုးကြီးပါတယ်ဘုရား၊ များသောအားဖြင့် ဘာသာခြားများ ဗုဒ္ဓစာပေကို လေ့လာရာမှာ ကေသမုတ္တသုတ္တန်ကိုသာ အသိများကြ တယ်ဘုရား၊ ကေသမုတ္တသုတ်က ဘာသာအယူဝါဒရွေးတဲ့နည်းဖြစ်ပြီး အခု ဆရာတော် ပြောတဲ့ သုတ်က ဘာသာရေးဆရာကောင်းကိုရွေးတဲ့ နည်းလို့ ဆိုသင့်တာပေါ့ဘုရား။ ဒီသုတ်နာမည်ကို ဘယ်လိုခေါ် သလဲဘုရား"

"ကလျာဏမိတ္တသုတ်လို့ခေါ် တယ်"

"မှန်ပါ၊ တပည့်တော်သေချာမှတ်ထားမယ်ဘုရား"

"အဆိပ်သီးပင်ကြီးတစ်ပင်ကို အသီးတွေ ဝေဆာစွာနဲ့တွေ့ထားတဲ့ ခေါင်းဆောင်ကြီး တစ်ယောက်ဟာ သူ့ရဲ့ယဲသားတွေကိုစားကောင်း တယ်ထင်တဲ့အတွက် ခူးပြီးကျွေးမိတယ်။ ဒီတော့ ယဲသားတွေအားလုံး အဆိပ်မိပြီး သေကုန်တာပေါ့။ ဒီဥပမာအတိုင်းပဲ ဘာသာရေးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တစ်ယောက်ဟာ သူကောင်းမယ် ထင်တဲ့ ကျင့်စဉ်တွေကို သူ့သာဝက တွေကို ဟောကြားပေးတယ်" ကျင့်စဉ်တွေဟာ လောဘ၊ ဒေါသကိလေသာ ပွားကြောင်း၊ အပါယ်လားကြောင်း ဖြစ်တာကို သူမသိဘူး။ ဒီတော့ သူ့ကိုယုံပြီး ကျင့်ကြံတဲ့ သာဝကတွေဟာ လောဘ၊ ဒေါသတွေ တိုးပွားပြီး အပါယ်ကျကုန်တာပေါ့"

"အဆိပ်သီးတွေကိုကျွေးတဲ့ သူဟာ သူ့တပည့် တွေကို စားစေချင်တဲ့ မေတ္တာစေတနာနဲ့ ကျွေးတာပဲ။ အဆိပ်သီး ဟုတ်, မဟုတ် ခွဲခြားသိနိုင်တဲ့ ပညာမပါတော့ သူကျွေးတာကို စားတဲ့သူမှန်သမျှ သေကြရမှာချည်းပဲ"

"စားစေချင်တဲ့ မေတ္တာစေတနာတစ်ခုကြောင့် မစားကောင်းတဲ့ အဆိပ် သီးဟာ စားကောင်းတဲ့သြဇာသီးတစ်လုံးဖြစ်မသွားနိုင်သလို ဒုစရိုက် အကု သိုလ်အလုပ်တွေကို သုစရိုက်အလုပ်တွေပါလို့ မေတ္တာစေတနာ နဲ့ဘယ်လိုပဲ ဟောခဲ့ဟောခဲ့ ဒုစရိုက် အကုသိုလ် အလုပ်တွေဟာ သုစရိုက် ကုသိုလ် အလုပ်တွေ ဘယ်လိုမှ ဖြစ်မလာနိုင်ပါဘူး"

"ဒုစရိုက်နဲ့ သုစရိုက်ကိုတောင် ခွဲခြားမသိနိုင်လောက်အောင် ပညာ ကင်းမဲ့သူ ဘာသာရေးခေါင်းဆောင်ရဲ့စကားကို နာယူပြီး မကောင်းမှု ဒုစရိုက်မှုတွေကို ကျင့်သုံးမိလို့ကတော့ အပါယ်ကျမှာ အမှန်ပါပဲ၊ ဒါ့ကြောင့် လယ်တီဆရာတော်က–

နဖူးစွန်းနှင့် ဒူးပွန်းခံကာ၊
ကိုးကွယ်ပါလည်း၊ ဆရာလွဲက၊
ငရဲအပါယ်၊ အမြစ်တွယ်၊
ဝဋ်နွယ်ရှည်လျားရာ
လို့စပ်ဆိုသတိပေးတော်မူခဲ့တာပါ"။

"ဒီအတွေးအခေါ် တွေဟာ ဘယ်ဘာသာဝင်မဆို သိထားသင့်တဲ့ အတွေးအခေါ် တွေပါဘုရား"

"ကဲ – ပညာပါရမီဖြည့်ဆည်းပုံနဲ့ပတ်သက်တဲ့ ဇာတ်တော်တစ်ခု အကြောင်းကိုတော့ နောက်နေ့မှဆက်ကြရအောင် ဒီနေ့တော့မှိုချုပ်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒကာလေးအိမ်က မျှော်နေလိမ့်မယ်။ ပြန်လိုက်ပါဦး"

"မှန်ပါ၊ တပည့်တော်နှစ်များစွာက သိချင်တဲ့အချက်တွေကို အခုလို မေတ္တာ စေတနာအပြည့်နဲ့ အချိန်ယူပြီးရှင်းပြတဲ့အတွက် ဆရာတော်ကို အလွန် ကျေးဇူးတင်ပါတယ်။ ဒီကျေးဇူးတရားတွေဟာ အာမိသပစ္စည်း ဝတ္ထုနဲ့ ကျေးဇူးဆပ်ရုံနဲ့ မကျေနိုင်ပါဘူးဘုရား၊ ဓမ္မနဲ့ကျေးဇူးဆပ်မှသာ ကျေမယ်ဆိုတာ တပည့်တော် အလိုလိုသဘောပေါက်လာပါတယ်ဘုရား။ နက်ဖြန်ကျ တပည့်တော် အိပ်ယာလိပ်ပါယူပြီး လာခဲ့ပါ့မယ်"

"မြတ်စွာဘုရားဟောကြားခဲ့သလို တပည့်တော်ဆရာကောင်းကို ရှာနေတာ ကြာပါပြီ အခုမှတွေ့ရတာပါ။ ဒီစက္ကူချပ်ထဲမှာတော့ လူတွေ အတွက် အကျိုးရှိမယ့် စာပိုဒ်လေးတွေ တပည့်တော်ရေးထားတာပါ။ ဆရာတော်ကို လှူခဲ့ပါ့မယ်။ အများအတွက် အကျိုးရှိမယ်လို့ သုံးသပ်မိရင် ကျောင်းလူမြင်သာမယ့်နေရာမှာ ချိတ်ထားပေးပါဘုရား"

"သာဓုသာဓုသာဓု ဒကာလေး ဘေးရန်ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ၊ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပါစေ"

"ဆရာတော်ပေးတဲ့ဆုနဲ့ ပြည့်ပါစေဘုရား"

ဒကာလေးသည် သူ့လက်ထဲမှ စက္ကူချပ်ကြီးကို စာရေးသူ အား ကပ်လှူပြီးသည်နှင့် သူတစ်သက်လုံးက မပြုလုပ်ခဲ့သော၊ ဤကျောင်းပေါ် တက်လာစ အချိန်ကပင် မပြုလုပ်ခဲ့သော အံ့ဩဖွယ်ရာအလုပ် တစ်ခုကို ပြုလုပ်ပြီး ကျောင်းပေါ် မှ ရိုကျိုးစွာဆင်းသွား၏။ ထိုအလုပ်ကား ဗုဒ္ဓရုပ်ပွား နှင့်စာရေးသူအား ရိုသေစွာ ဦးသုံးကြိမ်ချသွားခြင်းပါတည်း။ နှုတ်က သရဏဂုံမဆောက်တည်သေးသော်လည်း ကိုယ်နှင့်စိတ်က သရဏဂုံကို ခံယူ ဆောက်တည်သော ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သွားလေပြီတည်း။

အခန်း –၆– ပြီး၏။

www.burmeseclassic.com



## ကမ္ဘာ့ပညာရှင်များ၏ ဗုဒ္ဓဘာသာအပေါ် အမြင်

### မူဝါဒဖြင့်နေရသော ဘဝ

ဗုဒ္ဓဘာသာသည် စည်းမျဉ်းဥပဒေဖြင့် နေထိုင်ရသောဘဝမဟုတ်၊ မူဝါဒ ဖြင့်နေထိုင်ရသောဘဝဖြစ်၏။ အကျိုးဆက်အားဖြင့် သည်းခံရေး ဘာသာတရား တစ်ခုဖြစ်၏။ ယင်းသည် နေမင်းကြီးအောက်ရှိ စိတ်ကောင်း စေတနာအရှိဆုံး စနစ်တစ်ခု ဖြစ်ပါသည်။

(ခရစ်ယာန်ဘုန်းတော်ကြီး ဂျိုးဇက်ဝိန်း)

### အမြင့်မြတ်ဆုံးလူသား

သင်သည် အကယ်၍ အမြင့်မြတ်ဆုံးလူသားတစ်ယောက်ကို တွေ့မြင်လိုပါက သူဖုန်းစားတို့ အဝတ်သင်္ကန်းကို ဝတ်ရုံဆင်မြန်းထားသော (သာကီဝင်မင်းသား) ဘုရင်တစ်ပါးကိုကြည့်လိုက်ပါ။ သူ၏ ကြည်ညို လေးစားဖွယ် စင်ကြယ်သန့်ရှင်းမှုသည် လူ့လောကတွင် ကြီးမြတ်လှပါ ပေ၏။

(မူဆလင်ကဗျာဆရာ–အပ္ပဒူလ်အတာဟီယ)

### မြတ်ဗုဒ္ဓ၏ ပဋိသေဓဝိဿဇ္ဇနာ

ဥပမာအားဖြင့်ဆိုရသော် အီလက်ထရွန်၏ အနေအထားသည် တစ်မျိုး တစ်စားတည်းလောဟု မေးလာခဲ့သော် မဟုတ်ဟု ဆိုရပါမည်။ အီလက်ထရွန်၏ အနေအထားသည် အချိန်နှင့်အတူ ပြောင်းလဲနေပါသလောဟု မေးလာခဲ့သော် မဟုတ်ဟုဆိုရပါမည်။ ယင်းသည် လှုပ်ရှားနေသည့်အခြေ အနေမှာ ရှိနေပါသလောဟု မေးလာခဲ့သော် မဟုတ်ဟု ဆိုရပါမည်။ သေသည့်နောက်ကာလရှိ အတ္တ၏ အခြေအနေနှင့် ပတ်သက်၍ အမေးခံလာရ သည့်အခါ အထက်ပါ အဖြေမျိုးကို ဗုဒ္ဓက ပေးတော်မူခဲ့၏။ သို့သော် ယင်းအဖြေမျိုးသည် ဆယ့်ခုနစ်၊ ဆယ့်ရှစ်ရာစုနှစ် သိပ္ပံပညာ၏ အစဉ်အလာနှင့် ယဉ်ပါးခြင်းမရှိသေးပါချေ။

(ဂျေရောဘတ်အိုပင်ဟိုးမား)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

### ဘာသာကူးပြောင်းဖို့မဟုတ်၊ စိတ်ထားဖြူစင်ဖို့သာဖြစ်၏

နောက်တစ်နေ့ရောက်သောအခါတွင်မှ မနေ့ကဒကာလေးပေးခဲ့သော ဂျပ် စက္ကူလိပ်ကြီးကိုဖြန့်ကြည့်လိုက်ရာ အောက်ပါစာပိုဒ်များကို နှစ်လိုဖွယ် ရာ တွေ့ရ၏။

* မေတ္တာအလင်းတောက်ပခြင်းဟာ
ကမ္ဘာ့မိသားစုကြီးတစ်ခုလုံး
ထာဝစဉ်အားထားမြတ်နိုးရမည့်
လျှို့ဝှက်ကယ်တင်ရှင်ဖြစ်ပေမယ့်

* မေတ္တာတရားခေါင်းပါးမှုနတ်ဆိုးက
ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
ယနေ့ မျက်ရည်နှင့်သွေးများ
စနစ်တကျဖန်တီးပေးနေတယ်

* သစ္စာအလင်းပျံ့နှံ့ခြင်းဟာ
ကမ္ဘာ့မိသားစုတစ်ခုလုံးအတွက်
ထာဝစဉ်ဆောင်ရွက်ရမယ့်
လျှို့ဝှက်အင်အားဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



* သစ္စာတရားခေါင်းပါးမှုနတ်ဆိုးက
ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
ယနေ့ သဘာဝဘေးအန္တရာယ်ဆိုးများ
စနစ်တကျဆောင်ကြဉ်းပေးနေတယ်

* မေတ္တာသစ္စာရောင်ခြည်တို့သည်သာ
ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
ငြိမ်းချမ်းရေးနိဗ္ဗာန်ဘုံများ
ဖန်ဆင်းပေးနိုင်ပေမယ့်

* စစ်ဆိုတဲ့ စစ်ပွဲဆင်နွှဲမှုတွေက
ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
ကြေကွဲဖွယ်ငရဲခန်းများ
စနစ်တကျ ဖန်တီးပေးနေတယ်။

(မောင်ရဲမြင့်)

သူရေးသောစာကို ဖတ်ကြည့်သောအခါမှပင် သူ့တွင်ရှိနေသည့် မေတ္တာ၊ သစ္စာဟူသော သူတော်ကောင်းဓာတ်ကို တွေ့ရသလို သူ့နာမည် ကိုလည်း သိလိုက်ရ၏။ ကမ္ဘာကြီးတစ်ခုလုံးကို သစ္စာရောင်ခြည်များ လင်းလက်စေချင်ပြီး မေတ္တာ အေးဓာတ်များ လွှမ်းခြုံစေချင်သည့် သူ၏ သာသနာပြု စိတ်ဓာတ်ကိုလည်း လေးစားမိ၏။

သူ့စာကိုဖတ်ပြီး သူ့အကြောင်းတွေးနေစဉ်မှာပင် မောင်ရဲမြင့် တစ်ယောက် အိပ်ရာလိပ်ကြီးထမ်းကာ ကျောင်းပေါ် တက်လာလေပြီ။ အိပ်ယာလိပ်ကို ချပြီးသည်နှင့် ဗုဒ္ဓရုပ်ပွားကို ထိခြင်းငါးပါးနှင့်ညီစွာ ဦးချ၏။ ထိခြင်းငါးပါးကား –

၁။ ခြေဖြင့် ကြမ်းပြင်ကိုထိခြင်း၊
၂။ ဒူးဖြင့် ကြမ်းပြင်ကိုထိခြင်း၊
၃။ တတောင်ဖြင့် ကြမ်းပြင်ကိုထိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၄။ လက်ဖြင့် ကြမ်းပြင်ကိုထိခြင်း၊

၅။ နဖူးဖြင့် ကြမ်းပြင်ကိုထိခြင်း၊

တို့ပင်ဖြစ်၏။ ထို့ပြင် လက်အုပ်မိုးဆိုသည့်အတိုင်း လက်အုပ်ကို ကြာဖူး ပုံ သဏ္ဍာန် ချီထားသည်ကိုလည်း တွေ့ရ၏။ မနေ့ကမှ ဗုဒ္ဓဘာသာ ဖြစ်သွား သော မောင်ရဲမြင့်က လက်အုပ်ချီပုံအစ ထိခြင်းငါးပါးအဆုံး ပြည့်စုံစွာဖြင့် ဦးချတတ်သည်ကို ကြည်ညိုဖွယ်ရာ တွေ့ရှိရသလို အသက် ခြောက်ဆယ် ကျော်ပြီဖြစ်သော်လည်း ထိခြင်းနှစ်ပါးနှင့်သာ ဦးချသော အဖိုးကြီး တစ်ယောက်ကိုလည်း တောရွာတစ်ရွာတွင် တွေ့ခဲ့ဖူး၏။

သူဦးချပုံကား ဆောင့်ကြောင့်ထိုင်လိုက်ပြီး လက်ဝါးနှစ်ဖက်ကိုသာ ကြမ်း ပေါ်သို့ချပြီး ရှိခိုးခြင်းဖြစ်၏။ ထို့ကြောင့် သူ၏ခြေနှင့်လက်သာ ကြမ်းပြင်ကိုထိပြီး ဒူး၊ တတောင်၊ နဖူးတို့ဖြင့် ကြမ်းပြင်ကိုမထိသောကြောင့် ထိခြင်းငါးပါး မပြည့်စုံသဖြင့် ရှိခိုးရာ မရောက်တော့ပါ။ ထို့ကြောင့် ဂါရဝ နိဝါတကုသိုလ်များလည်း ပြည့်စုံစွာ ရမည်မဟုတ်တော့ပေ။ ထိုအချိန် က စာရေးသူသည် စာသင်သားဘဝသာ ရှိသေးသောကြောင့် ထိုလူကြီးကို လူကြားထဲတွင် ထုတ်ဖော်ဆုံးမခြင်း မပြုရဲခဲ့ပေ။

မောင်ရဲမြင့်သည် စာရေးသူကိုလည်း ထိခြင်းငါးပါးနှင့်အညီ ဦးချပြီး သင့်တော်ရာ၌ထိုင်ကာ နှုတ်ခွန်းဆက်၏။

"ဆရာတော် နေထိုင်လို့ကောင်းပါရဲ့လားဘုရား"

"ကောင်းပါတယ် ဒကာလေး"

"တပည့်တော်ပေးခဲ့တဲ့စာကို ဖတ်ပြီးပြီလားဘုရား၊ သဘောရောကျ ရဲ့လား ဘုရား"

"ဖတ်လည်းပြီးပါပြီ၊ သဘောလည်းကျပါတယ်၊ စိတ်ကောင်းရှိမှ စာကောင်းထွက်တယ်ဆိုတဲ့စကားအတိုင်း ဒကာလေးရဲ့ လောကကို ကောင်းစားစေချင်တဲ့ စိတ်ကြောင့် ဒီလိုစာကောင်းမျိုး ထွက်လာတာပဲ၊ ဒကာလေးရဲ့မေတ္တာစာတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ မေတ္တာအစွမ်း အံ့မခန်း ဆိုတဲ့စာအုပ် ရေးဖြစ်တဲ့အခါ ဒီစာပိုဒ်တွေကို ထည့်သုံးပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဘုရား၊ ဆရာတော်ရေးတဲ့စာအုပ် ပိုကောင်းသွားအောင် မေတ္တာနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို တပည့်တော်လည်း ကူရှာပေးမယ်ဘုရား"

(မှတ်ချက်)။ ။ယခုထုတ်ဝေထားသော 'မေတ္တာအစွမ်းအံ့မခန်း' စာအုပ်တွင် မောင်ရဲမြင့်၏ ကဗျာနှင့် သူရှာပေးသော မေတ္တာအတွေးအခေါ် များ များစွာပါရှိပါသည်။

"မောင်ရဲမြင့်ရဲ့ကဗျာလေးကို ဖတ်ကြည့်ပြီးတော့ အတွေးအခေါ် တစ်ခု ရလာတယ်"

"ဘယ်လိုအတွေးအခေါ် လဲဘုရား"

"မောင်ရဲမြင့်က ကမ္ဘာလောကသားတွေအားလုံး မုသားတွေ ရှောင်ကြဉ်ပြီး အမှန်တွေချည်း ပြောစေချင်တယ်၊ ဒေါသတွေကင်းဝေးပြီး မေတ္တာစိတ်တွေ လွှမ်းခြုံစေချင်တယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မေတ္တာသမားတစ်ယောက်ဖြစ်လာတယ်ဆိုတာ ဒေါသကင်းလို့ပဲ၊ ဒေါသ ကင်းသူဖြစ်ဖို့အတွက် သီလရှိဖို့လိုတယ်၊ လိမ်ညာမပြောဘဲ အမှန်ကို ပြောတယ် ဆိုတာလည်း သီလတရားပဲ၊ အချုပ်ကတော့ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေကင်းမှ မေတ္တာသမားတွေ၊ သစ္စာ သမားတွေ ဖြစ်လာနိုင်တယ် ဆိုတာပဲ"

"ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ် ဖြစ်ရတာတွေဟာ အပေါ် ယံ အနေနဲ့ကြည့်မယ်ဆိုရင် စီးပွားရေးဈေးကွက်လုလို့၊ နယ်ချဲ့လို့၊ အမျိုးသားရေး စိတ်ဓာတ် ပြင်းထန်လို့၊ ဒါလောက်ပဲ မြင်ရ မယ်၊ ဒါလောက်မြင်ရုံနဲ့ ဒီစစ်ဘေးတွေကို တားဆီးဖို့နည်းလမ်းကို တွေ့မှာမဟုတ်ဘူး"

"နက်နက်နဲနဲနှိုက်ကြည့်လိုက်မယ်ဆိုရင် ဈေးကွက်လုတာ၊ နယ်ချဲ့တာ၊ အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်တယ်ဆိုတာ လောဘဓာတ်ကြောင့်ပဲ၊ စစ်ပွဲတွေ၊ တိုက်ခိုက် သတ်ဖြတ်ကြတာဟာ ဒေါသဓာတ်ကြောင့်ပဲ၊ ဒီလောဘနဲ့ ဒေါသဟာလည်း သစ္စာလေးပါး အမှန်တရားကိုမသိမှုမောဟ

www.burmeseclassic.com

www.burmeseclassic.com



ခေတ်(အဝိဇ္ဇာ) ကြောင့်ပဲ"

"ဒါဆိုရင် မောင်ရဲမြင့် သဘောပေါက်လောက်ပြီ၊ လောကမှာ စစ်ပွဲကြီးတွေမဖြစ်စေချင်ရင် မေတ္တာတရားနဲ့ သစ္စာတရားတွေ လွှမ်းခြုံ သွားစေချင်ရင် လူသားအားလုံးရဲ့ သန္တာန်မှာရှိတဲ့ ကိလေသာတရားတွေကို ကုန်ခန်းအောင်လုပ်ဖို့ပဲရှိတယ်၊ ဗုဒ္ဓ ပွင့်တော် မူလာတယ်ဆိုတာလည်း အဲဒီလောဘစတဲ့ ကိလေသာ တွေ ၁၁-ဘုံသားတွေရဲ့သန္တာန်မှာ ကုန်ခန်းသွားဖို့၊ အိုနာသေဆိုတဲ့ ဆင်းရဲကလွတ်ဖို့အတွက်ပဲဖြစ်တယ်"

"အခု ဦးပဥ္စင်း မောင်ရဲမြင့်ကို မေတ္တာအပြည့်နဲ့ပြောပြပေးနေ တာဟာလည်း မောင်ရဲမြင့်အနေနဲ့ ဗုဒ္ဓဘာသာကို ကူးပြောင်းလာဖို့ မဟုတ်ဘူး၊ ကိလေသာတွေ ကင်းစင်ပြီး စိတ်ထားဖြူစင်စေဖို့အတွက်သာ ဖြစ်တယ်၊ ဒီတရားတွေ သိသွားလို့ မောင်ရဲမြင့်သန္တာန်မှာရှိတဲ့ ကိလေသာတွေ ထိုက်သလောက် ကုန်သွားမယ်၊ လျော့သွားမယ်ဆိုရင် မောင်ရဲမြင့် ကိုယ်တိုင်အရင်ဆုံး ချမ်းသာမယ်"

"မောင်ရဲမြင့်ဆီကတစ်ဆင့် တခြားသူတစ်ယောက် သိသွားဦးမယ်ဆိုရင် အဲဒီတခြားသူလည်း ကိလေသာတွေကွာပြီး ချမ်းသာကြဦးမှာပဲ၊ နောက်ဆုံး တစ်ကမ္ဘာလုံးကလူတွေ ဒီတရားတွေသိသွားလို့ ကိလေသာ တွေကုန်ခန်းသွားကြရင် တစ်ကမ္ဘာလုံး ချမ်းသာကြမှာပါ။ အရင်နေ့ကလိုချင်လျှင် ဆင်းရဲသည်၊ မလိုချင်လျှင် ချမ်းသာသည်ဆိုတဲ့ သစ္စာလေးပါးအကြောင်းရှင်းပြတော့ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်တယ်လို့ မပြောခဲ့ဘူးလား"

"ပြောခဲ့ပါတယ်ဘုရား"

"အဲဒီတုန်းက သမုဒယသစ္စာအရ တဏှာကိုကောက်လို့ ပြောခဲ့ တာကပဓာနနည်းအရ အဓိကအကျဆုံးကိုပြောခဲ့တာသာဖြစ်တယ်၊ တကယ်တော့တဏှာမှတစ်ပါး တခြားကိလေသာကိုးပါးလည်း ဘဝ အသစ်ဒုက္ခကိုဖြစ်စေလို့ သမုဒယသစ္စာ ထိုက်ကြတာချည်းပဲ"

"အဘိဓမ္မာဝိဘင်းပါဠိတော်မှာ သမုဒယသစ္စာ ၅-မျိုးကို ယခုလို

www.burmeseclassic.com



ဟောကြား ထားတယ်"။

သမုဒယသစ္စာ ငါးမျိုး

၁။ တဏှာသည် သမုဒယသစ္စာ

၂။ တဏှာမှတစ်ပါး ကျန်ကိလေသာ ၉–ပါးသည်လည်းကောင်း

၃။ ကိလေသာကိုးပါးမှ ကျန်အကုသိုလ်များသည်လည်းကောင်း

၄။ ကုသိုလ်မူလသုံးပါးသည်လည်းကောင်း

၅။ မူလသုံးပါးမှတစ်ပါး ကျန်သော လောကီကုသိုလ်များသည် လည်းကောင်း သမုဒယသစ္စာပဲဖြစ်တယ်တဲ့။ ဒါ့ကြောင့် အဲဒီ သမု ဒယ သစ္စာထိုက်တဲ့ လိုချင်မှုနဲ့တကွ ကျန်ကိလေသာတွေ အားလုံးမရှိမှ တကယ့် ချမ်းသာကို ရကြမှာလို့ မောင်ရဲမြင့် သဘောပေါက်စေချင်တယ်"

"သဘောပေါက်ပါတယ်ဘုရား၊ တပည့်တော်ကို ဘာသာပြောင်း လာဖို့ ဒီတရားတွေဟောပေးနေတာမဟုတ်ဘူး၊ ကိလေသာတွေစင်ကြယ်ပြီး စိတ်ထား ဖြူစင်ဖို့သာဖြစ်တယ်ဆိုတဲ့ ဆရာတော်ရဲ့စကားကို တပည့်တော် သိပ်သဘောကျတယ်ဘုရား"

"တကယ်တော့ ဒီစကားကို ဦးပဉ္ဇင်းက သုံးဦးမြောက်အနေနဲ့ ပြော တာပါ၊ ဦးပဉ္ဇင်းရှေ့ကနှစ်ဦးက အရင်ပြောပြီးကြပါပြီ။"

"ဩော် – ဟုတ်လား၊ ဘယ်သူတွေလဲဘုရား"

"ပထမဦးဆုံးတစ်ဦးက ဘုရားရှင်ကိုယ်တိုင်ပါ၊ တစ်ခါတော့ ဘုရား ရှင်ဟာ တခြားဘာသာရေး ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ နိဂြောဓ ပရိဗိုဇ် ထံကြွပြီး အခုလို မေတ္တာစေတနာအပြည့်နဲ့ ရိုးသား ပွင့်လင်းစွာ ပြောခဲ့ ပါတယ် –

"နိဂြောဓ၊ ရိုးရိုးသားသား ကြိုးကြိုးစားစားလည်း အားထုတ် ပြီး မှုယာမာယာလည်းမများတတ်သူ မည်သူမဆို ငါ့ဆီသို့ လာရောက်ပါစေ၊ ထိုသူတို့အား ငါဘုရားညွှန်ကြား ပြသချက် အတိုင်း လိုက်နာကျင့် သုံးအံ့ များမကြာမီမှာပင် သူသည်တရား ထူးရရှိလာပါမည်။ နိဂြောဓ–ငါသည် သင်တို့ကို တရားဟောပြ သည်မှာ သင်တို့ကို ငါ့တပည့်ခံ စေလိုသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ သင်တို့၏ ဆရာသခင်များ၊ ကုသိုလ်ရေးလုပ်ငန်းများနှင့် ကျမ်းဂန်စာပေများကို စွန့်ပယ်စေလိုသည့်အတွက်မဟုတ်။ အဟုတ်အမှန် အားဖြင့်မူ သင်တို့၏စိတ်ချေးညှော် ကိလေသာများဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ တို့ကို စွန့်ပယ်စေလို သည့်အတွက်သာ ငါဘုရား တရားဟောပြတော်မူခြင်း ဖြစ်၏။" (ဒီဃနိကာယ်၊ ပါထိကဝဂ္ဂပါဠိတော်၊ ဥဒုမ္ဗရိကသုတ်)

ဒါက ဘုရားရှင်ကိုယ်တိုင် ပြောကြားခဲ့တဲ့စကားပါ။ ဒီ ဘုရားရှင်ရဲ့ စကားတော်ကို နည်းမှီပြီး ကမ္ဘာ့ကမ္ဘာ့ဒဿနပြဆရာကြီးတစ်ဦးဖြစ်တဲ့ ဂုရုကြီး ဂိုအင်ကာကတော့ ဒီလိုပြောတယ်။

"ဘာသာရေးအဖွဲ့ အစည်းတစ်ခုမှ လူတစ်ယောက်ယောက်ကို အခြား ဘာသာတစ်ခုခုသို့ ကူးပြောင်းစေဖို့ ကျွန်ုပ် အလိုမရှိပါ၊ မည်သည့် ဘာသာ ရေးအဖွဲ့ အစည်းတစ်ခုခုကိုမျှ စိတ်မဝင်စားပါ၊ ကျွန်ုပ် စိတ်ဝင်စားသည်မှာ ဓမ္မ၊ တရား၊ သစ္စာတရားအသိဉာဏ် ပွင့်လင်းပြီး သူတို့၏ သွန်သင်ညွှန်ကြား ချက် အဆိုအမိန့်များသာ ဖြစ်ပေ၏။ အကယ်၍များ ကူးပြောင်းမှု တစ်ခုခု ရှိလေပြားအံ့၊ ယင်းသည် အတိဒုက္ခရောက်ခြင်းမှ ချမ်းသာသုခ ခံစားရခြင်း၊ ညစ်ညူးခြင်းမှ စင်ကြယ်သန့်ရှင်းခြင်း၊ အချုပ်အနှောင်မှလွတ်လပ်ခြင်း၊ မသိမှုမောဟ အဝိဇ္ဇာမှ သိမှုအမောဟ ဝိဇ္ဇာသို့ ကူးပြောင်း ခြင်းသာ ဖြစ်သင့် ၏"တဲ့။

"သိပ်ကောင်းတယ်ဘုရား၊ ဆရာတော်ဆီကိုလာရတာ တပည့်တော် အတွက် အလွန်တန်ဖိုးရှိသွားပြီ၊ တစ်ထိုင်တည်းနဲ့ လောကီ၊ လောကုတ္တရာ ဗဟုသုတအစုံကို ရသွားတယ်၊ ဒါ့ကြောင့် ဆရာကြီးဇော်ဂျီက ပြောခဲ့တာ နေမှာ"

"ဘယ်လိုပြောခဲ့တာတဲ့လဲ"

"ဆရာကြီးဇော်ဂျီက လူငယ်တွေကို အမြန်ဆုံးနဲ့ အများဆုံး ဗဟုသုတ ပညာကိုယူတဲ့နည်းတစ်ခုကို ပေးခဲ့တယ်ဘုရား၊ အဲဒီနည်းကတော့ စာပေ ဗဟုသုတ ရှိတဲ့လူရဲ့စကားကို ဦးစားပေးပြီးနားထောင်ပါ၊ ထိုသူမျိုးနဲ့ မတွေ့ တဲ့အခါမှ စာဖတ်ပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲဆိုတော့ စာဖတ်ရင် စာအုပ်တစ်အုပ်ထဲက ဗဟုသုတ တစ်မျိုးကိုပဲရမယ်၊ စာပေဗဟုသုတရှိသူရဲ့စကားကို နားထောင်ရင် သူဖတ်ထားတဲ့ စာအုပ်၊ စာစောင်ပေါင်းများစွာထဲက ဗဟုသုတတွေကို တစ်ထိုင်တည်းနဲ့ အများကြီး ရသွားမယ်တဲ့။ သိပ်မှန်တဲ့စကားပဲ ဘုရား အခုတပည့်တော်လည်း စာပေ ဗဟုသုတ ရှိတဲ့ဆရာတော်ရဲ့ စကားတွေကို နားထောင်တော့ ဘာသာရေး ဗဟုသုတ၊ နိုင်ငံရေးဗဟုသုတ တစ်ထိုင် တည်းနဲ့ ရသွားတာပေါ့ဘုရား"

"အေးဟုတ်တယ်။ ဆရာကြီးရဲ့စကားလည်း မှတ်သားဖို့ ကောင်းတာပဲ။ ကဲစကားစလေးဆက်ရအောင် ဗုဒ္ဓကိုယ်တိုင်က ကိလေသာ ကုန်ခန်းရေးကို ဦးတည်ပြီး ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်လုပ်ငန်း တွေကို ချပေးခဲ့ပေမယ့် ဗုဒ္ဓဘာသာဝင်အများစုဟာ ဗုဒ္ဓရဲ့ရည်ရွယ်ချက်ကို ညာဏ်မလိုက်နိုင်လို့မသိကြဘူး"

"ခုခေတ် ဗုဒ္ဓဘာသာအများစုကို ဒါနဘာ့ကြောင့်ပြုရတာလဲလို့ မေးခဲ့ရင် နောက်ဘဝချမ်းသာအောင်ပြုတာလို့ပဲ ဖြေလိမ့်မယ်။ သီလဘာကြောင့် စောင့်တာလဲဆိုရင် အသက်ရှည်အောင် စောင့်တာလို့ပဲ ဖြေလိမ့်မယ်။ ဘာဝနာဘာ့ကြောင့် ပွားတာလဲဆိုရင် စိတ်ညစ်စရာတွေ ပျောက်အောင် ပွားတာလို့ပဲ ဖြေလိမ့်မယ်။ ဗုဒ္ဓထားခဲ့တဲ့ ရည်ရွယ်ချက်ရောက်အောင် ဖြေနိုင်မယ့်သူ သိပ်ရှိမယ်မထင်ဘူး"

"ခုခေတ် ဗုဒ္ဓဘာသာအများစုရဲ့အဖြစ်က နားပင်းတဲ့လူပျိုကြီး တစ်ယောက် လူနာမေးသွားတာနဲ့တူတယ်"

"ဘယ်လိုတူတာလဲ ဘုရား"

"တစ်ခါတော့ သူတစ်ပါးပြောတဲ့စကားသံကို လုံးဝမကြားတော့တဲ့ အထိ နားပင်းနေတဲ့ လူပျိုကြီးတစ်ယောက်ရှိတယ်။ တစ်နေ့ သူရဲ့ မိတ်ဆွေတစ်ယောက် နာမကျန်းဖြစ်နေတယ်ကြားလို့ လူနာမေးသွားတယ်။ ငါလူနာမေးသွားတာတော့ ဟုတ်ပါရဲ့၊ ငါက မေးလိုက်လို့ သူကပြန်ဖြေတဲ့ အခါ သူပြန်ဖြေတဲ့အသံကို မကြားရတော့ ပြန်မမေးတတ်ရင် လူကြားထဲ

www.burmeseclassic.com

www.burmeseclassic.com



အရှက်ကွဲလိမ့်မယ်"

"လူနာမေးတယ်ဆိုတာ အနည်းဆုံးသုံးကြိမ်လောက်တော့ မေးကြ ဖြေကြမှ ကောင်းတယ်။ ဒီတော့ သူပြန်ဖြေတဲ့ အသံကိုမကြားရလည်း ကြားရတဲ့ပုံစံနဲ့ ငါက ဆက်မေးဖို့ အမေးအဖြေတွေကို ခုကတည်းက စဉ်းစားသွားရမယ်ဆိုပြီး လမ်းကတည်းက စဉ်းစားသွားသတဲ့"

"ငါက ပထမဆုံး သူငယ်ချင်း ရောဂါသက်သာတယ်မဟုတ်လား လို့မေး လိုက်မယ်။ သူကသက်သာပါတယ်လို့ ဖြေလိုက်ရင် ငါက ဒါဆိုရင် ဝမ်းသာပါတယ်ကွာလို့ ပြောလိုက်မယ်"

"မင်း ဘယ်ဆရာရဲ့ဆေးတွေစားနေသလဲလို့ မေးလိုက်မယ်။ သူက ဘယ်ဆရာရဲ့ ဆေးကိုစားနေပါတယ်လို့ ဖြေလိမ့်မယ်။ ဒီအခါ ငါက ဆက်သာစား အဲဒီဆေးဟာသိပ်ကောင်းတယ်လို့ ပြောလိုက်မယ်"

"နောက်ဆုံးမေးခွန်းကျတော့ မင်း–ဘယ်ဆရာနဲ့ကုနေတုန်းလို့ မေးလိုက်မယ်။ သူက ဘယ်ဆရာနဲ့ကုနေပါတယ်လို့ ဖြေလိမ့်မယ်။ ဒီအခါ ငါက မကြားသော်လည်း ကြားချင်ယောင်ဆောင်ပြီး အဲဒီဆရာကြီး သိပ် ကောင်းတယ် ဆက်သာကုဆိုပြီး အားပေးလိုက်မယ်။ ဒီမေးခွန်းသုံးခု လောက်ဆိုရင် ထပြန်လာလို့ကောင်းပါပြီဆိုပြီး အမေးအဖြေတွေ စည်းဝါး တိုက်ပြီး လူနာအိမ်ပေါ် တက်သွားတယ်"

"အိမ်ပေါ် ရောက်တော့ လူနာက အခြေအနေသိပ်မကောင်းတော့ ဘူး။ နေ့လား၊ ညလားဆိုတဲ့ အခြေအနေဖြစ်နေတယ်။ လူပျို့ကြီးကတော့ သူဆင်လာတဲ့ အမေးသုံးခု၊ အဖြေသုံးခုကို အစဉ်ကျအောင် အာရုံစိုက်နေ ရတာနဲ့ လူနာအခြေအနေကို သတိမထားနိုင်တော့ဘူး"

"ရောက်တာနဲ့ ပထမမေးခွန်းကို မေးလိုက်တယ်"

သူငယ်ချင်း ရောဂါသက်သာတယ်မဟုတ်လားဆိုတော့ လူနာက ဖြေတယ်။ ငါတော့ ဒီတောင်ကကျော်မယ် မထင်တော့ပါဘူးကွာတဲ့။ ဒီအခါ လူပျို့ကြီးက ဒါဆိုရင် ဝမ်းသာပါတယ်ကွာတဲ့၊ လူနာရော လူနာရှင်တွေ ရောဟာ လူပျို့ကြီးကို မကျေနပ်တဲ့အကြည့်နဲ့ ဝိုင်းကြည့်ကြတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"လူပျိုကြီးကတော့ ဂရုမစိုက်ပါဘူး။ သူ့ရဲ့ ဒုတိယမြောက်မေးခွန်းကို ဆက် မေးတယ်"

"မင်း ဘယ်ဆရာရဲ့ဆေးတွေကို စားနေသလဲ။ မိတ်ဆွေလူနာက စိတ်ဆိုးနေ ပြီဆိုတော့ ရွဲ့ပြီးဖြေလိုက်တယ်။ အဆိပ်ဆေးတွေစားနေတယ်တဲ့။ လူပျိုကြီး ပြန်ပြောတာက –

ဆက်သာစား အဲဒီဆေးဟာသိပ်ကောင်းတယ်တဲ့။ ဘေးက လူနာရှင်တွေက လက်သီးပြင်သူကပြင်ကုန်ပြီ။ လူပျိုကြီးကတော့ ဘာမှသတိမထားနိုင်ဘူး။ သူ့ရဲ့ တတိယမြောက်မေးခွန်းကို ဆက်မေးတယ်။ မင်း–ဘယ်ဆရာနဲ့ ကုနေတုန်းဆိုတော့ လူနာက စိတ်ဆိုးမာန်ဆိုးနဲ့ သေမင်းနဲ့ ကုနေတယ်ဟေ့လို့ အော်ဖြေပြီး ဒေါသကြောင့် သွေးတိုးတက်ကာ သတိလစ်သွားတယ်။"

"ဒါကိုလူပျိုကြီးသတိမထားဘဲ ပြောလိုက်တာက အဲဒီဆရာကြီး သိပ်ကောင်းတယ် ဆက်သာကုတဲ့။ သူ့စကားလည်းဆုံးရော လူနာရှင် အားလုံးက ဝိုင်းရိုက်လို့ လူပျိုကြီး လွတ်အောင် မနည်းထွက်ပြေးခဲ့ရသတဲ့"

"ဟားဟား ဟားဟား ဟုတ်ပါတယ်ဘုရား၊ လောကမှာ အဲဒီလို အပေါက် အလမ်းမတည့်တဲ့သူတွေ ရှိတတ်ပါတယ်ဘုရား"

"ခုခေတ် ဗုဒ္ဓဘာသာအများစုဟာ အဲဒီလူပျိုကြီးလိုပဲ၊ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို လုပ်သာလုပ်နေကြတာ ဗုဒ္ဓရဲ့ ရည်ရွယ်ချက်ကို သိတဲ့လူက အင်မတန်နည်းပါးတယ်"

"တကယ်တော့ ဒါနပြု ခိုင်းတာဟာ လောဘဦးဆောင်တဲ့ ကိလေသာတွေကုန်ဖို့ပါ၊ သီလ စောင့်ခိုင်းတာဟာ ဒေါသဦးဆောင်တဲ့ ကိလေသာတွေ ကုန်ဖို့ပါ"

"ဘာဝနာပွားခိုင်းတာဟာ မောဟဦးဆောင်တဲ့ ကိလေသာ တွေကုန်ဖို့ပါ။ ဒီအချက်တွေမသိတော့ လိုတဲ့နေရာကျမလှူချင်ပဲ မလိုတော့တဲ့ နေရာကျ ဇွတ်လှူချင်ကြတယ်။ ကျောင်းတိုက် အစ်တိုက်မှာ လက်တွေ့ တွေ့ခဲ့ရတယ်။ အဲဒီကျောင်းတိုက်တည်

www.burmeseclassic.com



ထောင်တော့ ဘုရားခန်းနဲ့ ဘုရား ရုပ်ပွားကို လှူမယ့်သူတွေများ လွန်းနေလို့ မဲဖောက်ပြီး လှူခွင့်ပေးရတယ်"

"ဟော–သံဃာတွေသုံးမယ့် ကုဋီကျတော့ လှူမယ့်သူမရှိလို့ သံဃာတွေမှာ ကျောင်းကြီးပြီးတာတောင် ဓနိမိုးထရံကာ ကုဋီလေးမှာပဲ ဖြစ်သလို တက်ကြရတယ်။ ဘုရားခန်း ဒကာ၊ ဘုရားဒကာသာ အမည်ခံချင်ကြတာ အိမ်သာဒကာ၊ ကုဋီဒကာလို့ အမည်မခံချင်ကြဘူးလေ"

"ဒီလို ဘာ့ကြောင့်ဖြစ်ရသလဲဆိုရင် ဒါနပြုတာဟာ လောဘဦးဆောင်တဲ့ ကိလေသာတွေသေဖို့ပါလားဆိုတဲ့ ဗုဒ္ဓရဲ့ရည်ရွယ်ချက်ကို မသိခဲ့လို့ပဲ"

BURMESE CLASSIC

"လှူတယ်ဆိုတာ အလှူခံရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာပဲ။ ဒါ့ကြောင့် အလှူခံပုဂ္ဂိုလ်လိုတာကိုပဲ လှူသင့်တယ်။ ရောဝတီတိုင်း၊ မော်ကျွန်းမြို့နယ်၊ ကျွန်းခယ်မရွာကျောင်းဆရာတော်ဆိုရင် သူ့ရွာနဲ့တကွ အနီးအနားကရွာတွေက လူငယ်တွေဟာ ခေတ်ပညာသိပ်မတတ်ကြဘူး။ ဘွဲ့ရဆိုတာ မရှိသလောက်ပါပဲတဲ့၊ ဘာ့ကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ နီးနီးနားနားသွားတက်နိုင်တဲ့ အထက်တန်း ကျောင်းမရှိလို့ပဲ"

"မော်ကျွန်းမြို့ပေါ်က အထက်တန်းကျောင်းတွေကို သွားတက်ဖို့ကျတော့ လည်း သွားရေးလာရေးက မလွယ်ဘူး။ ရေလမ်းတစ်ခုပဲရှိတယ်။ ဒါ့ကြောင့် ကျွန်းခယ်မဆရာတော်က ရလာတဲ့လာဘ်လာဘလေးတွေစုဆောင်းပြီး ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်းကြီးတည်ထောင်လိုက်တယ်"

"ဒီရွာမှာ ဘာသာခြား သာသနာပြုအဖွဲ့ကြီးတစ်ဖွဲ့လည်းရှိတယ်။ ဒါ့ကြောင့် အတန်းပညာအပြင် ဘာသာယဉ်ကျေးမှုတွေပါ သင်ပေးတော့ ဆရာတော်မှာ ကျောင်းဆောင်တွေဆောက်ရ၊ ဆရာ၊ ဆရာမတွေ လခပေးငှားရနဲ့ ဆယ်သိန်း လောက် အကြွေးတင်နေရှာတယ်"

"လိုနေတဲ့ဆယ်သိန်းကို ဘယ်သူမှ လာမလှူကြဘူးလားဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မလျှုကြဘူး၊ အနီးအနားက တောသူတောင်သားတွေကျတော့လည်း မလျှုနိုင်လို့ မလျှုကြဘူး၊ အဝေးက လျှုနိုင်တဲ့ အခြားသူတွေကျတော့လည်း အဲဒီလို နေရာမှာ မလျှုကြဘူး"

"ဘာဖြစ်လို့မလျှုကြတာလဲ ဘုရား"

"နာမည်ကြီးခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းမရှိလို့တဲ့"

"ဒါဆိုရင် ဘယ်လိုနေရာ သွားလျှုကြသလဲဘုရား"

"ဘုရားဒကာ၊ ဘုရားအမအဖြစ် နာမည်ကျော်ကြားမယ့်နေရာတွေမှာတော့ သွားလျှုကြတယ်" အဲဒီလိုကောင်းကျိုးရဖို့။ နာမည်ကျော်ကြားဖို့ မျှော်လင့်ချက်နဲ့ လျှုတဲ့ဒါနမျိုးဟာ ပါရမီမထိုက်ဘူး။ သာသနာပ ဒါနလို့ ခေါ်တယ်။ ဒီအကြောင်းကို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ရတနာ့ဂုဏ်ရည်ကျမ်းစာနှာ-၃၀၅ မှာ အခုလိုရေးသားခဲ့တယ်။

"ပါရမီဟူသည် မြင့်မြတ်သူတို့၏ နိဗ္ဗာန်ကို ရည်မှန်း၍ လျှုဒါန်းမှု၊ သီလ ဆောက်တည်မှု စသည်တို့သာတည်း။ လောကီစည်းစိမ်ချမ်းသာကို ရည်မှန်း၍ လျှုဒါန်းမှုစသည်တို့ကို ပါရမီဟုမဆိုထိုက်"တဲ့ နိဗ္ဗာန်ကို ရည်မှန်း၍ဆိုတာ ကိလေသာကုန်ဖို့ ရည်ရွယ်မှန်း၍လို့ ပြောလိုခြင်းပဲ၊ ဘာကြောင့်လဲဆိုတော့ ကိလေသာတွေကုန်သွားတာကိုပဲ နိဗ္ဗာန်လို့ဆိုရတာကိုး၊ ဘုရားတည်တာ ဝါသနာပါတဲ့၊ ဘုရားတည်တဲ့နေရာမှာသာ လျှုချင်တဲ့ ဗုဒ္ဓဘာသာတွေအတွက် ဘုရားတည် နည်းနှစ်မျိုး စပ်မိတုန်း ရှင်းပြခဲ့ဦးမယ်။ မောင်ရဲမြင့်လည်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူဆိုတော့ ဒီအကြောင်းတွေကို သေချာသိထားသင့်တယ်"

"တပည့်တော် ဗုဒ္ဓဘာသာဖြစ်နေပါပြီဘုရား။ တကယ့်ဗုဒ္ဓဘာသာစစ်စစ်တစ်ယောက် ဖြစ်ချင်လို့ ဆရာတော်ဆီမှာ အချိန်ယူပြီး လာလေ့လာနေတာပါ။ ဆရာတော်နဲ့ အားရအောင်ဆွေးနွေးပြီးရင် တပည့်တော် ရဟန်းတက်မယ်။ ပြီးတော့ တပည့်တော် တတ်နိုင်သမျှ သာသနာပြုပြီး ဆရာတော်နဲ့ ဘုရားရှင်ရဲ့ကျေးဇူးကို ဆပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား"

"သာဓု-သာဓု-သာဓု၊ ရဟန်းဘဝဆိုတာ အလွန်ကိုရခဲပါတယ်။ သာမန်လူတွေမဆိုထားနဲ့၊ ဂေါတမဘုရားရှင်တောင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ခဲ့ရတဲ့ ဘဝတွေထဲမှာ ရဟန်းဘဝကို ကိုးဘဝ သာရခဲ့တာဆိုတော့ သာမန် အမျိုးသားတစ်ယောက် အနေနဲ့ ဘဝအဆက်ဆက်မှာ ရဟန်းဘဝကို တစ်ဘဝတောင်ရဘူးကြမှာ မဟုတ်ပါဘူး"

"ပြီးတော့ သက်န်းကို အရဟတ္တဓဇ = အရဟတ္တဖိုလ်ရဲ့ တံခွန်လို့ ခေါ်တယ်။ ဆိုလိုတာက ဝိပဿနာတရားကို နာကြားအားထုတ်တဲ့အခါ လူ့ဘဝထက် ရဟန်းဘဝက အရဟတ္တဖိုလ်ကို ပိုပြီး မြန်မြန်ရစေနိုင်တယ် ပေါ့။ လူ့ဘဝနဲ့ ရဟန္တာ ဖြစ်သွားပြီဆိုရင်လည်း ရဟန်းဘဝကို ကူးပြောင်းရတာပဲ။ ရဟန္တာဖြစ်ပြီး သူဟာ လူ့ဘဝမှာ ၇-ရက်ထက် ပိုနေလို့မရဘူး"

"ဘာကြောင့်လဲဆိုတော့ လူ့ဘဝ လူ့ခန္ဓာဟာ အရဟတ္တဖိုလ်နဲ့ မတန်လို့ပါပဲ"

BURMESE CLASSIC

"ဂေါတမဘုရားရှင်ဟာ ရဟန်းဘဝ ကိုးဘဝသာရခဲ့တယ်ဆိုတာ ဘယ်ဘုရားရှင်တွေထဲမှာလဲဘုရား"

"အေး ...မင်းက အဲဒီလို ကိုယ်သိချင်တာ စစ်စစ်ပေါက်ပေါက် မေးတတ်တော့ မင်းမေးတိုင်းမဖြေတတ်တာနဲ့ပဲ တစ်ချို့ဆရာတော်တွေက မင်း သူတို့ဆီ လာမှာကို ကြောက်နေတာဖြစ်မယ်။ ငါကတော့ မေးလေကြိုက် လေပါ။ ငါက ဖတ်သမျှစာအုပ်ထဲက မှတ်စုထုတ်ထားတတ်တယ်။ မှတ်စု ထုတ်တဲ့အခါ ဒီအချက်ဟာ ဘယ်နေရာမှာရေးရင်ကောင်းတယ်။ ဒီအချက် ဟာ ဘယ်နေရာမှာဟောရင် ကောင်းတယ်ဆိုတဲ့ မှတ်ချက်နဲ့ မှတ်စုထုတ်တာ"

"မှတ်စုရရင်ပြီးရောဆိုတဲ့ စိတ်မျိုးမဟုတ်ဘူး။ ဒါကြောင့် ဟောဖို့ ရေးဖို့ အကွက်ဆိုက်လာတာနဲ့ ရေးထားတဲ့မှတ်စုက ခေါင်းမှာတစ်ခါတည်း လာပေါ်တာပဲ။ မှတ်စုကိုလည်း ပစ်မထားရဘူး။ မကြာခဏပြန်ပြန် ဖတ်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခုလည်း မင်းမေးလိုက်တာနဲ့ ဘယ်မှတ်စုထဲမှာ ပါတယ်ဆို တာ တန်းသိတာပေါ့"

"ဆရာတော်က မှတ်ဉာဏ်တော်တော်ကောင်းတာပဲ။ ဒါ့ကြောင့် စာရေး နိုင်တာဖြစ်မယ်"

"ပစ္စုပ္ပန်အားထုတ်မှုရော အတိတ်ကပ်ပိုးမှုပါ နှစ်ခုလုံးပါလိမ့်မယ်။ ငါ့ မှတ်ဉာဏ်က ဒီဘဝကအကြောင်းအရာတင်မကဘူး။ ဒီလူ့ဘဝ မရောက်ခင် အပါယ်ဘုံက ဘဝတစ်ခုကိုတောင် အမှတ်ရတယ်"

"ဟာ အံ့ဩစရာပါလား ဆရာတော်"

"တို့ ဗုဒ္ဓဘာသာလောကမှာတော့ ဒါဟာအံ့ဩစရာမဟုတ်သလို ဂုဏ်ယူစရာလည်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အပင်ပန်းခံပြီး ခက်ခဲစွာ ကြိုးစားအားထုတ်ဖို့မလိုပဲ၊ သူ့ပင်ကိုယ်သဘာဝ မှတ်ဉာဏ်ကြောင့် သိနိုင်တာ ဖြစ်နေလို့ပါပဲ။ စာပေမှာတော့ ဒီလိုနောက်ဘဝကို သိတဲ့ဉာဏ်ကို ဇာတိဿရဉာဏ် လို့ခေါ်တယ်"

"အဲဒီအတိတ်ဘဝအကြောင်းကိုလည်း သိချင်သေးတယ် ဆရာ တော်"

"မပူပါနဲ့၊ ငါစာအုပ်တစ်အုပ်ထဲမှာ သေချာထည့်ရေးမှာပါ။ အဲဒီ ကျမှ အသေအချာဖတ်ပေါ့။ အခုတော့ မင်းကို တခြားအရေးတကြီး ရှင်းပြ ချင်တာတွေ အများ ကြီးရှိနေတယ်"

(မှတ်ချက်)။ ။ စာရေးသူ၏ အတိတ်က အပါယ်ဘဝတစ်ခုအကြောင်း ကို 'အတွင်းရန်သူစာအုပ်'တွင် မာတိကာ၌ 'ညောင်စေ့လောက် ပင် မလျှုနိုင်ပါ' ဟူသော ခေါင်းစဉ်ဖြင့် ရေးသားထား သည်။

"ကဲ–မင်းပါ မှတ်ချင်မှတ်ထား၊ အလောင်းတော်ရဟန်း ဖြစ်ခဲ့တဲ့ ဘုရားကိုးဆူကို ရှေးပညာရှိတွေက လွယ်လွယ်မှတ်လို့ရအောင် ဂါထာ သီထား တယ်။ ဂါထာဆိုတာ မြန်မာလို ကဗျာပဲပေါ့။ ကဲ–နားထောင်–

"ကောဏ္ဍညော မင်္ဂလော ဖုဿော၊

www.burmeseclassic.com

www.burmeseclassic.com



သုမေဓော ဝဿဘူ ဇိနော။
သုဇာတော စ ကကုသန္ဓော၊
ကောဏာဂမန ကဿပေါ။
နဝန္နမေသံ ဗုဒ္ဓါနံ၊
ပဗ္ဗဇ္ဇံမောဒိ ပါစကော။"

တဲ့ – အလောင်းတော်ဟာ –

၁။ ကောဏ္ဍညဘုရားရှင်ထံမှာ ဝိဇိတာဝီ စကြာမင်းဘဝမှ ရဟန်းပြုတယ်။

၂။ မင်္ဂလဘုရားထံမှာ သုရုစိပုဏ္ဏားဘဝမှ ရဟန်းပြုခဲ့တယ်။

၃။ သုမေဓာဘုရားရှင်ထံမှာ ဥတ္တရပုဏ္ဏားဘဝမှ ရဟန်းပြု ခဲ့တယ်။

၄။ သုဇာတာဘုရားရှင်ထံမှာ စကြာမင်းဘဝမှ ရဟန်းပြုခဲ့ တယ်။

၅။ ဖုဿ ဘုရားရှင်ထံမှာ ဝိဇိတာဝီစကြာမင်းဘဝမှ ရဟန်းပြုခဲ့တယ်။

၆။ ဝေဿူဘုရားရှင်ထံမှာ သုဒဿနမင်းဘဝမှ ရဟန်းပြု ခဲ့တယ်။

၇။ ကကုသန်ဘုရားရှင်ထံမှာ ခေမမင်းဘဝမှ ရဟန်းပြုခဲ့တယ်။

၈။ ကောဏာဂုံဘုရားရှင်ထံမှာ ပဗ္ဗတမင်းဘဝမှ ရဟန်းပြုခဲ့တယ်။

၉။ ကဿပဘုရားရှင်ထံမှာ ဇောတိပါလပုဏ္ဏားဘဝမှ ရဟန်းပြုခဲ့တယ်။

ကဲ မင်းရဲ့ကြားဖြတ်မေးခွန်းကို ဖြေပြီးတဲ့နောက် ပြတ်သွားတဲ့ ဘုရားနှစ်မျိုးတည်ခြင်းအကြောင်းကို ဆက်ကြရအောင်၊ မြေပြင်မှာတည်တဲ့ ဘုရားရယ်၊ ကလေးတွေရဲ့ နှလုံးသားမှာတည်တဲ့ ဘုရားရယ်လို့ ဘုရားတည်ခြင်းဟာ နှစ်မျိုးရှိတယ်။ မြေပြင်မှာတည်တဲ့ ဘုရားတွေဟာ မသမာသူတွေရဲ့ ဖျက်ဆီးမှုကြောင့် သော်လည်းကောင်း၊ သဘာဝ ရာသီဥတုဒဏ်ကြောင့်သော်လည်း အချိန်အတိုင်းအတာ တစ်ခုပဲ တည်တယ်၊ နောက်ဆုံးတော့ ကုန်ဆုံးပျက်စီးသွားရတာပဲ။

"ကလေးတွေရဲ့နှလုံးသားမှာ တည်ပေးလိုက်တဲ့ ဘုရားက

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်သောအခါမှ မပျက်စီးတော့ဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီကလေးက သူ့ရဲ့ သားစဉ်မြေးဆက် ဒီဘာသာရေးအမွေအနှစ်ကို တစ်ခါတည်းပေးသွားတော့မှာကိုး၊ ဒါပေမယ့် ဗုဒ္ဓဘာသာအများစုဟာ ဘုရားဒကာ၊ ဘုရားအမဆိုတဲ့ ဂုဏ်ကို မက်မောကြလေတော့ နှလုံးသားမှာ ဘုရားတည်တဲ့ အလုပ်ကို စိတ်မဝင်စားကြပဲ မြေပြင်မှာဘုရားတည်တဲ့ အလုပ်ကိုပဲ စိတ်ဝင်စားကြတယ်"

"နှလုံးသားမှာ ဘုရားတည်တဲ့အလုပ်ကို ဦးစားမပေးပဲ မြေပြင်မှာ ဘုရားတည်တဲ့အလုပ်ကိုသာ ဦးစားပေးခဲ့ကြတဲ့အတွက်ကြောင့် အရင်တုန်းက ဗုဒ္ဓဘာသာနိုင်ငံတွေဖြစ်ခဲ့တဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အာဖဂန် နစ္စတန်၊ အီရန်စတဲ့ နိုင်ငံတွေဟာ အခုအချိန်မှာတော့ ဘာသာခြားနိုင်ငံတွေ ဖြစ်သွားပါပြီ။

"ဘာသာခြားများရဲ့ လွှမ်းမိုးဖိစီးမှုဒဏ်ကိုတော့ မြေပြင်က ဘုရားတွေဟာ ဘာမျှကာကွယ်ပေးနိုင်စွမ်းမရှိပါဘူး။

ဒါကြောင့်လည်း ဘုရားပျက်တွေ၊ စေတီပုတ်တိုတွေဟာ ဒီအတိုင်းကျန်ခဲ့တာပါ။ နှလုံးသားမှာ တည်ထားတဲ့ ဘုရားတွေဆိုရင်တော့ ဘာသာခြားတို့ရဲ့လွှမ်း မိုးမှုကို တော်လှန်နိုင် စွမ်းရှိပါတယ်"

"နှလုံးသားမှာ ဘုရားတည်တဲ့အတွက် ဘာသာခြားတွေရဲ့လွှမ်းမိုးမှုကို မခံရတဲ့နိုင်ငံတွေကိုပြပါဆိုရင်တော့ ဥရောပတိုက်က ခရစ်ယာန်နိုင်ငံတွေကိုပဲ ပြရမယ်။ တခြားဘာသာတစ်ခုဟာ ဥရောပတိုက်ကို အနုနည်းနဲ့ရော၊ အကြမ်းနည်းနဲ့ရော လွှမ်းမိုးအုပ်စီးနိုင်အောင် နှစ်ပေါင်းများစွာကြိုးစား တယ်။ ဒါပေမယ့် ရမသွားခဲ့ဘူး"

"ခရစ်ယာန်ဘုရားရှိခိုးကျောင်းထဲက အလှူခံပုံးမှာရေးထားတဲ့ ကလေး များ ဗိုက်ထဲဘုရားတည်ရန်ဆိုတဲ့ စာတန်းလေးကဗုဒ္ဓဘာသာနိုင်ငံတွေလည်း မိမိဘာသာမကွယ်ပျောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ နည်းလမ်းကို အမြဲ ညွှန်ပြလျက် ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမိုးမပါ၊ အကာမပါ၊ ဆွမ်းတော်မကပ်၊ ရေတော်မကပ်နဲ့ လွင်တီးခေါင်မှာတည်ထားတဲ့ ဘုရားတွေဟာ မြန်မာတစ်ပြည်လုံးဆိုရင် အရေအတွက် နည်းတာမဟုတ်ပါဘူး။ တစ်ဆူကိုသုံးသိန်း လောက်ကုန်ကျပါတယ်။ အဆူ များစွာဆိုရင် သိန်းပေါင်းများစွာပေါ့"

'သိန်းပေါင်းတစ်ရာလောက်များ စောစောကပြောခဲ့တဲ့ ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်းကြီးမှာ သွားလှူလိုက်ရင် ဘယ်လောက်များ သာသနာမှာ အကျိုးများလိုက်မလဲလို့၊ သာသနာပြုနည်းကို ကျွမ်းကျင်ကြတဲ့ ဘာသာခြားတွေက အခုဆိုရင် အင်းစိန်၊ လှိုင်သာယာ စတဲ့မြို့ကြီးတွေမှာ မြေကျယ်ကြီးတွေ ဝယ်ယူပြီး ဝပ်ရှော့ရုံကြီးတွေ၊ ကားဘော်ဒီရုံကြီးတွေတည်ထောင်ကြတယ်"

"ပြီးတဲ့အခါ မိဘမဲ့နေတဲ့ ဗုဒ္ဓဘာသာကလေးတွေ၊ မိဘရှိသော်လည်း ဆင်းရဲနွမ်းပါးတဲ့ ဗုဒ္ဓဘာသာကလေးအားလုံးကို လက်ခံပြီး အစာလည်းကျွေးတယ်။ အလုပ်လည်းပေးတယ်။ ဒီလိုကြင်နာမှုမျိုးကို ငတ်မွတ်နေတဲ့ ဗုဒ္ဓဘာသာကလေးတွေ အုံနဲ့ချီပြီးရောက်လာလိုက်တာ ရုံတောင် မဆန့်တော့လို့ တခြားမြို့နယ်တွေမှာပါ ဆက်ဖွင့်ဖို့ကြိုးစား နေကြပါပြီ"

"ရောက်လာသမျှကလေးအားလုံး သူတို့ဘာသာဝင်တွေ ဖြစ်သွားတာဟာ သူတို့အတွက်အမြတ်ပါပဲ၊ သာသနာပြု ဘွဲ့တံဆိပ်မျိုးစုံ ရနေကြတဲ့ သူဌေးတွေကလည်း ဒီလှူနည်းမျိုးတွေကို မသိကြရှာပါဘူး"

"ဗုဒ္ဓဘာသာကလေးတွေ မကုန်ခင် နှလုံးသားမှာဘုရားတည်တဲ့ လုပ်ငန်းတွေကို ရဟန်းတော်တွေကိုယ်တိုင် ဦးဆောင်ပြီးတော့ မြန်မြန်ကြီး ပြုလုပ်သင့်ပါပြီ၊ ဘုန်းကံကြီးမားတဲ့ ရဟန်းတော်တွေပါ ဦးဆောင်လိုက်ရင် ကိုယ့်ပစ္စည်း တစ်ဝက်လောက်တော့ ကိုယ်ပြန်ရနိုင်ပါသေးတယ်"

'မြန်မာပြည်ကြီး ဗုဒ္ဓဘာသာဖြစ်လာတာ နှစ်ပေါင်းတစ်ထောင်ကျော်ကြာခဲ့ပါပြီ"

'ဒါပေမယ့် ကိုယ်ပိုင်ဆေးရုံတွေ၊ ဆွံ့အ,နားမကြားကျောင်းတွေ ကိုယ်လက် မသန်မစွမ်းပြုပြင်ရေးကျောင်းတွေ တည်ထောင်ပြီး သာသနာပြုတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတွေ မပေါ်ပေါက်ခဲ့ပါဘူး။ အထူးအားဖြင့် အခုအချိန်မှာ ဗုဒ္ဓဘာသာ ရဟန်း သံဃာပေါင်း လေးသိန်းကျော် ရှိခဲ့ပေမယ့် စောစောကလို ပရဟိတ ဆေးရုံတွေ၊ ဆွံ့၊အ နားမကြားကျောင်းတွေ တည်ထောင်ဖွင့် လှစ်ပေးမယ့် ရဟန်းတွေ မပေါ်ထွက်ခဲ့ပါဘူး"

'ရှားရှားပါးပါး သီတဂူဆရာတော်ကြီးတစ်ပါးပဲ ဆေးရုံကြီးတစ်ရုံကို ဦးဆောင်ဖွင့်လှစ်နိုင်ပါတယ်။ ဒါပေမယ့် မြန်မာပြည်မှာ ရာဂဏန်းလောက် သာရှိတဲ့ ဘာသာခြားသာသနာပြုတွေကတော့ စောစောကလို သာသနာပြု ဆေးရုံ တွေကို မြန်မာပြည်အနှံ့မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်"

'စွမ်းနိုင်တဲ့ရဟန်းတွေ၊ ပုဂ္ဂိုလ်တွေ သူတို့နည်းအတိုင်း ကြိုးစားသင့် ပါတယ်။ မျှော်လင့်ချက်နဲ့ပြုတဲ့ ဒါနမျိုးဟာ ကုသိုလ်စစ်မဟုတ်နိုင်ကြောင်း၊ မိမိပြုလုပ်သော ကံသည် ကုသိုလ်ဟုတ်၊ မဟုတ်တိုင်းတာတဲ့ ပေတံတစ်ခုကို ဆရာကြီး ဦးရွှေအောင်က မင္ဂကုဏ္ဍလီဆောင်းပါးမှာ အခုလိုရေးသားခဲ့ တယ်"

"အတ္တနဲ့မာန လွှမ်းမိုးသောစိတ်ဖြင့်ပြုလုပ်သော ကံဟူသမျှသည် မိမိတို့၏ အမြင်အရကောင်းသည်ဟု ထင်ရသော်လည်း တကယ်တမ်း မ ကောင်း။ မီးကို အေးသည်ဟုထင်မှတ်ပြီး ကိုင်သောအခါ တကယ်မအေးဘဲ ပူသည်ကိုသာ ခံစားရသကဲ့သို့ဖြစ်၏။ ထို့ကြောင့် တကယ်တမ်း ကောင်း သော ကံဟူသည် လောဘကို ပါးအောင်လုပ်နိုင်သော အတ္တနှင့် မာနကို ပါးအောင် လုပ်နိုင်သော ကံသာဖြစ်၏။ ယင်းကံသည်သာ တကယ်တမ်း ကောင်းကျိုး ကိုဖြစ်စေပါ၏"

"ထို့ကြောင့် မိမိ၏ အမြင်၊ မိမိ၏ အသိ၊ မိမိ၏ကံသည် တကယ် တမ်း ကုသိုလ်ဟုတ်သည်။ မဟုတ်သည်ကို သိလိုပါက မိမိသန္တာန် ၌ လောဘ၊ ဒေါ– သ၊ မောဟတို့ ပါး၊ မပါးဖြင့် စီစစ်ကြည့်ရ၏။ လောဘ၊ ဒေါသ၊ မောဟတို့ ပါးလျှင် ကုသိုလ်ဟုတ်၏။ မပါးလျှင် မဟုတ်သေး။ တစ်နည်းအားဖြင့် ဆိုရလျှင် အထင်မှန်ဖြင့် ကုသိုလ်ကို စစ်၍မရ၊ တကယ် မှန်ဖြင့်သာ ကုသိုလ်ကို စစ်၍ရ၏။ တကယ် မှန်ဟူသည်ကား မိမိတို့၏ သန္တာန်၌ လောဘ၊ ဒေါသ၊

www.burmeseclassic.com

www.burmeseclassic.com



မောဟ၊ မာန စသော အကုသိုလ်များပါးပြီး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသော ကုသိုလ်များပွားခြင်း ဖြစ်၏။ ယင်းသို့ စိစစ်ကြည့်ရ၏–တဲ့။ ဒီလောက်ဆိုရင် ဘုရားတည်ခြင်း နှစ်မျိုးအကြောင်း မင်း ကောင်းကောင်းသဘောပေါက်ရောပေါ့"

"မှန်ပါ့။ သဘောပေါက်ပါပြီဘုရား။ ပညာပါရမီအကြောင်း ဆက်ပါဦးလား ဘုရား"

မောင်ရဲမြင့်နှင့် စာရေးသူသည် နှစ်ရက်အတွင်း နှစ်ဦးလုံး၏ ရင်တွင်းမှ မေတ္တာဓာတ်များကြောင့် အလွန်ရင်းနှီးသွားကြပြီး မင်း၊ ငါဟူသော နာမ်စားကို ဘယ်အချိန်က ပြောင်းသွားမှန်းပင် မသိလိုက်။ ရင်းနှီးသွားသဖြင့် စကားဝိုင်းမှာ ပို၍လည်း စိုပြေလာ၏။ ပို၍လည်း အသက်ဝင်လာ၏။

"ပညာပါရမီနဲ့ ပတ်သက်တဲ့ ဇာတ်တော်သုံးပုဒ်ကို အကျဉ်းချုပ်ပြီး ပြောရအောင်၊ ကေနိပါတ်၊ မဟာသာရဇာတ်မှာဆိုရင် လူသာမန်တွေရဲ့ ဉာဏ်နဲ့ ဘယ်လိုမှဖြေရှင်းလို့မရနိုင်တဲ့ အမှုတစ်ခုကို ပညာရှိအမတ် ဖြစ်တဲ့ အလောင်းတော်က အံ့ဩဖွယ်ရာဖြေရှင်းပေးတော်မူဘူးတယ်"

"တစ်ခါတော့ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးဟာ မိဖုရားများနဲ့အတူ မင်္ဂလာဥယျာဉ်အတွင်းရှိ ရေကန်မှာ ရေချိုးနေကြတယ်။ မိဖုရားကြီး ဝတ်ဆင်တဲ့ ပုလဲကုံးကြီးကိုတော့ ကလာပ်ပေါ် တင်ပြီး ရေကန်ဘေးမှာ မောင်းမငယ် တစ်ယောက်ကို စောင့်ခိုင်းထားတယ်။ မောင်းမငယ်ဟာ စောင့်ရတာ ကြာလာတော့ ခဏမျှအိပ်ငိုက်သွားတယ်။ အိပ်ငိုက်ရာမှ နိုးလာတဲ့အခါ ကလာပ်ပေါ်မှာ တင်ထားတဲ့ ရတနာ ပုလဲကုံးကြီးဟာ မရှိတော့ဘူး။ မောင်းမငယ်ဟာ သူ့အပေါ် အပြစ်ကျ ရောက်မှာကို အရမ်းကြောက်သွားပြီး "အမယ်လေး၊ လုပ်ကြပါဦး ပုလဲကုံး ကြီးကို လူခိုးသွားပြီ"ဆိုပြီး စွတ်အော်တော့ ရဲမက်တွေတအားပြေးလာပြီး မေးကြ တာပေါ့။

"မောင်းမငယ်ကလည်း သူထင်တဲ့နေရာ လက်ညှိုးထိုးပြတော့ ရဲမက်တွေလည်း လက်ညှိုးညွှန်ရာကို ဘုမသိဘမသိ စွတ်လိုက်ကြရတယ်။ ဥယျာဉ် အပြင်ဘက် လမ်းမပေါ် က ခရီးသွား ယောကျ်ားတစ်ယောက်ကို သူခိုးလို့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရမ်းသမ်းဖမ်း လိုက်ကြတယ်။ ခရီးသွားယောက်ျားကို မင်းကြီး ကိုယ်တိုင် စစ်မေးတယ်"

"ခရီးသွားယောက်ျားကလည်း အကြောက်လွန်ပြီး အမှန်အတိုင်း မယူပါဘူးလို့ မပြောဘဲ ယူမိပါတယ်။ ဒါပေမယ့် အခုမရှိတော့ဘူး၊ မြို့ထဲက သူဌေးကြီးကို ပေးလိုက်ပြီလို့ပြောတယ်။ သူဌေးကြီးကို ဖမ်းစစ်ပြန်တော့ ရလည်း မရဘဲနဲ့ ပုရောဟိတ်ကြီးကို ပေးလိုက်ပြီလို့ ပြောပြန်တယ်။ ပုရောဟိတ်ကြီးဖမ်းစစ်ပြန်တော့ စောင်းသမားဆီရောက်သွားပြန်ပြီတဲ့"

'စောင်းသမားကိုဖမ်းစစ်ပြန်တော့ ပြည့်တန်ဆာမဆီ ပေးလိုက်ပြန်ရောတဲ့၊ လူငါးဦးသာထောင်ထဲရောက်လာတယ်။ ပုလဲကုံးကြီးကတော့ အစအနတောင် မတွေ့ရဘူး။ ဘယ်တွေ့မလဲ သူတို့ဖမ်းထားတာတွေက တရားခံအစစ်တွေမှ မဟုတ်ဘဲ၊ ဒီအချိန်မှာ ဘုရားလောင်း မင်းတိုင်ပင် ပညာရှိအမတ်ကြီးက ဥယျာဉ်အတွင်းအပြင် အစောင့်တွေ ထူထပ်စွာချ ထားတဲ့ အတွက်ကြောင့် အပြင်က လူတစ်ယောက်လာခိုးတာမဖြစ်နိုင်၊ သူခိုးသည် ဥယျာဉ်ထဲမှာ လွတ်လပ်စွာနေသူ ဖြစ်ရမယ်လို့ တွေးခေါ်မိတာနဲ့ အမှုကို ဘုရင့်ထံက တောင်းခံလိုက်တယ်"

"ဖမ်းမိတဲ့တရားခံငါးဦးကို တစ်ခန်းတည်းပေါင်းပြီး ထားလိုက်တယ်။ အတွင်းလူတစ်ယောက်ကိုလည်း တရားခံပုံစံမျိုးနဲ့ ထည့်ထားလိုက်တယ်။ ငါးဦးလုံးလည်း တွေ့ရော ခရီးသွားယောက်ျားကစပြီး ရင်ဖွင့်တယ်။ ကျုပ် ပုလဲကုံးကို မယူရပါဘူး။ ရဲမက်တွေရိုက်နှက်မှာကြောက်တာနဲ့ ယူတယ်လို့ အစစ်ခံမိတာပါတဲ့။ ဒီတော့ သူဌေးကြီးက မင်းမယူတဲ့ ပုလဲကုံးကို ငါ့ကို ဘာကြောင့်ပေးခဲ့တယ်လို့ ပြောရတာလဲဆိုတော့ သူဌေးကြီး ပါလာရင် သူ့အမှုသက်သာသွားလိမ့်မည်ထင်လို့ ပြောမိကြောင်း ဝန်ခံပြီး ခရီးသွား ယောက်ျားက သူဌေးကြီးကို တောင်းပန်တယ်"

"ဒီတော့ ပုရောဟိတ်ကြီးကလည်း သူဌေးကြီးကို မေးတော့တာပေါ့။ သူဌေးကြီး မရတဲ့ပုလဲကုံး ကျုပ်ကိုပေးတယ်လို့ ဘာ့ကြောင့်ပြောရတာလဲ ဆိုတော့ ပုရော ဟိတ်ကြီးပါလာရင် အကြံကောင်း၊ ဉာဏ်ကောင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ရအောင်ပါဆိုပြီး သူဌေးကြီးက တောင်းပန်ပြန်တယ်။ ဒီအခါ စောင်းသမားက ပုရောဟိတ်ကြီး မရတဲ့ ပုလဲကုံး ကျုပ်ပေးပါတယ်လို့ ဘာ့ကြောင့်ပြောရတာ လဲဆိုတော့ ထောင်ထဲမှာ အပျင်းပြေ သီချင်းသံလေး နားထောင်လို့ရအောင် ပြောမိတာပါဆိုပြီး ပုရောဟိတ်က တောင်းပန်ပြန် တယ်။

ဒီအခါ ပြည့်တန်ဆာမက ရှင်မရတဲ့ပုလဲကုံး ကျွန်မကိုပေးတယ်လို့ ဘာ့ကြောင့် အစစ်ခံရတာလဲဆိုတော့ မင်းပါလာရင်ကျန်တဲ့သူတွေ အားလုံး စိတ် ချမ်းသာရအောင်လို့ပါလို့ပြောပြီး စောင်းသမားက တောင်းပန်ပြန်တယ်။ သူတို့ ငါးဦးဆီက ထွက်ချက်တွေကို အတွင်းလူကတစ်ဆင့် သိလိုက်ရတာနဲ့ ပုလဲကုံးကို အပြင်လူခိုးယူတာ မဟုတ်ဘူးဆိုတာကို တိကျစွာ ဆုံးဖြတ်နိုင်သွားတယ်။

"ဒါကြောင့် ဥယျာဉ်ထဲအမတ်ကြီးကိုယ်တိုင် သေချာလိုက်ကြည့်တဲ့အခါ လွတ်လပ်စွာပြေးလွှားဆော့ကစားနေကြတဲ့ မျောက်များစွာကို တွေ့လိုက်ရတာနဲ့ အစောင့်မောင်းမ အိပ်ပျော်သခိုက်မှာ မျောက်တစ်ကောင် ကောင်ယူသွားတာ ဖြစ်ရမယ်။ မောင်းမက သူ့အပေါ် အပြစ်ကျမှာစိုးလို့ ဟိုအော်ဒီအော်လုပ်လို့ မဆိုင်သူတွေ အဖမ်းခံရတာ ဖြစ်မယ်ဆိုတာကိုလည်း တစ်ဆက်တည်း တွေးမိသွားတယ်"

"အံ့ဩစရာပါလား ဆရာတော်။ ပညာရှိတွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်ဆိုတာ အမှန်ပါပဲလားဘုရား။ ဒါနဲ့ မျောက်တစ်ကောင်က ယူထားတယ်ဆိုရင် ဘယ်လိုပြန်ရအောင်လုပ်မလဲ ဆရာတော်"

"အဲဒါကြောင့် ခက်ခဲတဲ့ပြဿနာပေါ်ပြီဆိုမှ ပညာရှိ၊ မရှိကို သိနိုင်တယ် ဆိုတဲ့ စကားရှိတာပေ့ါ။ ဒီတော့ အလောင်းတော်က ဥယျာဉ်ထဲက မျောက်တွေဖမ်းပြီး သူတို့လည်ပင်းမှာ ချည်ပန်းကုံးလေးတွေ စွပ်ပြီး ပြန် လွှတ် လိုက်တယ်။ မျောက်တွေဟာ ချည်ပန်းကုံးလေးတွေကိုယ်စီနဲ့ ပြေးလွှား ပျော်ပါးနေကြတဲ့အခါ သစ်ခေါင်းကြီး တစ်ခုထဲက မျောက်မကြီး တစ်ကောင် ဟာ အားကျမခံ သူခိုးယူ ထားတဲ့ ပုလဲကုံးကြီး ကိုထုတ်၊ လည်ပင်းမှာဆွဲပြီး ထွက်လာတော့တာပေ့ါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခါကျမှ အသင့် စောင့်ကြည့်နေကြတဲ့ မင်းချင်းတွေက မျောက်မကြီးကို ဖမ်းပြီး ပုလဲကုံးကို အမတ်ကြီးထံဆက်သလိုက်တယ်။ ဒီအခါကျမှ တရားခံငါးဦး လည်းလွတ်၊ မိဖုရားကြီးလည်း စိတ်ချမ်းသာသွားတော့တာပေါ့"

"အံ့သြစရာလည်းကောင်း ကြည်ညိုစရာလည်း ကောင်းပါတယ်ဘုရား"

"ဒုတိယက ကေနိပါတ်၊ မဟိဠမုခဇာတ်ပဲ၊ ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းကြီးမှာ အလွန်လိမ္မာတဲ့ မင်္ဂလာဆင်တော်ကြီး တစ်ကောင် ရှိတယ်။ ဘယ်လိုဖြစ်တယ်မသိဘူး တဖြည်းဖြည်းနဲ့ မင်္ဂလာဆင်တော်ကြီး ဟာ မလိမ္မာတော့ပဲ ဆိုးဆိုးလာတယ်။ ဘယ်လောက်ထိ ဆိုးလာသလဲဆိုရင် ဆင်ထိန်းကိုတောင် နှာမောင်းနဲ့ ပတ်ပြီး မြေကြီးနဲ့ကိုင် ရိုက်သတ်လိုက်တယ်"

"ဆင်ကြီးပြန်လိမ္မာလာအောင် ဆင်ဦးစီးတွေကစပြီး ဘယ်သူမှ မတတ် နိုင်တဲ့အဆုံး မင်းကြီးက အလောင်းတော် အမတ်ကြီးကို တာဝန်ပေးလိုက်တယ်။ အမတ်ကြီးက ပညာရှိပီပီ တွေးမိတယ်။ လိမ္မာပြီးသားဆင် တစ်ကောင် ပြန်မိုက်သွားခြင်းသည် သူ့အလိုလိုမဖြစ်နိုင် ဘေးပယောဂ ကြောင့်သာ ဖြစ်မည်လို့ ဆုံးဖြတ်ပြီး ဆင်တင်းကုပ်နား တစ်ဝိုက်ကို အစောင့် မသိမသာ ချပြီး လေ့လာတယ်"

"တစ်ညအတွင်းအဖြေရတာပါပဲ။ ခိုးသားဓားပြတွေဟာ လွတ်လပ်မှု ရှိတဲ့အတွက် ဆင်းတင်းကုပ်နားလာပြီး သတ်မယ့်ဖြတ် မယ့်ကိစ္စတွေကို ဆွေးနွေးလေ့ ရှိကြတယ်။ ဒီအသံတွေကြားရပါများတဲ့အခါ မင်္ဂလာ ဆင် တော်ကြီးပါ စိတ်ရိုင်းဝင်ပြီး ကြမ်းတမ်းသွားတာပါ။ အနာသိတာနဲ့ ဆေးရှိ တာပါပဲ။ အဲဒီနေ့ကစပြီး ခိုးသားဓားပြတွေ လာမရအောင် အစောင့် အကြပ်တွေ အမြဲချထားလိုက် တယ်။ ပြီးတော့မှ ရသေ့ရဟန်းတွေ ညစဉ်ပင့်ပြီး တရားပွဲတွေ ကျင်းပ၊ တရား ဆွေးနွေးပွဲတွေ ကျင်းပပေး လိုက် တာ ရက်အတော်ကြာလာတာနဲ့ ကြမ်းတမ်းနေတဲ့ ဆင်ကြီးဟာ လိမ္မာယဉ်ကျေးတဲ့ ဆင်ကြီးပြန်ဖြစ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တတိယမြောက်ဇာတ်တော်ကတော့ ဘုရားအလောင်းတော် ဗာရာဏသီပြည့်ရှင်၊ ဗြဟ္မဒတ်မင်းကြီးရဲ့ သေနကမည်သော အမတ်ကြီး ဖြစ်တဲ့ ဘဝပါပဲ။ ပညာလည်းရှိ သူတော်ကောင်းလည်းဖြစ်တဲ့အတွက် လပြည့်၊ လကွယ်နေ့တိုင်း မင်းနဲ့တကွ တိုင်းသူပြည်သားတွေကို တရားဟောပေးရတယ်"

"တစ်ည တရားဟောနေစဉ်အချိန်မှာ ကြောက်ရွံ့တုန်လှုပ်တဲ့ အမူအယာနဲ့ ပုဏ္ဏားကြီးတစ်ယောက်ဟာ တရားမဏ္ဍပ်အတွင်း တိုးဝင်လာတဲ့အတွက်ကြောင့် တရားနာပရိသတ်တွေ ရုတ်ရုတ်သဲသဲဖြစ်သွားလို့ သေနကအမတ်ကြီးဟာ တရားပွဲကို ခဏရပ်ပြီး ပုဏ္ဏားကြီးကို ရှေ့နားရောက်လာအောင်ခေါ် လိုက်တယ်။ အကြောင်းစုံကိုမေးကြည့်လိုက်တော့ ပုဏ္ဏားကြီးက အခုလိုပြောပြတယ်"

'သူ့ကိုကယ်တင်စောင့်ရှောက်ပါ၊ သူဟာ မယားငယ်ငယ်လေးကို ယူထား သည့်အတွက် သူမကိုချမ်းချမ်းသာသာထားနိုင်ရန် တိုင်းတစ်ပါးကို ပစ္စည်းရှာ သွားခဲ့ရာမှာ ခြောက်လခန့်အတွင်း ငွေခုနစ်ရာခန့်ရ၍ ဗာရာဏသီသို့ပြန်လာခဲ့ပါတယ်၊ လမ်းခရီးအကြားရှိ သစ်ပင်တစ်ပင်အောက် နားနေစဉ် သစ်ပင်ပေါ်မှ အခုလို ထူးဆန်းတဲ့အသံတစ်သံကို ကြားခဲ့ရပါတယ်တဲ့၊ အသံက –

"အို ပုဏ္ဏား သင်ဒီနေ့အိမ်ကို ရောက်အောင်ပြန်ပါ။ ဒီနေ့ညအိမ်ကို မရောက်ရင် လမ်းမှာတင် သင်သေလိမ့်မယ်။ ဒီနေ့ညအိမ်ကို ရောက်မယ်ဆိုရင်တော့ သင်အသက်ချမ်းသာပါလိမ့်မယ်။ ဒါပေမယ့် သင့်မိန်းမတော့ သေစရာ ရှိတယ်"တဲ့ ဒါ့ကြောင့် ပုဏ္ဏားကြီးက သူသေရမှာထက် သူ့မယားလေးသေမှာ စိုးတဲ့အတွက် ဗာရာဏသီမြို့တွင်းသို့ရောက်သော်လည်း အိမ်သို့မဝင်သေးပဲ ပညာရှိ သေနကအမတ်ကြီးထံ အကူအညီ တောင်းခြင်းဖြစ်ကြောင်း ပြောပြပါတယ်"

ဒီအခါ ဘုရားအလောင်းက လမ်းမှာနားပြီး အစားစားသုံးမှုရှိ၊ မရှိ မေးတဲ့အခါ လမ်းဘေးတစ်နေရာတွင်နားပြီး အသင့်ပါလာသော သားရေ

www.burmeseclassic.com

www.burmeseclassic.com



အိုးထဲမှ မုန့်ကို ထုတ်စားကြောင်း၊ မုန့်စားပြီးတာနဲ့ အနီးနားက ရေကန် တစ်ကန်တွင် ရေသောက်ခဲ့ကြောင်းဖြေပါတယ်။ အဲဒီလောက် အဖြေကို ရတာနဲ့ သစ်ပင်ပေါ် က ပြောလိုက်တဲ့စကားရဲ့ အဓိပ္ပာယ်ကို သေနက အမတ်ကြီး သိသွားပါပြီ။

အိတ်ထဲမှာ ပုဏ္ဏားကြီးတို့လင်မယားအသက်ကို ရန်ရှာမည့် အကောင် တစ်ကောင် ပါလာပြီး ဒီနေ့ည အိမ်ပြန်မရောက်ရင် လမ်းမှာတင် သေမယ် ဆိုတာ အိမ်မရောက်သေးလို့ လမ်းမှာအိတ်ကိုဖွင့်စားရင် ပုဏ္ဏားကြီးကို အိတ်ထဲက အကောင်က ရန်ရှာလို့ သေမယ်ပြောတာ၊ ဒီနေ့ အိမ်ရောက်လို့ မယားက အိတ်ကိုဖွင့်ရင် မယားရန်ရှာခံလို့သေမယ်၊ ဒါကိုကြည့်ပြီး ဒီနေ့ အိမ်ပြန်ရောက်ရင် သင့် မယားသေမယ်လို့ ပြောတာဖြစ်ရမယ်လို့ သုံးသပ်ပြီး သားရေအိတ်ကို မဏ္ဍပ်နှင့်ဝေးဝေး မြေပြင်တစ်နေရာမှာထားစေပြီး အိတ်ပေါက်ကို ဖွင့်၍ တုတ်ရှည်ရှည်ဖြင့် ပုတ်ခိုင်းလိုက်တယ်။

တုတ်နဲ့လည်း အိတ်ကို ပုတ်လိုက်ရော မြွေဟောက်တစ်ကောင် ပါးပြင်း ထောင်ပြီး ထွက်လာတာကို တွေ့ကြရတယ်၊ တစ်ချက်လောက် မေးကြည့်ရုံနဲ့ ပုဏ္ဏားကြီးကို လမ်းတလျှောက်လုံး လိုက်ကြည့်လာသလို အကုန်သိနေတဲ့ သေနက အမတ်ကြီးရဲ့ဉာဏ်ပညာကို တစ်တိုင်းပြည်လုံး တအံ့တဩ ဖြစ်ကြတယ်။

"မြွေက ဘယ်အချိန်ဝင်နေတာလဲဘုရား"

"ပုဏ္ဏားကြီး လမ်းဘေးနားမှာနားရင်း အိတ်ကိုဖွင့်ပြီး မုန့်စားတယ်၊ ပြီးတော့ အိတ်ကိုမပိတ်သေးဘဲ ရေသွားသောက်တယ်၊ အဲဒီအချိန်မှာ မြွေဟောက်က မုန့်နံ့ကြောင့် အိတ်ထဲကိုဝင်သွားတယ်၊ ပြန်ရောက်လာတဲ့ ပုဏ္ဏားကြီးက အိတ်ကို ဒီအတိုင်းပိတ်ပြီးလာခဲ့တော့ မြွေဟောက်က တစ်ခါတည်းပါလာတာပေါ့"

"ငါးခုမြောက်ပါရမီကို ဆက်ပါဦးဘုရား"

"ငါးခုမြောက်ပါရမီက ဝီရိယပါရမီပဲ၊ ဝီရိယပါရမီကို ကြိုးစား အားထုတ်ခြင်း လို့ သာမန်အားဖြင့် သိထားကြတယ်၊ ဒီထက်နက်နဲတဲ့

www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်ရှိနေသေးတယ်၊ ဝီရာနံ့ဘာဝေါဝီရိယံဆိုတဲ့ ဝိဂြိုဟ်အရ မိမိ လုပ်ရမယ့် အလုပ်မှာ မကြောက်မရွံ့ ရဲဝံ့စွာ လုပ်ဆောင်ခြင်းဆိုတဲ့ အဓိပ္ပါယ် ကမှ ဝီရိယပါရမီနဲ့ ပိုကိုက်သွားတယ်"

"မဟာဇနကဇာတ်တော်ဟာ အလောင်းတော်ရဲ့ ဝီရိယပါရမီ ဖြည့် ဆည်းပုံ အထင်ရှားဆုံးဇာတ်တော်ပါပဲ၊ ပင်လယ်ထဲသင်္ဘောပျက်တဲ့အခါ အခြားသင်္ဘောသားတွေက ငိုယိုပြီး ဆောက်တည်ရာမရဖြစ်နေချိန်မှာ အ လောင်းတော်ကတော့ ထောပတ်နဲ့ သကြားတွေကို ဝအောင် အေးအေး ဆေးဆေးစားတယ်၊ ရက်အကြာကြီး ရေကူးနိုင်ဖို့အတွက် အားရှိအောင် စားတာပါ"

"ပြီးမှ တဖြည်းဖြည်းချင်းနစ်နေတဲ့ သင်္ဘောကြီးရဲ့ရွက်တိုင် ထိပ်ဖျား တက်ပြီး ငါး၊ လိပ်၊ မကန်း စတဲ့ အန္တရာယ်ကင်းလောက်မယ့်နေရာကို လှေ့လာတယ်၊ ပြီးမှ သူသွားချင်တဲ့ မိတ္ထီလာရွှေနန်းတော်ရှိရာဖက် မှန်းဆ ခုန်ချပြီး ပင်လယ်ထဲမှာ ဥပုသ်စောင့်ရင်း လက်ပစ်ကူးတော့တာပဲ၊ ဒီဝီရိယ ပါရမီရဲ့စွမ်းအားကြောင့် မဏိမေခလာနတ်သမီးရဲ့ ကယ်မမှုကိုခံယူရပြီး မိတ္ထီလာထီးနန်းကိုလည်း သိမ်းပိုက်နိုင်ခဲ့တယ်"

"အလောင်းတော်ဟာ ဝီရိယပါရမီကို လူ့ဘဝများမှာတင် ဖြည့်ဆည်း တာ မဟုတ်ဘူး၊ တိရစ္ဆာန်ဘဝရောက်တာတောင် ဖြည့်ဆည်းတုန်းပဲ၊ ဧကနိပါတ်၊ တဏ္ဍုဇာတ်မှာဆိုရင် အလောင်းတော်ဟာ နွားဘဝနဲ့ အဖွားအို တစ်ယောက် အိမ်မှာ ငယ်ငယ်လေးကတည်းက နေလာခဲ့တယ်၊ အဖွားအိုက သားအရင်းလို ချစ်ခင်ပြီး ဘာမှမခိုင်းပဲ တတ်နိုင်သမျှ ကျွေးမွေးပြီး မွေးမြူလာခဲ့တယ်"

"အင်မတန် အားခွန်ဗလကောင်းတဲ့ ဥဿဘနွားမျိုးဖြစ်တာကို အဖွားအိုက မသိရှာဘူး၊ တစ်နေ့တော့ မိဘသဖွယ်ဖြစ်တဲ့အဖွားအိုကို ကျေးဇူး ပြန်ဆပ်ဖို့ အတွက် နွားလေးဟာ ကုန်အပြည့်တင်ထားတဲ့ လှည်း ငါးရာကို လိုရာအရပ်ရောက်အောင် ဆွဲတင်ပေးပြီး ရလာတဲ့ အသပြာ တစ်ထောင်ကို အဖွားအိုအားပေးခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သတ္တကနိပါတ်၊ မဟာကပိဇာတ်မှာဆိုရင်လည်း အလောင်းတော် မျောက်မင်းဟာ အသက်သေတဲ့အထိ ဝီရိယပါရမီကို ဆည်းပူးခဲ့တယ်၊ မျောက်မင်းနဲ့ မျောက်ပေါင်း ရှစ်သောင်းတို့ဟာ ဟိမဝန္တာတောထဲမှာ နေကြတယ်၊ ဂင်္ဂါမြစ်အနီးမှာ အလွန်ကြီးမားတဲ့သရက်ပင်ကြီး တစ်ပင် ရှိတယ်၊ ဒီအပင်ကအသီးဟာ သရက်ပင်တွေထဲမှာ အချိုဆုံးဖြစ် တဲ့အတွက် မျောက်မင်းနဲ့ မျောက်ပေါင်း ရှစ်သောင်းဟာ မကြာခဏ လာရောက် စားသောက်ကြတယ်"

တစ်ရက်တော့ ဂင်္ဂါမြစ်ထဲမှာ ရေကစားနေတဲ့ ဗာရာဏသီမင်းဟာ မြစ် အတိုင်းမျောလာတဲ့ သရက်သီးကို ခွဲစားကြည့်တဲ့အခါ အလွန်ထူး မြတ်တဲ့ အရသာ နဲ့ပြည့်စုံတာကို တွေ့ရတဲ့အတွက်ကြောင့် အမြဲတမ်းစား ချင်တာနဲ့ လှေများ စွာကိုဖောင်ဖွဲ့ပြီး ဂင်္ဂါမြစ်အတိုင်း ဆန်တက်လာကြတဲ့အခါ သရက်ပင်ကြီးရှိရာကို ရောက်လာတယ်"

"ရောက်တာနဲ့ သရက်သီးမှည့်တွေကို အားရအောင်စားပြီး သရက်ပင် အောက်မှာပဲ စစ်သည်တွေ ခြံရံပြီး ညအိပ်တယ်၊ သန်းခေါင်ယံ အချိန် ရောက်တော့ မျောက်မင်းနဲ့ သူ့ပရိသတ် မျောက်ပေါင်းရှစ်သောင်း တို့ဟာ သရက်ပင်ပေါ် ကို တိတ်တဆိတ် တက်ရောက်ပြီး သရက်သီးတွေကို ခူးစားကြတယ်"

"အဲဒီအချိန်မှာ မင်းကြီးအိပ်ရာကနိုးသွားပြီး လေးသည်တော်တွေကို သရက်ပင်အား လေးဘက်လေးတန်က ဝိုင်းထားစေတယ်၊ ဒီအဖြစ်ကို မြင်ရတဲ့ မျောက်ပေါင်းများစွာဟာ သေရမယ့်ဘေးကို ကြောက်ရွံ့ ထိတ်လန့် ကြတဲ့အတွက် ပူဆွေးသောကရောက်ကြတယ်၊ အလောင်းတော်ဟာ သူ့ပရိသတ်တွေကို အားမငယ်ဖို့ အားပေးပြီး၊ အမြင့်ဆုံးသစ်ကိုင်းကနေ ဂင်္ဂါမြစ်တစ်ဖက်ကမ်းကို အားယူပြီး ခုန်လိုက်တယ်"

"မြစ်တစ်ဖက်ကမ်းက ခြုံပုတ်ကြီးတစ်ခုပေါ် ရောက်သွားတဲ့အခါ ကြိမ် နွယ် တစ်ချောင်းကိုဖြတ်ယူပြီး တစ်စကို သစ်ပင်ကြီးတစ်ပင်မှာ ချည်လိုက် တယ်၊ ကျန် တစ်စကိုတော့ အလောင်းတော်ရဲ့ခါးမှာချည်ပြီး သရက်ပင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိရာကို ပြန်ခုန်တယ်၊ ဒါပေမယ့် ကြမ်းဖြတ်တဲ့အခါမှာ နည်းနည်းတိုတို သွားတဲ့အတွက် အလောင်းတော်ရဲ့ကိုယ်ဟာ သရက်ပင်ပေါ် ထိ မရောက်တော့ဘဲ သရက်ကိုင်းကို လှမ်းဆွဲမိရုံပဲရှိတယ်၊ အလောင်းတော်ဟာ သရက်ကိုင်းကို မြဲမြဲဆွဲကိုင်ထားပြီး မျောက်ပေါင်း ရှစ်သောင်းကို သူ့ကျောကုန်းက တစ်ဆင့် ကြမ်းတန်းကနေ လျှောက်ပြီး တစ်ဖက်ကမ်းကို ကူးသွား စေတယ်"

"ဒီနေရာမှာ မင်းကိုယ်ချင်းစာကြည့်ပေါ့၊ မျောက်ရှစ်သောင်း ဖြတ်ပြီးတဲ့အထိ သရက်ကိုင်းကို ဆွဲထားတဲ့ လက်ကို မြဲအောင် ကိုင်ထား ဖို့ရာ သာမန် ဝီရိယနဲ့ ဘယ်လိုမှ မရနိုင်ဘူးဆိုတာ ပေါ် လွင်တယ်၊ပြီးတော့ မျောက်တွေ ရာနဲ့ချီပြီး ကြိုးတန်းတစ်လျှောက် ကူးနေချိန်မှာ ကြိုးတန်းကြီး ရေထဲပြုတ် မကျဖို့အတွက် ဝီရိယအားတွေ ဘယ်လောက် ထည့်ထားရတယ် ဆိုတာလည်း တွေးကြည့်လေ မလွယ်လေပဲ"

"ဒီအချိန်မှာ နောက်ဆုံးကျန်နေတဲ့ ဒေဝဒတ်အလောင်းမျောက်က အခွင့်ရတုန်း သေအောင်သတ်လိုက်မယ်ဆိုတဲ့ ယုတ်မာတဲ့စိတ်နဲ့ အမြင့်ဆုံး သစ်ကိုင်းပေါ် ကမှ အလောင်းတော်ရဲ့ကျောပေါ် ကို ခုန်ချလိုက်တယ်၊ ခုန်ချတဲ့ ဒဏ်က ပြင်းလွန်းတဲ့အတွက် အလောင်းတော်ရဲ့ နှလုံးဟာကွဲသွားတယ်၊ ဒါတောင်မှ အသက်ကိုအသေမခံဘဲ ဒေဝဒတ်အပါအဝင် မျောက်အားလုံး ဟိုဘက်ကမ်း အကုန်ရောက်တဲ့အထိ သစ်ကိုင်းကိုဆွဲထားတဲ့ အလောင်းတော်ရဲ့ဝီရိယဓာတ်ကို မှန်းဆသာကြည့်ပေတော့"

"အလောင်းတော်ရဲ့ ခေါင်းဆောင်ကောင်းပီသမှု၊ ဝီရိယကြီးမားမှုကို မြင်တွေ့သွားတဲ့ ဗာရာဏသီမင်းဟာ လေးစားကြည်ညိုသွားပြီး အလောင်းတော်ကို သစ်ပင်အောက်သယ်ချပြီး အကောင်းဆုံး ဆေးများနဲ့ ကုသပေးတော်မူတယ်၊ ဒါပေမယ့် နှလုံးကွဲတဲ့ ဝေဒနာနဲ့ ကွယ်လွန်သွားတာပါပဲ"

"ဝီရိယပါရမီကြီးမားပုံဟာ ဘုရားရှင်ဖြစ်တော်မူတဲ့အခါ ပိုပြီးတော့ ထင် ရှားပါတယ်၊ ဘုရားရှင်ဟာ တစ်ရက် ၂၄–နာရီရှိတဲ့အနက် က ၁ နာရီနဲ့ မိနစ် ၂၀ ပဲ ကျိန်းစက်တော်မူပြီး ကျန်နာရီအားလုံးကို ငါးပိုင်းပိုင်းပြီး တစ်သက်တာလုံး ၃၁–ဘုံသားတွေရဲ့ကောင်းကျိုးကို ဆောင်ရွက်တော်မူခဲ့

www.burmeseclassic.com



တယ်"

"ဘုရားရှင်အလုပ် ဗုဒ္ဓကိစ္စငါးပါးက နံနက်အရုဏ်တက်ပြီး မိုးလင်းချိန် ၆–နာရီမှ နေ့ဆွမ်းဘုဉ်းပေးပြီးချိန်ထိ ဆောင်ရွက်ရတဲ့အလုပ်ကို ပုရေဘတ္တ ကိစ္စလို့ခေါ်တယ်၊ သူရမ္ဗတ္ထဆိုတဲ့ ဒကာတစ်ယောက်ကို သောတာပန် တည်စေတာ၊ ဗာဟိယဒါရုစိရိယကို ရဟန္တာဖြစ်စေတာဟာ ဆွမ်းခံကြွရင်း ပုရေဘတ္တအချိန် အတွင်းဖြစ်တယ်။

လဆွမ်းခံပြန်ရောက်လို့ ခြေဆေးနေတဲ့အချိန် အတွင်းမှာတောင် လောကဣ ဘုရားတစ်ဆူပွင့်ပေါ် လာဖို့ ခဲယဉ်းတယ်၊

၁။ လူ့ဘဝကိုရဖို့ ခဲယဉ်းတယ်။

၂။ ရဟန်းဘဝကိုရဖို့ ခဲယဉ်းတယ်။

၃။ သဒ္ဓါတရားနဲ့ပြည့်စုံသူအဖြစ်ကိုရဖို့ ခဲယဉ်းတယ်။

၄။ သူတော်ကောင်းတရားကို နာကြားရဖို့ ခဲယဉ်းတယ်။

ဆိုပြီး ဒုလ္လဘတရားငါးပါးကို ဟောဖြစ်အောင်ဟောလိုက်သေးတယ်၊ နေ့ဆွမ်းစားပြီးသည်မှ မိုးချုပ်သည်အထိ ဆောင်ရွက်ရတဲ့ကိစ္စကိုတော့ ပစ္ဆာဘတ္တကိစ္စလို့ ခေါ်တယ်၊ ဒီပစ္ဆာဘတ္တအချိန်အတွင်းမှာ ရပ်ဝေးမှ ရောက်လာကြတဲ့ ရဟန်းရှင်လူများနဲ့ လက်ခံတွေ့ဆုံခြင်း၊ ပြဿနာဖြေကြားခြင်း၊ တရားဓမ္မဟော ဖော်ညွှန်ပြခြင်းတို့ကို ပြုတော်မူတယ်"

"ညနေချမ်း ခြောက်နာရီကနေ ညဉ့်ဆယ်နာရီခန့်အထိ စည်းဝေးရောက် လာကြတဲ့ ရဟန်းသံဃာတို့အား ပြဿနာဖြေကြားပေးခြင်း၊ တရားဟောပြခြင်း၊ ကမ္မဋ္ဌာန်းပေးခြင်းတို့ကို ပြုလုပ်တော်မူတယ်၊ ဒါကို ပုရိမယာမ ကိစ္စလို့ခေါ်တယ်၊ ညဉ့်ဦးယံအလုပ်ပေါ့"

"ညဉ့်ဆယ်နာရီလောက်ကနေ နံနက်နှစ်နာရီထိုးလောက်ထိကတော့ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေကို တရားဟောပေးရမယ်၊ ပြဿနာတွေ ဖြေရှင်း ပေးရတယ်၊ ဒါကိုတော့ မဇ္ဈိမယာမကိစ္စလို့ခေါ်တယ်၊ သန်းခေါင်ယံ အလုပ်ပေါ့"

"ကျန်တဲ့ နှစ်နာရီကနေ ခြောက်နာရီထိအချိန်ကိုတော့ သုံးပိုင်း ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ တစ်ပိုင်းမှာ တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ရတယ်၊ ပထမပိုင်း တစ်နာရီနဲ့ မိနစ်နှစ်ဆယ်မှာ ကျန်းမာရေးအတွက် စကြံလျှောက်တော် မူပါ တယ်၊ ဒုတိယပိုင်း တစ်နာရီနဲ့မိနစ်နှစ်ဆယ်ကတော့ အပန်းဖြေ အနားယူ ကျိန်းစက်ပါတယ်"

"တတိယပိုင်း တစ်နာရီနဲ့မိနစ်နှစ်ဆယ်ကတော့ ၃၁-ဘုံအတွင်းမှာ ကျွတ် ထိုက်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာကို ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်ဆိုတဲ့ ဗုဒ္ဓစက္ခုနဲ့ တစ်လောကလုံးကို အနှံ့ကြည့်ရှုတော်မူပါတယ်၊ တွေ့တာနဲ့ အရောက်သွားပြီး သစ္စာလေးပါးတရားကို ဟောကြားတော်မူတာပါပဲ၊ ဒါကိုတော့ ပစ္ဆိမယာမကိစ္စလို့ ခေါ် တယ်၊ မိုးသောက်ယံ နောက်ဆုံး ကိစ္စပေါ့"

"သက်တော်ရှစ်ဆယ်ပြည့်လို့ ပရိနိဗ္ဗာန်စံခါနီးအချိန်မှာတောင် ပါဝါမြို့ ကနေ သုံးဂါဝုတ် (ကိုးမိုင်) ဝေးတဲ့ ကုသိနာရုံမြို့ကို ဝမ်းသွားနေတဲ့ကြားက လမ်းမှာ ၂၅-ကြိမ်တိတိရပ်နားပြီး အရောက်ကြွခဲ့တယ်၊ ရည်ရွယ်ချက် ကတော့ သုဘဒ္ဒပရိဗိုဇ်ကြီး ကျွတ်တန်းဝင်မှာကို မြင်တော်မူလို့ပါပဲ၊ ဒါ့ကြောင့် ဗုဒ္ဓက 'ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ'လို့ ဟောတော်မူခဲ့ တာပါ"

"အဓိပ္ပာယ်ကတော့ ဝီရိယရှိတဲ့သူအတွက် မပြီးမစီးနိုင်တဲ့အလုပ်ကိစ္စမည်သည် မရှိ-လို့ ဆိုလိုတာပါပဲ"

"တပည့်တော်လည်း ဘာသာရေးခေါင်းဆောင်တွေအကြောင်း အတော်လေး ဖတ်ဖူးပါတယ်ဘုရား၊ ဒါပေမယ့် အခုပြောခဲ့တဲ့ ဗုဒ္ဓရဲ့ ဝီရိယပါရမီကို မီတဲ့သူ တစ်ယောက်မှ မတွေ့ခဲ့ရပါဘူးဘုရား"

"ခြောက်ခုမြောက်ပါရမီက ခန္တီပါရမီပဲ၊ သည်းခံဆိုတဲ့နေရာမှာ မိမိအပေါ် စော်ကားမော်ကားလုပ်တာကို သည်းခံရသလို အအေးဒဏ်၊ အပူဒဏ်၊ အစား အသောက်ဒဏ် စတာတွေအပေါ် မှာလည်း ဒေါသမဖြစ်အောင် သည်းခံနိုင်ရတယ်၊ လောကီအောင်မြင်မှု၊ လောကုတ္တရာ အောင်မြင်မှု ရဖို့အတွက် ခန္တီပါရမီဟာ သိပ်အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခန္တီပါရမီနဲ့ပတ်သက်ပြီး သက်တော်ရှည် စံကင်းဆရာတော်ကြီးရဲ့ အဆုံးအမ ဂါထာလေးတစ်ခုကို နားထောင်ကြည့်ရအောင် –

သီလသမာဓိပညာနံ၊
ခန္တီပဓာနကာရဏာ။
သဗ္ဗေပိကုသလာဓမ္မာ၊
ခန္တျာယတ္တာဝ ဝုယှရေ။

'သီလ၊ သမာဓိ၊ ပညာ သုံးပါးတို့သည် သည်းခံခြင်းဟူသော အကြောင်း ကြောင့်ဖြစ်၏။ အလုံးစုံသောကုသိုလ်တရားတို့သည် သည်းခံခြင်းကြောင့် သာ ကြီးပွားကြရကုန်၏။ သည်းခံသောကြောင့် အရိယာများ၊ ပစ္စေကဗုဒ္ဓါများ၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ ဖြစ်ကြသည်။ သည်းမခံသောကြောင့် အပါယ်ဘုံသားများ ဖြစ်ကြရသည်–တဲ့။

ပါရမီဆယ်ပါးထဲမှာ နေက္ခမ္မပါရမီ၊ ခန္တီပါရမီနဲ့ ဥပေက္ခာ ပါရမီ သုံးပါးဟာ အဓိကကျတယ်၊ ဒီသုံးပါးပါရင် ကျန်တဲ့ခုနစ်ပါး အကုန်ပါသွားတာပဲ၊ ဘာကုသိုလ်ပဲလုပ်လုပ် ငါကောင်းစားဖို့ဆိုတာ မပါရဘူး၊ ငါဆိုတာက ဒိဋ္ဌိကိုပြောတာ၊ ကောင်းစားဖို့က လောဘကို ပြောတာ၊ ဒိဋ္ဌိနဲ့ လောဘ ဦးစီးလာတဲ့ကောင်းမှုဟာ ဘယ်မှာလာပြီး ပါရမီထိုက် တော့မှာလဲ။

ပါရမီမထိုက်ရင် ကိလေသာကို မပယ်သတ်နိုင်ဘူး၊ ကိလေသာကို မပယ်သတ်နိုင်ရင် နိဗ္ဗာန်ကို ဘယ်ရောက်တော့မလဲ၊ ဒါ့ကြောင့် ပါရမီဆယ်ပါးထဲမှာ နေက္ခမ္မ ပါရမီဟာ အရေးအကြီးဆုံးလို့ဆိုရမယ်၊ နေက္ခမ္မ ပါရမီ ဝင်လိုက်တာနဲ့ ကောင်းမှုပြုတိုင်း သူတစ်ပါးကောင်းစားဖို့ ဖြစ်သွားတယ်၊ သူတစ်ပါးကောင်းစားဖို့လို့ ဦးတည်လိုက်တာနဲ့ ငါကောင်းစားဖို့ ဆိုတဲ့ဒိဋ္ဌိနဲ့ လောဘကို အလိုလိုပယ်သတ်ပြီးသား ဖြစ်သွားတယ်"

"နေက္ခမ္မပါရမီဝင်သွားတာနဲ့ ခန္တီပါရမီ၊ ဥပေက္ခာပါရမီတို့ အလိုလို ပါလာပုံ ဒဿနတစ်ခုကို ဆရာကြီးဦးရွှေအောင်က ဒေဝဒတ်အကြောင်း ဆောင်းပါးမှာ အခုလိုရေးခဲ့တယ်"။

လူမှန်သမျှ အလုပ်ကို တစ်ခုမဟုတ်တစ်ခုကို လုပ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ထိုသို့ လုပ်ကြရာ၌ ရည်ရွယ်ချက်သည် ရှိ၏။ ထိုရည်ရွယ်ချက်ကိုလိုက်၍ ပါရမီ သဘောနှင့် ပါရမီမဟုတ်သောသဘောသည် ကွဲပြားသွား၏။ ငါ့အတွက် သက်သက်ဟု ရည်ရွယ်လျှင် ပါရမီ မဟုတ်တော့၊ လောကအတွက်၊ သူတစ်ပါးအတွက်ပါလျှင် ပါရမီဖြစ်၏။ ပါရမီဟူသည် တူရူသာကွဲ၏။ လုပ်ငန်းချင်းကား မကွဲ။ လောကအတွက်၊ သူတစ်ပါး အတွက်ဟူ၍ ဆိုသည်နှင့် တစ်ပြိုင်နက် မိမိအတွက် တပ်မက်ခြင်းလောဘကို အလိုလို ပယ်စွန့်ပြီးသားဖြစ်၏။ ယင်းကိုပင် နေက္ခမ္မပါရမီဟု ဆိုရ၏။ နေက္ခမ္မပါရမီ သဘောသက်ဝင်လာလျှင် သာယာဖွယ် ဟူသမျှကို စွန့်နိုင်၏။ ကြံ့ကြံ့ခိုင် နိုင်၏။ ရဲရင့်လာ၏။ ထိုအခါ ခန္တီပါရမီသဘော ဝင်လာ၏။ ခန္တီပါရမီ သဘောဝင်လာလျှင် မည်သည့်ဘေးရန်ကိုမျှ မကြောက်တော့၊ မြှောက်၍ လည်းမမြှောက်၊ ချောက်၍လည်း မကြောက်၊ မိမိကျရာ တာဝန်အတိုင်း တရားသဖြင့် ဆောင်ရွက်သွားမည်သာ ဖြစ်၏။ ရရှိနိုင်မည့် အကျိုးကျေးဇူးကိုလည်း မကြည့်၊ ကျရောက်မည့်ပြစ်ဒဏ်ကို လည်းမကြည့်၊ တရားသဖြင့် ဖြစ်ရေးကိုသာကြည့်၏။ ဤသည်မှာ ဥပေက္ခာပါရမီ သဘော ဖြစ်၏။

တပ်မက်စရာကောင်းသော ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာများကို စွန့်လွှတ်နိုင်သော နေက္ခမ္မပါရမီ၊ ကြောက်စရာကောင်းသော ဘေးရန် အန္တရာယ် အသွယ်သွယ်တို့ကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့နှင့် ကြံ့ကြံ့ခိုင်နိုင်သော ခန္တီပါရမီတို့ ဖြစ်ထွန်း ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက် အကောင်းအဆိုး နှစ်မျိုးလုံးကို လျစ်လျူရှုနိုင်သော ဥပေက္ခာပါရမီသည် မလွဲမသွေ ပေါ် လာရမည် ဖြစ်၏။

ထိုပါရမီသုံးမျိုး ပေါ်ထွန်းလာသည်နှင့်တစ်ပြိုင်နက် ကျန်သော ပါရမီများသည် လွယ်လင့်တကူ ပြည့်စုံလာပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ပါရမီများ ပြည့်စုံလာခြင်းကိုပင် အရိယာမျိုးစေ့ကို စိုက်ပျိုးသည်မည်၏။ ထိုအရိယာ မျိုးစေ့သည် အောင်မြင်သည်နှင့် တစ်ပြိုင်နက် အချိန်ကျရောက်သောအခါ အရိယာအဖြစ်သို့ ရောက်ပေလိမ့်မည်။ အရိယာအဖြစ်ဟူသည် မိမိ စိုက်ပျိုး ခဲ့သော အရိယာမျိုးစေ့၏ အသီးပင်တည်း။ မျိုးစေ့ကို မစိုက်လျှင်တော့ အပင်လည်းပေါက်မည်မဟုတ်။ အပင်မပေါက်လျှင် အသီးလည်း သီး မည်မဟုတ်။

တဲ့"။

"ပါရမီကို ဖြည့်ဆည်းနေသူတွေတိုင်း ဒီအချက်ကို အရေးတကြီး သိသင့်ပါတယ်ဘုရား"

"တစ်ချို့က သည်းခံတာကို လူပျော့လူညံ့လို့ထင်ကြတယ်။ ဘုရားဖြစ်အောင် ဖြည့်ဆည်းရတဲ့ ပါရမီဆယ်ပါးထဲမှာ ခန္တီပါရမီပါနေတာကို ထောက်ဆကြည့် လိုက်ရင် သည်းခံတဲ့အလုပ်ဆိုတာ သာမာန်သူလိုကိုယ်လို ပုဂ္ဂိုလ်တွေရဲ့ အလုပ်မဟုတ်ဘူး၊ ပညာရှိသူတော်ကောင်းတွေရဲ့ အလုပ်ဆိုတာ အလွန်ထင်ရှားတယ်"

"ခန္တိဝါဒီဇာတ်မှာ ဘုရားအလောင်းရဲ့ ခန္တီပါရမီဖြည့်ပုံဟာ ကြက်သီးမွေးညှင်း ထလောက်တယ်။ ရှေးအခါက ဗာရာဏသီပြည်မှာ ကလာဗုမင်းအုပ်ချုပ် နေတယ်၊ ဘုရားအလောင်းဟာ ကြွယ်ဝချမ်းသာတဲ့ ဗြာဟ္မဏမျိုးမှာဖြစ်တယ်။ အမည်ကတော့ ကုဏ္ဍလလို့ခေါ်တယ်။ ကုဏ္ဍလအရွယ်ရောက်တဲ့အချိန်မှာ သူ့ရဲ့မိဘနှစ်ပါးဟာ တစ်သက်လုံး တစ်ကုတ်ကုတ်ရှာဖွေစုဆောင်းထားတဲ့ ကုဋေ ၈၀–ကိုထားခဲ့ပြီး သေသွားကြတယ်"

"ကုဏ္ဍလဟာ ကုဋေ ၈၀–သော ငွေကြေးဥစ္စာတွေကိုကြည့်ပြီး သံဝေဂရတယ်။ လူတွေဟာ ဒီဥစ္စာတွေမရှိတော့လည်း တောင့်တတဲ့ လောဘမီးတွေလောင်ပြီး တစ်ဘဝလုံးမသေမချင်း ရှာဖွေကြတယ်။ ဥစ္စာကြေးငွေတွေ ချမ်းသာလာပြန်တော့ ဒေါသမီးတွေလောင်ပြီး ကြောင့်ကြ ရပြန်တယ်။ မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံဆိုးဆိုတဲ့ ရန်သူမျိုးငါးပါး ဖျက်ဆီးခံရမှာကို

www.burmeseclassic.com

www.burmeseclassic.com



တွေးပူနေတာဟာ ဒေါသဆိုတဲ့ ကိလေသာမီး လောင်တာပါပဲ"
"ဒါကြောင့် ဥစ္စာကြေးငွေပေါများသူများဟာ ကြောင့်ကြမှုအပူတွေ အမြဲ လောင်နေလို့ ဆင်းရဲသားတွေပါပဲ၊ သမ္မာအာဇီဝကျကျရှာဖွေ လို့ရလာတဲ့ ဥစ္စာများကို လောကအတွက် ပြန်လည်စွန့်ကြဲခြင်းသည်သာလျှင် တကယ့်ချမ်းသာ အစစ်ပဲဆိုတာကို သိသွားတဲ့ ကုဏ္ဍလဟာ ကုဋေ ၈၀– လုံးကို စွန့်ကြဲလှူဒါန်းပြီး ရသေ့ဝတ်လိုက်တယ်"

"ဟိမဝန္တာတောထဲမှာ သစ်ရွက်တွေပြုတ်စားပြီး တရားနဲ့နေတော်မူတယ်။ အချဉ်တို့၊ အငန်တို့မစားရတော့ တောထဲမှာနေတဲ့ ရသေ့တွေရဲ့ ခန္ဓာဟာ ဖြူဖျော့ ဖျော့ဖြစ်လာတယ်။ ဒါကြောင့် မြို့ရွာကို ချဉ်ဆား မှီဝဲရအောင် လအတန်ကြာ ကပ်ရောက် နေထိုင်ကြတယ်။ ကုဏ္ဍလရသေ့လည်း ဟိမန္တာတောထဲက ကြွလာပြီး ကလာဗုမင်းရဲ့ ဥယျာဉ်ကြီးထဲမှာ ခေတ္တ သီတင်းသုံးတယ်"

"ကလာဗုမင်းရဲ့ စစ်သူကြီးက လိုအပ်သမျှလှူဒါန်းပြီး ကိုးကွယ်ဆည်းကပ်တယ်။ တစ်ရက်တော့ ကလာဗုမင်းဟာ ဥယျာဉ်ထဲမှာ သောက်စားမူးယစ်ပြီး ကချေသည်များရဲ့ဖျော်ဖြေမှုကို ခံယူနေတယ်။ အချိန်အတော်ကြာတဲ့အခါ မင်းကြီးဟာ ကချေသည်မတစ်ယောက်ရဲ့ ရင်ခွင်မှာ အိပ်ပျော်သွားတယ်"

"မင်းကြီး အိပ်ပျော်သွားတဲ့အခါ ကချေသည်မတွေဟာ ဥယျာဉ်ကြီးထဲ လှည့်ပတ်ကြည့်ရှုရင်း အင်းကြင်းပင်ကြီးတစ်ပင်အောက်မှာ သီတင်းသုံးနေတဲ့ အ လောင်းတော်ကုဏ္ဍလရသေ့ကို သွားတွေ့ကြတော့ ကြည်ညိုကြလို့ ဝိုင်းဖူးကြတယ်။ ရသေ့ဟောကြားတဲ့တရားကို နာယူကြတယ်။ ဒီအချိန်မှာ ကလာဗုမင်းက အိပ်ယာကနိုးလာပြီး အကြောင်းစုံ သိရတဲ့အခါ ရသေ့အပေါ် မနာလိုစိတ်ကြောင့် ပြင်းစွာအမျက်ထွက်တယ်"

"ဒါကြောင့် သန်လျက်ကိုကိုင်ပြီး ရသေ့ထံ အလျင်အမြန်သွားတယ်၊ ရောက်တာနဲ့ ရသေ့အား မည်သည့်ဝါဒရှိသလဲလို့ မေးတယ်၊ ရသေ့က သည်းခံခြင်း ခန္တီဝါဒရှိကြောင်းပြောလိုက်တာနဲ့ အာဏာသားတွေလှမ်းခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ရဲ့ ရင်ဘတ် နဲ့ ကျောကို ဆူးကြိမ်လုံးနဲ့ အချက်ပေါင်းများစွာ ရိုက်ခိုင်းတယ်"

"ကြိမ်လုံးမှာပါတဲ့ဆူးတွေကြောင့် အလောင်းတော်ရသေ့ရဲ့ ရင်ဘတ်နဲ့ ကျောမှာ အပေါက်အပေါက်တွေ အပြည့်ဖြစ်သွားပြီး သွေးတွေဟာ မြင်မကောင်းအောင် ယိုစီးထွက်ကျလာကြတယ်၊ ဒါကိုကြည့်ပြီး ကလာဗုမင်းက ကျေနပ်တယ်၊ ပြီးတော့ မေးလိုက်သေးတယ်၊ အသင်ရသေ့ သည်းခံတဲ့ဝါဒရှိတုန်းပဲလားတဲ့၊ ရသေ့က ရှိတုန်းပါပဲလို့ ဖြေလိုက်တာနဲ့ ရသေ့ရဲ့ နှာခေါင်းရယ်၊ နားရွက်ရယ်၊ ခြေချောင်း၊ လက်ချောင်းလေးတွေရယ်ကို ဖြတ်ခိုင်းပြန်တယ်"

"အာဏာသားတွေကလည်း ဘုရင်ခိုင်းတဲ့အတိုင်း ဖြတ်ကြပြန်တယ်၊ ဖြတ်ပြီး ထပ်မေးတော့ ရသေ့ကလည်း သည်းခံခြင်းခန္တိဝါဒရှိတယ်လို့ ဖြေတုန်းပဲ၊ ဒီအခါ ကလာဗုမင်းက ခြေထောက်အရင်း၊ လက်ချောင်း အရင်းကနေ ဖြတ်ပစ်စေပြန်တယ်၊ ဒါလည်း သည်းခံတဲ့ဝါဒရှိတုန်းပဲဆိုတော့ လူမိုက်ကြီးကလာဗုမင်း အရှုံးပေးသွားရတယ်၊ ဒီလောက်ထိ သည်းခံနိုင်လှတာ သေအောင်သည်းခံ ပေတော့ကွာလို့ ပြောဆိုကြိမ်းဝါးပြီး ကလာဗုမင်းဟာ အလောင်းတော်ရဲ့ရင်ဘတ်ကို ခြေနဲ့ကန်ပြီး ထွက်သွားတယ်"

"ဘုရင်မင်းထွက်သွားတာနဲ့ စစ်သူကြီးဟာ ဘုရားအလောင်း ရသေ့ထံ လာရောက်ပြီး တတ်နိုင်သမျှပြုစုတယ်၊ အကယ်၍ စိတ်ဆိုးလျှင် ပြည်သူ ပြည်သားတွေအပေါ် စိတ်မဆိုးဘဲ မင်းအပေါ်၌သာ စိတ်ဆိုးဖို့ ပြောတဲ့အခါ ဘယ်သူ့အပေါ်မှ စိတ်မဆိုးကြောင်း၊ သူ့ကိုနှိပ်စက်တဲ့မင်းကြီးသည် "အသက်ရှည်ပါစေ"လို့ မေတ္တာပို့ရင်း ကွယ်လွန်သွားတယ်"

"ကလာဗုမင်းလည်း ဥယျာဉ်မှထွက်လျှင်ထွက်ချင်း မြေမျိုခံရပြီး အဝီစိငရဲ ကျသွားတယ်"

"ကလာဗုမင်းဟာ တော်တော်ရက်စက်မိုက်မဲတာပါလား ဆရာတော်"

"သူက ဒေဝဒတ်အလောင်းပဲ၊ ဒီလောက်တော့ရှိမှာပေါ့၊ ပြီးတော့ စကား တစ်ခုရှိတယ်မဟုတ်လား၊ အမိုက်မှောင်ရှိလို့ အလင်းရောင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးထင်ရှားတယ်တဲ့၊ လူမိုက်ရှိလို့ လူလိမ္မာဟာ ပိုပြီးပေါ် လွင်လာတယ်တဲ့၊ အကောင်းဖက်က ကြည့်မယ်ဆိုရင် လူမိုက်တွေဟာ လူလိမ္မာတွေ ပေါ် လွင်ထင်ရှားဖို့ ရှိလာရတာလို့ ပြောနိုင်တာပေါ့"

"အလှူခံရှိမှ ဒါနပါရမီဖြည့်လို့ရသလို နှိပ်စက်သူရှိမှလည်း ခန္တီပါရမီ ဖြည့်လို့ ရတာမဟုတ်လား"

"ပါရမီတစ်ခုဖြည့်ရင် ကျန်တဲ့ကိုးပါးလုံး ပါဝင်သွားပုံကိုလည်း ရှင်းပြပါဦး ဘုရား"

ရသေ့အနေနဲ့ –

သူ့ရဲ့အသက်ကို စွန့်လွှတ်ခြင်းဟာ ဒါနပါရမီပဲ၊

ကလာဗုမင်းအပေါ် ကြမ်းတမ်းရိုင်းစိုင်းစွာမပြောခြင်းဟာ သီလပါရမီပဲ။

သည်းခံခြင်း၌သာ စိတ်ဝင်စားပြီး အခြား အကျိုးတရားများကို စိတ်မဝင်စားခြင်းဟာ နိက္ခမ္မပါရမီပဲ။

ဒေါသဖြစ်တာဟာ အကုသိုလ်ဖြစ်ပြီး ဒေါသမဖြစ်တာဟာ ကုသိုလ်ဖြစ်တယ်လို့ အမှန်အတိုင်းသိတာရယ်၊ အဲဒီလိုသိတဲ့အတိုင်း ဓားနဲ့ခုတ်တာကို ခံနိုင်အောင် ဆိုင်ရာဘာဝနာကို ပွားများခြင်းဟာ ပညာပါရမီပဲ။

ကြိုးစားပမ်းစား ဓားချက်များကို ခံနိုင်အောင် ခံယူတာကိုတော့ ဝီရိယပါရမီလို့ ခေါ် ရမှာပေါ့။

အပြောနဲ့အလုပ် ရှေ့နောက်ညီညွတ်တာကို သစ္စာပါရမီ ဆိုရမှာပေါ့။

သည်းခံမယ်လို့ဆုံးဖြတ်ထားတဲ့အတိုင်း ဆုံးဖြတ်ချက်မပျက်အောင် ကျင့်ခြင်းဟာ အဓိဋ္ဌာန်ပါရမီပေါ့။

ကလာဗုမင်းအပေါ် တစ်စုံတစ်ရာအမျက်မထွက်ဘဲ မေတ္တာထားနိုင်ခြင်းဟာ မေတ္တာပါရမီပေါ့။

သေသည်အထိ နှိပ်စက်ခံရသော်လည်း စိတ်ထားယိမ်းယိုင် တုန်လှုပ်မှုမရှိခြင်းဟာ ဥပေက္ခာပါရမီပဲ။"

"မှန်ပါ ဒီလောက်ဆို နားလည်ပါပြီဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီခန္တီပါရမီကိုလည်း အလောင်းတော်ဟာ လူ့ဘဝမှာတင်မဟုတ်ဘူး၊ တိရစ္ဆာန်ဘဝမှာလည်း ဖြည့်ဆည်းခဲ့တာပဲ၊ တီသနိပါတ်မှာ ဒုတိယမြောက် မဟာကပိဇာတ်ဆိုတာရှိတယ်၊ ဒီဘဝမှာလည်း အလောင်းတော်ဟာ မျောက်ဘဝကို ရောက်နေတယ်၊ တစ်ခါတော့ ဗာရာဏသီပြည် နယ်စပ်က ပုဏ္ဏားတစ်ယောက် ဟိမဝန္တာတောင်ခြေမှာ လယ်လုပ်ပြီး အသက်မွေး တယ်"

"တစ်နေ့မှာ လယ်ထွန်ပြီးလို့ ခဏဖြုတ်လွှတ်ထားတဲ့နွားတွေဟာ ခရီးကျွံပြီး ဟိမဝန္တာတောထဲထိ ရောက်သွားတယ်၊ ပေါက်တူးပေါက်နေတဲ့ ပုဏ္ဏားဟာ နွားတွေကို သတိမထားမိဘူး၊ သတိလည်းထားမိရော နွားတွေကို မတွေ့ရတော့ဘူး၊ ဒါ့ကြောင့် ပုဏ္ဏားဟာ ဟိမဝန္တာတောထဲ နွားလိုက်ရှာရင်း မျက်စိလည်လမ်းမှားသွားတယ်"

"အစားမစားရဘဲ ခုနစ်ရက်တိုင်တိုင် တောထဲမှာ လှည့်လည်လမ်း ရှာရင်း တည်ပင်ကြီးတစ်ပင်ကို သွားတွေ့တယ်၊ တအားဆာနေတော့ အပင်ခြေရင်းမှာ တွေ့ရတဲ့ တည်သီးတွေ လိုက်ကောက်စားတယ်၊ အောက် ကတည်သီးတွေ ကုန်သွားတော့ တည်ပင်ပေါ်တက်ပြီး အသီးတွေကို အငမ်းမရ ခူးစားပြန်တယ်၊ တည်ပင်ဟာ အတောင် ၆၀–လောက်နက်တဲ့ ချောက်ကမ်းပါးဘေးမှာ ကပ်ပေါက်နေတာကို ပုဏ္ဏားဟာ သတိမထား မိဘူး"

"ဒါ့ကြောင့် တည်ကိုင်းကျိုးကျပြီး ပုဏ္ဏားပါ ချောက်ထဲကို ကျသွား တယ်၊ လယ်သမားပုဏ္ဏားဟာ ချောက်ထဲမှာ ကယ်မယ့်သူမရှိဘဲ ဆယ်ရက် တောင်ကြာသွားတယ်၊ ဒါကို ဘုရားအလောင်းမျောက်မင်းတွေ့တဲ့အခါ ချောက်ထဲခက်ခဲစွာ ဆင်းပြီး ပုဏ္ဏားရဲ့အသက်ကို ကယ်တင်တယ်၊ အတောင် ၆၀–ကျော်ကြီးကို လူတစ်ယောက် ထမ်းပြီးတက်ရတာဆိုတော့ မျောက်မင်း ဟာ သိပ်ပင်ပန်းသွားတယ်"

"ဒါ့ကြောင့် ပုဏ္ဏားကို အစောင့်ထားပြီး ပုဏ္ဏားပေါင်ပေါ် ခဏ မှိန်းလိုက်တာ အိပ်ပျော်သွားရှာတယ်၊ ဒီအချိန်မှာ ဆယ်ရက်တိုင် အစာငတ် နေတဲ့ ပုဏ္ဏားဟာ မျောက်သားကို စားမယ်ဆိုတဲ့ အကြံနဲ့ မျောက်မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ကျောက်ခဲကြီးတစ်ခဲနဲ့ ထုသတ်တယ်၊ အစာပြတ်နေတာ ဆယ်ရက် ရှိပြီဆိုတော့ အားကမရှိဘူး၊ ဒါ့ကြောင့် မျောက်မင်းရဲ့ဦးခေါင်း ကွဲသွား ပေမယ့် သေတော့မသေဘူး၊ အလောင်း တော် မျောက်မင်းဟာ ကြောက်လန့် တကြား သစ်ပင်ပေါ် တက်ပြေးပြီး သစ်ပင်ပေါ် ကနေ ပုဏ္ဏားကို ဘယ်လိုမှ နားမလည် နိုင်တဲ့အကြည့်နဲ့ လှမ်းကြည့်နေတယ်"

"ကျေးဇူးရှင်အပေါ် မှာ လုပ်ရက်လေခြင်းဆိုတဲ့ ဝမ်းနည်းစိတ်ကြောင့် ထင် ပါရဲ့၊ မျောက်မင်းရဲ့မျက်လုံးက မျက်ရည်တွေကျလာတယ်၊ မျောက်မင်း သစ်ပင်ပေါ် တက်ပြီး ပျောက်သွားတာနဲ့ ပုဏ္ဏားဟာ ပြန်လမ်းကို မသိတဲ့ အတွက် အော်ဟစ်ငိုယိုပြီး ပတ်ဝန်းကျင် အရပ်လေးမျက်နှာကို အကူအညီ တောင်းပြန်တယ်"

"ဒီလောက်စိတ်ဓာတ်ယုတ်ညံ့မှတော့ တပည့်တော်တော့ ပုဏ္ဏားကို သတ် ပစ်မယ်ဘုရား၊ အရှင်မထားဘူး"

"အေး–ဟုတ်တယ်၊ သတ်ပစ်လောက်အောင် ဒေါသမဖြစ်တောင်မှ မျက်စိလည်လမ်းမှားပြီး သူ့ဟာသူ သေချင်သေဆိုတဲ့စိတ်နဲ့ တောထဲပစ်ထား လောက် အောင်တော့ ဒေါသဖြစ်ဦးမှာပဲ၊ ဒါက လူသာမန်တွေ ရဲ့စိတ်ကိုး– ကွ၊ အခုဟာက ဘုရားအလောင်း ဆိုတော့ သည်းခံနိုင်တယ်၊ သစ်ပင်တွေ ပေါ် ကနေ သွေးစက်တွေချပြီး ပုဏ္ဏားကို လမ်းပြပေးသွားတယ်"

"ပုဏ္ဏားဟာ မျောက်မင်းချပြတဲ့သွေးစက်တွေအတိုင်း လိုက်လာရင်း ဗာရာဏသီပြည်နားကို ရောက်လာတယ်၊ လမ်းမှာ ရေအိုင်တစ်အိုင် တွေ့ တာနဲ့ သောက်မယ်ဆိုပြီး ရေအိုင်ထဲဆင်းလိုက်တာ ရေထိတဲ့နေရာတိုင်းမှာ ကုဋ္ဌ နူနာတွေ ပေါက်လာပြီး တစ်ကိုယ်လုံးကူးသွားတယ်၊ နူနာရောဂါကြီးကို ခုနစ်ရက်တိတိ ခံစားပြီး တဲ့နေ့ကျမှ မြေမျိုပြီး အဝီစိငရဲကို ကျသွားတယ်"

"ဘုရားအလောင်းဟာ ကောင်းမြတ်တဲ့ပါရမီတွေကို ဖြည့်နေတဲ့ ကြားက ဘာဖြစ်လို့ တိရစ္ဆာန်ဘဝမျိုးတွေကို ရောက်ရတာလဲဘုရား"

"အေး – အဲဒီမေးခွန်းကို ဦးရွှေအောင်ရဲ့ ကိုယ်ကျင့်ဗုဒ္ဓဝင် စာအုပ် ထဲက အတိုင်းပဲ ဖြေလိုက်ချင်တယ်၊ ဦးရွှေအောင်က အခုလို အဖြေပေးထား

www.burmeseclassic.com

www.burmeseclassic.com



တယ် –

ဤဇာတ်တော်၌ ဘုရားအလောင်းသည် မျောက်ဖြစ်၏။ ခန္တိဝါဒီဇာတ်၌ ဘုရားအလောင်းသည် ပုဏ္ဏားဖြစ်၏။ မျောက်၏ပဋိသန္ဓေသည် အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်၍ ပုဏ္ဏား၏ပဋိသန္ဓေသည် ကုသိုလ်၏ အကျိုးဝိပါတ်ဖြစ်၏။ ထို့ကြောင့် မဟာကပိဇာတ်တော်အရ ဘုရားအလောင်း သည်ပင် ရှေးဘဝ၌ မကောင်းမှုဒုစရိုက်ကို ကျူးလွန်ခြင်းကြောင့် တိရစ္ဆာန် မျောက်ဘဝ၌ပင်ဖြစ်ရ၏။

သို့ရာတွင် သူ၏သန္တာန်၌ မေတ္တာစိတ်သည် အပြည့်ရှိ၏။ သူ၏ မေတ္တာစိတ်သည် သည်းခံခြင်းခန္တီသဘောကို ဆောင်၏။ ထို့ကြောင့် မျောက်မင်းသည် ပုဏ္ဏားအပေါ် သည်းခံနိုင်ခြင်းဖြစ်၏။ ရှေးရှေးဘဝက အကုသိုလ်ဒုစရိုက်ကို ကျူးလွန်ခြင်းမှာလည်း သူ၏ အကျိုးစီးပွားအတွက် ကျူးလွန်ခြင်းမဟုတ်၊ လောက၏ အကျိုးစီးပွားအတွက် ကျူးလွန်ခြင်းဖြစ်၏။ သို့ဖြစ်၍သာ သူသည် အကုသိုလ် ကံကြောင့် မျောက်ဖြစ်ပါလျက် ပါရမီကုသိုလ်ကံကြောင့် လူထက်မြင့်သော စိတ်နေစိတ်ထားကို ခံယူထားနိုင်ခြင်းဖြစ်၏။

> အမှန်အားဖြင့် ပါရမီဟူသည် အနစ်နာခံခြင်း အပေါ်၌ တည်ဆောက်မှုဖြစ်၏။ ထို့ကြောင့် မည်မျှ ကြီးမားသောကောင်းမှု များကို လုပ်လုပ်၊ အနစ်နာခံခြင်း သဘောမပါလျှင် ယင်းလုပ်ငန်း သည် ပါရမီအဖြစ်သို့ မရောက်၊ သာမန် ကုသိုလ်အဖြစ်သာ ရပ်တည်၏။ အနစ်နာခံခြင်း ဟူသည်မှာ အများအတွက် မိမိ၏ ကိုယ်ကျိုးကို စွန့်ခြင်းဖြစ်၏။ မိမိ၏ ဘဝကို စတေးခြင်းဖြစ်၏။

အနစ်နာခံခြင်းသည် ကြီးမားသော အာနုဘော်ရှိ၏။ ထိုအာနုဘော်ကြောင့် ပါရမီဟူသည် မိမိအတွက် နစ်နာသဖြင့် အသွင်အားဖြင့် မနှစ်မြို့ဖွယ်ဖြစ်သော်လည်း လောကအတွက်အနှစ်သာရအားဖြင့် စံအဖြစ် မြတ်နိုးဖွယ်ဖြစ်၏။

ကမ္မနိယာမအရ အကုသိုလ်လုပ်လျှင် မကောင်းကျိုးကိုရ၏။ ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်လျှင် ကောင်းကျိုးကိုရ၏။ ဘုရားလောင်း မျှောက်ဖြစ်ရခြင်းသည် အကုသိုလ်ကြောင့် ဖြစ်၏။ ခန္တီပါရမီကို ကျင့်နိုင်ခြင်းသည် ကုသိုလ်ကြောင့် ဖြစ်၏။ စိတ်တို့သည် လျှင်မြန်ကုန်၏။ ခဏအတွင်း၌ပင် ကုဋေ တစ်သိန်းခန့် ဖြစ်ပျက်နိုင်၏။ သို့ဖြစ်လေရာ အကုသိုလ်လုပ်ငန်း၌လည်း ကုသိုလ်သဘော သည် ပါနိုင်၏။ ကုသိုလ်လုပ်ငန်း၌လည်း အကုသိုလ် သဘောသည် ပါနိုင်၏။ ထိုသို့ပါရာတွင် အကုသိုလ်က မကောင်းကျိုး ပေး၏။ ကုသိုလ်က ကောင်း ကျိုးကိုပေး၏။ သူ့ကံနှင့် သူ့အကျိုး သပ် သပ်စီဖြစ်၏။

ဤလောက၌ အများအတွက် မိမိဘဝကို စတေးကြသောပုဂ္ဂိုလ်များ ရှိကြပါ၏။ အသက်ကို အသေခံ၍ပင် အနစ်နာခံသူများ ရှိကြပါ၏။ သို့ရာတွင် ဘဝကိုစတေးတိုင်း ပါရမီမြောက်သည်မဟုတ်။ အသက်ကို အသေခံတိုင်း ပါရမီမြောက်သည်မဟုတ်။ ဒေါသအာဃာတဖြင့် စတေး သည်လည်းရှိ၏။ မာန်မာနဖြင့် စတေးသည်လည်း ရှိ၏။ ထိုကဲ့သို့ စတေး ခြင်းကား ပါရမီမြောက်သော စတေးခြင်း မဟုတ်၊ အများအတွက် စတေး ခြင်းသည် အသွင်အားဖြင့် မြတ်နိုးဖွယ်ချည်း ဖြစ်သည်မှန်၏။ အနှစ်သာရ အားဖြင့်မူ မြတ်နိုးဖွယ်ဖြစ်ချင်မှဖြစ်၏။

ဒေါသအာဃာတဖြင့်စတေးလျှင်ဖြစ်စေ၊ မာန်မာနဖြင့်စတေးလျှင် ဖြစ်စေ၊ သူရဲကောင်းဖြစ်လို၍ စတေးလျှင်ဖြစ်စေ၊ ထိုသို့စတေးခြင်းသည် အတ္တအပေါ် အခြေခံ၍ စတေးခြင်းသာဖြစ်၏။ အတ္တအပေါ် အခြေခံ၍ စတေးခြင်းသည် အနှစ်သာရအားဖြင့် အကုသိုလ်ချည်းဖြစ်သဖြင့် မြတ်နိုး ဖွယ်မဖြစ်၊ အနှစ်သာရအားဖြင့်ပါ မြတ်နိုးဖွယ်ဖြစ်သော စတေးခြင်း ဟူသည် မှာ လောကကို စောင့်ရှောက်ရန်အတွက် ဓမ္မကို စောင့်ရှောက်ရန်အတွက် အတ္တအပေါ်အခြေမခံဘဲ အဒေါသခေါ် မေတ္တာစိတ်သက်သက်ဖြင့်သာ စတေးခြင်းဖြစ်၏။ ထိုသို့စတေးနိုင်ပါမှလည်း ပါရမီသဘောသို့ သက်ဝင် နိုင်၏။

မျိုးချစ်စိတ်သည်လည်း ဘဝကိုစတေးနိုင်စေပါ၏။ ကမ္ဘာ့သမိုင်း၌ ဟစ်တလာ၏ မျိုးချစ်စိတ်သည် အံ့ဖွယ်ရှိပါ၏။ သို့ရာတွင် သူ၏မျိုး

www.burmeseclassic.com

www.burmeseclassic.com



ချစ်စိတ်ကား အတ္တအပေါ် တည်ဆောက်ထားသော မျိုးချစ်စိတ်ဖြစ်၏။ ထို့ကြောင့် သူ၏ မျိုးချစ်စိတ်သည် ကမ္ဘာ၏ မြတ်နိုးမှုကို မခံယူရခြင်းဖြစ်၏။ အမှန်အားဖြင့် အတ္တ အပေါ် တည်ဆောက်ထားသော မျိုးချစ်စိတ်သည် စွန့်စားမှုကို ဖြစ်စေနိုင်၏။ ဘဝကို စတေးနိုင်စေ၏။

> သို့ရာတွင် ထိုစွန့်စားမှုမျိုး၊ ထိုစတေးမှုမျိုးသည် ပါရမီမြောက်သော စွန့်စား မှုမျိုးလည်းမဟုတ်၊ ပါရမီမြောက်သော စတေးမှုမျိုးလည်း မဟုတ်၊ ပါရမီ မြောက်သော စွန့်စားမှုမျိုး၊ ပါရမီမြောက်သော စတေးမှုမျိုး ဟူသည် အတ္တအပေါ်၌ အခြေမတည်ဘဲ အဒေါသအပေါ်၌ အခြေ တည်သော စွန့်စားမှုမျိုး၊ အဒေါသအပေါ်၌ အခြေတည်သော စတေးမှုမျိုးသာဖြစ်၏။
>
> ထိုကဲ့သို့သော စွန့်စားမှုမျိုး၊ ထိုကဲ့သို့သော စတေးမှုမျိုးသာ ဖြစ်ရိုး မှန်လျှင် ထိုစွန့်စားမှုမျိုး၊ ထိုစတေးမှုမျိုးသည် ကျောက်သား ထက်ပင် မာကျောသော နှလုံးသားပိုင်ရှင် ရန်သူကိုပင် မျက်ရည် ဝဲစေနိုင်၏။ ဤ သဘောကို ဒေဝဒတ်၏ ဘဝနိဂုံး၌ တွေ့ရ၏။ ဒေဝဒတ်သည် နောက်ဆုံး၌ မြတ်စွာဘုရား၏ မေတ္တာကို နားလည် ပြီး သနားဖွယ်မျက်ရည်ဝဲခဲ့ရရှာ၏။ ဤသည်မှာ ပါရမီ၏ အောင်ပွဲဖြစ်၏။ ပါရမီ၏ အာနုဘော် ဖြစ်၏–တဲ့။

ဒီလောက်ဆိုရင် အလောင်းတော်ဟာ ဘာ့ကြောင့် တိရစ္ဆာန်ဘဝကို ရောက် ရတယ်၊ ဘယ်လိုစိတ်ထားမျိုးနဲ့ ကုသိုလ်ပြုမှ ပါရမီထိုက်တယ်ဆို တာတွေကို နားလည်ရောပေါ့"

"မှန်ပါ နားလည်ပါပြီ၊ နောက် သစ္စာအကြောင်းကို ဆက်ပါဦး ဘုရား"

"အမှန်ကိုပြောတာကိုပဲ သစ္စာပါရမီလို့ ခေါ်တာပါပဲ၊ အမှန်ကို ပြော ခြင်း သစ္စာကို မဟာဗုဒ္ဓဝင်ကျမ်းမှာ သုံးမျိုးခွဲပြထားတယ်၊ အဲဒီသုံးမျိုးက

၁။ တစ်ဖက်သားယုံကြည်စေရန် အမှန်ကိုပြောဆိုခြင်း –သဒ္ဓဟာပနသစ္စာ။

၂။ မိမိတို့အလိုရှိအပ်သောအရာ ပြည့်စုံစေရန် အမှန်ကိုပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်း ဣဋ္ဌာပူရဏာသစ္စာ

. ၃။ မဟုတ်မမှန်သောစကားမှရှောင်ကြဉ်ရန် အမှန်ကိုပြောဆိုခြင်း မုသာဝိရမဏာသစ္စာ

တို့ပဲ၊ ဘုရားအလောင်းဟာ နုစဉ်အခါတုန်းက သူ့အသက်သတ်ခြင်း၊ သူ့ အိမ်ယာကိုပြစ်မှားခြင်း စတဲ့အကုသိုလ်ကံတွေကိုတော့ ကျူးလွန်ဖူးတယ်၊ ဒါပေမယ့် မုသာဝါဒကံကိုတော့ ဘယ်ဘဝမှာမှ မကျူးလွန်ခဲ့ဘူးတဲ့၊ ဒီအကြောင်းကို နဝကနိပါတ်၊ ဟရိတစဇာတ် အဋ္ဌကထာမှာ အခုလိုဖွင့်ပြထားတယ် –

ဘုရားအလောင်းတော်အား အချို့သောဘဝ၌ အသက်ကို သတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းတို့သည် ဖြစ်ကုန်၏။ သူ့သားမယားကို ပြစ်မှားခြင်းသည်လည်း ဖြစ်၏။ သို့သော်သူ့ အကျိုးစီးပွား ပျက်ပြားလောက်သော လှဲချော်စေလိုမှုကို ရှေးရှု၍ မုသားပြောခြင်းကား ဘယ်အခါမှ မဖြစ်ခဲ့ချေ။

ဘဝသံသရာတစ်လျှောက်လုံး မုသာဝါဒကံကို ဘာ့ကြောင့် စောင့်ထိန်းခဲ့ရတာလဲဆိုရင် မုသားပြောတဲ့သူဟာ မလုပ်ရဲတဲ့အကုသိုလ်ကံ တစ်ခုမှမရှိတဲ့အတွက်ကြောင့်ပဲ၊ ရာဟုလောဝါဒသုတ်မှာလည်း အရှင် ရာဟုလာကို ဗုဒ္ဓက မုသာဝါဒနဲ့ ပတ်သက်ပြီး ဆုံးမခဲ့ဖူးတယ်။

ရေတွေသွန်ချပြီး မှောက်ထားတဲ့ခွက်ထဲမှာ ရေကြွင်းရေကျန် မရှိနိုင် တော့သလို မုသားပြောသူရဲ့သန္တာန်မှာလည်း သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး တစ်ပါးမှမရှိတော့ဘူး၊ ဒါ့ကြောင့် မုသားဆိုရင် ရယ်စရာတောင် မပြောပါနဲ့–တဲ့။

သစ္စာပါရမီဖြည့်ဆည်းပုံနဲ့ပတ်သက်ပြီး ဇာတ်တော်အနည်းငယ်ကို ပြောပြ မယ်၊ အသီတိနိပါတ်၊ မဟာသုတသောမဇာတ်မှာ အလောင်းတော် သုတသောမမင်းဟာ လူသားစား ပေါရိသာဒရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရတယ်၊ သတ်ခါနီးကျမှ သုတသောမမင်းက သူ့ကို ခေတ္တ ပြန်လွှတ်ပေးဖို့အကြောင်း ခွင့်တောင်းတယ်၊ ပြန်လာမှသတ်ပါပေါ့၊ ဘာ့ကြောင့် ဆိုဗာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ချင်တာလဲဆိုတော့ နန္ဒပုဏ္ဏားဆီက ဂါထာလေး ဂါထာကိုနာယူဖို့ အကြောင်း မှာထားတဲ့ ကတိစကား ရှိလို့ပါတဲ့"

"ပေါရိသာဒက ဘယ်ယုံမလဲ၊ သေတွင်းထဲက လွတ်သွားသူ တစ်ယောက် သေတွင်းထဲကို ဘယ်လိုနည်းနဲ့မှ ပြန်မလာနိုင်ဘူးလို့ တွက်ထားလို့ပါ၊ အသက်ကို သစ္စာထက်တန်ဖိုးထားသူတွေအတွက် ဒီအတွေးအခေါ်ဟာ မှန်ချင်မှန်မယ်၊ ဘုရားလောင်းလို အသက်ထက်သစ္စာကို တန်ဖိုး ထားသူ အတွက်ကတော့ ဒီ အတွေးအခေါ်ဟာ မမှန်ဘူး"

"ဒါ့ကြောင့်လည်း အလောင်းတော်ဟာ ပေါရိသာဒယုံအောင် သစ္စာ ပြုပြတယ်၊ သစ္စာပြုပြပုံက - ငါသည် ပြန်လာမည်ဟူသော စကားကို မှန်သည့်အတိုင်း ပြောတာဖြစ်လျှင် ဤသံလျက်သွား၊ လှံသွားတို့သည် ငါ့လက်ကို မထိခိုက်ပါစေနှင့်၊ မုသားပြောတာဖြစ်ခဲ့လျှင် ငါ့လက်များ ထိခိုက်ပါစေဆိုပြီး ထက်လှတဲ့ သန်လျက်သွားတွေ၊ လှံသွားတွေကို လက်နဲ့ ဆုပ်ချေတယ်"

"မှန်တဲ့စကားကိုပြောတာဖြစ်လို့ လက်ကိုဘာမှထိခိုက်မှုမရှိဘူး၊ ဒီသစ္စာမျိုးဟာ တစ်ဖက်သားယုံရန် အမှန်ကိုပြောတာဖြစ်တဲ့အတွက် သဒ္ဒဟာပနသစ္စာလို့ ခေါ်တယ်၊ ပေါရိသာဒဆီက ခွင့်ရတာနဲ့ နန်းတော်ကို ပြန်လာပြီး နန္ဒပုဏ္ဏားဆီက ဂါထာ လေးဂါထာကို နာယူတယ်"

သုတသောမမင်းရဲ့ မယ်တော်၊ ခမည်းတော်တွေက ပေါရိသာဒဆီ ပြန်မသွားဖို့၊ တပ်နဲ့ထွက်တိုက်ဖို့ အကြံပေးကြတယ်၊ အလောင်းတော်က လက်မခံဘဲ ပေါရိသာဒဆီကို အသတ်ခံဖို့ ရဲဝံ့စွာပြန်သွားတယ်၊ အသတ်ခံ ရမှာသိရက်နဲ့ ပြန်လာတာကို မြင်လိုက်ရတယ်ဆိုရင်ပဲ ပေါရိသာဒဟာ သုတသောမမင်းကို လေးစားသွားတယ်၊ သတ်လိုစိတ်မရှိတော့ဘူး"

"ဒါ့ကြောင့် သုတသောမမင်းနာယူခဲ့တဲ့ ဂါထာလေးဂါထာကိုပြန်လည် နာယူပြီး သူတော်ကောင်းကြီးဖြစ်သွားတယ်၊ သုတသောမမင်းရဲ့ သစ္စာ တန်ခိုးဟာ ယဇ်ပူဇော်ခံရမယ့် တစ်ရာသောမင်းတွေရဲ့ အသက်ကို ကယ်တင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သလို ပေါရိသာဒကိုလည်း လူသတ်သမားဘဝနေ သူတော် ကောင်းဘဝ ကို ရောက်သွားစေခဲ့တယ်"

"နဝကနိပါတ်၊ ဟရိတစဇာတ်မှာလည်း အလောင်းတော်ဟာ သစ္စာ တရားကို အသက်ထက်တန်ဖိုးထားပုံကို တွေ့ရတယ်၊ အဲဒီဇာတ်တော်မှာ ဘုရားလောင်း ဟရိတစအမည်ရှိတဲ့ အမျိုးသားဟာ ငယ်ရွယ်နုနယ် စဉ်က တည်းက ဟိမဝန္တာတောထဲမှာ ရသေ့ဝတ်ပြီး အားထုတ်လိုက်တာ ဈာန် အဘိညာဉ်တွေကိုတောင် ရရှိသွားတယ်"

"နှစ်ကြာလာတဲ့အခါ ချဉ်ဆားမှီဝဲဖို့အတွက် ဗာရာဏသီပြည်ကို ကြွလာပြီး မင်းဥယျာဉ်မှာ ခေတ္တနေထိုင်တယ်၊ ဗာရာဏသီမင်းကြီး တွေ့မြင် တဲ့အခါ အလွန် ကြည်ညိုပြီး နန်းတော်ထဲမှာ နေ့စဉ်ဆွမ်းကပ်တယ်၊ မင်း ဥယျာဉ်ထဲမှာလည်း အမြဲ သီတင်းသုံးဖို့ လျှောက်ထားတယ်၊ ဟရိတစ ရသေ့ ဟာ မင်းကြီးရဲ့သဒ္ဓါကို ထောက်ထားပြီး လက်ခံလိုက်တယ်"

"တစ်နေ့တော့ မင်းကြီးဟာ ပစ္စန္တရာဇ်အရပ်က လူဆိုးတွေကို နှိမ်နင်း ဖို့ စစ်ထွက်သွားရတယ်၊ ဒါ့ကြောင့် နေ့စဉ်ဆွမ်းကပ်ရမယ့်တာဝန်ကို အလွန် လှပတဲ့ မိဖုရားကြီးအားပေးခဲ့တယ်၊ မိဖုရားကြီးကလည်း ဂရုတစိုက် နေ့စဉ် ဆွမ်း ကပ်တယ်၊ တစ်ရက်တော့ မိဖုရားကြီးဟာ ရေမိုးချိုး ဖီးလိမ်းပြင်ဆင် ပြီး လေသာပြူတင်းနားက သလွန်ပေါ် မှာ ခေတ္တလဲလျောင်းနေတယ်"

"ဆွမ်းပွဲပြင်ပြီးလို့ ရသေ့ကိုစောင့်နေတာပါ၊ အဲဒီအချိန်မှာ ဟရိတစ ရသေ့က ဈာန်နဲ့ကြွလာပြီး လေသာပြတင်းပေါက်နား ရောက်လာတယ် ဆိုရင်ပဲ မိဖုရားကြီးဟာ လဲလျောင်းရာကနေ အလျင်စလိုထလိုက်ရာမှာ နူးညံ့ချောမွေ့နေတဲ့ ခါးဝတ်ထမီဟာ လျှောကျသွားတယ်၊ ဒီမှာတင် ရေအိုင် ထဲကြီးမားတဲ့ ခဲကြီးတစ်လုံး ကျသွားသလို ရသေ့သန္တာန်မှာ ကိလေသာ ကာမရာဂမီးတွေ တဟုန်းဟုန်းတောက်လောင်လာပြီး မိဖုရားကြီးနဲ့ ကျူး လွန်မိတဲ့အဖြစ်ကို ရောက်သွားတယ်"

"မေထုန်ရယ်၊ အရက်ရယ်၊ လောင်းကစားရယ် ဒီသုံးမျိုးဟာ ရောင့်ရဲ လို့ မရကောင်းတဲ့တရားလို့ အင်္ဂုတ္တိုရ်မှာ ဟောထားတယ်၊ အခုလည်း ဟရိ

www.burmeseclassic.com



တစရသေ့ဟာ ကိလေသာမီးတွေလောင်နေတော့ မိမိကိုယ်မိမိ ကိလေသာ ကာမဂုဏ်တွေကို ခွာရှောင်နေတဲ့ ရသေ့တစ်ပါးဆိုတာကိုတောင် မေ့သွားပြီး ရက်အတော်ကြာတဲ့အထိ ကာမဂုဏ်ရေယာဉ်ကြောမှာ နစ်မြော နေတယ်"

"မင်းကြီးလည်းပြန်လာရော မျက်မြင်သက်သေတွေက ဖြစ်ရပ်မှန် အလုံးစုံကို လျှောက်ထားကြတော့တာပေါ့"

"ဒါဆိုရင် ရသေ့ကြီးတော့ ဒုက္ခရောက်တော့မှာပေါ့ဘုရား"

"အင်း – မင်းကြီးသာ သူတော်ကောင်းစာတ်ခံမရှိသူဆိုရင် ရသေ့ကြီး သေရုံရှိတော့တာပေါ့၊ ဒါပေမယ့် မင်းကြီးက သူတော်ကောင်းဓာတ်ခံရှိတယ်၊ ပညာလည်းရှိတယ်၊ ဒါ့ကြောင့် ဝုန်းကနဲ ဒေါသမဖြစ်ဘဲ လျှောက်တင် လာတဲ့ စကားတွေကို သေချာစဉ်းစားတယ်"

"ရသေ့ကြီးကိုကြည်ညိုတဲ့ သဒ္ဓါဓာတ်ခံကအားကြီးတော့ မင်းကြီး ဟာ ဘယ်သူကဘာပြောပြော မယုံဘူး၊ ရသေ့ကြီးနှုတ်ကဝန်ခံမှပဲ ယုံမယ် ဆိုတဲ့စိတ်နဲ့ ရသေ့ကြီးကို ဟုတ်၊ မဟုတ် လာမေးတော့တာပဲ"

"ရသေ့ကြီးက ဘယ်လိုပြန်ပြောလိုက်သလဲဘုရား"

"ဒီနေရာဟာ အရေးကြီးဆုံးပဲ၊ ကာယကံရှင်ဖြစ်တဲ့ မင်းကြီး တစ်ယောက်လုံးက ရသေ့ကြီးဘက်က ပါနေတယ်၊ မင်းကြီးကမေးပုံ ကိုကြည့်။

အို၊ ရှင်ရသေ့၊ ရှင်ရသေ့သည် ကာမဂုဏ်ကိုမှီဝဲ၏ဟု ပြောဆိုနေကြ သည်ကို တပည့်တော် ကြားရပါသည်။ ထိုစကားမှာမဟုတ် မတရား လွဲမှားစွာ ပြောဆိုအပ်သော စကားသာဖြစ်သည်။ အရှင်မြတ်ကား အကျင့် သီလ စင်ကြယ်စွာဖြင့်ပင် နေတော်မူ၏ဟု တပည့်တော် ထင်ပါသည်။ အသို့ပါ နည်း။ ဒကာတော်ယူဆသည့်အတိုင်း မှန်ကန်ပါ၏လော–တဲ့။ ရသေ့ ဘက် ကနေလိုက်ပြီး မေးထားတာ။ ရသေ့ကသာ မဟုတ်ပါဘူးဆိုရင် တစ်ခွန်း တည်းနဲ့ ပြီးသွားပြီ။ တစ်ခါ အမှန်ကိုပြောလို့ သိသွားပြီဆိုရင် သေဒဏ် ကျဖို့ဟာ ရာခိုင်နှုန်းပြည့်ဖြစ်နေတယ်။ အသက်နဲ့ သစ္စာတရား တစ်ခုခုကို ရွေးရတော့မယ်။ အလောင်းတော်ဟာ သစ္စာတရားကိုပဲ ရွေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးနဲ့ ဖောက်ပြားမိတဲ့အကြောင်း အမှန်အတိုင်း ဝန်ခံ လိုက်တယ်"

အပြစ်ဆိုတာ ဝန်မခံရဲရင် နှစ်ဆတိုးလာတတ်တယ်၊

ကျူးလွန် မိတာက တစ်ပြစ်၊ လိမ်တာကတစ်ပြစ်ဆိုတော့ နှစ်ဆတိုး

လာတာ ပေါ့၊ အပြစ်ကို ဝန်ခံရဲရင် တစ်ခုတည်းနဲ့ ပြီးသွားတာပေါ့။

မင်းကြီးက ဒေါသကို ပညာနဲ့ထိန်းပြီး သူတော်သူမြတ်တစ်ပါး အနေနဲ့ တဏှာရာဂကို ပညာချွန်းနဲ့အုပ်ထားသင့်ကြောင့် ဆုံးမစကား ချှောက်ထားတယ်၊ အလောင်းတော်ဟာ သံဝေဂကြီးစွာရပြီး ကသိုဏ်းဝန်း တွေကို ပြန်ပြီးဆင်ခြင် ပွားများလိုက်တာ ဈာန်အဘိညာဉ်များကို ပြန်လည် ရရှိ သွားတယ်၊ လူသူတွေနဲ့ နေမိလို့သာ ဒီလိုအပြစ်တွေဖြစ်တာဆိုတာ သိသွားတဲ့ ရသေ့ကြီးဟာ ဟိမဝန္တာတောထဲကို အပြီးပြန်သွားတယ်"

စာရေးသူ၏ စကားအဆုံးတွင် မောင်ရဲမြင့်သည် ရုပ်ပွားတော်ရှိရာသို့ လက်အုပ်ချီမိုးရှိခိုးကာ မျက်ရည်များဝိုင်းလျက်က ခုလိုပြော၏။

"မြတ်စွာဘုရားဟာ အလောင်းတော်ဘဝကတည်းက ကြည်ညိုစရာ ကောင်းတာပါဘုရား"

"အေး – အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးလည်း မင်း အခု ပြောသလို ပြောဖူးတယ်၊ တို့က ဘုရားဖြစ်မှ ကြည်ညိုတာ မဟုတ်ဘူး၊ အလောင်းတော်ဘဝကတည်းက ကြည်ညိုတာတဲ့"

"ဒါ့ကြောင့် ဆရာတော်ကြီးဟာ စာချရင်းဖြစ်စေ၊ စကားပြောရင်း ဖြစ်စေ ဘုရားရှင်အကြောင်းနဲ့ ဆက်စပ်လာပြီဆိုရင် လက်အုပ်လေး ချီတော့တာပဲ၊ ဘုရားကို အဲဒီလောက်ကြည်ညိုတာ"

"ရှေ့မှာ သစ္စာသုံးမျိုးအကြောင်းပြောတုန်းက သဒ္ဒဟာပနသစ္စာ အ ကြောင်းကိုတော့ ပုံစံထုတ်ပြီး ရှင်းခဲ့ပါတယ်ဘုရား၊ ဣဋ္ဌာပူရဏသစ္စာ နဲ့ မုသာ ဝိရမဏသစ္စာကိုတော့ ပုံစံထုတ်ပြီး ရှင်းမပြရသေးဘူးဘုရား"

"ဒါဆိုလည်း ဆက်ရှင်းကြတာပေါ့၊ ရှေ့မှာ ဘုရားအလောင်း သိဝိမင်း ဘဝတုန်းက မျက်စိနှစ်လုံးဖောက်လှူခဲ့တဲ့အကြောင်း ပြောခဲ့တယ် မဟုတ်ဘူး လား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ၊ ပြောခဲ့ပါတယ်ဘုရား"

"မျက်လုံးနှစ်ဖက်ကန်းပြီးတဲ့နောက် သိဝိမင်းဟာ ဘုရင်ဘဝနဲ့ မတန်တော့ဘူးဆိုပြီး ထီးနန်းကို မှူးကြီးမတ်ရာတွေ လွှဲပေးလိုက်တယ်၊ သူကတော့ ရေကန်ကြီးတစ်ကန်ရဲ့ဘေးမှာ အထီးကျန်သွားနေတယ်၊ ဒီအချိန်မှာ သိကြားမင်း ရောက်လာပြီး မင်းကြီးလိုတဲ့ဆုကို ပြောပါဆိုတော့ သိဝိမင်းကြီးက မြန်မြန်သေ စေမယ့်ဆုကို တောင်းတယ်"

"ဒီတော့ သိကြားမင်းက တကယ်သေချင်လို့ ဒီဆုကိုတောင်း တာလား၊ မျက်စိ မမြင်ရလို့လားဆိုတော့ မျက်စိမမြင်ရလို့ပါလို့ အလောင်းတော်ကဖြေတယ်၊ တကယ်တော့ မျက်စိနှစ်လုံးကို သိကြားမင်းက ပုဏ္ဏားယောင်ဆောင်ပြီး အလှူခံထားတာ၊ အလောင်းတော် ဒါနပါရမီပြည့်အောင်တော့ သူကူညီနိုင်ခဲ့တယ်၊ အလောင်းတော်မျက်စိ အစားပြန်ရအောင်တော့ သူမတတ် နိုင်ဘူး"

"ဒါ့ကြောင့် သူက အကြံတစ်ခုပေးတယ်၊ မင်းကြီးရဲ့စေတနာကို သစ္စာပြုပြီး မျက်စိအစားပြန်ရဖို့ အဓိဋ္ဌာန်ပါဆိုတော့ ဘုရားအလောင်းက သစ္စာပြုပြီး အဓိဋ္ဌာန်တယ်"။

"ငါသည် ပုဏ္ဏားကို မျက်စိနှစ်လုံးလှူရသည့်အတွက် ယခုအချိန်ထိ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါသည်။ ဝမ်းနည်းခြင်း၊ နောင်တရခြင်း မရှိပါ၊ ဤ သစ္စာစကားကြောင့် မျက်စိနှစ်လုံးပြန်ရပါစေ။

အဲဒီ သစ္စာအဆုံးမှာ မျက်လုံးနှစ်လုံးကို ပြန်ရသွားတယ်၊ အဲဒီလို သစ္စာပြုပြီး မိမိလိုရာကို ရအောင်ယူတာမျိုးကို ဣဋ္ဌပူရဏသစ္စာလို့ခေါ်တယ်၊ သဗ္ဗဟာပနသစ္စာနဲ့ ဣဋ္ဌာပူရဏသစ္စာတို့ စွမ်းရည်ထက်မြက်ဖို့အတွက် သုံးခုမြောက် မုသာဝိရမဏသစ္စာဟာ အဓိကကျတဲ့နေရာက ပံ့ကိုင်ပေး နေတယ်"

"မုသားမှ ရှောင်ကြဉ်ဆိုတာ ပဓာနနည်းနဲ့ပြောလိုက်တာ၊ တကယ်တော့ ဝစီဒုစရိုက်လေးပါးလုံးက ရှောင်ကြဉ်မှ သစ္စာဟာ အစွမ်း ထက်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကုန်းချောစကားပြောရင်၊ ရန့်ရင်း ကြမ်းတမ်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားပြောရင်၊ ပြိန်ဖျင်းတဲ့စကားကိုပြောရင်လည်း မုသား ဆိုတာ အနည်းနဲ့အများတော့ ပါတာပဲ၊ ဒါကြောင့် သစ္စာစကားမှာ တည်ချင်တဲ့သူဟာ ဝစီ ဒုစရိုက်လေးပါးလုံးက ရှောင်ကြဉ်ရမယ်"

"ရှစ်ခုမြောက်ပါရမီအကြောင်းကို ဆက်ပါဦးဘုရား"

"ရှစ်ခုမြောက်ပါရမီက အဓိဋ္ဌာန်ပါရမီပဲ၊ အဓိဋ္ဌာန်ကို မြန်မာစကား အဖြစ် ယူသုံးနေတော့ မြန်မာတွေနားမှာယဉ်ပြီးသားဖြစ်နေတယ်၊ အဓိဋ္ဌာန်ရဲ့ အဓိပ္ပာယ်အချုပ်က စွဲမြဲစွာရပ်တည်ခြင်းပဲ၊ အရှင်ဇနကာဘိဝံသကတော့ ဗုဒ္ဓဝင်အမေးအဖြေ စာအုပ်မှာ –

> ဒါန စသောပါရမီကို စွဲစွဲမြဲမြဲ ဇွဲကောင်းကောင်းနှင့် ပြုလုပ်မည်ဟု ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်ထားသည့်အတိုင်း ပြုလုပ်မှုကို "အဓိဋ္ဌာန်"ဟု ခေါ် ၏။

လို့ ဖွင့်ပြထားတယ်၊ လယ်တီဆရာတော်ကတော့ ဥတ္တမပုရိသဒီပနီကျမ်းမှာ စိတ်ပဋိညာဉ် မရွေ့ပြောင်းသည်ကား အဓိဋ္ဌာန်ပါရမီတည်းလို့ အကျဉ်းဆုံး ပြထားတယ်။ လှူစီးတွဲကိုးတွဲ၊ ခေါင်းတွဲတစ်တွဲရှိတဲ့ ရထားကြီးတစ်စင်းမှာ ခေါင်းတွဲဟာ အဓိဋ္ဌာန်ပါရမီနဲ့တူတယ်၊ လူစီးတွဲ–ကိုးတွဲက ကျန်ပါရမီကိုးပါးနဲ့တူတယ်"

"ရထားကြီးတစ်စင်းမှာ ခေါင်းတွဲချည်းဆိုရင် သွားလို့တော့ရပါရဲ့၊ ဒါပေမယ့် ခရီးသည်တွေလိုက်လို့မရဘူး၊ ထို့အတူ ကျန်ပါရမီကိုးပါး မပါဘဲနဲ့ အဓိဋ္ဌာန် ပါရမီချည်းပဲဆိုရင် ဘာမှဖြစ်မလာနိုင်ဘူး"

"တစ်ခါ ခေါင်းတွဲမပါဘဲ လူစီးတွဲကိုးတွဲချည်းပဲဆိုရင် ခရီးသည် တော့တင်လို့ ရပါရဲ့၊ သွားလို့မရပြန်ဘူး၊ ထို့အတူ အဓိဋ္ဌာန်ပါရမီမပါဘဲ ကျန်ပါရမီကိုးပါးချည်းပဲ ဆိုရင် ဘယ်လိုမှ အောင်မြင်အောင် မလုပ်နိုင် ပြန်ဘူး၊ အဓိဋ္ဌာန် ပါရမီရဲ့ အရေးပါပုံကို အနှိုင်းမဲ့ကျေးဇူးရှင်စာအုပ်မှာ ဆရာကြီး ဦးရွှေအောင်က အခုလို ရေးထားတယ်"။

> 'မြန်မာဝေါဟာရအားဖြင့် အဓိဋ္ဌာန်ပါရမီဟူသည် ကောင်းသော လုပ်ငန်းများကို ပါရမီမြောက်အောင် သောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ရာ၌ ယင်းလုပ်ငန်းများ မပျက်ပြားသွား ရလေအောင် ခိုင်မာသော ဆုံးဖြတ်ချက်ချပြီး ထိုဆုံးဖြတ် ချက်အတိုင်း ဆောင်ရွက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် အဓိဋ္ဌာန်ပါရမီဟူသည် ကျန်ပါရမီတို့ကို ဖြစ်မြောက်အောင် ပံ့ပိုးသောအားဖြင့် အားဖြည့်ပေးသော ပါရမီပင် ဖြစ်၏။ ပံ့ပိုးသောအားဖြင့် အားဖြည့်ခြင်း ဟူသည်မှာ ထိုပါရမီတို့၏ ဆန့်ကျင်ဘက်များကို ဖယ်ရှားနှိမ်နင်းပေးခြင်း ဖြစ်၏။

ထို့ကြောင့် ကျန်ပါရမီများမရှိဘဲနှင့် အဓိဋ္ဌာန်ပါရမီဟူ၍ သီးခြား ဖြစ်သည် မဟုတ်၊ အဓိဋ္ဌာန်ပါရမီဟူသည် ခိုင်မာသော ဆုံးဖြတ်ချက် ဖြစ်လေရာ ခိုင်မာသော ဆုံးဖြတ်ချက်မပါဝင်ဘဲနှင့်လည်း အခြားသော ပါရမီများ ဖြစ်ပေါ်လာမည်မဟုတ်၊ ထို့ကြောင့် ပါရမီအားလုံးတို့အတွက် မောင်းနှင် အားအဖြစ်ဖြင့် အဓိဋ္ဌာန်ပါရမီကို ယူရ၏။ အမှန်အားဖြင့် အဓိဋ္ဌာန်ပါရမီ တည်းဟူသော မောင်းနှင်အားကြောင့်သာ ဒါန၊ သီလ၊ စသော ပါရမီများသည် တရွေ့ရွေ့လှုပ်ရှားကြပြီး တဖြည်းဖြည်း ရင့်ကျက် လာခြင်း ဖြစ်၏။

ကုသိုလ်ကောင်းမှုများကိုလုပ်ရာ၌ ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် မောင်းနှင် ပံ့ပိုးပေးမှသာ ယင်းကောင်းမှုသည် အထွတ်အထိပ်သို့လည်း ရောက်၏။ ပါရမီသဘောကိုလည်း ဆောင်၏။ လူတို့သည် ဒါနကို ဒြပ်ရှိ အနေဖြင့်လည်း ပြုတတ်ကြ၏။ ဒြပ်မဲ့အနေဖြင့်လည်း ပြုတတ်ကြ၏။ ဒြပ်ရှိအနေဖြင့် ပြုခြင်းဟူသည်မှာ မိမိ၏ပစ္စည်းဥစ္စာကိုဖြစ်စေ၊ မိမိ၏ ကာယအားနှင့် ဉာဏအားကိုဖြစ်စေ လှူဒါန်းခြင်း ဖြစ်၏။ မိမိ၏ပစ္စည်း ဥစ္စာကိုလှူလျှင် အာမိသဒါနဖြစ်၏။ မိမိ၏ ကာယအားနှင့် ဉာဏအား ကို လှူလျှင် ဓမ္မဒါနဖြစ်၏။ အမှန်အားဖြင့် ဒါန၏ အနှစ်သာရမှာ စွန့်လွှတ်ခြင်းနှင့် အနစ်နာခံခြင်းဖြစ်၏။

ပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း စွန့်လွှတ်ရဖန် များလာ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဖြစ်စေ၊ အနစ်နာခံရဖန် များလာသောအခါဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်များ၌ စိတ်ကွက်စရာ များကို ကြုံတွေ့ရသော ကြောင့်ဖြစ်စေ၊ ဒါယကာများ ဘက်က စိတ်ကွက်လာ တတ်၏။ စေတနာပျက်လာတတ်၏။ ဤသို့ဖြစ် လာခြင်းသည် အဓိဋ္ဌာန် တည်းဟူသော မောင်းနှင်အား လျော့လာခြင်း ပင်ဖြစ်၏။ မောင်းနှင်အား လျော့လာသည်နှင့် အမျှ ဒါန၏ အရှိန်သည်လည်း လျော့လာ၏။ မောင်းနှင်အား ရပ်သွားသည်နှင့် တစ်ပြိုင်နက် ဒါန၏ အရှိန် သည်လည်း ရပ်သွား၏။ ထိုအခါ ဒါနသည် ပါရမီဒါန မဟုတ်တော့၊ သာမန်ဒါနသာ ဖြစ်လေတော့၏။

ထို့ကြောင့် ဒါနကို ပါရမီဒါနဖြစ်ရလေအောင် တကယ် တမ်းဆောင် ရွက်တော့မည်ဆိုလျှင် စိတ်ကွက်စရာ အကြောင်း များစွာကို တွေ့ကြုံရ သော်လည်း ယင်း စိတ်ကွက်စရာများကို ကျော်လွှန်အောင် အားထုတ်ရ၏။ ယင်း စိတ်ကွက်စရာများသည် ဒါနပါရမီ၏ အန္တရာယ်များ ဖြစ်ကြ၏။ ယင်း အန္တရာယ်များကို ကျော်လွှန်နိုင်ဖို့ လို၏။ ပယ်ရှားနိုင်ခြင်းသည်ပင် အဓိဋ္ဌာန်ပါရမီ ဖြစ်၏။ ဒါန၏ အန္တရာယ်များကို အဓိဋ္ဌာန်ပါရမီက ဖယ်ရှား ပေးပြီး ဒါနလမ်းကြောင်းကို ဖြောင့်ဖြူးအောင် ခင်းကျင်းပေးမှ သာ ဒါနသည် သူ၏လမ်းအတိုင်း ပန်းတိုင်သို့ရောက်အောင် သွားနိုင်မည်ဖြစ်၏။

ပန်းတိုင်သို့ ရောက်အောင်သွားနိုင်ပါမှလည်း ဒါနသည် ပါရမီ မြောက်မည်ဖြစ်၏။ ဒါနကိုပါရမီမြောက်အောင် ဆောင်ရွက် ရာ၌ အဓိဋ္ဌာန်က လမ်းရှင်းပေးသကဲ့သို့ဖြစ်၏။ ခန္တီက ပတ်ဝန်း ကျင်၏ ဆွဲဆောင်မှုမှန်သမျှကို တွန်းလှန်ပေးသကဲ့သို့ဖြစ်၏။ ဥပေက္ခာက ဒါနအနေဖြင့် မိမိ၏လမ်းကြောင်းအတိုင်း တည့် တည့်မတ်မတ် သွားရအောင် ဆောင်ရွက်ပေးရသကဲ့သို့ဖြစ်၏။ နေက္ခမ္မက ဒါနက ရရှိလာမည့် အကျိုးတရားဟူသမျှ၌ ဒါယကာ

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် (အလှူရှင်ဟူသော ထင်ပေါ် ကျော်ဇောခြင်း၌) စိတ်ဝင်စားခြင်းမရှိဘဲ စွန့်လွှတ်ခြင်းနှင့် အနစ်နာခံခြင်း သက်သက်၌သာ စိတ်ဝင်စားအောင် ဆောင်ရွက်ပေး၏။ ထိုအခါ ဒါနသည် ပါရမီသဘောကိုဆောင်လေတော့၏။

ဤသို့ဆောင်ပါမှလည်း ဒါနသည် မြင့်မြတ်သူတို့၏ လုပ်ငန်းဖြစ် နိုင်ပါ၏။ သို့မဟုတ်ပါက ဒါနသည် သူလိုပါလို သာမာန်ပုဂ္ဂိုလ်တို့၏ လုပ်ငန်းသာဖြစ်ချေမည်။ သီလကို ဆောက်တည်ရာ၌လည်း ပါရမီသီလ ဖြစ်ရလေအောင် အဓိဋ္ဌာန်က ကျူးလွန်ဖွယ်များရာဖြစ်သော ဒုစရိုက်များနှင့် ဒုရာဇီဝများကို ကြံ့ကြံ့ခိုင်ခိုင် နှိမ်နင်းပေး၏။ ခန္တိက ဆွဲဆောင်မှုများကို ကြံ့ကြံ့ခံ၏။ ဥပေက္ခာကသီလအား မိမိလမ်းအတိုင်း ဖြောင့်ဖြောင့်သွားနိုင်အောင် တည့်မတ်ပေး၏။ ထိုအခါ သုစရိုက်နှင့် သမ္မာအာဇီဝကို ကျင့်သော အားဖြင့် ပါရမီသဘောကို ဆောင်လေ၏။

အမှန်အားဖြင့် ဆုံးဖြတ်ချက်ခိုင်မာမှသာ မြင့်မြတ်သူများသည် မိမိတို့ တွေ့ကြုံရသော အခက်အခဲဟူသမျှကို ကျော်လွှားပြီး မိမိတို့ရည် ရွယ်ထားသည့် ပါရမီလမ်းအတိုင်း ဖြောင့်ဖြောင့်မတ်မတ်သွားနိုင်ကြ၏။ ထိုတွင် ဆုံးဖြတ်ချက် ခိုင်မာခြင်းသည် အဓိဋ္ဌာန်ပါရမီကြောင့်ဖြစ်၏။ ဖြောင့်ဖြောင့် တန်းတန်း ကိုယ့်လမ်းကို သွားနိုင်ခြင်းသည် ဥပေက္ခာပါရမီကြောင့် ဖြစ်၏။ မည်သည့်အကျိုးကိုမျှ မမျှော်ကိုးဘဲ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ခြင်းသည် နေက္ခမ္မပါရမီကြောင့် ဖြစ်၏။

လောက၌ လူကောင်းဖြစ်စေ၊ လူဆိုးဖြစ်စေ၊ မည်သူမဆို ဓမ္မနှင့် အညီ လုပ်ကိုင်ဆောင်ရွက်လိုကြသည်ချည်းဖြစ်၏။ သူမတရားဟူ၍ မည်သူမျှ အပြော မခံလိုကြ။ သူတရားတယ် ဟူ၍သာ အပြောခံလိုချင် ကြသူချည်းဖြစ်၏။ ဤသည်မှာ လူ့ဘဝ၏ ဗီဇဓမ္မတာဖြစ်၏။ လူ့ဘဝ၏ ဗီဇဟူသည် ကုသိုလ်ကံ၏ အကျိုး

www.burmeseclassic.com

www.burmeseclassic.com



တရားသာဖြစ်၏။ သို့ရာတွင် ကောင်းသောလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိမိအဆင့်အရ မက်မော လောက်ဖွယ်ကို မတွေ့သေးလျှင် ထိုက်တန်သလောက် အနစ်နာခံနိုင် ကြသော်လည်း မက်မောလောက်သော အခွင့်အရေးနှင့် ကြုံတွေ့ရသောအခါ မိမိဘက်က အသာမရလျှင် ရအောင်ယူတတ်၏။

ဤသည်မှာ မိမိတို့၏ စိတ်ဓာတ်မခိုင်မာမှုကြောင့် ဖြစ်၏။ စိတ်ဓာတ် မခိုင်မာလျှင် ဆုံးဖြတ်ချက်လည်း မခိုင်မာချေ။ ဆုံးဖြတ်ချက် မခိုင်မာခြင်း သည် အဓိဋ္ဌာန်ပါရမီ ပျက်ပြားခြင်းပင် ဖြစ်၏။ အဓိဋ္ဌာန်ပါရမီပျက်ပြားလျှင် ရရှိမည့် အကျိုးတရား၏ ဆွဲဆောင်မှုကို မတွန်းလှန်နိုင်။ ထိုအခါ မူလက မိမိရည်ရွယ်ထားသည့်အတိုင်း လုပ်ငန်းကို အပြီးသတ်အောင် မဆောင်ရွက်နိုင်တော့ဘဲ မိမိ၏ မူလရည်ရွယ်ချက်မှ သွေဖယ်သွားလေ၏။ ထိုအခါ လုပ်ငန်း နှင့်ပတ်သက်၍ ရရှိမည့်အကျိုးတရားကို မရလျှင်ရသည့် နည်းဖြင့် ရအောင် ကြိုးစားတော့၏။

ယှဉ်ဘက်များကို နင်းမှရမည်ဆိုလျှင် နင်းတော့၏။ အထက်လူကြီး များကို ခစားမှရမည်ဆိုလျှင်လည်း နည်းမျိုးစုံဖြင့် ခစားတော့၏။ ထိုအခါ လုပ်ငန်းပြီး မြောက်ရေးသာပဓာန ဟူသော မိမိ၏ မူလရည်ရွယ်ချက် နေကွဲမှုသည် ပျက်လေတော့၏။ ထို့ကြောင့် နေကွဲမှုပျက်ပြားခြင်းသည်လည်း အဓိဋ္ဌာန်ပါရမီ အပေါ်၌ တာဝန်ရှိလေ၏။ သို့ဖြစ်လေရာ နေကွဲမှုပါရမီ ဖြစ်မြောက်ရေး၌လည်း အဓိဋ္ဌာန်ပါရမီသည် များစွာပြဋ္ဌာန်း၏။ အမှန်အားဖြင့် မည်သည့်ကောင်းမှုကို လုပ်သည်ဖြစ်စေ ဆုံးဖြတ်ချက် ခိုင်မာခြင်းတည်းဟူသော အဓိဋ္ဌာန်ပါရမီ မပျက်စီးပါမှလည်း မည်သည့် အကျိုးကိုမျှ မျှော်ကိုးခြင်းမရှိဘဲ တာဝန်အရ စေတနာ သန့်သန့်ဖြင့် လုပ်ခြင်း တည်းဟူသော နေကွဲမှုပါရမီသည် ဖြစ်နိုင်၏ တဲ့။ အဲဒါ အဓိဋ္ဌာန်ပါရမီရဲ့ အရေးကြီးပုံ အတွေး အခေါ် တစ်ခုပါ- မင်း

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်တယ် မဟုတ်လား။

"သဘောပေါက်ပါတယ်ဘုရား။ ဒါနဲ့ အဓိဋ္ဌာန်ပါရမီဖြည့်ပုံ ဇာတ်တော် သီးသန့်ရှိသေးလားဘုရား"

"တေမိယဇာတ်တော်ကိုတော့ အဓိဋ္ဌာန်ပါရမီအတွက် ထုတ်ပြနိုင်တာပေါ့။ ဗာရာဏသီပြည်၊ ကာသိကရာဇ်မင်းကြီးမှာ စန္ဒာဒေဝီဆိုတဲ့ မိဖုရားကြီးရှိတယ်။ ဒီမိဖုရားကြီးက တေမိယမင်းသားကို ဖွားမြင်တယ်"

"တေမိယအဓိပ္ပာယ်ကို သိချင်တယ်ဘုရား"

"တေမိယဆိုတာ ဆွတ်ဖြန်းခြင်းလို့ အဓိပ္ပာယ်ရတယ်၊ ဒီမင်းသား မွေးဖွားစဉ်က မိုးတွေရွာတယ်၊ မိုးရေဆွတ်ဖြန်းမိသူတိုင်း ရွှင်လန်းအားရရှိကြလို့ သားတော်ကို တေမိယလို့ အမည်မှည့်တာ၊ တေမိယမင်းသားလေး တစ်လသား အရွယ်မှာ ခမည်းတော်ဟာ သားတော်ကို ရင်ခွင်မှာထားပြီး ခိုးသူတစ်ယောက်ကို သေဒဏ် စီရင်ရတယ်"

"ဒီအချိန်ကစပြီး အကုသိုလ်ကို ကြောက်ရွံ့သွားတဲ့ တေမိယမင်းသားလေးဟာ မင်းမလုပ်ရအောင် ဆွံ့အနားမကြားတဲ့သူလို နေလိုက်တော့တယ်။ အဆွံ့အ, အလေးလိုနေတယ်လည်းကြားလိုက်ရော မင်းရော၊ မိဖုရားပါ ဆောက်တည်ရာမရ ဖြစ်သွားတယ်။ ခန္ဓာတစ်ခုလုံး စစ်ဆေးကြည့်တဲ့အခါ ဘာချို့ယွင်းချက်မှ မတွေ့ရတော့ ဆွံ့အ,နားမကြားယောင်ဆောင်တာ ဖြစ်ရမယ်လို့ သုံးသပ်ပြီး တေမိယမင်းသားရဲ့ အဓိဋ္ဌာန်ပျက်အောင် အမျိုးမျိုးစမ်းသပ်ကြတယ်"

"တစ်နှစ်သားအရွယ်မှာ နို့အငတ်ထားပြီး စမ်းသပ်တယ်။ ဘုရားလောင်းဟာ ဘယ်လောက်နို့ငတ်ငတ်၊ ငိုလည်းမငိုဘူး၊ လှုပ်လည်း မလှုပ် ဘူး၊ ဆွံ့အ, နားမကြားတင်မကဘူး၊ အလောင်းတော်က ပိုလီယို၊ အရိုးပျော့ရောဂါသည် ပါထင်အောင် လှုပ်ရှားခြင်းလည်းမပြုဘူး၊ နှစ်နှစ် သားအရွယ်မှာ ရွယ်တူကလေးများနဲ့ အတူထားပြီး ကလေးကြိုက် မုန့်ခဲဖွယ် အမျိုးမျိုး ချပေးပြီး လူကြီးတွေက ရှောင်နေကြတယ်"

"တခြားကလေးတွေက မုန့်ခဲဖွယ်တွေကို လုယက်စား သောက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တေမိယမင်းသားကတော့ မတုန်မလှုပ်ပဲ။ သုံးနှစ်သား အရွယ်မှာ သစ်သီးတွေနဲ့ စမ်းသပ်တယ်၊ လေးနှစ်သားအရွယ်မှာ ကစား စရာတွေနဲ့ စမ်းသပ်တယ်၊ ငါးနှစ်သားအရွယ်မှာ ဘောဇဉ်တွေနဲ့စမ်းသပ် တယ်၊ ဘယ်လိုမှမထူးခြားဘူး"

"ခြောက်နှစ်သားအရွယ်မှာတော့ မီးနဲ့စမ်းသပ်တယ်"

"မီးနဲ့ဘယ်လိုစမ်းသပ်တာလဲဘုရား"

"တေမိယမင်းသားနဲ့ အခြွေအရံ အမတ်သားငါးရာကို သစ်ခက်တဲ နန်းကြီး ထဲထားလိုက်ကြပြီး သစ်ခက်တဲနန်းကို မီးတင်ရှို့လိုက်တာပဲ၊ ကျန်တဲ့ ကလေးငါးရာက ကြောက်လန့်တကြားထွက်ပြေးကြပေမယ့် တေမိယမင်း သားလေးကတော့ ကျောက်ရုပ်ပဲ"

"မီးလောင်တာတောင် ထွက်မပြေးဘူးလားဘုရား"

"မပြေးဘူး၊ ပြေးရင် သူ့အဓိဋ္ဌာန်ပျက်ပြီး မင်းလုပ်နေရမှာပေါ့"

"သြော် ခြောက်နှစ်သား ကလေးအရွယ်မှာတောင် အသက်ကို စွန့်ပြီး အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူတာဟာဖြင့် အင်မတန်မှ ကြည်ညိုစရာ ကောင်းလှပါတယ်ဘုရား"

"မင်းသားက ထွက်မပြေးတော့ စမ်းသပ်တဲ့လူတွေကပဲ မင်းသားကို အမြန်လာပြီး မီးဘေးက ခေါ် ထုတ်ကယ်တင်ကြရတာပေါ့၊ ခုနစ်နှစ် သား အရွယ်မှာ ဆင်နဲ့နင်းသတ်မယ့်ဟန်၊ အစွယ်နဲ့ထိုးသတ်မယ့်ဟန်မျိုးနဲ့ စမ်း သပ်တယ်၊ မအောင်မြင်ဘူး၊ ရှစ်နှစ်သားအရွယ်မှာ မြွေနဲ့ပေါက်သတ်မယ့် ဟန် စမ်းသပ်ပြန်တယ်၊ ဘာမှထူးခြားမလာဘူး"

"ကိုးနှစ်သားအရွယ်မှာ ကချေသည်များနဲ့ စမ်းသပ်တယ်၊ ဆယ်နှစ် သားအရွယ်မှာ သန်လျက်နဲ့ခုတ်သတ်မယ့်ဟန်မျိုးနဲ့ စမ်းသပ်တယ်၊ ဆယ့် တစ်နှစ်အရွယ်မှာ အလန့်တကြားဖြစ်သွားအောင် ရုတ်တရက် ခရုသင်း မှုတ်ပြီး စမ်းသပ်တယ်၊ ဆယ့်နှစ်နှစ်အရွယ်မှာ ရုတ်တရက်စည်ကြီး တီးပြီး စမ်းသပ်တယ်၊ ဆယ့်သုံးနှစ်သားအရွယ်မှာ တေမိယမင်းသားကို အမှောင် ခန်း ထဲထားပြီး ရုတ်တရက် လင်းထိန်သွားအောင် မီးထွန်းလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း မရဘူး”

“ဆယ့်လေးနှစ်သားအရွယ်မှာ မင်းသားတစ်ကိုယ်လုံး ထန်းလျက်ရည်တွေ လိမ်းပေးပြီး ယင်တွေကိုအုံစေတယ်၊ ပုရွက်ဆိတ်တွေကို ကိုက်စေတယ်၊ ဆယ့် ငါးနှစ်သား အရွယ်မှာ ကျင်ကြီးကျင်ငယ် သုတ်သင်မပေးဘဲ ပစ်ထားတယ်၊ ဒီ အတိုင်း ကျင်ကြီးကျင်ငယ်တွေပေကျံနေတဲ့ အိပ်ရာမှာ နေတာပဲ၊ ပြောဖို့ထဖို့ နေနေသာသာ လှုပ်တောင်မလှုပ်ဘူး”

“ဆယ့်ခြောက်နှစ်သားအရွယ်မှာ မင်းသားခုတင်အောက် မီးဖိုတွေထားပြီး စမ်းသပ်တယ်၊ ဆယ့်ခုနှစ်သားအရွယ်မှာတော့ ကချေသည်မတွေအား ကာမ ဂုဏ်နဲ့ ဖျားယောင်းခိုင်းတယ်၊ အတွေ့ကိုမရှောင်နိုင်ဘူးဆိုတဲ့ စကားဟာ တေမိယမင်းသား အတွက်တော့ မှားတာပေါ့၊ အားလုံးကို ရှောင်ကြဉ်နိုင်ခဲ့တယ်”

“ဘုရားအလောင်းတော်မို့လို့သာပေါ့ ဘုရား၊ သာမန် လူတွေဆိုရင်တော့ ဒီအခြိဋ္ဌာန်ပျက်တာကြာပြီပေါ့ဘုရား”

“တစ်ပါးသူတွေမလုပ်နိုင်တဲ့အလုပ်မျိုးကို လုပ်ခဲ့လို့လည်း တစ်ပါးသူတွေ မရနိုင်တဲ့ ဘုရားအဖြစ်ကို ရခဲ့တာပေါ့၊ နောက်ဆုံး ပုရောဟိတ်တွေက အဆွံ့ အ,အကို နန်းတော်မှာထားရင် တိုင်းပြည်နာပါတယ်၊ ဒါကြောင့် သုသာန်ထုတ်ပြီး မြေမြှုပ်သတ်လိုက်ပါလို့ အကြံပေး ကြတာကို ထုံးတမ်းစဉ်လာရှိတာမို့ မင်းကြီးလည်း သဘောတူလိုက်ရတယ်”

“သားတော်ကိုသတ်တော့မယ့်သတင်းကြားတဲ့အခါ မိဖုရားကြီးက မင်းကြီး ကတိပေးခဲ့တဲ့အတိုင်း သားတော်အား ထီးနန်းကိုလွှဲအပ်ပေးဖို့ နောက်ဆုံး လက်နက်ကို ထုတ်သုံးတယ်၊ မင်းကြီးလည်း သူပေးခဲ့တဲ့ ကတိအတိုင်း ထီးနန်းကို ခုနစ်ရက်လွှဲပေးပါတယ်၊ ခုနစ်ရက်အတွင်း စကားပြောခဲ့ရင်တော့ အပြီးလွှဲပေးမှာပေါ့”

“ခုနစ်ရက်ပြည့်လို့ ဘာမှမထူးဘူးဆိုရင်တော့ မြေမြှုပ်သတ်ရတော့မှာပါ၊ ဒီနေရာမှာ သားအတွက်ခံစားရမယ့် မိခင်တစ်ယောက်ရဲ့ သောကကို ကိုယ်ချင်းစာ ကြည့်ပေတော့၊ မိဖုရားကြီးဟာ သားတော်ကို စကားတစ်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



လောက်ပြောဖို့ ခြောက်ရက်တိုင်တိုင်ငိုယိုပြီး အလောင်းတော်ရဲ့ အိပ်ရာဘေး ကနေ တောင်းပန်ရှာတယ်"

"တေမိယမင်းသားဟာ မယ်တော်ကို အသည်းခိုက်လောက်အောင် သနား သွားရှာတာပေါ့၊ ဒါပေမယ့် အဓိဋ္ဌာန်ပါရမီပျက်မှာစိုးတဲ့အတွက် စကားတစ်ခွန်းမှ မပြောဘူး၊ ဒီအချက်နဲ့ပတ်သက်ပြီး စရိယပိဋကမှာ ဗုဒ္ဓကိုယ်တိုင် အခုလိုပြန် ဟောပြတယ် –

မာတာပိတာ နမေဒေဿာ အတ္တာမေ
န စ ဒေဿိတော သဗ္ဗညုတပိယံ မယှံ
တသ္မာ ဝတမဓိဋ္ဌဟိံ။

ငါသည် မယ်တော်နှင့်ခမည်းတော်တို့ကို မုန်းတီးခြင်းမရှိပါ၊ မိမိကိုယ် ကိုလည်း မုန်းတီးခြင်းမရှိပါ၊ သဗ္ဗညုတဉာဏ်ကို မိမိအသက်ထက် ချစ်မြတ် နိုးသော ကြောင့်သာလျှင် ၁၆–နှစ်တိုင်တိုင် အဓိဋ္ဌာန်ပါရမီကို မညည်းမညူ ဆောက်တည် ကျင့်ကြံတော်မူခဲ့ခြင်းဖြစ်သည်။" တဲ့

"ခုနှစ်ရက်ပြည့်တော့ ဘယ်လိုဖြစ်သွားသလဲဘုရား"

"ခုနစ်ရက်ပြည့်တာနဲ့ မြေမြှုပ်သတ်ရအောင် သုသာန်ထဲရောက်တဲ့ အခါမှ စကားပြောပြီး တစ်ခါတည်း ရသေ့ဝတ်သွားတယ်"

"ပါရမီအားလုံးဟာ ဖြည့်ကျင့်ဖို့ခဲယဉ်းတာချည်းပါပဲဘုရား၊ ဒီထဲမှာ အဓိဋ္ဌာန် ပါရမီကတော့ အခဲယဉ်းဆုံးလို့ ပြောရမှာပဲဘုရား၊ နောက် ပါရမီကို ဆက်ပါ ဦးဘုရား"

"ကိုးခုမြောက်ပါရမီက မေတ္တာပေါ့၊ လောကရဲ့အကျိုးကို ထိရောက် စွာ သယ်ပိုးနိုင်ဖို့အတွက် မေတ္တာနဲ့ပညာဟာ အရေးအကြီး ဆုံးနေရာက ပါဝင်နေတယ်၊ မေတ္တာနဲ့ လောကကိုချစ်တတ်မှ ကိုယ်ကျိုးစွန့်ပြီး လောက အကျိုးကို ဆောင်ရွက်နိုင်တယ်၊ ဒီလိုဆောင်ရွက်တဲ့အခါမှာ တွေးခေါ် မြော်မြင်တဲ့ပညာပါမှ ကောင်းကျိုးကို တိတိကျကျရအောင် ဆောင်ရွက် ပေးနိုင်တယ်"

"မေတ္တာကို ချစ်ခြင်းလို့ပြန်တော့ တခြားအချစ်တွေနဲ့ ရောထွေး

www.burmeseclassic.com

www.burmeseclassic.com



ဘုန်တယ်၊ ချစ်ခြင်းဟာ ချစ်သူချစ်၊ မိသားစုချစ်၊ လောကချစ်လို့ သုံးမျိုး ရှိတယ်၊ မေတ္တာပါရမီအရ အကန့်အသတ်ဘောင်မရှိဘဲ လောကချစ်ကိုသာ သူရတယ်"

"ချစ်သူချစ်၊ မိသားစုချစ်ဟာ အကန့်အသတ်ရှိတယ်၊ ဘောင်ရှိတယ်၊ ဒိမိချစ်သူကိုသာချစ်တယ်၊ မိမိမိသားစုကိုသာချစ်တယ်၊ တခြားသူတွေကို ဘန်းတူ ထားမချစ်နိုင်ဘူး၊ မချစ်နိုင်တဲ့အပြင် မိမိချစ်သူကောင်းစားဖို့၊ ဒိမိမိသားစု ကောင်း စားဖို့အတွက်ဆိုရင် တခြားသူတွေအပေါ် ရက်စက်ဖို့ရာ ဝန်မလေးဘူး"

"ရက်စက်နေကြတာကိုလည်း မကြာခဏတွေ့နေရပါတယ်၊ ဒါ့ကြောင့် ချစ်သူချစ်နဲ့ မိသားစုအချစ်ဟာ ပါရမီထိုက်တဲ့မေတ္တာ ထဲမပါတာပါ။ လောကချစ်ကတော့ လူမျိုးအကန့်အသတ်၊ သတ္တဝါအကန့် အသတ်မရှိဘူး၊ သက်ရှိသတ္တဝါ အားလုံးရဲ့ကောင်းကျိုးကို လိုလားတယ်၊ လောကချစ်အရ အဒေါသလို့ခေါ်တဲ့ ကုသိုလ်စေတသိက်ကိုရတယ်၊ ငါ့ အကျိုးလုံးဝမပါဘူး၊ သူ့အကျိုးသက်သက်ပဲ"

"ချစ်သူချစ်၊ မိသားစုအချစ်အရ တဏှာခေါ်တဲ့ အကုသိုလ်စေ တ သိက်ကို ရတယ်၊ ဒါ့ကြောင့် ငါ့အကျိုးသက်သက်ပဲ၊ ဒါပေမယ့် အဝိဇ္ဇာက သူ့အကျိုးလို့ထင်အောင် လူသားကိုလှည့်စားထားတယ်၊ ဒါကြောင့် ပထမ ရွှေကျင် ဆရာတော်ကြီးရေးတဲ့ ဝဋ္ဋနာဒီပနီမှာ တဏှာသည် မေတ္တာယောင် ဆောင်၍ သတ္တဝါတို့ကို လှည့်စားသည်လို့ ဆိုထားတာပေါ့"

"အယောင်ဆောင်တယ်ဆိုတာ ခဏပဲရတယ်၊ ထာဝရမရနိုင်ဘူး၊ မိမိ ကိုယ်ကျိုးပျက်စီးသွားတာနဲ့ တဏှာချစ်ဟာ ဒေါသအသွင်ကိုပြောင်းပြီး သောင်း ကျန်းတော့တာပဲ၊ ဥပမာ မိမိချစ်သူဟာ တခြားတစ်ယောက်နဲ့ ဖြစ်သွားပြီဆိုရင် တချို့များဆိုရင် လိုက်သတ်တဲ့အထိ ရက်စက်တတ်ကြ တယ်"

"မိဘအချို့ဆိုရင်လည်း ကိုယ်သဘောမတူတာနဲ့ သားသမီးက အိမ်ထောင် ပြုလိုက်ရင် တကယ့်အကြီးအကျယ်ဆုံးပြစ်မှုကြီး ကျူးလွန်ထား

www.burmeseclassic.com

www.burmeseclassic.com



သူလို သေခန်းဖြတ် ကြတယ်၊ ညီအစ်ကိုမောင်နှမအချို့ဆိုရင် အမွေနဲ့ ပတ်သက်လာရင် လူသတ်မှု အထိပင် ဖြစ်တတ်ကြတယ်၊ ဒီအခါမျိုးမှာ အကုသိုလ်အသင်းဝင် တဏှာရဲ့သဘောဟာ ဘွားဘွားကြီးပေါ်လာတာ ပေါ့"

"အဓိဋ္ဌာန်ပါရမီလို မေတ္တာပါရမီဟာလည်း အရေးကြီးတဲ့အထဲမှာ ပါမယ် ထင်တယ် ဆရာတော်"

"သိပ်အရေးကြီးတာပေါ့ –

မေတ္တာစာတ် မရှိတဲ့သူဟာ လောကကို မိမိအတွက် အသုံးချတယ်၊ မေတ္တာစာတ်ရှိတဲ့သူကတော့ မိမိကို လောက အတွက် အသုံးချတယ်၊ လောကဆိုတာ ၃၁–ဘုံသားအားလုံး ကိုပြောတာ၊ ဘဝဆုံးသည်အထိ ၃၁–ဘုံသားအားလုံးတို့ရဲ့ ကောင်းကျိုးတွေကို ဆောင်ရွက်သွားတာဟာ မိမိကို လောက အတွက် အသုံးချတာပါပဲ"

မြတ်စွာဘုရားဟာ ပါရမီဖြည့်စဉ်ကာလ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကနေ ဘုရားဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံချိန်အထိ မိမိကိုယ်ကို လောကအတွက် အသုံးချသွားခဲ့တယ်၊ အနာခံခြင်းနဲ့ အသာစံခြင်းမှာ လူတိုင်းကြိုက်တဲ့ အသာစံခြင်းကို မရွေးဘဲ အနာခံခြင်းကို ရွေးချယ်နိုင်ခဲ့တာဟာ လောက အပေါ် တုန္ထိုင်း မရအောင်ထားတဲ့ မေတ္တာစာတ်ကြောင့်ပဲ"

"သူတစ်ပါးအပေါ် ချမ်းသာစေလိုတဲ့မေတ္တာစာတ်ကို အခြားသူတွေ အပေါ် မဆိုထားနဲ့ မိမိရန်သူအပေါ် မှာတောင် ထားရမယ်လို့ မဇ္ဈိမ နိကာယ်၊ ဩပမ္မဝဂ်၊ ကကစူပမသုတ်မှာဗုဒ္ဓက မှာတော်မူခဲ့တယ်၊ အဲဒီမှာ ဟောထား တာက –

"ရဟန်းတို့၊ ယုတ်မာသောအကျင့်ရှိသူတို့သည် အရိုးနှစ်ဖက်တပ် သောလွှကြီးဖြင့် သင်တို့၏ အင်္ဂါကြီးငယ်တို့ကို အကယ်၍ တိုက်ဖြတ်ကုန် ငြားအံ့၊ ဤကဲ့သို့ တိုက်ဖြတ်ကုန်သော်လည်း ထိုခိုးသူတို့အား စိတ်ပြစ်မှား ခြင်းကို သင်တို့မပြုအပ်၊ ဤကဲ့သို့ပြုယုပ်၍ စိတ်ပြစ်မှားသူသည် ငါ၏

www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမကို လိုက်နာသည်မမည်”တဲ့။

“မြတ်စွာဘုရားဟာ ဟောတဲ့အတိုင်းလည်း ကျင့်တယ်၊ ကျင့်တဲ့အတိုင်းလည်း ဟောတယ်၊ အပြောနဲ့အလုပ်ညီတယ်ပေါ့၊ ၅၅၀၊ ဇာတ်တော်ဇာတ်မှာ ဘုရားအလောင်းဟာ ဗာရာဏသီမှာ မင်းပြုနေတယ်၊ အမည်ကတော့ ဗြဟ္မဒတ်ပေါ့”

“တစ်ခါတော့ အမတ်တစ်ယောက်ကို အပြစ်အားလျော်စွာ တိုင်းပြည်က နှင်ထုတ်လိုက်တယ်၊ နှင်ထုတ်ခံရတဲ့အမတ်ဟာ ကောသလတိုင်း၊ ဒုဗ္ဗိသေနမင်းထံ သွားရောက်ခစားတယ်၊ အမတ်က ဗာရာဏသီပြည်ကို အလွယ်တကူသိမ်းယူနိုင်ကြောင်း ပြောတဲ့အတွက် ဒုဗ္ဗိသေနမင်းဟာ ဗာရာဏသီပြည်ကို သိမ်းယူလိုက်တယ်”

“ဗြဟ္မဒတ်မင်းဟာ စစ်သည်တွေ၊ တိုင်းသူပြည်သားတွေ သေကြေပျက်စီးမှာ စိုးတဲ့အတွက် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ နိုင်ငံကို အသာတကြည် အပ်လိုက်တယ်၊ တရားမရှိသူများမှာ မရှိရင်တောင့်တရလို့ လောဘအပူမီးလောင်တယ်၊ ရှိရင် ကြောင့်ကြရလို့ ဒေါသ (သောက) အပူမီးလောင်တယ်၊ အေးချမ်းဖို့အချိန်ဆိုတာ မရှိပါဘူး”

“အခုလည်း ဒုဗ္ဗိသေနမင်းဟာ ဗာရာဏသီပြည်ကို မရခင်က တောင့်တတဲ့ လောဘမီးလောင်တယ်၊ အခု ရသွားပြန်တော့ ကြောင့်ကြတဲ့ ဒေါသမီးလောင်နေပြန်ပြီ၊ ဒါ့ကြောင့် နိုင်ငံကို အသာတကြည်အပ်တဲ့ ဗြဟ္မဒတ်မင်းအပေါ်မှာတောင် သူ့စိတ်နဲ့နှိုင်းပြီး မယုံကြည်နိုင်တဲ့အတွက် ကြိုးတုပ်ပြီး မြောက်တံခါးခုံမှာ ဇောက်ထိုးဆွဲထားတယ်”

“သူတစ်ပါးရဲ့ကောင်းကွက်ကိုရှာကြည့်ပြီး မေတ္တာထားတတ်တာဟာ သူတော်ကောင်းရဲ့လက္ခဏာပဲ၊ သူတစ်ပါးရဲ့ မကောင်းကွက်ကိုသာ ရှာကြည့်ပြီး အပြစ်မြင်နေတတ်တာဟာ မသူတော်ရဲ့လက္ခဏာပဲ၊ ကောင်းကွက်ကိုသာ မြင်တတ်တဲ့သူမှာ အမြဲတမ်းကုသိုလ် ဖြစ်နေသလောက်၊ မကောင်းကွက်ကိုသာ မြင်တတ်တဲ့သူမှာတော့ အမြဲတမ်းအကုသိုလ် ဖြစ်နေတတ်တယ်”၊

www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း ဗြဟ္မဒတ်မင်းဟာ သူတော်ကောင်းဆိုတော့ ဒုဗ္ဘိသေန မင်းရဲ့ မကောင်းတဲ့အကွက်ကိုမကြည့်ဘူး၊ ကောင်းတဲ့ အကွက်ကိုပဲ ရှာကြည့်တယ်၊ ကြိုးနဲ့ချည်ပြီး ဇောက်ထိုးဆွဲထားခိုင်းတာဟာ မကောင်း တဲ့အကွက်ပဲ၊ ဒါကိုသူ မကြည့်ဘူး၊ ဒါကိုကြည့်ရင် အကုသိုလ် ဖြစ်တာပဲ အဖတ်တင်မယ်၊ ဒါ့ကြောင့် သတ်လို့ရရက်နဲ့ ချက်ခြင်းမသတ်တဲ့ ကောင်းကွက်ကိုပဲ မြင်အောင် ကြည့်လိုက်တယ်"

"ဒါ့ကြောင့် ဒုဗ္ဘိသေနမင်းအပေါ် မေတ္တာပွားလို့ရသွားတာပေါ့၊ ရန်သူမင်းအပေါ် မေတ္တာစိုက်ပွားရင်းပဲ ဈာန်အဘိညာဉ်တွေရသွားပြီး ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်ရက်ဖြစ်သွားတယ်၊ ချည်ထားတဲ့ ကြိုးတွေလည်း အလိုလို ပြေသွားတယ်၊ ဒီအချိန်မှာ ဗြဟ္မဒတ်မင်းကို ပြစ်မှားတဲ့ ဒုဗ္ဘိသေနမင်းမှာတော့ တစ်ကိုယ်လုံးပူလောင်လာပြီး လူးလှိမ့် နေရတယ်"

"မှူးမတ်များမေးကြည့်တဲ့အခါ အပြစ်မဲ့သောမင်းကို ပြစ်မှားမိ၍ ဖြစ်ကြောင်း လျှောက်တင်ကြတဲ့အတွက် ဒုဗ္ဘိသေနမင်းဟာ ဗြဟ္မဒတ်မင်းထံ အပြေးအလွှား ရောက်လာပြီး ရှိခိုးတောင်းပန်တယ်၊ ဒီအခါကျမှ ပူလောင်မှုတွေဟာ ပျောက်သွားတယ်၊ ဒုဗ္ဘိသေနမင်းဟာ တိုင်းပြည်ကို ပြန်အပ်တယ်၊ နောက်နောင် ဘယ်တော့မှ ဒုက္ခ မပေးနိုင်အောင် ဗာရာဏသီပြည်ရဲ့ လုံခြုံရေး မှန်သမျှကိုလည်း တာဝန်ယူကြောင်း လျှောက်ထားပြီး သူ့နိုင်ငံကို ပြန်သွားခဲ့တယ်"

"နောက်ဆုံးဆယ်ခုမြောက်ပါရမီကို အမိန့်ရှိပါဦးဘုရား"

"ဆယ်ခုမြောက်ပါရမီက ဥပေက္ခာပါရမီပဲ။ ဥပေက္ခာရဲ့တရားကိုယ် အရ တတြမဇ္ဈတ္တတာစေတသိက်ကိုရတယ်။ ဒီစေတသိက်ရဲ့ အဓိပ္ပာယ်က ချိန်ခွင်လျှာသဖွယ် အလယ်၌ တည့်မတ်စွာတည်ရှိခြင်းလို့ဖြစ်တယ်။ မိမိ အပေါ် ကောင်းသူ အပေါ်မှာ လောဘနဲ့ မစွဲလမ်းသလို၊ မိမိအပေါ် မကောင်းသူအပေါ်မှာ ဒေါသနဲ့ မပြစ်မှားပဲ အလယ်မှာ တည့်မတ် တည်ငြိမ်စွာ နေခြင်းကို ဆိုလိုတယ်"

"ပါရမီဆယ်ပါးမှာ ခန္တီပါရမီဟာမိခင်နဲ့တူတယ်။ ဥပေက္ခာပါရမီဟာ

www.burmeseclassic.com

www.burmeseclassic.com



ဖခင်နဲ့ တူတယ်။ နေ့ကွန္တမွပါရမီဟာ သမားတော်နဲ့တူတယ်။ မိဘနှစ်ပါးရယ်၊ သမားတော်ရယ် သုံးဦးလုံးကစောင့်ရှောက်မှ ကလေးငယ်ဟာ ကျန်းမာချမ်းသာစွာ ကြီးထွားနိုင်သလို ခုပြောခဲ့တဲ့ပါရမီသုံးပါးရဲ့ စောင့်ရှောက်မှုကို ရမှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားမှန်သမျှဟာ ပါရမီအမည် ရနိုင်တယ်"

"တပည့်တော်နားလည်အောင် ပုံစံလေးတစ်ခုထုတ်ပြီး ရှင်းပြပါ လား ဘုရား"

"ပြရတာပေါ့။ "ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂ"သုတ်မှာ အလှူခံပုဂ္ဂိုလ် ၁၄–ယောက်ကို လှူဒါန်းတဲ့အတွက် ရရှိလာမယ့်ဘဝချမ်းသာတွေကို အရေအတွက်နဲ့တကွ တိကျစွာဟောထားတယ်"

"တိရစ္ဆာန်ကို ကျွေးမွေးရင် ဘဝတစ်ရာချမ်းသာတယ်။ လူမိုက်ကို ကျွေးမွေးရင် ဘဝတစ်ထောင် ချမ်းသာတယ်။ သီလရှိတဲ့လူကို ကျွေးမွေးရင် ဘဝတစ်သောင်း ချမ်းသာတယ်။ သာသနာပမှာ ကိလေသာကင်းတဲ့ ဈာန်ရ, ရသေ့ကို ကျွေးမွေးရင် ဘဝပေါင်း ကုဋေတစ်သိန်း ချမ်းသာတယ်၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ရယ်၊ ပစ္စေကဗုဒ္ဓါရယ်၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ရယ် ဆယ်ပါးကတော့ ဘယ်အပါးကိုလှူလှူ ဘဝပေါင်း ဘယ်၍ဘယ်မျှ ချမ်းသာမယ်လို့ ဘုရားရှင်က မဟောနိုင်ပါဘူးတဲ့။ ဒီလိုခွဲခြားပြီး ဟောတာကလည်း ဘဝများများချမ်းသာရမယ့် အလှူခံပုဂ္ဂိုလ်ကို လှူစေချင်လို့ ဟောထားတာ မဟုတ်ဘူး"

"ဒါနရဲ့ကောင်းကျိုး ဘယ်လောက်ထိအောင်များတယ်ဆိုတာရယ်၊ ဘယ် အလှူခံကိုလှူရင် ကောင်းကျိုးဘယ်လောက်ရတယ်ဆိုတာရယ်ကို ကွဲကွဲပြားပြား သိစေချင်လို့ ဟောတော်မူတာပါ။ ဒီနေရာမှာ ပုံစံလေးတစ်ခု ထုတ်ရအောင် မင်းတို့ရပ်ကွက်ထဲမှာ ကိလေသာကင်းတဲ့ဈာန်ရ ရသေ့တစ်ပါး လည်းရောက်နေတယ်။ အစာရေစာပြတ်ပြီး လမ်းဘေးမှာလဲနေတဲ့ ခွေးငတ် လေးတစ်ကောင်လည်း ရောက်နေတယ်"

"မင်းမှာလည်း ပေးလှူစရာက တစ်ယောက်စာပဲ ရှိမယ်။ တစ်ခုတော့ ရှိတယ်။ ဈာန်ရရသေ့ကိုတော့ ပေးလှူတဲ့သူတွေပုံထပ်နေတယ်။ ခွေးငတ်

www.burmeseclassic.com

www.burmeseclassic.com



လေးကိုတော့ ပေးလှူမဲ့လူတစ်ယောက်မှမရှိဘူး၊ ချာန်ရရသေ့ကို ပေးလှူရင် ဘဝကုဋေတစ်သိန်းတောင် ချမ်းသာမှာ၊ ခွေးဝတ်ကိုကျွေးလိုက်ရင်တော့ ဘဝတစ်ရာပဲ ချမ်းသာမယ်။ ငါ့အတွက် အမြတ်နည်းတယ်လို့၊ ဒါနကို ဈေးတွက် တွက်ပြီး ချာန်ရရသေ့ကိုသာ လှူလိုက်မယ်ဆိုရင် မင်းရဲ့ဒါနဟာ ပါရမီ မထိုက်တော့ဘူး"

"ဘာ့ကြောင့်လဲ ဘုရား"

"ဘာ့ကြောင့်လဲဆိုတော့ ခန္တီပါရမီ၊ ဥပေက္ခာပါရမီ၊ နေက္ခမ္မပါရမီတို့ စောင့်ရှောက်မှုကိုမရလို့ပဲ၊ တန်ခိုးကြီးတဲ့ရသေ့ကိုသာ လှူသင့်တယ်ဆိုတဲ့ ပတ်ဝန်းကျင်ရဲ့ ဆွဲဆောင်မှုကို မင်းဟာ ခန္တီပါရမီနဲ့တွန်းလှန်ခြင်း မပြုနိုင်ခဲ့ဘူး၊ ဒါန ပြုတာဟာ လောဘဦးဆောင်တဲ့ ကိလေသာတွေ ကုန်ခန်းဖို့ပဲဆိုတဲ့ ရည်ရွယ်ချက်အတိုင်း ခွေးဝတ်လေးကိုလှူမိတဲ့အထိ လမ်းဖြောင့်ဖြောင့် မသွားနိုင်တာဟာ ဥပေက္ခာပါရမီ မပါခဲ့လို့ပဲ"

"ဘဝပေါင်း ကုဋေတစ်သိန်းချမ်းသာတာကို လိုချင်တပ်မက်တာဟာ နေက္ခမ္မပါရမီမပါလို့ပဲ။ ဒီပါရမီသုံးချက်မပါ လိုက်တဲ့အတွက်ကြောင့် ချာန်ရ ရသေ့ကိုလှူတဲ့ မင်းရဲ့ဒါနဟာ ရိုးရိုးသာသနာပ ဒါနမျိုးပဲ ဖြစ်တော့တယ်။ ပါရမီ ထိုက်တဲ့ဒါနမျိုးမဖြစ်တော့ဘူး။ ဘယ်ကုသိုလ်မျိုး ကိုပဲလုပ်လုပ် ဒီပါရမီသုံးချက် ဦးမဆောင်နိုင်တာနဲ့ ငါကောင်းစားရေးက ဦးဆောင် တော့တာပဲ"

"ငါဆိုတာ ဒိဋ္ဌိကိလေသာကို ပြောတာ ကောင်းစားဖို့ဆိုတာ လောဘ ကိလေသာကိုပြောတာ ဒိဋ္ဌိနဲ့လောဘဦးဆောင်တဲ့ ကောင်းမှုမျိုးဟာ ဘယ်မှာ လာပြီး ပါရမီထိုက်တော့မလဲ"။

အကယ်၍ မင်းကချာန်ရ ရသေ့ကို မလှူဘဲ ဝတ်ပြီးလဲ နေတဲ့ခွေးလေးကို ကျွေးလှူလိုက်မယ် ဆိုရင် တော့ အဲဒီဒါနဟာ ပါရမီထိုက်သွားတယ်"

"အညံ့ဆုံးအလှူခံကိုလှူမှ ဘာကြောင့် ပါရမီထိုက် သွားတာလဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ခန္တီပါရမီ၊ ဥပေက္ခာပါရမီ၊ နေက္ခမ္မပါရမီတို့ရဲ့ စောင့်ရှောက် မှုကို ရလို့ပဲပေါ့။ တန်ခိုးကြီးတဲ့ရသေ့ကိုသာ ပေးလှူသင့်တယ်ဆိုတဲ့ ပတ်ဝန်းကျင်ရဲ့ ဆွဲဆောင်မှုကို မင်းဟာခန္တီပါရမီနဲ့တွန်းလှန်နိုင်ခဲ့တယ်။ ဒါနပြုတာဟာ ဘဝကောင်းစားရေးအတွက် မဟုတ်ဘူး။ လောဘဦးဆောင်တဲ့ ကိလေသာတွေကုန်ဖို့ရာ အဓိကပဲဆိုတဲ့ ရည်ရွယ်ချက်အတိုင်း ခွေးဝတ်လေးကို လှူမိတဲ့အထိ လမ်းဖြောင့်ဖြောင့် သွားနိုင်တာဟာ ဥပေက္ခာပါရမီပဲ"

"ဈာန်ရရသေ့ကိုလှူရင် ဘဝပေါင်းကုဋေတစ်သိန်း ချမ်းသာမှာပဲဆိုတဲ့ ကာမတဏှာက ထွက်မြောက်သွားတာဟာ နေက္ခမ္မ ပါရမီပဲ၊ ဒီပါရမီသုံးပါးရဲ့ စောက်ရှောက်မှုကိုရလို့ ခွေးဝတ်ကို လှူတဲ့ မင်းရဲ့ဒါနဟာ ပါရမီ ထိုက်သွားတာပဲ၊ ဒီပါရမီသုံးပါး ခေါင်းဆောင်ပါဝင်လိုက်တာနဲ့ ငါကောင်းစားရေးဟာ နောက်ဆုတ်သွားပြီး သူကောင်းစားရေးက ရှေ့တန်းကို ရောက်လာတယ်"

"သူကောင်းစားရေး ရှေ့တန်း ရောက်ပြီ ဆိုတာနဲ့ ငါကောင်း စားရေးဆိုတဲ့ ဒိဋ္ဌိကိလေသာနဲ့ လောဘကိလေသာကို အလိုလို ပယ်သတ်ပြီးသား ဖြစ်သွားတာပဲ။

ဥပေက္ခာပါရမီကို အထွတ်အထိပ် ရောက်အောင် ဖြည့်ဆည်းမှုအနေနဲ့ စရိယာပိဋကမှာလာတဲ့ မဟာလော မဟံသဇာတ်ကို ထုတ်ပြမယ်၊ အလောင်းတော်ဟာ သူဌေးသားဖြစ်ပေမယ့် မိဘတွေ ကွယ်လွန်တာနဲ့ ရှိသမျှ စည်းစိမ်တွေကို လှူဒါန်းပစ်ပြီး တောထွက်ခဲ့တယ်"

"တောထွက်တဲ့အခါ ရသေ့ရဟန်းအနေနဲ့ တောထွက်ရင် လူသိများပြီး ထင်ရှားနေမှာစိုးလို့ လူဝတ်ကြောင်အဝတ်အစားနဲ့ပဲ တောထွက်သွားတယ်၊ အသွင်ထက် အနှစ်သာရကို အဓိကထားတဲ့သဘောပေါ့၊ အဝတ်အစား တွေက နွမ်းရိညစ်ပတ်နေတော့ ရွာတစ်ရွာက ကလေးတွေဟာ အရူးထင်ပြီး စကြနောက်ကြတယ်"

"သူတို့အပေါ် အပြစ်မယူဘဲ လျစ်လျူရှုမှန်းသိတော့ ကလေးတွေက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိ လက်ရောက် နှိပ်စက်ကလူပြုကြတယ်၊ သုသာန်ထဲမှာ လူခေါင်းရိုးကို ခေါင်းအုံး အိပ်နေတဲ့ မဟာလောမဟံသကို ခဲနဲ့ပစ်ကြတယ်၊ ခြေနဲ့ကန်ကြတယ်၊ အလောင်းတော်ကတော့ မတုန်မလှုပ်ကျောက်ရုပ်ပဲ"

"နောက် ဘယ်လောက်ထိစော်ကားကြသလဲဆိုရင် မဟာလော မဟံသရဲ့ မျက်နှာပေါ် ကို ကျင်ငယ်တွေ ပန်းချတဲ့အထိ လုပ်ကြတယ်၊ ဒါပေမယ့် ဥပေက္ခာပါရမီရဲ့သဘောအရ အလောင်းတော်ဟာ ဒေါသဘက်ကို ယိမ်းယိုင်မသွားဘဲ အလယ်မှာ တည့်မတ်စွာနေနိုင်ခဲ့တယ်။"

"ကလေးတွေက နှိပ်စက်ကလူပြုသလောက် သိတတ်တဲ့လူကြီးတွေကတော့ သူတော်စင်ကြီးမှန်းသိလို့ လှူဒါန်းကြတယ်၊ ပူဇော်ကြတယ်၊ အလေးအမြတ် ပြုကြတယ်၊ ဒီလိုအကောင်းပြုတဲ့သူတွေအပေါ် မှာလည်း အလောင်းတော်ဟာ လောဘမဖြစ်ဘဲ အလယ်မှာ တည့်မတ်စွာ နေနိုင်ခဲ့တယ်"

"မဟာလောမဟံသရဲ့ အဓိပ္ပာယ်ကိုက ကြက်သီးမွေးညှင်း ထလောက်အောင် လျစ်လျူရှု (ဥပေက္ခာပြု) နိုင်တဲ့သူ၊ ကဲ–ဒီလောက်ဆိုရင် ပါရမီဆယ်ပါးအတွက် ပြည့်စုံလောက်ပြီနောက်ရက်ကျမှ ဗုဒ္ဓဘာသာဝင်တိုင်း အရေးတကြီး သိထားရမယ့် အမြင်မှန်ငါးမျိုး အကြောင်းကို ဆက်ကြတာပေါ့"

"မှန်ပါဘုရား"။

သူရဲကောင်းသည် သာမန်သူရဲကောင်းနှင့် အမြင့်မြတ်ဆုံး သူရဲကောင်း ဟူ၍ နှစ်မျိုးရှိပြန်၏။ အဓမ္မကို ဓမ္မဖြင့်နိုင်အောင်တိုက်ရာတွင် ငါပါသော သူရဲကောင်းသည် သာမန်သူရဲကောင်းဖြစ်၏။ ငါမပါသော သူရဲကောင်းသည် အမြင့်မြတ်ဆုံးသူရဲကောင်းဖြစ်၏။ နိုင်ငံတိုင်း၌ သူရဲကောင်းများ ရှိကြ၏။ သူတို့သည် နိုင်ငံနှင့်လူမျိုးအတွက် အနစ်နာခံကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ဥစ္စာများကိုလည်း စွန့်ကြ၏။ ခြေလက်အင်္ဂါများကိုလည်း စွန့်ကြ၏။ အသက်ကိုပင် စွန့်ကြ၏။ ဆီးဘန်နီဆရာတော် အမိန့်ရှိသလို "သေသော်မှ တည့်၊ ဩော်–ကောင်း၏" ဟူသော စိတ်ဓာတ်ရှိသူများ ဖြစ်ကြ၏။ အမှန်အားဖြင့် ထိုသူများသည် လောက၌ အခမ္မ မထွန်းကားရေးအတွက် ဘဝကို စတေးသူများ ဖြစ်ကြပါ၏။

သို့ရာတွင် မိမိအနစ်နာခံမှုကြောင့် အကျိုးတရားများ ဖြစ်ထွန်းလာသောအခါ ငါက တကယ်တမ်းအနစ်နာခံခဲ့သူ၊ ထို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားကို ခံစားခြင်းခံစားလျှင် ငါသာလျှင် ခံစားထိုက်သည်ဟု ခံယူသော သူရဲကောင်းများလည်း ရှိကြ၏။ ထိုသူရဲကောင်းများကား ငါမှမလွတ်သော စွန့်လွှတ်မှုဖြင့် စွန့်လွှတ်သော သူရဲကောင်းများဖြစ်ကြ၏။ ထို့ကြောင့် ထိုသူရဲကောင်းများကို ငါပါသော သူရဲကောင်းများဟူ၍ ဆိုရ၏။ ဓမ္မပဒ ဂါထာ–၁၀၃ အရဆိုလျှင် ထို သူရဲကောင်းသည် ရန်သူထောင်ပေါင်း များစွာကို အောင်နိုင်သူသာဖြစ်၏။ မိမိကိုယ်ကို အောင်နိုင်သူမဖြစ်၊ သို့ရာတွင် တကယ်တမ်း အောင်ရမည့်ရန်သူကား မိမိကိုယ်သာလျှင် ဖြစ်၏။ ထောင်ပေါင်းများစွာသော ရန်သူများ မဟုတ်။ အမှန်အားဖြင့် မိမိကိုယ်ကို အောင်နိုင်ပြီးသူအတွက် လောကတွင် ကြောက်စရာဟူ၍ ဘာမျှ မရှိတော့။ မိမိကိုယ်ကို မအောင်နိုင်သေးသူ များအတွက်မူ အရာရာတိုင်းသည် ကြောက်စရာချည်းသာ ဖြစ်၏။

မိမိကိုယ်ကို မအောင်နိုင်သေးသူများအတွက် မိမိ၏ အနစ်နာခံမှုကြောင့် ဖြစ်ပေါ်လာသောအကျိုးတရားများတွင် ပစ္စည်းဥစ္စာ၌ မက်မောသူများလည်း ရှိ၏။ ရာထူးများ၌ မက်မောသူများလည်းရှိ၏။ ဘွဲ့ထူး ဂုဏ်ထူးများ၌ မက်မောသူများလည်း ရှိ၏။ ထိုနှစ်မျိုး၌ မက်မောသူများလည်း ရှိ၏။ သုံးမျိုးလုံး၌ မက်မောသူများလည်း ရှိ၏။ ထိုသို့ မက်မောခြင်းမှာ မိမိကိုယ်ကို မအောင်နိုင်သောကြောင့် ဖြစ်၏။ မိမိကိုယ်ကို မအောင်နိုင်ခြင်းဟူသည်မှာ ငါကိုမအောင်နိုင်ခြင်းပင်ဖြစ်၏။ ငါကို မအောင်နိုင်သောအခါ နေရာတိုင်း၌ ငါ ပါချင်တော့၏။ ငါပါမှလည်း စိတ်ချမ်းသာ၏။ ငါမပါလျှင် စိတ်မချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာ။

ထို့ကြောင့် သူ၏ အနစ်နာခံမှုသည် အရင်းစစ်လိုက်ပါက ငါချမ်းသာရေး အတွက်သာဖြစ်၏။ လောကချမ်းသာရေးအတွက်မဟုတ်၊ လောကချမ်းသာရေးကို မျက်နှာဖုံးစွပ်ပြီး ငါချမ်းသာရေးကို လုပ်နေခြင်းသာ ဖြစ်၏။ မိမိကိုယ်ကို အောင်နိုင်သူများကား မိမိ၏ အနစ်နာခံမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများတွင် ပစ္စည်းဥစ္စာ၌လည်း မမက်မော၊ ရာထူးများ၌လည်း မမက်မော။ ဘွဲ့ထူးဂုဏ်ထူးများ၌လည်း မမက်မော။ မည်သည့် အကျိုး တရားကိုမျှ မမက်မော။ သူ၏ အနစ်နာခံမှုသည် လွတ်လွတ်စွန့်လွှတ်မှုသာဖြစ်၏။ လွတ်လွတ်စွန့်လွှတ်မှုသည် ပါရမီသဘောကို ဆောင်၏။ လွတ်လွတ်စွန့်လွှတ်မှု မဟုတ်ဘဲ ငါပါသော စွန့်လွှတ်မှုသည် ပါရမီသဘောကို မဆောင်။

ဗုဒ္ဓအဘိဓမ္မာအရဆိုလျှင် လိုချင်ခြင်းသည်လောဘဖြစ်၏။ စွန့်လွှတ်ခြင်းသည် အလောဘဖြစ်၏။ လောဘသည် အကုသိုလ်ဖြစ်၏။ အလောဘသည် ကုသိုလ်ဖြစ်၏။ ကုသိုလ်ကအကုသိုလ်ထက် အားကောင်း၏။ ထို့ကြောင့် လိုချင်သဖြင့်ရသော အကျိုးတရားများထက် မလိုချင်ဘဲနှင့် ရသောအကျိုးတရားများက ပို၍မြင့်မား၏။ ပို၍လည်း စင်ကြယ်၏။ ပို၍လည်း သန့်ရှင်း၏။ သိဒ္ဓတ္ထမင်းသည် သုမေဓာဘဝမှစ၍ ဖြစ်လေရာဘဝတိုင်း၊ ဘဝတိုင်း၌ လောကအတွက် အနစ်နာခံခဲ့၏။ လောက အတွက် စွန့်လွှတ်ခဲ့၏။ သူ၏ အနစ်နာခံခြင်းသည် လည်းကောင်း၊ သူ၏ စွန့်လွှတ်ခြင်းသည်လည်းကောင်း၊ လွတ်လွတ် အနစ်နာခံခြင်း ဖြစ်၏။ လွတ်လွတ်စွန့်လွှတ်ခြင်းဖြစ်၏။ ထို့ကြောင့် ဘဝတိုင်း၊ ဘဝတိုင်း၌ အလောင်းတော်သည် ပစ္စည်းဥစ္စာအားဖြင့်ဖြစ်စေ၊ ရာထူးအား ဖြင့်ဖြစ်စေ၊ နှစ်မျိုးလုံး၌ဖြစ်စေ၊ မြင့်မားသည်ကများလေ၏။ ပညာအားဖြင့်ကား ဖြစ်လေ ရာဘဝတိုင်း၌ မြင့်သည်သာဖြစ်၏။

နောက်ဆုံးသဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါကား လူမင်းတို့၏ မင်းအဖြစ်ကိုလည်းရ၏။ နတ်မင်းတို့၏

www.burmeseclassic.com

www.burmeseclassic.com



မင်းအဖြစ်ကိုလည်းရ၏။ ဗြဟ္မာမင်းတို့၏ မင်းအဖြစ်ကိုလည်းရ၏။ အကျဉ်းအားဖြင့်ဆိုရလျှင် သတ္တဝါအားလုံးတို့၏ မင်းအဖြစ်ကိုရ၏။ ဤအကျိုးတရားများကား လောကတွင် မြတ်စွာဘုရားမှတစ်ပါး အခြားမည်သူမှမရနိုင်သော အကျိုးတရားများဖြစ်ကြ၏။ ဤအကျိုးတရားများကို မြတ်စွာဘုရားအလောင်းတော်သည် တောင့်တခဲ့ခြင်းလည်း မရှိ၊ မျှော်မှန်းခဲ့ခြင်းလည်း မရှိ၊ စေတနာသန့်သန့်ဖြင့်သာ လောကအတွက် အနစ်နာခံခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် စေတနာကောင်းထားဖို့သာလို၏။ စေတနာကောင်းကို ပါဠိဝေါဟာရအားဖြင့် မုတ္တစာဂဟူ၍ ခေါ်၏။ မုတ္တစာဂ၏ အနက်မှာ လွတ်လွတ်စွန့်လွှတ်ခြင်းဟူ၍ ဖြစ်၏။ တကယ်တမ်း လွတ်လွတ်စွန့်လွှတ်သော စိတ်ထားဖြင့် လုပ်ငန်းကိုဆောင်ရွက်ရိုးမှန်ပါက အကျိုးမပေးပါနှင့်ဟူ၍ အကျိုးကို တား၍မရ၊ ထိုက်တန်သောအကျိုးကို ထိုလုပ်ငန်းက မလွဲမသွေပေးမည်ဖြစ်၏။

သို့ရာတွင် ပေးသောအကျိုး၌ မမက်မောမိဖို့သာ အရေးကြီး၏။ ပေးသော အကျိုး၌ မမက်မောခြင်းကိုပင် မိမိကိုယ်ကို အောင်နိုင်ခြင်းဟူ၍ ဆိုရ၏။ မိမိကိုယ်ကို အောင်နိုင်ခြင်းကို ငါမှလွတ်မြောက်သော စွန့်လွှတ်မှုနိဿရဏဟူ၍ ဆိုပါ၏။

ကာမဂုဏ်ကို ရွှံ့ညွန်နှင့်နှိုင်းလျှင် ဘဝကို ကြာပန်းနှင့်နှိုင်းရမည်ဖြစ်၏။ ရွှံ့ညွန်သည် စက်ဆုပ်ဖွယ်ကောင်းသလို ကာမဂုဏ်သည် စက်ဆုပ်ဖွယ် ကောင်းပါ၏။ ကြာပန်းသည် မြတ်နိုးဖွယ်ကောင်းသလို ဘဝသည်လည်း မြတ်နိုးဖွယ် ကောင်းပါ၏။ အမှန်အားဖြင့် ကြာပန်းသည် ရွှံ့ညွန်နှင့် ကင်း၍ မဖြစ်သလို ဘဝသည်လည်း ကာမဂုဏ်နှင့်ကင်း၍ မဖြစ်။

သို့ရာတွင် ကြာပန်းသည် ရွှံ့ညွန်တော၌ ပေါက်သော်လည်း ရွှံ့ညွန်အလိမ်းလိမ်း မကပ်ပါမှ ကြာပန်းသည် မွှေးလည်းမွှေး၏၊ လှလည်း လှ၏၊ အကယ်၍ ကြာပန်းသည် ရွှံ့ညွန်တော၌ဖြစ်ပြီး ရွှံ့ညွန်အလိမ်းလိမ်း ကပ်နေပါက မွှေးလည်း မွှေးမည်မဟုတ်၊ လှလည်းလှမည်မဟုတ်။ ထို့နည်းတူ ဘဝသည် ကာမဂုဏ်တော၌ ဖြစ်ပြီး ကာမဂုဏ်အလိမ်းလိမ်း ကပ်နေပါ

www.burmeseclassic.com

www.burmeseclassic.com



က ဘ၀သည် မွေးလည်းမွေးမည်မဟုတ်၊ လှလည်း လှမည်မဟုတ်။ ထို့ကြောင့် ဘ၀ကိုမွေးလည်း မွေးစေလိုပါလျှင် လှလည်း လှစေလိုပါလျှင် ကာမဂုဏ်များ အလိမ်းလိမ်းမကပ်ရလေအောင် အားထုတ်ရမည်ဖြစ်၏။ ကာမဂုဏ်များ အလိမ်းလိမ်း မကပ်ရလေအောင် အားထုတ်ခြင်း ဟူသည်မှာ ဖြစ်ပေါ်နေသော အကျိုးတရားများ၌ မမက်မောခြင်း ဖြစ်၏။ အမှန်အားဖြင့် ကာမဂုဏ်ကို ပစ်ပယ်၍မရ၊ ကာမဂုဏ်၌ တွယ်တာမက်မောတတ်သော တဏှာကိုသာ ပစ်ပယ်ရ၏။

ရွှံ့ညွှန်ကောင်းလေ ကြာပန်းသည် လှလေဖြစ်သကဲ့သို့ ကာမဂုဏ်အားကောင်းလေ ဘ၀သည် လှလေဖြစ်ပါ၏။ ထို့ကြောင့် ဆင်းရဲသား ဘ၀ထက် သူဌေးဘ၀က ပို၍လှ၏။ သူဌေးဘ၀ထက် ပြည့်ရှင်ဘ၀က ပို၍လှ၏။ ထို့ကြောင့် ဘ၀ကို လှသည်ထက်လှအောင် ကြိုးပမ်းရ၏။ သို့ရာတွင် ကြာပန်းအလှသည် ရေကန်ကို တန်ဆာဆင်ရန်ဖြစ်သကဲ့သို့ ဘ၀ အလှသည်လည်း လောကကို တန်ဆာဆင်ရန်ဖြစ်၏။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော် များကို ဖြည့်ကျင့်တော်မူသည်မှာ မိမိ၏ဘ၀ကို လှသည်ထက်လှအောင် အားထုတ် ခြင်းဖြစ်၏။ မိမိ၏ဘ၀သည် ပို၍ပို၍ လှလေ လောကကိုလည်း ပို၍ပို၍ လှအောင် တန်ဆာဆင်နိုင်လေဖြစ်၏။ ဘ၀ကို လှသည်ထက် လှအောင် အားထုတ်ခြင်းသည် မိမိအတွက်မဟုတ်။ လောကအတွက်ဖြစ်၏။ မြတ်စွာဘုရားသည်ပင် မိမိအတွက် ဘုရားဖြစ်လို၍ ဘုရားဖြစ်လာခြင်း မဟုတ်။ လောကအတွက် ဝေနေယျ သတ္တဝါများကို ကယ်တင်ရန်အလို့ငှာ ဘုရားဖြစ်လို၍ ဘုရားဖြစ်လာခြင်းဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားအတွက် သဗ္ဗညုတဉာဏ်တော်သည် ပန်းတိုင်မဟုတ်။ ဖောင်သာဖြစ်၏။ ဝေနေယျသတ္တဝါများကို သံသရာတစ် ဖက်ကမ်းသို့ ပို့ပေးနိုင်ရေးသည်သာ ပန်းတိုင်ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် ငြိမ်းခိုင်ပါမှ ထီးတော်ကြီးကြီးကိုတင်နိုင်သလို သဗ္ဗညုတဉာဏ် တော်ကို ရပါမှ ဝေနေယျသတ္တဝါများကို ကယ်နိုင်မည်ဖြစ်၏။ ထို့ကြောင့် သဗ္ဗညုတဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



တော်ကို မြတ်စွာဘုရား အလောင်းတော်သည် မရမနေ ကြိုးပမ်းခြင်း ဖြစ်၏။ လုပ်ပိုင်ခွင့်ပို၍ ကြီးမားလေ လောကအတွက်ပို၍ လုပ်နိုင်လေ ဖြစ်၏။

လောက၌ အတ္တဟိတချည်းသက်သက်ဖြစ်လျှင်လည်း အစွန်းတစ်ဖက်သို့ ရောက်၏။ ပရဟိတချည်းသက်သက်ဖြစ်လျှင်လည်း အစွန်းတစ်ဖက်သို့ ရောက်၏။ ထို့ကြောင့် ထို (ပုဂံ)ခေတ်မြန်မာနိုင်ငံသားတို့သည် မိမိတို့၏လုပ်ငန်း၌ အတ္တဟိတလည်း ပါအောင် ဆောင်ရွက်၏။ ပရဟိတလည်းပါအောင် ဆောင်ရွက်၏။ အတ္တဟိတအရမိမိတို့၏ ဘဝကိုတိုးတက်သည်ထက်တိုးတက်အောင် ပူသည်၊ အေးသည်ကို မငဲ့ဘဲနဖူးမှချွေး ခြေမပေါ် သို့ကျသည့်တိုင်အောင် ကြိုးပမ်း၏။ ပရဟိတအရတိုးတက်လာသော မိမိတို့၏ ဘဝကို နိုင်ငံနှင့်လူမျိုးအတွက်၊ လောကအတွက် အသုံးချ၏။ ထို့ကြောင့် ထိုခေတ်မြန်မာနိုင်ငံသားတို့သည် မိမိတို့၏လုပ်ငန်းများကို မဇ္ဈိမပဋိပဒါကျကျ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်ဟုဆိုရ၏။ ထိုသို့ လုပ်ဆောင်ကြရာ၌ သူတို့သည် သူတို့၏မိသားစုကို ချစ်ကြ၏။ သို့ရာတွင် မိသားစုအချစ်ကို လွန်လွန်ကဲကဲမဖြစ်ရလေအောင် နိုင်ငံနှင့် လူမျိုးကို ချစ်သောစိတ်ဖြင့် ထိန်း၏။ နိုင်ငံနှင့် လူမျိုးအပေါ် ချစ်သောစိတ် ကိုလည်း လွန်လွန်ကဲကဲ မဖြစ်ရလေအောင် လူသားအချင်းချင်းအပေါ် ချစ်သောစိတ်ဖြင့် ထိန်း၏။ ထိုခေတ်မြန်မာနိုင်ငံ သားတို့သည် အရှုံးပေး ဝါဒကိုလည်း မကျင့်သုံးခဲ့။ အနိုင်ကျင့်ဝါဒကိုလည်း မကျင့်သုံးခဲ့။ ထို့ကြောင့် ထိုခေတ် မြန်မာနိုင်ငံသားတို့၏ မိသားစု ချစ်စိတ်သည်လည်းကောင်း၊ မျိုးချစ်စိတ်သည်လည်းကောင်း၊ လူသားအချင်းချင်းအပေါ် ချစ်စိတ်၌ နိဂုံး ချုပ်၏။

(ဆရာကြီးဦးရွှေအောင် ကိုယ်ကျင့်ဗုဒ္ဓဝင်နိဒါန်းမှ)

အခန်း–၇–ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ပညာရှင်များ၏ ဗုဒ္ဓဘာသာအပေါ် အမြင်

ယခုလောက် ရာစုနှစ်ပေါင်းများစွာ ရှည်လျားကြာမြင့်လာခဲ့သည့် အချိန်ကာလကြီး တစ်လျှောက်လုံး အချုပ်အခြာအာဏာပိုင်စိုးလာသော ဗုဒ္ဓဘာသာဝင်များက အခြားဘာသာဝင်များကို သတ်ဖြတ်ကွပ်မျက်သည် ဟူသော မှတ်တမ်းမှတ်ရာဟူ၍ ရှည်လျားကြာမြင့်လှသည့် ဗုဒ္ဓဘာသာ သမိုင်းကြောင်းတွင် ကျွန်ုပ် မတွေ့ရပါချေ။

(ပါမောက္ခရိုင်းစ် ဒေးဗစ်)

၎င်းအရာတွင် မြတ်ဗုဒ္ဓသည် ထာဝရတည်ရှိသော သစ္စာတရားတို့၏ တန်ဖိုးကိုတိတိလင်းလင်း ရှင်းပြတော်မူသည့်အပြင်၊ အိန္ဒိယတစ်နိုင်ငံတည်း၏ ကိုယ်ကျင့်တရားကိုသာ မဟုတ်၊ လူသားတစ်ရပ်လုံး၏ ကိုယ်ကျင့်တရားကိုပါ တိုးတက်မြင့်မားစေခဲ့၏။ မြတ်ဗုဒ္ဓသည် ကမ္ဘာလောကကြီးအား ပေးအပ်ထားသည့် အကြီးမြတ်ဆုံးသော သူတော်စင်ပညာရှိ လူ့ပဂေးကြီး တစ်ဦးဖြစ်ပါဘိ၏။

(အနောက်တိုင်းသား ဦးဆောင်တွေးခေါ် ရှင် အယ်လ်ဘတ်စဆိတ်စာ)

၎င်းငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်များ မိမိကိုယ်မိမိထိန်းသိမ်း စောင့်စည်းရာ စောင့်စည်းကြောင်း ဖြစ်ပြီး အသက်သွေးကြောတမျှ အရေးပါသော လက်စွဲသိက္ခာပုဒ်များဖြစ်ကြ၏။ ယင်းသို့လျှင် ပါဏာတိပါတ ဟူသော ပထမသိက္ခာပုဒ်သည် ဒေါသအလိုလိုက်အကြိုက်ဆောင်မှုကို ထိန်းချုပ်စေ၏။ အဒိန္နာဒါနဟူသော ဒုတိယသိက္ခာပုဒ်သည် လောဘ အလိုလိုက်အကြိုက်ဆောင်မှုကို ထိန်းချုပ်စေ၏။ ကာမေသုမိစ္ဆာစာရ ဟူသော တတိယသိက္ခာပုဒ်သည် သွေးသားဆာမွတ်မှု၊ အလိုလိုက်အကြိုက်ဆောင်မှုကို ထိန်းချုပ်စေ၏။ မုသာဝါဒဟူသော စတုတ္ထသိက္ခာပုဒ်သည် သူရဲဘောကြောင်ခြင်း၊ သဝန်တိုခြင်းဟု ဆိုအပ်သည့် သစ္စာမဲ့ကြောင်းကို ထိန်းချုပ်စေ၏။ သုရာမေရယဟူသော ပဉ္စမသိက္ခာပုဒ်သည် အကုသိုလ်ရေးရာ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်စေ၏။ (ဗုဒ္ဓအယူဝါဒဟူသော ကျမ်းစာရှင် အက်ဒ်မွန်ဟုမ်း)

www.burmeseclassic.com

## အခန်း ၈

## အရှုံးမရှိသောဒဿန

နောက်တစ်နေ့မနက် အရုဏ်ဆွမ်းစားအပြီးတွင် မောင်ရဲမြင့်တစ်ယောက် သူသိချင်သည်များကို မေးရန်စာရေးသူရှေ့တွင် ရောက်နေပြီ ဖြစ်၏။

"ဆရာတော်–တပည့်တော် ညက ဩကာသဘုရားရှိခိုးရင်း မေးစရာတွေ ပေါ်လာတယ်ဘုရား"

"ဘာတွေသိချင်တာလဲ မေးပါ"

"ပထမဆုံး ဩကာသရဲ့ အဓိပ္ပာယ်ကိုသိချင်တယ်ဘုရား"

"ဩကာသဆိုတာ ကန်တော့ခွင့်ပြုဖို့ တောင်းပန်တာပါ"

"နောက်အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးဆိုတာတွေကို သေချာသိချင်တယ် ဘုရား"

"အပါယ်လေးဘုံက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံပေါ့"

"အရေအတွက်ကတော့ သိတယ်ဘုရား။ အဲဒီဘုံတွေရဲ့ အဓိပ္ပါယ်ကိုပါ သိချင်တာဘုရား"

"ဒါဆိုလည်း ရှင်းပြရတာပေါ့။ ငရဲဆိုတာ ချမ်းသာကင်းတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ် ရတယ်၊ တိရစ္ဆာန်ဆိုတာ ကောင်းကင်ကိုကျောပေးသွားလာတတ်သောသတ္တဝါလို့ အဓိပ္ပာယ်ရတယ်။ ပြိတ္တာဆိုတာက အမြဲငတ်ပြတ်နေခြင်းပေါ့။ အသူရကာယ်ဆိုတာက ရဲရင့်ခြင်းကင်းတယ်လို့ အဓိပ္ပာယ်ရတယ်"

"ကပ်သုံးပါးကိုပြောပါဦးဘုရား"

"ကပ်သုံးပါးက –

ဒုဗ္ဘိက္ခန္တရကပ် = ငတ်မွတ်ခေါင်းပါးခြင်းဘေး။

သတ္ထန္တရကပ် = လက်နက်ဘေး။

ရောဂန္တရကပ် = အနာရောဂါဘေးတို့ပဲ"

"ရပ်ပြစ်ရှစ်ပါးဆိုတာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ မိစ္ဆာဒိဋ္ဌိ၊ ပစ္စန္တရာဇ်ရတနာ ၃ ပါးမရှိတဲ့နေရာပေါ့၊ နောက်နာမ်တရားသာရှိတဲ့ အရူပဗြဟ္မာဘုံ၊ ရုပ်တရားသာရှိတဲ့ အသညသတ်ဗြဟ္မာဘုံတို့ပေါ့။ သူက တစ်ခုတည်း ပေါင်းယူရတယ်။ ဒီဘုံတွေဟာ ဗြဟ္မာ့ဘုံဖြစ်ပေမယ့် မဂ်ဖိုလ်ရခွင့် မရှိတဲ့ အတွက် ရပ်ပြစ်ရှစ်ပါးထဲ ထည့်ထားတာပဲ"

"ခုနစ်ခုမြောက်က ဉာဏ်မရှိတဲ့ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ရခြင်းနဲ့ ရှစ်ခုမြောက်က ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သောကမ္ဘာ၌ ဖြစ်ရခြင်းတို့ပဲ။ ရန်သူမျိုးငါးပါးက မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံသားဆိုးသမီးဆိုးတို့ပဲ"

"ဝိပတ္တိတရားလေးပါးကို ပြောပါဦးဘုရား"

"ဝိပတ္တိဆိုတာ ဖောက်ပြန်ခြင်းလို့အဓိပ္ပာယ်ရတယ်။ အဲဒါတွေက–

ကာလဝိပတ္တိ = အခါကာလ၏ ဖောက်ပြန်ခြင်း။ စစ်ဖြစ်တာမျိုးပေါ့။

ဂတိဝိပတ္တိ = ဘုံဌာန၏ ဖောက်ပြန်ခြင်း။ အပါယ်ကျတာမျိုးပေါ့။

ဥပဓိဝိပတ္တိ = ဥပဓိရုပ်၏ ဖောက်ပြန်ခြင်း။ အရုပ်ဆိုးတာမျိုးပေါ့။

ပယောဂဝိပတ္တိ = လုပ်ဆောင်မှု၏ ဖောက်ပြန်ခြင်း။ မှားယွင်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ မျိုးပေါ့။

"ဗျသနတရားငါးပါးဆိုတာကရော ဘုရား"

"သူတို့က –

ဉာတိဗျသန = ဆွေမျိုးသားချင်းများ ပျက်စီးခြင်း၊

ရောဂဗျသန = အနာရောဂါ ဖြစ်ခြင်း၊

ဘောဂဗျသန = ဥစ္စာစည်းစိမ် ပျက်စီးခြင်း၊

သီလဗျသန = အကျင့်သီလ ပျက်စီးခြင်း၊

ဒိဋ္ဌိဗျသန = အယူမှန် ပျက်စီးခြင်း–တို့ပဲ။"

"ဒီလောက်ဆို ပြည့်စုံပါပြီဘုရား၊ မနေ့က ဆရာတော်အမိန့်ရှိတဲ့ အမြင်မှန် ငါးမျိုးကို သိပါရစေဘုရား"

"အမြင်မှန်ငါးမျိုးက –

ကမ္မဿကတာသမ္မာဒိဋ္ဌိ = ကံနှင့် ကံ၏ အကျိုးအပေါ် အမြင်မှန်ခြင်း၊

ဝိပဿနာသမ္မာဒိဋ္ဌိ = ရုပ်နာမ်၏ မမြဲမှု စသည်အပေါ် အမြင် မှန်ခြင်း၊

မဂ္ဂသမ္မာဒိဋ္ဌိ = ကိလေသာကိုသတ်သော မဂ်တရား အပေါ် အမြင်မှန်ခြင်း၊

ဖလသမ္မာဒိဋ္ဌိ = ကိလေသာကုန်ခန်း၍ ငြိမ်းအေးမှုကို ခံစားမှု အပေါ် အမြင်မှန်ခြင်း၊

ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ = ရပြီးသော မဂ်ဖိုလ်၊ မရသေးသော မဂ်ဖိုလ်၊ ပယ်ပြီးသော ကိလေသာ၊ မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်မှုအပေါ် အမြင်မှန်ခြင်း– တို့ပဲ။

ဒီငါးမျိုးမှာ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ နှစ်မျိုးကိုပဲ နားလည်အောင် အားထုတ်ရမယ်၊ ကျန်တဲ့သုံးမျိုးက တကူးတက အားထုတ်

www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဝိပဿနာတရားကို နာကြား အားထုတ်လိုက်ရင် မဂ်ဖိုလ်ကိုရတာပဲ၊ မဂ်ဖိုလ်ကို ရတာနဲ့ရတဲ့ မဂ်ဖိုလ်ကို ဆင်ခြင်တာမျိုးက သူ့အလိုလို ဖြစ်သွားတာပဲ"

"ဒီတော့ အခု ကမ္ဘာ့သက်တာသမ္မာဒိဋ္ဌိအကြောင်းကို စပြီးပြောကြရအောင်၊ ကံအကြောင်းကိုမစခင်မှာ မင်းကို ကဗျာလေးတစ်ပုဒ် ရွတ်ပြချင်တယ်၊ ကလေးကဗျာဆိုပေမယ့်လို့ လေးနက်တဲ့အဓိပ္ပာယ်တွေ အများကြီးပါနေတယ်၊ ဒါ့ကြောင့်လည်း ဒီကဗျာကိုနားထောင်မိသွားတဲ့ ဘာသာခြားကျောင်းဆရာမလေး တစ်ယောက်ဟာ ဗုဒ္ဓဘာသာ ဖြစ်သွားခဲ့ရတယ်"

"အံ့ဩစရာပါလား ဆရာတော်၊ အင်္ဂလိပ်ကဗျာဆရာကြီး ဆာအက်ဒွင်အာနိုးရေးတဲ့ အာရှတိုက်ရဲ့အလင်းရောင်ကဗျာရှည်ကြီးကြောင့် ကမ္ဘာအရပ်ရပ်က ဘာသာခြားတွေ ဗုဒ္ဓဘာသာဝင်ဖြစ်လာကြတဲ့ အကြောင်းကိုတော့ ဖတ်ဖူးတယ် ဘုရား၊ မြန်မာကဗျာတစ်ပုဒ်ကြောင့် ဘာသာခြားတစ်ဦး ဗုဒ္ဓဘာသာ ဖြစ်လာတယ်ဆိုတာကတော့ အခုမှ ကြားဘူးတယ်ဘုရား၊ သိပ်စိတ်ဝင်စားဖို့ကောင်း ပါတယ်၊ ဆက်ပါဘုရား"

"ကဗျာကို အရင်နားထောင်ကြည့်ရအောင် "။

ဖန်ဆင်းရှင်သုံးဦး

သားတို့သမီးတို့စဉ်းစားပါ၊
အရမ်းတော့မယုံစရာ၊
စာမေးပွဲမှာအောင်လိုက၊
စာကြိုးစားလိုက်ကြ၊
ငွေနဲ့လုံ့လအရင်းခံ၊
ကြိုးစားအချိန်မှန်မှန်၊
ထိုသူကေန်ချမ်းသာပွား၊
ပညာစီးပွားကောင်းကျိုးများ၊
မကြိုးစားဘဲအပျင်းထူ၊

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်တောင်းနေသူ၊
ကယ်မည့်သူဘယ်မရှိ၊
သေချာဒုက္ခရောက်မည်သိ၊
ကိုယ်၏စွမ်းအားကိုယ်ကိုးပါ၊
သေချာကြီးပွားတိုးတက်မှာ၊
ဗုဒ္ဓမြတ်စွာဟောညွှန်ကြား၊
ကောင်းကျိုးလိုလားကျင့်စေသား၊
ကံဉာဏ်ဝီရိယစွမ်းအင်များ၊
ဖန်ဆင်းရှင်လို့မှတ်စေသား – တဲ့။"

"သိပ်ကောင်းတယ်ဘုရား၊ ဒီကဗျာကို ဘယ်သူရေး တာလဲမသိဘူး ဘုရား"

ရေးတဲ့သူကိုတော့ သေချာမပြောနိုင်ဘူး၊ ဒီကဗျာကို မူလတန်း ကျောင်းသားလေးများအား စတင် ပို့ချသင်ကြားပေးသူကတော့ ချင်း ပြည်နယ်၊ မင်းတပ်မြို့ အနီး၊ ကျောက်တော်ရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းက အရှင်စန္ဒိမာဝံသဆိုတာပဲ၊ ဒီဆရာတော်ရေးတာ ဖြစ်ချင်ဖြစ်မယ်၊ သို့မဟုတ် အခြားသူတစ်ယောက် ရေးထားတာကို သဘော ကျတာနဲ့ ကလေးတွေ သင်ပေး နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ အဲဒီလို သင်ပေးနေတဲ့အချိန်မှာ ရှယ်ငြိမ်းပိုင် လို့အမည်ရတဲ့ ဘာသာခြား ကျောင်း ဆရာမလေးက နားထောင်မိ သွားပြီး ဗုဒ္ဓဘာသာ ဖြစ်ခဲ့တာပဲ၊ ကဲ ကမ္မဿ– ကတာသမ္မာဒိဋ္ဌိ အကြောင်းကို စပြီးရှင်း ကြရအောင်၊ ဒီအမြင်မှန်နဲ့ ပတ် သက်ပြီး ဗုဒ္ဓက ဂါထာတစ်ဂါထာ ဟောထားတယ်၊ ဂါထာက –

ယာဒိသံဝပ္ပတေဗီဇံ၊
တာဒိသံဟရတေဖလံ။
ကလျာဏကာရီကလျာဏံ၊
ပါပကာရီစပါပကံ။

တဲ့၊ အဓိပ္ပာယ်လေးက –

www.burmeseclassic.com

www.burmeseclassic.com



ချိုတဲ့မျိုးစေ့ကိုစိုက်ရင် ချိုတဲ့အသီးစားရမယ်၊ ခါးတဲ့မျိုးစေ့ကို စိုက်ရင် ခါးတဲ့အသီးကိုစားရမယ်၊ ထို့အတူ ကောင်းတဲ့ကုသိုလ်အမှုကိုပြုရင် ကောင်းကျိုး ခံစားရမယ်၊ မကောင်းတဲ့အကုသိုလ်အမှုပြုရင် မကောင်းကျိုး ခံစား ရမယ်လို့ ဆိုလိုတာပါပဲ။

ကံဆိုတာ စေတနာကိုပြောတာပဲ၊ ဒါကြောင့် စေတနာကောင်းရင် ကံကောင်းမယ်၊ စေတနာဆိုးရင် ကံဆိုးမယ်လို့ အကျဉ်းချုပ်မှတ်ထားပေါ့၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတွေ အဆင်ပြေနေတာဟာ ကုသိုလ်ကံကြောင့်ပဲ၊ ဝိဇ္ဇာကြောင့်မဟုတ်ဘူး၊ နတ်ကြောင့် မဟုတ်ဘူး၊ ရက်ရာဇာကြောင့်မဟုတ်ဘူး၊ သောကြာဂြိုဟ်ကြောင့် မဟုတ်ဘူး၊ အဆောင်ကြောင့် မဟုတ်ဘူး၊ ပျားစွဲလို့မဟုတ်ဘူး၊ မြွေဝင်လို့ မဟုတ်ဘူးဆိုတာကို ပြတ်သားရမယ်။

တစ်ခါ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အဆင် မပြေတာဟာ အကုသိုလ်ကံကြောင့်ပဲ၊ ပြဿဒါးကြောင့် မဟုတ်ဘူး၊နဂါး လှည့်ကြောင့်မဟုတ်ဘူး၊ အင်္ဂါဂြိုဟ်ကြောင့် မဟုတ်ဘူး၊ ငှင်းတလာ နားလို့ မဟုတ်ဘူး၊ ဖွတ်တက်လို့ မဟုတ်ဘူးဆိုတာကို ပြတ်သားစွာ နားလည်ထားရမယ်"

ဒီအချက်နဲ့ပတ်သက်ပြီး ရှေ့ပြည်သာ နာရေးကူညီမှုအသင်းအတွက် ငါရေးပို့ထားတဲ့ ဒီဆောင်းပါးလေးကို ဖတ်ကြည့်လိုက်စမ်းပါ၊ ရော့"

"မှန်ပါဘုရား"။

## ဒွန်းစဏ္ဍားနှင့်တူသော ဥပါသကာ

ဗုဒ္ဓသည် အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ၊ စဏ္ဍာလသုတ်၌ ဖော်ပြပါ အင်္ဂါငါးချက်နှင့်ပြည့်စုံသော ဥပါသကာကို ဒွန်းစဏ္ဍားနှင့်တူသော ဥပါသကာ ဟု ခေါ် ရကြောင်း ဟောကြားထား၏။ ထိုအင်္ဂါငါးချက်ကား–

၁။ ယုံကြည်မှုသဒ္ဓါတရားမရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ စောင့်ထိန်းမှုသီလမရှိခြင်း။

၃။ ကောတုဟလမင်္ဂလာကိုယုံကြည်ခြင်း။

၄။ မင်္ဂလာကိုယုံကြည်၍ ကံကိုမယုံကြည်ခြင်း။

၅။ ဤသာသနာတော်အပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ကို ရှာမှီးခြင်း၊ တို့ဖြစ်၏။ ဒွန်းစဏ္ဍားသည် လူ့လောက၌ အောက်တန်းအကျဆုံး ဖြစ် သကဲ့သို့ ဤအင်္ဂါငါးချက်နှင့်ပြည့်စုံသော ဥပါသကာသည်လည်း ဗုဒ္ဓဘာသာလောက၌ အောက်တန်းအကျဆုံးဖြစ်၏။ မြန်မာနိုင်ငံသည် ကမ္ဘာ ပေါ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများတွင် ထိပ်တန်းခေါင်းဆောင်နေရာတွင် ရပ်တည်လျက်ရှိပါ၏။

ထိုကဲ့သို့သော နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များသည် အောက်တန်းအကျဆုံး ဒွန်းစဏ္ဍားဥပါသကာထဲတွင် မပါဝင်သင့်ပေ။ မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်အများစုတွင် သုံးနှင့်လေးအချက် အများဆုံး ဝင်ရောက်နေသည်ကို တွေ့ရ၏။ ကောတုဟလမင်္ဂလာကို ယုံကြည်ခြင်းဟူသည် အသုဘကို တွေ့မြင်ရလျှင် မင်္ဂလာမရှိဟု ယုံကြည်ခြင်း၊ နွားကိုတွေ့မြင်ရလျှင် မင်္ဂလာရှိ သည် ဟု ယုံကြည်ခြင်း (အိန္ဒိယမှ ဟိန္ဒူများ၏ အယူအဆ)၊ ငွေးတနားလျှင် ခိုက်တတ်သည်ဟု ယုံကြည်ခြင်း၊ ဇီးကွက်နားလျှင် လာဘ်ရမည်ဟု ယုံကြည် ခြင်း၊ ငှက်ဆိုးထိုးသံကြားလျှင် နိမိတ်မကောင်းဟုယုံကြည်ခြင်း၊ ပျားစွဲလျှင် လာဘ်ကောင်းသည်ဟု ယုံကြည်ခြင်း၊ အသုဘကို စုန်နေ့မှာ မချသင့်၊ ချလျှင် တစ်လောင်းနှင့်မပြီးဟု ယုံကြည်ခြင်း၊ ရှင်ပြုလျှင် စုံဂဏန်းဖြင့်မပြုကောင်းဟု အယူရှိခြင်း၊ ကြက်သေ၊ ဝက်သေကို ရပ်ကွက်ထဲအိမ်ထဲ နေ့စဉ် သွင်းနေကြပြီး အပြင်မှာ သေသောလူသေ ကိုကျမှရပ်ကွက် တွင်းသွင်းလျှင် ခိုက်တတ်သည်ဟု အယူရှိခြင်း၊ ရက်ရာဇာ၊ ပြဿဒါး၊ နဂါးလှည့်၊ နက္ခတ်၊ ဂြိုဟ် စသည်တို့သည် ကောင်းကျိုး ဆိုးကျိုးကို ဖြစ်စေနိုင်သည်ဟု စွဲမြဲစွာယူဆထားခြင်းပင် ဖြစ်၏။

သုံးနံပါတ်အရ ဖော်ပြပါ ကောတုဟလမင်္ဂလာများကို ယုံကြည်လိုက်သည်နှင့် လေးနံပါတ်အရ ကံကိုမယုံကြည်ခြင်းသည် တစ်ပါတည်း

www.burmeseclassic.com

www.burmeseclassic.com



ပါသွား၏။ ကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်။ မကောင်းတာလုပ်လျှင် မကောင်းကျိုး ခံစားရမည်ဟူသော ကမ္မဿကတာသမ္မာ ဒိဋ္ဌိ အယူမှန်ကြီး မရှိတော့သည်နှင့် ထိုသူသည် ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်တော့ပေ။ ထိုကံကိုပယ်သော အချက်နှင့်ပတ်သက်၍ တည်တော ဆရာတော်ဘုရားကြီးက မင်္ဂလိကဒိဋ္ဌိကျမ်း၊ စာမျက်နှာ–၁၃၇ တွင် ယခုလို ရေးသားတော်မူခဲ့၏။

ဘုရားပွင့်ရာ မဇ္ဈိမတိုင်းမှာ ဘာကြောင့်မို့ သာသနာကွယ်တာလဲလို့ စစ်ဆေးကြည့်ခဲ့လျှင် အခြေခံကတော့ မင်္ဂလိကဒိဋ္ဌိပေါ့ကွယ်၊ မင်္ဂလိက ဒိဋ္ဌိဟာ မူလကတော့ ရိုးရိုးမင်္ဂလာအယူရှိတာပါပဲ၊ ကံကိုမလွှတ် သေးဘူး၊ နောက်ကျတော့ ဒီမြင်မှုကြားမှုကြောင့် ဒီလိုကောင်းကျိုး၊ မကောင်းကျိုး ဖြစ်ရတယ်လို့ ကံကို ပယ်လိုက်တယ်၊ ကံကိုပယ်လိုက်တော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကင်းသွားတာပေါ့၊ မဂ္ဂင်ရှစ်ပါးမှာ အခြေခံ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကင်းလွတ်သွားလျှင် ကျန်တဲ့ မဂ္ဂင်တရားတွေလည်း မရှိတော့ဘူး။

မဂ္ဂင်တရားမရှိလျှင် ဗုဒ္ဓဘာသာပါလို့ ဘယ်လိုပင် ကြိမ်တွယ်၍ ပြောစေဦးတော့၊ စစ်မှန်တဲ့ဗုဒ္ဓဘာသာ မဟုတ်တော့ဘူး၊ စစ်မှန်တဲ့ ဗုဒ္ဓဘာ သာမဟုတ်ခဲ့လျှင် ဘုရားရှင်ရဲ့စကားတော်ဖြစ်တဲ့ ပရိယတ္တိသာသနာ တော်ကို ငှဲ့မျှော်ခဲ့လျှင် ယခုဘဝ သူကောင်းစားဖို့အတွက် လုပ်ချင်ရာကို လုပ်မှာပဲ၊ ဒါကြောင့် မင်္ဂလိကဒိဋ္ဌိဟာ အစမူလကတော့ အသေးအမွှား အရေးမထားလောက်စရာလိုလိုနှင့် နောက်ပိုင်းကျတော့ ဗုဒ္ဓသာသနာတော် နှင့်ဆန့်ကျင်တဲ့ နိမိတ်ဖတ်တာတွေ၊ ဗေဒင်ဟောတာတွေ၊ လက္ခဏာ ဟောတာတွေ၊ နတ်ဟောတာတွေ၊ နတ်ပူဇော်တာတွေကစပြီး များပြားလှတဲ့ တန္တရ၊ ဝိဇ္ဇာယာနအတတ်အမျိုးမျိုးတွေ ဖြစ်ပေါ်လာပြီး အိန္ဒိယပြည်ကြီးမှာလို သာသနာကွယ်ပျောက်သွားစေနိုင်တယ်။

ဤရေးသားချက်အရ ကောတုဟလမင်္ဂလာခေါ် မင်္ဂလိကဒိဋ္ဌိကို ယုံကြည်လက်ခံနေခြင်းသည် သာသနာတော်ကြီးကို အရစ်ကျ တဖြည်းဖြည်း သတ်ဖြတ်နေခြင်းဖြစ်၏။ ဆေးလိပ်သမား၊ ကွမ်းသမား များသည်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏အသက်ကို တဖြည်းဖြည်း အရစ်ကျသတ်နေ သကဲ့သို့ပင်တည်း။ ထိုကောတုဟလမင်္ဂလာ အယူအဆများစွာထဲမှ အသုဘ သို့မဟုတ် နိဗ္ဗာန်ယာဉ်ကိုမြင်ရလျှင် သို့မဟုတ် မိမိအိမ်ရှေ့မှ ဖြတ်သွားလျှင် နိမိတ် မကောင်း၊ လာဘ်တိတ်သည်ဟုယူဆသောအချက်ကို ပြည့်စုံစွာ ဖြေရှင်း ပြလို၏။

စာရေးသူသည် ၂၀၀၁–ခုနှစ်က မြိတ်မြို့နယ်၌ တရားပွဲပေါင်း ၈၈–ည လှည့်လည်ဟောကြားခဲ့ရစဉ်အတွင်း ရွာကျောင်းတစ်ကျောင်း ၌ အသုဘနှင့် ပတ်သက်သော ဖြစ်ရပ်တစ်ခုကို ဖြေရှင်းပေးခဲ့ရ၏။ ထိုရွာ၏ သုဿာန်သည် ရွာဦးကျောင်းနောက်တွင် ကပ်လျက်ရှိ၏။ ထို့ကြောင့် အသုဘ ချလျှင် ဘုန်းကြီးကျောင်းဝိုင်းအတွင်းမှ ဖြတ်သွားရ၏။ ထိုအချက်ကို ရွာဦးကျောင်းဘုန်းကြီးက စိတ်မချမ်းမသာဖြစ်နေ၏။

ထို့ကြောင့် နေ့ခင်းပိုင်း တရားပွဲနားချိန်တွင် စာရေးသူအား ယခုလို ပြော၏။

"ဦးဇဝနရေ၊ တပည့်တော်တော့ ကံမကောင်းဘူး၊ သုဿာန်က ကျောနဲ့ကပ်နေတော့ အသုဘချတိုင်း ကျောင်းထဲကဖြတ်သွားကြတယ်၊ အသုဘမကြာခဏ ဖြတ်သွားခံနေရတဲ့ ကျောင်းဟာ ဘယ်လိုလုပ်ပြီး တိုးတက်စည်ကားတော့မှာလဲ၊ ကြာလေ မင်္ဂလာမရှိလေ၊ လာဘ်တိတ်လေ ဖြစ်တော့မှာပေါ့"

"ဟာ ဆရာတော်ကလည်း အသုဘ ကျောင်းဝိုင်းထဲကဖြတ်သွားတာဟာ မင်္ဂလာဖြစ်တာပါဘုရား၊ ဘယ်ကလာ အမင်္ဂလာဖြစ်ရမှာလဲ"

"အသုဘကြီးဖြတ်သွားတာ ဘယ်လိုလုပ်မင်္ဂလာဖြစ်မှာလဲ"

"ဒီလိုပါဘုရား၊ ကုသိုလ်ဖြစ်တာ၊ ကောင်းကျိုးရတာကို မင်္ဂလာလို့ ခေါ်ပြီး အကုသိုလ်ဖြစ်တာ၊ မကောင်းကျိုးရတာကို အမင်္ဂလာလို့ခေါ်ပါတယ်ဘုရား၊ အခု ဆရာတော်ကျောင်းထဲမှာ အသုဘဖြစ်သွားတာကို မြင်ရတဲ့အခါ ဆရာတော်မှာ ဩော် – တစ်နေ့ကျ ငါလည်း အခုလိုပဲ သေရမှာပါလား၊ သေဖို့ရာဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီးနီးလာတာပါ လား ဆိုပြီး မရဏာနုဿတိဘာဝနာ ကုသိုလ်တွေ ဖြစ်သွားပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ မရဏာနုဿတိ ဘာဝနာကုသိုလ်ဟာ ဘယ်လောက်ထိကြီးမား အားကောင်းသလဲဆိုရင် 'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်'ဆိုတဲ့ စကားပုံအတိုင်း ကျောင်းကိုဆယ်ခေါက်သွားပြီး ဒါနပြုခြင်း၊ သီလ ဆောက်တည်ခြင်းကုသိုလ်နဲ့ မသာတစ်ခေါက်သွားပို့ရင်း မရဏာနုဿတိ ဘာဝနာပွားရတဲ့ကုသိုလ်ဟာ အတူတူပါပဲတဲ့ဘုရား၊ ဒါ့ကြောင့် ဆရာတော် အသုဘကိုမြင်ရတာဟာ ကုသိုလ်လည်းရ၊ ကောင်းကျိုးလည်းရတဲ့အတွက် မင်္ဂလာသာဖြစ်ပါတယ်ဘုရား၊ အမင်္ဂလာ မဟုတ်ပါဘုရား"

စာရေးသူ၏ စကားဆုံးသောအခါတွင်မှ ဆရာတော်သည် ပြုံးရွှင်စွာဖြင့် "အင်း – ဒီလိုဆိုတော့လည်း ဟုတ်သားပဲ၊ အခုလို တစ်ခါမှ မစဉ်းစားမိဘူး"ဟု မိန့်တော်မူရှာ၏။ ထိုဆရာတော်ကဲ့သို့ပင် ယခုခေတ် ဗုဒ္ဓဘာသာဝင်အများစုသည် ဉာဏ်ပညာဖြင့် ဝေဖန်ဆန်းစစ်ခြင်းမပြုဘဲ အသုဘနှင့် ပတ်သက်လာလျှင် အယူသည်းနေတတ်ကြ၏။

အသုဘထည့်သောအခေါင်း၊ အသုဘတင်သော ယာဉ်နှင့် ပတ်သက်လာလျှင် ဝေးဝေးကရှောင်ကြ၏။

> သုဘရာဇာအား ရုပ်အလောင်း ကောင်များ ကိုင်သောကြောင့်ဟုဆိုကာ ဝေးဝေးကရှောင်ကြ သလောက် ဆေးကျောင်းသားဘဝမှ ဆရာဝန်ဖြစ်လာသည့်တိုင် အောင် ရုပ်အလောင်းများကို အမြဲ ကိုင်နေရသော ဒေါက်တာကျမှ သမီးနှင့် မရမကပေးစားပြီး သားမက် ဖမ်းတတ်ကြသည်မှာ အတွေးအခေါ် ရှိသူများအတွက် လောကလူသားများ၏ အမြီး အမောက်မတည့်သော သဘာဝဟာသ တစ်ကွက်ပင် ဖြစ်၏။
>
> ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် ယုံကြည်မှုတစ်ခုတည်းမှာပင် လမ်းဆုံးမနေဘဲ ဝေဖန်ဆန်းစစ်မှုပညာကိုလည်း အသုံးပြုကြရမည်ဖြစ်၏။

ထိုဝေဖန်ဆန်းစစ်မှုပညာကို အသုံးချပြီး မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဆရာတော်၊ နိုင်ငံကျော် ဓမ္မကထိက ဦးတိက္ခအရှင်သူမြတ်

www.burmeseclassic.com

www.burmeseclassic.com



သည် အသုဘ ယာဉ်များကို တည်ထောင်ပြီး ကျောင်းတိုက်ဝင်းအတွင်းမှာ ထားရှိကာ နာရေးကူညီမှု အသင်းကြီးကို အောင်မြင်စွာ ဖွဲ့စည်းလိုက်၏။

အယူသည်းသူ ဒကာ၊ ဒကာမအချို့က အသုဘယာဉ်များအား ကျောင်းဝင်းအတွင်း၌ထားခြင်းကို အပြင်းအထန် ကန့်ကွက်ရှုတ်ချကြ၏။ ဆရာတော်ကား–

အများအကျိုး၊ ရွက်သည်ပိုးက၊
ခနိုးခနဲ့၊ ဆိုးကဲ့ရဲ့လည်း၊
မဖဲတိမ်းစောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

ဟူသော ရွှေဟင်္သာတောရ၊ စတုတ္ထစံကျောင်းဆရာတော်ကြီး၏ ဩဝါဒ အတိုင်း နောက်မတွန့်ဘဲ ရှေ့သို့သာ တစ်ဆင့်ပြီးတစ်ဆင့်တက်ခဲ့၏။ ယခုဆို လျှင် ဆရာတော်ထံမှအတုယူပြီး ရန်ကုန်၊ အင်းစိန်၊ ပျဉ်းမနား၊ ရွှေပြည်သာ၊ မော်လမြိုင်ကျွန်း စသောမြို့တို့၌ နာရေးကူညီမှုအသင်းများ ပေါ်ပေါက်လာ ပြီဖြစ်၏။ မြန်မာတစ်ပြည်လုံး မြို့နယ်တစ်ခုတွင် နာရေးကူညီမှု အသင်း တစ်သင်း ပေါ်ထွက်ပါစေဟု ဆုတောင်းမိ၏။

ရွှေပြည်သာမြို့တွင်လည်း ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ပဓာန နာယက ဆရာတော်ဦးနာဂိတက မြင့်မြတ်သောစိတ်ထား၊ ပြည့်ဝသော နှလုံးသားဖြင့် ကျောင်းတိုက်ဝင်းအတွင်း နာရေးကူညီမှုအသင်း ရုံးခန်းနှင့် နိဗ္ဗာန်ယာဉ်ရပ်နားရာ နေရာတို့ကို ပေးခဲ့၏။ ဦးဆောင်မည့်သူ ပေါ်လာပြီ ဖြစ်သဖြင့် ငွေအားလူအားဖြင့် နောက်မှလိုက်ကြရုံသာရှိ၏။ မည်သည့် လုပ်ငန်းမဆို အောင်မြင်အောင် လုပ်ဆောင်လိုသောသူ မှန်သ မျှသည်–

၁။ နွားကဲ့သို့ ကုန်းရုန်းပြီး လုပ်ကိုင်နိုင်ရမည်၊
၂။ မြင်းကဲ့သို့လည်း လျင်မြန်ဖြတ်လတ်စွာ လုပ်ကိုင်နိုင်ရမည်၊
၃။ ဆင်ကဲ့သို့ စိတ်ဓာတ်ခွန်အား၊ ရုပ်ဓာတ်ခွန်အား နှစ်မျိုးလုံး ဖြင့် လုပ်ကိုင်နိုင်ရမည်။
၄။ ခြင်္သေ့ကဲ့သို့ သတ္တိရှိစွာလုပ်ကိုင်နိုင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အသောကမင်းကြီးသည် ထိုအင်္ဂါလေးချက်နှင့်အညီ လုပ်ကိုင် သာသနာ ပြုခဲ့သောကြောင့် သူ့ခေတ်သူ့အခါက ဗုဒ္ဓဘာသာကို ကမ္ဘာ့ လူဦးရေ ငါးပုံပုံ လေးပုံတို့က ကိုးကွယ်ခဲ့ကြခြင်းဖြစ်၏။ နှောင်းလူတို့လည်း ထိုစိတ်ဓာတ်လေးမျိုးတို့ဖြင့် အလုပ်မှန်သမျှကို အောင်မြင်စွာလုပ် ကိုင်နိုင်ကြစေရန် အသောကမင်းကြီးက နွားရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ခြသေ့ရုပ်၊ ကျောက်တိုင်တို့ကို အိန္ဒိယ၌ ထုလုပ်ထားခဲ့ခြင်း ဖြစ်၏။ နာရေးကူညီမှု အသင်းသားတို့သည် ထိုစိတ်ဓါတ်လေးမျိုးတို့ဖြင့် မွန်မြတ် လှသော ပရဟိတအလုပ်ကြီးကို သက်ဆုံးတိုင် ကြိုးစားအားထုတ် နိုင်ကြပါ စေသော်။

## ဥပါသကာရတနာ

၁။ ယုံကြည်မှုသဒ္ဓါတရားရှိခြင်း၊

၂။ စောင့်ထိန်းမှုသီလရှိခြင်း၊

၃။ ကောတုဟလမင်္ဂလာကို ယုံကြည်မှုမရှိ၊

၄။ ကံကိုယုံကြည်၍ မင်္ဂလာကိုမယုံကြည်၊

၅။ ဤသာသနာတော်မှ ပြင်ဘက်၌အလှူခံပုဂ္ဂိုလ်ကို မရှာမှီးတတ်၊ ဤသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှုကို ပြုတတ်၏။ ဤတရား ငါးမျိုးနှင့် ပြည့်စုံသောဥပါသကာသည် –

ဥပါသကာရတနာလည်းမည်၏။
ဥပါသကာပဒုမာလည်းမည်၏။
ဥပါသကာပုဏ္ဍရိကာလည်းမည်၏။ (အင်္ဂုတ္တိုရ်ပါဠိတော်)

## ကပြားဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာ

အသုဘရုပ်အလောင်းကိုလည်းကောင်း၊ ရုပ်အလောင်းနှင့် ဆက်စပ်ရာ အရာဝတ္ထုတစ်ခုခုကိုလည်းကောင်း၊ တွေ့မြင်ရလျှင် မင်္ဂလာမရှိ၊ အကုသိုလ် ဖြစ်သည်၊ မကောင်းကျိုးရသည်ဟုယူဆသူသည် ဗြာဟ္မဏ ဘာသာဝင်လျှင် လည်းဖြစ်ရမည် သို့မဟုတ် ဗြာဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာကိုရောယှက် ကိုးကွယ်သော ကပြားဗုဒ္ဓဘာသာဝင် လျှင်လည်း ဖြစ်ရမည်။ ထိုသို့မြင်ရာ၌

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရှိသည်၊ မရဏာနုဿတိဘာဝနာ ပွားများခွင့်ရ၍ ကုသိုလ်ဖြစ်သည်၊ ကောင်းကျိုးရသည်ဟု ယူဆသူသည်သာ တကယ့်ဗုဒ္ဓဘာသာဝင် ဖြစ်၏။

(ရွှေပြည်သာမြို့၊ မန္တလေးကျောင်းတိုက်ဆရာတော်)

(မှတ်ချက်)။ ။စာရေးသူနှင့် တိုက်အုပ်ဆရာတော် ဆရာတော်ဦးသုစိတ္တ (မင်းဟိန်းထိဝ်) တို့သည် နာရေးကူညီမှုအသင်းသို့ တစ်သိန်းစီလှူဒါန်း ကြသည့်အပြင် ကိုယ်ဝန်ဆောင်များအတွက် နှစ်သက်ကယ်ဆေးဝါး ကူညီမှုအသင်း ထူထောင်ရန် နှစ်သိန်းစီ မ,တည်လှူဒါန်းကြသည်။ ဆေးဝါး ကူညီမှု အသင်းပါ တည်ထောင်ဖို့ တိုက်တွန်းပါသည်။

"သိပ်ကောင်းတယ်ဘုရား၊ ဗုဒ္ဓဘာသာတိုင်း ဖတ်ထားသင့်တဲ့ ဆောင်းပါး တစ်ပုဒ်ပါဘုရား"

"ဗုဒ္ဓဘာသာ ဖြစ်ကာစတစ်ယောက်က ကမ္မကတာသမ္မာဒိဋ္ဌိ ဉာဏ်ရင့်သန်ဖို့ဆိုရင် ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်ကို သေချာလေ့လာထားသင့်တယ်"

"အမိန့်ရှိပါဘုရား"

"သာဝတ္ထိမြို့နဲ့ အတော်ခပ်လှမ်းလှမ်းမှာ တုဒိလို့ခေါ်တဲ့ မြို့တစ်မြို့ရှိတယ်။ အဲဒီမြို့ပိုင်ရဲ့ နာမည်ကိုတော့ တောဒေယျလို့ခေါ်တယ်။ သူဟာ ဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဗြဟ္မာကို ကိုးကွယ်တဲ့ဗြဟ္မဏဘာသာဝင် တစ်ယောက်ပဲ။ သူ့မှာ သုဘလို့ခေါ်တဲ့သားတစ်ယောက်ရှိတယ်။"

"သူဟာ ဘုရားဟောနဲ့ အမြဲတန်းဆန့်ကျင်ဘက်လုပ်လေ့ရှိတယ်။ ဘုရားက ဒါနတော ဘောဂဝါ အလှူပေးသူဟာ ဖြစ်ရာဘဝမှာ ဥစ္စာစည်းစိမ်ပေါများ ချမ်းသာမယ်လို့ ဟောခဲ့တယ်။ တောဒေယျက အလှူပေးတာဟာ ပစ္စည်းဥစ္စာ ကုန်ခမ်းပျက်စီးခြင်းရဲ့ အကြောင်းဖြစ်တယ် လို့ပြောတယ်။"

"သူ့သားကိုလည်း ဒါနမပြုဖို့ အခုလိုဆုံးမတယ်။ ငါ့သား မျက်ခမ်းမှာ လိမ်းရတဲ့ မျက်စဉ်းညိုကျောက်ဟာ ဘယ်လောက်ပင် ကြီးကြီး ကြာကြာ

www.burmeseclassic.com



သွေးရင် နောက်ဆုံးတော့ ကုန်တာပဲ။ သူများကို ပေးကမ်းရပြီဆိုရင် ဘယ်လောက်ပင် နည်းနည်း ကြာကြာပေးရင် နောက်ဆုံးတော့ ဥစ္စာ ပစ္စည်းတွေ ကုန်တာပဲ။ ဒါ့ကြောင့် ပေးကမ်း လှူဒါန်းခြင်းကို ဘယ်တော့မှ မပြုနဲ့။"

"ချကောင်တွေဟာ မြေမှုန့်တွေကို တစ်မှုန့်ချင်းစုရာကနေကြာလာတဲ့အခါ တောင်ပို့ကြီးဖြစ်လာတာပဲ။ ပျားကောင်တွေဟာ ပန်းဝတ်မှုန်တွေကို တစ်မှုန်ချင်း စုရာကနေ ကြာလာတဲ့အခါ အလွန်ကြီးမားတဲ့ ပျားလပို့ကြီးဖြစ်လာတာပဲ။ ပစ္စည်းဥစ္စာဆိုတာလည်း နည်းနည်းခြင်း စုရာကနေ ကြာလာတဲ့အခါ များပြားလာတာပဲ။ ဒါ့ကြောင့် ရသမျှ ပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်းခြင်းမပြုဘဲ စုဆောင်းပါလို့ ဆုံးမတယ်။ သူကိုယ်တိုင်လည်း ဘာကိုမှ မလှူခဲ့ဘူး။"

"တောဒေယျသူဌေးကြီး သေတဲ့အခါ တွေ့ဝေမှုတွေ အားကြီးခဲ့တာကြောင့် သူ့အိမ်မှာပဲ ခွေးကြီးတစ်ကောင်လာဖြစ်တယ်။ ဖခင်ဘဝကနေလာတဲ့ ခွေးဆိုတော့ သုဘလုလင်က ခွေးကြီးကို တအားချစ်တယ်။ ဒါ့ကြောင့် လိုလေသေး မရှိအောင် ကျွေးမွေးပြုစုထားတယ်။ လူတစ်ယောက်လို သဘောထားပြီး ခုတင်နဲ့ မွေ့ယာနဲ့သိပ်တယ်။"

"ခွေးကြီးကို အကြောင်းပြုပြီး သုဘတစ်ယောက် ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်မှာကို မြင်တော်မူတဲ့ ဘုရားရှင်ဟာ တစ်ခုသောရက်မှာ သုဘရဲ့အိမ်ကို ဆွမ်းသွားရပ်တယ်။ ဒီအချိန်မှာ သုဘလုလင်အိမ်မှာ မရှိဘူး။ ဒါ့ကြောင့် ဘုရားရှင် ကြွသွားတဲ့အခါ သူတို့အိမ်ရှေ့ရောက်တာနဲ့ တောဒေယျဘဝကလာတဲ့ ခွေးကြီးက ကိုက်မတတ်, ဆွဲမတတ် သဲကြီးမဲကြီး ဟောင်တော့တာပဲ။"

"ဗုဒ္ဓဟာ တအားဟောင်နေတဲ့ ခွေးကြီးကို လက်ညှိုးထိုးပြီး အခုလိုပြောတယ်။ တောဒေယျ သင်ဟာ လူ့ဘဝတုန်းက ငါဘုရားနဲ့ ဆန့်ကျင်ဘက်လုပ်ပြီး ဒါနကို ပယ်ခဲ့လို့ အခုခွေးဘဝရောက်နေပြီ၊ ဒါတောင် နောင်တမရသေးဘဲ ငါဘုရားကို သဲကြီးမဲကြီးဟောင်နေပြန်တယ်၊ သင် ဒီဘဝက သေရင် ငရဲထိဆက်ကျ ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ပြောပြီး ဘုရားရှင်က ကျောင်းကိုပြန်ကြွသွားတယ်၊ တောဒေယျ ဘဝကလာတဲ့ ခွေးကြီးဟာ ဘုရားရှင်ရဲ့ စကားဆုံးတာနဲ့ ခေါင်းငိုက်စိုက်ကျသွားပြီး ဆက်မဟောင်နိုင်တော့ဘူး။ ငါခွေးဖြစ်တာကို ဘုရားရှင်တောင် သိနေပြီဆိုတဲ့ ရှက်စိတ်၊ ဝမ်းနည်းစိတ်ကြောင့် ခွေးကြီးဟာ အိပ်နေကျ ခုတင်ပေါ် တက်မအိပ်တော့ဘဲ ပြာပုံထဲ တိုးအိပ်သွားတယ်။"

"သုဘလုလင် ပြန်လာတဲ့အခါ အခြေပျက်နေတဲ့ သူ့ခွေးကြီးကိုမြင်တော့ အစေအပါးတွေကို မေးကြည့်တော့တာပေါ့။ အစေအပါးတွေက ဘုရားရှင် မိန့်တော်မူခဲ့တဲ့အတိုင်း ဒီခွေးကြီးဟာ သူ့ဖခင် တောဒေယျ ဘဝက လာတာ ဖြစ်ကြောင်း သိရတဲ့အခါ အကြီးအကျယ် ဒေါသူပုန်ထပြီး ဘုရားကျောင်းတော်ကို လိုက်သွားတယ်။"

"ဗုဒ္ဓကို တွေ့တဲ့အခါ ခုခေတ်လို ပြောရင်တော့ ရန်တွေ့တော့တာပေါ့။ ကျွန်ုပ် အဖေ ခွေးဖြစ်တယ်ဆိုရင် အထောက်အထား ပြပါ။ အထောက်အထား မပြနိုင်ရင် ဘုရားတန်မဲ့ မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ ကြေငြာမယ်–တဲ့"

"ဟာ ဒါဆို ဗုဒ္ဓက သက်သေအထောက်အထားပြနိုင်ရဲ့လား ဘုရား"

"ပြနိုင်တာပေါ့၊ ဗုဒ္ဓကမေးတယ်၊ မင်းအဖေအပ်မသွားတဲ့ ဥစ္စာတွေ ရှိသလားဆိုတော့ ရှိတယ်တဲ့၊ တစ်သိန်းတန် ရွှေခြေနင်း၊ တစ်သိန်းတန် ရွှေပန်းကုံး အစရှိတဲ့ ပစ္စည်းသုံးမျိုးနဲ့ ငွေတစ်သိန်းသူ့ကို အပ်မသွားခဲ့လို့ ခုထိ ရှာမရဘူးလို့ သုဘလုလင် ပြန်လျှောက်တယ်။ ဒီအခါ ဗုဒ္ဓက ဒါဆိုရင် အိမ်ပြန်ရောက်တဲ့အခါ ခွေးကြီးကို ရေမိုးချိုးပေးပြီး ရေမရောတဲ့ နို့ထမင်းကို ချက်ကျွေးပါ။"

"ကျွေးမွေးပြီးတဲ့အခါ နူးညံ့တဲ့အိပ်ယာမှာသိပ်ထားပြီး ခွေးကြီး အိပ်မပျော်တပျော်ရှိတဲ့ အချိန်မှာ ကျောကိုအသာသပ်ပေးပြီး အဖေ သားကို မအပ်ဘဲ ဝှက်ထားခဲ့တဲ့ဥစ္စာတွေ ဘယ်နားမှာလဲလို့ မေးလိုက်ပါ။ ဒီလို မေးလိုက်လို့ ခွေးကြီးက ဥစ္စာတွေ ဝှက်ထားတဲ့နေရာကိုပြခဲ့ရင် မင်းအဖေ ခွေးဖြစ်တယ်ဆိုတာကို လက်ခံလိုက်ပါ။"

www.burmeseclassic.com

www.burmeseclassic.com



"မပြခဲ့ဘူးဆိုဆိုရင် ငါ့ကို ဘုရားတန်မဲ့ မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ လှည့်ပြီး အပုပ်ချပေါ့လို့ ပြောလိုက်တယ်။ ဒီအခါမှာ သုဘလုလင်ဟာ သူ့အတွက် အရှုံးမရှိတဲ့ ဒဿနတစ်ခုကို ရသွားတယ်။ အဲဒါ ကတော့ ခွေးကြီးကို မေးကြည့်လို့ ဥစ္စာတွေရှိတဲ့နေရာ ပြခဲ့ရင် ဥစ္စာတွေ ပြန်ရလို့ သူ့အတွက်အရှုံးမရှိဘူးတဲ့။"

"တစ်ခါခွေးကြီးက ဥစ္စာတွေရှိတဲ့ နေရာမပြဘူးဆိုရင် ဘုရားကို မုသာဝါဒနဲ့ စွပ်စွဲခွင့်ရတယ်။ ဒါလည်း သူ့အတွက်အရှုံးမရှိဘူး။ ဒါကြောင့် ခွေးကြီးကို ဘုရားရှင်ပြောတဲ့အတိုင်း မေးကြည့်ဖို့ ဆုံးဖြတ်ချက် ချလိုက်တယ်။"

> "ဘာသာရေးကို ကံစမ်းမဲနှိုက်သလို သဘောမထားသင့်ဘူး။ လောက ကံစမ်းမဲနှိုက်လို့ ဗလာကျရင် ငွေအနည်းငယ်ပဲ ဆုံးရှုံးမယ်၊ ဘာသာရေးမှာ ဗလာကျလို့ကတော့ သံသရာတစ်လျှောက်လုံး နစ်နာဆုံးရှုံးမယ်။ ဒါကြောင့် ဘာသာရေးနဲ့ ပတ်သက် လာရင် သုဘလုလင်လို အရှုံးမရှိ တဲ့နည်း၊ သေချာတဲ့ နည်းကိုပဲ ရွေးချယ်ကျင့်သုံးသင့်တယ်။"

"ဒီအရှုံးမရှိတဲ့ ဒဿနနဲ့ပတ်သက်ပြီး ငါးရာ့ငါးဆယ်က သမုဒ္ဒ ဝါဏိဇ္ဇဇာတ်ကို နည်းနည်းပြောပြမယ်။ ဗာရာဏသီပြည်အတွင်းမှာ လက်သမားတွေချည်းနေတဲ့ ရွာကြီးတစ်ရွာရှိတယ်။ တစ်ခါတော့ ကြွေးမြီတွေ များလွန်းအားကြီးပြီး မဆပ်နိုင်တော့တဲ့အတွက် လက်သမား တစ်ထောင်တို့ဟာ ရေယာဉ်ကြီး တစ်စင်းလုပ်ပြီး ထွက်ပြေးကြတယ်"

"သူတို့ဟာသမုဒ္ဒရာအလယ်က ကျွန်းတစ်ကျွန်းပေါ် ရောက်သွားကြတယ်။ အဲဒီကျွန်းပေါ် မှာ သလေး၊ ကြံ၊ ငှက်ပျော၊ သရက်၊ ပိန္နဲ၊သပြေ၊ ထန်း၊ အုန်းစတဲ့ စားကောင်းတဲ့ သီးပင်စားပင်တွေ အသင့်ရှိနေတယ်။ ရေချိုချောင်းမြောင်းတွေလည်း ရှိနေတယ်။ ဒါကြောင့် လက်သမား တစ်ဖွဲ့လုံးဟာ ဒီကျွန်းပေါ် မှာ တစ်သက်လုံးနေဖို့ ဆုံးဖြတ်လိုက်ကြတယ်"

"လက်သမားတစ်ထောင်ဟာ တစ်ဖွဲ့တည်းမဟုတ်ဘူး။ ငါးရာစီနှစ်ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ တစ်ဖွဲ့သောငါးရာကိုတော့ ဒေဝဒတ်အလောင်း ပညာမဲ့က ဦးဆောင်တယ်။ ကျန်တစ်ဖွဲ့ကိုတော့ ဘုရားအလောင်းပညာရှိက ဦးဆောင်တယ်။ နေတဲ့နှစ် ကြာလာတဲ့အခါ လူအတော်များများဟာ ကြံရည်တွေကို အရက်ချက်ပြီး သောက်ကြတယ်။"

"မူးရူးနေတဲ့အချိန်မှာ ကျင်ကြီးကျင်ငယ်တွေကို စွန့်ချင်သလို စွန့်ကြတယ်။ မြေကြီးကို အမှိုက်သရိုက်တို့နဲ့ ဖုံးခြင်း၊ အုပ်ခြင်းလည်း မလုပ်ကြဘူး။ ဒါကြောင့် ကျွန်းပိုင်နတ်တွေဟာ လူတွေအပေါ် စိတ်ဆိုးသွားပြီး လာမယ့်လပြည့်နေ့ညမှာ သမုဒ္ဒရာရေတွေကို ဒလဟောတက်စေပြီး လူအားလုံးကို ရေနဲ့မျှောချသတ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။"

"ဒီအခါမှာ တရားစောင့်တဲ့ နတ်တစ်ပါးက လပြည့်ညမှာ ရေတွေလွှမ်းမိုးမယ့်အကြောင်း၊ ခုကတည်းက လှေဖောင်တွေ ပြုလုပ်ထားသင့်ကြောင်း အကြံပေးပြီးပျောက်သွားတယ်။ တရားမစောင့်တဲ့ နတ်ယုတ်မာတစ်ယောက်ကတော့ ဒီကျွန်းမှာ သူနေတာကြာပြီဖြစ်ကြောင်း၊ ပင်လယ်ရေတွေ တစ်ခါမှ မတက်ဖူးကြောင်း၊ ဒါကြောင့် ဘာလှေ၊ ဘာဖောင်မှ မလုပ်ဘဲ အရင်နေမြဲ အတိုင်းသာ နေကြဖို့အကြောင်း ပြောပြီး ပျောက်သွား တယ်"။

"နတ်သားနှစ်ယောက်ရဲ့ စကားကတစ်မျိုးစီဖြစ်နေတော့ ဘယ်ဟာလုပ်ရမယ်ဆိုတာ ကိုယ့်ဖာသာဆုံးဖြတ်ဖို့ လိုလာတယ်။ ပညာမဲ့ခေါင်းဆောင်ကတော့ ဒုတိယနတ်ရဲ့စကားကိုယုံကြည်ပြီး ဘာလှေ၊ ဘာ ဖောင်မှ သူ့နောက်လိုက်တွေကို မလုပ်ခိုင်းတော့ဘူး။ အသက်ဘေးကြီးနဲ့ ပတ်သက်တဲ့ အလုပ်ကို ကံစမ်းမဲနှိုက်သလို သဘောထားလိုက်တာပေါ့"

"ပညာရှိခေါင်းဆောင်ကတော့ အရှုံးမရှိတဲ့နည်း၊ သေချာတဲ့နည်းကို တွေးတောပြီး လှေ၊ ဖောင်တွေ ပြုလုပ်ခိုင်းတယ်။ သူ့နောက်လိုက်တွေက အပင်ပန်းခံပြီး မလုပ်ချင်ကြဘူး။ အကယ်၍ လပြည့်ညမှာရေမတက်ရင် သူတို့လှေ၊ ဖောင်တွေလုပ်ထားတာ အပိုဖြစ်နေမှာပေါ့ဆိုတဲ့ ဆင်ခြေကို ပေးကြတယ်"

"ဒီအခါမှာ ပညာရှိခေါင်းဆောင်က ရှင်းပြတယ်၊ အသက်ဘေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်နေတဲ့အတွက် သေချာတဲ့နည်းကိုပဲ ရွေးသင့်တယ်။ လှေဖောင် မလုပ်တဲ့နည်းနဲ့ လုပ်တဲ့နည်း နှစ်ခုမှာ လှေဖောင်မလုပ်တဲ့နည်းက မိမိတို့ အတွက် စိတ်မချရတဲ့နည်း၊ မသေချာတဲ့နည်း ဖြစ်နေတယ်။"

"လှေဖောင်တွေ လုပ်မထားရင် လပြည့်ညရောက်တဲ့အခါ ရေ တက်မလာရင်တော့ တော်ပါရဲ့၊ ရေတွေတက်လာမယ်ဆိုရင် အားလုံးသေကြ ရမယ်၊ဒါကြောင့် လှေ၊ ဖောင်မလုပ်ပဲ နေတဲ့နည်းဟာ စိတ်မချရတဲ့နည်း၊ မသေချာတဲ့နည်း ဖြစ်နေတယ်။ လှေဖောင်တွေ လုပ်ထားတဲ့နည်းကို ရွေး လိုက်ကြမယ်ဆိုရင် လပြည့်နေ့ညရောက်လို့ ရေတက်မလာလည်း တခြား နေရာမှာ သုံးရတာပဲ။"

"ရေတက်လာခဲ့ရင်လည်း မိမိတို့အားလုံးသေဘေးက လွတ်ကြရ မယ်။ ဒါကြောင့် စိတ်ချရတဲ့နည်း၊ သေချာတဲ့နည်းကိုပဲ သုံးကြစို့ဆိုပြီး သူတို့ အဖွဲ့တွေဟာ လှေတွေ ဖောင်တွေ အသင့်ပြုလုပ်ကြတယ်။ လပြည့် ညရောက်လာတဲ့အခါမှာတော့ ပင်လယ်ရေတွေ တဝုန်းဝုန်းနဲ့ တက်လာ လိုက်တာ လှေဖောင်လုပ်ထားတဲ့ ပညာရှိခေါင်းဆောင်နဲ့ နောက်လိုက် အားလုံးဟာ လှေတွေဖောင်တွေနဲ့ အသင့် ထွက်ပြေးနိုင်လို့ သေဘေးက လွတ်သွားကြတယ်။"

"လှေတွေ၊ ဖောင်တွေ အသင့်လုပ်မထားတဲ့ ပညာမဲ့ခေါင်းဆောင်နဲ့ နောက်လိုက်ငါးရာတို့ကတော့ ပင်လယ်ရေထဲမှာ မျောပါပြီး သေဆုံးသွားကြ တယ်။ အခုလည်း ဘာသာတရားနဲ့ ပတ်သက်လာရင် အရှုံးမရှိတဲ့နည်း၊ သေချာတဲ့နည်းကိုပဲ လိုက်နာကျင့်သုံးသင့်တယ်။"

"ကမ္ဘာမှာ ဘာသာပေါင်းများစွာရှိပေမယ့်လို့ သဘောတရားကို အကျဉ်း ချုပ်လိုက်ရင် နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက ကိုယ့်အားကိုယ်ကိုးရတဲ့ ဝါဒနဲ့ ကျန် တစ်မျိုးကတော့ သေပြီးတဲ့နောက် ဖန်ဆင်းရှင်ကို အားကိုးရတဲ့ ဝါဒပဲ။ ဗုဒ္ဓဘာသာက ကိုယ့်အားကိုယ်ကိုးဝါဒဖြစ်ပြီး ကျန်ဘာသာတွေက ဖန်ဆင်းရှင်ကို အားကိုးရတဲ့ ဝါဒပဲ။"

"ဗုဒ္ဓက ပွင့်လင်းရိုးသားစွာ ပြောတယ်။ သတ္တဝါတွေကို ငါကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မရဘူး။ သတ္တဝါတွေမှာ ကံသာလျှင် ဆွေမျိုးရှိတယ်။ ကံသာလျှင် အမွေခံရှိတယ်။ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကံတွေက နောင် သံသရာမှာ ကိုယ့်ကိုကောင်းအောင် စောင့်ရှောက်ကယ်တင်လိမ့်မယ်တဲ့"

"နောက်ဘဝဆိုတာ သေပြီးမှ သိကြရမှာ။ အခုသိနိုင်တာ မဟုတ် ဘူး။ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို လုပ်တာဟာလှေတွေ၊ ဖောင်တွေလုပ်တဲ့ဝါဒပဲ။"

"ဒါန၊ သီလ၊ ဘာဝနာကို မလုပ်တဲ့ဝါဒဟာ လှေတွေ၊ ဖောင်တွေကို မလုပ်တဲ့ဝါဒပဲ။

ဖန်ဆင်းရှင်ဘုရားရဲ့ ကယ်တင်မှုကို ယုံကြည် လွန်းပြီး ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရား မလုပ်ဘဲ သေသွားခဲ့ရင် နောက်ဘဝ ရောက်တဲ့အခါ ကိုယ်အားကိုးတဲ့ ဖန်ဆင်းရှင်က လာကယ်ရင် တော်သေးတာပေါ့။ လာမကယ်ရင် အပါယ်ကျပြီး ကိုယ်ပဲ ဒုက္ခရောက်မယ်။"

"ဒီတော့ ဖန်ဆင်းရှင်ကို အားကိုးပြီး ဒါန၊ သီလ၊ ဘာဝ နာဆိုတဲ့ ကုသိုလ်တရားတွေကို မလုပ်တဲ့ဝါဒဟာ အရှုံးရှိနိုင် တဲ့ဝါဒ၊ မသေချာတဲ့ ဝါဒ၊ ဗုဒ္ဓဟောကြားချက်အတိုင်း ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို ကိုယ့်အား ကိုယ် ကိုးပြီး ပြုလုပ်ထားမယ်ဆိုရင် နောက်ဘဝ ရောက်တဲ့အခါဖန်ဆင်း ရှင်က ကယ်တင်မယ်ဆိုရင်လည်း ကောင်းတာတွေ ပြုလုပ်ထား၊ ကိုယ်ကို ရှေ့ဆုံးက ကယ်ရမှာပဲ"။

"ဖန်ဆင်းရှင်က မကယ်ဘူးဆိုရင်လည်း ကိုယ်ပြုထားတဲ့ ကုသိုလ်တရားတွေက ကိုယ့်ကို ပြန်ကယ်မှာဖြစ်တဲ့အတွက် ဘာမှ ပူစရာမလိုဘူး။ ဒါကြောင့် လောကကို ကောင်းကျိုးပြုတဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို ပြုထားတဲ့ ဝါဒဟာ အရှုံးမရှိတဲ့ဝါဒ၊ သေချာတဲ့ ဝါဒပဲ။
မင်း သဘောပေါက် တယ်မဟုတ်လား။"

www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်တယ်ဘုရား၊ ဒီဒဿနဟာ လူတိုင်းနဲ့ဆိုင်ပါတယ် ဘုရား၊ လိုက်နာကျင့်ကြံသူတိုင်းအတွက် တကယ်ကို အရှုံးမရှိတဲ့နည်းပါ ပဲဘုရား။"

"ကဲ .သုဘာလုလင်အကြောင်းကို ဆက်ရအောင်၊ ဘုရားရှင် ပြောတဲ့ အတိုင်း လုပ်ကြည့်တဲ့အခါ ခွေးကြီးက သူဝှက်ထားတဲ့ပစ္စည်းတွေ ရှိတဲ့ နေရာကို ညွှန်ပြတဲ့အတွက် သုဘာလုလင်က ဘုရားရှင်ကို ကြည်ညို သွား တယ်၊ အဲဒီမှာတင် သူနှစ်အတော်ကြာကတည်းက သိချင်နေတဲ့ ပုစ္ဆာ ၁၄- ချက်ကို ဘုရားရှင်အား သွားမေးတယ်။"

တကယ်တော့ ဒီမေးခွန်းနဲ့ အဖြေတွေဟာ လူသားအားလုံးနဲ့ ဆိုင် တာပါ။

"ဒီမေးခွန်းရဲ့အဖြေအဆုံးမှာ သုဘာလုလင်ဟာ ဗုဒ္ဓဘာသာဝင် ဖြစ် သွားခဲ့တယ်။ ပထမဆုံးမေးခွန်းက -

၁။ မြတ်စွာဘုရား၊ လူချင်းတူပါလျက် ဘာ့ကြောင့် အသက် အတို အရှည် ကွဲပြားရတာလဲ ဘုရားတဲ့။"

"လူသားတွေကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းရိုးမှန်ရင် အသက် ရှည်တဲ့သူတွေချည်းသာ ဖန်ဆင်းသင့်တယ်။ အသက်တိုတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ တန်ခိုးရှင်ဟာ မေတ္တာ၊ ကရုဏာ အပြည့်ရှိတဲ့ ဘုရားဆိုတဲ့ အမည်ကို ခံယူထားလို့ပဲ။ အသက်တို တဲ့သူတွေကို ဖန်ဆင်းမိပါ တယ်ဆိုရင်လည်း တန်ခိုးရှင်ဘုရားဟာ သတ္တဝါ တွေအပေါ် မေတ္တာကရုဏာမရှိရာ ရောက်တယ်။"

"ဒါမျိုးတွေ မဖန်ဆင်းပါဘူးဆိုရင်လည်း ဖန်ဆင်းရှင်ဘုရားဘဝ ကနေ လျှော့ကျဖို့ပဲ ရှိတယ်။ ကမ္ဘာမှာ ဖန်ဆင်းရှင်ဝါဒစပေါ်တဲ့အချိန်က နေအခုချိန်ထိအောင် မဖြေရှင်းနိုင်သေးတာဟာ ဒီပြဿနာ -၁၄-ချက်ပဲ၊ ဒါ့ကြောင့်သုဘာဟာ တခြားအကြောင်းအရာတွေမမေးဘဲ ဒီပြဿနာ-၁၄- ချက်ကိုသာ မေးတာပါ"

"မေးခွန်းရဲ့အဖြေကို ပြောပါဦးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးအသက်ကို သတ်ခဲ့သူများဟာ ဖြစ်ရာဘဝမှာအသက်တိုပြီး၊ သူတစ်ပါးအသက်ကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သူများဟာ ဖြစ်ရာဘဝမှာ အသက်ရှည်တယ်လို့ ဗုဒ္ဓက အဖြေပေးခဲ့တယ်။ ကော့သောင်းမြို့နယ်က ဒကာကြီးတစ်ယောက်ဆိုရင် အသက်–၁၀၅နှစ်ရှိတဲ့ အထိ နှစ်နာရီခွဲ လောက်တက်ရတဲ့ တောင်ပေါ် ကို မြန်မြန်သွက်သွက် တက်နိုင်တုန်းပဲ"

"အသက် –၇၀–လောက်ဆိုရင် တဖြုတ်ဖြုတ်သေနေကြတဲ့ အခုလိုဆုတ်ကပ် ခေတ်ကြီးမှာ ဒီဒကာကြီးက ၁၀၅–နှစ်ရှိတဲ့အထိ အသက်ရှည်ကျန်းမာတာဟာ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခဲ့တဲ့အတွက်ကြောင့်ပဲ။ ရွှေပြည်သာမှာ ဦးပဥ္စင်းရဲ့ညတရားပွဲတွေ အသံချဲ့စက်လိုက် ဖွင့်ပေးတဲ့ ကိုဌေးဆိုတဲ့ ဒကာကြီး တစ်ယောက်က ပါဏာတိပါတ အကုသိုလ်ကံရဲ့ ဆိုးကျိုးကို ရင်စည်းခံသွားရတဲ့ သူ့ဖခင်အကြောင်းကို ပြောပြဖူးတယ်"

"သူ့ဖခင်ဟာနွားသတ်ပြီး အသက်မွေးတယ်၊ အရက်လည်းတအားသောက်တယ်။ နွားသတ်တာလည်း သိပ်ကျွမ်းကျင်သတဲ့။ ဓားတွေ၊ လှံတွေနဲ့မသတ်ဘဲ သံရိုက်တဲ့တူတစ်ချောင်းနဲ့ပဲ အသေသတ်တယ်။ နွားရဲ့ချိုနှစ်ချောင်း အလယ် တည့်တည့်မှာ ဘုသေးသေးလေးတစ်ဖုပါတယ်။ လူခေါင်းလိုဆိုရင် ဦးဆက် သဘောမျိုးဖြစ်မယ်ထင်တယ်။ အဲဒီဘုလေးကို လက်ဆကောင်းကောင်း တစ်ချက် ထုလိုက်တာနဲ့ နွားဟာ တစ်ချက်သာအော်နိုင်ပြီး လဲကျ သေတာပဲတဲ့။"

"အဲဒီလို နွားတွေကို ထုသတ်လာတာ နှစ်ကြာလာတာနဲ့အမျှ နွားကောင်ရေလည်း ရာနဲ့ထောင်နဲ့ချီလာတာပေါ့။ ကုသိုလ်လုပ်လုပ်၊ အကုသိုလ်လုပ်လုပ် ဇောစေတနာ ၇–ချက် ၇–ချက် ဇောတယ်။ အဲဒီ ခုနစ်ချက်ထဲက ပထမဇောစေတနာက အခုဘဝအကျိုးပေးတယ်။ သတ္တမဇော စေတနာက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အလယ်ဇော ငါးချက်စေတနာက တတိယဘဝကစပြီး နိဗ္ဗာန် မရောက်မချင်းလိုက်ပြီး အကျိုးပေးတယ်"

"တစ်နေ့တော့ နွားသတ်တဲ့ ပထမဇောအကုသိုလ်ကံတွေက အကျိုးပေးဖို့ အချိန်ရောက်လာတယ်။ သူနဲ့သူ့ငယ်ချင်းနှစ်ယောက်တို့ဟာ အရက်

www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီး ရွာကိုပြန်လာကြတယ်။ သုံးယောက်လုံးမူးရူး နေကြတာပေါ့။ ရွာအဝင်ဝလည်းရောက်ရော အတူတူပါလာတဲ့ အမူးသမား နှစ် ယောက်က ခြံစည်းရိုးကာထားတဲ့ နှစ်တစ်လက်မသစ်သားချောင်းတွေ ဖြုတ်ပြီး သူ့ကို ဝိုင်းရိုက်သတ်ကြတယ်"

"နွားသတ်သမားကို ဝိုင်းရိုက်သတ်တဲ့အမှုမှာ ထူးခြားချက်နှစ်ချက် တွေ့ရတယ်။ ပထမအချက်က အတူတူအရက်သောက်လာတဲ့ သူငယ်ချင်း ဖြစ်ရဲ့သားနဲ့ ကျန်နှစ်ယောက်က သူ့ကို ရိုက်သတ်ပစ်ချင်စိတ်တွေ တစ်ပြိုင် နက် ပေါ်လာတာပဲ၊ ဒုတိယအချက်က ရိုက်သတ်ကြတဲ့အခါ တခြားဘယ် နေရာကို မှမရိုက်ပဲ ခေါင်းအလယ်ယယ်ထိပ်တည့်တည့် တစ်နေရာတည်း ကိုသာ ရိုက်ကြတာပဲ"

"ရန်ငြိုးရန်စမရှိဘဲ အမူးသမားနှစ်ယောက်လုံးက တစ်ပြိုင်နက် ရိုက်သတ်ချင်စိတ်တွေပေါ်လာတာ၊ ပြီးတော့ ယယ်ထိပ်တည့်တည့်ကိုချည်း အချက်ပေါင်းများစွာ ရိုက်သတ်ကြတာတွေဟာ သူကိုယ်တိုင် နွားတွေရဲ့ ခေါင်းတည့်တည့်ကို တူနဲ့ထုသတ်ခဲ့တဲ့ အကုသိုလ်ကံတွေကြောင့်ပဲ ဆိုတာ တော်တော်ထင်ရှားတယ်"

"ဒီအကြောင်းတွေသိရတာ သိပ်ကျေးဇူးများပါတယ်ဘုရား။ ဒုတိယ မေးခွန်းကို ဆက်ပါဦးဘုရား"

"ဒုတိယမေးခွန်းက လူချင်းတူပါလျက် တစ်ချို့ကအနာရောဂါများ တယ်၊ တစ်ချို့က အနာရောဂါကင်းတယ်။ အဲဒါ ဘာ့ကြောင့်ပါလဲတဲ့။ အဖြေကတော့ သူတစ်ပါးကို နာကျင်အောင်နှိပ်စက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ဖြစ်ရာဘဝမှာ အနာရောဂါများတယ်၊ ညှင်းဆဲခြင်းကနေ ရှောင်ကြဉ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ဖြစ်ရာဘဝမှာ အနာရောဂါကင်းတယ်"

"သူတစ်ပါးကို သတ်ဖြတ်ခြင်း၊ ညှင်းဆဲခြင်း၊ ခိုးယူခြင်း၊ မုသားပြော ခြင်း ဆိုတဲ့ အချက်တွေနဲ့ပတ်သက်ပြီး မြန်မာတွေပြုပြင်သင့်တဲ့ ဒဿနလေး ချက်ကို ဆရာကြီး ဦးအေးမောင်က 'ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်း'မှာ အခုလိုရေး ထားတယ် –

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာတို့သည် သူတစ်ပါးအသက်သတ်ခြင်းကို ရှောင်ကြဉ်ကြ၏။ လူတို့၏ အသက်ကို ကယ်ဆယ်သောဆေးရုံများကိုကား ရက်ရောစွာပိုက်ဆံ ကြေးငွေ မလှူလိုကြ။

တိရစ္ဆာန်များကို သတ်ဖြတ်ညှင်းဆဲခြင်း မပြုကြသော်လည်း တိရစ္ဆာန် ညှင်းပန်းမှုတားမြစ်ရေးအသင်းကိုကား အားမပေးလိုကြချေ။

သူတစ်ပါးဥစ္စာကိုမခိုးသော်လည်း နိုင်ငံ၊ အစိုးရနှင့် ပြည်သူလူထု ပိုင်ပစ္စည်းများကို ရိုသေစွာစောင့်ရှောက်လေ့မရှိကြချေ။

မဟုတ်မမှန်သောစကားပြောဆိုမှုကို ရှောင်ကြဉ်ကြသော်လည်း လူအများအား အကျိုးရှိစေမည့် ဟုတ်မှန်သောစကားကို လူများကြိုက် သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပွင့်ပွင့်လင်းလင်းပြောဆိုရဲသော စိတ်ဓာတ် သတ္တိမရှိကြချေ"တဲ့။

"ဗုဒ္ဓဘာသာဝင်တိုင်း သတိပြုစရာပါပဲဘုရား"

"တတိယ မေးခွန်းက လူချင်းတူပါလျက် အရုပ်ဆိုးခြင်း၊ ရုပ်လှခြင်း လို့ ဘာ့ကြောင့် ကွဲပြားသွားရတာလဲတဲ့။ အဖြေက ဒေါသကြီးသူတွေ ဖြစ်ရာဘဝ အရုပ်ဆိုးပြီး၊ မေတ္တာထားသူတွေကတော့ ဖြစ်ရာဘဝမှာ ရုပ်လှပါသတဲ့။ ဒီအချက်နဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဓမ္မကထိက ဆရာတော်တစ်ပါးရဲ့ ဟောကြားချက်ကို ပြန်အမှတ်ရမိတယ်။ ဆရာတော်ဘွဲ့က အရှင်စန္ဒာဝရတဲ့၊ မုံရွာဇာတိပဲ၊ စမ်းချောင်းမှာ သီတင်း သုံးတယ်"

"လှိုင်မြို့နယ်၊ ဇေယျဝတီစာသင်တိုက်မှာ လာဟောတုန်းက နာလိုက် ရတာ ဆရာတော်က သိပ်လှချင်တဲ့ အမျိုးသမီးတွေ အလှပြင် မမှားဖို့ သူ့ရဟန်းအမကြီးတစ်ယောက်ရဲ့ ကိုယ်တွေ့တစ်ခုကို ဟောသွားတယ်။ သူ့ရဟန်းအမကြီးဟာ အသက်က ၆၅–နှစ်ကျော်နေပြီ။ သံသရာ တစ်လျှောက်အလှပြင်နည်းကို မကျင့်သုံးပဲ တစ်ခဏတာ အလှပြင် နည်းကို ကျင့်သုံးနေတုန်းပဲတဲ့"

"ဒီအလှပြင်နည်းနှစ်မျိုးရဲ့ အဓိပ္ပာယ်ကိုပြောပါဦးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သနပ်ခါးတွေ၊ မိတ်ကပ်တွေ၊ ပေါင်ဒါတွေ၊ ပရိမီနာတွေနဲ့ ရုပ်ကို အလှပြင်တာက အလွန်ဆုံးတစ်ရက်ပဲလှနိုင်တာဖြစ်လို့ တစ်ခဏတာ အလှပြင်နည်းလို့ ခေါ်တယ်၊ ကိုယ်အမူအယာ၊ နှုတ်အမူအယာ၊ စိတ်အမူ အယာအားလုံးမှာ သူတစ်ပါးရဲ့ကောင်းကျိုးကို တကယ်လိုလားတဲ့ မေတ္တာ စာတ်နဲ့ အမြဲတန်းထုံမွှမ်း ထားတာကိုတော့ သံသရာတစ်လျှောက် အလှပြင် နည်းလို့ခေါ်တယ်"

"စိတ်ကို မေတ္တာနဲ့ပြုပြင်လိုက်ရင် သံသရာတစ်လျှောက်လုံး ချောမော လှပသွားတာကိုး၊ တစ်ရက်တော့ ဆရာတော်က သူ့ရဟန်းအမကြီး အိမ်ကို လိုအပ်တဲ့ပစ္စည်းလေးပါးအလှူခံရအောင် ကြွသွားတယ်။ အိမ်ကျ တော့ ရဟန်းအမကြီးကို မတွေ့ဘူး။ သူ့သမီးတွေကိုပဲ တွေ့တယ်။ သူ့သမီး တွေပဲ အသက်လေး ဆယ်ကျော်နေပါပြီ"

"သူ့သမီးတွေက ဆရာတော်ကိုတွေ့တွေ့ခြင်း ရဟန်းအမကြီး အကြောင်း ကိုတိုင်ကြတယ်၊ ဆရာတော် ရဟန်းအမကြီးဟာ အသက်သာ ခုနစ်ဆယ်နားကပ်လာတယ်၊ လှချင်ပချင်စိတ်တွေက လျှော့မသွားဘူး၊ အခုတောင် အိမ်နောက်ဖေးမှာ မကြီးမငယ်နဲ့ အေရိုးဗစ်လုပ်နေတယ်။ အဲဒါ ဆရာတော်ဆုံးမသွားပါဦးတဲ့။ ဒီအချိန်က အေရိုးဗစ်ဆိုတာ ပေါ် ခါစဆို တော့ ဆရာတော်ကဘာမှန်းမသိဘူး။ စားစရာမုန့်တစ်ခုခုလို့ ထင်နေတယ်"

"ဒါ့ကြောင့် အေးရိုးဗစ်ဆိုရင် ငါစားဖူးဖို့နေနေသာသာ ကြားတောင် မကြားဘူးသေးဘူး၊ နည်းနည်းကပ်ကြစမ်းလို့ ပြောမိသတဲ့၊ ဒီတော့မှ ဒကာမ တွေက အေရိုးဗစ်ဆိုတာ မုန့်မဟုတ်ဘူးဘုရား၊ ခန္ဓာကိုယ် အဆီ ကျအသား ကျစ်ပြီး လှပလာအောင် အားကစားနဲ့အကကိုတွဲထားတာဘုရားလို့ လျှောက်မှ ဆရာတော်လည်း နားလည်သွားတော့သတဲ့"

"အဲဒီတော့မှ ရဟန်းအမကြီးကိုခေါ်ပြီး –

ကိုယ့်အောက်နိမ့်လျှင်၊ ကရုဏာဝင်၊
မဝင်နိုင်က နိုင်တတ်တယ်၊
နိုင်မည့်အစား၊ ကရုဏာပွား၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
တန်းတူတွေ့လျှင်၊ မေတ္တာဝင်
မဝင်နိုင်က ပြိုင်တတ်တယ်
ပြိုင်မည့်အစား မေတ္တာပွား
စိတ်ထားပြုပြင်၊ ပြောင်းပါ့မယ်၊
ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်
မဝင်ဣဿာယိုင်တတ်တယ်၊
ယိုင်မည့်အစား၊ မုဒိတာပွား၊
စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်
ပြင်ဆင်တိုင်းရ၊ ပြင်တိုင်းလှ၊
သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

(မစိုးရိမ်ပဌာန်းဆရာတော် ဦးဝိသုဒ္ဓ)

ဆိုတဲ့ကဗျာလေးအတိုင်း ရုပ်ကိုကျန်းမာရေးအတွက် သာမန်လောက်သာ ပြုပြင်ပြီး၊ စိတ်ကို ကိလေသာမဝင်အောင် မေတ္တာ၊ ဗုဒ္ဓါနုဿတိ၊ အသုဘ၊ မရဏာနုဿတိ၊ ဝိပဿနာကြိုက်ရာတစ်ခုခုပွားပြီး အလှပြင်မယ် ဆိုရင် နိဗ္ဗာန် ရတဲ့ဘဝအထိ ချောမောလှပမယ့် အကြောင်း ဆုံးမသတဲ့။

"ဆရာတော်ရှေ့တော့ ခေါင်းညိတ်ပြီး ကွယ်ရာရောက်တာနဲ့ ရုပ်ကိုသာ အလှပြင်နေသတဲ့၊ တစ်ခါတော့ မင်္ဂလာဆောင်သွားစရာရှိလို့ အလှပြင်ဆိုင်တစ် ခုမှာ ဆံပင်သွားကောက်ရင်း လျှပ်စစ်ရှော့ဖြစ်ပြီး ရုတ်တရက်ဆုံးသွားရှာတယ်"

"အလှမက်သူတွေအတွက် သံဝေဂရစရာပါဘုရား"

"စတုတ္ထမေးခွန်းက လူချင်းတူပါလျက် အချို့က အခြွေအရံနည်းတယ်၊ အချို့က အခြွေအရံများတယ်၊ အဲဒါဘာ့ကြောင့်ပါလဲတဲ့၊ အဖြေက မိမိထက် ပစ္စည်း၊ ပညာ၊ ဥစ္စာ၊ ရာထူးသာတဲ့သူအပေါ် မနာလို ဖြစ်တတ်မှုဟာ ဖြစ်ရာဘဝမှာ အခြွေအရံနည်းတယ်၊ မိမိထက်သာသူ အပေါ် မှာ

www.burmeseclassic.com

www.burmeseclassic.com



မုဒိတာပွားပြီး ဝမ်းမြောက်တတ်သူဟာ ဖြစ်ရာဘဝမှာ အခြွေအရံများတယ်"

"မိမိထက်သာသူအပေါ် မနာလိုရင် ဣဿာဆိုတဲ့ အကုသိုလ် ဖြစ်တယ်၊ ဝမ်းသာရင် မုဒိတာဆိုတဲ့ ကုသိုလ်ဖြစ်တယ်၊ အလကားနေ အရည်မရ အဖတ်မရတာခြင်းအတူတူ မုဒိတာဆို တဲ့ ကုသိုလ် သာ ဖြစ်သင့်တာပေါ့၊ ဣဿာဆိုတဲ့ အကုသိုလ် မဖြစ် သင့်ဘူး၊ ကုသိုလ်ယူရမယ့်နေရာ အကုသိုလ် ယူတယ်ဆိုတာ ဉာဏ် ပညာ အလွန်နည်းပါးပြီး သဘောထား တအားသေးသိမ်လွန်း အားကြီး လို့ပဲ"

"မိမိထက်နိမ့်သူအပေါ် သနားတတ်ပေမယ့် မိမိထက် မြင့်သူ အပေါ် ဝမ်းမမြောက်တတ်ရင် တကယ့်သူတော်ကောင်း အဖြစ် မသတ်မှတ်နိုင်ဘူး၊ နိမ့်သူအပေါ်လည်းသနား၊ မြင့်သူ အပေါ် လည်း ဝမ်းသာတတ်မှ တကယ့် သူတော်ကောင်းအဖြစ် သတ်မှတ် နိုင်တယ်"။

ဝန်းသိုမြို့၊ ခန္တီးဆရာတော် ဘုရားကြီး မြို့တစ်မြို့ကိုရောက်တော့ ပြည်သူလူထုက အကြီးအကျယ် ကြည်ညို ပူဇော်ကြတယ်"

"ဒါကို နယ်ခံကိုယ်တော်တစ်ပါးက မနာလိုဖြစ်သတဲ့၊ ဆရာတော် ကြီးက တကယ့် သူတော်ကောင်းကြီးဆိုတော့ မနာလိုတဲ့ကိုယ်တော်ဟာ တခြားကိုယ်တော်များနဲ့အတူ ဆရာတော်ကြီးဆီကို ကန်တော့ရအောင် ရောက်တာပါပဲ၊ ရောက်တဲ့အခါ ဆရာတော်ကြီးနဲ့ရော မနာလိုတဲ့ ကိုယ်တော် နဲ့ရော နှစ်ဦးလုံးနဲ့ ရင်းနှီးတဲ့ ဆရာတော်တစ်ပါးက ဒီကိုယ်တော်ဟာ ဆရာတော်ကို မနာလိုဖြစ်နေတယ် ဘုရားဆိုပြီး ပွင့်ပွင့်လင်းလင်း လျှောက် လိုက်သတဲ့"

"ဟင် – အဲဒီလိုလျှောက်တော့ ဆရာတော်ကြီးက စိတ်မဆိုးဘူး လားဘုရား"

"စိတ်ဆိုးတယ်၊ ဒေါသဖြစ်တယ်ဆိုတာ သူတော်ကောင်းအလုပ်မှ မဟုတ်ဘဲ၊ ဆရာတော်ကြီးက သူတော်ကောင်းပဲ၊ ဒီအလုပ်တွေမလုပ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အေးအေး သက်သာပဲ ဩဝါဒတစ်ခုပေးတယ်၊ မနာလိုတဲ့ကိုယ်တော်ကို တစ်လုံးချင်း ပြောလိုက်တာက –

"ကိုယ်တော်လေး ကြက်တွေ၊ ဘဲတွေပဲ မွေးရင်မွေး၊ ဣဿာ မစ္ဆရိယကိုတော့ မမွေးနဲ့၊ ဘာ့ကြောင့်လဲဆိုတော့ အကုသိုလ်ဖြစ် တာချင်း၊ အပါယ်ကျတာချင်း တူပေမယ့် ကြက်တွေဘဲတွေ မွေးတာက ကြက်ဥ၊ ဘဲဥတွေစား ရပြီးမှ အပါယ်ကျတာ၊ ဣဿာ, မစ္ဆရိယကို မွေးတာကျတော့ ဘာမှမစားရဘဲ အပါယ်ကျတာကြောင့်ပဲ"တဲ့။

"မှန်လိုက်တာဘုရား၊ ဒီဣဿာမစ္ဆရိယကို လူတိုင်းသတိထားပြီး ပယ်သတ်သင့်ပါတယ်"

(မှတ်ချက်)။ ။ ဣဿာ,မစ္ဆရိယဆိုးကျိုး မြင်ကွင်းကျယ်ကို စာရေးသူ ရေးသားသော 'အတွင်းရန်သူ'စာအုပ်၌ ဖတ်ရှုနိုင်ပါသည်။

"ပဉ္စမမြောက်မေးခွန်းက လူချင်းတူပါလျက် တစ်ချို့ကဆင်းရဲပြီး တစ်ချို့က ချမ်းသာတာ ဘာကြောင့်ပါလဲတဲ့၊ အဖြေကတော့ ဒါနပြုခဲ့သူ ချမ်းသာပြီး ဒါနမပြုသူ ဆင်းရဲတယ်တဲ့၊ ဒါနဆိုတဲ့နေရာမှာ အတိတ်ဒါန၊ ပစ္စုပ္ပန်ဒါန၊ အတိတ်စေတနာ၊ ပစ္စုပ္ပန်စေတနာ နှစ်ခုလုံးယူရမယ်"

"အခုခေတ် လူငယ်တွေအနေနဲ့ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးမှာ ဉာဏ်နဲ့ ဝီရိယကိုသာ လက်ခံကြတယ်ဘုရား၊ ကံကိုသိပ်လက်မခံချင်ကြဘူး၊ ဉာဏ် ဝီရိယနှစ်ပါးနဲ့ တွေးတောကြံဆမယ်၊ ကြိုးစားအားထုတ်မယ်ဆိုရင် ချမ်းသာမှာပဲ၊ အရင်းအနှီး မရှိလို့၊ ကြိုးစားအားထုတ်ခွင့်မရလို့သာ မချမ်းသာကြတာလို့ ယုံကြည်နေကြတယ် ဘုရား၊ ဒါ့ကြောင့် လူတစ်ယောက် ဆင်းရဲ၊ ချမ်းသာကွာခြားမှုမှာ ဉာဏ်ဝီရိယ သာမကဘဲ ကံတရားကလည်း အဓိက နေရာက ပါဝင်ကြောင်းကို တပည့်တော်တို့လို လူငယ်တွေနား ရှင်းအောင် ပုံစံလေးတစ်ခုလောက်ပြပြီး ရှင်းပေးစေချင်တယ်ဘုရား"

"ဒီနေရာမှာ ဗုဒ္ဓရဲ့ အလိုဆန္ဒက ရှေးကပြုခဲ့တဲ့ ဒါနကံကို ယုံပြီး ထိုင်နေဖို့ပြောတာမဟုတ်ဘူး၊ လူသားမှန်သမျှ ကြိုးပွား

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာဖို့အတွက် ဉာဏ်၊ ဝီရိယနှစ်ပါးနဲ့ အမြဲကြိုးစားနေရမှာပဲ၊ ဉာဏ်ဝီရိယနဲ့ ကြိုးစားအား ထုတ်တာချင်းအတူတူ တစ်ချို့က ကြီးပွားသွားပြီး တစ်ချို့က ဘယ်လိုမှ မကြီးပွားဘဲ ဆုတ်ယုတ် ပျက်ဆီးသွားကြတာဟာ ဒါနကံရဲ့ ကတ္တား ခြားပေးမှုကြောင့်ပဲ ဆိုတာကို သိစေချင်တာပါ"

"လူတစ်ယောက် ကြီးပွားချမ်းသာဖို့အတွက် ဉာဏ်ဝီရိယအပြင် ဒါနကံပါ လိုအပ်ပုံကို ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားထား တာရှိတယ်၊ ဒီဟောကြား ချက်ကို မင်းတို့ခေတ်လူငယ်တွေ နားလည်အောင် ရှင်းပြမယ်၊ ဉာဏ်အား၊ ဝီရိယအား တန်းတူရည်တူရှိကြတဲ့ လူငယ်လေး ယောက်ကို အရောင်းအဝယ်လုပ်ရအောင် သိန်းတစ်ထောင်စီ အရင်းအနှီး ထုတ်ပေးလိုက်တယ်။"

သူတို့လေးယောက်ဟာ ချမ်းသာချင်စိတ်ရှိကြတာချင်း လည်း တူတယ်၊ ချမ်းသာအောင် အရောင်းအဝယ် စီးပွားရေး လုပ်ကြ တာချင်းလည်း တူတယ်၊သိန်းတစ်ထောင်စီ ရင်းနှီးကြတာ ချင်းလည်း တူတယ်၊ ဉာဏ်အား၊ ဝီရိယအားချင်းလည်း တူတယ်။

ဒါပေမယ့် အကျိုးဖြစ်ထွန်းပုံချင်း မတူကြဘူး၊ ပထမတစ်ယောက်က သိန်းတစ်ထောင်ရင်းတာ သိန်းနှစ်ထောင်ထိ နှစ်ဆမြတ်သွားတယ်၊ ဒုတိယ တစ်ယောက်က သိန်းတစ်ထောင်ရင်းတာ၊ သိန်းတစ်ထောင်အတိပဲ ပြန်မြတ် တယ်၊ တတိယတစ်ယောက်က သိန်းတစ်ထောင်ရင်းတာ သိန်းငါးရာ မြတ်တယ်၊ စတုတ္ထတစ်ယောက်က သိန်းတစ်ထောင်ရင်းတာ တစ်ပြားမှ မမြတ်ဘဲ သိန်းတစ်ထောင်လုံး ရှုံးသွားတယ်၊ အဲဒီလို ဘာ့ကြောင့် ကွဲပြား သွားရတာလဲလို့မေးရင် မင်း ဘယ်လိုဖြေမလဲ"

"တပည့်တော်တော့ မဖြေတတ်ဘူးဘုရား၊ ဆရာတော်ပဲဖြေပါ"

"အင်္ဂုတ္တိုရ်မှာ ဗုဒ္ဓဟောတဲ့အတိုင်း ငါကပြန်ပြောမှာပါ၊ ပထမလူက အရင်ဘဝတုန်းက အလှူခံပုဂ္ဂိုလ်ကို ဘယ်နေ့ဘယ်ရက်မှာ ငွေတစ်ထောင် လှူမယ်လို့ပြောထားတယ်၊ ပြောထားတဲ့နေ့ရောက်တဲ့အခါ သဒ္ဓါက

www.burmeseclassic.com



ပိုတက်လာပြီး ငွေနှစ်ထောင်လှူလိုက်တယ်၊ အဲဒီဒါနကံရယ်၊ အခုဘဝ ကြိုးစားကြံစည် အားထုတ်တဲ့ဉာဏ်၊ ဝီရိယရယ်ပေါင်းလိုက်တဲ့ အတွက်ကြောင့် သိန်းတစ်ထောင်ရင်းရာမှာ သိန်းနှစ်ထောင်မြတ်သွားတာပဲ"

"ဒုတိယလူက ဘယ်နေ့ဘယ်ရက်မှာ တစ်ထောင်လှူမယ်လို့ ပြောထားပြီး အဲဒီနေ့ရောက်တဲ့အခါ တစ်ထောင်ပဲ အတိအကျလှူတယ်။ ဒါ့ကြောင့် အခုဘဝ စီးပွားရှာတဲ့အခါ သိန်းတစ်ထောင်ပဲ အတိအကျပြန်မြတ်တာပေါ့"

"တတိယလူကလည်း အလှူခံကိုဘယ်နေ့ဘယ်ရက်မှာ ငွေတစ်ထောင်လှူမယ်လို့ ပြောထားတယ်။ အဲဒီနေ့ရောက်တဲ့အခါ သဒ္ဓါအားလျှော့သွားပြီး ငါးရာပဲလှူတယ်၊ ဒါ့ကြောင့် ဒီဘဝစီးပွားရှာတဲ့အခါ သိန်းတစ်ထောင် ရင်းပေမယ့် သိန်းငါးရာပဲမြတ်တယ်"

"စတုတ္ထလူက တစ်ထောင်လှူမယ်လို့ပြောထားပြီး အဲဒီနေ့ရောက်တဲ့အခါ သဒ္ဓါပျက်သွားပြီး လုံးလုံးမလှူတော့ဘူး၊ ဒါ့ကြောင့် အခုဘဝစီးပွားရှာတဲ့အခါ တစ်ပြားမှမမြတ်တဲ့အပြင် အရင်းသိန်းတစ်ထောင်ပါ ဆုံးသွားတာပဲ"

(မှတ်ချက်)။ ။ဒါန၏ ပထမစေတနာက ယခုဘဝမှာပင် ကောင်းကျိုးပေးပုံနှင့်ပတ်သက်၍ လက်တွေ့ဖြစ်ရပ်များကို ဖော်ပြချင်၏။ စာရေးသူ သည် ၁၉၉၁ ခုနှစ်က ရွှေပြည်သာသို့ ရောက်၏။ မြေကွက်ကို ရဟန်း အမကြီး နော်မြသန်းနှင့် ဆွမ်းဒကာ၊ ဒကာမများက စုပေါင်းလှူဒါန်း ကြခြင်းဖြစ်၏။

စာသင်သား သံဃာလေးဆယ်ကျော်ကို ဓနိမိုး၊ ထရံကာတဲကျောင်းကြီးနှစ်ကျောင်းတွင် ထားကာ စာချပေးနေသောအချိန်ပင်ဖြစ်၏။ ရွှေပြည်သာမှ သဒ္ဓါ ထက်သန်သော ဒကာ၊ ဒကာမများက စုပေါင်းလှူဒါန်းကြသော ချေးနည်းစာဖြင့် နှစ်ထပ်တိုက်ကျောင်းတစ်ကျောင်း ဆောက်လုပ်၏။ စာရေးသူ၏ဒါနအား နည်းပါးခဲ့မှုကြောင့် ကျောင်းသည် တစ်ဝက်တစ်ပျက်နှင့် ရပ်သွားပြီး ဆက်မဆောက်နိုင်တော့ပေ။

www.burmeseclassic.com



ထိုအချိန်က ယင်းကဲ့သို့ကျောင်းတစ်ဝက်ပြီးရန်ပင် ငါးသိန်းခန့် ကုန်ကျခဲ့၏။ နောက်ထပ်ငါးသိန်းကျော်ခန့်ရမှ အပေါ်ထပ်နှင့်အမိုးပါ အားလုံးပြီးစီး မည်ဖြစ်၏။ ထိုအချိန်မှာပင် ရွှေပြည်သာမြို့၊ ၆-ရပ်ကွက် အတွင်းမှ ဆရာတော်တစ်ပါးသည် ပဋိပတ္တိသာသနာပြုရန် သူ၏ကျောင်းတိုက်ကို ညောင်ကန်အေး ဆရာတော်ကြီးအား လှူဒါန်း လိုက်၏။

ရွှေပြည်သာမြို့နယ် ၆-ရပ်ကွက်အတွင်း ရိပ်သာတစ်ခုမှမရှိ၍ စာရေးသူ အလွန်ဝမ်းသာမိ၏။ ဆရာတော်ကြီးသည် ကျောင်းကိုအလှူခံပြီးသည်နှင့် ညောင်ကန်အေးရွှေပြည်သာ သာသနာ့ရိပ်သာဖွင့်ပွဲအဖြစ် အထက (၁)ကျောင်းဝင်းကြီးထဲတွင် မဟာစည်တရားပွဲများကို ၇-ရက်တိုင်တိုင် ကျင်းပ၏။

တရားနာဝါသနာ ပါသော စာရေးသူက ညတိုင်းတရားနာ သွား၏။ မဟာစည်သြဝါဒခံ ညောင်ကန်အေးရွှေပြည်သာ သာသနာ့ရိပ်သာကြီး ဆောက်လုပ်ရန် လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်ဆော်များကန္နီးဆော်သောအခါ စေတနာ သဒ္ဓါတရား များစွာဖြစ် မိ၏။ ထို့ကြောင့် မရှိမဲ့၊ ရှိမဲ့ကြားမှ နဝကမ္မငွေတစ်ထောင်ကို ကျောင်းဆောက်ရန်လှူဒါန်းလိုက်၏။

လွန်ခဲ့သော ၁၅-နှစ်က ငွေတစ်ထောင်သည် လွန်စွာတန်ဖိုးရှိသည်။ မိမိနေထိုင်သောကျောင်းပင်မပြီးသေးရာ သူတစ်ပါးကျောင်းကို လှူဖို့တော်တော်တန်တန်သဒ္ဓါဖြင့် စဉ်းစားလိမ့်မည်ပင် မဟုတ်ပေ။ ငွေကြေးအနေဖြင့် မများပြားသော်လည်း သဒ္ဓါတရားအနေဖြင့် များပြား၏။ ထို့ကြောင့် ယင်းဒါနသည် စာရေးသူအား ယခုဘဝမှာပင် ကောင်းကျိုးပေး၏။

ထို့ကဲ့သို့ ညောင်ကန်အေးသာသနာ့ရိပ်သာ ဆောက်လုပ်ရန် ငွေတစ်ထောင် လှူပြီး ရက်အနည်းငယ်အကြာမှာပင် ကိုစောထီးနှင့် မရီလေး အမည်ရှိ ဇနီးမောင်နှံ နှစ်ယောက်က တစ်ဝက်တစ်ပျက် ဖြစ်နေသော နှစ်ထပ်တိုက်ကို ပြီးဆုံးသည်အထိ အလုပ်သမားခက အစလှူဒါန်းခဲ့၏။ ၆-သိန်းခန့်ကုန်ကျ၏။ လွန်ခဲ့သော ၁၅- နှစ်ခန့်က ၆-သိန်းသည် ယခုခေတ် အနေနှင့် တွက်လျှင် သိန်းတစ်ရာကျော်ခန့် ရှိမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ အံ့ဩစရာကောင်းသည်ကား စာရေးသူတို့ကျောင်းမှ နှစ်ထပ် တိုက်ကြီး ကို ပြီးဆုံးအောင်လှူဒါန်းခဲ့ကြသော ကိုစောထီးနှင့်မရီလေးတို့တွင် ကိုယ်ပိုင် အိမ်မြေမရှိခြင်းပါတည်း။ အိမ်ငှားဘဝမှ ကျောင်းဆောက် လှူနိုင် သော သဒ္ဓါတရားကား နည်းနည်းနောနော သဒ္ဓါတရားမဟုတ်ပေ။ ထို့ကြောင့် သူတို့၏ ကျောင်းဒါနကုသိုလ်ကံက ယခုဘဝမှာပင် ကောင်းကျိုး ပေး၏။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအနီးမှ ခြံကြီးတစ်ခြံကို ဈေး ပေါပေါဖြင့်ရကာ နှစ်ထပ်တိုက်ကြီးတစ်လုံး ဆောက်နိုင်သည်အထိ သူ၏ ကန်ထရိုက်လုပ်ငန်းက ဖြစ်ထွန်းခဲ့၏။ ဤဖြစ်ရပ်နှစ်ခုသည် ဒါနကံ၏ အကျိုးပေး မဟုတ်၊ တိုက်ဆိုင်မှုကြောင့်ပါဟု ယူဆခဲ့လျှင် နောက်ထပ်ဖြစ်ရပ် နှစ်ခုကို ထပ်ပြအံ့။

ဓမ္မရံသီနှင့် ဓမ္မရတနာမဂ္ဂဇင်းတို့၏ ပင်တိုင် လက်သံပြောင် ဆောင်း ပါးရှင် ပန်းဒကာကိုတင်မြင့် ဆိုလျှင် စာပေလောကမှ အတော်လေး သိကြ၏။ သူတို့ဇနီး မောင်နှံသည် မြစ်ကြီးနား မြို့ပေါ်တွင် အိမ်ငှားနေပြီး စက်ချုပ်ကာ အသက်မွေးကြ၏။ အလုပ်ကိုကြိုးစားခြင်း၊ စေတနာထား ခြင်း၊ အပျော်အပါး အသောက်အစားမရှိခြင်းတို့ကြောင့် ကြီးပွားတိုးတက် လာကြ၏။

စက်ချုပ်လုပ်ငန်းအပြင် နို့ဆီဖြန့်ချိရေးနှင့် စာပေဖြန့်ချိရေးတို့ကိုပါ တိုးချဲ့ပြီး လုပ်နိုင်လာ၏။ နှစ်အတန်ကြာလာသောအခါ အိမ်နှင့်ခြံဝယ် နိုင်လောက်သည်အထိ ငွေစုမိလာ၏။ ထို့ကြောင့် မြစ်ကြီးနားမြို့ပေါ်တွင် အိမ်လိုက်ဝယ်ကြ၏။ အိမ်ဝယ်စရာငွေ ရှိသော်လည်း ကိုယ်ပိုင်အိမ်နှင့် နေရမည့်ကုသိုလ်ကံ မရှိလေသောအခါ တစ်အိမ်မှဝယ်၍မရ။

ရောင်းတော့မည်ဆိုပြီး စရံယူထားသော အိမ်ရှင်ကလည်း အကြောင်း အမျိုးမျိုးကြောင့် စရံကို နှစ်ဆပြန်လျော်ပြီး အရောင်းအဝယ် ပျက်ပျက် သွားသည်မှာ လေးငါးအိမ်ရှိ၏။ ပိဋကတ်တော်များကို အမြဲလေ့လာ နေသော ကိုတင်မြင့်သည် အဆောက်အဦမလှူခဲ့ဖူးသောကြောင့်သာ ငွေရှိပါ

www.burmeseclassic.com

www.burmeseclassic.com



လျက် ကိုယ်ပိုင် အိမ်ဝယ်မရခြင်း ဖြစ်ကြောင်း စဉ်းစားမိသဖြင့် ဇနီးနှင့် တိုင်ပင်ကာ အိမ်ဝယ်မည့် ငွေများနှင့် တိုက်ကျောင်းတစ်ကျောင်း ဆောက် လှူလိုက်လေသည်။

ထိုဒါနကုသိုလ်စေတနာသည် ကိုတင်မြင့်တို့အား ယခုဘဝမှာပင် ကောင်းကျိုးပေး၏။ ကိုတင်မြင့်သည် စာရေးရုံမက စေတနာနှင့် ဝါသနာ အရ မိုးကုတ် ဝိပဿနာတရားများကိုလည်း ဟောကြားပြသပေးလေ့ရှိ၏။ တစ်ရက်တွင် သူ ဟောသောတရားကို နာကြားရသဖြင့် တရားအမြင်များ ရှင်းသွားသော အဖွားတစ်ဦးသည် သူ၏တိုက်နှင့်ခြံကို ကိုတင်မြင့်တို့ လင်မယားအား လှူအပ်ပေးခဲ့၏။

ဤဖြစ်ရပ်သည်လည်း ဒါနကုသိုလ်ကံကြောင့်မဟုတ်ဘဲ တိုက်ဆိုင် မှုကြောင့်ဟု ယူဆနေပါသေးက နောက်ထပ်ဖြစ်ရပ်တစ်ခုထပ်ပြအံ့။ ၂၀၀၁ ခုနှစ်က မြိတ်မြို့မှ ဦးမောင်ကြီး၊ ဦးဝင်းအောင်၊ ဦးဟုန်တင်၊ ဦးတင့်လွင်စ သူတို့သည် စာရေးသူအား မြိတ်မြို့သို့ ရိပ်သာဖွင့်တရားပြရန် ပင့်ဆောင်ကြ ၏။ ကျောက်ဖြူတောင်ရွာဘက်မှ မြေတစ်ကေခန့်ကို နောက်လယ်ရပ်မှ ဦးမောင်မောင်စိုးနှင့် ဒေါ်ရှုဟုန်တို့က လှူဒါန်းကြ၏။

မြေရှိသွားသော်လည်း ကျောင်းဆောက်ရန် ငွေမရှိကြ။ စာရေးသူ သိတင်းသုံးပြီး တရားပြရန် ခနိမ့်မိုး၊ ထရံကာ ပေ ၄၀×၂၅ ပေခန့်ရှိ စံကျောင်းတစ်ကျောင်းကို ကိုတင့်လွင်+မယုယုတင်တို့မှ စိုက်ထုတ်ပြီး ဆောက်လုပ်ကြ၏။ စာရေးသူအား ပင့်ဆောင်သူတစ်ဖွဲ့လုံးက ကိုတင့် လွင်နှင့် မယုယုတင်တို့အား ခေတ္တစိုက်ထားပေးရန် မေတ္တာရပ်ခံသောကြောင့် ယခုလိုစိုက်ထားပေးခြင်းဖြစ်၏။ သို့သော် အလှူငွေများတက် မလာလျှင် မိမိတို့ပင် လှူလိုက်ရန် လင်မယားနှစ် ယောက်လုံး တိုင်ပင်ထားကြပြီးဖြစ်၏။

ထိုအချိန်က သူတို့လင်မယားသည် အစ်မဖြစ်သူ အိမ်ဘေးတွင် အဖီထိုးပြီး နေချိန်ဖြစ်၏။ ကိုယ်ပိုင်ခြံမြေမရှိသေးပေ။ စီးပွားရေးကား စည်ပင်ဈေးကြီးထဲတွင် စတိုးဆိုင်နှင့် ဂတ်စ်ဖြည့်ဆိုင်ဖွင့်ထားခြင်းသာရှိ၏။ တည်ထောင်ကာစကျောင်း ဖြစ်သဖြင့် လမ်းအတွက်လုပ်ရ, ရေ အတွက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရ, မီးအတွက်လုပ်ရန်နှင့် ကျောင်းအလှူငွေတက်မလာနိုင်မှန်းသိသဖြင့် ထိုအချိန်က လေးသိန်းကျော်ခန့် တန်ဖိုးရှိသော ကျောင်းလေးကို ရေစက်ချပြီး လှူဒါန်းလိုက်ကြ၏။

ငွေလေးသိန်းသည် ပေါများနေသူများအတွက် ဘာမျှ မပြောပလောက် သော်လည်း ကိုတင့်လွင်တို့လို ရှားပါးသူများအတွက်ကား ပြောပလောက် အောင် များပြားလှပါ၏။ သူတို့အတွက် ထိုစွန့်လွှတ်မှုသည် နည်းနည်းနောနော စွန့်လွှတ်မှုမဟုတ်။ သစ်ပင်တစ်ပင် ပေါက်ရောက်ကြီးထွားရန် မြေ၊ ရေ မျိုးစေ့သုံးမျိုး လိုအပ်သကဲ့သို့ ဒါနတစ်ခုဖြစ် မြောက်အောင်မြင်ရန် အလှူခံ၊ လှူဖွယ်ဝတ္ထု၊ စေတနာသုံးမျိုးလိုအပ်၏။

အပင်ပေါက်ရန် အင်္ဂါသုံးချက်တွင် မျိုးစေ့သည် ပဓာနကျသကဲ့သို့ ဒါန အကျိုးပေးရန် အင်္ဂါသုံးချက်တွင်လည်း စေတနာသည် ပဓာနကျ၏။ ကိုတင့်လွင်နှင့် မယုယုတင်တို့၏ ကျောင်းအလှူတွင် အလှူခံဖြစ်သော စာရေးသူသည် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ဆဲ သာမန်ပုဂ္ဂိုလ်တစ်ဦးသာ ဖြစ်၏။ လှူဖွယ်ဝတ္ထုသည်လည်း ဓနိမိုးထရံကာ ကျောင်းသာဖြစ်၍ တန်ဖိုးကြီးမားလှသည်မဟုတ်။

သို့သော် စာရေးသူနှင့်ဘုရားသာသနာတော်အပေါ် ထားသော ကိုတင့်လွင်နှင့်မယုယုတင်တို့၏ စေတနာသဒ္ဓါတရားကား ထက်သန် အားကောင်းလွန်းလှ၏။ ထို့ကြောင့် ကျောင်းလှူပြီး လေးငါးနှစ်အတွင်းမှာပင် လုပ်နေဆဲစီးပွားရေးသည် အံ့သြစရာကောင်းလောက်အောင် အောင်မြင်ဖြစ်ထွန်းလာသဖြင့် မြစ်ငယ်ရပ်ကွက်၊ ရေပုန်းရပ်ကွက်၊ ကံဖျားရပ်ကွက်တို့တွင် တိုက်သုံးလုံး ဆောက်လုပ်နိုင်သည်အထိ ဒါနကံ၏ ကောင်းကျိုးကို ခံစားကြရ၏။ တူသောအကျိုးပေးသည်ဟူသော စကားအတိုင်း အဆောက်အဦလှူသောကြောင့် အဆောက်အဦများ အလွယ်တကူ ပြန်ရသည်ကို သတိပြုစေချင်ပါ၏။

ကိုတင့်လွင်+မယုယုတင်
ဆိုင်အမှတ်(၅၅)

www.burmeseclassic.com

www.burmeseclassic.com



နာဂရိစင်ရှေ့၊ စည်ပင်ဈေးကြီး
မြို့တ်မြို့။

"ခြောက်ခုမြောက်မေးခွန်းက လူချင်းတူပါလျက် တချို့က အမျိုးယုတ်ပြီး တချို့က အမျိုးမြတ်တာ ဘာ့ကြောင့်ပါလဲတဲ့။ အဖြေကတော့ ငါရှိ၊ ငါသိ၊ ငါတတ်ဆိုပြီး မာနကက်ခဲ့သူတွေဟာ အမျိုးယုတ်ပြီး မာနကို နှိမ့်ချကာ ဂါရဝ၊ နိဝါတရှိခဲ့သူတွေက အမျိုးမြတ်ကြသတဲ့။"

"မာနတရားဟာ ထောင်လွှားမြင့်တတ်ခြင်း သဘောရှိပေမယ့် သူ့ကို လက်ခံထားသူ မှန်သမျှကိုတော့ အနိမ့်ကျဆုံးဘဝကို ပို့ပေးတတ်တယ်။ ဂါရဝ၊ နိဝါတတရားဟာ အောက်ကျ နောက်ကျခံရတဲ့ သဘောရှိပေမယ့် သူ့ကိုလက်ခံထားသူမှန်သမျှကိုတော့ အမြင့်ဆုံး၊ အမြတ်ဆုံးဘဝကို ပို့ပေးတတ်ပါတယ်။"

"ရတနာသုံးပါးနဲ့ မိမိထက် အသက်သိက္ခာဂုဏ်ဝါ ကြီးတဲ့သူတွေကို ရှိခိုးရမှာ၊ အရိုအသေပြုရမှာကို ဝန်မလေးသင့်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ရှိခိုးသူ၊ အရိုအသေပြုသူမှာသာလျှင် ဘဝဆက်တိုင်း၊ အသက်ရှည် ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလ ကြီးမားခြင်းဆိုတဲ့ အကျိုးလေးမျိုးကို ခံစားရလို့ပါပဲ။ ရှိခိုးခံသူ၊ အရိုအသေ ပြုခံရသူမှာတော့ ဘာမှရမသွားတဲ့အပြင် ရှိခိုးခံထိုက်တဲ့၊ အရိုအသေအပြု ခံထိုက်တဲ့ သီလ၊သမာဓိ၊ ပညာမရှိခဲ့ရင် အပြစ်တောင် ဖြစ်ပါသေးတယ်။"

"ဒီအတွေးအခေါ် လေးကိုလည်း လူတိုင်းသိသင့်ပါတယ်ဘုရား"

"မာနတရားဟာ သာမန်ပုဂ္ဂိုလ်ကို မဆိုထားနဲ့၊ အခုဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရမယ့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်ကိုတောင် အယုတ်နိမ့် ဆုံးဘဝကို ပို့ပေးနိုင်တယ်။ ဗုဒ္ဓလက်ထက်က သုပ္ပိယအမည်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဒီဘဝမှာ ရဟန္တာဖြစ်ရမယ့် ဥပနိဿယတွေ ပါပြီးသား။ ဒါတောင်မှ ထောင်လွှားတက်ကြွ မောက်မာခဲ့တဲ့ မာနကြောင့် သချိုင်းထဲက ဒွန်းစဏ္ဍားမျိုးမှာသွားပြီး ဖြစ်ရတယ်။"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ သောပါကမထေရ်ရဲ့တရားကို နာရတော့မှ သာသနာ့ဘောင်ဝင်ရောက်ပြီး ရဟန္တာဖြစ်ခဲ့ရတယ်။ နောက်ဆုံးမေးခွန်းက လူချင်းတူပါလျက် အချို့ဉာဏ်ထိုင်းပြီး အချို့ကဉာဏ်ကောင်းတာ ဘာ့ကြောင့်ပါလဲတဲ့။ အဖြေက မိမိမသိတာ မတတ်တာကို မေးမြန်းစုံ စမ်းခြင်းမပြုတဲ့သူဖြစ်ရာဘဝမှာ ဉာဏ်ထိုင်းတယ်၊ မေးမြန်းစုံစမ်းခြင်း ရှိသူကတော့ ဖြစ်ရာဘဝမှာ ဉာဏ်ကောင်းသတဲ့။"

"ဉာဏ်ကောင်းဖို့အတွက် တခြားကုသိုလ်နည်းလမ်းတွေရှိသေးရင် ပြောပြပါ ဦးဘုရား"

"အများကြီးရှိသေးတာပေါ့။ စာရေးတာ၊ စာချတာ၊ တရားဟောပေးတာ၊ တရားပွဲတွေဖြစ်မြောက်အောင် ကျင်းပပေးတာ၊ စာအုပ်စာတန်းတွေ လှူတာ၊ ကိုယ်သိသမျှ စေတနာအပြည့်နဲ့ သင်ပေးတာတွေဟာ ဘဝ အဆက်ဆက် ဉာဏ်ကောင်းဖို့ ကုသိုလ်တွေချည်းပါပဲ။ အင်းဝခေတ်လောကက မသိတာ၊ မတတ်တာမရှိအောင် ပညာဉာဏ်ကြီးမားလွန်းတဲ့ ဆရာတော်တစ်ပါး ပေါ်ပေါက်ခဲ့ဖူးတယ်။"

"မကာရလောပအကျော် ခင်ကြီးပျော်လို့ နာမည်ကြီးတယ်၊ မသိတာ၊ မတတ်တာမရှိဆိုတာကို ဘုရင်က သိပ်မယုံချင်ဘူးတဲ့။ မင်းတို့ ဘုန်းကြီးမသိတာ၊ မတတ်တာ မရှိဘူးဆိုတာ ပိဋကတ်ဆိုင်ရာမှာပဲ နေမှာပေါ့၊ လောကီအတတ်ပညာတွေတော့ မတတ်လောက်ပါဘူးလို့ဆိုပြီး လက်တွေ့ သိရအောင် ဆရာတော်ရဲ့ ကျောင်းထဲမှာ ဆိုင်းဝိုင်းကြီး တစ်ဝိုင်း ပို့ပြီးတီးမှုတ်စေသတဲ့။"

"ဆရာတော်က တစ်ချက်နားထောင်ကြည့်လိုက်ရုံနဲ့ ဒီဆိုင်းဝိုင်းပညာကို တတ်သွားပြီတဲ့။ တီးကွက်တစ်ကွက်ပြီးတာနဲ့ ဆရာတော်ကအနားသွားပြီး ဘယ်သူက ဘယ်လိုတီး၊ ဘယ်သူက ဘယ်လိုမှုတ်နဲ့နည်းပေးပြီး နောက်တစ်ကြိမ် တီးမှုတ်ခိုင်းသတဲ့။ ခိုင်းတဲ့အတိုင်း တီးမှုတ်ကြတဲ့အခါ ဆိုင်းဆရာတွေ ကိုယ်တိုင် တစ်ခါမှမရဘူးတဲ့ ဆန်းပြားကောင်းမွန်တဲ့ တီးကွက်သစ်တွေကို ရသွားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့အပြင် ဗုံတွေ၊ ပတ်လုံးတွေမှာ ကပ်ပြီးတီးဖို့ ပတ်စာ လုပ်နည်းကိုပါ သင်ပေးလိုက်သေးသတဲ့။ မန်ကျည်းရွက်ခြောက်ကိုပြာချပြီး ထမင်းနဲ့ နယ်လိုက်တာနဲ့ ပတ်စာကောင်းကောင်းကို ရလိုက်တာပဲ။ အခုခေတ် သုံးနေတဲ့ ပတ်စာဟာ ဒီဆရာတော်ပေးခဲ့တဲ့ နည်းလို့ သိရတယ်။ ဒါပေမယ့် ဘုရင်က မလျော့သေးဘူး။ မင်းတို့ဘုန်းကြီး မ,တစ်လုံးကျေတယ်ဆိုတာ အပြစ်မရှိတဲ့ ပညာမှာသာ ဟုတ်မှာပေါ့။"

"အပြစ်ရှိတဲ့ပညာကိုတော့ မတတ်လောက်ပါဘူး။ ဥပမာ – ငါးကွန်ပစ်တဲ့ အတတ်မျိုးကို မင်းတို့ဆရာတော်မတတ်နိုင်လောက်ဘူး"လို့ ပြောတဲ့အတွက် ဆရာတော်က လက်တွေ့ပြရအောင် တံငါသည်တစ်ယောက်ရယ်၊ သက်သေဒကာ လေးယောက်ရယ်ကို ခေါ် သွားတယ်။

"မြစ်ထဲရောက်တဲ့အခါ ပထမဆုံး ဝါရင့်တံငါသည်ကြီးကို ကွန်ပစ်နိုင်းတယ်။ ဝါရင့်တံငါသည်ကြီး ပစ်တဲ့ကွန်က ငါးအချိန် ငါးဆယ်မိတယ်ဆိုရင် ဆရာတော်ပစ်တဲ့ကွန်က ငါးအချိန်တစ်ရာကျော်ထိ မိတယ်။ သက်သေဒကာတွေ ကိုပြပြီးမှ ငါးတွေကိုပြန်လွှတ်လိုက်တယ်။ စစ်တုရင်ထိုးနည်းပညာကိုလည်း တစ်ပွဲ နှစ်ပွဲ ကြည့်ရုံ၊ ကစားရုံနဲ့ပါရဂူမြောက်တတ်ကျွမ်းသွားပြီး စစ်တုရင်ထိုးနည်း လက်ာတောင် ရေးပေးလိုက်သေးသတဲ့"

"အဲဒီကျမှ ဘုရင်လည်း မ,တစ်လုံးကျေတယ်ဆိုတာကို လက်ခံသွားတယ်။ တစ်ခါကလည်း ဆရာတော်ရဲ့ပညာစွမ်းကြောင့် မြေကြီးအောက်မှာ အလကား ဖြစ်နေတဲ့ ရွှေအိုးတစ်အိုးကို ဖော်ထုတ်ပြီး တိုင်းပြည်အတွက်အသုံးပြုနိုင်ခဲ့တယ်"

"ရွှေအိုးဖော်ထုတ်နိုင်ပုံကို အမိန့်ရှိပါဦးဘုရား"

"တစ်ခါတော့ ခရီးတစ်ခုကြွရင်း လမ်းဘေးကကျောက်တုံးမှာ စာတစ်ကြောင်း ရေးထားတာတွေ့ရတယ်။ တကယ်တော့ ဒီစာကိုခရီးသွား သူတိုင်းတွေ့နေကြတာပဲ။ ဒါပေမယ့် အဓိပ္ပာယ်မှန်ကိုမဖော်နိုင်ကြဘူး။ ရေးထားတဲ့စာက "အ,ဿုခံ"တဲ့ သုခ,က ချမ်းသာတာ၊ အ,က မရှိတာနှစ်ခု ပေါင်းတော့ ချမ်းသာမရှိတာ။ ဆင်းရဲပဲလို့ အဓိပ္ပာယ်ပြန်ကြပြီး ဒီစာကို ဘယ်သူကမှ

www.burmeseclassic.com

www.burmeseclassic.com



အရေးမစိုက်ကြဘူး"

"ဆရာတော်ဒီစာကိုတွေ့လိုက်တဲ့အခါ အခုလိုဘာသာပြန်ပြတယ်၊ အ,က အမ္ဗရုက္ခမူလေ –သရက်ပင်ရင်း၌။ သု,က သုဝဏ္ဏဃဋ္ဌံ –ရွှေအိုးကို။ ခ,က ခနုဓာတ်ဆိုတော့ တူးပါတဲ့။ ဒါနဲ့ပဲ စာထွင်းထားတဲ့ ကျောက်တုံး အနီးက သရက်ပင်ရင်းမှာ တူးကြည့်တဲ့အခါ ရွှေအိုးတစ်လုံးကို ရသွား တယ်"

"ဒီလောက် ဉာဏ်ပညာ ကြီးမားနေတော့ ဆရာတော်က သူ့ကိုယ်သူ ဘုရားဆုပန်ထားသူများဖြစ်လေမလားလို့ ထင်မိသတဲ့။ ညကျတော့ နတ် တစ်ပါးက အိပ်မက်ပေးဆိုပဲ၊ ဆရာတော်ဟာ ဘုရားဆုပန် မဟုတ်ပါဘူး၊ ဘဝတစ်ခုက ကျောင်းသားကိုရင်တို့အား သင်ပုန်းကြီး၊ ပရိတ်ကြီး စတဲ့ စာပေများကို စေတနာအပြည့်နဲ့ သင်ပေးခဲ့တဲ့ ပညာအလှူ၊ ဓမ္မဒါနအလှူ ကြောင့် အခုလိုဉာဏ်ကြီးတာပါ လို့ရှင်းပြမှ ဆရာတော်လည်း ပညာဒါနရဲ့ ကောင်းကျိုးကြီးမားပုံကို သေချာသိသွားသတဲ့"

"မေးမြန်းတော့ ဉာဏ်ပွားဆိုတဲ့ ဗုဒ္ဓရဲ့ဟောကြားချက်ဟာ သိပ် သဘာဝကျတယ်ဘုရား။ ဗုဒ္ဓနဲ့သုဘလုလင်တို့ရဲ့ အမေး အဖြေတွေကို ကြားထဲက နားထောင်ရတဲ့ တပည့်တော်မှာတောင် တွေးခေါ် မြော်မြင်တတ် တဲ့ဉာဏ်တွေ အများကြီးတိုးတက်လာသေးတာ။ ကိုယ်တိုင်မေးရတဲ့ သုဘ လုလင်မှာတော့ ဉာဏ်ပညာ တွေပိုလို့တောင် တိုးတက်နိုင်တာပေါ့ဘုရား၊ နောက်ထပ် ဒီလို အမေးအဖြေ ဒေသနာမျိုးတွေရှိသေးရင် နားထောင်ချင်ပါ သေးတယ်ဘုရား"

"ရှိသေးတယ်ကွ၊ နောက်ထပ် အမေးအဖြေတွေက ကတ်ကတ် သတ်သတ် မေးတတ်တဲ့ အခုခေတ်လူငယ်တွေ ပိုတောင်သိသင့်သေးတယ်"

"ဒါဆိုရင် ပြောပါဦးဘုရား"

"သုတ္တန်ပိဋကတ်၊ မဟာဝဂ္ဂပါဠိတော်မှာ ပါယာသိသုတ်ဆိုတာ ရှိတယ်။ ပါယာသိမြို့စားကြီးရဲ့မေးခွန်းတွေကို ရဟန္တာဖြစ်တဲ့ အရှင် ကုမာရ– ကဿပကဖြေ ပေးထားတဲ့သုတ်ဖြစ်လို့ ပါယာသိသုတ်လို့ပဲ နာမည် ပေးထား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အရှင်ကုမာရ ကဿပဆိုတာ ဆန်းကြယ်စွာတရား ဟောတဲ့ နေရာမှာ ဘုရားရှင်ပြီးရင်အတော်ဆုံး ဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကို ရထားသူပါ"

"မင်းလည်း လူတွေစိတ်ဝင်စားအောင် ဆန်းဆန်းကြယ်ကြယ် တရား ဟော တတ်ချင်ရင်၊ ဒါမှမဟုတ် စကားပြောတတ်ချင်ရင် ဒီဂါထာလေးကို မကြာခဏ ရွတ်ဆိုပေးပါ၊ ဒါတင်တော့မရသေးဘူး၊ အဟောကောင်း၊ အပြောကောင်းတွေရဲ့ တရားပွဲတွေ၊ တရားခွေတွေကို များများနာကြားပါ၊ စာများများဖတ်ပါ၊ တရားပွဲတွေ နာကြားတဲ့အခါ သာမန်ကာလျှံကာ မနာကြားပဲ ဒီနေရာလေးမှာ ဘယ်လိုပြင် ဟောလိုက်ရင်၊ ဘာလေး ထပ်ထည့် ဟောလိုက်ရင် ပရိသတ်ပိုပြီးနားရှင်းသွား နိုင်တယ်၊ ပိုပြီးစိတ် ဝင်စားသွား နိုင်တယ်ဆိုတဲ့ အချက်ကလေးတွေကို သတိပြုပြီး နာကြားသင့် တယ်။ စာဖတ်ရင်လည်း ဒီတိုင်းပေါ့၊ သူများကိုပြန်ပြောပြမယ်ဆိုတဲ့ စေတနာလေး တစ်လုံးတိုးပြီး နာကြားရင်၊ ဖတ်ရှုရင် သာမန်နာကြားတာ၊ ဖတ်ရှုတာထက် နှစ်ဆမှတ်မိပါတယ်"

ရွတ်ရမယ့် ဂါထာက –
ကုမာရ ကဿပေါ နာမ၊
မဟေသီ စိတြဝါစကော၊
သော မယှံ ဝဒနေ နိစ္စံ၊
ပတိဋ္ဌာတိ ဂုဏာကရော –တဲ့။

"မြို့စားကြီးရဲ့မေးခွန်းတွေကို သိပါရစေဘုရား"

"တစ်ခါတော့ အရှင်ကုမာရကဿပဟာရဟန်းငါးရာနှင့်အတူ ခရီးဒေသစာရီ လှည့်လည်တရားဟောသာသနာပြုရင်း ကောသလတိုင်း အတွင်းပါဝင်တဲ့၊ သေတဗျမြို့ကိုရောက်သွားတယ်။ သေတဗျမြို့ရဲ့ မြောက် အရပ် ယင်းတိုက်တောထဲမှာပဲ သံဃာငါးရာနဲ့အတူ သီတင်းသုံးနေတယ်။ ပါယာသိမြို့စားဟာ သေတဗျမြို့ကို အပိုင်စားရထားသူပေါ့"

"သူဟာ ခုခေတ်လိုပြောမယ်ဆိုရင် ဘာသာမဲ့တစ်ယောက်ပေါ့၊ တစ်ပါးသော နတ်ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည်ဆိုတာမရှိဘူး၊ သတ္တဝါတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



သေပြီးရင် ပြတ်တာပဲ၊ နောက်ထပ် ဘာမှမဖြစ်တော့ဘူး၊ ကုသိုလ်ကံရဲ့ ကောင်းကျိုး၊ အကုသိုလ်ကံရဲ့ မကောင်းကျိုးဆိုတာ မရှိဘူးလို့ အယူမှား နေတယ်။ သေရင်ပြတ်တယ် ဘာမှ မဖြစ်တော့ဘူးလို့ ယူဆထားတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိ အယူရှိတယ်လို့ ဆိုနိုင်တာပေါ့"

"ဥစ္ဆေဒဒိဋ္ဌိအယူဆိုတာ မိမိတို့ရဲ့ပျင်းရိမှုကို ဖုံးကွယ်ရန် ကြိုးစားတဲ့ ဆင်ခြေကန်မှုတစ်ခုလည်းဖြစ်တယ်။ ကောင်းမှုကို မပြုဘဲ၊ မကောင်းမှုကိုသာ ပြုထားသူတို့ရဲ့ စိတ်သက်သာရာ ရရာရကြောင်း ဖြေဆေးတစ်ခုလည်း ဖြစ်တယ်။ သဘာဝတရားရဲ့ လျို့ဝှက်နက်နဲမှုကို မသိမမြင်တဲ့ ဉာဏ်အမြင်ကန်းမှုလည်း ဖြစ် တယ်၊ ရုပ်နာမ်သဘာဝရဲ့ အရှိကိုအရှိ အတိုင်းသိမြင်အောင် မကြည့်တတ်မှု၊ မကြည့်ချင်မှု၊ မကြည့်ရဲမှု၊ ထိုးထွင်းမသိနိုင်မှုလို့ ဆိုရမယ့် အဝိဇ္ဇာရဲ့ ထိုးနှက်ချက် တစ်ခုလည်း ဖြစ်တယ်"

"အရှင်ကုမာရကဿပ ကြွလာတယ်လည်းကြားရော သေတဗျမြို့သူ မြို့သားတွေဟာ ဖူးမြင်ရအောင် သူ့ထက်ငါ ယင်းတိုက်တောထဲ ကိုသွားကြ တယ်။ ဒီအခါ ပါယာသိမြို့စားကလည်း သူ့အယူသာလျှင်အမှန် တခြား အယူဝါဒတွေသည် အမှားဆိုတာလျှောက်တင်ရအောင် တခြားသူများနဲ့ အတူ ယင်းတိုက်တောထဲ လိုက်သွားတယ်၊ စေတနာကောင်းနဲ့ လိုက်သွား တာတော့ မဟုတ်ဘူး၊ အရှင်ကုမာရကဿပရဲ့ မှန်ကန်တဲ့တရားတွေ တခြား သူတွေ ဆီရောက်သွားမှာစိုးလို့ သူ့ဥစ္ဆေဒဝါဒနဲ့တားဆီးရအောင် လိုက်လာ တာပဲ"

"တွေ့လို့နှုတ်ဆက်စကားပြောပြီးတာနဲ့ လူ့ဘုံမှတစ်ပါး တခြားသော ဘုံဆို တာမရှိဘူး၊ ကုသိုလ်ရဲ့ကောင်းကျိုး၊ အကုသိုလ်ရဲ့ မကောင်းကျိုး ဆိုတာမရှိဘူးစတဲ့ သူရဲ့အယူဝါဒသာမှန်ကန်ကြောင်းကို လျှောက်ထား တယ်"။

## လ နေ ဥပမာ

ဒီအခါ မထေရ်က မေးခွန်းတစ်ခုစထုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မေး။ ။"မြို့စား ဤလ၊ နေတို့သည် ဤလောကမှာဖြစ်သလား၊ တစ်ပါးသော လောကမှာဖြစ်သလား၊ ထိုလ၊ နေတို့သည် နတ်တို့ ဖြစ်ကုန်သလား၊ လူတို့ ဖြစ်ကုန်သလားလို့ မေးတဲ့အခါ ပါယာသိမြို့စားက ဤလနေတို့သည် တစ်ပါး သော လောကမှာဖြစ်ပါတယ်။ ဤလောကမှာ မဖြစ်ပါ၊ နတ်တို့သာ ဖြစ်ပါတယ်။ လူတို့မဖြစ်ပါလို့ ဖြေကြားတယ်"

"ဒါဆိုရင် တစ်ပါးသောလောက (ဘုံ) မရှိ၊ ကုသိုလ်၊ အကုသိုလ်ရဲ့ ကောင်း ကျိုးဆိုးကျိုးမရှိဆိုတဲ့ သင်ရဲ့ အယူအဆမှားကြီးကိုစွန့်ပြီး တစ်ပါး သော လောက (ဘုံ) ဆိုတာ ရှိတယ်၊ ကုသိုလ်၊ အကုသိုလ်ရဲ့ ကောင်းကျိုး ဆိုးကျိုးဆိုတာ ရှိတယ် ဆိုပြီး အမှန်ကိုပြင်ယူပါလို့ တိုက်တွန်းတဲ့အခါ ပါယာသိမြို့စားက မယူနိုင်ပါဘူး၊ အရင်အယူအဆသာ အမှန်ဆိုပြီး တင်းခံနေတယ်"

"ဒီတော့ မထေရ်က ဒီ ဥစ္ဆေဒဒိဋ္ဌိအယူမှားကြီးကို အဘယ်အကြောင်း ကြောင့်ယူဖြစ်တာလဲလို့မေးတဲ့အခါ သူ့မှာ သူ့အသက်သတ်၊ သူ့ဥစ္စာခိုး စတဲ့ မကောင်းမှုတွေကိုသာလုပ်တဲ့ ဆွေမျိုးသားချင်း၊ မိတ်ဆွေတွေရှိတယ်၊ ဒီမိတ်ဆွေ တွေ သေကြတော့မယ်၊ ရောဂါသည်းနေပြီဆိုတာနဲ့ သူက အရောက်သွားပြီး မင်းတို့လိုအကုသိုလ်သမားတွေ သေရင် ငရဲကျတယ်လို့ ပြောကြတယ်၊ မင်းတို့ သေပြီးလို့ ငရဲကျတဲ့အခါ ငါ့ကို ငရဲကျနေကြောင်း လာပြောကြပါ၊ ဒါဆိုရင် ငရဲဘုံဆိုတာရှိတယ်၊ ကုသိုလ်၊ အကုသိုလ်ရဲ့ ကောင်းကျိုးဆိုးကျိုးဆိုတာရှိတယ်လို့ ငါပြင်ပြီး မှတ်ပါ့မယ်လို့ သွားပြောတဲ့ အခါ လူမိုက်များက ပြန်လာပြောပါ့မယ်လို့ ဝန်ခံပြီး သေသွားကြတယ်၊ ဒါပေမယ့် နှစ်တွေ၊ လတွေသာ ကြာသွားတယ်၊ ဘယ်သူမှ သူ့ကိုငရဲကျ ကြောင်း လာမပြောကြဘူး၊ ဒါ့ကြောင့် ဥစ္ဆေဒဝါဒ အယူကို သူယူတာပါလို့ ပြောသတဲ့"

"ကဲ – မောင်ရဲမြင့်၊ မင်းကို ဒီမေးခွန်းမေးလာရင် ဘယ်လိုဖြေမလဲ"

"ဟာ – တပည့်တော်တော့ မဖြေတတ်ဘူး"

"အေး – ဒါမျိုးဆိုရင်တော့ ငါတို့လည်း ဖြေတတ်မှာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မထေရ်မြတ် ကတော့ ရဟန္တာလည်းဖြစ်၊ စိတြဝါစကတေဒဂ်ဘွဲ့ ထူးရသူ လည်းဖြစ်တော့ ပါယာသိမြို့စား သဘောပေါက်အောင် ဖြေတတ်တယ်"

## ငရဲမှပြန်မလာ၊ ခိုးသူပမာ

မထေရ်မြတ်က ဒီမေးခွန်းကို အသတ်ခံရမယ့်ခိုးသူဥပမာနဲ့ ဖြေတယ်၊ ခိုးသူ တစ်ယောက်ကို ခေါင်းဖြတ်သတ်ဖို့ လမ်းဆုံလမ်းခွကနေ ခိုးသူ ဖြစ်ကြောင်း စည်တီးကြေငြာပြီး ခေါ်ထုတ်လာတယ်၊ သုသာန်ရောက်လို့ ခေါင်းဖြတ်သတ်ခါနီးမှ သားမယားတို့ဆီ ခဏပြန်ပြီး နှုတ်ဆက်ခွင့် ပြုပါ လို့တောင်းခံရင် အာဏာသားတွေက ခွင့်ပြုပါ့မလား၊ သို့မဟုတ် ခွင့်မပြုဘဲ ဝိုကြွေးမြည်တမ်းနေစဉ်မှာပဲ ခေါင်းဖြတ်သတ် ကြမလားလို့ ပါယာသိမြို့ စားကို မေးခွန်းထုတ်လိုက်တယ်"

"ဒီအခါ မြို့စားက ခွင့်မပြုနိုင်ပါ၊ ခိုးသူ ငိုကြွေးမြည်တမ်းနေစဉ်မှာပဲ ခေါင်းဖြတ်၍သတ်ကြမှာပါလို့ ဖြေတယ်၊ ဒီအခါ မထေရ်က မြို့စား၊ ဤလူ့ဘဝမှာပင် သေဒဏ်ကျခံရသော ခိုးသူသည် အပြစ်အလျှောက် သေဒဏ်ကျခံရာ၌ သေဒဏ်ကိုခဏဆိုင်းငံ့ပြီး ဆွေမျိုးသားချင်းအိမ်သို့ ပြန်၍မရသေးရာ၊ သူ့ အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော အ– ကုသိုလ် များကြောင့် ငရဲ၌ ပြစ်ဒဏ်ကျနေသော သင်၏မိတ်ဆွေများသည် ငရဲပြစ် ဒဏ်ကို ခေတ္တဆိုင်းငံ့၍ အဘယ်မှာလျှင် သင့်ထံသို့လာ၍ အကြောင်း ကြား နိုင်ပါမည်နည်း"

"ဤအကြောင်းကြောင့် သင်၏ဥစ္ဆေဒအယူဝါဒကို စွန့်လွှတ်ပါလို့ ပြောတော့၊ မြို့စားက မစွန့်လွှတ်နိုင်ပါဘူးတဲ့၊ မထေရ်က ဒီအယူမှား ဖြစ်ပေါ် လာခြင်းရဲ့ တခြားသောအကြောင်းရှိပါသေးသလားဆိုတော့ သူ့မှာ ငါးပါး သီလလုံခြုံပြီး ကုသိုလ် ကောင်းမှုကိုသာပြုလုပ်တဲ့ ဆွေမျိုး၊ မိတ်ဆွေ တွေရှိ တယ်တဲ့၊ အဲဒီမိတ်ဆွေတွေ ရောဂါသည်းပြီး သေခါနီးအချိန် ရောက်တဲ့ အခါ မြို့စားက သွားမှာပြန်တယ်"

"မင်းတို့လို ကုသိုလ်ကောင်းမှုရှိသူတွေ သေတဲ့အခါ နတ်ပြည်ကို ရောက် တယ်လို့ပြောကြတယ်၊ မင်းတို့နတ်ပြည်ရောက်ခဲ့ရင် ငါ့ကိုလာပြီး

www.burmeseclassic.com



ပြောပြကြပါ၊ သင်တို့ဟာ ငါယုံကြည်ကိုးစားတဲ့သူတွေဖြစ်ကြပါတယ်။ သင်တို့ကိုယ်တိုင်လာပြော တာဆိုရင် ငါကိုယ်တိုင်နတ်ပြည်ကို မြင်လာရသလို ငါလက်ခံပါမယ်လို့ ပြောတဲ့အခါ သူတို့ကလည်း နတ်ပြည်ရောက်ခဲ့ရင် ပြန်လာပြောပါ့မယ်လို့ ဝန်ခံကြတယ်"

"ဒါပေမယ့် အခု နှစ်တွေ၊ လတွေသာကြာသွားတယ် ဘယ်သူမှ နတ်ပြည်ရောက်ကြောင်းလာမပြောကြဘူး၊ ဒါ့ကြောင့်လည်း ကျွန်ုပ်ဟာ လူဟာသေရင် ပြတ်တာပဲ၊ နောက်ဘဝဆိုတာမရှိဆိုတဲ့ ဥစ္ဆေဒအယူကို ယူခြင်းဖြစ်ပါတယ်တဲ့"

"ပြန်ရှင်းဖို့ရာ တော်တော်မလွယ်တဲ့ကိစ္စပဲဆရာတော်"

နတ်ပြည်မှပြန်မလာ၊ မစင်တွင်းမှလွတ်သူ ဥပမာ

"မထေရ်မြတ်အတွက်ကတော့ လွယ်ပါတယ်၊ မထေရ်မြတ်က ဒီမေးခွန်းကိုလည်း သိလွယ်နိုင်ပေမယ့် ဥပမာတစ်ခုနဲ့ဖြေပြန်တယ်။ ယောကျ်ား တစ်ယောက်ဟာ မစင်တွင်းထဲပြုတ်ကျပြီး ဦးခေါင်းထိနစ်မြုပ်လျက်ရှိတယ်၊ သင်က တခြားသူတွေ အကူအညီနဲ့ မစင်တွင်းကဆယ်ယူပြီး ပေကျံနေတဲ့ မစင်တွေကို ဝါးခြမ်းစိတ်တို့ဖြင့် သပ်ချပေးစေတယ်"

"သုံးကြိမ်တိတိ ဆပ်ပြာတိုက်ရေးချိုးပေးပြီး ဆံမုတ်ဆိတ်တို့ကို ရိတ်ပယ်စေတယ်၊ မွှေးပေ့ဆိုတဲ့ နံ့သာဖြူတွေနဲ့ သေချာလိမ်းပေးပြီး နူးညံ့တဲ့ အိပ်ယာပေါ်မှာ ကာမဂုဏ်ငါးပါးကို စိတ်ကြိုက်ခံစားစေတယ်၊ အဲဒီလူဟာ မစင်တွင်းထဲ ပြန်နစ်လိုတဲ့ ဆန္ဒ ရှိပါဦးမလားလို့ဆိုတော့ မြို့စားက စပ်ဆုပ်ရွံရှာဖွယ်ကောင်းလှတဲ့ မစင်တွင်းထဲပြန်နစ်လိုတဲ့ဆန္ဒ အနည်းငယ်မျှ မရှိနိုင်တော့ပါလို့ ဖြေတယ်"

"ဒီအခါကျမှ မထေရ်က လူသည် မစင်တွင်းကို လွန်စွာ ရွံရှာသကဲ့သို့ နတ်တို့သည် လူများကို မစင်တွင်းကဲ့သို့ရွံရှာတယ်၊ လူတွေရဲ့ရွံရှာဖွယ် အနံ့ဟာ ယူဇနာတစ်ရာ (မိုင်ရှစ်ရာ)အတွင်းမှာ ရှိနေတဲ့နတ်တွေကို နှိပ်စက်နိုင်တယ်၊ ဒီလိုနတ်ဘဝကို ရောက်သွားတဲ့ သင့်ရဲ့မိတ်ဆွေတွေဟာ အဘယ်

www.burmeseclassic.com

www.burmeseclassic.com



မှာလျှင် သင့်ထံသို့လာပြီး သူတို့နတ်ပြည်ရောက်နေကြောင်းကို ပြောကြားနိုင်မှာလဲ၊ ဒီအချက်ကြောင့်လည်း သင့်ရဲ့ဉစ္စေဒအယူကို စွန့်ပါလို့ပြောတယ်"

"အဲဒီတော့ စွန့်ရောလားဘုရား"

"ဘယ်စွန့်မလဲ၊ နောက်ထပ် သူစောဒကတက်ပြီး မေးမှာတွေ အများကြီး ကျန်သေးတယ်၊ ဒီအယူဖြစ်ခြင်းရဲ့ တခြားအကြောင်းရှိသေးလားဆိုတော့ ရှိသေးတယ်ဆိုပြီး နောက်အတွေ့အကြုံတစ်ခုကို ထပ်ပြောပြန်တယ်၊ ငါးပါးသီလကို အမြဲတမ်းလုံခြုံအောင်စောင့်တဲ့ သူရဲ့မိတ်ဆွေတွေ သေခါနီး ရောဂါသည်းနေတဲ့အခါ သူကသွားမှာပြန်တယ်"။

## တာဝတိံသာမှာ နှစ်ရက်သုံးရက်ကြာ

"သင်တို့လို ငါးပါးသီလလုံခြုံသူတွေ သေတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်တယ်လို့ ရဟန်း၊ ပုဏ္ဏားတွေက ဟောကြတယ်၊ သင်တို့ တာဝတိံသာ ရောက်ခဲ့ရင် ငါ့ကိုလာပြောကြပါလို့မှာလိုက်တယ်၊ သူတို့က လည်း လာပြောပါ့မယ်လို့ ဝန်ခံပြီး သေသွားကြတယ်၊ အခု နှစ်ပေါင်းများစွာကြာသွားသော်လည်း ကျွန်ုပ်ထံသို့ သူတို့ တာဝတိံသာနတ် ပြည်ရောက်နေကြောင်း တစ်ယောက်မှ လာမပြောကြပါ၊ ထို့ကြောင့် ကျွန်ုပ်သည် ဉစ္စေဒအယူကိုယူပါသည်တဲ့၊ ဒီအခါ မထေရ်က–မြို့စား၊ လူတို့၏ နှစ်တစ်ရာသည် တာဝတိံသာနတ်တို့၏ တစ်ရက် ဖြစ်၏။ ထိုရက်မျိုး သုံးဆယ်သည် တစ်လ၊ ထိုလမျိုး ၁၂–လသည် ၁–နှစ်မည်၏။ ထိုကဲ့သို့သော နှစ်ဖြင့် နှစ်ပေါင်း တစ်ထောင် (လူ့သက်ဖြင့် နှစ်ပေါင်း သုံးကုဋေခြောက်သန်း)ဟာ တာဝတိံသာ နတ်တို့ရဲ့အသက်ပဲ"

"သင်ရဲ့ မိတ်ဆွေတွေဟာ တာဝတိံသာနတ်ဘုံကိုရောက်တဲ့အခါ တို့တတွေ နတ်မှာဖြစ်တဲ့ ကာမဂုဏ်ချမ်းသာတွေကို နှစ်ရက်၊ သုံးရက် ခံစားလိုက်ဦးမယ်၊ ပြီးမှ တို့တာဝတိံသာနတ်ပြည်ရောက်တဲ့အကြောင်းကို ပါယာသိမြို့စားအား ပြောပြအံ့ဟုအကြံဖြစ်၏။ သူတို့ကြံသည့်အတိုင်း တာဝတိံသာနတ်တို့သည် သင့်အား လာရောက်ပြောကြားနိုင်ပါမည်လော" လို့ မေးလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ မြို့စားက မပြောကြားနိုင်ပါ"

"တာဝတိံသာ နတ်တို့၏ နှစ်ရက်ဟူသည် လူသားများအတွက် အနှစ်နှစ်ရာ ရှိနေပြီဖြစ်၍ ကျွန်ုပ်သည်သေဆုံးပြီးနေပါပြီလို့–ဝန်ခံတယ်၊ ဒါပေမယ့် သူ့အယူဝါဒကိုတော့ မစွန့်ဘူး၊ မစွန့်တဲ့အပြင် တာဝတိံသာ နတ်တွေရှိတယ်။ ဒီလို အသက်ရှည်တယ် ဆိုတာကို အရှင်ဘုရားကို ဘယ်သူ ပြောသလဲတဲ့၊ အရှင်ဘုရားပြောတိုင်း တပည့်တော်မ ယုံကြည်နိုင် ပါဘူးတဲ့"

"ဟာ – ဒီမြို့စားဟာ အခုခေတ် တစ်ယူသန်ရုပ်ဝါဒီသမား အချို့ထက် တောင် လက်ပေါက်ကပ်ပါလားဘုရား၊ စိတ်တိုတတ်တဲ့ရဟန်း ဆိုရင် မလွယ်ဘူးထင်တယ် ဘုရား"။

## ဝမ်းတွင်းကန်းနှင့် တူသော တစ်ယူသန်သမား

"ဟုတ်တာပေါ့၊ မထေရ်ကတော့ ရဟန္တာဖြစ်နေလို့ သည်းခံပြီး ဆက်ရှင်း ပြပါတယ်၊ မထေရ်က မေးခွန်းတစ်ခုပြန်ထုတ်တယ်၊ ဝမ်းတွင်းကန်း တစ်ယောက်ဟာ သူတစ်ခါမှမမြင်ဘူးတဲ့အတွက် –

အဖြူ၊ အပြာ၊ အနီ၊ အဝါဆိုတဲ့ အရောင်တွေသည် မရှိ၊ ထိုအရောင်တွေကိုမြင်သောသူသည်လည်း မရှိ၊ ညီညွတ်သောနေရာ၊ မညီညွတ်သော နေရာသည် မရှိ၊ ထိုနေရာတို့ကိုမြင်သောသူသည်လည်း မရှိ၊ ကြယ်တာရာတို့၏ အရောင်သည် မရှိ၊ ကြယ်တာတို့၏ အရောင်ကိုမြင်သော သူသည်လည်း မရှိ၊ လနေတို့သည် မရှိ၊ ထိုလနေတို့ကို မြင်သောသူသည် လည်းမရှိလို့ ပြောခဲ့ရင် အမှန်ကိုပြောရာရောက်ပါ့မလားလို့မေးတော့ မြို့စားက မှန်ရာကိုပြောရာ မရောက်ပါ၊ အဖြူ၊ အနီ၊ အပြာ၊ လ၊ နေ စသည်တို့ဟာ တကယ်ရှိနေလို့ပါတဲ့၊ ဒီတော့မှ မထေရ်က မြို့စား၊ သင်သည် ဝမ်းတွင်းကန်း ကဲ့သို့ ဖြစ်နေ၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရသော သာမဏ ဗြာဟ္မဏတို့က ထိုအဘိညာဉ်တန်ခိုးဖြင့် ဤလောကကိုလည်း မြင်၏၊ တမလွန်လောကကို လည်းမြင်၏၊ ငရဲပြည်ကိုလည်းမြင်၏၊ နတ်ပြည်ကိုလည်း မြင်၏၊ ကောင်းသောဘုံသို့ ရောက်သော သတ္တဝါ၊ မကောင်းသော ဘုံသို့ ရောက် သော သတ္တဝါတို့ကိုလည်းမြင်၏၊ ထိုနတ်ဘုံ၊ ငရဲဘုံ စသည်တို့ကို မံသ

www.burmeseclassic.com

www.burmeseclassic.com



(အသား) မျက်စေ့ဖြင့်မြင်နိုင်သည်မဟုတ်၊ အဘိညာဉ် မျက်စေ့ဖြင့်သာ မြင်နိုင်သောဘုံ တို့ကို အသားမျက်စေ့ဖြင့် မမြင်ရလို့ မရှိဘူးဟုပြောသော သင်၏ စကားသည် အမှန်သို့မရောက်နိုင်"

"ဒါ့ကြောင့် သင့်ရဲ့ ဥစ္ဆေဒအယူဝါဒကို စွန့်ပါဆိုတော့ မစွန့်နိုင်သေးဘူးတဲ့၊ ဒီအယူဖြစ်ပေါ်ခြင်းရဲ့ အကြောင်း ရှိပါသေးတယ်ဆိုပြီး အခုလို ထပ်ပြောပြန်တယ်၊ အကျင့်ကောင်း၊ စိတ်ကောင်းရှိတဲ့ သမဏ၊ ဗြာဟ္မဏတွေ အများကြီးရှိကြပါတယ်တဲ့၊ ဒီသမဏ၊ ဗြာဟ္မဏတွေဟာ သူတို့သေလို့ ဒီဘဝထက်မွန်မြတ်တဲ့ဘဝကို ရောက်မယ်ဆိုတာ သေချာသိခဲ့ရင် တစ်နည်းနည်းနဲ့ ကိုယ့်ကိုယ်ကို သတ်ပြီး သေကြရမယ်၊ အခု သတ်မသေတာ ထောက်သောအားဖြင့် ဒီဘဝကသေရင် ပိုပြီး မွန်မြတ်တဲ့ဘဝကို ရောက်မယ် ဆိုတာ မသိလို့ပဲလို့ ကြံစည်စဉ်းစားမိတဲ့အတွက်ကြောင့် ဥစ္ဆေဒဒိဋ္ဌိအယူကို စွဲမြဲစွာ ယူရခြင်းဖြစ်သတဲ့"

"ဟာ တော်တော်မလွယ်တဲ့မြို့စားပဲဘုရား"

"အေး–ဟုတ်တယ်၊ ခုခေတ်ရဟန်းတွေနဲ့ဆိုရင်တော့ ရိုက်ပွဲပဲနေမှာ၊ မထေရ်ကတော့ ရဟန္တာဆိုတော့ မြို့စားရဲ့ကြံစည်တွေးခေါ် မှုဟာ မှားယွင်းနေကြောင်း အခုလို ဥပမာနဲ့တကွ ရှင်းပြတယ်"။

## အချိန်မကျဘဲ ဗိုက်ခွဲသောပုဏ္ဏေးမ

"မြို့စား၊ ရှေးဦးဖြစ်ဘူးတဲ့အကြောင်းတစ်ခုကိုပြောပြမယ်၊ ပုဏ္ဏားတစ်ယောက်မှာ မယားနှစ်ယောက်ရှိတယ်၊ မယားကြီးမွေးထားတဲ့သားက ၁၂–နှစ် အရွယ်ရှိပြီ၊ မယားငယ်ကတော့ ကိုယ်ဝန်ဆောင်ထားတုန်းပဲ ရှိသေးတယ်၊ တစ်နေ့ ပုဏ္ဏားကြီးသေသွားတော့ ၁၂–နှစ်အရွယ်သားငယ်က ပုဏ္ဏားတွေရဲ့ ဥပဒေ ထုံးတမ်းအစဉ်အလာအတိုင်း ဖခင်ရဲ့အမွေ အနှစ်အားလုံးကို သူ့ကို အပ်ဖို့ မိထွေးကိုပြောတယ်"

"မိထွေးက သူမီးဖွားသည့်တိုင်အောင် ခဏစောင့်ပါ၊ သူ့ကိုယ်ဝန်က သားမွေးရင် ဥစ္စာစည်းစိမ်ကို တစ်ဝက်စီခွဲပေးမယ်၊ သမီးမိန်းကလေးမွေးရင် သင့်ရဲ့အလုပ်အကျွေးဖြစ်ပါလိမ့်မယ်လို့ပြောပေမယ့် သားငယ်က လက်မခံ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဖခင်ရဲ့အမွေအနှစ်တွေကို ချက်ခြင်းလွှဲပေးဖို့ပဲ တောင်းဆိုနေတယ်၊ သုံးကြိမ်တိုင်အောင် တောင်းပန်လို့မရတဲ့အခါ ပုဏ္ဏားမဟာ ဒေါသဖြစ်သွားပြီး အဆင်ခြင်ကင်းမဲ့စွာနဲ့ ဗိုက်ကို ဓားနဲ့ခွဲပြီး ချက်ချင်း ကလေးကို မွေးတဲ့အခါ မိခင်လည်းသေ၊ ကလေးလည်းသေပြီး ဥစ္စာစည်းစိမ်တွေပါ ဆုံးရှုံးသွားတယ်''

''မြို့စား၊ သင်သည်လည်း ထိုပုဏ္ဏားမကဲ့သို့ အဆင်ခြင်ကင်းမဲ့စွာ တစ်ပါးသောဘုံဘဝ ရှိ မရှိကို ရှာဖွေလျှင် ပျက်စီးခြင်းသာလျှင် ဖြစ်လိမ့်မယ်၊ မိုက်မဲတဲ့ ပုဏ္ဏားမသည် အဆင်ခြင်ကင်းမဲ့စွာ ဥစ္စာကိုရှာသဖြင့် ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ သီလရှိသော သမဏဗြာဟ္မဏတို့သည် မရင့်ကျက်သေးသည်ကို ရင့်ကျက်အောင် လုပ်ကြမည် မဟုတ်၊ (သေချိန်မတန်သေး သည်ကို သေအောင်ပြုကြမည် မဟုတ်) တရားရှိသော သမဏဗြာဟ္မဏတို့သည် နေရခြင်းအတွက် ဝမ်းသာမည် မဟုတ်သလို၊ သေရခြင်းအတွက်လည်း ဝမ်းနည်းမည်မဟုတ်၊ နေရခြင်းနှင့် သေရခြင်းသည် တရားရှိသူအတွက် ထူးခြားမှုရှိသည်မဟုတ်''

''တရားရှိပြီး သမဏ၊ ဗြာဟ္မဏတို့သည် လူအများ ကုသိုလ်တရား တိုးပွားစေခြင်းငှာ၊ လူအများ အစီးအပွားဖြစ်စေခြင်းငှာ၊ လူနတ်များ ချမ်းသာခြင်း အကျိုးငှာ၊ သတ္တလောကကို သနားစောင့်ရှောက်သောအားဖြင့် အသက်ရှင် နေထိုင်ကြခြင်း ဖြစ်၏။ ဤပြခဲ့ပြီးအကြောင်းကြောင့် သင့်၏ ဥစ္ဆေဒဒိဋ္ဌိအယူကို စွန့်ပါလောလို့ ပြောပေမယ့် မြို့စားက မစွန့်နိုင်ပြန်ဘူးတဲ့''

''ဒီအယူအဆဖြစ်ပေါ်ခြင်းရဲ့ နောက်ထပ်အကြောင်း ရှိသေးသလားဆိုတော့၊ ရှိသေးတယ်ဆိုပြီး ခုလိုပြောပြန်တယ်၊ သူဟာ သေဒဏ်ကျတဲ့ ခိုးသူတစ်ယောက်ကို အိုးကြီးတစ်လုံးထဲထည့်၊ အိုးဝကိုအသေပိတ်ပြီး အိုးကြီးကို မီးတိုက်တယ်၊ သူခိုး သေလောက်တဲ့အချိန်ကျမှ အိုးဝကို ဖြည်းညင်းစွာ ဖွင့်ကြည့် ကြသတဲ့၊ အဲလိုဖွင့်ကြည့်တဲ့အခါ သူခိုးထံက ထွက်သွားတဲ့အသက်ကို သူတို့မမြင်ကြရဘူး၊ ဒါကြောင့် တစ်ပါးသော လောကဆိုတာမရှိ

www.burmeseclassic.com

www.burmeseclassic.com



စတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူကို ယူတာပါတဲ့"

"တပည့်တော်လည်း စာအတော်ဖတ်ပါတယ်၊ ဒါပေမယ့် ဒီလောက် ကတ်သီးကတ်သတ်မေးတာမျိုးတော့ ဒီတစ်ခါပဲတွေ့ဘူးတယ်ဘုရား"

"ငါလည်း ဒီပါယာသိသုတ်ကိုဖတ်မှ တွေ့ဘူးတာပဲ"

"မထေရ်မြတ်က ဒီပြဿနာကိုဘယ်လိုရှင်းပေးသလဲဘုရား"

"မြို့စားက မျိုးစုံမေးတော့၊ မထေရ်မြတ်ကလည်း မျိုးစုံဖြေကြားရတယ်၊ ကြားထဲက တပည့်တော်တို့တစ်တွေ အမေးအဖြေမျိုးစုံသိရတော့ ပိုအမြတ် ထွက်တာပေါ့ဘုရား"။

## အသက်ကိုရှာ အိပ်မက်ဥပမာ

မထေရ်က အသက် (အသိစိတ်နာမ်တရား)အား မမြင်ရပုံကို အိပ်မက် ဥပမာ နဲ့ဖြေတယ်၊ မြို့စား သင်သည် နေ့လည်နေ့ခင်း အိပ်ပျော်နေ သည့် အခါ ဥယျာဉ်ကြီးထဲမှာ မွေ့လျော်စွာပျော်ပါးနေပုံ၊ ရေကန်ကြီးထဲမှာ မွေ့လျော်စွာ ပျော်ပါးနေပုံကို မြင်မက်ဖူးသည်မဟုတ်လောဆိုတော့ မြင် မက်ဖူးပါ တယ်တဲ့"

"ဒီလို သင့်ရဲ့အသက် (အသိစိတ်နာမ်တရား) အိပ်မက်ကမ္ဘာထဲ ရောက်နေချိန်မှာ သင့်ဘေးနားမှာခစားနေကြတဲ့ မောင်းမများဟာ သင့် ရဲ့အသက်ဝင်တာ၊ ထွက်တာကိုမြင်ကြရပါသလားဆိုတော့ မမြင်ကြရပါ ဘူးလို့ သူပြန်ဖြေတယ်၊ ဒီတော့မှ မထေရ်က အသက်ရှင်ဆဲဖြစ်တဲ့ မောင်းမ များက အသက်ရှင်ဆဲဖြစ်တဲ့ သင့်ရဲ့အသက် ထွက်တာ၊ ဝင်တာ ကိုမှမမြင်ရ ရင် သေသွားသောသူခိုးရဲ့ အသက်ကို ဘယ်လိုလုပ်မြင်နိုင်မှာလဲ၊ ဒီ အကြောင်းကြောင့်သင့်ရဲ့ ဥစ္ဆေဒအယူကိုကို စွန့်ပါလို့ဖျောင်းဖျတယ်"

"ဒါလည်း မစွန့်ဘူးမဟုတ်လားဘုရား"

"သေချာတာပေါ့၊ မစွန့်ဘူး၊ မစွန့်ခြင်းရဲ့အကြောင်းရှိသေးလား ဆိုတော့ ရှိသေးတယ်ဆိုပြီး တစ်မျိုးထပ်ပြောပြန်တယ်၊ သူဟာ သေဒဏ် ကျတဲ့သူခိုး တစ်ယောက်ကို မသတ်ခင်မှာလည်း ပိဿာဘယ်လောက်ရှိတယ် ဆိုတာ ကိုချိန်ပြီး အလေးချိန်ကို မှတ်ထားတယ်၊ မှတ်ပြီးတဲ့အခါ သူခိုးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အသက် အပြင်မထွက်အောင် လည်ပင်းကို ကြိုးနဲ့ညှစ်ပြီး သတ်လိုက်တယ်၊ သေသွား တဲ့သူခိုးရဲ့ ကိုယ်ကိုလည်း အလေး ချိန်ကြည့်ပြန်တယ်၊ သူခိုးဟာ အသက်ရှင် စဉ်တုန်းက ပိုလည်းပေါ့တယ်၊ ပိုလည်း ပျော့ပြောင်းတယ်၊ ပိုလည်း အပြုအပြင်ခံတယ်၊ သူခိုးဟာ သေပြီးတဲ့အခါကျတော့ ပိုလည်း လေးတယ်၊ ပိုလည်း ခက်မာတယ်၊ ပိုလည်းအပြုအပြင်မခံတော့ဘူး၊ ဒီ အချက်ကြောင့် ဥစ္ဆေဒဒိဋ္ဌိ အယူကို ယူတာပါတဲ့"

(မှတ်ချက်)။ ။ အသက်ဟူသော နာမ်တရားရှိလျှင် (သေသွားလျှင်) အသက် ထွက်သွားလျှင် ခန္ဓာကိုယ်သည် ပေါ့သွားရမည်။ ယခုကား မပေါ့သည့်အပြင် ပို၍ပင်လေးလံလာ၏။ ထိုအချက်ကြောင့် အသက်နာမ် တရားသည် မရှိ၊ နာမ်တရားမရှိသောကြောင့် ဘဝတစ်ပါး ပြောင်းဖြစ်ခြင်း မရှိ ဟု ယူဆခြင်းဖြစ်၏။

## သေသူနှင့် ရှင်သူမှာ သံတွေခဲ ဥပမာ

"ဒီအချက်ကိုတော့ မထေရ်မြတ်က သံတွေခဲ ဥပမာနဲ့ဖြေတယ်၊ မီးဖုတ်ထားပြီး ရဲရဲနီနေတဲ့ သံတွေခဲရယ်၊ အေးပြီး အခိုးငြိမ်းပြီးတဲ့ သံတွေ ခဲရယ် ဒီနှစ်မျိုးကို ချိန်စက်ကြည့်ရင် ဘယ်သံတွေခဲက ပိုပေါ့မလဲ၊ ဘယ် သံတွေခဲက ပိုပျော့ပျောင်းမလဲ၊ ဘယ်သံတွေခဲက ပိုပြီး အပြုပြင် ခံမလဲ လို့မေးလိုက်တဲ့အခါ မြို့စားက အပူဓာတ်၊ လေဓာတ်နဲ့ ပေါင်းဆုံမိပြီး ရဲရဲနီနေတဲ့ သံတွေခဲကသာ ပိုပေါ့ပါမယ်၊ ပိုပျော့ပျောင်းပါမယ်၊ ပိုပြီး အပြု ပြင်ခံပါမယ်၊ အပူဓာတ်၊ လေဓာတ်ကင်းပြီး အေးနေတဲ့ သံတွေခဲက ပို၍ လေးပါတယ်၊ ပို၍ခက်မာပါတယ်၊ အပြုပြင်လည်း မခံပါလို့ဖြေတယ်၊ ဒီတော့ မှ မထေရ်က မြို့စား၊ ထို့အတူပင် ဤကိုယ်သည် အသက်၊ ကိုယ်ငွေ့၊ ဝိညာဏ်တို့ဖြင့် ပေါင်းဆုံချိန်မှာ ပိုမို၍လည်း ပျော့တယ်၊ ပိုမို၍လည်း ပေါ့ တယ်၊ ပိုမို၍လည်း အပြုပြင်ခံတယ်၊ ထိုသုံးမျိုး ကင်းကွာသွားတဲ့ အခါ ပိုလည်းလေးတယ်၊ ပို၍လည်း ခက်မာတယ်၊ အပြုပြင်လည်းမခံ၊ ဤ အကြောင်းကြောင့် ဥစ္ဆေဒဝါဒကိုစွန့်ပါလို့ ပြောတယ်၊"

"ဒါလည်းမစွန့်ဘူး၊ ဒီအယူဖြစ်ပေါ်ခြင်းရဲ့ အခြားအကြောင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ် ဆို ပြီး အခုလို ဆက်ပြောပြန်တယ်၊ သူဟာ သေဒဏ်ကျထားတဲ့ ခိုးသူ တစ်ယောက်ကို အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတွေကို မပျက်စီးစေဘဲ (အဆိပ်ကျွေးခြင်းဖြစ်နိုင်) သေအောင် ညှဉ်းဆဲခိုင်းတယ်၊ သေခါနီးကျတော့ ခိုးသူကို ပက်လက်ထားပြီး စောင့်ကြည့်ကြတယ်၊ ခိုးသူ အသက်ထွက်တာကို မမြင်ကြရဘူးတဲ့၊ ဒါကြောင့် မှောက်ခုံထားပြန်တယ်၊ ဒါလည်း မမြင်ရဘူး၊ ဟိုဘက်ဒီဘက် စောင်းထားတယ်၊ မတ်တပ်ထောင်ထားတယ်၊ ဇောက်ထိုး ထားတယ်၊ လက်နဲ့ပုတ်တယ်၊ ခဲနဲ့ထုတယ်၊ ဓားနဲ့ခုတ်တယ်၊ ဟိုဘက်ဒီဘက်မှ ပုတ်ခြင်း၊ ထုခြင်းကိုပြုတယ်၊ ဒါပေမယ့် အသက် ထွက်သွားတာကို မမြင်ရဘူး၊ ဒီအကြောင်းကြောင့် သေလျှင် ပြတ်တာပဲ၊ ဟိုဘဝ၊ ဒီဘဝဆိုတာ မရှိ ဆိုတဲ့ ဉစ္ဆေဒအယူကို ယူခြင်းဖြစ်ပါသတဲ့"။

## အသက်ကိုရှာ ခရုသင်းမှုတ်သံဥပမာ

"အရင်တစ်ခါလည်း ဒီအသက်ကို မမြင်ရပုံအကြောင်း မေးပြီးပြီ မဟုတ်လား ဆရာတော်"

"အေး–ဟုတ်တယ်၊ အခုဟာက ဒုတိယအကြိမ်ပေါ့၊ ပထမအကြိမ်တုန်းက မထေရ်က အိပ်မက်ဥပမာနဲ့ ဖြေခဲ့တယ်၊ အခုတစ်ခါတော့ ခရုသင်းမှုတ်သံဥပမာနဲ့ ဖြေပေးပြန်တယ်၊ မြို့ပေါ်က ခရုသင်းမှုတ်သမား တစ်ယောက်ဟာ တောရွာ တစ်ရွာရဲ့ လယ်မှာရပ်ပြီး ခရုသင်းကို သုံးကြိမ် မှုတ်လိုက်တယ်၊ ပြီးတာနဲ့ ခရုသင်းကို မြေပြင်မှာချထားပြီး သင့်တော်တဲ့ တစ်နေရာမှာ ထိုင်နေတယ်"

"အလွန်သာယာတဲ့ ခရုသင်းမှုတ်သံကိုကြားရတဲ့အခါ ရွာသားတွေဟာ အပြေးထွက်လာပြီး ခရုသင်းမှုတ်သမားကို မေးကြတယ်၊ အလွန်သာယာတဲ့ စောစောကအသံဟာ ဘယ်အရာ၏ အသံနည်းတဲ့၊ ဒီအခါ ခရုသင်း မှုတ်သမားက ခရုသင်းရဲ့အသံလို့ ဖြေလိုက်တဲ့အခါ ရွာသားတွေ ဟာ ခရုသင်းကို ပက်လက်ထားပြီး ခရုသင်းမြည်လော၊ ခရုသင်း မြည်လေလို့ ဝိုင်းအော်ကြတယ်၊ ခရုသင်းက ဘာမှမြည်မလာဘူး၊ ပက်လက်ထားလို့

www.burmeseclassic.com



အသံမထွက်တော့ မှောက်ခုံထားပြီး အသံထွက်အောင် ဝိုင်းအော်ကြပြန်တယ်၊ အချည်းနှီးပဲ၊ တစ်ခါ ဟိုဘက် ဒီဘက် စောင်းထား၊ မတ်ရပ်ထောင်ထား၊ ဇောက်ထိုးထား၊ လက်ဖြင့်ပုတ်၊ ခဲနဲ့ထု၊ တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်၊ ဟိုဘက်ဒီဘက်က ပုတ်၊ ထုပြီး ခရုသင်း အသံမြည်ပါလို့ ဝိုင်းအော်ကြပေမယ့် ခရုသင်းက မြည်မလာဘူး၊ ဒီအခါ ခရုသင်းမှုတ် သမားက ဒီရွာသားတွေဟာ တော်တော်မသိ မလိမ္မာကြတာပဲ၊ ခရုသင်းအသံ ကို အဆင်ခြင် ကင်းမဲ့စွာ ရှာနေကြတယ် လို့တွေးတောပြီး အများရှေ့မှာ ခရုသင်းကို သုံးကြိမ်မှုတ်ပြပြီး ထွက်သွားတယ်"

"ဒီတော့မှ ရွာသွားတွေဟာ ဪ – ခရုသင်းသံဆိုတာ မှုတ်တဲ့သူ၊ မှုတ်တဲ့ လုံ့လ၊ မှုတ်တဲ့လေ သုံးမျိုးပေါင်းမိမှ ပေါ်နိုင်တာပါလား၊ ဒီသုံးမျိုးနဲ့ကင်းကွာပြီး ခရုသင်းသံဆိုတာ မဖြစ်နိုင်ပါလားလို့ အမှန်ကို သိသွားတယ်၊ မြို့စား၊ ထို့အတူ ဒီကိုယ်ဟာ အသက်၊ ကိုယ်ငွေ့၊ ဝိညာဏ်တို့နဲ့ ပေါင်းဆုံမိတဲ့အခါ ရှေ့သို့လည်းတက်တယ်၊ နောက်သို့လည်းဆုတ်တယ်၊ ရပ်လည်း ရပ်တယ်၊ ထိုင်လည်းထိုင်တယ်၊ အိပ်လည်း အိပ်တယ်၊ မျက်စိနဲ့လည်း အဆင်းကိုမြင်တယ်၊ နားနဲ့လည်း အသံကိုကြားတယ်၊ နှာခေါင်းနဲ့လည်း အနံ့ကိုနမ်းတယ်၊ လျှာဖြင့်လည်း အရသာကို လျက်တယ်၊ ကိုယ်ဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကိုတွေ့တယ်၊ စိတ်ဖြင့်လည်း ဓမ္မာရုံကိုသိတယ်၊ ဒီကိုယ်ဟာ အသက်၊ ကိုယ်ငွေ့၊ ဝိညာဏ်တို့နဲ့ကင်းကွာသွားတဲ့အခါ ရှေ့သို့မတက်သည်သာတည်း၊ (ပ)စိတ်ဖြင့်လည်း ဓမ္မာရုံကို မသိသည် သာတည်း၊ မြို့စား၊ ဤအကြောင်းကြောင့် သင်၏ ဥစ္ဆေဒဝါဒကို စွန့်ပါလော၊ ဒီလိုရှင်းပြလည်း မြို့စားဟာ သူ့အယူကိုမစွန့်ဘူး၊ ဒီအယူဖြစ်ပေါ်ခြင်းရဲ့ အခြားအကြောင်းရှိသေးလား ဆိုတော့ ရှိသေးတယ် ဆိုပြီး အသက်ကိုမမြင်ရပုံ နောက်တစ်မျိုးကို ထပ်ပြော ပြန်တယ်"။

"သူဟာ သေဒဏ်ကျတဲ့ ခိုးသားတစ်ယောက်ရဲ့ အသက်ကိုမြင်ရမလားဆိုပြီး အရေပါးကိုခွာကြည့်တယ်၊ မမြင်ရတော့ အရေထူကို ခွာကြည့်တယ်၊ ဒါလည်း အသက်ကိုမမြင်ရတော့ အသားတွေကိုလှီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်၊ ဒါလည်း အသက်ကို မမြင်ရတော့ အရိုးတွေကိုပိုင်းကြည့်တယ်၊ ဒါလည်း အသက်ကိုမမြင်ရတော့ ရိုးတွင်းခြင်ဆီတွေကို ထုတ်ကြည့်တယ်၊ ဒါလည်း အသက်ကိုမမြင်ရဘူး၊ ဒီအကြောင်းကြောင့်လည်း အသက်ဆိုတာ မရှိတဲ့အတွက်ကြောင့် သေပြီးလျှင် ပြတ်တာပဲ၊ ဘဝသံသရာဆိုတာမရှိ ဆိုတဲ့ ဥစ္ဆေဒအယူကိုယူတာပါတဲ့"

"မထေရ်မြတ်ကြီးတော့ ဒီလူ့ဂွစာကြီးကို ကျေနပ်အောင် ဥပမာအမျိုးမျိုးနဲ့ ဖြေပေးနေရတာ တော်တော်ပင်ပန်းမှာပဲဘုရား"

"ရဟန္တာဖြစ်ပြီးတဲ့နောက် ဆက်လက်အသက်ရှင်နေတာဟာ အများအတွက်ပဲလေ၊ ဒါ့ကြောင့် ပင်ပန်းတယ်လို့လည်း မထေရ်မြတ်က သဘောထားမှာ မဟုတ်ပါဘူး"။

## အသက်ကိုရှာ မီးကိုလုပ်ကျွေးသောဥပမာ

"ဒါ့ကြောင့် ဥပမာတစ်မျိုးနဲ့ ထပ်ပြီးဖြေပြန်တယ်၊ ရှေးအခါက မီးကိုလုပ်ကျွေးတဲ့ ရသေ့တစ်ယောက်ဟာ တောကြီးအတွင်းမှာ တစ်ယောက်တည်းနေတယ်၊ တစ်ခါတော့ လှည်းအုပ်ကြီးတစ်အုပ်ဟာ ရသေ့ရဲ့ ကျောင်းသခ်မ်းအနီးမှာ တစ်ည တည်းခိုပြီး နောက်နေ့မှာ ထွက်သွားကြတယ်၊ ရသေ့ဟာ လှည်းကုန်သည်တွေ အသုံးမလိုလို့ ထားခဲ့မယ့် ပစ္စည်းတစ်စုံတစ်ခု ရလိုရငြားဆိုတဲ့အတွေးနဲ့ လှည်းကုန်သည်တွေ တည်းခိုတဲ့နေရာကို ထွက်လာခဲ့တယ်"

"ဟိုရောက်တော့ တခြားဘာပစ္စည်းကိုမှမတွေ့ရဘဲ စွန့်ပစ်ထားခဲ့တဲ့ ကလေးတစ်ယောက်ကိုသာတွေ့ရလို့ သနားပြီး စောင့်ရှောက်မွေးမြူ ထားတယ်၊ ကလေးငယ် ၁၂-နှစ်အရွယ်ခန့်ရှိတဲ့အခါမှာ ရသေ့ဟာ ဇနပုဒ်တစ်ခုကို သွားဖို့ကိစ္စ ပေါ်လာတယ်၊ ဒါ့ကြောင့် သားငယ်ကိုမှာတယ်၊ မီးကိုငြိမ်းမသွားအောင် ပြုစုလုပ်ကျွေးဖို့၊ အကယ်၍ မီးငြိမ်းသွားခဲ့လျှင် ချက်ချင်းပြန်ပြီးမွေးနိုင်အောင် ဓားရယ်၊ ထင်းရယ်၊ မီးပွတ်အစုံရယ်ကို ပေးခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မီးကိုလုပ်ကျွေးတယ်ဆိုတာရယ်၊ မီးပွတ်အစုံဆိုတာရယ်က ဘာကို ပြောနေတာလဲဘုရား"

"ဗြာဟ္မဏဘာသာဝင် ပုဏ္ဏားတွေရဲ့အယူအဆအရ မီးမှာ မီးနတ်ရှိတယ်၊ ဒါ့ကြောင့် မီးကိုမပြတ်အောင် ထင်းထည့်ပေးရတယ်၊ ရံဖန် ရံခါ ထောပတ်တောင် လောင်းထည့်ပေးရတယ်၊ မီးနတ်ကို အမြဲမပြတ် ပူဇော်တဲ့ သဘောပေါ့၊ မီးပွတ်အစုံ ဆိုတာကတော့ အခုခေတ်လိုဆိုရင် မီးခြစ်ပါပဲ၊ ဟိုတုန်းက မီးခြစ်မရှိသေးတော့ ကျောက်တုံးချင်း သော် လည်းကောင်း၊ သစ်သားချင်း သော်လည်းကောင်း ကြာကြာ ပွတ်တဲ့အခါ ပူပြီး မီးထွက်လာတယ်၊ အဲဒီမီးကို ဂွမ်းပေါက်ကတစ်ဆင့် ကူးပြီး ထင်းစိတ်သေးသေးလေးတွေမှာ မီးစွဲအောင် လုပ်ရတယ်၊ အဲဒီကမှ ချက်လောက် ပြုတ်လောက်တဲ့ မီးကို ရတာပေါ့"

"ရသေ့ထွက်သွားပြီးတဲ့နောက် သားငယ်ဟာ မြူးတူးကစားတာကြာသွားတော့ မီးဟာ ငြိမ်းသွားတယ်၊ ဒီအခါ သားငယ်ဟာ မီးကိုရအောင်လုပ်မယ်ဆိုပြီး မီးပွတ်အစုံကို ဓားနဲ့ ပါးပါးလေး ရှပ်ခုတ်တယ်၊ မီးက ထွက်မလာဘူး၊ ဒါနဲ့ နှစ်ခြမ်းခွဲပစ်တယ်၊ မီးကထွက်မလာဘူး၊ ဒါနဲ့ သုံးစိတ်၊ လေးစိတ်၊ ငါးစိတ်၊ ဆယ်စိတ်၊ အစိတ်တစ်ရာထိခွဲတယ်၊ မရတဲ့အခါ အစိတ်စိတ်လေးတွေလုပ်ပြီး ဆုံထဲထည့် ထောင်းတယ်၊ ရလာတဲ့အမှုန့်တွေကို လေမှာကြဲလွှင့်တယ်၊ ဒါလည်း မီးက ထွက်မလာဘူး"

"ရသေ့ကြီးပြန်လာတဲ့အခါ မီးရှာပုံအကြောင်းစုံကိုသိရတာနဲ့ မီးကိုမွေးယူ ပြုပြီး သင်သည် အဆင်အခြင်ကင်းမဲ့စွာ မီးကိုရှာသူသာတည်း၊ ပညာရှိ၊ လိမ္မာသူ ကား မီးကို ဤသို့မရှာဆိုပြီး အပြစ်တင်တယ်၊ မြို့စား၊ ထို့အတူ သင်သည်လည်း အဆင်အခြင်ကင်းမဲ့စွာ တစ်ပါးသော လောကကိုရှာသောသူတည်း၊ ဤမိစ္ဆာအယူကို လျင်မြန်စွာစွန့်လော့၊ ဤမိစ္ဆာအယူသည် သင့်အား သံသရာတစ်လျှောက်လုံး အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ မဖြစ်ပါစေလင့်လို့ မေတ္တာရပ်ခံတဲ့စကားကို ပြောတယ်"

"မထေရ်မြတ်က ဒီလောက်ထိရှင်းပြပြီးတဲ့အချိန်မှာတော့ မြို့စားရဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှားမြင်နေတဲ့ ဒိဋ္ဌိကိလေသာ တော်တော်ကြီးကွာသွားပြီ၊ သူယူဆထားတာတွေဟာ အမှားဆိုတာကိုလည်း ထိုက်သလောက်သိသွားပြီ၊ ဒါပေမယ့် မာနကိလေသာက အားကောင်းနေသေးတယ်၊ ဥစ္ဆေဒဝါဒရှင် ပါယာသိမြို့စားကြီး အရှင်ကုမာရကဿပထံမှာ လက်နက်ချသွားပြီ ဆိုတဲ့ အဖြစ်ကို သူအရောက်မခံနိုင်ဘူး"

"သူပြောတဲ့စကားကို ကြည့်၊ တပည့်တော် ဥစ္ဆေဒဝါဒအယူရှိတယ်ဆိုတာကို ကောသလမင်းကြီးနဲ့တကွ တိုင်းတစ်ပါးကမင်းတွေအားလုံး သိနေကြပါတယ်၊ ဒါ့ကြောင့်လည်း ဥစ္ဆေဒအယူကို မစွန့်နိုင်သေးပါ၊ အရှင်ကဿပထံ ဥစ္ဆေဒအယူကို စွန့်လိုက်မယ်ဆိုရင် ကြားကြသော သူများက ဒီပါယာသိမြို့စားဟာ ဒီလောက်တောင် မိုက်တာကိုး၊ ဒီလောက် တောင်မလိမ္မာတာကိုး၊ ဒီလောက်ယုတ်မာတဲ့အယူကို ယူခဲ့တာ ကိုးဆိုပြီး ပြောဆိုကြပါလိမ့်မယ်၊ ထိုအပြောကိုမခံချင်သော ကြောင့်လည်း ဥစ္ဆေဒအယူကို ဆက်ယူရပါဦးမယ်၊ အရှင်ဘုရား၏စကားကို ချေပသော အားဖြင့်လည်းကောင်း၊ အရှင်ဘုရားကို တုပြိုင်သောအားဖြင့်လည်းကောင်း ဥစ္ဆေဒအယူကို ဆက်ပြီးယူရပါဦးမယ်တဲ့"

"ဩော် – ဖြစ်မှဖြစ်ရလေ၊ ကိုယ့်အယူဝါဒ မှားမှန်းသိတာတောင် သူများ ပြောမှာကြောက်တာနဲ့ မစွန့်ဘူးဆိုတော့ ဒီမြို့စားဟာ တော်တော်ဆိုးတာပဲဘုရား၊ တပည့်တော်တော့ စိတ်ပျက်သွားပြီ၊ မထေရ်မြတ်ကရော ဆက်ဆုံးမသေးလား ဘုရား"

"မထေရ်မြတ်ကတော့ ပါယာသိမြို့စားကြီး အယူမှန်ဖြစ်တဲ့အထိ စိတ်ရှည်ရှည်နဲ့ဆုံးမသွားမှာပဲ၊ ဒီတစ်ခါ မထေရ်မြတ်က ရှေ့ပါရမီအခန်း မှာပြခဲ့တဲ့ လှည်းမှူးကြီးနှစ်ယောက်အကြောင်းကိုပြောပြပြီး ဆုံးမတယ်၊ ဒေဝဒတ်အလောင်း လှည်းမှူးခေါင်းဆောင်တဲ့ ငါးရာသောလှည်းကုန် သည်တွေဟာ ကန္တာရခရီးကို ရောက်တဲ့အခါ မျက်နှာချင်းဆိုင်ကလာတဲ့ လှည်းတစ်စီးကိုတွေ့ရတယ်၊ လှည်းမောင်းသူရဲ့ကိုယ်ဟာ ရေတွေနဲ့ရွှဲစိုနေ တယ်၊ ကြာပန်းကိုလည်း ပန်ထားလိုက် သေးတယ်၊ သူ့ရဲ့လှည်းဘီးမှာလည်း ရွှံ့ညွန်တွေပေ

www.burmeseclassic.com



ကျုံနေတယ်၊ မေးမြန်းကြည့်တဲ့အခါ ရှေ့ခရီးမှာ မိုးတွေရွာ ထားလို့မြက်တွေ၊ ထင်းတွေ၊ ရေတွေပေါနေတယ်၊ ဒါ့ကြောင့် ပါလာတဲ့ မြက်၊ ထင်း၊ ရေတွေကို စွန့်ပစ်ပြီး ဝန်ပေါ့ပေါ့နဲ့ ခရီးသွား ကြပါလို့ အကြံပေးသတဲ့"

"ဒေဝဒတ်အလောင်းလှည်းမှူးဟာ လူယောင်ဆောင်ထားတဲ့ ဘီလူးရဲ့ စကားကို ယုံစားပြီး မြက်၊ ထင်း၊ ရေတွေကို စွန့်ပစ်စေတယ်၊ ရှေ့စခန်း ၇-ခု လောက်အထိ မြက်၊ ထင်း၊ ရေတို့ မရတဲ့အတွက် လှည်းကုန်သည်တွေ အစာနဲ့ ရေပြတ်ပြီး ချည့်နဲ့နေတဲ့အချိန်မှာ ဘီလူးတွေ ဝင်ရောက်လာပြီး သတ်ဖြတ်စား သောက်တာကို ခံလိုက်ကြရတယ်၊ ဘုရားအလောင်းလှည်းမှူး အလှည့်ကျတော့ ဘီလူးရဲ့စကားကို ပညာနဲ့ ဆင်ခြင်ပြီး မလိုက်နာထိုက် ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ မြက်၊ ထင်း၊ ရေတွေကို သယ်မြဲတိုင်း သယ် သွားကြတယ်၊ စခန်း ၇-ခုလုံးမှာ ညအိပ်ကြတဲ့အခါတိုင်း ခေါင်းဆောင် လှည်းမှူး ကြီးကိုယ်တိုင် မအိပ်ဘဲ ဓားကိုကိုင်ပြီး အဖော်ငယ်သားတွေကို စောင့်ရှောက် တယ်၊ မိုးလည်းရွာမထားဘူး၊ မြက်၊ ထင်း၊ ရေလည်းမရှိဘူး၊ စခန်းတစ်ခု ရောက်တဲ့အခါ ဘီလူးစားခံထားရတဲ့ ရှေ့ကသွားနှင့်တဲ့ လှည်း ကုန်သည် ငါးရာရဲ့ အရိုးတွေနဲ့ နွားတွေရဲ့အရိုးတွေကိုပဲ တွေ့ရတယ်"

"ဒီအခါ သေသွားတဲ့ လှည်းကုန်သည် ငါးရာဆီက အဖိုးတန်တဲ့ ကုန်တွေနဲ့ သူတို့ဆီက အဖိုးမတန်တဲ့ကုန်တွေ လဲလှယ်တင်ပြီး ရောင်းဝယ် ကြတဲ့အတွက်ကြောင့် ကြီးပွားချမ်းသာခြင်းသို့ ရောက်သွားကြတယ်၊ မြို့စား၊ ထို့အတူ သင်သည် အဆင်အခြင်ကင်းမဲ့စွာ တစ်ပါးသော လောကကို ရှာဖွေပြီး မာနကြီးစွာဖြင့် ဥစ္ဆေဒဝါဒကို ကိုင်စွဲထားသည်ရှိသော် ပထမ လှည်းမှူးကြီးနှင့် အပေါင်းအပါများကဲ့သို့ သင်သည်လည်းကောင်း၊ သင့် အယူဝါဒကိုလက်ခံသော နောက်လိုက် များသည်လည်းကောင်း ပျက်စီးခြင်း သို့ရောက်ကြလိမ့်မည်၊ အဲသလိုဆုံးမပေမယ့် ပါယာသိမြို့စားဟာ မကောင်း မှုန်းသိရက်နဲ့ သူ့အယူဝါဒကို မစွန့်လွှတ်နိုင်ဘူး ဖြစ်နေတယ်၊ ဒါ့ကြောင့် မထေရ်က နောက်ထပ်ဥပမာတစ်ခုနဲ့ ထပ်ပြောပြန်တယ်"။

www.burmeseclassic.com

www.burmeseclassic.com



## ပိုက်ဆံလျှော်ထုတ်ယူသူဥပမာ

"မြို့စား၊ ရှေး၌ဖြစ်ဘူးသည်ကား ကျေးရွာတစ်ရွာဟာ လုပ်စားကိုင်စား မကောင်းသောကြောင့် တစ်ခြားရွာတစ်ရွာကို ပြောင်းသွားတယ်၊ လူနှစ်ယောက် တို့ဟာ ကျန်ခဲ့တဲ့ ကောင်းနိုးရာရာပစ္စည်းတွေကို ကောက်ယူရအောင် အဲဒီရွာပျက်ထဲ ရောက်လာကြတယ်၊ ရွာပျက်ထဲမှာ ပိုက်ဆံ လျှော်တွေ ကိုတွေ့ရတော့နှစ်ယောက်သား ထုပ်ပိုးသယ်လာရင်း ဆက်လာ ကြရာ အခြား ရွာရောက်တဲ့အခါ စွန့်ပစ်ထားတဲ့ ပိုက်ဆံလျှော်ချည်တွေကို တွေ့ကြတယ်"

"ချည်လုပ်ပြီးသားဆိုတော့ လျှော်ထက်ပိုကောင်းတာပေါ့၊ ဒါ့ကြောင့် ပထမလူက ဒုတိယလူကိုပြောတယ်၊ ညံ့တဲ့ပိုက်ဆံလျှော်တွေကို ထားခဲ့ပြီး ကောင်းတဲ့ ပိုက်ဆံလျှော်ချည်တွေကို ပြောင်းယူကြရအောင်ဆိုတော့ ဒုတိယလူက ပြောင်းမယူချင်ဘူးတဲ့၊ ဘာ့ကြောင့်လဲဆိုတော့ ပိုက်ဆံလျှော်တွေကို သူဟာ အဝေးကြီးကနေ သယ်လာရတာကြောင့်ပါတဲ့၊ ဒါနဲ့ ပထမလူ ကတော့ မကောင်းတဲ့လျှော်တွေ ချထားခဲ့ပြီး ကောင်းတဲ့ချည်တွေ ထုပ်ပိုး သယ်လာခဲ့တယ်"

"နောက်တစ်ရွာကိုရောက်တဲ့အခါ ပိုက်ဆံလျှော်ချည်ထက် ပို တန်ဖိုးရှိတဲ့ ပိုက်ဆံလျှော်ထည်တွေကိုတွေ့ရတဲ့အခါ မိမိတို့မှာပါလာတဲ့ ပိုက်ဆံလျှော်တွေ၊ ပိုက်ဆံလျှော်ချည်တွေကို ချထားခဲ့ပြီး ပိုက်ဆံလျှော် ထည်တွေကို ပြောင်းသယ်ဖို့ ပထမလူက ပြောပြပြန်တယ်၊ ဒုတိယလူကတော့ မကောင်းမှန်းသိရက်နဲ့ အကြာကြီး သယ်ခဲ့ရလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ သယ်လာမြဲ ပိုက်ဆံလျှော်တွေကို မစွန့်ပစ်နိုင်ကြောင်း ငြင်းဆန်ပြန်တယ်"

"ပထမလူကတော့ ညံ့တဲ့ ပိုက်ဆံလျှော်ချည်တွေကိုထားခဲ့ပြီး ပိုကောင်းတဲ့ ပိုက်ဆံလျှော်ထည်တွေကို ထုပ်ပိုးသယ်ယူခဲ့တယ်"

"နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ခုံလျှော်တွေကို တွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ခုံလျှော်ချည်တွေကို တွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ခုံလျှော်ချည် ထည်တွေကို

www.burmeseclassic.com



တွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ဝါတွေကို တွေ့ကြရတယ်၊ နောက် တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ဝါချည်တွေကို တွေ့ကြရတယ်၊ နောက်တစ်ရွာ ရောက်တဲ့အခါ ပိုကောင်းတဲ့ ဝါချည်ထည်တွေကို တွေ့ရတယ်၊ နောက်တစ်ရွာ ရောက်တဲ့အခါ ပိုကောင်း တဲ့သံတွေကို တွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ကြေးတွေကိုတွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ခဲပုပ်တွေကိုတွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ဘင်တွေကို တွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ငွေတွေကိုတွေ့ရတယ်၊ နောက်တစ်ရွာရောက်တဲ့အခါ ပိုကောင်းတဲ့ ရွှေတွေကို တွေ့ရတယ်"

ပထမလူကတော့ တွေ့တိုင်းတွေ့တိုင်း ညှိတာတွေထားပြီး ကောင်းတာတွေ ယူလာလိုက်တာ အိမ်ရောက်တော့ တန်ဖိုးအရှိဆုံးရွှေတွေကို ပိုင်ဆိုင်သွားလို့ ချမ်းသာကြွယ်ဝသွားတာပေါ့၊ မကောင်းမှန်းသိရက်နဲ့ မစွန့်လွှတ်နိုင်ပဲ ပိုက်ဆံလျှော်တွေကိုသာ ယူလာတဲ့ ဒုတိယလူကတော့ ဆင်းရဲမြဲဆင်းရဲနေတာပေါ့၊ မြို့စား၊ သင်သည်လည်း ရွှေနှင့်တူသည့် ကောင်းမြတ်သော ဗုဒ္ဓ၏ အယူဝါဒမှန်ကို တွေ့မြင်နေရပါလျက် ပိုက်ဆံ လျှော်နှင့်တူသော ဥစ္ဆေဒဝါဒ အယူဆိုးကြီးကို မစွန့်လွှတ် နိုင်လျှင် သံသရာတွင် ကြီးစွာဆင်းရဲဒုက္ခရောက်မည်ဖြစ်၏ –လို့ ပြောတဲ့အခါကျ မှ မြို့စားဟာ သူ့ရဲ့ အယူဝါဒဆိုးကြီးကိုစွန့်လွှတ်ပြီး သရဏဂုံသုံးပါး ဆောက်တည်ကာ ဗုဒ္ဓဘာသာအဖြစ်ကို ခံယူလိုက်တယ်"

"အမလေး – မထေရ်မြတ်တော့မသိဘူး၊ တပည့်တော်ဖြင့် ဘေးကနေ နားထောင်ရတာတောင် ရင်မောလိုက်တာဘုရား၊ ဒါနဲ့ အခုခေတ်မှာလည်း နောက်ဘဝဆိုတာမရှိဆိုတဲ့ ဥစ္ဆေဒဝါဒဟာ ခေတ်စားတုန်း ရှိသေးတယ် ဘုရား၊ ဒီအချက်နဲ့ပတ်သက်ပြီး ဗုဒ္ဓကိုယ်တိုင် ဆစ်ပိုင်းပြီး ဟောကြားထားတဲ့ အတွေး အမြင်ရှိပါသေးသလားဘုရား"

"ရှိတာပေါ့၊ ဒီဟောကြားချက်ဟာလည်း ဘယ်ဘာသာရဲ့ အယူဝါဒဘက်မှ မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ဟောထားခဲ့တာမို့ ဘယ်ဘာသာဝင်မဆို

www.burmeseclassic.com

www.burmeseclassic.com



အတွေး အခေါ် ဉာဏ်ရှိသူတိုင်း လက်ခံနိုင်တဲ့ ဟောကြားချက်တစ်ခုပဲ"

"ဒါဆိုရင် အမိန့်ရှိပါဦးဘုရား၊ တပည့်တော်တို့ မှတ်သားရအောင်"

"ဒီအကြောင်းကို ဗုဒ္ဓက မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဂဟပတိဝဂ်၊ အပဏ္ဏကသုတ်မှာ ဟောထားတယ်၊ ကမ္ဘာပေါ်မှာ အယူဝါဒတွေ ဘယ်လောက်များများ အဆုံးကိုလိုက်ကြည့်လိုက်ရင် အခုပြောမယ့် အယူဝါဒနှစ်ခုအနက် တစ်ခုခုထဲမှာ ပါသွားတာပဲ၊ ပထမအယူဝါဒက နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိတို့ပဲ၊ ဒုတိယအယူဝါဒက အတ္ထိကဒိဋ္ဌိ၊ ကိရိယဒိဋ္ဌိ၊ သဟေတုကဒိဋ္ဌိတို့ပဲ"

"နတ္ထိကဒိဋ္ဌိဆိုတာ ပေးကမ်းလှူဒါန်းခြင်းရဲ့ အကျိုးဆိုတာ မရှိဘူး၊ မိဘ ကျေးဇူးဆိုတာ မရှိဘူး၊ ကောင်းမှု မကောင်းမှုရဲ့ အကျိုး ပေးဆိုတာမရှိဘူး၊ ပစ္စုပ္ပန် လောက၊ တမလွန်လောကဆိုတာ မရှိဘူး၊ သေပြီးနောက်ထပ် ဖြစ်ရတဲ့ သတ္တဝါဆိုတာ မရှိဘူး၊ (ဉစ္ဆေဒဒိဋ္ဌိသဘော) ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော လောကကို အသိထူး (အဘိညာဉ်)ဖြင့် ကိုယ်တိုင်သိမြင် မျက်မှောက်ပြုကာ ဟောကြားနိုင်ပြီး ကိုယ်ကျင့်တရား ကောင်းမြတ်တဲ့ သမဏ၊ ဗြဟ္မဏဆိုတာ မရှိဘူးလို့ ယူဆပြောဟောခြင်းပဲ"

"အတ္ထိကဒိဋ္ဌိဆိုတာ အပြန်အားဖြင့် ပေးကမ်းလှူဒါန်းခြင်းရဲ့ အကျိုးဆိုတာ ရှိတယ်၊ မိဘကျေးဇူးဆိုတာရှိတယ် စသည်ဖြင့် ယူဆပြောဟောခြင်းပဲ"

"အကိရိယဒိဋ္ဌိဆိုတာ ပြုလုပ်သူ၊ ပြုလုပ်ခိုင်းသူ၊ နှိပ်စက်သူ၊ နှိပ်စက်ခိုင်းသူ၊ သတ်ဖြတ်ခိုးဝှက် လုယက်တိုက်ခိုက်သူ၊ သူ့သားမယား အိမ်ယာလွန်ကျူးလိမ်လည် သူတို့ဟာ မကောင်းမှုကို ပြုကြသော်လည်း ပြုရာမရောက်ဘူး (အကုသိုလ်ကံ မဖြစ်ဘူး)၊ ကမ္ဘာလောကမှာရှိတဲ့ သတ္တဝါအားလုံးကို အသားစု၊ အသားပုံ တစ်ခု တည်းဖြစ်သွားအောင် မျိုးဖြုတ်သတ်ဖြတ်ပစ်သော်လည်း မကောင်းမှု အကုသိုလ် မဖြစ်၊ ဂင်္ဂါမြစ်ရဲ့ တောင်ဘက်ကမ်းကိုသွားရုံနဲ့ အကုသိုလ်မဖြစ်သလို သူတစ်ပါး ကို သတ်ရုံ၊ သတ်ခိုင်းရုံနဲ့လည်း အကုသိုလ်မဖြစ်ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဂင်္ဂါမြစ်ရဲ့ မြောက်ဘက်ကမ်းကိုသွားခြင်းဆိုတဲ့ အကြောင်းကြောင့် ကုသိုလ် မဖြစ်သလို ပေးကမ်းလှူဒါန်းမှု၊ ဣန္ဒြေစောင့်စည်းမှု၊ သီလစောင့်ထိန်းမှု၊ ဟုတ်ရာ မှန်ရာပြောဆိုမှုဆိုတဲ့ အကြောင်းကြောင့် လည်း ကုသိုလ်ကောင်းမှုဆိုတာ မဖြစ်ဘူးလို့ ယူဆပြောဟောခြင်းပဲ၊ ကိရိယဒိဋ္ဌိ ဆိုတာကတော့ အကိရိယဒိဋ္ဌိရဲ့ ပြောင်းပြန်ပေါ့၊ သူ့အသက်သတ်ခြင်း စသောအကြောင်းကြောင့် အကုသိုလ်ဖြစ်သလို သူ့အသက်မသတ်ခြင်း၊ ပေးကမ်းလှူဒါန်းခြင်း စသည့်ကြောင့် ကုသိုလ်ဖြစ် တယ်လို့ ယူဆဟောပြောခြင်း ပေါ့"

"အဟေတုကဒိဋ္ဌိဆိုတာ သတ္တဝါတို့ ညစ်ညူးဖို့၊ စင်ကြယ်ဖို့အတွက် အကြောင်းမရှိ၊ အကြောင်းမဲ့သက်သက် ညစ်ညူးကြတယ်၊ စင်ကြယ်ကြတယ်၊ လူ့စွမ်းရည်၊ လူ့ခွန်အား၊ လူ့ကြိုးပမ်းမှုကြောင့် ဖြစ်လာတဲ့အရာဆိုတာမရှိ၊ ဖြစ်ရိုးဖြစ်စဉ်အတိုင်း အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ် လာပြီး ဆင်းရဲချမ်းသာမှုကို ခံစားနေကြရတာလို့ ယူဆဟောပြောခြင်းပဲ"

"သဟေတုကဒိဋ္ဌိဆိုတာကတော့ အဟေတုကဒိဋ္ဌိရဲ့ ပြောင်းပြန်ပေါ့၊ သတ္တဝါတို့ ညစ်ညူးဖို့၊ စင်ကြယ်ဖို့၊ ချမ်းသာဖို့၊ ဆင်းရဲဖို့အတွက် အကြောင်း (ကုသိုလ်၊ အကုသိုလ်) ရှိတယ်၊ သဘာဝအလျောက် သူ့အလိုလို ဖြစ်ပေါ် လာတာ မဟုတ်ဘူးလို့ ယူဆဟောပြောတာပေါ့"

"ဒီအယူဝါဒနှစ်မျိုးဟာ ဘယ်ဟာမှန်တယ်လို့ ဗုဒ္ဓက ဆုံးဖြတ်ပေးသလဲ ဘုရား"

"ကေသမုတ္တိသုတ်မှာလိုပဲ ဒီသုတ်မှာလည်း ဗုဒ္ဓက ဘယ်ဝါဒက မှန်တယ်၊ မှားတယ်လို့ ဘလိုင်းကြီးဆုံးဖြတ်မပေးဘူး၊ ပညာရှိများ ချီးမွမ်းမယ်၊ ပစ္စက္ခသံသရာ ကောင်းကျိုးရမယ်ဆိုတဲ့ အင်္ဂါနဲ့ညီတဲ့ဝါဒက မှန်တယ်၊ ဒီအင်္ဂါနှစ်ချက်နဲ့ မညီရင် မမှန်ဘူးဆိုတဲ့ ဆုံးဖြတ်နည်းကိုပဲ သဘာဝကျကျ ပေးထားတယ်၊ မိမိအတွက် အရှုံးမရှိသောဒဿနကို ပေးတာလို့ပဲ မှတ်ရမှာ ပေါ့"

"ကုသိုလ်၊ အကုသိုလ်ရဲ့ ကောင်းကျိုး၊ ဆိုးကျိုးဆိုတာမရှိ တဲ့ နတ္ထိကဝါဒ၊ အကိရိယဝါဒ၊ အဟေတုကဝါဒတို့ကို လက်ခံကျင့်သုံးမယ် ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးသူဟာ မကောင်းတာပဲလုပ်၊ မကောင်းတာပဲပြောပြီး မကောင်း တာပဲ ကြံစည်တော့မှာတဲ့၊ ဘာကြောင့်လဲဆိုတော့ ဥစ္ဆေဒအယူရှိတဲ့ အဲဒီ ပုဂ္ဂိုလ်ဟာ ကောင်းမှုရဲ့ဖြူစင် မြင့် မြတ်ပုံ၊ မကောင်းမှုရဲ့ ညစ်ညူးယုတ်ညံ့ ပုံကို မသိတဲ့အတွက်ကြောင့်ပဲတဲ့"

"တမလွန်လောကတို့၊ ပြုလုပ်မှုတို့၊ အကြောင်းတရား (ကုသိုလ်၊ အကုသိုလ်) တို့ဆိုတာ အမှန်တကယ်ရှိနေပါလျက် မရှိဘူးလို့ ကြံစည် ဟောပြောခြင်းဟာ အဲဒီတရားတွေကို မျက်မှောက်(အဘိညာဉ်ဖြင့်) သိမြင်တော်မူကြတဲ့ ရဟန္တာအရှင်မြတ်တွေကိုလည်း ဆန့်ကျင်ရာ ရောက် တယ်တဲ့၊ တမလွန်လောကတို့၊ ပြုလုပ် မှုတို့၊ အကြောင်းတရား စသည်တို့ သည် မရှိလို့ ဟောပြော၊ ဖြန့်ချိမယ်ဆိုရင် အဲဒီဟောပြောဖြန့်ချိမှုဟာ မသူ တော်တရားကို ဝါဒဖြန့်ချိရာရောက်တယ်၊ မိမိကိုယ် မိမိ မြှောက်ပင့်ရာ လည်းရောက်တယ်၊ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချရာလည်း ရောက်တယ်"

"ကုသိုလ်၊ အကုသိုလ်ရဲ့ကောင်းကျိုး၊ ဆိုးကျိုးဆိုတာမရှိ စတဲ့ နတ္ထိက ဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိအယူဝါဒဟာ အကောင်းကို ပယ်ရှားပြီး အဆိုးမှန်သမျှကို ဦးတည်ထားတဲ့ အတွက် အမြင်မှားမိစ္ဆာဒိဋ္ဌိ လည်းဆို သင့်တယ်၊ သို့မဟုတ် အမြင်မှား မိစ္ဆာဒိဋ္ဌိကတစ်ဆင့် ဆင်းသက် လာတဲ့ဝါဒလို့ ဆိုသင့်တယ်လို့ ဗုဒ္ဓက သုံးသပ်ပြတယ်"

"သဘာဝကျတဲ့ ဟောကြားချက်ပါဘုရား"

"နောက်ဟောကြားချက်က ပိုတောင်သဘာဝကျသေးတယ်၊ နောက် ဘဝဆိုတာမရှိ၊ ကုသိုလ်၊ အကုသိုလ်ရဲ့ကောင်းကျိုး၊ ဆိုးကျိုးဆိုတာ မရှိလို့ ယူဆထားတဲ့ သူဟာ ကိုယ်ကျိုးအတွက်ပဲကြည့်ပြီး မကောင်းမှုချည်း လုပ် တော့မှာဖြစ်တဲ့အတွက် ဒီဘဝမှာလည်း ကိုယ်ကျိုးရှာအတ္တသမား၊ အကျင့် စာရိတ္တပျက်စီးသူစသည်ဖြင့် ပညာရှိသူတော်ကောင်းတွေရဲ့ကဲ့ရဲ့ ရှုတ်ချခြင်း ကိုလည်း ခံရမယ်။ သူပြောသလို နောက်ဘဝအပါယ်ငရဲမရှိရင် တော်ပါသေး ရဲ့၊ ရှိခဲ့ရင် နောက်ဘဝမှာအပါယ်ငရဲ ကျပြီး လည်စင်းရဲရမယ်"

"ဒီတော့ နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိသမားအတွက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘဝလုံး အရှုံးချည်းပဲ၊ နောက်ဘဝဆိုတာရှိတယ်၊ ကုသိုလ်၊ အကုသိုလ်ရဲ့ ကောင်းကျိုး၊ ဆိုးကျိုးဆိုတာရှိတယ်လို့ ယူဆကျင့်သုံးသူအတ္တိကဝါဒီ၊ ကိရိယဝါဒီ၊ သဟေတုက ဝါဒီတွေဟာ ကောင်းတာပဲလုပ်တယ်၊ ကောင်းတာပဲပြောတယ်၊ ကောင်းတာပဲ ကြံတယ်၊ ဘာ့ကြောင့်လဲဆိုတော့ မကောင်းမှုရဲ့ ညစ်ညူးယုတ်ညံ့ပုံ၊ ကောင်းမှုရဲ့ ဖြူစင်မြင့်မြတ်ပုံတွေကို သေချာသိမြင်ကြတဲ့အတွက်ကြောင့်ပဲ"

"နောက်ဘဝဆိုတာ ရှိတယ်၊ ကုသိုလ်၊ အကုသိုလ်ရဲ့ကောင်းကျိုး ဆိုးကျိုး ဆိုတာရှိတယ်လို့ ကြံစည်ပြောဆိုသူဟာ အဲဒီအကြောင်းတွေကို တိကျစွာ သိမြင်တော်မူကြတဲ့ ရဟန္တာအရှင်မြတ်တွေကိုလည်း ဆန့်ကျင်ရာမရောက်ဘူး၊ တမလွန်လောကဆိုတာ ရှိတယ်၊ ပြုလုပ်မှုတို့ အကြောင်းတရားတို့ဆိုတာရှိတယ်လို့ ပြောဟောသူဟာ သူတော်ကောင်းဝါဒကို ဖြန့်ချိရာရောက်တယ်၊ မိမိကိုယ်လည်း မြှောက်ပင့်ရာမရောက်ဘူး၊ သူတစ်ပါးကိုလည်း နှိမ့်ချရာမရောက်ဘူး"

"ဒီအယူဝါဒဟာ အဆိုးကိုပယ်ရှားပြီး၊ အကောင်းသို့ဦးတည်ထားပြီးဖြစ်တဲ့အတွက် အမြင်မှန် –သမ္မာဒိဋ္ဌိကနေ ပေါက်ဖွားလာခြင်း ဖြစ်တယ်၊ နောက်ဘဝဆို တာရှိတယ်၊ ကုသိုလ်၊ အကုသိုလ်ရဲ့ကောင်းကျိုး ဆိုးကျိုး ဆိုတာရှိတယ်လို့ ယူဆထားသူဟာ မိမိသူတစ်ပါးနှစ်ဦးသားတို့ရဲ့ ကောင်းကျိုးရှိတာတွေချည်း ပြုလုပ်တဲ့အတွက် အခု ပစ္စုပ္ပန်ဘဝမှာလည်း အကျင့်စာရိတ္တကောင်းသူ၊ ကိုယ်ကျိုး စွန့်သူအဖြစ် ပညာရှိတွေရဲ့ ချီးမွမ်းခြင်းကို ခံရတယ်"

"သူတစ်ပါးယူဆသလို နောက်ဘဝမရှိဘူးဆိုရင်လည်း သူ့အတွက် ဘာမှ ကိစ္စမရှိဘူး၊ အကယ်၍နောက်ဘဝရှိနေမယ်ဆိုရင် နတ်ရွာသုဂတိရောက်ပြီး ကောင်းကျိုးချမ်းသာကိုသာ ဇေန်မုချခံစားရမယ်၊ ဒါကြောင့် အတ္တိကဒိဋ္ဌိ၊ ကိရိယဒိဋ္ဌိ၊ သဟေတုကဒိဋ္ဌိအယူဝါဒအတိုင်း ကျင့်သူတွေ ဟာ ပစ္စက္ခသံသရာ နှစ်ဘဝလုံး ချမ်းသာတယ်"

"ကျင့်သုံးသူမိမိအတွက် အရှုံးမရှိတဲ့ဒဿနတစ်ခုလို့ပဲ ဆိုရမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဘုရား"

"ဆိုနိုင်တာပေါ့၊ ပါယာသိမြို့စားကြီးရဲ့ လှူတန်းပုံနဲ့ နတ်ပြည်ရောက်ပုံ အကြောင်းတွေဟာလည်း လူတိုင်းသိသင့်စရာအချက်တွေမို့ ဆက်ပြောလိုက်ဦးမယ်"

"ပြောပါဦးဘုရား"

"ပါယာသိမြို့စားဟာ သမ္မာဒိဋ္ဌိဖြစ်လာပြီးတဲ့နောက် အလှူခံ ပုဂ္ဂိုလ်တွေကို အစားအစာနဲ့အဝတ်အထည်တွေကို ပေးလှူတယ်၊ ဒီလို လှူတဲ့အခါမှာ သူကိုယ် တိုင်မလှူဘူး၊ ဥတ္တရလုလင်ကို အုပ်ချုပ်စီမံသူ အဖြစ်စေခိုင်းတယ်၊ မြို့စားဟာ ကိုယ်တိုင်မလှူတဲ့အပြင် လှူခိုင်းတဲ့ လှူဘွယ်ဝတ္ထုတွေဟာလည်း အညံ့စားတွေချည်းဖြစ်နေတယ်"

"အစားအစာဆိုရင် ဆန်ကွဲထမင်းနဲ့ပုန်းရည်ဟင်းချည်းပဲ အဝတ်အထည်ဆိုရင် အကြမ်းဆုံး၊ အပွဆုံးတွေချည်းပဲ၊ ဒါကြောင့် အလှူပွဲတစ်ရက် ပြီးတိုင်း ဥတ္တရလုလင်က ပါယာသိမြို့စားကြီးနဲ့ နောင်သံသရာအဆက်ဆက် ဘယ်တော့မှ မတွေ့ပါရစေနဲ့လို့ လူသိရှင်ကြားဆုတောင်းသတဲ့"

"ဟာ–ဥတ္တရလုလင်ဟာ တော်တော် သတ္တိကောင်းတာပဲ။ အုပ်ချုပ်ရေးမှူး ရာထူးကနေ ဖြုတ်ပစ်မှာမကြောက်ဘူးထင်တယ်"

"လောကမှာ အသာစံခြင်းနဲ့ အနာခံခြင်းလို့ နှစ်မျိုးရှိတဲ့ အနက် မင်းတို့ငါတို့ဟာ ဘဝသံသရာအဆက်ဆက်က အသာစံခြင်းဖက်မှာပဲ နေခဲ့ကြတယ်၊ ဘာပဲ လုပ်လုပ်ကိုယ်ကျိုးရဖို့ကို အဓိကထားတယ်၊ ကုန်ကုန်ပြောရရင် လောဘသတ် ကြောင်းဖြစ်တဲ့ ဒါနပြုတာတောင် နာမည်ကြီးဖို့၊ နောက်ဘဝ ငါကောင်းစားဖို့ဆိုတဲ့ လောဘကပါ ဖြစ်အောင် ပါလိုက်သေးတယ်၊ သမုဒယသစ္စာလို့ခေါ်တဲ့ တဏှာကို ရင်ထဲမှာသိမ်းထားတယ် လို့ ဆိုနိုင်တာပေါ့"

"ပယ်သတ်ရမယ့် သမုဒယသစ္စာခေါ်တဲ့ တဏှာကို ရင်ထဲမှာသိမ်းဆည်းခဲ့တဲ့အတွက် မင်းတို့ငါတို့အတွက်ရရှိလာတဲ့ အကျိုးဆက်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်တွေ ဂင်္ဂါဝါဠုသဲစုမက အဆူဆူ ပွင့်သွားပေမယ့် အခုဘဝအခု အချိန်အထိ ဘာမဂ်ဘာဖိုလ်မှမရပဲ ကိလေသာတင်းကြမ်း ပြည့်ပုထုဇဉ် ဘဝနဲ့ နေနေကြရတာပဲ"

"အနာခံတယ်ဆိုတာ ဘာကိုပဲလုပ်လုပ် သူ့အကျိုးကိုပဲ အဓိက ထားတယ်၊ သမုဒယသစ္စာလို့ခေါ် တဲ့တဏှာကို အလုပ်နဲ့ ပယ်သတ်ခြင်းကိုပဲ အနာခံခြင်းလို့ သတ်မှတ်နိုင်တာပေါ့၊ မြတ်စွာဘုရားဟာ လေးသင်္ချေနဲ့ကမ္ဘာ တစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါးကို ဘုရားဖြစ်ဖို့ အတွက် ဖြည့်ကျင့် တဲ့အခါမှာလည်း အနာခံခဲ့တယ်"

"ဒါက အကြောင်းတရားမှာ အနာခံခြင်းပေါ့၊ တစ်ခါဘုရားဖြစ် တဲ့အခါမှာလည်း ၄၅–ဝါကာလပတ်လုံး မနားမနေ တရားဟောပေးပြီး အနာခံတော်မူတယ်၊ ဒါက အကျိုးတရားမှာအနာခံခြင်းပေါ့၊ ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံတော်မူ ခါနီးမှာတောင် သုဘဒ္ဒပုရဗိုဇ် ရဟန္တာဖြစ်ရေးအတွက် မိုင်ပေါင်းများစွာဝေးတဲ့ ကုသိနာရုံကိုအခေါက်ပေါင်းများစွာနားပြီး တပင် တပန်းကြွရောက်တော်မူခဲ့တယ်"

"ပါရမီစဖြည့်စဉ်ကနေ ပရိနိဗ္ဗာန်စံချိန်အထိ ဘုရားရှင်ဟာ အနာ ခံတဲ့ဖက်ကချည်း နေသွားတာဟာ ဗုဒ္ဓဘာသာဝင်အားလုံး အနာခံတတ် ဖို့အတွက် နှုတ်နဲ့မဟုတ်ပဲ ခန္ဓာကိုယ်နဲ့ဟောသွားတဲ့ လက်တွေ့တရား တစ်ပုဒ်ပဲ၊ အခုလည်း ဉတ္တရလုလင်ဟာ အလှူခံတွေလည်း ပစ္စည်းကောင်း ကောင်းရဖို့ ပါယာသိမြို့စားလည်း အဆင့်မြင့်ကုသိုလ်တွေရဖို့ အတွက် အနာခံတဲ့ဖက်ကနေပြီး ပါယာသိမြို့စားနဲ့ ဘဝအဆက်ဆက်မှာ မတွေ့ရ ပါစေ နဲ့ဆိုတဲ့ဆုကို လူသိရှင်ကြား တောင်းခဲ့တာပဲ"

"ပါယာသိမြို့စားဟာ အတွေးအခေါ် တော့ရှိတယ်၊ ဉတ္တရလုလင်နဲ့ တွေ့ဆုံ ပြီးဆိုခဲ့တဲ့အတိုင်း ဘာ့ကြောင့်ဆုတောင်းရတာလဲလို့ မေးတဲ့အခါ ဉတ္တရလုလင် ပြန်ဖြေတဲ့စကားဟာ မေတ္တာသဘောလည်းပါတယ်၊ ပညာ သဘောလည်းပါတယ်"

"ဘယ်လိုဖြေလိုက်သလဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မြို့စားမင်း နေ့တိုင်း ပေးလှူခိုင်းတဲ့ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းကို မြို့စားမင်းရဲ့ခြေနဲ့တောင် တို့ချင်မှာမဟုတ်ပါဘူး၊ သုံးဆောင်ဖို့ဆိုရင် ပိုတောင်ဝေး ပါသေးတယ်၊ မြို့စားမင်းနေ့တိုင်းပေးလှူတဲ့ အဝတ်ကြမ်းကို မြို့စားမင်း ရဲ့ခြေနဲ့တောင် တို့ချင်မှာမဟုတ်ပါဘူး၊ ဝတ်ဆင်ဖို့ ကတောင်ပိုတောင်ဝေးပါ သေးတယ်၊ မြို့စားမင်းကို ကျွန်တော်မျိုးဟာ အလွန်ချစ်ခင်နှစ်သက်ပါတယ်၊ ဒါကြောင့် အလှူခံတွေကိုလည်း မြို့စားမင်း နှစ်သက်တဲ့ အစားအစာနဲ့ အဝတ်အထည်ကိုသာ လှူစေချင်ပါတယ်၊ မြို့စားမင်း မနှစ်သက်တဲ့အစားအစာနဲ့ အဝတ်အထည်တွေကို မလှူစေ ချင်ပါဘူး၊ ဒါကြောင့် ဆိုခဲ့တဲ့ဆုကို တောင်းတာပါလို့ ရှင်းပြလိုက်တယ်"

"ဒီတော့မှ မြို့စားမင်းဟာ သဘောပေါက်သွားပြီး သူနှစ်သက် တဲ့ အစားစာနဲ့ အဝတ်အထည်တွေကို လှူဒါန်းခွင့်ပေးလိုက်တယ်၊ သူတို့ ဆရာတပည့် လူ့ဘဝက ကွယ်လွန်ကြတဲ့အခါ ပါယာသိမြို့စားက လူသက်နဲ့ ဆိုရင် နှစ်ပေါင်း ကိုးသန်း အသက်ရှည်တဲ့စတုမဟာရာဇနတ်ဘုံ ကိုရောက်တယ်၊ ဥတ္တရလုလင်က နှစ်ပေါင်းသုံးကုဋေနဲ့ အနှစ်ခြောက်သိန်း အသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံကို ရောက်တယ်"

"ဘယ်လိုဖြစ်ရတာလဲဆရာတော်၊ အလှူရှင်က နတ်သက်တိုတဲ့ ဘုံရောက်ပြီး ဝေယျာဝစ္စသမားကတော့ ဘာ့ကြောင့် နတ်သက်ရှည်တဲ့ဘုံ ရောက်ရတာလဲ ဘုရား"

"အင်း ဒါလည်း ဒါနပြုသူတိုင်းသိထားသင့်တာပဲ။ ပါယာသိ မြို့စားဟာ ဒါနပြုစဉ်က –

"အရိုအသေပြုပြီး လှူဒါန်းခြင်းမရှိဘူး၊ မိမိလက်ဖြင့် ကိုယ်တိုင် လှူဒါန်း ခြင်းမရှိဘူး၊ အလေးအမြတ်ပြုပြီး လှူဒါန်းခြင်းမရှိဘူး၊ ပစ်ပစ် ခါခါပြုပြီး လှူဒါန်းတယ်။ ဒီလေးချက်ကြောင့် နတ်သက်တိုတဲ့ဘုံကို ရောက်ရတာ၊ ဥတ္တရလုလင် ကတော့ သူတစ်ပါးဥစ္စာကို လှူပေးရပေမယ့်–

"အရိုအသေပြုပြီး လှူဒါန်းတယ်၊ မိမိလက်ဖြင့် ကိုယ်တိုင် လှူဒါန်း တယ်၊ အလေးအမြတ်ပြုပြီး လှူဒါန်းတယ်၊ ပစ်ပစ်ခါခါ မပြုမူဘဲ လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com



တယ်" ဒီအချက်တွေကြောင့် သက်တမ်းရှည်တဲ့ နတ်ဘုံကို ရောက်ရတာ ပေါ့။ ကဲ–ကမ္ဘသဃကတာ သမ္မာဒိဋ္ဌိကတော့ ဒီလောက်ဆိုရင် ပြည့်စုံပြီ၊ နက်ဖြန် ခါကျမှ ဝိပဿနာသမ္မာဒိဋ္ဌိကို သွားကြရအောင်"

အခန်း –၈– ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ပညာရှင်များ၏ ဗုဒ္ဓဘာသာအပေါ် အမြင်

ကမ္ဘာ့စိတ်ပိုင်းယဉ်ကျေးမှုနှင့် စစ်မှန်သောရုပ်ပိုင်းယဉ်ကျေးမှုတို့ ဘိုးတက်ထွန်းကားရေးအတွက် လူ့သမိုင်းကြောင်းရှိအခြားသော ဩဇာအာဏာထက် ဗုဒ္ဓဘာသာတရားတော်က ပို၍လုပ်ဆောင်ထားပါပြီ။

(အိပ်ချ်ဂျီဝဲလ်)

ခေတ်သစ်သိပ္ပံပညာ၏ လိုအပ်ချက်များနှင့်ရင်ဆိုင်ယှဉ်ပြိုင်မည့် ဘာသာတရားတစ်ခုရှိသည်ဆိုပါလျှင် ယင်းသည် ဗုဒ္ဓဘာသာပင်လျှင် ဖြစ်ရပါမည်။

(အယ်လ်ဘတ်အိန်းစတိန်း)

ဆန့်ကျင်ဘက်အားဖြင့်မူ၊ ဗုဒ္ဓဘာသာတရားတော်သည် တွေးခေါ်ပုံနည်း စနစ်တစ်ခု၊ ဘာသာတရားတစ်ရပ်၊ နာမ်ပိုင်း သိပ္ပံပညာ တစ်ရပ်ဖြစ်သည့်အပြင် ဘဝတစ်သက်တာနေနည်း ထိုင်နည်းနိဿ ရည်းတစ်ခုဖြစ်၏။ ယင်းသည် ယုတ္တိတန်၏ လက်တွေ့ကျ၏။ အားလုံး ကို ခြုံငုံမိ၏။ နှစ်ပေါင်း ၂၅၀၀–ကျော်ကြာ လူသားမျိုးနွယ် သုံးပုံနီးပါးမျှတို့၏ စိတ်ပိုင်းလိုအပ်ချက်ကို ကျေနပ်ရောင့်ရဲစေခဲ့ ပါပြီ။

အနောက်တိုင်းကို အကြိုက်တွေ့စေ၏။ မိမိကိုယ်မိမိ အားကိုးဖို့ ထပ်ပြန်တလဲလဲ သတိပေး၏။ သူတစ်ပါးတို့၏ အရှုအမြင် ကိုသည်းခံမှုဖြင့် ထပ်ဆင့်ထား၏။ သိပ္ပံပညာ၊ ဘာသာရေး၊ ဒဿနိ ကဗေဒ၊ စိတ္တဗေဒ၊ စာရိတ္တပညာနှင့် အနုပညာတို့ကိုပါ လွှမ်းခြုံ ထား၏။ လူသားတစ်ဦးတည်းကိုသာ လက်ရှိ သူ့ဘဝ၏ ဖန်ဆင်း ရှင်အဖြစ်နှင့် တစ်ဦးတည်းသော ကောင်းကျိုးဆိုးပြစ် ဖန်တီးသူအဖြစ် ဗုဒ္ဓဘာသာကညွှန်ပြထား၏။

(ခရစ္စမာ့ ဟန်ဖရေး)

www.burmeseclassic.com

# အခန်း ၉

## ဘဝဆက်တိုင်း သမ္မာဒိဋ္ဌိဗုဒ္ဓဘာသာဖြစ်ဖို့ကျင့်စဉ်

နောက်တစ်နေ့ အရုဏ်ဆွမ်းစားပြီးသည်နှင့် မောင်ရဲမြင့် တစ်ယောက် ဘုရားခန်းရှေ့အရင်ရောက်နှင့်နေလေပြီ။ ဗုဒ္ဓဘာသာ တစ်ယောက်အတွက် အရေးအကြီးဆုံးကျင့်စဉ်တစ်ခုကို သိရတော့မှာဖြစ်သည့်အတွက် အလွန်အားတက်စိတ်ဝင်စားနေဟန်တူ၏။ စာရေးသူ ထိုင်ပြီးသည်နှင့် သူမေးခွန်းကို စတော့၏။

"ဆရာတော် တပည့်တော်ဟာ မိဘတွေကလည်း ဘာသာခြားဖြစ်နေတယ်၊ နောက်နှစ်ပေါင်းသုံးဆယ်လောက်လည်း ဘာသာခြားအသိုက်အဝန်းထဲမှာပဲ ကြီးပြင်းလာတယ်၊ ဒီကြားထဲကနေ ဗုဒ္ဓဘာသာကို ထက်ထက်သန်သန်ကြီး စိတ်ဝင်စားလာခြင်းရဲ့ အတိတ်အကြောင်းတစ်ခုခု ကောန်မုချရှိနေမယ်လို့ တပည့်တော်တော့ ထင်တယ်၊ ဓမ္မဆရာက တခြားဘာသာတွေကိုလည်း လေ့လာကြည့်သင့်တယ်ဆိုတဲ့ အကြံပေးချက်အကြောင်းတစ်ခုလောက်နဲ့တော့ ဗုဒ္ဓဘာသာကို ဒီလောက်ထိစိတ်ဝင်စားမယ်လို့ တပည့်တော်မထင်ဘူး၊ ဆရာတော်ရော ဘယ်လိုကြောင့်လို့ ထင်သလဲဘုရား"

"ထင်တာမဟုတ်ဘူး၊ မင်းဟာအရင်ဘဝက ဗုဒ္ဓဘာသာဝင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆိုတာကို အသေချာပြောနိုင်တယ်"

"ဘယ်လိုကြောင့် ပြောနိုင်တာလဲဘုရား"

"မင်းလိုပုဂ္ဂိုလ်နှစ်ယောက်ကို တွေ့ဖူးထားလို့ပဲ။ ပထမတစ ယောက်က ဒီမြို့ကပဲ သူကတော့မိန်းကလေးပေါ့၊ သူ့နာမည်ကိုတော့ မလှရီလို့ပဲ ထားလိုက်ပါ၊ မလှရီရဲ့မိဘဆွေမျိုးအစဉ်အဆက်ဟာ ဘာသာခြားတွေ၊ ဒီကြားထဲက မလှရီဟာ သိတတ်တဲ့အရွယ်ရောက်တာနဲ့ ဗုဒ္ဓဘာသာကို တအားစိတ်ဝင်စားတယ်"

"ဗုဒ္ဓရုပ်ပွားတွေ၊ စေတီတွေတွေ့ရင် ကန်တော့ချင်တယ်၊ တရားပွဲတွေတွေ့ရင် ဝင်နာချင်တယ်၊ သံဃာတွေ ဆွမ်းခံကြွတာတွေ့ရရင် လောင်းလှူချင်တယ်၊ ဘာသာခြားကလည်းဖြစ်၊ မိန်းကလေးကလည်းဖြစ်တော့ ဗုဒ္ဓဘာသာထဲ ဝင်ချင်ပေမယ့် မဝင်ရဲဘူး"

"သူဗုဒ္ဓဘာသာ ဖြစ်သွားပြီဆိုရင် ဆွေခန်းမျိုးခန်းလည်း အဖြတ်ခံရမယ်၊ ဒုက္ခရောက်အောင်လည်း အနှောက်အယှက်ပေးခြင်းခံရမယ် ဆိုတာကို သိနေတော့ သူမရဲ့ ထွက်ပေါက်က ဗုဒ္ဓဘာသာအမျိုးသား တစ်ယောက်နဲ့ အိမ်ထောင်ကျမှပဲ ဖြစ်တော့မယ်ဆိုတာကို စဉ်းစားမိတဲ့အတွက် တပည့်တော်မသည် ဗုဒ္ဓဘာသာအမျိုး သားမှတစ်ပါး မည်သည့် ဘာသာဝင် အမျိုးသားနှင့်မျှ အိမ်ထောင် မကျရပါစေသတည်းလို့ သစ္စာအဓိဋ္ဌာန်ပြု ထားသတဲ့"

"မလှရီဟာ ဘာသာခြား အမျိုးသမီးဖြစ်ပေမယ့် မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးတွေအတိုင်း အသားအရေဟာဝါဝင်းပြီး အင်မတန် ချောမောလှပတယ်။ ပြီးတော့ အရွယ်ရောက်တာနဲ့ သူတို့ဘာသာဝင် အမျိုးသား တစ်ဦး နဲ့ အမြန် အိမ်ထောင် ချပေးတတ်တယ်၊ အခုလည်း မလှရီအရွယ်ရောက်တာနဲ့ သူ့မိဘများက ဘာသာချင်းတူတဲ့ အမျိုးသား တစ်ယောက်နဲ့ အိမ်ထောင် ချပေးရအောင် မိဘချင်း ပြောဆိုစေ့စပ် ပြီးသွားပြီ၊ ဒါပေမယ့် မလှရီရဲ့ သစ္စာအဓိဋ္ဌာန်ကြောင့် လက်ထပ်ပွဲနေ့ကျတော့ အကြောင်းတစ်ခု ကြုံဖန်ပေါ် ပြီး ပျက်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ယောက်နဲ့ မဖြစ်တော့ နောက်တစ်ယောက်နဲ့ ဇွဲစပ်ပြန်တယ်၊ ဒါလည်းကြုံဖန်ပြီးပျက်တာပဲ၊ နောက်ဆုံး သူတို့ဘာသာဝင်ဖြစ်ရင် ပြီးရော ပစ္စည်း မရှိလည်းနေဆိုတဲ့ သဘောမျိုးနဲ့ ရေခဲချောင်းရောင်းတဲ့ လူတစ်ယောက်နဲ့ ပေးစားပြန်သတဲ့၊ အဲဒီရေခဲချောင်းရောင်းတဲ့ သူကလည်း ဒီလောက် လှပတဲ့ မလှရီကို မယူနိုင်ပြန်ဘူးဖြစ်နေတယ်"

"ဒီလိုဖြစ်ရတာဟာ မလှရီရဲ့သစ္စာအဓိဋ္ဌာန်လည်းပါသလို၊ ဗုဒ္ဓဘာသာဖြစ်ရမယ့် ဘုန်းကံကြောင့်လည်းပါတယ်၊ ဘုန်းကံကြီးမားတဲ့ အမျိုးသမီးနားကို ဘုန်းကံနည်းတဲ့ အမျိုးသားတွေ ကပ်လို့မရတာဟာ ဓမ္မတာပဲ၊ ဒီမိန်းကလေးအဖြစ်က မဟာဥမင်္ဂဇာတ်တော်ထဲက ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည့်ရှင်ဝိဒေဟမင်းကြီးရဲ့ မိဖုရားခေါင်ကြီးဥဒုမ္ဗရဒေဝီနဲ့တူတယ်"

"ဥဒုမ္ဗရဒေဝီဆိုတာ မဟောသဓာရဲ့မွေးစားအမေပေါ့၊ ဥဒုမ္ဗရဒေဝီဆိုတာ ရေသဖန်းပင်ပေါ် ကရတဲ့ မိဖုရားကြီးလို့ အဓိပ္ပာယ်ရတယ်"

"မိဖုရားကြီးက ရေသဖန်းပင်ပေါ် ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ ဘုရား"

"ဘုန်းကံမရှိတဲ့ သူရဲ့ အရင်ယောကျ်ားကြောင့် ရောက်နေရတယ် လို့ ပြောရမှာပေါ့၊ အဖြစ်ကဒီလို တက္ကသိုလ်ပြည်က ဒိသာပါမောက္ခ ဆရာကြီးမှာ အင်မတန်ချောမောလှပတဲ့ သမီးတစ်ယောက်ရှိတယ်၊ ဒီသမီးဟာ မိဖုရားခေါင်ကြီး ဖြစ်ရမယ့် ဘုန်းကံပါရှိနေတာကို သူ့ဖခင်က မသိလေတော့ မိထိလာပြည်က ပညာလာသင်တဲ့ သာမန် အမျိုးအနွယ်ထဲက တပည့်တစ်ယောက်နဲ့ ပေးစားပြီး ထည့်ပေးလိုက်တယ်"

"မိန်းကလေးက ဘုန်းကံရှိနေတော့ ဘုန်းကံမရှိတဲ့အမျိုးသားဟာ မိန်းကလေးနားကို ကပ်လို့မရဘူးဖြစ်နေတယ်၊ မိန်းကလေးက ခုတင်ပေါ် အိပ်ရင် သူက ကြမ်းပြင်မှာ ဆင်းအိပ်တယ်၊ အဲဒီလိုနဲ့ ဘုန်းကံမရှိတဲ့ အမျိုးသားဟာ ဘုန်းကံရှိတဲ့ အမျိုးသမီးကို ခေါ်ပြီး မိထိလာပြည်ကိုပြန် လာခဲ့တယ်၊ မိထိလာပြည် ရောက်ခါနီး တောတစ်ခု အတွင်းမှာ နားနေရင်း အမျိုးသား ကရေသဖန်းပင်ပေါ် တက်ပြီး အသီးတွေ တစ်ယောက်တည်း ခူးစား

www.burmeseclassic.com



နေတယ်"

"ဆာရှာတော့ မိန်းကလေးကလည်း သူ့အတွက်ခူးချပေးဖို့ တောင်းတာပေ့ါ၊ အမျိုးသားကခူးချမပေးဘူး၊ စားချင်ရင်နင့်ဖာသာတက် ခူးစားပေ့ါလို့ပြောလိုက်တယ်၊ အမျိုးသားကစားဝလို့ ဆင်းလာတဲ့အခါ အမျိုးသမီးဟာဆာတဲ့စိတ်ရော၊ မခံချင်တဲ့စိတ်ရောပေါင်းပြီး ရေသဖန်းပင်ပေါ်ရောက်အောင်တက်တယ်၊ ရောက်တဲ့အခါခူးစားတော့တာပေ့ါ၊ ဒီအချိန်မှာအကြံသမားအမျိုးသားက ရေသဖန်းပင်ခြေရင်းမှာ ဆူးခက်တွေ ဝိုင်းချပြီးထွက်ပြေးသွားတယ်"

"ဆူးခက်တွေပတ်ချထားတာက မိန်းကလေးသစ်ပင်ပေါ်က ဆင်းလာ ပြီး သူ့နောက်ကိုလိုက်မလာနိုင်အောင်ပေ့ါ၊ ခုခေတ်လိုဆိုရင်တော့ စာချုပ် စာတမ်းနဲ့ အပြီးအပိုင်ကွာရှင်းလိုက်တဲ့သဘောပါပဲ၊ အဲဒီအချိန်မှာပဲ မိထိလာ ပြည့်ရှင် ဝိဒေဟမင်းကြီး ဆင်တော်နဲ့တိုင်းခန်းလှည့်လည်ရင်းက မိန်းကလေး ကိုတွေ့ မြင်ပြီး မိဖုရားခေါင်ကြီးမြှောက်တာပါပဲ"

"ကံတရားဟာ တော်တော် အံ့ဩစရာ ကောင်းပါလားဆရာတော်"

"အေးဟုတ်တယ်၊ အခုလည်း ရွှေပြည်သာကမိန်းကလေးမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ရမယ့် ဘုန်းကံတွေရှိနေတော့ ဘာသာခြားအမျိုးသားတွေဟာ အနားကပ်လို့ မရတာပဲ၊ ဒါနဲ့ပဲ တစ်နေ့တော့ သူ့ရဲ့သစ္စာအဓိဋ္ဌာန်အတိုင်း ဗုဒ္ဓဘာသာဝင် အမျိုးသားတစ်ယောက်နဲ့ရပြီး သူဖြစ်ချင် လွန်းတဲ့ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့ရတယ်၊ ဒီမိန်းကလေးဟာ အရင်ဘဝက ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်တယ်ဆိုတာကို သူ့ရဲ့ရတနာသုံးပါးအပေါ် အလိုလိုကြည်ညိုစိတ်ပေါ်တာကိုကြည့်ပြီး သိနိုင်တယ်"

"ဒါပေမယ့် အတိတ်ဗုဒ္ဓဘာသာဘဝတုန်းက ဒါန၊ သီလ၊ သမထကုသိုလ် လောက်ပဲလုပ်ခဲ့ပြီး၊ ဝိပဿနာတရားကိုနာကြားခြင်း၊ ရှုပွားခြင်းမလုပ်ခဲ့ရပဲ အန္ဓပုထုဇဉ်ဘဝနဲ့ပဲ သေခဲ့ရတယ်၊ ဒါ့ကြောင့် အခုဘဝမှာဝိနိပါတဘေးဆိုက်ပြီး ဘာသာခြားဘဝရောက်ခဲ့ရတာပဲ"

(မှတ်ချက်)။ ။ဝိနိပါတဘေး၊ နာနာသတ္တဉလ္လောကနဘေး၊ ဒုစ္စရိတ ဘေး၊

www.burmeseclassic.com

www.burmeseclassic.com



အပါယဘေးတို့အကြောင်းကို စာရေးသူရေးသားသော
'မင်္ဂတား ဖိုလ်တား အန္တရာယ်များ' စာအုပ်၌ဖတ်ရှုပါ။

"နောက်တစ်ယောက်က စာရေးဆရာဆန်းလွင်ပဲ။ သူဟာ ဘာသာခြားဘဝကနေ ဗုဒ္ဓဘာသာဖြစ်လာတဲ့အချိန်မှာပဲ။ လူတစ်ယောက်က ဦးဆန်းလွင်နဲ့တွေ့ချင်လို့ ခဏလာစေလိုကြောင်း သုံးကြိမ်တိုင်တိုင် လာခေါ်တယ်၊ ရတနာသုံးပါးနဲ့ မစပ်ဆိုင်တဲ့အပြင် လူတစ်ယောက်ကတွေ့ချင် နေတဲ့အကြောင်းပြချက်ဟာ ယုတ္တိမရှိတဲ့အတွက် ဦးဆန်းလွင်က သွားမတွေ့ဘူး"

"ဘယ်လို ယုတ္တိမရှိတာလဲဘုရား"

"ဦးဆန်းလွင်ရဲ့ အတိတ်ဘဝက သမီးတစ်ယောက်ဟာ ဥစ္စာစောင့်ဘဝကို ရောက်နေတယ်တဲ့၊ အဲဒီသမီးက အခုဘဝမှာလည်း ဦးဆန်းလွင်ရဲ့သမီးပဲ ပြန်ဖြစ်ချင်တယ်၊ ဒါ့ကြောင့် အဲဒီလူကိုဝင်စီးပြီး ခေါ် ခိုင်းတာပါတဲ့၊ ဒါကိုပဲ ဦးဆန်းလွင်က မဖြစ်နိုင်ဘူး၊ ယုတ္တိမရှိဘူးလို့ သတ်မှတ်တယ်ပေါ့၊ ဒါပေမယ့် လေးကြိမ်မြောက်လောက်ထိ လာခေါ် တဲ့ အချိန်မှာတော့ သေချာတွေ့ပြီး ဝေဖန်ဆန်းစစ်ကြည့်ရအောင် လိုက်သွားတယ်"

"ဦးဆန်းလွင်ကို တွေ့လိုက်တာနဲ့ ဥစ္စာစောင့်မလေးက အဲဒီလူကို ဝင်စီးပြီး ဦးဆန်းလွင်နဲ့သူဟာ အရင်ဘဝကလည်း သားအဖဖြစ်ခဲ့ကြောင်း၊ အရင်ဘဝက နေခဲ့တဲ့နေရာနဲ့ ခုနှစ်သက္ကရာဇ်တွေကို သေချာပြောပြတယ်၊ အရင်ဘဝက သူတို့ သားအဖဟာ ဗုဒ္ဓဘာသာတွေဖြစ်ခဲ့တဲ့အကြောင်း အဲဒီဘဝကသေတဲ့အခါ ဝိနိပါတဘေးကြီးကြောင့် ဦးဆန်းလွင်က ဘာသာခြားဘဝကို ရောက်သွားပြီး သူကတော့ သိုက်တစ်ခုထဲမှာ ဥစ္စာစောင့်သွားဖြစ်ရကြောင်း၊ အခုဘဝမှာ ဖခင်နဲ့ အတူပြန်နေချင်သော်လည်း ဖခင်က ဘာသာခြားဖြစ်နေလို့ ယခုလို ဗုဒ္ဓဘာသာဖြစ်တဲ့အထိ သိုက်ထဲမှာ အချိန်ကြာမြင့်စွာ စောင့်ခဲ့ရကြောင်း"

"အခု ဖခင်ဖြစ်သူဟာ သူစောင့်မျှော်နေတဲ့ ဗုဒ္ဓဘာသာအဖြစ်ကို ရောက်ခဲ့ပြီဖြစ်တာကြောင့် သူ့အနေနဲ့ ဦးဆန်းလွင်ရဲ့သမီးအဖြစ် ပြန်နေလို ကြောင်း၊ ဦးဆန်းလွင် ခွင့်ပြုတာနဲ့ ဦးဆန်းလွင်ရဲ့ဇနီးဝမ်းမှာ ဝင်စားမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းတို့ကို သေချာပြောပြနေတယ်၊ ဦးဆန်းလွင်အတွက်တော့ ပုံပြင်တစ်ပုဒ်လို အံ့ဩစရာ ဖြစ်နေတော့ လွယ်လွယ်နဲ့မယုံကြည်နိုင်ဘူး"

"ဒါ့ကြောင့် လက်တွေ့မြင်မှယုံမှာဖြစ်တဲ့အကြောင်း၊ မိန်းကလေးပြော ပြတဲ့ ခုနှစ်သက္ကရာဇ်မှာ ကိုးကွယ်ခဲ့တဲ့ ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတစ်ဆူ ရယ်၊ သုံးစွဲခဲ့တဲ့ ရှေးဟောင်းဒင်္ဂါးအချို့ရယ်ကို အခုချက်ခြင်းယူပြပါ၊ သေချာဆန်းစစ် လေ့လာပြီးမှ ယုံမယ်လို့ပြောလိုက်သတဲ့"

"ဦးဆန်းလွင်ဟာ ဘွဲ့ရခေတ်ပညာတတ် တစ်ယောက်ဆိုတော့ အဲဒီလူလိမ်တာကို မခံချင်ဘူး၊ ဒါ့ကြောင့် သေချာစစ်ဆေးကြည့်တာပေါ့"

"အမှန်အကန်ဆိုတာသိရမှ သူနဲ့လာနေလိုကနေနိုင်ကြောင်း၊ ခွင့်ပြု လိုက်တယ်၊ အဲဒီကနောက် ဦးဆန်းလွင်ဇနီးမှာ ကိုယ်ဝန်ရှိလာပြီး အဲဒီမိန်း ကလေး ရောက်လာတာပဲတဲ့၊ ဒီဖြစ်ရပ်မှာလည်း ဦးဆန်းလွင် တို့သားအဖဟာ အရင်ဘဝက ဗုဒ္ဓဘာသာတွေဆိုတာ သေချာနေတယ်၊ ဘာ့ကြောင့်သေသွား တဲ့အခါ ဦးဆန်းလွင်က ဘာသာခြားဖြစ်ပြီး၊ သမီး ဖြစ်သူက ဥစ္စာစောင့်သွားဖြစ် ကြတာလဲ"

"ဒီမေးခွန်းရဲ့အဖြေကတော့ သူတို့သားအဖဟာ အရင်ဗုဒ္ဓ ဘာသာဘဝတုန်းက ဝိပဿနာတရားကို နာကြားရှုပွားခြင်းမပြုခဲ့ကြတဲ့ အတွက်ကြောင့်ပဲ၊ အန္ဓပုထုဇဉ်ဘဝနဲ့နေပြီး၊ အန္ဓပုထုဇဉ်ဘဝနဲ့ သေခဲ့ကြလို့ နောက်ဘဝမှာ ဘာသာခြားဘဝကို ရောက်ကြရတာပဲ"

"တပည့်တော်လည်း သေတဲ့အခါ သူတို့လို ဘာသာခြား ဘဝကို ရောက်သွားမှာ သိပ်ကြောက်တယ်ဘုရား၊ ဒီလိုမရောက်အောင် အခုဘဝမှာ ဘာတွေ လုပ်ထားရမလဲဘုရား"

"ဝိပဿနာ သမ္မာဒိဋ္ဌိအမြင်မှန်ကြီးရအောင် ကြိုးစားရမှာပေါ့၊ ဝိပဿနာ သမ္မာဒိဋ္ဌိအမြင်မှန်ကို ရသွားတယ်ဆိုရင် အန္ဓပုထုဇဉ်ဘဝက လွတ်သွားတာပါပဲ"

"အန္ဓပုထုဇဉ်ဆိုတာ ဘယ်လိုပုထုဇဉ်ကို ပြောတာလဲဘုရား၊ ပုထုဇဉ် ကရော ဘယ်နှစ်မျိုးရှိသလဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အန္ဓပုထုဇဉ်ဆိုတာ အကန်းပုထုဇဉ်လို့ပြောတာ၊ ပုထုဇဉ်ကလေးမျိုးတောင်ရှိတယ်၊ ပုထု ကိလေသေ ဇနေတီတိ ပုထုဇ္ဇနောဆိုတဲ့ ဝိဂြိုဟ်အရ များစွာသော ကိလေသာတွေ ဖြစ်ပွားတတ်လို့ ပုထုဇဉ်ခေါ် တယ်။ အဲဒီပုထုဇဉ်က အန္ဓဗာလပုထုဇဉ်၊ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်၊ စူဠ သောတာပန်ပုထုဇဉ်ဆိုပြီး လေးမျိုးရှိတယ်။"

"အန္ဓဗာလပုထုဇဉ်ဆိုတာ ကန်းလည်းကန်း၊ မိုက်လည်းမိုက်တဲ့ ပုထုဇဉ်လို့ ဆိုလိုတယ်။ ဝိပဿနာဉာဏ်အမြင်မရှိတဲ့အတွက် အန္ဓ ကုသိုလ်ကံနဲ့ကောင်းကျိုး၊ အကုသိုလ်ကံနဲ့ မကောင်းကျိုးကို ဘာမှမသိဘဲ အကုသိုလ်ကံတွေချည်းပြုလုပ် နေတဲ့အတွက် ဗာလပေါ့၊ အန္ဓဗာလ ပုထုဇဉ်အတွက် ပုံစံထုတ်ပြရရင် ဗုဒ္ဓလက်ထက် ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းအနီးက စုန္ဒဝက်သတ်သမားကို ထုတ်ပြရမှာပဲ။"

"ဝေဠုဝန်ကျောင်းအနီးမှာနေပေမယ့် စုန္ဒဟာ တစ်ကြိမ်မှ ဘုရားရှင်ရဲ့ တရားကို မနာကြားဖူးဘူး။ ဒီတော့ ဘာဝိပဿနာဉာဏ်မှလည်း မရှိဘူး၊ အန္ဓပေါ့၊ ကုသိုလ်ကိုတစ်ခုမှမလုပ်ပဲ အကုသိုလ်တွေချည်း လုပ်နေတော့ ဗာလပေါ့၊ နှစ်ခုပေါင်းတော့ အန္ဓဗာလလို့ဖြစ်သွားတယ်၊ ဝက်တွေမွေးတယ်၊ ကိုယ်တိုင် ရက်ရက်စက်စက် သတ်တယ်၊ ချက်စားတယ်၊ ရောင်းစားတယ်"

"သူဝက်တွေသတ်ပုံက အခုခေတ် ဝက်သတ်သမားတွေထက်ကို ပိုပြီး ရက်စက်သေးတယ်၊ သတ်မယ့်ဝက်ကို အသားတွေတိုးလာအောင်ဆိုပြီး တင်းပုပ်နဲ့ဝက်ရဲ့ တစ်ကိုယ်လုံးကိုထုတယ်၊ ဒီတော့ ဝက်ရဲ့ခန္ဓာကိုယ်ကြီး ဟာ မသေခင်မှာ တင်းပြီး ရောင်ကိုင်းလာတာပေါ့။ အားရအောင် ထုပြီးတဲ့အခါကျမှ ဝက်ရဲ့ပါးစပ်ကို တုတ်တိုနဲ့ ထောက်ပြီး ဟထားလိုက်တယ်။ ဟနေတဲ့ ဝက်ရဲ့ပါးစပ်ထဲကို ကျိုက်ကျိုက်ဆူနေတဲ့ ရေနွေးတွေကို လောင်းထည့်တယ်။"

"ရေနွေးပူတွေဟာ ဝက်ရဲ့ အူမကြီးထဲက အညစ်အကြေးတွေကို သယ်ဆောင်ပြီး စအိုကနေထွက်ကျလာတာပေါ့။ စအိုကထွက်ကျတဲ့ ရေနွေးတွေ ဖြူသွားပြီဆိုမှ ရေနွေး လောင်းချတာကို ရပ်တယ်။ ပြီးတာနဲ့ ဝက်လည်

www.burmeseclassic.com

www.burmeseclassic.com



ပင်းကို ဖြတ်သတ်ပြီးအားရအောင် မိသားစုတွေ ချက်စားကြတာပဲ၊ ပိုတာတွေကိုတော့ မြို့ထဲရောင်းတာပေါ့"

"သူ့အသက်သတ်သူဟာ ဖြစ်ရာဘဝမှာ အနာရောဂါများတယ်။ အသက်တိုတယ်။ စုန္ဒလည်း သူ့အသက်သတ်သူဆိုတော့ အသက်ငါးဆယ်အတွင်းလောက်မှာပဲ သေရမယ့်ရောဂါကြီးတစ်ခုကို ခံစားရပြီး အိပ်ရာထဲလဲတော့တယ်။ မသေခင်မှာပဲ ငရဲမီးတွေက သူ့ခန္ဓာကိုယ်ကို လာလောင်တဲ့အတွက် ပူလွန်းအားကြီးလို့ အဝတ်တွေအကုန်ချွတ်ပစ်ပြီး အိမ်ခန်းထဲမှာလေးဘက်ထောက်ပြီး ပြေးနေရတယ်"

"ထူးဆန်းတာက စုန္ဒငယ်သံပါအောင် အော်နေတဲ့အသံဟာ လူအသံမထွက်ဘဲ သူသတ်တုန်းက အော်ခဲ့တဲ့ ဝက်တွေရဲ့ အသံမျိုး ထွက်နေတာပဲ။ ခုနစ်ရက်တိတိ လေးဘက်ထောက်ပြေးရင်း ဝက်လိုအော်ပြီးမှ အဝီစိငရဲကျသွားတယ်။ ဒါက အန္ဓဗာလပုထုဇဉ်ပေါ့။"

"အန္ဓပုထုဇဉ် ဆိုတာကတော့ အကုသိုလ်ကို တတ်နိုင်သမျှ ရှောင်ပြီးလောကီကုသိုလ်တွေကို တတ်နိုင်သမျှ ဆောင်တယ်၊ ပြုလုပ်တယ်၊ ဒါ့ကြောင့်ဗာလက လွတ်သွားတယ်။ ဒါပေမယ့် ဝိပဿနာဉာဏ်အမြင် ကျတော့မရှိဘူး၊ ကန်းနေတယ်၊ ဒါကြောင့် အန္ဓပုထုဇဉ်လို့ခေါ်တယ်"

"မံသ–မျက်စိကန်းတဲ့သူဟာ ရမ်းသွားရတဲ့အတွက် ကောင်းတဲ့လမ်းလည်း ရောက်သလို ဆူးငြောင့်ခလုတ်တွေ ပေါများတဲ့ မကောင်းတဲ့လမ်းလည်း ရောက်ရတယ်။ ထိုနည်းအတူ ဝိပဿနာ ဉာဏ်မျက်စေ့ ကန်းတဲ့ အန္ဓပုထုဇဉ်ဟာလည်း နိဗ္ဗာန်ရဖို့၊ ကိလေသာကုန်ဖို့ဆိုတဲ့ ဦးတည်ချက် မရှိဘဲ ရမ်းလုပ်ရတဲ့အတွက် သူ့ရဲ့အလုပ်ထဲမှာ ကုသိုလ်လည်း ပါသလို ကိုယ်ကျိုးနဲ့ပတ်သက် လာရင် အကုသိုလ်လည်းပါတာပဲ"

"အန္ဓပုထုဇဉ် အဓိပ္ပာယ်ပြောစဉ်ကတည်းက အကုသိုလ်ကို တတ်နိုင်သမျှ ရှောင်တယ်လို့ပြောခဲ့တယ်။ လောဘ၊ ဒေါသတွေအားကြီး လာတဲ့အခါ မတတ်နိုင် ရင် မရှောင်ဘူးဆိုတဲ့အဓိပ္ပာယ်ဟာ တစ်ခါတည်း ပါနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အနွပုထုဇဉ် အတွက် ပြယုဂ်ကိုတော့ ကောသလမင်းကြီးကို ထုတ်ပြ ချင်တယ်။"

"အနွပုထုဇဉ်ဖြစ်တဲ့ ကောသလမင်းကြီးဟာ ရမ်းလုပ်တာဖြစ်တဲ့ အတွက် သူ့လုပ်ရပ်တွေထဲမှာ ကုသိုလ်တွေပါသလို အကုသိုလ်တွေလည်း ပါခဲ့တယ်။ ကုသိုလ်တွေမှာဆိုရင် ဘုရားသာသနာမှာ ဘယ်သူနဲ့မှမတူတဲ့ အကြီးကျယ်ဆုံး အသဒိသဒါန ဆွမ်းကျွေးပွဲကြီးကို ပြုခဲ့တယ်။ ဘုရား အမှူးရှိတဲ့ သံဃာတော်ငါးရာကို ဆွမ်းကပ်တာ တစ်ရက်တည်းနဲ့ ၁၄–ကုဋေ ကုန်ကျခဲ့တယ်။"

"မြတ်စွာဘုရားနဲ့ သံဃာတော်များအတွက် ကျောင်းကြီးတစ်ဆောင် ဆောက်ပြီး လှူဒါန်းဖူးတယ်။ တစ်နေ့သံဃာငါးရာ သူ့နန်းတော်မှာ ဆွမ်း ကျွေးတယ်။"

"ဟာ .တော်တော်သဒ္ဓါကောင်းတာပဲဘုရား"

"ဒါပေမယ့် ရက်ပိုင်းပဲကြာတယ်။ နောက် မကပ်ဖြစ်တော့ဘူး ပျက်သွားတယ်။"

"ဘာဖြစ်လို့လဲဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ သူ့ဖက်က အကြောင်းပြချက်ကတော့ သူက ဆွမ်းတွေ၊ ဟင်းတွေ သေချာစီစဉ်ထားပါလျက် သံဃာတော်တွေက ဆွမ်းစား မှန်မှန်မကြွလို့တဲ့။"

"သံဃာတွေကရော ဘာဖြစ်လို့ မှန်မှန်မကြွတာလဲဘုရား"

"မင်းကြီးက နေ့စဉ် သူကိုယ်တိုင်ဖြစ်စေ၊ တစ်ယောက်ယောက်ကို ဖြစ်စေ တာဝန်ပေးပြီး ဂရုတစိုက် လှူဒါန်းခြင်းမှ မပြုဘဲကိုး။ ဆွမ်းတွေ၊ ဟင်းတွေတော့ မင်းက တာဝန်ပေးထားလို့ ချက်ပါရဲ့၊ သံဃာတွေ ကြွလာရင် ဘယ်သူဦးဆောင်ပြီး ဆွမ်းကပ်ပါလို့ တာဝန်ပေးထားခြင်း မရှိလေတော့ သံဃာတွေ ဆွမ်းစားကြွလာတဲ့အခါ မင်းကြီးကလည်း မအားလို့ လာ မကပ်နိုင်၊ ကျန်တဲ့မင်းမှုထမ်းတွေကလည်း တာဝန်ပေးမထားတော့ ဝင်မကပ် ရဲနဲ့ သံဃာတွေမှာ အချိန်လွန်ကာနီးထိ ဆွမ်းမစားရတော့ သူတို့နဲ့ရင်းနှီး

www.burmeseclassic.com



ပြီးသား အနာထပိဏ်ရဲ့အိမ်တို့၊ ဝိသာခါရဲ့ အိမ်ကို ကြွပြီး ဆွမ်းစားကြွရတာပေါ့။ ဆွမ်းလှူဖို့ သုံးရက်တိုင်တိုင် ဆက်မေ့နေတော့ နောက်ရက်ကစပြီး သံဃာတွေဟာ မင်းကြီးနန်းတော်ကို မကြွတော့ဘူး"

"အရှင်အာနန္ဒာတစ်ပါးပဲ သည်းခံပြီး ဆက်ကြွတယ်။ သုံးရက်ဆွမ်းလှူဖို့ မေ့နေပြီး လေးရက်မြောက်ကျမှ မင်းကြီးဟာ ဆွမ်းလှူဖို့ သတိရပြီး ဆွမ်းကပ်မယ့် နေရာကို ရောက်လာတယ်။ ပင့်ထားတာက သံဃာငါးရာ၊ တွေ့ရတော့ အရှင်အာနန္ဒာတစ်ပါးတည်း ဆိုတော့ မင်းဆိုတဲ့ မာန်ကြောင့် သံဃာတွေအပေါ် တောင် ဒေါသထွက်သွားသတဲ့"

"ဒီမင်းကြီးကလည်း တစ်မျိုးပါလား၊ သံဃာတော်မကြွတာသာ အပြစ်မြင်နေတယ်။ သူသုံးရက်တောင် ဆွမ်းကျွေးဖို့ မေ့တာကျတော့ အပြစ်မမြင်ဘူး။"

"ဒါ့ကြောင့် ဗုဒ္ဓက ဓမ္မပဒမှာ ဟောထားတာပေါ့။

သုဒဿံဝဇ္ဇ မညေသံ၊ အတ္တနောပနဒုဒ္ဒသံ၊ အန္ဓပုထုဇဉ်မှန်ရင် သူတစ်ပါးအပြစ်ကိုသာ မြင်လွယ်တယ်၊ မိမိအပြစ်ကျတော့ မြင်ခဲတယ်–တဲ့။"

"အခုလည်း ကောသလမင်းကြီးဟာ အန္ဓပုထုဇဉ် ဆိုတော့ မပြောပလောက်တဲ့ သံဃာတော်တွေရဲ့ အပြစ်ကိုကျတော့ မြင်ပြီး အလွန်ကြီးတဲ့ သူ့အပြစ်ကိုကျတော့ မမြင်တာပေါ့။ ဒါကြောင့် ကျောင်းတော်ထိ လိုက်သွားပြီး သံဃာတော်တွေဟာ သူ့ရဲ့ဆွမ်းတွေ၊ ဟင်းတွေကို ခံယူခြင်းမပြုဘဲ အလကား လုပ်ပစ်ကြောင်း တိုင်တန်း လျှောက်ထားတာပေါ့။"

"မင်းဆိုတော့ သင့်မှာသာ အပြစ်ရှိတယ်၊ သံဃာတွေမှာ အပြစ်မရှိဘူးလို့ တိုက်ရိုက်ကြီးပြောမကောင်းတော့ ဘုရားရှင်က အရှင်အာနန္ဒာဘက်လှည့်ပြီး ရဟန်းတွေကြွသင့်တဲ့ ဒါယကာရဲ့အိမ်နဲ့ မကြွသင့်တဲ့ ဒါယကာရဲ့ အိမ်ကိုခွဲခြား ဟောပြတယ်။ မင်းကြီးအနေနဲ့ သူ့အားနည်းချက်တွေ သူမြင်ပြီး ပြင်စေချင်တဲ့ အတွက်ကြောင့်ပါပဲ။"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို အမိန့်ရှိပါဦးဘုရား"

"ဒီအင်္ဂါကိုးချက်နဲ့ ပြည့်စုံတဲ့ဒကာအိမ်ကို မကြွသင့်ဘူးတဲ့။"

၁။ နှစ်သက်မြတ်နိုးစွာ ခရီးဦးမကြိုဆိုခြင်း။

၂။ နှစ်သက်မြတ်နိုးစွာ မရှိခိုးခြင်း။

၃။ နှစ်သက်မြတ်နိုးစွာ နေရာမပေးခြင်း။

၄။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို လျှို့ဝှက်ထားခြင်း။

၅။ လှူဖွယ်ဝတ္ထုများများရှိပါလျက် နည်းနည်းသာလှူခြင်း။

၆။ ကောင်းသောလှူဖွယ်ဝတ္ထုရှိပါလျက် ညံ့သောလှူဖွယ် ဝတ္ထုကိုလှူခြင်း။

၇။ မရိုမသေပေးလှူခြင်း။

၈။ ရိုသေစွာ မဆည်းကပ်ခြင်း။

၉။ တရားဟောကြားပေးသူအား မြတ်နိုးမှုမရှိခြင်း–တို့ပဲ။

ဒီအင်္ဂါကိုးချက်နဲ့ပြည့်စုံတဲ့ ဒကာအိမ်ကိုတော့ ရဟန်းတွေကြွ ရောက်သင့်ပါသတဲ့။

၁။ နှစ်သက်မြတ်နိုးစွာ ခရီးဦးကြိုခြင်း

၂။ နှစ်သက်မြတ်နိုးစွာ ရှိခိုးခြင်း

၃။ နှစ်သက်မြတ်နိုးစွာ နေရာပေးခြင်း

၄။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို လျှို့ဝှက်မထားခြင်း

၅။ များများရှိ များများလှူခြင်း

၆။ အကောင်းစားရှိလျှင် အကောင်းစားကိုသာ လှူခြင်း

၇။ ရိုရိုသေသေလှူဒါန်းခြင်း

၈။ ရိုရိုသေသေဆည်းကပ်ခြင်း

၉။ တရားဟောသောပုဂ္ဂိုလ်အား မြတ်နိုးခြင်းတို့ပဲ

ဗုဒ္ဓက ဒီလိုဟောပေးပေမယ့် ထုံထိုင်းတဲ့ကောသလမင်းဟာ ဗုဒ္ဓရဲ့ဆိုလိုချက်ကို မရိပ်မိပါဘူး။

ကောသလမင်းဟာ အနာပုဏ္ဍိကဆိုတော့ ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့ နေရာမှာတောင် ငါကောင်းစားဖို့ဆိုတဲ့အချက်က ထိပ်ဆုံး ကပါနေတယ်၊ ငါဆိုတာ ဒိဋ္ဌိကိလေသာပဲ၊ ကောင်းစားဖို့ ဆိုတာက လောဘ ကိလေသာပဲ၊ သူ့ဆွမ်းလောင်းတဲ့ ရည်ရွယ်ချက် က သံဃာတော်တွေ နေ့စဉ် ချမ်းသာစွာ ဆွမ်းစားကြပါစေဆိုတဲ့ စေတနာက နည်းနည်းရယ်"

ဒီလို နေ့စဉ် သံဃာငါးရာဆွမ်းကျွေးရင် နေ့စဉ်ဆွမ်းကျွေးတဲ့ မင်းကြီးဆိုပြီး ဂုဏ်တက်မယ်၊ နာမည်ကြီးမယ်၊ နောင်ဘဝ ကောင်းကျိုး ချမ်းသာတွေ ခံစားရမယ်၊ သူများတွေနဲ့စာရင် သံဃာတွေနဲ့ ပိုပြီးရင်းနှီး ခွင့်ရမယ်၊ ဒီလို ငါကောင်းစားဖို့ဆိုတဲ့ မျှော်လင့်ချက်တွေက အများကြီး ပါနေတယ်

အဲဒီအချိန်က သာဝတ္ထိ မြို့ထဲမှာ အနာထပိဏ်သူဌေးကြီးက နေ့စဉ် သံဃာနှစ်ထောင် ဆွမ်းကျွေး တယ်။ စူဠအနာထပိဏ်သူဌေးကြီးက နေ့စဉ် သံဃာငါးရာ ဆွမ်းကျွေး တယ်။ ဝိသာခါက နေ့စဉ်သံဃာငါးရာ ဆွမ်းကျွေး တယ်။ သုပ္ပဝါသာကလည်း နေ့စဉ် သံဃာငါးရာ ဆွမ်းကျွေးတယ်။

ဒီလို နေ့စဉ်ဆွမ်းကျွေးနိုင်လို့ ဒီသူဌေးလေးဦးရဲ့ဂုဏ်သတင်းဟာ မြို့ထဲမှာ အတော်ထွက်တယ်၊ ဒါကို ကောသလမင်းက အားကျဟန်တူ တယ်၊ ဗုဒ္ဓက ဘယ်လိုဟောဟော နားလည်နိုင်စွမ်းမရှိတဲ့ မင်းကြီးဟာ သံဃာတွေ မကြွချင်တဲ့ သူ့ရဲ့အား နည်းချက်တွေကိုတော့ မပြင်ဘဲ၊ သာကီဝင်မင်းသမီး တစ်ပါးကို မိဖုရားမြှောက်ရရင် သံဃာတွေနဲ့ ရင်းနှီးမှာပဲဆိုတဲ့ အတွေးနဲ့ ကပိလဝတ်နေပြည်တော်က မင်းသမီးတစ်ပါးကိုလှမ်း တောင်းတယ်"

"သာကီဝင်တွေကလည်း မာနကြီးတော့ အဖေမင်းမျိုး (မဟာနာမ်) အမေ ကျွန်မမျိုးကမွေးတဲ့ ဝါသဘခတ္တိယာကို ထည့်ပေးလိုက်တယ်၊ ဝါသဘ ခတ္တိယာက ဝိဋူဋဘကိုမွေးပြီး အရွယ်ရောက်လာတဲ့ တစ်ရက်မှာ မိခင် ဇွတ်တားတဲ့ကြားထဲက ကပိလဝတ်ပြည်ကိုအလည်သွားတယ်"

"ကပိလဝတ်မှာသုံးရက်နေပြီး ပြန်တဲ့နေ့ကျမှ မာနကြီးလွန်းတဲ့ သာကီဝင်တွေက ဝိဋူဋဘမင်းသားထိုင်သွားတဲ့နေရာကို ကျွန်မသားထိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ နေရာဆိုပြီး ပြောဆိုရေရွတ်ရင်း နှိရည်နဲ့ဆေးကြောကြတယ်၊ ဒါကို သိသွားတဲ့ ဝိဋူဋ္ဌဘဟာ ရန်ငြိုးဖွဲ့ပြီး သူမင်းအဖြစ်ကိုရတာနဲ့ မဟာနာမ် မင်းနဲ့ အခြွေအရံ အနည်းငယ်မှတစ်ပါး သာကီဝင်အမျိုးအနွယ်အားလုံးကို ပုခက် တွင်းက ကလေးပါမကျန် သတ်ဖြတ်ပစ်တယ်"

"ဒီလိုအပြစ်မဲ့သူတွေကို အနိုင်ကျင့်ခဲ့တဲ့အကုသိုလ်ကြောင့် ကပိလ ဝတ်က အပြန်မှာ အစိရဝတီမြစ်ထဲက သောင်ပေါ်မှာ ညအိပ်နေတဲ့အချိန် မြစ်ရေတွေ ရုတ်တရက် ဒလဟောတက်လာတာကြောင့် မြစ်ရေထဲမျော ပါပြီး အားလုံးနီးပါး သေကြရတယ်၊ ဒီအဖြစ်ဆိုးတွေဟာ အန္ဓပုထုဇဉ်ဖြစ် တဲ့ ကောသလမင်းကြီး ဗုဒ္ဓစကားကို နားလည်အောင်နာယူပြီး ပြုပြင် သင့်တာကို မပြုပြင်ပဲ ထင်ရာလုပ်ခဲ့တဲ့ စနက်ဆိုးကြောင့်ပဲ"

"ကောသလမင်းဟာ အစားကြီးတဲ့နေရာမှာလည်း သမိုင်းတွင်ခဲ့ တယ်၊ သူထမင်းတစ်ခါစားရင် ဆန်တစ်စိတ်ချက်ကုန်တယ်၊ ထမင်းတောင် ဆန်တစ်စိတ်ချက်ကုန်မှတော့ ဟင်းကလည်း ထမင်းနဲ့လိုက်အောင် ဆိတ်တစ် ကောင်ချက်တော့ အသားလေးကုန်မှာပေါ့၊ ဒါ့ကြောင့် သူ့ရဲ့ ခန္ဓာကိုယ်ကြီးဟာ အခုခေတ် ဆူမိုနပမ်း သမားတွေလို ကြည့်လို့မကောင်း ရှုလို့မကောင်းအောင် ဆူဖြိုးနေတာပေါ့"

"ထမင်းစားပြီးစ ဘုရားကျောင်းတော်ရောက်သွားပြီဆိုရင် ဘုရား ဟောတဲ့တရားကို ကောင်းကောင်းမနာနိုင်ဘူး၊ ထမင်းဆီရစ်ပြီး ဣန္ဒြေ ပျက် လောက်အောင် ငိုက်မြည်းတော့တာပေါ့၊ ဘုရားရှင်ရှေ့မှာ လှဲချပြီး မအိပ်မိ အောင် မနည်းထိန်းနေရတာပေါ့၊ ဒါကို သိမြင်တော်မူတဲ့ ဘုရားရှင်က ကောသလမင်းကြီးကို ထူးထူး ခြားခြား အစာနဲ့ပတ်သက်တဲ့ တရားတစ်ပုဒ် ကို ဟောပေးလိုက်တယ်၊ အစားစားသူတိုင်း သိသင့်ကျင့်သုံးသင့်တဲ့ တရား တစ်ပုဒ်ပေါ့"

"စိတ်ဝင်စားစရာပဲ အမိန့်ရှိပါဘုရား"

"ဗုဒ္ဓဟောကြားပေးတဲ့ ဂါထာက –

မနုဇဿ သဒါ သတိမတော၊

www.burmeseclassic.com

www.burmeseclassic.com



မတ္တံ့ ဈာနတော လဒ္ဓဘောဇနံ။
တနုကဿ ဘဝန္တိ ဝေဒနာ၊
သဏိကံ ဇီရတိ အာယုပါလကံ– တဲ့။

"အမိပ္ပာယ်က အစားအစာကို နှိုင်းချိန်မှုမရှိဘဲ အစားဖို့ အသက်ရှင်နေတာ ဆိုတဲ့စိတ်မျိုးနဲ့ တအားစားသူများဟာ ရောဂါ အများကြီး ဖြစ်တယ်၊ ဖြစ်လိုက်ရင် အကြာကြီး ခံရတယ်၊ ရုပ် ကျပြီး အိုလွယ်တယ်၊ အသက်တိုတယ်တဲ့၊ အကယ်၍ အသက်ရှင်ဖို့ရာ အစားစားတာပါလား ဆိုတဲ့စိတ်နဲ့ ချင့်ချိန်ပြီး စားမယ်ဆိုရင် ရောဂါအဖြစ်နည်းမယ်၊ ဖြစ်ရင်လည်း ခဏပဲခံရမယ်၊ အရွယ်တင် မယ်၊ အသက်ရှည်မယ်တဲ့"

"အားဖြစ်တဲ့အစာ၊ ကြေလွယ်တဲ့အစာ၊ အဆီအဆိမ့်နည်းတဲ့ အစာတွေကို အချိန်မှန်စားမယ်ဆိုရင် ရောဂါတော်တော်နဲ့မဖြစ်ပါဘူး၊ ဒီဂါထာလေးကို မင်းချင်းတစ်ယောက်က အရကျက်ပြီး ကောသလမင်းကြီး ထမင်းစားပြီးခါနီးတိုင်း ရွတ်ရွတ်ပေးရတယ်၊ အဲဒီမှာတဖြည်းဖြည်းချင်း အစားကို လျှော့လျှော့စားလာလိုက်တာ နောက်ဆုံးတစ်ခါစား တစ်စိတ်ချက်ကနေ တစ်စလယ်ချက်ထိ လျှော့ချသွားနိုင်တယ်"

"အသဒိသဆွမ်းအလှူကြီးကို လှူတာ၊ ကျောင်းဆောင်ကြီး ဆောက်လှူတာ၊ သံဃာငါးရာနေ့စဉ်ဆွမ်းကျွေးဖြစ်အောင်ကြိုးစားတာတွေဟာ ရမ်းလုပ်ရင်း မှန်သွားတဲ့ ကုသိုလ်တွေပေါ့၊ အခုတစ်ခါ ရမ်းလုပ်ရင်းမှားသွားတဲ့ အကုသိုလ်တွေကို ပြောကြဦးစို့၊ တစ်ခါတော့ သာဝတ္ထိက တရားသူကြီးတွေဟာ အမှုတစ်ခုကို မတရားစီရင်ဆုံးဖြတ်ပေးပြီး လာဘ်စားလိုက်တယ်၊ မှန်ရက်သားနဲ့ ရှုံးသွားတဲ့အမှုသည်က စစ်သူကြီးဗန္ဓုလထံ ဝင်ပြီး တင်ပြတယ်"

"ဗန္ဓုလက သေသေချာချာစစ်ဆေးပြီး အမှုမှန်အတိုင်း ဆုံးဖြတ်ပေးလိုက်လို့ တစ်ပြည်လုံးက ကောင်းချီးပေးကြတယ်။ ဒီဖြစ်ရပ်ကို ကောသလမင်းကြီး သိသွားတဲ့အခါ ဗန္ဓုလကို တရားသူကြီးရာထူးပါ ထပ်ပေးလိုက်

www.burmeseclassic.com



တယ်။ လက်ရှိ တရားသူကြီးအမတ်တွေက အမှုတွေ မကိုင်ရတော့ လာဘ်လာဘတွေ ပိတ်သွားတယ်။ ဒါကြောင့် ဗန္ဓုလအပေါ် ရန်ငြိုးဖွဲ့ပြီး ဘုရင့်ထံမှာ ကုန်းချောကြတယ်"

"ဗန္ဓုလနဲ့ သူ့သား ၃၂–ယောက်တို့ဟာ မင်းအာဏာကိုလုရအောင် အားထုတ်နေပါတယ်လို့ ကုန်းချောလိုက်တာနဲ့ ကောသလမင်းဟာ သေချာလေ့လာ စူးစမ်းခြင်းမပြုဘဲ ခေါင်းဖြတ်သတ်ခိုင်းပစ်လိုက်တယ်"

ငါးပါးသီလ မှာ မုသာဝါဒတင်ပါတော့ တစ်ချို့က လိမ်သာမပြော ရတာ ကုန်းတိုက်တဲ့ စကား ပိသုဏဝါစာတို့၊ ရန့်ရင်းကြမ်းတမ်း တဲ့စကား ဖရုသဝါစာတို့၊ အကျိုးမရှိ အနှစ်သာရမရှိတဲ့စကား သမ္ဖပ္ပလာပဝါစာတို့ကိုတော့ ပြောကောင်းတယ်လို့ ထင်နေတတ်တယ်၊ အမှန်က မုသာဝါဒထဲမှာ ကျန်တဲ့သုံးပါးက အကုန်ဝင် သွားတယ်၊ ငါးပါးသီလကို လုံခြုံအောင် စောင့် ပါတယ် ဆိုရင် မုသာဝါဒ တင်မကဘူး၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာတို့ကိုပါ ရှောင်ရမှာ"

ဘာ့ကြောင့်လဲဆိုတော့ ပိသုဏဝါစာတို့၊ ဖရုသဝါစာတို့၊ သမ္ဖပ္ပ–လာပဝါစာတို့ကို ပြောရင်လည်း မုသာဝါဒကပါသွားလို့ပဲ၊ ခုပဲကြည့်လေ၊ တရားသူကြီးတွေက မင်းထံကုန်းချောတဲ့ အခါ ဗန္ဓုလနဲ့သူ့သားတွေ မင်း အာဏာ လုရအောင် မကြိုးစားဘဲနဲ့ ကြိုးစားပါတယ်လို့ ကုန်းတိုက်တာဟာ လိမ်တာပဲ။

ဒါက ကောသ လမင်းကြီး ပါဏာတိပါတကံကို လက်ရဲဇက်ရဲ ကျူးလွန်ပုံပေါ့"

"တစ်ခါတော့ သူတိုင်းခန်းလှည့်လည်ရင်း အမျိုးသမီး တစ်ယောက်ကိုတွေ့ ပြီး သဘောကျသွားတယ်၊ တော်ကောက်မယ်ဆိုပြီး စုံစမ်းခိုင်းလိုက်တော့ "သာမိက"ပိုင်ရှင်လင်ယောကျ်ားရှိနေတယ်၊ ကာမတဏှာက နှိပ်စက်နေပြီဆိုတော့ အဲဒီည ကောသလမင်းကြီး အိပ်မရတော့ဘူး၊ အဲဒီ အမျိုးသမီးကို ဘယ်လိုရအောင် မတရားယူရမလဲဆိုတာကို တစ်ညလုံး

www.burmeseclassic.com

www.burmeseclassic.com



တွေးနေတယ်၊ ဒါကို အဘိဇ္ဈာမနောဒုစရိုက်လို့ခေါ်တယ်"

"ဝစီဒုစရိုက်နဲ့၊ ကာယဒုစရိုက်ဆိုတာ မနောဒုစရိုက် ကနေ သွားတာ၊ စိတ်ကကြံပြီးမှ ပါးစပ်ကလည်းပြောတာ၊ ကိုယ်က လည်း ပြုလုပ်တာ၊ ဒါကြောင့် တကယ့်သူတော်ကောင်းဖြစ်ချင်ရင် သီလ နဲ့တင် ရောင့်ရဲ မနေရဘူး၊ စိတ်မှာ မနောဒုစရိုက်တွေ မဖြစ် အောင် ဘာဝနာတစ်ခုခုကို အိပ်ပျော်ချိန်မှတစ်ပါး အမြဲပွားများ နေသင့်တယ်"

"ကိုယ်နဲ့နှုတ်ကပါ ကျူးလွန်လာတဲ့ ဝီတိက္ကမကိလေသာကို သီလနဲ့ သတ်ရတယ်၊ စိတ်တွင်းမှာ ထကြွသောင်းကျန်းလာတဲ့ ပရိယုဋ္ဌာန ကိလေ သာကိုတော့ ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာနုဿတိစတဲ့ သထမ ဘာဝနာ တစ်ခုခုပွားပြီး သတ်ရတယ်၊ အကြောင်းမတိုက်ဆိုင်ရင်တော့ မရှိသလို ဖြစ်နေပေမယ့် အကြောင်း တိုက်ဆိုင်တဲ့အခါမှာ ပေါ်လာတတ်တဲ့၊ အနုသယကိလေသာကိုတော့ ဝိပဿနာ ဘာဝနာပွားမှရလာတဲ့ မဂ်ဉာဏ်နဲ့ သတ်ရတယ်"

"ကိလေသာသုံးမျိုးကို အကြောင်းအကျိုး ခွဲလိုက်တဲ့အခါ အနုသယ ကိလေသာအကြောင်းပဲ၊ ပရိယုဋ္ဌာနကိလေသာနဲ့ ဝီတိက္ကမကိလေသာက အကျိုးပဲ၊ သစ်သားမီးခြစ်ဗူးကို မီးခြစ်ဆံနဲ့မီးခြစ်လိုက်တဲ့အခါ မီးခြစ်ဆံမှာ မီးတောက်လေး စွဲလောင်လာတယ်၊ အဲဒီမီးတောက်လေးဟာ မီးခြစ်ဗူး မှာလည်းမရှိဘူး၊ မီးခြစ်ဆံမှာလည်း မရှိဘူး၊ ဒါပေမယ့် မီးခြစ်ဗူးမှာရှိတဲ့ ယမ်းပြားရယ်၊ မီးခြစ်ဆံမှာရှိတဲ့ ယမ်းဖုလေးရယ် ထိခိုက်မိရင်တော့ ပေါ် လာတာပဲ၊ အနုသယကိလေသာဟာ အဲဒီ သဘောနဲ့တူတယ်၊ မျက်စိ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အခံဓာတ်ခြောက်ပါးခေါ် ဒွါရခြောက်ပါး နဲ့၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံ (မွှောရုံ) ဆိုတဲ့ အတိုက်ဓာတ် ခြောက်ပါးခေါ် အာရုံခြောက်ပါးနဲ့ တိုက်တဲ့ အခါကျမှသာ ပေါ်လာတတ်တာ"

"သီရိလင်္ကာမှာ သာသနာ ထွန်းကားခဲ့စဉ်က စာတတ်ပေတတ် ရဟန်း

www.burmeseclassic.com



ဘိညာဉ်ရမထေရ်ကြီးတစ်ပါးဟာ ဝိပဿနာတရားတွေ ဟောကြား ပြသ ပေးနေလိုက်တာ၊ သူဟောကြားပြသတဲ့အတိုင်း လိုက်နာကျင့်သုံးကြလို့ တပည့် ရဟန်းပေါင်းသုံးသောင်းကျော်လောက် ရဟန္တာဖြစ်သွားကြတယ်၊ ဒီအချက်ကို ကြည့်ပြီး.....။

တရားပြသူဟာ ရဟန္တာ မဟုတ်သော်လည်း ပိဋကတ် စာပေ ကျွမ်းကျင်ပြီး ဘုရားဟောအတိုင်း ပြသနိုင်ရင် လိုက်သာ ကျင့်၊ အမှားမရှိဘူး"

"ဟောသူ၊ ပြသသူက အချိန်မကျသေးလို့ မဂ်ဖိုလ်မရ သေးပေမယ့် နာကြားသူ၊ ကျင့်သုံးသူက အချိန်ကျနေရင် မဂ်ဖိုလ် ကို ရသွားမှာပဲ၊ တစ်ခု သတိထားရမှာက ပိဋကတ်စာပေလည်း တစ်လုံးမှမတတ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်လည်း ဘာမှမရသေးပဲနဲ့ ဘေးတီးကောင်းတာနဲ့ ရဟန္တာလို့ နာမည်ကြီးတဲ့ ကိုယ်တော်ကြီး တွေဆိုရင်တော့ သတိသာထားတော့ မဂ်ဖိုလ် ရဖို့ကတော့ မသေ ချာဘူး၊ သေဖို့နဲ့ရောဂါဖြစ်ပြီး ဆေးရုံတင်ရဖို့ကတော့ သေချာ တယ်"

"ဘိုကလေးမြို့နယ်ထဲက ရွာတစ်ရွာမှာ ရဟန္တာလို့ နာမည် ကြီးပြီး ဘာစာမှမတတ်တဲ့ ကိုယ်တော်ကြီး တစ်ပါးလာပြီး တော့ တရားစခန်းဖွင့်တာ လူငယ်လေးနှစ်ယောက်မှာ သူပြောတဲ့ အတိုင်း နင်းကန်ရှုရှိုက်လုပ်လိုက်တာ တစ်ယောက်က နှလုံးရပ်တ တရက် ရပ်ပြီး သေသွားတယ်၊ တစ်ယောက်ကတော့ ဆေးရုံကို အရေး ပေါ် တင် လိုက်ရတယ်၊ အတ္တကိလမထနဲ့ ကာမသုခလ္လိ ကကိုတောင် မသိဘဲနဲ့ တရားပြနေရင် ဘယ်မှာအမှန်ကို ရောက်နိုင် တော့မလဲ"

"တပည့်တော်ကလည်း သက်န်းဝတ်ပြီးရင် ဝိပဿနာဘာဝနာကို ထိထိရောက်ရောက်ပွားများမှာဆိုတော့ ဒီအချက်တွေကို သတိထားရ မယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အခု သီရိလင်္ကာက မထေရ်ကြီးကတော့ သူကိုယ်တိုင် မဂ်ဖိုလ်ကို မရသေးပေမယ့်လို့ ပိဋကတ်စာပေတွေတတ်ကျွမ်းတော့ ဘုရားဟောအတိုင်း မှန်ကန်အောင်ပြနိုင်လို့ တပည့်တွေအားလုံး ရဟန္တာဖြစ်ကြတာပါ၊ သူကတော့ ချာန် အဘိညာဉ် ဝင်စားနေတဲ့အချိန်ကမျှားတော့ အကြောင်းတိုက်ဆိုင်ရင် ပေါ်လာမယ့် အနုသယကိလေသာတွေဟာ ချာန်သမာပတ်ရဲ့ဖိအားကြောင့် ပရိယုဋ္ဌာနအဆင့်ထိအောင် ထကြွခွင့်မရတာဟာ နှစ်ပေါင်းခြောက်ဆယ်နီးပါး ရှိသွားတော့ မထေရ်ကြီးဟာ သူ့ကိုယ်သူ ကိလေသာ ကုန်ခန်းနေတဲ့ ရဟန္တာလို့ ထင်သွားတာပေါ့"

"ဒီအချိန်မှာ သူ့ရဲ့တပည့်ဖြစ်ခဲ့ဘူးတဲ့ ဆဋ္ဌာဘိညရဟန္တာတစ်ပါး ဖြစ်တဲ့ ဓမ္မဒိန္နမထေရ်က ငါရဲ့ဆရာဟာ သက်တော်ရှစ်ဆယ် ဝါတော် ခြောက်ဆယ်တောင် ရနေပြီ။ ငါသာအသိမပေးရင် ပုထုဇဉ်အဖြစ်နဲ့ ပျံတော်မူရလိမ့်မယ်လို့ တွေးမိတဲ့အတွက် ဆရာကိုကျေးဇူးဆပ်ရအောင် ကြွလာတယ်"

"တွေ့ကြတဲ့အခါ ဆရာတော်ကြီးအား ကြီးမားတဲ့ကြာပန်းပွင့်ကြီး တစ်ပွင့်ပေါ်မှာ ၁၆–နှစ်အရွယ်အလွန်လှပတဲ့ မိန်းကလေးတစ်ယောက် က,ခုန်နေတဲ့ ပုံသဏ္ဍာန်ကို ဖန်ဆင်းပြခိုင်းပြီး မထေရ်ကြီးကိုလည်း စူးစိုက်ကြည့်နေဖို့ တိုက်တွန်းတယ်၊ သက်တော်ရှစ်ဆယ်ကျော် မထေရ်ကြီးဟာ သူကိုယ်တိုင် အဘိညာဏ် တန်ခိုးနဲ့ဖန်ဆင်းထားတဲ့ မိန်းကလေးကို ကြည့်နေရင်းပဲ ကာမတဏှာတွေ ထကြွလာတာကို သတိထားမိသွားတယ်"

"ဒီအခါကျမှ သူရဟန္တာမဖြစ်သေးကြောင်းသိသွားပြီး ဓမ္မဒိန္န မထေရ်ထံမှ ကမ္မဋ္ဌာန်းရှုနည်းပြန်တောင်းပြီး ရှုပွားလိုက်တာ ခဏအတွင်းမှာပဲ ရဟန္တာ ဖြစ်သွားပါတယ်၊ ဒါကြောင့် တရားကို နှစ်များစွာ ရှုပွားနေတဲ့ ရဟန်းယောဂီ၊ လူယောဂီများဟာ မိမိဘယ်မဂ်ကိုရတယ်၊ ဘယ်ကိလေသာ ကွာတယ်ဆိုတာ သိချင်ရင် ဝိပဿနာမရှုပဲ အာရုံနဲ့ ဒွါရကို တိုက်ဆိုင်ပေး ကြည့်ရတယ်"

"ဒိဋ္ဌိ၊ ဒေါသ၊ လောဘစတဲ့ ကိလေသာတွေ ဖြစ်ပေါ်သင့်တဲ့ အာရုံနဲ့ တွေ့ပါလျက် မဖြစ်ပေါ်တော့ဘူးဆိုရင် အဲဒီကိလေသာတွေ ကိုယ့်သန္တာန်မှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူးဆိုတာ သိနိုင်တာပေါ့၊ ဒါကလည်း နှစ်အတော်ကြာအောင် အကြိမ်ကြိမ် စမ်းကြည့်မှ သိနိုင်တယ်၊ ကဲ–ကောသလမင်းကြီးရဲ့ ပရိယုဋ္ဌာန ကိလေသာ အကြောင်းကို ဆက်ကြရ အောင်၊ သူတစ်ပါး မယားကို မတရား သိမ်းပိုက်ချင်တော့ လင်ဖြစ်သူ ကိုပရိယာယ်နဲ့ ဘယ်လိုသတ်ရမလဲ ဆိုတာ ကိုပါ သူ ဆက်တွေးနေတယ်"

"အဲဒီအချိန်မှာပဲ မြေကြီးအောက်ထဲက ဒု၊ သ ၊ န၊ သော ဆိုတဲ့ အသံနက်ကြီး လေးသံထွက်လာလို့ ကောသလမင်းကြီးလန့်သွားပြီး ဆက် မအိပ်နိုင်တော့ပဲ မိုးလင်းသွားတယ်၊ မနက်ကျတော့ ညီလာခံခေါ်ပြီး ဗေဒင် ဟူးရားတွေကို မေးကြည့်တဲ့အခါ မင်းကြီးအတွက် အသက်အန္တရာယ် ဖြစ်တယ်၊ ဒါ့ကြောင့် ယောကျ်ားပျိုတစ်ရာ၊ မိန်းမပျိုတစ်ရာ၊ မြင်းတစ်ရာ၊ ဆင်တစ်ရာတို့ရဲ့ လည်ပင်းကိုဖြတ်ပြီး ယဇ်ပူဇော်ရင် မင်းကြီး အသက်ဘေး က လွတ်မယ်လို့ ယတြာချေခိုင်းလိုက်သတဲ့"

"ဒါဘယ်လိုမှ မဖြစ်နိုင်ဘူးလို့တပည့်တော်ယူဆတယ် ဆရာတော်"

"အေး–ဘယ်အချက်ကြောင့် ဒီလိုပြောနိုင်တာလဲ"

"ကမ္မဿကတာသမ္မာဒိဋ္ဌိအကြောင်းကို ဆရာတော်ရှင်းပြခဲ့စဉ်က လူချင်းတူပါလျက် အချို့အသက်တိုကြတာဟာ သူတစ်ပါးရဲ့အသက်ကို သတ်ခဲ့လို့ဖြစ်တယ်၊ အသက်ရှည်ကြတာဟာ သူတစ်ပါးအသက်ကို သတ် ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့လို့ ဖြစ်တယ်လို့ပါတယ်ဘုရား။ ဒါ့ကြောင့် သူတစ် ပါးအသက်ကိုသတ်ပြီး ယတြာချေမယ်ဆိုရင် မိမိအသက်ဟာ ပိုရှည်မလာ နိုင်တဲ့အပြင် ပိုတိုလာဖို့ပဲရှိတယ်ဘုရား"

"မင်းက မနေ့တစ်နေ့ကမှ ဗုဒ္ဓဘာသာဖြစ်လာပေမယ့် နှစ်ပေါင်း များစွာ ဗုဒ္ဓဘာသာဖြစ်နေကြတဲ့ အိန္ဒိယနိုင်ငံက ကောသလမင်းကြီးတို့၊ မြန်မာနိုင်ငံက မင်းတုန်းမင်း၊ သီပေါမင်းတို့ထက် ကမ္မဿကတာသမ္မာ ဒိဋ္ဌိဉာဏ်အလင်း ပိုရှိပါတယ်လို့ ချီးကျူးလိုက်ပါတယ်"

"မင်းတုန်းမင်းတို့၊ သီပေါမင်းတို့လည်း ကောသလမင်းကြီးလို လူတွေသတ်ပြီး ပူဇော်ဖို့လုပ်ဖူးသလားဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အီး၊ စီ၊ ဗွီ၊ ဖူးလ်ကား အင်္ဂလိပ်လိုရေးပြီး မောင်ကျောက်တိုင် ဘာသာပြန်တဲ့ ရတနာပုံခေတ် ကျွန်နိဒါန်းစာအုပ် စာမျက်နှာ ၅၀–မှာ ဗေဒင်ဆရာ ပုဏ္ဏားတွေရဲ့ အကြံပေးချက်အရ ရတနာပုံ နန်းမြို့ အုတ်မြစ်ချတဲ့အခါ နန်းသက်ရှည်စေဖို့ဆိုတဲ့ ရည်ရွယ် ချက်နဲ့ လူ ၅၂–ယောက်ကို စတေးခဲ့သတဲ့၊ သီပေါမင်း လက်ထက် မှာလည်း မြို့မှာ ကျောက်ရောဂါတွေဖြစ်လို့ ရပ်သွားအောင်ဆို ပြီး လူတစ်ရာကို ထပ်ပြီး စတေးခဲ့သေးသတဲ့"

"ဟာ–တော်တော် အဓိပ္ပာယ်မရှိတဲ့ အလုပ်ပဲ ဆရာတော်"

"သူတို့လည်း ဘုရားစကားထက် ဗေဒင်ဆရာရဲ့စကားကို ပိုနားယောင်တဲ့ မိရိုးဖလာဗုဒ္ဓဘာသာတွေကိုးကွ၊ ထင်ရာလုပ်ကြမှာပဲ၊ မြန်မာဘုရင်အဆက်ဆက်ဟာ ဗုဒ္ဓပေးတဲ့ ဒါန၊ သီလ၊ ဘာဝနာယတြာထက် ဗေဒင်ဆရာတွေပေးတဲ့ ယတြာတွေကို ပိုပြီး အလေးထားကြတယ်"။

တစ်ခုတော့ ရှိတယ်၊ အင်္ဂလိပ်သမိုင်း ဆရာတွေဟာ မြန်မာဘုရင်တွေကို အထင်သေးအောင်၊ သူတို့အင်္ဂလိပ်တွေကို အထင်ကြီးအောင် ဘက်လိုက်ပြီး ရေးတတ်တယ်"

"ဒါကြောင့် သူတို့ရေးတိုင်းတော့ ယုံလို့မဖြစ်ဘူး၊ တခြားသမိုင်း ရာဇဝင်စာအုပ်တွေနဲ့ တိုက်ကြည့်ပြီး ချင့်ချိန်ယုံရမှာပေါ့၊ အခုလည်း ကောသလမင်းကြီးက သူ့အသက်မသေပြီးရောဆိုပြီး လူတွေရော၊ တိရစ္ဆာန်တွေရော သတ်ရအောင် ဖမ်းခိုင်းတော့ တစ်ပြည်လုံး ငိုကြွေးသံတွေနဲ့ ညံသွားတာပေါ့၊ အကြောင်းစုံ သိသွားတဲ့ မလ္လိကာမိဖုရားက ဗေဒင်ဆရာတွေရဲ့ စကားကို မယုံကြည်ပဲ ဗုဒ္ဓစကားကိုသာ ယုံကြည်ဖို့ ပြောဆိုစည်းရုံးပြီး ကျောင်းတော်ကိုခေါ် သွားလို့ ဒီပြဿနာဟာ အေးငြိမ်းသွားတယ်"

"ဗုဒ္ဓက ဘယ်လိုဖြေရှင်းပေးလိုက်သလဲဘုရား"

"ဒု၊ သ၊ န၊ သောဆိုတဲ့ အသံလေးမျိုးဟာ လူ့ဘဝတုန်းက သူ တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မယားတွေ၊ သမီးပျိုတွေကို ဖျက်ဆီးခဲ့တဲ့ သူဌေးသားလေး ယောက် လောဟကုမ္ဘီ ငရဲအိုးက အော်လိုက်တဲ့အသံများသာဖြစ်ကြောင်း၊ မင်းကြီးရဲ့ အသက်အန္တရာယ်နဲ့ ဘာမှမဆိုင်ကြောင်းပြောပြလိုက်တော့ ကောသလမ်း ကြီး အနေနဲ့ ပါဏာတိပါတာကံတွေကို မပြုဖြစ်တော့သလို ကာမေသုမိစ္ဆာ စာရ အကြံတွေလည်း ရပ်တန်းက ရပ်သွားတာပေါ့” ဒါက ကောသလမင်း ကြီး ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ဖို့ ကြိုးစားခဲ့ပုံပေါ့။

“အန္ဓပုထုဇဉ် ကောသလမင်းကြီးရဲ့ အဆိုးဆုံးအပြုအမူတစ်ခု ကတော့ တိတ္ထိဆရာကြီးတွေဆီက ငွေတစ်သိန်းလာဘ်စားပြီး ဇေတဝန် ကျောင်းတော်ရဲ့ ဘေးနားမှာ တိတ္ထိကျောင်းကြီး တစ်ကျောင်းကို ဆောက် လုပ်ခွင့် ပေးခဲ့တာပဲ”

“အံ့သြစရာပါလား ဆရာတော် ၁၄– ကုဋေကုန် အသဒိသဒါန၊ ဆွမ်း ကျွေးပွဲကြီးကိုတော့ပြုခဲ့ပြီး အခုတစ်ခါငွေတစ်သိန်းကို မက်တာနဲ့ ဗုဒ္ဓနဲ့ ရဟန္တာ အရှင်မြတ်တွေ စိတ်အနှောင့်ယှက်ဖြစ်စေမယ့် အလုပ်မျိုးကို ဒီဘုရင် မို့ လုပ်ရဲတယ်ဘုရား”

“အန္ဓပုထုဇဉ် မှန်သမျှ ဒီအတိုင်းချည်းပဲ၊ ဒါကြောင့် အန္ဓပုထုဇဉ် ဘဝ က လွတ်ဖို့အတွက် သစ္စာလေးပါးကို ခန္ဓာသိနဲ့သိအောင်ကြိုးစား ကြရတာ ပေါ့၊ အယူအဆမတူတဲ့တိတ္ထိတွေ ကျောင်းဘေးနားကပ်ရောက် လာပြီးနေ ကြတော့ ဗုဒ္ဓနဲ့ရဟန္တာအရှင်မြတ်တွေမှာ စိတ်အနှောင့်အယှက် ဖြစ်ကုန်တာ ပေါ့”

“ဒါနဲ့ တိတ္ထိတွေက တခြားကျောင်းဆောက်စရာနေရာတွေ အများ ကြီးရှိပါလျက်နဲ့ ဇေတဝန်ကျောင်းနားက နေရာကိုမှ ဘာ့ကြောင့် သဘောကျ နေကြတာလဲဘုရား”

“အယူအဆ လွဲနေကြလို့ပေါ့၊ ဗုဒ္ဓနဲ့ရဟန္တာ အရှင်မြတ်များရဲ့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကြောင့် သာသနာပြုလုပ်ငန်းကြီး အောင်မြင် နေရတာကို တိတ္ထိတွေက ဇေတဝန်ကျောင်းဆောက်ထားတဲ့ မြေနေရာကြောင့် လို့ ယူဆကြတယ်။ ဒါ့ကြောင့် သူတို့လည်း ဇေတဝန်ကျောင်းမြေနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောက်နေရရင် ဘုန်းကံကြီးမှာပဲဆိုတဲ့ အတွေးနဲ့ ဘုရင်ကို လာဘ်ထိုးပြီး ကျောင်းလာဆောက်တာပဲ"

"ဗုဒ္ဓရဲ့ အဖွဲ့ အစည်းနဲ့ တိတ္ထိအဖွဲ့ အစည်းတွေဟာ အယူအဆတင် မတူတာ မဟုတ်ဘူး။ အပြောအဆို အနေအထိုင်ပါ မတူကြဘူး။ ဇေတဝန်ကျောင်းမှာ သံဃာတော်ငါးရာကနေ တစ်ထောင်ထိရှိပေမယ့် ဘာသံမှ မကြားရဘူး။ တိတ်ဆိတ်ငြိမ်သက်မှုကို ဘုရားရှင်အပါအဝင် သူတော်စင်တိုင်း နှစ်သက်တယ်ဆိုတာကို သံဃာတော်တွေက သိထားကြလို့ပဲ။ တိတ္ထိတွေလည်း ရောက်လာရော နေ့ရောညပါ ဆူညံပွက်နေတော့ တိတ်ဆိတ်စွာနေလာခဲ့တဲ့ ဘုရားရှင်နဲ့ သံဃာတော်တွေမှာ ဘယ်နေရထိုင် ရတာ အဆင်ပြေတော့မှာလဲ"

"ဒါကြောင့် ဗုဒ္ဓက တိတ္ထိကျောင်းကို ဇေတဝန်ကျောင်းဘေးက ဖယ်ပေးဖို့ ကောလသမင်းထံ အဂ္ဂသာဝကကြီးနှစ်ပါးကို မေတ္တာရပ်ခံဖို့ လွှတ်လိုက်တယ်။ ကောသလမင်းဟာ သူ့အပြစ်နဲ့သူဆိုတော့ အဂ္ဂသာဝကကြီးနှစ်ပါးကို ထွက်မတွေ့ဘဲ နေတယ်။ ဒီတော့ အဂ္ဂသာဝကကြီးနှစ်ပါးမှာ ပိုပြီးစိတ်အနှောင့်အယှက် ဖြစ်ရတာပေါ့။ ရဟန္တာအရှင်မြတ်ကြီးတွေ စိတ်အနှောင့်အယှက်ပိုဖြစ်လေ ကောသလမင်းကြီးရဲ့ အပြစ်ဟာလည်း ပိုကြီးလာလေပေါ့"

"ပုထုဇဉ်မှန်သမျှ အပြစ်ကျူးလွန်ဖူးကြသူတွေချည်းပါ။ ဒါပေမယ့် လွန်ကျူး မိတဲ့အပြစ်ကို ဝန်ခံပြီး ဖြေဖျောက်လိုက်မယ်ဆိုရင် တစ်ဆ-တည်းနဲ့ပြီးသွားတယ်။ ဝန်မခံဘဲ လိမ်ညာလှည့်ပတ် ရှောင်ရှားနေမယ်ဆိုရင် အပြစ်ဟာ နှစ်ဆတိုးသွားတယ်ဆိုတာကို ကောသလမင်းကြီး အဖြစ်ကို ကြည့်ပြီး ပုထုဇဉ်တိုင်း သင်ခန်းစာ ယူသင့်တယ်"

"အဂ္ဂသာဝကကြီးနှစ်ပါးကို အတွေ့မခံဘဲ လှည့်ပတ်နေတယ်ဆိုတော့ နောက်ဆုံး ဗုဒ္ဓကိုယ်တိုင် ကောသလမင်းကို သွားတွေ့ပြီး ဆုံးမစကား ဟောကြားရတယ်။ အဲဒီတော့မှ ကောသလမင်းဟာ တိတ္ထိတွေဆီက ယူထားတဲ့ ငွေတစ်သိန်းကို ပြန်ပေးပြီး ကျောင်းကိုဖျက်ခိုင်းလိုက်တယ်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်တွေကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိတဲ့ အကုသိုလ်က ဖြစ်ပြီးသွားပြီ"

"ဒီလို ဗရုတ်သုတ်ခတွေ လျှောက်လုပ်နေလို့ ကောသလမင်းကို အသက်အရွယ် ငယ်သေးတယ်လို့ ထင်မနေနဲ့ ဒီအချိန်မှာ သူ့အသက်ဟာ ၇၀–ဝန်းကျင် ရှိနေပြီ။ သူဟာ ဘုရားရှင်နဲ့ သက်တူရွယ်တူပဲ။ ဘုရားရှင်နဲ့ ရဟန္တာတွေ ကောင်းကောင်းမနေရအောင် နှောင့်ယှက်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ကောသလမင်းကြီးဟာ သေတဲ့အခါ ကောင်းကောင်းမသေရပဲ ခွေးသေဝက်သေ အခြေအနေမဲ့ဘဝနဲ့ သေခဲ့ရတယ်"

"ဘယ်လိုသေသွားရတာလဲဘုရား"

"တစ်ခါတော့ စစ်အင်္ဂါလေးပါးခြံရံပြီး ဘုရားကျောင်းတော်ကို ရောက်သွားတယ်။ ဘုရားရှင်ရှေ့ဝင်ခါနီးကျတော့ မင်းမြောက်တန်ဆာငါးပါးကိုချွတ်ပြီး ဗန္ဓုလရဲ့တူတော်တဲ့ စစ်သူကြီး ဒီဃကာရာယဏအား ခေတ္တစောင့်ရှောက်ဖို့ ပေးထားလိုက်တယ်။ အပြစ်မဲ့တဲ့ ဦးလေးဖြစ်သူ ဗန္ဓုလကိုသတ်တဲ့အတွက် ကောသလမင်းအပေါ် မကျေမနပ်ဖြစ်နေတဲ့ ဒီဃကာရာယဏဟာ ရလာတဲ့အခွင့်အရေးကို အပြည့်အဝအသုံးချလိုက်တယ်"

"သူ့လက်မှာ ရောက်လာတဲ့ မင်းမြောက်တန်ဆာငါးပါးနဲ့ သာကီဝင်တွေကို သတ်ဖို့အတွက် မင်းအလွန်ဖြစ်ချင်နေတဲ့ ဝိဋ္ဋူဘကို မင်းမြှောက်ပေးလိုက်ပြီး နန်းတော်ကို စစ်တပ်အလုံးအရင်းနဲ့ပြန်သွားကြတယ်၊ ကောသလမင်းအတွက် မြင်းတစ်ကောင်နဲ့ ကျွန်မ တစ်ယောက်ကို ပဲထားခဲ့တယ်၊ ဘုရားရှင်ကို ဖူးမြော်ပြီး ကျောင်းတော်အပြင်ကို ရောက်တာနဲ့ ကောသလမင်းဟာ သူ့မင်းအဖြစ်က လျောကျသွားပြီဆိုတာကို သိလိုက်တယ်"

"ဒါကြောင့် တူတော်တဲ့ အဇာတသတ်မင်းကို အကူအညီတောင်းပြီး သာဝတ္ထိရွှေနန်းကို ပြန်တိုက်ယူမယ်ဆိုတဲ့အကြံနဲ့ ရာဇဂြိုဟ်ကို ထွက်သွားတယ်၊ ရာဇဂြိုဟ်မြို့ရောက်တော့ မိုးချုပ်နေပြီဖြစ်လို့ မြို့တံခါးကြီးဟာ ပိတ်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ ဒါ့ကြောင့် မြို့ပြင်က ဇရပ်ပျက်ထဲမှာ မိုးမလုံ၊ လေမလုံနဲ့ ဆင်းရဲစွာ အိပ်ရတယ်၊ အသက်အရွယ် ကြီးရင့်တဲ့ ဇရာရဲ့ဒဏ်၊ ကြမ်းတမ်းတဲ့ ရာသီဥတုရဲ့ဒဏ်၊ မင်းအဖြစ်ကို ဆုံးရှုံးရတဲ့ သောက(ဒေါသ)ဒဏ်တွေ ပေါင်းနှိပ်စက်လိုက်တာ အဲဒီညမှာပဲ ဇရပ်ပျက်ထဲမှာ သေဆုံးသွားတယ်"

"ဝိပဿနာဉာဏ်အမြင်မရှိတဲ့ အန္ဓပုထုဇဉ်ဘဝမှာ အေးကွက် ရယ်လို့ တစ်ချိန်မှမရှိဘူး၊ အခု ကောသလမင်းကြီးကိုပဲကြည့် မင်းဖြစ်နေစဉ် အချိန်တုန်းကလည်း ဝိဋူဍဘထူးကို ဘယ်သူများ လာလုမလဲဆိုတဲ့ သောက (ဒေါသ) အပူမီးက မင်းဘဝတစ်လျှောက်လုံး လောင်နေတယ်၊ ဒီသောက မီးကြောင့်ပဲ အပြစ်မရှိတဲ့ ဗန္ဓုလနဲ့ သား ၃၂-ယောက်ကို သတ်ခဲ့မိတာပေါ့"

"အခုတစ်ခါ မင်းအဖြစ်ကိုလည်းစွန့်လွှတ်လိုက်ရရော ဒီမင်း အဖြစ်ကို မရ/ရအောင်ပြန်ယူချင်တဲ့ လောဘမီးက လောင်ပြန်တာပဲ၊ အခု သေတော့လည်း အဲဒီလောဘမီး၊ ဒေါသမီးတစ်ခုခုကြောင့် သေရမှာဆိုတော့ အပါယ်လေးဘုံ တစ်ဘုံဘုံရောက်မှာတော့ သေချာသလောက်ပါပဲ"

"အန္ဓပုထုဇဉ်အဖြစ်ဟာ တော်တော်ဆိုးပါလားဆရာတော်၊ ကလျာဏ ပုထုဇဉ်ဘဝလောက်ဆိုရင်တော့ မဆိုးဘူးထင်တယ်"

"ကလျာဏပုထုဇဉ်ဆိုတာက ရုပ်တွေ၊ နာမ်တွေကို တတ်ကျွမ်းနားလည်တဲ့ သူတော်ကောင်းပုထုဇဉ်မျိုးကိုပြောတာ၊ ဒါပေမယ့် ပုထုဇဉ်လေးမျိုးခွဲခဲ့တဲ့ နေရာမှာတော့ ဒီကလျာဏပုထုဇဉ်အရ အယောင်ဆောင်သူတော်ကောင်းကိုပဲ ယူရမယ်၊ ဒါမှမဟုတ် သူတော်ကောင်းအတုပေါ့၊ ဗုဒ္ဓရဲ့ ပိဋကတ်စာပေကို လေ့လာသင်ယူခြင်းဟာ သုံးမျိုးရှိတယ်"။

## ပိဋကတ်ကို လေ့လာသင်ယူခြင်းသုံးမျိုး

၁။ ဘဏ္ဍာစိုးအနေမျိုးနဲ့လေ့လာသင်ယူခြင်း။

၂။ သံသရာမှထွက်မြောက်ဖို့ လေ့လာသင်ယူခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ မြေဖြမ်းတဲ့ အလမ္ပယ်ဆရာအနေမျိုး လေ့လာသင်ယူခြင်း–
တို့ပဲ။ဘဏ္ဍာစိုးဟာ ရွှေငွေရတနာတွေကို စောင့်ရှောက်ပေးနေတာဟာ သူ့အတွက် မဟုတ်ဘူး၊ တိုင်းပြည်အတွက်သာ ဖြစ်တယ်၊ ထို့အတူ နောင်ဘဝ မရှိတော့တဲ့ ရဟန္တာအရှင်မြတ်များ ပိဋကတ်စာပေများကို လော့လာသင်ယူ ပို့ချတာဟာ သူ့အတွက်မဟုတ်ဘူး၊ နောင်လာနောင်သား များအတွက် ပိဋကတ် စာပေများ မပျောက်ပျက်အောင် စောင့်ရှောက်ပေးခြင်း သာ ဖြစ်တယ်၊ ဒါ့ကြောင့် ရဟန္တာအရှင်မြတ်များရဲ့ ပိဋကတ်စာပေ လေ့လာသင်ယူခြင်းမျိုးကို ဘဏ္ဍာစိုး အနေမျိုးနဲ့ လေ့လာသင်ယူခြင်းလို့ ခေါ်တယ်"

ရုပ်နာမ်တစ်ခုခု ရှိရင် အိုနာသေ ရှိမယ်၊ အိုနာသေ ရှိရင် ဆင်းရဲတဲ့ ဒုက္ခသစ္စာပဲ၊ ၃၁–ဘုံလုံးမှာ ရုပ်နာမ်နှစ်မျိုးလုံး သော်လည်းကောင်း တစ်မျိုးမျိုးသော်လည်းကောင်း ရှိတဲ့ဘုံချည်းပဲ၊ ဒါ့ကြောင့် အိုနာသေရှိတဲ့ နေရာချည်းဖြစ်လို့ ၃၁–ဘုံလုံးကို ဒုက္ခသစ္စာလို့ခေါ်တယ်၊ ဒီ ၃၁–ဘုံ ဒုက္ခသစ္စာက လွတ်မြောက်ဖို့အတွက် ပိဋကတ်စာပေတွေကို လေ့လာခြင်း မျိုးကို ပါဠိလို နိဿရဏ လေ့လာခြင်းလို့ ခေါ်တယ်၊ ပုထုဇဉ်တိုင်း ပိဋကတ်စာပေကို လေ့လာသင်ယူရင် ဒီနည်းအတိုင်းပဲ လေ့လာသင် ယူသင့်တယ်။

"မြေတွေဖြမ်းပြီးပြစားတဲ့ အလမ္ပာယ်ဆရာဟာ အခန့်မသင့်တဲ့ တစ်နေ့မှာ မြေကိုက်ပြီးသေဆုံးရသလို ဂုဏ်ရှိဖို့၊ ဘုန်းကြီးဖို့၊ ထင်ရှားကျော်ကြားဖို့စိတ်နဲ့ ပိဋကတ်စာပေကို လေ့လာသူများဟာလည်း ဒီပိဋကတ်စာပေကိုအကြောင်းပြုပြီး လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေတက်ကြတယ်။ ဒီလောဘ၊ ဒေါသ၊ မောဟ၊ မာနေတွေကြောင့်သေတဲ့အခါ အပါယ်ကျကြရတယ်။ ဒီလိုယုတ်ညံ့တဲ့စိတ်နဲ့ ပိဋကတ်စာပေကို လေ့လာ သင်ယူခြင်းမျိုးကို အလဂဒ္ဒူပမာ လေ့လာသင်ယူ နည်းလို့ခေါ်တယ်"

ဗုဒ္ဓလက်ထက်တော်က သာဝတ္ထိမြို့အနီးက တံငါသည်တွေဟာ ရွှေရောင်အဆင်းရှိတဲ့ ငါးကြီးတစ်ကောင်ကို အရှင်မိလာကြတယ်။ ငါးက ကြီးလည်းကြီး၊ လှလည်းလှလို့ လှေကြီးထဲမှာ ရေနဲ့အတူထည့်လာပြီး ကောသလမင်းကြီးထံ ဆက်သကြတယ်။ ကောသလမင်းကြီးက လူးခြား

www.burmeseclassic.com

www.burmeseclassic.com



တဲ့အကြောင်း ရှိလိမ့်မယ်ဆိုပြီး ဘုရားရှင်ကို သွားပြကြတယ်"

"ကျောင်းတော်ကိုရောက်တဲ့အခါ ငါးကြီးက ပါးစပ်ဟလိုက်တာနဲ့ ကျောင်းဝိုင်းကြီးတစ်ခုလုံး အပုပ်နံ့တွေလွှမ်းသွားတယ်။ ဒီအကြောင်းကို ကောသလ မင်းကြီးကမေးလျှောက်တဲ့အတွက် ဗုဒ္ဓကအခုလို ရှင်းပြတော်မူတယ်။ ဒီရွှေရောင်ငါးကြီးဟာ ကဿပမြတ်စွာဘုရား လက်ထက်တော် အခါ ပိဋကတ်သုံးပုံ ဆောင် စာချဆရာတော်ကြီးတစ်ပါး ဖြစ်ခဲ့ဖူးတယ်။ ဘွဲ့က အရှင်ကပိလ–တဲ့"

"ဒါပေမယ့် သူပိဋကတ်ကိုလေ့လာတဲ့နည်းက အညံ့ဆုံး အလဂဒ္ဒူ ပမာ နည်းဖြစ်နေတယ်၊ ဂုဏ်ရှိဖို့၊ လာဘ်လာဘပေါ်များဖို့၊ ထင်ရှားကျော် ကြားဖို့ဆိုတဲ့စိတ်နဲ့ ပိဋကတ်ကို လေ့လာသင်ယူခဲ့တယ်"

ပိဋကတ်ကို (တရားကို) လေ့လာ၊ နာကြား၊ သင်ယူတဲ့ သူတိုင်း မိမိကိုယ် မိမိ ပညာရှိလူလိမ္မာလား၊ ပညာမဲ့လူမိုက်လား ဆိုတာကို တိုင်းတာကြည့်ဖို့ ပေတံတစ်ချောင်းရှိတယ်၊ ဒီပိဋကတ် (ဓမ္မ)ကို လေ့လာ၊ နာ ကြား၊ သင်ယူပို့ချခြင်းအားဖြင့် မိမိ သန္တာန် မှာရှိတဲ့ လောဘ၊ ဒေါသ စတဲ့ ကိလေသာတရားဆိုးတွေ ကုန်သွား မယ်၊ (သို့)လျော့သွားမယ်၊ (သို့) ပါးသွားမယ်ဆိုရင် ဒီလူကို ပညာရှိ လူလိမ္မာလို့ ဆိုရမယ်။

ဒီပိဋကတ် (ဓမ္မ)ကို လေ့လာ၊ နာကြား၊ သင်ယူပို့ချခြင်း အားဖြင့် မိမိမှာရှိနေတဲ့ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေ ကုန်လည်းမသွားဘူး၊ လျော့လည်းမသွားဘူး၊ ပါးလည်းမသွားဘူး ဆိုရင် ဒီလူကို ပညာမဲ့လူမိုက်လို့ ဆိုသင့်တယ်၊ ဘာကြောင့်လဲ ဆိုတော့ ဗုဒ္ဓက ဒီပိဋကတ်တော်တွေကို ဟောကြားတော်မူခဲ့တဲ့ ရည်ရွယ်ချက်က ကိလေသာတရားဆိုးတွေ ကုန်ခန်းဖို့ဖြစ်ပါ လျက် မကုန်ခန်းဘူး၊ မလျော့ဘူး၊ မပါးဘူးဆိုရင် ဒီလူလောက် ပညာမဲ့ တာ၊ ဒီလူလောက်မိုက်မဲတာ လောကမှာ မရှိနိုင်တော့ ပါဘူး။ ဓမ္မကို နည်းအမျိုးမျိုးနဲ့သိကြတဲ့နေရာမှာ မိမိသိတဲ့အသိကို –

www.burmeseclassic.com

www.burmeseclassic.com



သညာသိလား၊ ပညာသိလား

စာသိလား၊ ခန္ဓာသိလား

ဗဟုသုတသိလား၊ ပဋိဝေဓသိလား

ဆိုတာကို ခွဲခြားတဲ့နည်းတစ်ခုရှိတယ်။ အဲဒါက ဒီအသိ တစ်ခုကို ရလိုက်တဲ့အတွက် အနည်းဆုံးအားဖြင့် ကိလေသာတွေ ပါးသွားမယ်ဆိုရင် ဒီအသိမျိုးဟာ နိဗ္ဗာန်ကိုရောက်အောင် ပို့ပေးမယ့် ပညာသိ၊ ခန္ဓာသိ၊ ပဋိဝေဓ သိပဲ။ ဒီ ဓမ္မအသိတစ်ခုကို သိလိုက်ရတဲ့အတွက် ကိလေသာတွေ ကုန်ဖို့၊ လျော့ဖို့နေနေ သာသာ ပါးတောင်မသွားဘူးဆိုရင် ဒီအသိမျိုးဟာ အပါယ်ပို့မယ့် သညာသိ၊ စာသိ၊ ဗဟုသုတအသိလို့မှတ်ပေါ့"

ဒီအချက်နဲ့ပတ်သက်ပြီး ဆရာကြီးဦးရွှေအောင်က စာဖတ်သူများ စာအုပ် စာ ၃၁–မှာ အခုလိုရေးခဲ့တယ်။

## ပညာနှင့်ဗဟုသုတ

တရားဂုဏ်တော်များတွင် အကာလိကော အခါမလင့်အကျိုးပေး တတ်၏ဟု ပါရှိရာ အခါမလင့်အကျိုးပေးခြင်းဟူသည် အသိဉာဏ်တစ်ခု ကိုရလိုက်သည် နှင့်တစ်ပြိုင်နက် မိမိ၏ သန္တာန်၌ ဆိုင်ရာကိလေသာ ဒုစရိုက် များကို ပယ်ရှားခြင်းပင် ဖြစ်သည်ဟု မိုးကုတ်ဆရာတော်ကြီးက မိန့်၏။ အကယ်၍ ထိုကဲ့သို့ ကိလေသာ ဒုစရိုက်များကို ပယ်ရှားခြင်း မပြုပါက ထိုအသိဉာဏ်သည် စစ်မှန်သော ပညာမဟုတ်၊ ဗဟုသုတသာ ဖြစ်၏။ ပညာ စစ်စစ်ဖြစ်ပါက အကာလိကောဟူသော တရားဂုဏ်တော်အရ ကိလေသာ ဒုစရိုက်များကို သိသည်နှင့်တစ်ပြိုင်နက် ချက်ချင်းပယ်နိုင်၏။ ဗဟုသုတဖြစ် ပါက ကိလေသာဒုစရိုက်များကို သိသည်နှင့် တစ်ပြိုင်နက် ချက်ခြင်း တိုးပွားနိုင်၏။ ထို့ကြောင့် ပါရာဇိကကဏ်ပါဠိတော်လာ သိက္ခာပုဒ် ပညတ်ရန် ရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား တောင်းပန်ခန်း၌ မြတ်စွာ ဘုရားက ရှင်သာရိပုတ္တရာအား "ဗဟုသုတများခြင်းသည် ကိလသာ ဒုစရိုက် ပွားစီးခြင်း၏ အကြောင်းဖြစ်သည်"ဟု ဟောတော်မူခြင်းဖြစ်၏ တဲ့"

"ဒီအကြောင်းအရာတွေဟာ တရားလိုက်စားတဲ့ပုဂ္ဂိုလ်တိုင်း သိ

www.burmeseclassic.com

www.burmeseclassic.com



ထားသင့်တဲ့ အကြောင်းအရာတွေပါဘုရား"

"ဒီဖွင့်ဆိုချက်တွေအတိုင်း ကြည့်လိုက်ရင် ကပိလမထေရ်ရဲ့ ပိဋကတ်သုံးပုံ အပေါ် သိတဲ့အသိဟာ ဗဟုသုတသိလို့ ဆိုးဖြစ်နိုင်တာပေါ့၊ ဒါ့ကြောင့် လည်း စာပေအတတ်များသလောက် လောဘ၊ ဒေါသ၊ မာန တရားတွေ ပိုကြီးလာပြီး တခြားသံဃာများက အဓမ္မလို့သတ်မှတ်တဲ့အရာကို သူက ဓမ္မလို့သတ်မှတ်တယ်၊ သူများက ဓမ္မဆိုတာကို သူက အဓမ္မလို့ သတ်မှတ် တယ်၊ သူများက မအပ်စပ်ဘူး အဝိနယဆိုတာကို သူက အပ်စပ် တယ် ဝိနယဆိုပြီး လုပ်ပစ်တယ်၊ သူများက ဝိနယဆိုတာကို သူက အဝိနယ လုပ်ပစ်တော့ သာသနာကို ပြန်ဖျက်သလို ဖြစ်နေတာပေါ့"

"ဒါ့အပြင် တွေ့သမျှရဟန်းတိုင်းကိုလည်း ကြီးတာငယ်တာမရွေး သူ့စိတ် မထင်ရင် မထင်သလို ဆဲရေးတယ်၊ ရှုတ်ချတယ်၊ အပြစ်တင်တယ်၊ အဲဒီ အကုသိုလ်ကံတွေကြောင့် သေလွန်တဲ့အခါမှာ အဝီစိငရဲကို ကျခဲ့ရတယ်။ အခု အဝီစိငရဲက ခဏလွတ်လာပြီး ငါးလာဖြစ်တာ၊ ရွှေရောင်အဆင်း တောက်ပြီး လှပနေတာက ပိဋကတ်သုံးပုံကို ဆောင်ခဲ့။ ပို့ချခဲ့တဲ့ ကုသိုလ် ကြောင့်ပဲ၊ ပါးစပ်ဟတိုင်း အပုပ်နံ့တွေထွက်တာက စိတ်ဓာတ်ယုတ်ညံ့ခဲ့ လို့ပဲ"

"ဒီ ငါးဘဝကသေရင် အကုသိုလ်ကံက မကုန်သေးတဲ့အတွက် အဝီစိကို ဒုတိယအကြိမ် ပြန်ကျရဦးမယ်၊ ဒါကိုသိသွားတဲ့ ငါးကြီးဟာ အလွန် စိတ်နိုက်သွားတယ်"။

သာသနာနဲ့လည်း တွေ့ခဲ့ရပါရဲ့၊ ရဟန်းလည်း ဖြစ်ခဲ့ရ ပါရဲ့၊ ပိဋကတ်သုံးပုံလည်း ဆောင်ခဲ့ရပါရဲ့၊ဒါနဲ့ တောင် တွေ့ရတဲ့ သာသနာတော်ကို နိဗ္ဗာန်ရောက်ဖို့ အတွက် အသုံးမချခဲ့ဘဲ၊ အဝီစိ ကျဖို့အတွက် အသုံးချခဲ့တဲ့ ငါလောက်မိုက်တဲ့သူ လောကမှာ ရှိတော့ မယ်မထင်ဆိုတဲ့ ဒေါမနဿစိတ်နဲ့ သူ့ခေါင်းကို လှေနံရံနဲ့ ကိုယ့်ဖာသာ ရိုက်ခဲ့ပြီး သေသွားတယ်"

"အခုတော့ အဝီစိငရဲမှာ နှစ်ကြိမ်မြောက် ပြန်ခံနေရ တယ်၊ အတွေး အခေါ် ရှိတဲ့သူဆိုတာ သူများအမှားကိုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မမှား အောင်သင်ခန်း စာယူတတ်ရတယ်၊ ပိဋကတ်စာပေတွေ အဖတ် များတဲ့ မင်းတို့ ငါတို့တစ်တွေလည်း ကပိလမထေရ်ရဲ့ အမှားကို ကြည့်ပြီး ကိုယ်မမှားအောင် သင်ခန်းစာ ယူတတ်ကြ ရမယ်"

"ဒါဆိုရင် ဘယ်လိုလုပ်ရမလဲဘုရား"

"ပုထုဇဉ်လေးမျိုးထဲမှာ အမြတ်ဆုံး၊ အကောင်းဆုံးဖြစ်တဲ့ စူဠ သောတာပန် ပုထုဇဉ်ဖြစ်အောင် ကြိုးစားကြရမှာပေါ့၊ စူဠသောတာပန် ပုထုဇဉ်ဆိုတာ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်ပိုင် နိုင်နိုင်ရသွားတာပဲ၊ ဒီဉာဏ်နှစ်ပါးကို အပိုင်ရသွားရင် အပါယ်မကျနိုင် တော့တဲ့အကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ အိမ်ရှေ့မင်း ဖြစ်ပြီးမှ ဘုရင်ဖြစ်လို့ရသလို၊ စူဠသောတာပန်ဖြစ်ပြီးမှ မဟာသောတာပန်ဖြစ် လို့ရတယ်"

"ဒါ့ကြောင့် စူဠသောတာပန်ဖြစ်အောင် အရင်ကြိုးစားရမယ်။ ဒီနေရာမှာ ပိုလည်းစိတ်ဝင်စားအောင်၊ တရားကို ပိုလည်းမှတ်မိအောင် ဗုဒ္ဓလက်ထက်က ဇာတ်လမ်းလေးတစ်ခုနဲ့တွဲပြီး ပြောပြမယ်"

"ဩော် ဆိုပသာ နာတရားဆိုတာ စာပေသင်ယူသလို မှတ်မိ ဖို့လည်း လိုသေးတာကိုး"

"လိုတာပေါ့၊ အင်္ဂုတ္တိုရ်ပါဠိတော် ပုဏ္ဏိယသုတ်မှာ မဂ်ဖိုလ်ရဖို့ အတွက် အင်္ဂါ ၇–ချက်လိုကြောင်း ဟောထားရမှာ တရားကိုမှတ်မိဖို့ အချက်လည်း ပါနေတယ်။ အဲဒီ ၇–ချက်က –

## မဂ်ဖိုလ်ရရန် အင်္ဂါ ခုနစ်တန်

၁။ တရားအပေါ်မှာ ယုံကြည်မှုရှိရမယ်။

၂။ သူတော်ကောင်းကို မှီဝဲ ဆည်းကပ်ရမယ်။

၃။ ထိုသူတော်ကောင်းရဲ့တရားကို နာရမယ်၊ ဆွေးနွေးမေးမြန်း ရမယ်။

၄။ တရားနာတဲ့အခါ သေချာနားထောင်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၅။ နားထောင်တဲ့အခါ မှတ်မိအောင်နားထောင်ရမယ်။

၆။ မှတ်မိထားတဲ့တရားကို ဆင်ခြင်ပေးရမယ်။

၇။ အာရုံနဲ့တိုက်ဆိုင်တိုင်းပွားများပေးရမယ် ဆိုတာပဲ။

"မှန်ပါ၊ သဘောပေါက်ပါပြီဘုရား"

"ဒါဆိုရင် ဓမ္မပဒမှာလာတဲ့ ဗုဒ္ဓလက်ထက်က ဘာသာမတူပဲ မိတ်ဆွေဖြစ်နေကြတဲ့ သူကြွယ်နှစ်ယောက်အကြောင်းကို ပြောကြရအောင်၊ သာဝတ္ထိမြို့မှာ သီရိဂုတ္တနဲ့ ဂရဟဒိန္နအမည်ရှိတဲ့ သူကြွယ်နှစ်ယောက်ရှိကြတယ်၊ သီရိဂုတ္တက ရတနာသုံးပါးကို ကိုးကွယ်ပြီး ဂရဟဒိန္နက အဝတ်မဝတ်တဲ့ နိဂဏ္ဌတက္ကတွန်းတွေကို ကိုးကွယ်တယ်"

"ဂရဟဒိန္နဟာ သီရိဂုတ္တနဲ့တွေ့တိုင်း ရတနာသုံးပါးကိုစွန့်ပြီး နိဂဏ္ဌဆရာတွေကို ပြောင်းကိုးကွယ်ဖို့ အမြဲစည်းရုံးတယ်၊ ဆွဲဆောင်တယ်၊ ဒီလိုပြောပါများလာတဲ့အခါ သီရိဂုတ္တက တစ်ခွန်းပြန်မေးတယ်၊ မင်း ကိုးကွယ်နေတဲ့ နိဂဏ္ဌဆရာတွေက ဘာတွေကိုသိထားသလဲတဲ့၊ ဒီတော့ ဂရဟဒိန္နက ပြန်ဖြေတယ်၊ ငါကိုးကွယ်တဲ့ နိဂဏ္ဌဆရာတွေဟာ မသိ တာဘာမှမရှိဘူး။ ဖြစ်ပြီးသား အတိတ်အကြောင်းတွေကိုလည်း သိတယ်၊ ဖြစ်ဆဲပစ္စုပ္ပန်အကြောင်းတွေကိုလည်း သိတယ်၊ ဖြစ်လတ့ံ အနာဂတ်အကြောင်းတွေကိုလည်း သိတယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံးကို သိတယ်တဲ့"

"သူပြောတဲ့အတိုင်း သူ့ဆရာနိဂဏ္ဌတွေက သိနိုင်ပါ့မလားဘုရား"

"ဘယ်သိနိုင်ပါ့မလဲ၊ သူ့ဆရာတွေကို သီရိဂုတ္တကြည်ညိုလာအောင် ဆိုပြီး မုသား ပြောလိုက်တာပေါ့၊ ပါရမီဆယ်ပါးကို ရှင်းပြစဉ်က –

"မုသားပြောတဲ့သူဟာ မလုပ်ရဲတဲ့အကုသိုလ် ဘာမှမရှိတော့ဘူး" ဆိုတဲ့ ဗုဒ္ဓဟောကြားတဲ့ ဒေသနာအတွေးအခေါ်တစ်ခုကို ထုတ်ပြခဲ့တယ်၊ အခုလည်း မုသားကို လွယ်လွယ်ပြောလိုက်တဲ့ ဂရဟဒိန္နဟာ နောက်ကျတော့ ဘုရားရှင်နဲ့ရဟန္တာတွေကို သေ ကြောင်းကြံတဲ့အထိ မဟုတ်တာ လုပ်ရဲတာကို တွေ့လာလိမ့်မယ်၊ ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်မိလုနီးပါးထိ ရောက်သွားခြင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



အခိက အကြောင်းဟာ မုသာဝါဒပဲဆိုတာ သတိထားခဲ့ပေါ့"

"ဒီလိုသိရတဲ့အခါ သီရိဂုတ္တက မနက်ဖြန် နိဂဏ္ဌဆရာတွေ သူ့အိမ်ကို ဆွမ်းစားကြွဖို့ ဂရဟဒိန္နကတစ်ဆင့် ပင့်ခိုင်းလိုက်တယ်၊ ဆွမ်းစားလာပင့်တယ် ဆိုတာနဲ့ နိဂဏ္ဌဆရာတွေက ဒကာကောင်းတစ်ယောက်တော့ တိုးပြီဆိုတဲ့ အတွေးနဲ့ ဝမ်းသာကြတာပေါ့၊ ဒီအချိန်မှာ သီရိဂုတ္တက သူ့အိမ်ဝိုင်းထဲမှာ လေးထောင့်ကျင်းအရှည်ကြီးတွေတူးတယ်၊ ပြီးတဲ့အခါ ကျင်းပေါ်မှာကြိုးတွေတန်း ထောင်ပြီး အပေါ်ကဖျာတွေ အဝတ်တွေ အုပ်ထားလိုက်တယ်"

"နိဂဏ္ဌတွေ လာတဲ့အခါ ထိုင်ကြမယ့် ခုတင်တွေကို ခြေရင်းဖက်ခြေထောက်တွေက ကျင်းနှုတ်ခမ်းက မြေပြင်နဲ့ထိစေပြီး ခေါင်းရင်းဖက်ခြေထောက်တွေကတော့ ဖျာပေါ်ကတစ်ဆင့် အောက်ကကြိုးတန်းပေါ်တည့်တည့်ကျအောင် တင်ထားတာပေါ့၊ ကျင်းကြီးထဲမှာလည်း မစင်တွေအပြည့် ထည့်ထားလိုက်သေးသတဲ့၊ ထမင်းအိုးကြီးတွေ၊ ဟင်းအိုးကြီးတွေအပေါ်မှာ ငှက်ပျောရွက်တွေ၊ ပိတ်စတွေနဲ့အုပ်ပြီး ဖုံးထားလိုက်တယ်၊ အထဲမှာတော့ ဘာမှမရှိဘူး"

"နောက်နေ့ ဆွမ်းကပ်ချိန် ရောက်ခါနီးတော့ ဂရဟဒိန္နက ဆွမ်းတွေ၊ ဟင်းတွေစီစဉ်လို့ပြီး၊ မပြီးလာမေးတဲ့အခါ သီရိဂုတ္တက အိုးကြီးတွေကိုလက်ညှိုးထိုးပြပြီး ပြီးပြီလို့ ပြောလိုက်တယ်၊ ဒီတော့ ဂရဟဒိန္နလည်း ဝမ်းသာအားရ သူ့ဆရာနိဂဏ္ဌတွေကိုပင့်လာတယ်၊ နိဂဏ္ဌတွေ သူ့အိမ်ရှေ့ရောက်တာနဲ့ သီရိဂုတ္တက လက်အုပ်ချီပြီး စိတ်ထဲကလျှောက်တယ်"

"အရှင်တို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တရားအားလုံးနှင့်ကာယကံ၊ ဝစီကံ၊ မနောကံအားလုံးကို သိတယ်လို့ဆိုပါတယ်၊ အကယ်၍အဟုတ်တကယ် သိရိုးမှန်ပါလျှင် တပည့်တော်၏ အိမ်ထဲသို့မဝင်ပဲ ဤနေရာမှ လှည့်ပြန်ကြပါတဲ့၊ နိဂဏ္ဌတွေဟာ သီရိဂုတ္တ စိတ်ထဲကလျှောက်နေတာကိုမသိတော့ အိမ်ထဲကို စီတန်းပြီးဝင်ကြတယ်၊ ထိုင်ရမယ့်နေရာရောက်တဲ့အခါ သီရိဂုတ္တရဲ့ အမှုထမ်းတွေက အရှင်ဘုရားတို့တန်း၍ ခင်း

www.burmeseclassic.com



သားသော ခုတင်များရှေ့တွင် ထေရ်စဉ်ဝါလိုက် ရပ်ပြီးမှ တစ်ပြိုင်နက် ဆိုင်တော်မူကြပါလို့ လျှောက်တယ်"

"နိဂဏ္ဌတွေဟာ အမှုထမ်းတွေ ပြောတဲ့အတိုင်း တစ်ပြိုင်နက်ထိုင်ချလိုက်တဲ့အခါ မစင်တွင်းကြီးထဲကို တစ်ပြိုင်နက်ကျသွားတယ်၊ မစင်တွင်းထဲကနေ ရှက်ကိုးရှက်ကန်းနဲ့ ဝရုန်းသုန်းကားတက်လာတဲ့အခါ "သင်တို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို ဘာ့ကြောင့်မသိကြတာလဲ" လို့ အော်မေးပြီး အမှုထမ်းတွေက ပို အရှက်ကွဲအောင် ဝိုင်းရိုက်ကြတယ်"

"နိဂဏ္ဌတွေပြေးတဲ့အခါ ချော်လဲအောင် သံမံတလင်းတွေပေါ် မှာလည်း ဆီတွေသုတ်၊ တရော်ကင်ပွန်းရေတွေ လောင်းထားတယ်၊ ဒါကြောင့် နိဂဏ္ဌတွေဟာ ပြေးရင်း တဗိုင်းဗိုင်းချော်လဲကြပြန်တယ်၊ ဒီအခါမှာလည်း အမှုထမ်းတွေက ချော်လဲတိုင်း စောစောက မေးခွန်းကို မေးမေးပြီးရိုက်ကြတယ်၊ ရှက်အောင် လုပ်တာဆိုတော့ ရိုက်တဲ့တုတ်က ကြိမ်လုံးသေးသေး တွေ၊ ဝါးခြမ်းပြားတွေလောက်ပဲ ဖြစ်ပါလိမ့်မယ်"

"ဒီလိုလုပ်တာကို ဂရဟဒိန္နက စိတ်မဆိုးဘူးလားဘုရား"

"ဆိုးတာပေါ့၊ ကောသလမင်းကြီးထိ တက်တိုင်တယ်၊ ဒီပြစ်မှုအတွက် သီရိဂုတ္တကို အသပြာတစ်ထောင်ဒဏ်ရိုက်ဖို့ လျှောက်တင်တယ်၊ မင်းကြီးက ခေါ် ယူစစ်မေးတဲ့အခါ သီရိဂုတ္တက အမှန်အတိုင်းပဲပြောတယ်၊ ဂရဟဒိန္နက သူ့ဆရာနိဂဏ္ဌတွေဟာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အားလုံး မသိဘဲနဲ့ သိတယ်လို့ မုသားပြောပါတယ်၊ ကျွန်တော်မျိုးဟာ သူပြောတဲ့အတိုင်း ဟုတ်၊ မဟုတ် စမ်းသပ်ကြည့်ခြင်းသာဖြစ်ပါတယ်"

"ဂရဟဒိန္နမုသားပြောလို့သာ ကျွန်တော်မျိုးက စမ်းသပ်မိခြင်းဖြစ်ပါတယ်လို့ ဖြေရှင်းလိုက်တဲ့အခါ တရားလို ဂရဟဒိန္နဟာ မုသာဝါဒကံကြောင့် တရားခံဘဝကို ပြန်ရောက်သွားတယ်၊ ဒါ့ကြောင့် မင်းကြီးက သီရိဂုတ္တကို အပြစ်မယူပဲ ဂရဟဒိန္နကိုပဲ ဒဏ်ငွေတစ်ထောင် ရိုက်လိုက် တယ်"

"ဂရဟဒိန္နတော့ သိပ်ခံစားရမှာပဲ ဆရာတော်၊ ဘာကြောင့်လဲဆိုတော့ ကိုးကွယ်တဲ့ဆရာတွေလည်း အရှက်ခွဲခံရ၊ သူလည်းဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ငွေဆောင်ရတာကိုး ဘုရား"

"အေး–ခံစားရမှာပေါ့၊ တကယ်တော့ သိရိဂုတ္တဟာ အဲသ လောက်ထိ မလုပ်သင့်ဘူး၊ မလုပ်သင့်တဲ့အလုပ်ကို ဘာ့ကြောင့်လုပ်ဖြစ် သွားသလဲဆိုရင် သူဟာ အန္ဓပုထုဇဉ်ဖြစ်နေလို့ပဲ၊ ပြိုင်ဆိုင်မှုမှန်သမျှမှာ နိုင်ရင်လည်းမကောင်းဘူး၊ ရှုံးရင်လည်းမကောင်းဘူး၊ ဘယ်သူနဲ့မှ မပြိုင် ဆိုင်တာဟာ အပြစ်အကင်းဆုံးပဲ၊ အကောင်းဆုံးပဲ၊ ဒီအချက်နဲ့ပတ်သက်ပြီး ဗုဒ္ဓက ဓမ္မပဒမှာ ဂါထာတစ်ဂါထာ ဟောဘူးတယ်"

"ဒီဂါထာဟောခြင်းအကြောင်းက အရင်ကောသလတိုင်းရဲ့ဘုရင် မဟာကောသလမင်းကြီး လက်ထက်တုန်းက နှမတော်ဝေဒေဟီနဲ့ ဗိမ္ဗိသာရမင်းတို့ လက်ဆက်တဲ့အခါ မဂဓတိုင်းနဲ့စပ်နေတဲ့ ကာသိရွာကြီးကို နှမတော်အတွက်ဆိုပြီး ပေးထားတယ်။ ရာဇဂြိုဟ်ဘုရင် အဇာတသတ်လက်ထက် ခမည်းတော်ဗိမ္ဗိသာရကို သတ်ပြီး မကြာမီမှာ မယ်တော်ဝေဒေဟီ မိဖုရားလည်း ကွယ်လွန်သွားတယ်"

"မဟာကောသလမင်းရဲ့သား ပသေနဒီကောသလမင်းနဲ့ဝေဒေဟီဟာ မောင်နှမဆိုတော့ ဝေဒေဟီကမွေးတဲ့ အဇာတသတ်ဟာ ပသေနဒီကောသလမင်းရဲ့ တူတော်တာပေါ့၊ နှမတော်ဆုံးပြီဆိုတော့ ပသေနဒီကောသလမင်းက ကာသိရွာကြီးကိုစစ်ချီပြီး လာသိမ်းတော့ အဇာတသတ်ကလည်း ပြန်တိုက်တာပေါ့၊ သုံးကြိမ်လုံး ပသေနဒီ ကောသလမင်းကြီးရှုံးတယ်၊ နို့နဲ့မျှမစင်သေးတဲ့ မင်းငယ်လေးကိုတောင် နိုင်အောင်မတိုက်နိုင်ရကောင်းလားဆိုပြီး စိတ်ထိခိုက်နေတဲ့ ပသေနဒီ ကောသလမင်းကို အကြောင်းပြုပြီး ဒီဂါထာကိုဟောတာပဲ"

"ဂါထာက –

ဇယံ ဝေရံ ပသဝတိ၊
ဒုက္ခံ သေတိ ပရာဇိတော။
ဥပသန္တော သုခံ သေတိ၊
ဟိတွာ ဇယပရာဇယံ–တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်က –

အနိုင်ရသူသည် ရန်များလာတတ်၏။ ရှုံးသောသူသည်လည်း ဆင်းရဲစွာ အိပ်နေရ၏။ ကိလေသာငြိမ်းပြီးသောသူသည် အနိုင် အရှုံးကို ပယ်စွန့်ပြီး ချမ်းသာစွာအိပ်ရ၊ နေရ၏။

တဲ့၊ ဒီဟောကြားချက်အတိုင်းပဲ အခုဖြစ်ရပ်မှာ အနိုင်ရသွားတဲ့ သီရိဂုတ္တမှာ ရန်တွေများလာပြီး၊ ရှုံးသွားတဲ့ ဂရဟဒိန္နမှာလည်း စိတ်ဆင်းရဲစွာ အိပ်နေရတာပေါ့၊ ဘာသာအယူဝါဒရှိသူအားလုံး သတိပြုသင့်တဲ့ အချက်လေး တစ်ချက်ကို ကေရာင်ဘုရင် အသောကမင်းကြီးက အခုလို ပြောခဲ့တယ်"။

## အခြားဘာသာတရားများကို လေးစားခြင်းဖြင့် မိမိဘာသာတရား၏ မြင့်မြတ်မှုတိုပြပါ

လူတစ်ဦးတစ်ယောက်သည် မိမိဘာသာတရားကိုသာ လေးစားကြည်ညိုပြီး အခြားဘာသာတရားများကို ကဲ့ရဲ့ရှုတ်ချမှုမပြုသင့်၊ မပြုထိုက်ပါ။ သို့မဟုတ် တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ထားကာ အခြားဘာသာ တရားများကိုလည်း လေးစားဂုဏ်ပြုသင့်၏။ ယင်းသို့ပြုသောအားဖြင့် မိမိဘာသာတရား ကြီးပွားတိုးတက်ရေးကို ကူညီခြင်းကိစ္စလည်း ပြီးမြောက်သည့်အပြင်၊ အခြားဘာသာတရားများကို ကျေးဇူးပြုခြင်းကိစ္စလည်း ပြီးမြောက်ပါ၏။

သို့မဟုတ်ပါက မိမိဘာသာတရားအတွက် သေတွင်းတူးရာရောက်သည့်အပြင်၊ အခြားဘာသာတရားများကိုလည်း ထိခိုက်စေပါသည်။ မည်သူမဆို၊ မိမိဘာသာတရားကိုမှု ဂုဏ်ပြုပြီး၊ အခြားဘာသာတရားကို ကဲ့ရဲ့ရှုတ်ချပါက ငါ့ဘာသာတရားကို ဂုဏ်သိက္ခာတိုးပွားစေမည်ဟူသော ကိုယ့်ဘာသာတရားကို ကိုယ်အကြည်ညိုလွန်ကဲမှုသာ ဖြစ်၏။ ဆန့်ကျင်ဘက်အားဖြင့်မူ ယင်းသို့ ပြုလုပ်သောအားဖြင့် မိမိ၏ဘာသာတရားကို ကြီးလေးစွာ ထိခိုက်နစ်နာစေ၏။ သို့ပါသောကြောင့် စိတ်ဝမ်းမကွဲဘဲ တစ်သဘောတည်းထားရှိတူညီခြင်းသည် ကောင်းမြတ်၏။ တခြားလူများ

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုကြတာတွေကိုလည်း ကျွန်ုပ်တို့နာကြား ကြပါစို့၊ တခြားသူများယုံကြည်ကိုးကွယ်သည့် ဘာသာတရား အယူအဆများကိုလည်း လိုလိုလားလား နာကြားမှတ်သားလိုစိတ် ထားရှိကြပါစို့ (အသောက မင်းကြီး)တဲ့။

"သိပ်ကောင်းတဲ့ စကားပဲဘုရား။ အသောကမင်းကြီး ဒီလိုသဘော ထားကြီးတာလည်း ဗုဒ္ဓရဲ့အဆုံးအမကြောင့်ပဲဖြစ်မှာပါ ဆရာတော်"

"သိပ်သေချာတာပေါ့။ ကဲ–ဇာတ်ကြောင်းကိုဆက်ရအောင် အဲဒီလိုဖြစ်တဲ့ နေ့ကစပြီး ဂရဟဒိန္နဟာ ဒေါသဖြစ်လွန်းလို့ သီရိဂုတ္တကို ၁၅–ရက်တိတိ စကားမပြောဘဲနေတယ်၊ နောက်ကျမှ သီရိဂုတ္တနည်း အတိုင်း လက်စား ပြန်ချေဖို့ အကြံရပြီး သီရိဂုတ္တနဲ့ပြန်ခေါ် တယ်၊ ဒီတစ်ခါတော့ သီရိဂုတ္တက ဂရဟဒိန္နကို ရတနာသုံးပါးကိုးကွယ်ဖို့ စည်းရုံးပြန်တယ်၊ ဂရဟ–ဒိန္နက သီရိဂုတ္တသူ့ကို မေးခဲ့တဲ့အတိုင်း သင်တို့ဆရာ ရဟန်းဂေါတမဟာ ဘာတွေကိုသိသလဲလို့ ပြန်မေးတယ်"

"ဒီအခါ သီရိဂုတ္တက ဘုရားရှင်ဟာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ သုံးပါးလုံးကို သိသည့်အပြင်၊ သတ္တဝါတွေရဲ့ စိတ်နေသဘောထားများကိုလည်း ခွဲခြား၍သိကြောင်းပြောပြတယ်၊ သူ့အကွက်ထဲတော့ဝင်ပြီဆိုပြီး ဂရဟဒိန္နက ဘုရားအမှူးရှိတဲ့ သံဃာတွေကို နက်ဖြန် သူ့အိမ်မှာဆွမ်းစားကြွပေးဖို့ သီရိဂုတ္တကို ပင့်ခိုင်းလိုက်တယ်"

"ဂရဟဒိန္နက ကလဲ့စားချေချင်တဲ့စိတ်ကြောင့် ပင့်ခိုင်းတာဆိုတာကို သီရိဂုတ္တက မရိပ်မိဘူးလားဘုရား"

"ထိုက်သလောက်တော့ ရိပ်မိတာပေါ့၊ ဒါ့ကြောင့် ဘုရားရှင်ကို ဆွမ်းစားသွားပင့်တဲ့အခါ· သူနဲ့ဂရဟဒိန္နနဲ့ ဖြစ်ခဲ့တဲ့ပြဿနာလေးကို ထည့်ပြောပြီး လက်ခံသင့်မှလက်ခံဖို့အကြောင်း လျှောက်ထားလိုက်တော့ ဘုရားရှင်က ဉာဏ်တော်နဲ့ သုံးသပ်ဆင်ခြင်တော်မူပြီး သူကြွယ်နှစ်ယောက်လုံး သောတာပန်တည်မှာကိုမြင်တော်မူလို့ ဆွမ်းစားပင့်တာကို လက်ခံတော်မူလိုက်တယ်"

"ဂရဟဒိန္နဟာ သီရိဂုတ္တ နိဂဏ္ဌတွေအပေါ် လုပ်ခဲ့တဲ့အတိုင်း

www.burmeseclassic.com



တစ်ပုံစံ တည်း လုပ်ထားတယ်၊ ထူးတာကတော့ သီရိဂုတ္တက နိဂဏ္ဌတွေ အရှက်ကွဲရုံ ကျင်းထဲမှာ မစင်တွေပဲ ထည့်ထားတယ်၊ ဂရဟဒိန္နကတော့ ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်တွေ ချက်ခြင်းပျံတော်မူရအောင် ရှားသား မီးကျီးခဲတွေ လှည်းရှစ်ဆယ်တိုက် အပြည့် ထည့်ထားတယ်"

"ရက်ရက်စက်စက်ကိုလုပ်တာပါလားဘုရား"

"သောတာပန်မတည်သေးသ၍ ပဉ္စာနန္တရိယကံငါးပါးနဲ့ နိယတ မိစ္ဆာဒိဋ္ဌိဆိုတဲ့ ပြစ်မှုခြောက်မျိုး တစ်မျိုးမျိုးကို တစ်ဘဝမဟုတ်တစ်ဘဝမှာ ကျူးလွန်နိုင်တာပဲ။ နောက်နေ့ရောက်တော့ ဘုရားရှင်နဲ့တကွ သံဃာတော် အရှင်မြတ်တွေ ကြွလာတာနဲ့ ဂရဒဟဒိန္နက အရှင်ဘုရားတို့သည် ကာလ သုံးပါးကိုသိကုန်၏။ သတ္တဝါတို့၏ စိတ်နေသဘောထားကို ခွဲခြား၍ သိကုန်၏ဟုဆိုပါ၏။ အကယ်၍ အဟုတ်တကယ်သိရိုးမှန်လျှင် တပည့်တော် အိမ်ထဲသို့ မဝင်ကြပါနှင့်လို့ စိတ်ထဲက လျှောက်တယ်"

"ဘုရားရှင်က ကောင်းကျိုး ဖြစ်ထွန်းမှာကို သိမြင်ပြီးသားဆိုတော့ ရဲဝံ့စွာ ဝင်ကြွတော်မူတယ်၊ မီးကျီးတွင်းရှိရာ မြတ်စွာဘုရားခြေတော်ချလိုက်တာနဲ့ မမြင်အောင်ဖုံးလွှမ်းထားတဲ့ ဖျာတွေ၊ အခင်းတွေဟာ အကုန်ဖယ်ရှားပြီးသား ဖြစ်သွားတယ်၊ မီးကျီးတွင်းရဲ့တစ်ဖက်မှာ ခင်းပြီးသားလည်းဖြစ်သွားတယ်၊ ရဲရဲနီနေတဲ့မီးကျီးတွင်းထဲက လှည်းဘီးပမာဏရှိတဲ့ ကြာပွင့်ကြီးတွေဟာ စီတန်းထွက်ပေါ်လာပြီး မီးကျင်းတွင်းဟိုဘက် နှုတ်ခမ်းရောက်အောင် တံတားခင်းပြီးသား ဖြစ်သွားတယ်"

"ဘုရားရှင်နဲ့ သံဃာတော်များဟာ မိမိတို့ရဲ့ရှေ့မှာ အသင့်ပေါ် လာတဲ့ကြာတံတားပေါ် ကနေ တစ်ဖက်ကို လှမ်းကြွပြီး အသင့်ခင်းထားတဲ့ အခင်းပေါ် မှာ ထိုင်နေတော်မူကြတယ်၊ ဂရဟဒိန္နဟာ ပါးစပ်အဟောင်းသားနဲ့ အံ့သြကြည်ညိုလွန်း အားကြီးပြီး မှင်တက်နေမိတယ်၊ ခဏကြာတော့မှ ဘာမှမရှိဘဲ ငှက်ပျောဖက်တွေဖုံး၊ အဝတ်စတွေ အုပ်ထားတဲ့ ထမင်းအိုးကြီးတွေ၊ ဟင်းအိုးကြီးတွေဆီကို မျက်စေ့ရောက်သွားတယ်"

"ဘုရားရှင်နဲ့ သံဃာတော်များကို တကယ့်သူတော်ကောင်းကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိလိုက်တာနဲ့ သူရဲ့အမှားကိုမြင်ပြီး သိပ်နောင်တရသွားတယ်။ ကြည်ညိုလို့ လှူချင်စိတ်လည်း ပေါ်လာရော လှူစရာကဘာမှမရှိဘူး ဘယ်လိုမှ မကြံတတ်တော့တဲ့နောက် သီရိဂုတ္တအိမ်ကို အမြန်ပြေးပြီး ကပ်လှူစရာဆွမ်းတွေ၊ ဟင်းတွေ ကူညီဖို့အကြောင်း တောင်းပန်တယ်၊ ဘုရားရှင်နဲ့သံဃာတော်များရဲ့ ဘုန်းတန်ခိုးကို သိထားတဲ့ သီရိဂုတ္တက ဘာမှထည့်မထားတဲ့ ထမင်းအိုး၊ ဟင်းအိုးတွေကိုပဲ သွားဖွင့်ကြည့်ပါလို့ မှာလိုက်တယ်၊ ပြောတဲ့အတိုင်း သွားဖွင့်ကြည့်လိုက်တော့ ထမင်းတွေ၊ ဟင်းတွေ အလိုလိုပြည့်နေတာကို တွေ့သွားတယ်"

"အားရဝမ်းသာ ဆွမ်းကပ်ပြီးတဲ့နောက် မိတ်ဆွေနှစ်ယောက် ဦးဆောင်ပြီး မြတ်စွာဘုရားထံက အနုမောဒနာတရားနာယူကြတယ်၊ ဓမ္မပဒအဋ္ဌကထာမှာတော့ အမ္ဗန်းတင်ဂါထာနှစ်ဂါထာကိုပဲ ထုတ်ပြပြီး တရားအဆုံးမှာ မိတ်ဆွေ နှစ်ယောက်လုံး သောတာပန်တည်ကြလေ သတည်းလို့ အဆုံးသတ်ရတာပေါ့၊ ကထာစဉ်အတိုင်း အကျယ်ချဲ့ရေးဖို့ နေရာမပေးနိုင်ဘူး၊ တို့ကတော့ ဒီနေရာမှာ ဘာသာခြားတစ်ယောက်ကို သစ္စာဆိုက်တဲ့အထိ အကျယ်ချဲ့ပြပေးရမှာပေါ့"

"ဒီလိုပြနိုင်ဖို့အတွက် အင်္ဂုတ္တိုရ်တို့၊ သံယုတ်တို့၊ ဝိသုဒ္ဓိမဂ်တို့၊ လယ်တီဒီပနီ တို့ရဲ့ အကူအညီကိုယူရတာပေါ့၊ သစ္စာဆိုက်အောင်ဟောတဲ့ ကထာအစဉ်ဆိုတာ–

| | | |
|---|---|---|
| ဒါနကထာ | = | ဒါနနှင့်စပ်သောတရား |
| သီလကထာ | = | သီလနှင့်စပ်သောတရား |
| သဂ္ဂကထာ | = | နတ်ပြည်နှင့်စပ်သောတရား |
| မဂ္ဂကထာ | = | မဂ်ဉာဏ်နှင့်စပ်သောတရား |

တို့ပဲ၊ ဒီလေးပါးထဲက မဂ္ဂကထာကို သုံးမျိုး ထပ်ခွဲတဲ့အခါ–

ကာမာနံ့အာဒီနဝကထာ = ကာမဂုဏ်တို့၏ အပြစ်နှင့် စပ်သော တရား။

www.burmeseclassic.com

www.burmeseclassic.com



နေက္ခမ္မအာနိသံသကထာ= ကာမဂုဏ်မှထွက်မြောက်မှု၏ အကျိုး
အာနိသင်နှင့် စပ်သောတရား။

စတုသစ္စကထာ = သစ္စာလေးပါးနှင့်စပ်သောတရား။

တို့ပဲ၊ ပထမဆုံး ဒါနကထာကိုစဟောရတာက ပြုလုပ်ရတာလွယ်ကူလို့ပဲ၊ သီလဆိုရင် ကိုယ်နဲ့နှုတ်ကို မနည်းထိန်းယူရတယ်၊ ဘာဝနာဆိုရင် စိတ်ကိုထိန်းရတာဆိုတော့ ပိုခက်တာပေါ့၊ ဒါ့ကြောင့်–

ဗုဒ္ဓဘာသာဖြစ်စ၊ ဘာသာရေး စိတ်ဝင်စားစ ပုဂ္ဂိုလ်တွေကို ဒါနအကျိုးကို စဟောရ တယ်၊ လူဆိုတာ တရားမသိသေးရင် အတ္တသမားချည်းပဲ၊ ဒါ ကြောင့် ကိုယ့်ကိုယ် ကိုပဲချစ်တယ်၊ ကိုယ့်အတွက်ပဲ အမြဲလိုချင် တယ်"

ဘဝအဆက်ဆက်ကစပြီး အခုဘဝတိုင်အောင် လောကကို မိမိအတွက် ချည်းပဲ အသုံးချခဲ့တယ်၊ ဗုဒ္ဓက ဒါနပြုခိုင်းတယ်ဆိုတာ ဘဝအဆက်ဆက်က စပြီး မိမိကိုယ်ကို ချစ်လာရာကနေ သူတစ်ပါးကို ချစ်တတ်လာအောင်၊ ဘဝအဆက်ဆက်ကစပြီး အခုဘဝတိုင်အောင် လောကကြီးကို မိမိအတွက် အသုံးချနေရာကနေ မိမိကို လောကအတွက် အသုံးချတတ်အောင် သင်တန်းစပေးလိုက်ခြင်းပဲဖြစ်တယ်။

မိမိကို လောကအတွက် အသုံးချတယ်ဆိုတာ လောဘကိုပယ်သတ်တာပါပဲ၊ ဒါ့ကြောင့် ပစ္စက္ခ၊ သံသရာဘာအကျိုးကိုမှ မမျှော်ကိုးဘဲ အလှူခံပုဂ္ဂိုလ်လိုအပ်နေတဲ့ အခါမှာ လိုအပ်နေတဲ့အရာကို ပေးလှူခြင်းဟာ သမုဒယသစ္စာခေါ်တဲ့ တဏှာကို အလုပ်နဲ့ပယ်သတ်ခြင်းပဲဖြစ်တယ်၊ ဒါန ရှိရင် ပစ္စည်းဥစ္စာပေါများ ချမ်းသာတဲ့ဘဝကိုရောက်မယ်၊ ဒါပေမယ့် သီလ မရှိရင် အသက်တိုမယ်၊ အနာရောဂါများမယ် ဒါဟာ ပါဏာတိပါတကံကို ဖောက်ဖျက်ခဲ့လို့ပဲ"

"ပေါများချမ်းသာလာတဲ့ စီးပွားဥစ္စာတွေ ရေမျောမယ်၊ သို့မဟုတ် မီးလောင်မယ်၊ သို့မဟုတ် မင်းကသိမ်းယူမယ်၊ သို့မဟုတ် သူခိုးခိုးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် အမွေခံသားဆိုး၊ သမီးဆိုးတွေက ဖျက်ဆီးမယ်၊ ဒါဟာ အဒိန္နာဒါနကံကို ဖောက်ဖျက်ခဲ့တဲ့အတွက်ပဲ၊ ပစ္စည်းဥစ္စာတော့ရှိပါရဲ့ ဒါပေမယ့် မိမိစကားကို ဘယ်သူမှမနာယူဘူးဆိုရင် စိတ်ဆင်းရဲရမှာပဲ ဒါဟာ မုသာဝါဒကံကို ဖောက်ဖျက်ခဲ့လို့ပေါ့"

"ဒါနကြောင့် ပစ္စည်းဥစ္စာတော့ ပေါများချမ်းသာပါရဲ့၊ ဒါပေမယ့် မုန်းတဲ့သူတွေ ပေါမယ်၊ ရန်သူတွေ ဝိုင်းဝိုင်းလည်းနေမယ်၊ မိန်းမဘဝ ချည်းဖြစ်နေမယ်၊ ဒါမှမဟုတ် မိန်းမအင်္ဂါ၊ ယောကျ်ားအင်္ဂါနှစ်မျိုးလုံး မပါတဲ့ နပုံးပဏ္ဍုက်ဘဝ ရောက်နေမယ်၊ ချစ်တဲ့သူနဲ့ကွေကင်းရမယ်ဆိုရင် ဘယ်မှာလာပြီး အပြည့်အဝ စိတ်ချမ်းသာတော့မလဲ၊ ဒီဆိုးကျိုးတွေဟာ ကာမေသု–မိစ္ဆာစာရကံကို ကျူးလွန်ခဲ့လို့ဖြစ်ရတာပါ"

"ပစ္စည်းဥစ္စာတော့ ပေါများချမ်းသာပါရဲ့၊ ဒါပေမယ့် စိတ္တဇဝေဒနာ သည် ဖြစ်နေရမယ်ဆိုရင် ဘယ်မှာစိတ်ချမ်းသာနိုင်တော့မလဲ၊ ဒါဟာ သုရာမေရယကံကို ကျူးလွန်ခဲ့တဲ့အတွက်ပါပဲ၊ ဒါ့ကြောင့် သီလဟာလည်း မဖြစ်မနေ စောင့်ထိန်းရမယ့်တရားပဲ၊ ဒါနနဲ့သီလရှိပြီဆိုရင် နတ်ပြည်လောက်ကတော့ အသာလေးရောက်ပါတယ်၊ စတုမဟာရာဇ်နတ်ဘုံ ရောက်ရင်ပဲ လူ့သက်နဲ့ဆိုရင် အနည်းဆုံး အနှစ်ကိုးသန်း နတ်စည်းစိမ်ကိုခံစားရမယ်"

"နတ်ပြည်မှာ ပရိယေသနဝမ်းစာရှာဖွေရတဲ့ဒုက္ခမရှိဘူး၊ အချိန်တန်ရင် အသင့်ရောက်လာတဲ့ နတ်သြဇာကို စားလိုက်ရုံပဲရှိတယ်။ သြဇာဓာတ်အပြည့်ပါတဲ့အတွက် နတ်သြဇာကိုစားပြီးရင် အညစ်အကြေး စွန့်စရာမလိုဘူး၊ နတ်ပြည်မှာ ဖြစ်မယ်ဆိုရင် ကိုယ်ဝန်ထဲအောင်းစရာလည်း မလိုဘူး၊ နတ်သားဆိုရင် အသက်နှစ်ဆယ်အရွယ် ချက်ချင်းဖြစ်တယ်။ နတ်သမီးဆိုရင် ၁၈–နှစ်အရွယ် ချက်ချင်းဖြစ်တယ်"

"ဒါပေမယ့် ဉာဏ်နဲ့ဆန်းစစ်ကြည့်တဲ့အခါ အဆင်း၊ အသံ၊ အနံ့ အရသာ၊ အတွေ့ အထိဆိုတဲ့ ကာမဂုဏ်တွေခံစားတာဟာ ကလေးတစ် ယောက် အုန်းလက်ကို မြင်းလုပ်စီးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကဆုန်ပေါက် ပြေးသလို မိမိပဲမော ပြီး ရောဂါရကျန်ခဲ့တာပါ။ တကယ်ခံစား သွားတာက ဝေဒနာက္ခန္ဓာပါ၊ ငါလည်းမဟုတ်ပါဘူး၊ ဒီခန္ဓာ ကိုယ်ကြီးလည်း မဟုတ်ပါဘူး"

"တစ်ချို့နတ်တွေဆိုရင် ကာမဂုဏ်တွေကိုမရပ်မနားခံစားလိုက်ကြတာ၊ စားဖို့တောင်မေ့နေတဲ့အတွက် သက်တန်းမစေ့ပဲသေပြီး ငရဲကျသွားတဲ့ နတ်တွေ အများကြီးရှိတယ်၊ (၅၅၀)မှာ ကာမဇာတ်ဆိုတာရှိတယ်၊ ဗာရဏသီမင်းကြီး နတ်ရွာစံတဲ့အခါ သားတော်ကြီးကို ထီးနန်းအပ်ပြီး၊ သားတော်ငယ်ကို အိမ်ရှေ့မင်းရာထူး ပေးခဲ့တယ်"

"ဒီအချိန်မှာ သားတော်ကြီးဟာ သူတော်ကောင်းစိတ်တွေဝင်ပြီး မင်း မလုပ်တော့ပဲ ပစ္စန္တရာဇ်အရပ်တစ်ခုမှာ အခစားအလုပ်ကိုလုပ်ပြီး သာမာန် အရပ်သားတစ်ယောက်လိုပဲနေတယ်၊ ထီးနန်းကိုတော့ ညီဖြစ် သူကို အပ်ခဲ့တာပေါ့။ သူ့ဖာသာ အေးချမ်းစွာနေနေတာဟုတ်ပါရက်နဲ့ နောက်ကြာ တော့ သူအခစား ဝင်လုပ်နေတဲ့သူဌေးက သူ့ကို မင်းသားမှန်း သိသွားတော့ အရေးပေးလာတယ်"

"အခွန်အတုပ်တွေလာကောက်တဲ့အခါ သူ့လက်မှတ်နဲ့အခွန်လွှတ် အောင် လုပ်ခိုင်းလာတယ်၊ သူလည်း နားအေးပြီးရောဆိုတဲ့သဘောနဲ့ ညီဖြစ် သူမင်းကြီးထံ အခွန်လွှတ်ပေးဖို့ စာရေးတယ်၊ အစ်ကိုဖြစ်သူရဲ့ စာဆိုတော့ ညီကလည်းလက်ခံပြီး အခွန်လွှတ်ပေးပါတယ်၊ တခြားလူတွေက လည်း သူဌေးရဲ့နည်းအတိုင်း ချည်းကပ်ကြတော့ သူက ဆောင်ရွက်ပေး လိုက် တာပဲ"

"နောက်တော့ တစ်နယ်လုံးကလူတွေက မင်းကြီးထံအခွန် မဆက် ပါရစေနဲ့၊ မင်းသားကြီးထံမှာပဲ ဆက်ပါရစေလို့ဖြစ်လာတယ်၊ သူ့ကိုလည်း လက်နက်ကိုင် အစောင့် အခြံအရံတွေ၊ ကိုယ်လုပ်တော်အမျိုးသမီးတွေ နဲ့ပါထားလာတော့ မင်းတစ်ပါးပုံစံဖြစ်နေတာပေါ့။ ၁-နှစ် ၁-နှစ်မှာ ရလာတဲ့ အခွန်အတုပ်တွေဟာ တအားများတော့ မင်းသားရဲ့လောဘဟာ ကြီးသ- ထက်ကြီးလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်အတန်ကြာလာတော့ မင်းသိမ်မင်းငယ်အဖြစ်နဲ့ အားမရတော့ဘူး၊ ဗာရာဏသီနန်းတော်ကိုပါ လိုချင်လာတယ်။ ဒါ့ကြောင့် လက်နက် လူသူတွေစုပြီး ဗာရာဏသီပြည်ကိုသွားဝိုင်းပြီး ညီတော်ထံ ရာဇသံပေးလိုက်တယ်၊ နိုင်ငံ အပ်မလား၊ စစ်ထိုးမလားပေါ့။ ညီဖြစ်သူဟာ ငယ်ပေမယ့် ဉာဏ်ပညာရှိတယ်"

"ငါ့ရဲ့ စစ်သည်တွေဟာ လေ့ကျင့်ရည်ဝပြီးသား၊ ထွက်တိုက်ရင် နောင်တော်နဲ့ နောက်လိုက်တွေ အများကြီးသေကြမယ်၊ ဒါပေမယ့် ပညာရှိတွေက အစ်ကိုရင်း သတ်ပြီး မင်းစည်းစိမ်ခံစားတဲ့သူလို့ ကဲ့ရဲ့ကြလိမ့်မယ်၊ ရေပွက်ပမာ တစ်သက်လျှသာ ခံစားရမယ့် မင်းစည်းစိမ်အတွက် နောင်တော် ရင်းကိုလည်း မသတ်လိုဘူး၊ အပါယ်လေးပါးလည်း မကျလိုဘူးဆိုပြီး မင်းစည်းစိမ်ကို အသာတကြည်ပဲ လွှဲပေးလိုက်တယ်"

"ကာမဂုဏ်ကို တပ်မက်တဲ့တဏှာဟာ ပယ်သတ်ရမယ့်တရားသာ ဖြစ်တယ်၊ ဒါ့ကြောင့် သမုဒယသစ္စာအနေနဲ့ ဟောခဲ့တာပေါ့။ ဆောင်ထားရမယ့် တရားမဟုတ်ဘူး၊ တဏှာရဲ့ပင်ကိုယ်က ပူလောင်ခြင်း သဘောရှိသလို သူ့ကို လက်ခံထားတဲ့ ခန္ဓာကိုလည်း ပူပြင်းလောင်မြိုက် ပစ်တတ် တယ်၊ အခုလည်း ကာမတဏှာက ဗာရာဏသီမင်းရဲ့ခန္ဓာကို လောင်မြိုက် ခွင့်ရသွားပြီ။ ဒါ့ကြောင့် သူဟာ ဗာရာဏသီပြည် တစ်ပြည်တည်းနဲ့ အားမရတော့ဘူး၊ တခြား နိုင်ငံတွေကိုပါ သိမ်းယူဖို့ အင်အားစုလာတယ်"

"ဒီအဖြစ်ကို မြင်သွားတဲ့ သိကြားမင်းက လောဘ တအားကြီးတဲ့မင်း၊ လောဘဓာတ်ရဲ့ပူလောင်မှုကို ဒီဘဝမှာတင် သေချာသိစေရမယ်ဆိုပြီး ဗာရာဏသီမင်းထံ လုလင်ပုံသဏ္ဌာန်နဲ့ ဆင်းလာတယ်၊ တွေ့တဲ့အခါ ပစ္စည်းဥစ္စာ၊ လယ်ယာချောင်းမြောင်းနဲ့ပြည့်စုံတဲ့ နိုင်ငံသုံးခုကို တွေ့ထားတယ်၊ အရှင် မင်းကြီး လိုချင်ရင် ကျွန်တော်မျိုးကိုယ်တိုင်ခေါင်းဆောင်ပြီး တိုက်ခိုက်သိမ်းယူ ပေးပါမယ်လို့ လျှောက်တင်လိုက်တော့ ဗာရာဏသီမင်းဟာ သိပ်သဘောကျသွားတာပေါ့"

အဲဒီလိုပြောပြီး အမြန်ပြန်ထွက်သွားတယ်၊ ဗာရာဏသီမင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းရဲ့ တန်ခိုးကြောင့် သင်ဟာ ဘယ်ကလဲ၊ ဘယ်အမည်ရှိသလဲ၊ ဘယ်အချိန်မှာ သွားတိုက်ကြမလဲစတဲ့ မေးခွန်းတွေ တစ်ခွန်းမှမမေးလိုက်ရဘူး၊ လုလင်ထွက်သွားပြီး အတန်ကြာမှ သူ့ရဲ့စစ်သည်တွေကို စစ်ပြင်ခိုင်းတယ်၊ မှူးကြီးမတ်ရာတွေကို အကြောင်းစုံပြောပြပြီး စစ်ပွဲအတွက် တိုင်ပင်တယ်၊ ဒီအခါ မှူးမတ်တွေက မင်းကြီး အဲဒီလုလင်က အခုဘယ်မှာလဲ၊ နာမည်ဘယ်လို ခေါ်သလဲ၊ ဘယ် အရပ်ကလဲလို့ မေးတဲ့အခါ မင်းကြီးဘာမှ မပြောနိုင်တော့ဘူး"

"နိုင်ငံသုံးခုကို ခေါင်းဆောင် တိုက်ပေးပါမယ်ဆိုတဲ့ လုလင်ကို ဆုလာဘ်များ ပေးသနားလိုက်မိသေးသလားဆိုတော့ ဒါလည်း မပေးလိုက်မိဘူး၊ ဒါနဲ့ပဲ တစ်နိုင်ငံလုံးစည်လည်ပြီး လုလင်ငယ်ကိုရှာပေမယ့် မတွေ့တော့ဘူး၊ ဒီမှာတင် မင်းကြီးဟာ လာဘ်ကြီးတစ်ခုတော့ လွဲပါပြီဆိုပြီး လောဘအပူမီးတွေလောင်လိုက်တာ ဝမ်းသွေးအန်တဲ့ ရောဂါဖြစ်ပြီး ဘယ်လိုမှ ကုမရတော့ပဲ အိပ်ယာထဲ လဲတော့တာပဲ"

"ဘယ်သမားတော်မှ ကုမရတော့ဘဲ မင်းကြီးရဲ့ရောဂါဟာ တစ်နေ့ထက်တစ်နေ့ ပိုလို့သာ ဆိုးလာတယ်၊ အဲဒီအချိန်မှာ ဘုရားအလောင်း ဟာ တက္ကသိုလ်ပြည်က ပညာစုံပြီး ဗာရာဏသီကို ပြန်ရောက်စဖြစ်တယ်။ ဒီသတင်းလည်းကြားရော မင်းကြီးရဲ့ရောဂါကို ပျောက်အောင်ကုသပေးဖို့ တာဝန်ခံပြီး ဝင်တွေ့တယ်၊ ရောဂါဖြစ်ခြင်းရဲ့အကြောင်းအရင်းကို မေးမြန်းလို့ သိရတာနဲ့ ဆေးဝါးနဲ့ကုရမယ့် ရောဂါမဟုတ်ဘဲ စိတ်နဲ့ကုရမယ့်ရောဂါ ဆိုတာ နားလည်သွားတယ်"

"စိတ်ကြောင့်ဖြစ်တဲ့ ရောဂါဟာ စိတ်နဲ့ ကုမှပဲ ပျောက်တယ်၊ ဆေးဝါးနဲ့ ကုလို့ မပျောက်နိုင်ဘူး၊ မင်းကြီးကိုရောဂါသက်သာစေတဲ့ ပထမမေးခွန်းက အရှင်မင်းကြီး အခုလို ပူဆွေးသောကကြောင့် ရောဂါဖြစ်နေခြင်းအားဖြင့် အရှင်မင်းကြီး လိုချင်တဲ့ နိုင်ငံသုံးနိုင်ငံကို ရလာနိုင်ပါသလားတဲ့။ မရနိုင်ပါဘူးလို့ ပြန်ဖြေရင်း မင်းကြီးရဲ့ စိတ်ရောဂါဟာ တစ်ဝက်လောက် ပျောက်သွားတယ်၊ ငါဟာ ကိုယ့်အတွက် ဘာမှ သက်ကျိုး

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ပူလောင် ဆင်းရဲနေတာပါလားဆိုတာ သဘောပေါက် သွားတယ်"

"ဒုတိယမေးခွန်းက အရှင်မင်းကြီးဟာ နိုင်ငံလေးခုကို ပိုင်ဆိုင် အုပ်ချုပ်ခွင့်ရတာနဲ့ ပွဲတော်စာလေးပွဲ တစ်ပြိုင်နက် တည်နိုင်မှာလား၊ မင်းဝတ် တန်ဆာလေးစုံ တစ်ပြိုင်နက် ဆင်နိုင်မှာလား၊ စက်တော်ရာ လေးခုမှာ တစ်ပြိုင်နက် အိပ်နိုင်မှာ လားဆိုတော့ ဒီလိုလည်း မလုပ်နိုင်ပါ ဘူးတဲ့၊ ဒီလိုဆိုရင် နိုင်ငံလေးခု ပိုင်ဆိုင်ရတဲ့အတွက် ဘာမှထူးမလာပါဘူး၊ လုံခြုံအောင် စောင့်ရှောက်ရတဲ့ အာရက္ခဒုက္ခတွေသာ ပိုလာမှာပါလို့ ရှင်းပြလိုက်တော့ မင်းကြီးရောဂါဟာ အတော်ကြီး သက်သာသွားတယ်"

"အဲဒီအခါကျမှ ဂါထာပေါင်း ၉-ဂါထာကို ရွတ်ဆိုပြီး တရားကို ဆက်လက် ဟောတယ်၊ တရားလည်းဆုံး မင်းကြီးရောဂါလည်း ပျောက်ပေါ့၊ တရားဆုံးတဲ့အခါ မင်းကြီးက ဆုငွေတွေ ထောင်နဲ့ချီပြီး ပေးပေမယ့် ပုဏ္ဏား လုလင်က မယူတော့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ တရားဟောရင်း မင်းကြီး ဘေးက ကနက္ကဒါန်ထီးဖြူကို ဩဒါတကသိုဏ်းရှုရင်း ဈာန်ရသွား လို့ပါပဲ၊ အဲဒီနေ့က စပြီးတော့ ဟိမဝန္တာတောထဲကြွပြီး ဈာန်တရားနဲ့ပဲ နေသွား တော့တယ်"

"ကာမဂုဏ်ကို တပ်မက်တဲ့တဏှာဟာ တော်တော်ဆိုးတာပါလား ဆရာတော်"

"ဒီမင်းကြီးက ကာမတဏှာကြောင့် ဝမ်းသွေးသွန်တဲ့ရောဂါ လောက်ပဲရတာ၊ မြို့တစ်မြို့က အသက် ၇၀-လောက်ရှိတဲ့ အဖိုးကြီး တစ်ယောက်ကတော့ ကာမတဏှာကြောင့် သေတောင်သွားဖူးတယ်၊ တစ်ခါ တော့ အသက်ငယ်ငယ် မိန်းကလေးတစ်ယောက်က ရဲစခန်းမှာလာပြီး တိုင်ချက်ဖွင့်တယ်၊ အမှုက မုဒိမ်းမှုပေါ့၊ ကျူးလွန်သူက အဖိုးကြီး တစ် ယောက်တဲ့ ရဲသားတွေလည်း အခင်းဖြစ်ပွားတဲ့နေရာကို ချက်ခြင်းသွား ဝိုင်းကြတယ်"

"ဟိုရောက်တော့ ကျူးလွန်တဲ့အဖိုးကြီးတော့တွေ့ပါရဲ့ ဒါပေမဲ့ မဖမ်းခဲ့ရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဘုရား"

"သေနေလို့ပေါ့။ ကာမတဏှာကြောင့် အမောဖောက်လာတာ တောင် ဂရုမစိုက်ဘဲ ဆက်မှီဝဲတော့ အသက်ပါပါသွားတာပေါ့၊ ဒါ့ကြောင့် ဗုဒ္ဓက ကာမဂုဏ်ကို အပြစ်ဆယ်မျိုးနဲ့ ဥပမာပြပြီး ဟောတယ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ ကာမဂုဏ်တရား တွေဟာ–

အင်္ဂါရကာသူပမာ = မီးကျီးတွင်းနဲ့လည်း တူတယ်တဲ့၊
တိဏုက္ကူပမာ = လေညာသို့ရှေ့ရှုယူသွားတဲ့ မြက်မီးရှူးနဲ့လည်း တူတယ်တဲ့၊
ယာစိတကူပမာ = ခဏတာငှားရမ်းဝတ်ဆင်တဲ့ အဝတ်တန်ဆာနဲ့လည်း တူတယ်တဲ့၊
သုပိနကူပမာ = အိပ်မက်နဲ့လည်း တူတယ်တဲ့၊
အဋ္ဌိကင်္ကလူပမာ = အသားမရှိတဲ့ အရိုးနဲ့လည်း တူတယ်တဲ့၊
မံသ ပေသူပမာ = လုယူရတဲ့အသားတစ်နဲ့လည်း တူတယ်တဲ့၊
ရုက္ခဖလူပမာ = အသီးသီးတဲ့သစ်ပင်နဲ့လည်း တူတယ်တဲ့၊
အသိသူနူပမာ = စင်းနှီးတုံးနဲ့လည်း တူတယ်တဲ့၊
သတ္တိသူလူပမာ = လှံနဲ့လည်း တူတယ်တဲ့၊
သပ္ပသိရူပမာ = မြွေဦးခေါင်းနဲ့လည်း တူတယ်တဲ့၊

မီးကျီးတွင်းနဲ့တူတာကတော့ ရှင်းနေပါပြီ။ မီးကျီးတွင်းထဲကျရင် ပူလောင်ပြီး သေရသလို အတွေ့အထိအာရုံကို လွန်ကဲစွာခံစားချင်တဲ့ ကာမဂုဏ် တဏှာမီးကြောင့် စောစောကပြောခဲ့တဲ့ အဖိုးကြီးဟာ သေသွားခဲ့ရတာ ပဲမဟုတ်လား၊ ဆေးပညာအရတော့ ဒီအဖိုးကြီးဟာ နှလုံးရပ်လို့ သေသွားတာပေါ့၊ ဝိပဿနာပညာအရတော့ လောဘကိလေ သာ မီးလောင်လို့ သေသွားရတာပဲ"

"ကိုယ်ချစ်တဲ့သူကို တွေ့တဲ့အခါ နှလုံးခုန်နှုန်းဟာ သိသိသာသာကို မြန်လာတယ်၊ ဒါကိုပဲ အချစ်ဝတ္ထုရေးတဲ့ စာရေးဆရာတွေ၊ ဒါရိုက်တာ တွေက "ရင်ခုန်မိတာ အချစ်လား"ဆိုတဲ့နာမည်နဲ့ ဝတ္ထုတွေရေးကြ ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရိုက်ကြတယ်၊ နှလုံးခုန်တာ ပုံမှန်မဟုတ်ပဲ မြန်လာတယ်ဆို တာဟာ လောဘမီးက နှလုံးကို အားကောင်းကောင်းနဲ့ လောင်လို့ပဲ။ အလောင်များ သွားရင်တော့ သေမှာပဲ၊ ဒါ့ကြောင့် ရင်ခုန်မိတာအချစ် လားလို့ မဆိုသင့်ဘူး၊ ရင်ခုန်မိတာ သေမလို့ပဲလို့ အမှန်အတိုင်း ဆိုသင့် တယ်"

"ကာမဂုဏ်တရားတွေဟာ မြက်မီးရှူးနဲ့တူပုံကို ပြောပြဦးမယ်၊ မြက်ခြောက်တွေကို စုစည်းပြီးမီးရှို့ထားတာကို မြက်မီးရှူးလို့ခေါ် တယ်၊ အဲဒီမြက်မီးရှူးကြီးကို ကိုင်ပြီး လေညာကိုဆန်သွားရင် မြက်မီးရှူးက မီးတွေဟာ ကိုင်စွဲသူကို ပြန်လောင်မှာ၊ ဒီဥပမာအတိုင်းပဲ ဝတ္ထုအာရုံ ကာမ–ဂုဏ်တွေကို စွဲလမ်းနေမယ်၊ သို့မဟုတ် တွေးပူနေမယ်ဆိုရင် အစွဲအ လမ်းကို မလျှော့မခြင်း၊ သောကကို မလျှော့မခြင်း ကိုယ့်ကိုလောင်နေမှာပဲ"

"ရန်ကုန်မှာ အမျိုးသမီးတစ်ယောက်ကို တွေ့ဖူးတယ်၊ သူဟာ မရောက် သေးတဲ့၊ မဖြစ်သေးတဲ့အနာဂတ်ကို အမြဲတမ်း တွေးပူနေတတ် တယ်၊ ရပ်ကွက် မီးလောင်ရင် ငါတို့အိမ်လေးပါသွားလို့ကတော့ မိသားစု အားလုံး နေစရာရှိမှာ မဟုတ်တော့ပါဘူးလို့ နေရေးကိုလည်း ကြံဖန်တွေးပြီး ပူတတ်တယ်၊ ခင်ပွန်းဖြစ်သူသာ တစ်စုံတစ်ခုကြောင့် လက်ရှိရာထူးလေး ပြုတ်သွားရင် ငါတို့မိသားစုတော့ စားဖို့၊ ဝတ်ဖို့ ဒုက္ခရောက်တော့မှာပဲ ဆိုပြီး စားရေး၊ ဝတ်ရေးကိုလည်း ကြံဖန်တွေးပြီး ပူနေတတ်တယ်"

"ကလေးတွေကျောင်းသွားပြီဆိုရင်လည်း လမ်းမှာ တခြားကလေး တွေနဲ့ ရန်များဖြစ်နေမလား၊ ကားများတိုက်လေမလားဆိုပြီး ပူတတ်တယ်၊ သောကမရှိရင် မနေတတ်တဲ့ ဒီအမျိုးသမီးဟာ တခြားပူစရာမရှိရင် ခင်ပွန်းအတွက် လည်းတွေးပြီးပူတတ်တယ်၊ ငါ့ခင်ပွန်းက ရုပ်ဖြောင့်တယ်၊ ရုံးထဲကစာရေးမ တွေနဲ့များ ဖောက်ပြန်နေမလား ဆိုပြီး တွေးပူပြန်သတဲ့"

"သူပူပင်သောက ရောက်နေတဲ့အတိုင်းလည်း တစ်ခုမှ ဖြစ်မ လာပါဘူး၊ ဒါပေမယ့် ကာမဝတ္ထုတွေကို အကြောင်းပြုပြီး ပူပင်သောက (ဒေါသ)မီးတွေကလောင်လိုက်တာ ဒီအမျိုးသမီးဟာ အသက်လေးဆယ် အရွယ်မှာတွင် နှလုံးရောဂါနဲ့ သေရှာတယ်၊ ဆေးပညာအရတော့ နှလုံး

www.burmeseclassic.com

www.burmeseclassic.com



ရောဂါ ကြောင့်သေတာပေါ့၊ ဝိပဿနာပညာအရတော့ ဒေါသကိလေသာ မီးလောင်လို့ သေရတာပါ"

"ငှားထားတဲ့ လက်ဝတ်တန်ဆာတွေဟာ ခဏနဲ့ ပိုင်ရှင်ကိုပြန်ပေးရသလို ကာမဂုဏ်ငါးပါးဟာလည်း မိနစ်ပိုင်း၊ နာရီပိုင်းခဏပဲ ခံစား နိုင်ပြီး သူ့နေရာသူ ပြန်ထားရတာပါ၊ တစ်ရက်လုံး၊ တစ်လလုံး၊ တစ်နှစ်လုံး အဆက်မပြတ် ကိုယ်ပိုင်အနေမျိုး ခံစားလို့မရပါဘူး၊ ဒါ့ကြောင့် ဗုဒ္ဓက ကာမဂုဏ်ငါးပါးကို အငှားပစ္စည်းနဲ့ တူတယ်လို့ ဟောခဲ့တာပါ"

"အိပ်မက်ထဲမှာ အစားတွေစားရတယ်၊ အတွေ့အထိတွေ ခံစားရတယ် လို့ မက်နေတဲ့အချိန်မှာ တကယ်လို့ထင်ပြီး ကျေနပ်နေတယ်၊ အိပ်ရာကနိုးလာမှ ဘာမှမဟုတ်မှန်း ဘာမှမရှိမှန်းသိရတာပါ၊ ဒီအတိုင်းပဲ ကာမဂုဏ်ငါးပါးကို ခံစားနေစဉ်မှာတော့ လူဖြစ်ကျိုးနပ်ပြီ၊ အနှစ်သာရကိုတွေ့ပြီလို့ ထင်နေပါတယ်၊ ခံစားလည်းပြီးရော ကိုယ့်အတွက် ဘဝအနှစ်သာရ တစ်ခုမှ မကျန်တဲ့အပြင် အကုသိုလ်ဇောနဲ့ ပန်းနာရောဂါ။ ကိုယ်ခံအားကျ ဆင်းတဲ့ ရောဂါမျိုးစုံပဲ ကျန်ခဲ့တာပါ။ ဒါ့ကြောင့် ဗုဒ္ဓက ကာမဂုဏ်ငါးပါးကို အိပ်မက်နဲ့ တူတယ်လို့ ဟောခဲ့တာပေါ့"

"အသားလုံးဝမရှိတဲ့ နွားခြေထောက်ရိုးကြီးတွေ၊ ဝက်ခြေထောက် ရိုးကြီးတွေကို ခွေးတွေ သွားရည်တမျှားမျှားနဲ့ ကိုက်နေတာ မင်းတွေ့ဖူး လိမ့်မယ်"

"မှန်ပါ၊ တွေ့ဖူးပါတယ်ဘုရား"

"အရိုးက ဘာအသားမှမရှိတဲ့အတွက် ဘယ်လိုအရသာမှ ထွက် ပေါ်မလာနိုင်ဘူး၊ ဒါပေမယ့် ခွေးကတော့ တစ်နေကုန်အသားတွေ ထွက် လာနိုး ငံ့နပဲနဲ့ ကိုက်နေတာပဲ၊ အရိုးက ဘာမှထွက်မလာပေမယ့် သူ့ပါးစပ် က သွားရည်တွေက ထွက်လာတော့ သူ့သွားရည်နဲ့သူ ပြန်ကောင်းနေ တာပေါ့၊ အခုလည်း ပုထုဇဉ်တွေ အာရုံငါးပါးခံစားတဲ့အခါ အာရုံငါးပါး ထဲက ဘာအရသာမှတော့ ထွက်မလာပါဘူး"

"ဒါပေမယ့် ပုထုဇဉ်ရဲ့ သန္တာန်ကထွက်လာတဲ့ တဏှာသွားရည်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ ကောင်းတယ်လို့ အထင်မှားနေတာပါ။ ဥပမာတစ်ခု ပုထုဇဉ်နဲ့ ရဟန္တာ ထမင်းစားတဲ့အခါ ရသာရုံကိုခံစားကြတာခြင်းတော့ အတူတူပဲ၊ ပုထုဇဉ်က တဏှာဆိုတဲ့ သွားရည်ထွက်လာတော့ ကောင်းတယ် ထင်ပြီး စွဲလမ်းတော့တာပေါ့၊ ရဟန္တာမှာတော့ တဏှာဆိုတဲ့သွားရည်မရှိတော့ ဘယ်လိုမှ မဖြစ်တော့ဘူးပေါ့၊ ဒါ့ကြောင့် ဗုဒ္ဓကကာမဂုဏ်ငါးပါးကို အသား မကပ်တဲ့ အရိုးနဲ့တူတယ်လို့ ပြောခဲ့တာပေါ့"

"ရွှေပြည်သာမှာ ဒကာတစ်ယောက်တွေ့ဖူးတယ်။ ပထမတော့ လူက အရက်ကိုသောက်တာဆိုတော့ ထမင်းစားကောင်းရုံ တစ်ခါတစ်ရံပေါ့၊ ကြာလာတော့ အရက်က လူကို ပြန်သောက်တဲ့ အဆင့်ကို ရောက်တာပေ့ါ၊ ဒီအခါကျတော့ အလုပ်အကိုင်တွေ ပျက်လာပြီး တစ်ပတ်မှာ လေးရက်က အရက်နဲ့ အချိန်ကုန်တယ်"

> ကြာကြာလုပ်ရင် ဘယ်အလုပ်မဆို စွဲသွားတယ်၊ ဒါကြောင့် ကောင်းတဲ့ အလုပ်ကိုသာ ကြာကြာလုပ်သင့်တယ်၊ မကောင်းတဲ့ အလုပ်ကို ကြာကြာ မလုပ်သင့်ဘူး၊ အရက်ဟာ ခါးလည်းခါးတယ်၊ ပူလည်းပူတယ်၊ အစာတွေ အန်ထွက်အောင် လည်း မူးတယ်၊ ဒီလောက်ဆိုးဝါးတဲ့ မကောင်းတဲ့ အရက်ကို မသောက်ရ မနေနိုင်အောင် စွဲသွားတာဟာ နှစ်အကြာကြီး စွဲသောက်ခဲ့လို့ပဲ။

အမေရိကန်က ဒေါက်တာရှပင်ဘားဆိုတာ ဦးနုလက်ထက် လွှန်ခဲ့တဲ့ နှစ်ပေါင်း ၅၀–လောက်က မြန်မာပြည်ကိုလာပြီး အရက်နဲ့ပတ်သက် တဲ့ဒဿနတစ်ခုကို ပြောသွားတယ်၊ အရက်ဟာ ဘယ်တိုင်းပြည်ကဘယ် လူမျိုးနဲ့မှ မတည့်ပါဘူးတဲ့၊ မွေးကာစကလေးရဲ့ဗိုက်ထဲကို အရက်လောင်း ထည့်မယ်ဆိုရင် အူကွဲပြီးသေပါသတဲ့၊ လူရဲ့သွေးအစက်တစ်ထောင်မှာ အရက်တစ်စက်ရောလိုက်မယ်ဆိုရင် သွေးနဲ့ပျောက်ပြီး အရက်နဲ့ လုံးဝ လွှမ်းသွားပါသတဲ့"

"အရက်နှစ်စက်ရောလိုက်မယ်ဆိုရင်တော့ ခေတ္တရှူးသွပ်သွားမယ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ မဟုတ်တာတွေ လျှောက်လုပ်မိတဲ့အထိ လူမှန်းသူမှန်းမသိအောင် မူးသွားမယ်လို့ ဆိုလိုတာပါ၊ သုံးစက် ရောလိုက်မယ်ဆိုရင်တော့ ဦးနှောက် သွေးကြောပြတ်ပြီး ချက်ခြင်းသေသွားမယ်တဲ့ ခုခေတ်မှာ အရက်သမားတွေ မကြာခဏ ဦးနှောက်သွေးကြောပြတ် သေကြတာဟာ သူတို့ရဲ့သွေးအစက် တစ်ထောင်မှာ အရက်သုံးစက် ရောက်သွားအောင် သောက်မိကြတဲ့ အတွက်ပဲ ပေါ့"

အရက်ရဲ့ တတိယနဲ့နောက်ဆုံးအဆင့်က အရက်ကအရက်ကို ပြန် သောက်တဲ့အဆင့်ပဲ၊ ဒီအဆင့်ကျတော့ အစာအာဟာရက မစားသလောက် နီးပါးကို ဖြစ်သွားပြီ၊ တစ်ချိန်လုံး အရက်ပဲသောက်တော့တယ်၊ ရွှေပြည် သာက ဒကာကြီးဟာ အဲဒီနောက်ဆုံးအဆင့်ကိုရောက်သွားပြီ၊ ဒါ့ကြောင့် အသက်ငါး ဆယ်နီးပါးလောက်မှာပဲ သေမယ့်ရောဂါစွဲကပ်ပြီး အိပ်ရာထဲ လဲတယ်၊ အသက်ကုန်ခါနီးမှာ သူ့မျက်လုံးက တစ်စုံတစ်ခုကို တောင်းနေ တယ်"

"ပါးစပ်က မပြောနိုင်တော့ဘူး၊ သေဖို့ရာ မိနစ်ပိုင်းပဲလိုတော့ တာပေါ့၊ မိသားစုတွေက သူတောင်းတာကို သေချာမသိတော့ မှန်းပြီးတော့ ပြကြ ရတယ်၊ ပထမဆုံး ဗုဒ္ဓရုပ်ပွားကိုယူပြတယ်၊ မဟုတ်ဘူးတဲ့၊ သူခေါင်း ရမ်းတယ်၊ တရားစာအုပ်တွေ၊ သံဃာတော်ဓာတ်ပုံတွေ၊ သားသမီးတွေ၊ မိတ်ဆွေတွေ ခေါ်ပြတယ်၊ သူလိုချင်တာ တစ်ခုမှမဟုတ်ဘူးဖြစ်နေတယ်၊ ခေါင်းရမ်းပြတယ်၊ ဒီအချိန်မှာ သူ့သူငယ်ချင်း အရက်သမားတစ်ယောက်က ရုတ်တရက်သတိရပြီး ခါးကြားက အရက်ပုလင်းကို မြှောက်ပြတယ်"

"အဲဒီတော့မှ သူခေါင်းညိတ်တယ်၊ ဟုတ်တယ်တဲ့၊ နောက်ဆုံး အချိန် မှာတောင် အရက်သောက်ရင်း သေသွားချင်တဲ့သဘော၊ ဘာမှမတတ် နိုင်ကြတော့ဘူး၊ သေမယ့်သူရဲ့နောက်ဆုံးဆန္ဒကို ဖြည့်ပေးရတော့တာပဲ၊ ဂွမ်းကို်စ် ပုလင်းထဲ အရက်ထည့် ပိုက်တပ်ပြီး သူ့ပါးစပ်ထဲ တစ်စက်ချင်း ချ ပေးရတယ်၊ တစ်စက်ချင်း ကျနေတဲ့အရက်ကို အရသာခံရင်း သူ့အသက် ပျောက်သွားတယ်၊ အပါယ်ငရဲကတော့ သေချာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်းပဲ အသားမကပ်တဲ့အရိုးနဲ့တူတဲ့ ရသာရုံဆိုတဲ့ ကာမဂုဏ်ကို အသက်အသေခံပြီး ခံစားသွားတာပဲပေါ့"

"ကျီးတစ်ကောင် သားတစ် တစ်ခုကို ရသွားပြီးဆိုရင် ကျန်တဲ့ကျီးတွေက အဲဒီကျီးကို သားတစ်လွှတ်မချမချင်း လိုက်ပြီး ထိုးဆိတ်ကြတယ်၊ သားတစ်ကို ချီထားတဲ့ကျီးဟာ နှုတ်သီးကလည်းမအားတော့ တခြားကျီးတွေကို ပြန်မခုခံနိုင်ပဲ ထိုးဆိတ်သမျှ သွေးချင်းချင်းနီအောင်ခံရတယ်၊ နာလွန်းမက နာတဲ့အခါကျမှ သားတစ်ကိုလွှတ်ချလိုက်တယ်။ ဒီအခါ တခြားကျီးတစ်ကောင်က သားတစ်ကို ဆက်ချီပြန်တယ်"

"သားတစ်ကိုလွှတ်ချလိုက်တဲ့ကျီးဟာ တခြားကျီးတွေရဲ့ထိုးဆိတ်ခြင်းဘေးက လွတ်သွားသလို ဖြစ်ထွန်းနေတဲ့ စီးပွားရေးကာမဝတ္ထုကို လွှတ်ချလိုက်မှပဲ အပြိုင်အဆိုင်တွေရဲ့ တိုက်ခိုက်မှုက လွတ်တော့တာပဲ။ သားတစ်ကိုဆက်ချီ တဲ့ကျီးကို အခြားကျီးတွေက ဆက်ပြီးထိုးဆိတ်ကြသလို၊ ပထမသူဌေးဆီက နေရာလုပြီး ကြီးပွားနေတဲ့ဒုတိယသူဌေးကို တတိယသူဌေး၊ စတုတ္ထသူဌေး စသူတို့က ဆက်ပြီး ဒုက္ခပေး ပြိုင်ဆိုင်နေကြဦးမှာပါ"

"ကာမဂုဏ်တရားတွေကို အသီး သီးတဲ့ သစ်ပင်နဲ့ဥပမာပေးထားတာက တော်တော်ရှင်းပါတယ်၊ အပင်နှစ်ပင်ရှိရာမှာ အသီး သီးတဲ့ အပင်ဟာ ခူးတာလည်းခံရ၊ ချိုးတာလည်းခံရ၊ ခုတ်တာလည်းခံရ၊ ပုတ်ချ တာလည်း ခံရတော့ ခဏနဲ့သေရတယ်၊ မသီးတဲ့သစ်ပင်ကိုတော့ ဘယ်သူမှ ဂရုမစိုက်ဘူး"

"ပစ္စည်းဥစ္စာမရှိတဲ့ဆင်းရဲသားတွေ၊ ရဟန်းသံဃာတွေကိုတော့ ဘယ်သူကမှ ဒုက္ခမပေးပါဘူး။"

တို့ကျောင်းဒကာတစ်ယောက်ရဲ့ သမီးဟာ စလောင်းကလာတဲ့ တီဗွီအစီအစဉ်တွေ၊ ဇာတ်လမ်းတွဲ ဗီစီဒီချပ်တွေကို နားချိန် မဖြစ်စလောက်ထားပြီး နှစ်လုံးပေါက် ကြည့်တယ်၊ အဆင်းဆိုတဲ့ ကာမအာရုံကို ခံစားတာပေါ့၊ လေးငါး နှစ်လည်း ကြာရော မျက်စိမှုန်သွားလို့ အခု ဒီဂရီမျက်မှန်တပ် နေရပြီ

www.burmeseclassic.com

www.burmeseclassic.com



"အတွေ့အထိဆိုတဲ့ ကာမအာရုံတွေ အလွန်အကျူး ခံစားခဲ့ တဲ့အတွက် ကုသလို့မရတဲ့ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပြီး ဘဝ ဆုံးသွား သူတွေလည်း အများကြီးပဲ၊ စဉ်းနှီးတုံးပေါ် တင်ပြီးအသား ငါးတွေ ခုတ်ဖြတ်တဲ့အခါ နောက်ဆုံးကျတော့ စဉ်း နှီးတုံးသာ ပွဲရှဲ့ကျန်ခဲ့သလို ကာမဂုဏ်တရားတွေ အလွန်အကျူး ခံစားတဲ့အခါ နောက်ဆုံး ဒီခန္ဓာကိုယ်ကြီးသာ ရောဂါဖြစ် ကျန်ရစ် တာပါ၊ ဒါ့ကြောင့် ဗုဒ္ဓက ကာမဂုဏ်တရားတွေကို စဉ်းနှီးတုံးနဲ့ ဥပမာ ပေးဟောခဲ့တာဟာ သိပ်ကို သဘာဝကျပါတယ်"

"ကိုးခုမြောက် ဥပမာက ကာမဂုဏ်တရားတွေဟာ စူးဝင်တတ်တဲ့ လှံနဲ့ တူတယ်တဲ့၊ ချွန်ထက်တဲ့လှံဟာ ရင်ဝကိုစူးဝင်ရင်သေဆုံးရသလို၊ ကာမဂုဏ်ကို တပ်မက်တဲ့ တဏှာဟာလည်း နှလုံးသားကိုစူးဝင်ရင် သေဆုံး ရတာပါ၊ သီရိလင်္ကာမှာ သာသနာထွန်းကားစအချိန်ကပေါ့၊ ရဟန်းငယ် တစ်ပါးဟာ တရားဟော အလွန်ကောင်းတယ်လို့ သတင်းကြား တဲ့အတွက် ဘုရင်ကြီးတစ်ပါးဟာ မိသားစုအားလုံးကိုခေါ် လာခဲ့ပြီး တရားနာတယ်"

"တရားဟောနေရင်းက ရဟန်းငယ်နဲ့ဘုရင့်သမီးတော်တို့ဟာ မျက်လုံး ချင်း ဆုံသွားကြတယ်"

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေး အာရုံဆိုတဲ့ အာရုံခြောက်ပါး ရုပ်တရားတွေဟာ ဒုက္ခသစ္စာထဲမှာ ပါတဲ့အတွက် မမြဲတဲ့တရားပဲ၊ ဆင်းရဲတဲ့တရားပဲ၊ ကိုယ် မပိုင်တဲ့ တရားပဲ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) လို့ သိရုံသိပေးရမယ့်တရားသာ ဖြစ်ပါတယ်၊ ပယ်သတ်ရမယ့် တရားမဟုတ်ပါဘူး၊ ပယ်သတ်လို့ လည်း မရပါဘူး၊ ဒီအာရုံတွေအပေါ် တပ်မက်တဲ့ သမုဒယသစ္စာ တဏှာကသာ ပယ်သတ်ရမယ့် တရားဖြစ်တယ်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အခံဓာတ်ခြောက်ပါးဟာ ပုထုဇဉ်မှာ လည်းရှိတယ်၊ ရဟန္တာမှာ လည်းရှိတယ်၊ အခံဓာတ် ခြောက်ပါးရှိ နေပြီ ဆိုရင်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ၊

www.burmeseclassic.com

www.burmeseclassic.com



အတွေးအာရုံ (ဓမ္မာရုံ)ဆိုတဲ့ အတိုက် ခတ်ခြောက် ပါးဟာ အိပ်ပျော် နေချိန်မှတစ်ပါး အခါခပ်သိမ်းလာတိုက်နေမှာပဲ၊ ဒီတော့ အာရုံခြောက်ပါး ရဲ့အရသာကို တရားသိသူလည်း ခံစားတယ်၊ တရားမသိသူလည်း ခံစားတယ်ဆိုတာ သေချာသိသွားပြီ။ ဒါပေမယ့်တရားသိသူက အာရုံခြောက်ပါးကို မဂ်ဖိုလ် နိဗ္ဗာန်ရဖို့ရိက္ခာအဖြစ် အသုံးချတယ်၊ သုဒ္ဓေါဒနမင်းကြီးဟာ မင်းအဖြစ်နဲ့ အာရုံခြောက်ပါးကို ခံစားရင်း ရှုပွားတတ်လို့ မင်းဝတ်မင်းစားနဲ့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံခဲ့တာပါ"

"အာရုံခြောက်ပါးကိုခံစားရင်း ဝိပဿနာရှုတတ်ရင် ကုသိုလ်ဖြစ်ပြီး မဂ်ဖိုလ်ရတယ်၊ ဝိပဿနာ မရှုတတ်ရင် အာရုံခြောက်ပါးအပေါ်မှာ တပ်မက်တဲ့ တဏှာပေါ်ပြီး အကုသိုလ်ဖြစ်လို့ အပါယ်ကျတယ်ဆိုတာကို သဘောပေါက်သွား ပြီဘုရား၊ ဒါပေမယ့် နိဗ္ဗာန်ရိက္ခာ ဖြစ်သွားအောင် အာရုံခြောက်ပါးနဲ့ တိုက်ဆိုင်လာတဲ့အခါ ရှုပွားပုံအကျဉ်းလေးကိုတော့ ဆရာတော်ပြောပြမှ ရှုပွားတတ်မယ်ဘုရား၊ နည်းနည်းလေး နမူနာရှင်းပြပါဘုရား"

"သစ္စာလေးပါးအကြောင်းကျတော့ အကျယ်ပြောမှာပါ၊ မင်းကအခုသိချင်တော့ အကျဉ်းလေးပြောပြမယ်၊ မိန်းမ၊ ယောက်ျား၊ ကား၊ ဆိုင်ကယ်စတဲ့ မြင်စရာအဆင်းရုပ်တစ်ခုခုကို မြင်လိုက်တဲ့အခါ အဆင်းရုပ်အနိစ္စဟူ၍ဖြစ်စေ၊ မျက်စိအကြည်ရုပ် အနိစ္စဟူ၍ဖြစ်စေ၊ မြင်သိစိတ်အနိစ္စဟူ၍ဖြစ်စေ တစ်ခုခုကို ရှုပွားလိုက်တော့ ဖြစ်လာမယ့်တဏှာကိုသတ်ပြီးသား၊ ဝိပဿနာကို ပွားများပြီးသား ဖြစ်သွားတယ်"

"ဒီလိုသတိထားပြီးပွားများနေရင် အချိန်တန်တဲ့အခါ မဂ်ဖိုလ်နိဗ္ဗာန်ကို ရမှာဖြစ်လို့ အဆင်းအာရုံဟာ တရားသိသူအတွက် မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရိက္ခာဖြစ် သွားတာပေါ့၊ တစ်ခါတစ်ရံ သတိကနောက်ကျနေလို့ တဏှာဖြစ်ချိန်မှ သတိထားမိတယ်ဆိုရင်လည်းရတယ်၊ တဏှာဖြစ်တာကို ဖြစ်မှန်းသိလိုက်ရတယ်၊ စိတ်ဟာ နှစ်မျိုးပြိုင်မဖြစ်ကောင်းတာကြောင့် သိတဲ့မဂ္ဂင်စိတ် ပေါ်လိုက်တာနဲ့ ဖြစ်နေတဲ့ တဏှာဟာ ချက်ချင်း ပျက်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါဟာ တဏှာလို့ခေါ်တဲ့ နာမ်တရားရဲ့ အနိစ္စကို မြင်လိုက်တာပဲပေါ့၊ သတိပဋ္ဌာန် ပါဠိတော်မှာ ဒါကိုရည်ရွယ်ပြီး 'သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ'လို့ ဟောတော်မူတာပေါ့"

"နောက်ဆုံးဥပမာက ကာမဂုဏ်တရားတွေဟာ မြွေဦးခေါင်းနဲ့ တူတယ်တဲ့၊ မြွေဦးခေါင်းကိုကိုင်မိရင် အကိုက်ခံရပြီး မြွေဆိပ်တက်ကာ ဒုက္ခရောက်ရသလို၊ ကာမဂုဏ်ကြောမှာ နစ်မြောမိရင်လည်း ကာမ အဆိပ် တက်ပြီး ဒုက္ခရောက် ရတာပဲ၊ ၅၅၀–မှာ စူဠပလောဘနဇာတ်ဆိုတာရှိတယ်၊ ဒီဇာတ်ကိုဟောရခြင်း အကြောင်းကတော့၊ မယားဟောင်းရဲ့ ဖြားယောင်း ခံရလို့ လူထွက်ချင်နေတဲ့ ရဟန်းတစ်ပါးကြောင့်ပါပဲ"

"ကာမအဆိပ်မိပြီး ကာမဂုဏ်ရဲ့ ကျေးကျွန်ဖြစ်သွားရင် ဒုက္ခ ရောက် တတ်ကြောင်း သတိသံဝေဂရစေချင်လို့ ဗုဒ္ဓကိုယ်တွေ့ အတိတ် ဘဝဇာတ် ကြောင်းကို ပြန်ဟောတာပါ၊ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံနေတဲ့အချိန်၊ ဘုရားလောင်းဟာ ဗြဟ္မာပြည်ကစုတေလာပြီး မိဖုရား ခေါင်ကြီးဝမ်းမှာ သန္ဓေတည်တယ်၊ ဗြဟ္မာပြည်ကလာသူဖြစ်လို့ မိန်းမနဲ့ ပေါင်းသင်းထိတွေ့ဖို့ နေနေသာသာ မိန်းမရဲ့အနံ့ကိုတောင် မခံနိုင်လို့ အနိတ္ထိဂန္ဓမင်းသားလို့ လွယ်လွယ်ခေါ်ကြတယ်"

"အမျိုးသမီးအထိန်းတော်တွေကိုင်ရင် ကော့လန်နေအောင် တအား ငိုတတ်လို့ အမျိုးသား အထိန်းတော်တွေနဲ့ပဲ ထားရတယ်၊ အရွယ် ရောက်လာတဲ့ အထိ ဘယ်အမျိုးသမီးမှ အကပ်မခံတော့ မင်းကြီးက နန်းဆက် ပြတ်သွား မှာကို စိုးရိမ်လာတယ်၊ ဒါ့ကြောင့် ချောပေ့လှပေ့ဆိုတဲ့ အမျိုးသမီးတွေနဲ့ ပရိယာယ် အမျိုးမျိုးနဲ့ စည်းရုံးတယ်၊ မရဘူး၊ အဲဒီ အချိန်မှာ ကချေသည်မ တစ်ယောက်က မင်းသားကို ကာမဂုဏ်ဖက်ပါလာ အောင် သူဖြားယောင်းပါ့ မယ်ပြောလာတော့ မင်းကြီးကလည်း အောင်မြင် ရင် သားတော်ရဲ့ မိဖုရား ခေါင်ကြီးရာထူးခန့်မယ်လို့ ကတိပေးလိုက်တယ်"

"ကချေသည်မရဲ့စည်းရုံးမှုက ပညာပါတယ်၊ သူက ယောက်ျား လေးလို ဝတ်စားပြီး မင်းသားအဆောင်နဲ့ မနီးမဝေးကနေ စောင့်တိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ သီချင်းဆိုပြတယ်၊ မင်းသားကိုလည်း ဂရုမစိုက်ဘူး၊ ရက်အနည်းငယ်ကြာလာတော့ မင်းသားဟာ ရပ်နားထောင်တဲ့အထိ သူ့အသံကို စွဲလမ်းလာတယ်၊ နောက်ထပ် ရက်အနည်းငယ်ကြာတဲ့အခါ သူ့ရဲ့ရုပ်ရည်ကိုပါ သေချာကြည့်လာတယ်၊ သူက အရင်မိန်းမတွေလို တမက်တမော သေချာပြန်မကြည့်ဘူး"

"မသိမသာ မျက်တောင်လေးတစ်ချက်ပြန်လှန်ကြည့်ပြီး မျက်လွှာပြန်ချ သွားတယ်၊ ပုထုဇဉ်ရဲ့ဓမ္မတာက မရနိုင်တာကိုမှ လိုချင်တယ်၊ ခက်တာကိုမှ တန်ဖိုးထားတယ်၊ ကချေသည်မလေးဟာ ဒီအချက်ကို သူ့ရဲ့ဘဝပေးအတွေ့အကြုံအရ သေချာသိထားတယ်၊ နောက်ထပ် ရက်အတန်ကြာတဲ့အခါကျတော့ မင်းသားလေးက ကချေသည်မကို ယောကျ်ားလေးလို့လည်း ထင်နေတော့ သူနေတဲ့အခန်းထဲထိခေါ်ပြီး စောင်းတီး သီချင်းဆိုစေတယ်"

"အိပ်ခန်းထဲထိရောက်ပြီဆိုမှတော့ ကျန်တာမခဲယဉ်းတော့ပါဘူး၊ မင်းသား ဟာ ကချေသည်မရဲ့ အတွေ့အထိ ကာမဂုဏ်ရေယဉ်ကြောမှာ နစ်မျော သွားတယ်၊ ဖိုနဲ့မတို့ရဲ့ အတွေ့အထိကာမဂုဏ်ကို ရှောင်ကြဉ်ခဲ့တာဟာပြီးခဲ့တဲ့ ဖြဟ္မာဘဝ တစ်ဘဝလောက်ပါ၊ ကျန်တဲ့ ကမ္ဘာနဲ့ချီနေတဲ့ဘဝတွေမှာ မင်းသားဟာ ဒီအထိအတွေ့ ကာမဂုဏ်ကို ဘဝတိုင်းခံစားခဲ့တာဆိုတော့ အဿာဒတရားကပဲ အာဒီနဝတရားကို နောက်ဆုံးမှာ နိုင်သွားတာပေါ့"

"အဿာဒဆိုတာ ကာမဂုဏ်တရားတွေကို သာယာနှစ်သက်ဖွယ် အနေနဲ့မြင်တာ၊ အာဒီနဝဆိုတာ ကာမဂုဏ်တရားတွေကို အပြစ်အနေနဲ့ မြင်တာကို ပြောတာ၊ ကာမဂုဏ်တရားတွေကို အဿာဒ အနေနဲ့မြင်နေသမျှ သံသရာက ဘယ်တော့မှ မလွတ်နိုင်ဘူး၊ အာဒီနဝအနေနဲ့မြင်မှသာ သံသရာကလွတ်နိုင်မှာ ဒါ့ကြောင့်ဗုဒ္ဓက သစ္စာလေးပါးကို ပြခါနီးမှာ ကာမဂုဏ်ရဲ့အပြစ် အာဒီနဝကထာကို ဟောတော်မူရတာပါ"။

www.burmeseclassic.com



"အတွေ့အထိ ကာမဂုဏ်ရဲ့ အရသာကို ခံစားလိုက်ရတဲ့ အနိဋ္ဌဂန္ဓမင်းသားဟာ အရူးကို အမဲသား ကျွေးလိုက်သလို ဖြစ်သွားတယ်၊ အမဲသား တစ်ခါစား လိုက်ရတဲ့ အရူးဟာ နွားမြင်တိုင်း လက်ညှိုးလိုက်ထိုးနေသလို အတွေ့အထိ ကာမဂုဏ်ရဲ့ အရသာကို ခံစားလိုက်ရတဲ့ အနိဋ္ဌဂန္ဓမင်းသားဟာ မိန်းမမြင်တိုင်း လက်ညှိုးထိုးပြီး ငါပိုင်တယ်လုပ် တော့တာပဲ၊ ပြီးတော့ ဒီကာမဂုဏ်ရဲ့အရသာကို ငါတစ်ယောက်တည်းပဲ ခံစားမယ်ဆိုပြီး တွေ့သမျှ ယောကျ်ားတွေကို ဓားနဲ့ လိုက်ခုတ်သတ်တော့တာပဲ"

"ကြောက်စရာပါလား ဆရာတော်"

"မြွေကိုက်ခံရလို့ မြွေဆိပ်တက်သလို ကာမမြွေအကိုက်ခံရလို့ ကာမ အဆိပ် တွေတက်တာပေါ့၊ တခြားယောကျ်ားတွေကို လိုက်သတ်တဲ့ အထိ ဖြစ်သွားတယ်ဆိုတာ အရူးတစ်မျိုးဖြစ်သွားတာပါပဲ၊ စာမှာတော့ ဒီလိုအရူး မျိုးကို ရာဂုမ္မတ္တက = ရာဂရူးလို့ခေါ်တယ်၊ တိုင်းသူပြည်သားတွေ ဝိုင်း အော်ကြတော့ မင်းကြီးလည်း သားတော်ကိုဖမ်းဆီးပြီး ကချေသည်မ နဲ့အတူ နိုင်ငံမှ နှင်ထုတ်ပစ်လိုက်တယ်"

"ခုခေတ်လိုဆိုရင်တော့ တစ်ကျွန်း ပို့လိုက်တာပေါ့၊ သူတို့နှစ်–ယောက် ဟာ ဂင်္ဂါမြစ်နဲ့ သမုဒ္ဒရာကြားထဲက ကျွန်းလေးတစ်ကျွန်းမှာ သွားနေရတယ်၊ လူသူ မရှိတော့ အသီးအနှံတွေပဲ ရှာဖွေစားသောက်ရ တာပေါ့၊ တစ်ရက် မင်းသား သစ်သီးရှာထွက်နေတဲ့အချိန်မှာ ဈာန်ရ ရသေ့တစ်ပါး ကောင်းကင် ကနေ သူတို့နေတဲ့ ကျွန်းလေးပေါ် ဆင်းလာ တယ်။ လော်လည်တဲ့ ကချေသည်မဟာ ရသေ့ကိုတောင် ချမ်းသာမပေးဘဲ ဖြားယောင်းတဲ့အတွက် ရသေ့လည်း ကာမေသုမိစ္ဆာစာရကံကြီး ကျူးလွန်မိ ပြီး ဈာန်လျှောတော့တာပဲ"

"ဒီအချိန်မှာပဲ မင်းသား ပြန်ရောက်လာတော့ မယားထိစားကြည့် ဆိုတဲ့ စကားအတိုင်း ရသေ့ကိုသတ်ရအောင် ဓားနဲ့ နောက်က အတင်း လိုက်တယ်၊ ရသေ့ဟာ ကြောက်လန့်တကြား ထွက်ပြေးရင်း သမုဒ္ဒရာကမ်း စပ်ကို ရောက်သွားတယ်၊ ရသေ့ဟာ ကချေသည်မကြောင့် သူဈာန်လျှောသွား

www.burmeseclassic.com

www.burmeseclassic.com



တာကို သတိမထားမိပဲ အရင်လိုမှတ်ပြီး ကောင်းကင်ကို ပျံတက်မယ်ဆိုတဲ့ အကြံနဲ့ အပေါ် ကို အရှိန်နဲ့ ခုန်လိုက်တယ်"

"ဈာန်လျှောနေပြီဖြစ်တဲ့ အတွက်ကြောင့် ကောင်းကင်ကို ပျံမတက်နိုင်ပဲ သမုဒ္ဒရာထဲကျသွားတယ်၊ ဒီအဖြစ်အပျက်ကို အစအဆုံးမြင်လိုက်ရတဲ့ မင်းသားဟာ ရသေ့အပေါ် ထွက်နေတဲ့ ဒေါသတွေပျောက်သွားပြီး သံဝေဂ တရားဆီကို ဉာဏ်ရောက်သွားတယ်၊ ဒီ မိန်းမယုတ်ကြောင့် မိန်းမ အနံ့ကို တောင် အလိုမရှိခဲ့တဲ့ ငါဟာ တွေ့သမျှယောကျ်ားတွေကို လိုက်သတ်သည် အထိ ရာဂရူးကြီး ဖြစ်ခဲ့ရပြီး အခုလို တစ်ကျွန်းမှာလာပြီး နေရတယ်"

"ကောင်းကင်မှာဈာန်ပျံနိုင်တဲ့ ရသေ့ဟာလည်း ဒီမိန်းမယုတ် ကြောင့် ကာမေသုမိစ္ဆာစရက်ကို ကျူးလွန်မိပြီး ဈာန်လျှောကာ သမုဒ္ဒရာထဲ ကျခဲ့ရပြီလို့ နာကျည်းစွာ ဟစ်အော် ပြောဆိုမိတယ်၊ ထိုပြောသံတို့ကို ကြား သွားတဲ့ ရသေ့လည်း သတိသံဝေဂဉာဏ် ပြန်ဝင်ပြီး ရေထဲမှာတင် သမထ ကမ္မဋ္ဌာန်းကို ရှုပွားလိုက်တဲ့အတွက် ဈာန်တရားတွေကို ပြန်ရပြီး ကောင်း ကင်ကနေ ဟိမဝန္တာတောထဲကို အပြီးပြန်သွားတယ်"

"မင်းသားလည်း ကချေသည်မကို မြို့သို့ပြန်လွှတ်လိုက်ပြီး အား ထုတ် လိုက်တာ ဈာန်အဘိညာဉ်များကို ရသွားခဲ့တယ်၊ အသက်ထက်ဆုံး ဈာန်တရားနဲ့ နေခဲ့လို့ သေတဲ့အခါ သူလာခဲ့တဲ့ ဗြဟ္မာဘုံကို ပြန်ရောက်သွား တယ်"

"ကာမဂုဏ်တရားတွေကို မြိန်ရေယှက်ရေခံစားနေ တာဟာ နူနာ ရောဂါသည် သူ့လက်ကို မီးကင်တာနဲ့တူတယ်၊ နူနာ ရောဂါ သည်ဟာ နူနာရောဂါပိုးတွေ ထကြွလာတဲ့အခါ ယားယံ လွန်း အားကြီးလို့ သူ့လက်ကို မီးကျီးထဲထိုလုမတတ်ထည့်ပြီး ကင်ရ တယ်၊ ပူလွန်းအားကြီးတဲ့အတွက် နူနာပိုးတွေ ငြိမ်ဝပ်သွားမှ အယားပျောက်တယ်၊ ဒီတော့မှ မီးကျီးထဲက လက်ကို ပြန်ထုတ် ရတယ်"

"ဒါပေမယ့် တော်လေးကြာရင် ပိုးတွေဟာ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ထလာပြီး ယားလာတာပဲ၊ ဒီအခါ စောစောကလိုပဲ မီးကျီးထဲ လက်ထည့်ပြီး ကင်ရပြန်တယ်၊ အပူဓာတ်နဲ့တွေ့လို့ ပိုးတွေ ပြန်ဆုတ်တဲ့အခါ လက်ကို မီးကျီးထဲက ရုပ်ပြန်တယ်၊ နူနာပိုးတွေ ရှိနေသရွေ့ နူနာရောဂါသည်ဟာ မီးကင်နေရမှာပါ၊ ဘယ်တော့မှ မနားရပါဘူး၊ ထိုနည်းတူ လောဘ၊ ဒေါသစတဲ့ ကိလေသာပိုးတွေ ထကြွသောင်း ကျန်းလာတာနဲ့ ပုထုဇဉ်တွေဟာ အာရုံရဲ့အရသာ တွေကို ခံစား တယ်"

"ကိလေသာပိုးတွေ ငြိမ်ကျသွားတဲ့အခါ ခံစားမှုကို ရပ်လိုက် ပြန်တယ်၊ အတော်ကြာရင် ကိလေသာပိုးက ပြန်ထလာပြန်တာပဲ၊ ဒီအခါ ကာမဂုဏ်ကို ပြန်ခံစားပြန်တာပဲ၊ နူနာရောဂါသည်ဟာ နူနာပိုးရှိနေသမျှ မီးကင်ပေးနေရသလို ပုထုဇဉ်တွေဟာလည်း ကိလေသာပိုးရှိနေသမျှ ကာမဂုဏ်အာရုံတွေကို ခံစားပေးနေရတာပါပဲ၊ တဏှာပိုးထကြွလို့ ဝေဒနာက္ခန္ဓာက ခံစားနေတာကိုပဲ ငါခံစားချင်လို့ ခန္ဓာကိုယ်ကြီးက ခံစားနေတာလို့ အယူမှားပြီး ကာမဂုဏ်အတွက် ရောဂါအဖြစ်ခံကြ၊ အသက်အသေခံကြ၊ အပါယ်အကျခံကြနဲ့ ဖြစ်နေတာပါ။

ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မအာနိ သံသကထာ၊ ပြီးတော့ စတုသစ္စကထာကို ဆက်ကြတာပေါ့"

"ဗုဒ္ဓက သေမင်းမမြင်တဲ့နည်း၊ တစ်နည်း အသေလွတ်အောင် လောကကို ဉာဏ်နဲ့ကြည့်တဲ့နည်းကို အခုလိုဟောကြားခဲ့တယ်။

သုညတော အဝက္ခဿု လောကသ္မ။

မောဃရာဇာ သဒါသတော အတ္တာနုဒိဋ္ဌိ ဥဟစ္စ၊

ဧဝံ မစ္စုတရော သိယာ၊ ဧဝံ လောကံ အဝက္ခန္တံ

မစ္စုရာဇာန ပဿတိ – တဲ့ အဓိပ္ပာယ်က –

ချစ်သား မောဃရာဇ၊ ငါရှိတယ်လို့ အယူမှားတဲ့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိကို ဉာဏ်နဲ့နှုတ်ပယ်ပြီး လောကသုံးပါးကို သုညဖြစ်အောင် (ဝါ) သုဉ်းဆိတ်

www.burmeseclassic.com

www.burmeseclassic.com



သွားအောင် (ဝါ) အတုံးအလုံးအခဲ၊ အရည်အဖတ်၊ အမှုန်အမွှား ဘာမှမရှိတဲ့ သဘောတရားထိ ဆိုက်ရောက်သွားအောင် ကြည့်နိုင်မယ်ဆိုရင် သင့်ကို သေမင်း မမြင်နိုင်တော့ဘူး၊ (ဝါ) သင်သေခြင်းတရားက လွတ်သွား မယ်တဲ့"

"လောက၊က–သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကလို့ သုံးပါးရှိတယ်၊ သတ္တလောကဆိုတာ ငရဲကောင်၊ တိရစ္ဆာန်ကောင်၊ ပြိတ္တာကောင်၊ အသူရကာယ်ကောင်၊ လူ၊ နတ်၊ ဗြဟ္မာဆိုတဲ့ သတ္တဝါ အားလုံးကို ပြောတာပေါ့၊ သင်္ခါရလောကဆိုတာ အဲဒီသတ္တဝါတွေရဲ့ သန္တာန်မှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားကို ပြောတာ၊ ဩကာသလောက ဆိုတာ အဲဒီသတ္တဝါတွေနေတဲ့ဘုံ၊ ဗိမာန်နေရာတွေကိုပြောတာ"

"၃၁ ဘုံမှာရှိတဲ့ သက်ရှိသက်မဲ့အားလုံးကို ပရမတ္ထသစ္စာနဲ့ စစ်ကြည့်လိုက်ရင် အာရုံကိုမသိတဲ့ရုပ်နဲ့ အာရုံကိုသိတဲ့နာမ်လို့ နှစ်မျိုးပဲရှိတယ်၊ မင်းကိုယ်ကို စမ်းကြည့်လိုက်ရင် မာတဲ့သဘော၊ ပျော့တဲ့သဘော တစ်ခုခုတွေ့မယ်၊ အဲဒါပထဝီရုပ်ပဲ၊ စမ်းမိကိုင်မိတဲ့ လက်တွေ၊ ခြေတွေ၊ ကိုယ်တွေ၊ ခေါင်းတွေ၊ အသားတွေ၊ အသွေးတွေ၊ အရိုးတွေ၊ အူကလီ စာတွေက ပထဝီရုပ်ဓာတ် မဟုတ်ဘူး၊ မာနေတဲ့ သဘောလေးနဲ့ ပျော့နေတဲ့ သဘောလေးကသာ ပထဝီဓာတ် ဖြစ်တယ်"

"လက်၊ ခြေ စတာတွေက ခေါ်လို့ရအောင် နာမည်တပ်ထားတဲ့ နာမပညတ်၊ လူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာကလည်း ပုံသဏ္ဌာန်ကြည့်ပြီး ခေါ်ထားတဲ့ သဏ္ဌာနပညတ်တွေပဲ တကယ်မရှိဘူး။ အခုလို လူပုံသဏ္ဌာန်ကြီး ဖြစ်လာအောင် အဋ္ဌကလာပ်ရုပ်တွေကို ဖွဲ့စည်းပေးထားတာဟာ အာပေါရုပ်ဓာတ်ရဲ့ သတ္တိပဲ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာလို့ခေါ်တဲ့ သဘောတရား ရုပ်ဓာတ် ရှစ်ပါးပါတဲ့ ပရမာဏုမြူ ၃၆ လုံးကို ပေါင်းလိုက်ဖွဲ့လိုက်ရင် အဏုမြူ တစ်လုံးဖြစ်တယ်၊ အဏုမြူ ၃၆ လုံးကို ပေါင်းလိုက်ဖွဲ့လိုက်ရင် တဇ္ဇာရီမြူ တစ်လုံးဖြစ်တယ်၊ တဇ္ဇာရီမြူ ၃၆ လုံးကို ပေါင်းလိုက်ဖွဲ့လိုက်ရင် ရထမြူ တစ်လုံး ဖြစ်တယ်"

"ရထမြူ ၃၆ လုံးကို ပေါင်းလိုက်ဖွဲ့လိုက်ရင် သဲလုံးပမာဏ တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



စီ ခွဲမြင်နိုင်တဲ့ လိက္ခမြူဖြစ်လာတယ်၊ လိက္ခမြူပေါင်းများစွာကို ပေါင်းလိုက်ဖွဲ့လိုက်တဲ့အခါ ဆံပင်မွေးညင်းတွေ၊ ခြေသည်းလက်သည်းတွေ၊ ခေါင်းကိုယ်၊ ခြေလက်တွေပေါ် လာပြီး လူပုံသဏ္ဌာန်ကြီးပေါ် လာတာပဲ၊ အဲဒီလိုသဘောတရား ပရမတ်ရုပ် ၈-ခုကိုစုပြီး ပုံသဏ္ဌာန်ဒြပ်ရုပ်ကြီး ဖြစ်အောင်ဖွဲ့စည်းပေးတာ အာပေါရုပ်ဓာတ်ပဲဖြစ်တယ်"

"မင်းကိုယ်ကို စမ်းကြည့်တဲ့အခါ ပူသဘော၊ အေးသဘော တစ်ခုခုတွေ့မယ်၊ အဲဒါ တေဇောဓာတ်ပဲ၊ မင်းကိုယ်မှာ ထောက်ကန်တဲ့သဘောလည်းရှိတယ်၊ အဲဒါ ဝါယောဓာတ်ပဲ၊ အခု မင်းထိုင်နေနိုင်တာဟာဝါယောဓာတ်က ထောက်ကန်ပေးထားလို့ပေါ့၊ လမ်းသွားတဲ့အခါ လှုပ်ရှားနေတာလည်း ဝါယောဓာတ်ပဲ၊ မင်းကိုကြည့်ရင် မြင်ရတာဟာ ဝဏ္ဏဓာတ်ပဲ၊အဆင်းရုပ်လို့လည်း ခေါ်တယ်"

"မင်းကိုယ်ကို နမ်းကြည့်ရင် အနံ့တစ်ခုခုရမယ်၊ အဲဒါ ဂန္ဓလို့ခေါ်တဲ့အနံ့ရုပ်ပဲ၊ မင်းရဲ့အသားကိုစားရင် အရသာတစ်ခုခုတွေ့မယ်၊ အဲဒါရသဓာတ်ပဲ၊ အဲဒီအသားကိုစားတဲ့အတွက် ရုပ်ဟောင်း ချုပ်ပျောက်သွားတဲ့နေရာမှာ ရုပ်သစ်တွေ အစားထိုးပေးလို့ မင်းဆက်လက်အသက် ရှင်နေမယ်၊အဲဒါ ဩဇာဓာတ်ပဲ၊ သက်ရှိသက်မဲ့အားလုံး လိုက်ပြီးစမ်းသပ် ရှာဖွေကြည့်ရင်ဒီပရမတ် သဘောတရား ရုပ်ဓာတ်ရှစ်ခုပဲတွေ့မယ်"

"အိမ်၊ ကျောင်း၊ ဇရပ်၊ မြို့ပြ၊ နိုင်ငံ၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်တာရာ စတာတွေဟာ နာမည်တပ်ထားတဲ့ပညတ်တွေပဲ တကယ် မရှိကြဘူး၊ ခုပြောခဲ့တဲ့ ရုပ်ဓာတ်ရှစ်ပါးပဲရှိတယ်၊ဥပမာတစ်ခု သစ်ပင်လို့ ခေါ်တယ်ဆိုပါစို့၊ သစ်ပင်ဆိုတာလည်းနာမည်တပ်ထားတဲ့ နာမပညတ်ပဲ၊ တကယ်မရှိဘူး၊ သိချင်ရင် အမြစ်၊ ပင်စည်၊အကိုင်း၊ အခက်အလက်၊ အရွက်၊ အပွင့်၊ အသီးတွေ တစ်ခုခြင်း ကိုင်ပြီးဒါဘာလဲလို့မေးရင် အမြစ်၊ ပင်စည်၊ အကိုင်း၊ အခက်၊ အလက်၊ အရွက်၊အပွင့်၊ အသီးလို့ပဲ ဖြေမှာပါ၊ သစ်ပင်လို့ ဘယ်သူမှ မဖြေပါဘူး"

"ဘာ့ကြောင့်လဲဆိုရင် သစ်ပင်ဆိုတာ မရှိလို့ပါပဲ၊ အမြစ်၊ ပင်စည်၊

www.burmeseclassic.com

www.burmeseclassic.com



အကိုင်း၊ အခက်စတာတွေ စုပေါင်းထားတာကိုပဲ သစ်ပင်လို့ခေါ် နေကြတာပါ၊ ဒါဆိုရင် သစ်ပင်မရှိတာတော့ဟုတ်ပြီ၊ အမြစ်ပင်စည်စတာတွေများ ရှိနေသလားဆိုတော့ အဲဒါတွေလည်း နာမည်တပ်ထားတဲ့ ပညတ်ပါပဲ၊ မရှိပါဘူး၊ ဒါဆိုရင် ဘာပဲရှိသလဲဆိုရင် ပြောခဲ့တဲ့ ပရမတ်ရုပ်ဓာတ် ရှစ်ပါးပဲ ရှိပါတယ်"

"သစ်ပင်ရဲ့အစိတ်အပိုင်း ဘယ်နေရာကိုပဲ စမ်းကြည့်ကြည့် မာသဘော၊ ပျော့သဘော တစ်ခုခုတွေ့ပါလိမ့်မယ်၊ အဲဒါ ပထဝီဓာတ်ပါ၊ သစ်ပင်ပုံစံဖြစ်အောင် ရုပ်ကလာပ်စည်းပေါင်းများစွာကို ဖွဲ့စည်းပေးတဲ့ သဘောက အာပေါဓာတ်ပါ၊ ထိကြည့်ရင် ပူသဘော အေးသဘော တစ်ခုခုတွေ့ရပါလိမ့်မယ်၊ အဲဒါ တေဇောဓာတ်ပါ၊ သစ်ပင်ကြီး ပြန့်ကားထွက်လာတဲ့သဘောက ဝါယောဓာတ်ပါ"

"သစ်ပင်ကြီးကိုကြည့်ရင် မြင်ရတဲ့သဘောက ဝဏ္ဏဓာတ်ပါ၊ နမ်းကြည့်လို့ အနံ့တစ်ခုခုရတာက ဂန္ဓဓာတ်ပါ၊ စားကြည့်လို့ တွေ့ရတဲ့ အရသာတစ်ခုခုက ရသဓာတ်ပါ၊ စားလိုက်တဲ့အတွက် အသက်ဆက်ရှည်စေတတ်တဲ့ ဓာတ်သဘောက ဩဇာဓာတ်ပါ၊ ဒီတော့ သက်ရှိသက်မဲ့ အားလုံးမှာ ဒီရုပ်ဓာတ်ရှစ်ပါးပဲရှိတယ်ဆိုတာ ထင်ရှားလောက်ပါပြီ"

"မှန်ပါ၊ ထင်ရှားပါပြီဘုရား"

"ရုပ်တရားကိုသိပြီးရင် နာမ်တရားကို အကျဉ်းချုပ်သိရမယ် နာမ်ဆိုတာ အာရုံရှိရာကို ညွတ်တတ်၊ သိတတ်တဲ့ သဘောတရားလေးပဲ၊ ဒီနာမ်ဆိုတဲ့ထဲမှာ စိတ်၊ စေတသိက် နှစ်မျိုးလုံးပါတယ်၊ စိတ်က မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးသိစိတ်လို့ ခြောက်မျိုး ရှိတယ်၊ စိတ်ဟာ သူ့ချည်းဆိုရင် သန့်ရှင်းဖြူစင်ပါတယ်၊ ကုသိုလ်လည်း မဆိုရဘူး၊ အကုသိုလ်လည်း မဆိုရဘူး"

"အဆင်းတစ်ခုကို မြင်ရင် မြင်သိစိတ်ဖြစ်တယ်၊ မြင်သိစိတ် သက်သက်ကတော့ ကုသိုလ်လည်း မဆိုရဘူး၊ အကုသိုလ်လည်း မဆိုရဘူး၊ ဒီအချိန်မှာ နှစ်သက်တဲ့သဘော ဝင်လိုက်တာနဲ့ လောဘစိတ်ဖြစ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မနှစ်သက်တဲ့ သဘောလေး ဝင်လိုက်တာနဲ့ ဒေါသစိတ်ဖြစ်သွားတယ်၊ မြင်ရတဲ့အဆင်းရုပ်က စေတီသော်လည်းကောင်း၊ ရဟန်းသော်လည်းကောင်း ဖြစ်နေမယ်ဆိုရင် ကြည်ညိုတဲ့ သဘောလေး ဝင်လိုက်တာနဲ့ သဒ္ဓါ (ကုသိုလ်) စိတ်ဖြစ်သွားတယ်"

"လှူချင်တန်းချင်တဲ့ သဘောလေး ဝင်လိုက်တာနဲ့ အလောဘ (ကုသိုလ်) စိတ်ဖြစ်သွားတယ်၊ ဒီလောက်ဆိုရင် လောကသုံးပါးကို သုညဖြစ်အောင်ကြည့် လို့ရပြီ၊ ပထမဆုံး ဘုံ၊ ဗိမာန်၊ တော၊ တောင်၊ ရေ၊ မြေဆိုတဲ့ ဩကာသလောကကို ရုပ်နာမ်နဲ့ခွဲလိုက်ရင် အာရုံကို မသိတတ် တဲ့ရုပ်ထဲမှာ ပါတဲ့အတွက်ကြောင့် ရုပ်ဆိုတဲ့အပုံထဲမှာ ထည့်လိုက်ပါ၊ ရုပ်တရားလို့ ဉာဏ်နဲ့သိပြီး ကြည့်လိုက်တာနဲ့ ဩကာသလောကဆိုတာ ပျောက်သွားပြီ မရှိတော့ဘူး"

"ဒုတိယ သတ္တလောကထဲမှာပါတဲ့ (၃၁)ဘုံသား သတ္တဝါတွေက ရုပ်နဲ့နာမ် ရောနေတာဆိုတော့ ခွဲလိုက်ပါ၊ နာမ်တရားတွေကို သီးသန့်နုတ်ပြီး တစ်ပုံပုံပါ၊ နာမ်တရား မရှိတော့တာနဲ့ လူ မသာ၊ နတ် မသာ၊ ဗြဟ္မာ မသာ၊ အပါယ်ဘုံသား မသာတွေ ဖြစ်သွားတယ်၊ အဲဒါတွေဟာ အာရုံကို မသိတတ်တဲ့ ရုပ်တရားဖြစ်လို့ စောစောက ရုပ်ပုံထဲ သွားပေါင်းပြီး ပုံလိုက်ပါ"

"အဲဒါဆိုရင် သတ္တလောကဆိုတာလည်း မရှိတော့ပါဘူး၊ ဒါပေမယ့် ရုပ်နာမ် ဆိုတဲ့သင်္ခါရလောက ကျန်နေတယ်၊ ဒါကိုလည်း ဝိပဿနာဉာဏ်နဲ့ ပျောက်အောင် ဆက်ကြည့်ရမယ်၊ ရုပ်နာမ်တရားနှစ်ပါးမှာ ရုပ်တရားဆိုတာ ပြောင်းလဲ ဖောက်ပြန်တဲ့ သဘောတရားလေးပဲ၊ အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှားဘာမှမရှိဘူး၊ နာမ်တရားဆိုရင်လည်း အာရုံကို သိတတ်တဲ့သဘောတရားလေးပဲ အလုံး၊ အတုံး၊ အခဲ၊ အရည် အဖတ်၊ အမှုန်၊ အမွှား ဘာမှမရှိဘူး"

"အဲဒီလိုလည်း သိလိုက်ရော သင်္ခါရလောကဆိုတာ လက်ညှိုးထိုးပြစရာ ဘာမှမရှိတော့ဘူး၊ သုညဖြစ်သွားပြီ၊ (၃၁)ဘုံမှာရှိတဲ့ သက်ရှိသက်မဲ့ အားလုံး သုဉ်းဆိတ်ပြီး ဘာမှ မရှိတော့ဘူး ဆိုမှတော့ ရုပ်နာမ်ကို အကောင်

www.burmeseclassic.com

www.burmeseclassic.com



အထည် အရှိထင်ပြီး ငါလို့အယူမှားတဲ့ သက္ကာယဒိဋ္ဌိလည်း နေစရာ၊ ခိုကပ်စရာမရှိတော့ပါဘူး၊ ဗုဒ္ဓလက်ထက်က တိတ္ထိဆရာကြီး တွေဟာ သံသရာအဆက်ဆက် မပျက်မဆီးတည်ရှိတဲ့ အတ္တရှိတယ်ဆိုပြီး တွေးတော ကြံဆပြီး ရမ်းသမ်းဟောပြောကြတယ်"

သူတို့ပြောတဲ့ အတ္တတွေက – ကာရကအတ္တ အမှုကိစ္စတွေကို ပြုလုပ်တတ်တဲ့ အတ္တကောင်လေးရှိတယ်တဲ့၊ ဝေဒကအတ္တ၊ အဆင်း အသံစတဲ့ အာရုံရဲ့ အရသာကို ခံစားတတ်တဲ့ အတ္တကောင်လေးရှိတယ်တဲ့၊ သယံဝသီအတ္တ၊ မိမိ အလိုကိုလိုက်တဲ့ အတ္တကောင်လေး ရှိတယ်တဲ့၊ နိဝသီအတ္တ၊ ခန္ဓာကိုယ်မှာအမြဲတည်တဲ့ အတ္တကောင်လေး ရှိတယ်တဲ့၊ သာမိကအတ္တ၊ ဒီခန္ဓာကိုယ်ကို အစိုးရပိုင်ဆိုင်တဲ့ အတ္တကောင်လေး ရှိတယ်တဲ့ ဒီအတ္တကိုပဲ "ငါ"လို့ မှားယွင်းစွာ ယူဆနေကြတာပါ။

သူတို့ယူဆတဲ့ အတ္တကောင်မှ မရှိပဲနဲ့ ငါဆိုတာလည်း ဘယ်ရှိတော့မှာလဲ၊ တကယ်တော့ သူတို့ဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရ (အခံဓာတ်) ခြောက်ပါးနဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ အတွေးအာရုံဆိုတဲ့ အာရုံ (အတိုက်ဓာတ်) ခြောက်ပါးတို့ အသီးသီး တိုက်မိမှ ပေါ်ထွက်လာတဲ့ မြင်သိစိတ် (ပ) တွေးသိစိတ် ခြောက်ပါးနဲ့ စေတသိက်နာမ်တရားကို အတ္တကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်လို့ အထင်မှားနေကြတာပါ"

"ဘဝသံသရာ တစ်လျှောက်လုံး မြဲတယ်၊ ခိုင်တယ်၊ အနှစ်သာရရှိ တယ်၊ ချမ်းသာတယ်လို့ ယူဆတဲ့နာမ်တရားဟာ မမြဲပါဘူး၊ မခိုင်ပါဘူး၊ အနှစ်သာရ မရှိပါဘူး၊ ဆင်းရဲပါတယ်၊ ဒါကို ခန္ဓာတွေနဲ့ ပြပါ့မယ်၊ ကြားသိစိတ်တစ်ခုရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရ အနှစ်သာရမရှိပုံ ပုံစံ တစ်ခု ပြလိုက်ပါ့မယ်၊ ကျန်တာတွေကို နည်းမှီပြီး ချဲ့ထွင်ပွားများပါ၊ မြတ်စွာဘုရားရဲ့တရားကို သူကြွယ်နှစ်ယောက် နာကြားနေကြတယ်၊ ဒီတော့ သဒ္ဒါရုံလို့ခေါ်တဲ့ အသံရုပ်က သူကြွယ်နှစ်ယောက်မှာ ရှိတဲ့ နားအကြည်ရုပ်ကို လာတိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နားအကြည်ရုပ်ဆိုတာ မြင်နေရတဲ့ နားရွက်ကြီးကိုပြောတာ မဟုတ်ဘူး၊ နားပေါက်ရဲ့အဆုံးမှာတည်နေတဲ့ အသံရိပ်ထင်ရာမှန်ချပ်လို သဘောတရား ရုပ်လေးကို ပြောတာ၊ အသံရုပ်ဟာ တကယ်ရှိတယ်၊ ဒါပေမယ့် ကိုင်လို့၊ မြင်လို့မရဘူး၊ ထို့အတူ ပြခဲ့တဲ့ ပထဝီစတဲ့ ရုပ်ဓာတ်ရှစ်ပါးရယ်၊ အခုပြောနေတဲ့ နားအကြည်ရုပ်ရယ်ဟာလည်း အသံရုပ်လို့ သဘောတရား မျှပဲရှိတယ်၊ အလုံး၊ အတုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှားအနေနဲ့ ဘာမျှမရှိတဲ့အတွက် ကိုင်လို့လည်း မရဘူး၊ မြင်လို့လည်း မရဘူးလို့ ဉာဏ်နဲ့သိပါ"

"အသံရုပ် လာအတိုက်ခံရတဲ့ နားအကြည်ရုပ်ဟာ တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေငါးထောင့်ရှစ်ရာရှစ်ဆယ်ကျော် ဖြစ်ပျက်နေပါ တယ်၊ ပေါ်လာတဲ့ ကြားသိစိတ်လေးဟာလည်း တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွားပါတယ်၊ အသံရဲ့အရသာကို ခံစားတဲ့ ဝေဒနာစေတသိက် (ဝေဒနာက္ခန္ဓာ)၊ တရားသံပဲလို့ မှတ်သားတဲ့ သညာစေတသိက် (သညာက္ခန္ဓာ)၊ တရားကို ဆုံးအောင် နာဖြစ်အောင် တိုက်တွန်း နှိုးဆော်တဲ့ စေတနာစေတသိက် (သင်္ခါရက္ခန္ဓ)၊ နာမ်တရားတွေ ဟာလည်း စိတ်နဲ့အတူတူ တစ်စက္ကန့်အတွင်း ကုဋေတစ်သိန်း ဖြစ်ပျက်တယ် လို့ သိထားပါ"

"ဒီနေရာမှာ နားအကြည်ရုပ်လေး ပျက်သွားတာကို ဉာဏ်နဲ့ကြည့်ပြီး နား အကြည် ရုပ်အနိစ္စဟူ၍ဖြစ်စေ၊ ရူပက္ခန္ဓာအနိစ္စဟူ၍ဖြစ်စေ ရှုပွားရင် ကာယာနုပဿနာသတိပဋ္ဌာန်ကို ရှုပွားတယ်လို့ခေါ်တယ်၊ ကြားသိစိတ် အနိစ္စဟူ၍ဖြစ်စေ၊ ဝိညာဏက္ခန္ဓာအနိစ္စဟူ၍ဖြစ်စေ၊ ရှုပွားရင် စိတ္တာနုပဿနာသတိပဋ္ဌာန်လို့ခေါ်တယ်၊ အသံရဲ့အရသာကို ခံစားတဲ့ ဝေဒနာက္ခန္ဓာရဲ့ မမြဲမှုကို ဉာဏ်နဲ့သိပြီး ဝေဒနာက္ခန္ဓာအနိစ္စလို့ ရှုပွားရင် ဝေဒနာနု ပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်"

"မှတ်သားတဲ့ သညာက္ခန္ဓာနဲ့ တိုက်တွန်းနှိုးဆော်တဲ့ သင်္ခါရက္ခန္ဓာကိုဖြစ်စေ၊ သဘောတရား ခန္ဓာငါးပါးအပေါင်းကိုဖြစ်စေ အနိစ္စလို့ရှုပွားရင်

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်၊ ပါးစပ်က မဆိုရဘူး၊ အာရုံနဲ့ဒွါရ တိုက်တိုင်းဉာဏ်နဲ့ သိပေးနေရုံပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကြိုက်ရာရှုပွားနိုင်ပါတယ်"

"ညောင်လွန့်တောရဆရာတော်ကြီးကတော့ ခန္ဓာတစ်ပါးချင်း ရဲ့ မမြဲမှုကိုရှုပြီး ရဟန်းကိစ္စပြီးသွားတယ်၊ သံယုတ်ပါဠိတော်၊ ကိံသုကောပမသုတ်မှာလာတဲ့ ရဟန္တာမထေရ်ကြီးကတော့ ခန္ဓာငါးပါးအပေါင်းရဲ့ အနိစ္စကို ရှုရင်း ရဟန္တာဖြစ်သွားကြောင်း ပါတယ်၊ ဒီသံယုတ်ပါဠိတော်၊ သီလဝန္တသုတ်မှာ သီလပြည့်စုံ နေတဲ့ ရဟန်းဟာ အာရုံနဲ့ဒွါရ တိုက်ဆိုင်တိုင်း ပေါ်လာတဲ့ ခန္ဓာငါးပါး တို့ရဲ့ အနိစ္စကို ပုံမှန်ရှုပွားနေရင် လေးမဂ်လေးဖိုလ်လုံး ရပြီး ရဟန္တာဖြစ်နိုင်ကြောင်း အရှင်မဟာကောဋ္ဌိတရဲ့ အမေးကို အရှင်သာရိပုတ္တရာက ဖြေကြားထားချက်ပါတယ်"

"လွန်ခဲ့တဲ့နှစ်ပေါင်း ၂၄၀–ကျော်လောက်က ပေါ်ထွန်းခဲ့တဲ့ စတုဂီရိ တောင်လေးလုံးဆရာတော်လို့တွင်တဲ့ ဦးမေဓာဝီဟာ လည်း ခန္ဓာငါးပါးအပေါင်းရဲ့ အနိစ္စကိုရှုပွားရင်း ရဟန္တာ ဖြစ်သွား တယ်ဆိုတာ ဆရာတော်ကိုယ်တိုင် ရေးခဲ့တဲ့ ပကိဏ္ဏကရှုဖွယ်ကျမ်း ကို ကြည့်ရင်သိနိုင်တယ်"

"ခုမှ ကြားဖူးတာမို့ ဒီဆရာတော်ကြီးအကြောင်းကို နည်းနည်း လောက် ပြောပြပါဘုရား"

"ဒီဆရာတော်ကြီးဟာ ၁၀၇၆–ခုနှစ်နန်းတက်တဲ့ မှန်နန်းဆင်ဖြူ ရှင်မင်းတရားကြီးလက်ထက်မှာ ပေါ်ထွန်းခဲ့တယ်၊ ဆရာတော်ကို ၁၀၉၀– ပြည့်နှစ် ဉသျှစ်ကျေးရွာမှာ မွေးဖွားခဲ့တယ်လို့ပဲပါတယ်၊ ဒီဆရာ တော်ဟာ ၁၁၁၄ ခုနှစ်မှာ နန်းတက်တဲ့ အလောင်းမင်းတရားကြီး နန်းစံသက် သုံးနှစ်အရ ၁၁၁၆–ခုနှစ်၊ ရဟန်းဝါ ၆–ဝါလောက်ကစပြီး ရှုဖွယ်ကျမ်းပေါင်း ၃၆–ကျမ်းကို ရေးသားတော်မူခဲ့တယ်"

"၁၁၆၈ ခုနှစ်၊ သက်တော် ၇၈–နှစ် သိက္ခာတော် ၅၈–ဝါအရ၊

www.burmeseclassic.com

www.burmeseclassic.com



အမရပူရ မြို့တော်မြောက်ဖက်၊ မင်းရွာကျောင်းတိုက်အတွင်း၊ အရှေ့မုခ်အဝင် ၄တောင်ဘက် သုံးထပ်ရွှေကျောင်းမှာ ပျံလွန်တော်မူတယ်လို့ စာအုပ်နိဒါန်းမှာ အကျဉ်းပဲပါတယ်၊ အခုဆရာတော်ရေးခဲ့တဲ့ ပကိဏ္ဏကရှုဖွယ်ကျမ်း၊ စာမျက် နှာ ၁၇၃–က ကောက်နုတ်ချက်ကိုဖတ်ပြမယ်"

သုတဝါဖြစ်သော ပုထုဇဉ်ရဟန်းတို့သည် ငါးပါးကုန်သော ခန္ဓာတို့ကို အနိစ္စ၊ အနိစ္စ၊ ဒုက္ခ၊ ဒုက္ခ၊ အနတ္တ၊ အနတ္တ ဤသို့ ယောနိသောမနသိကာရပြုလျှင် သောတပတ္တိဖိုလ်ကိုရသည်။ သောတာပန်သည်လည်း ငါးပါးကုန်သောခန္ဓာတို့ကို အနိစ္စ၊ အနိစ္စ၊ ဒုက္ခ၊ ဒုက္ခ၊ အနတ္တ၊ အနတ္တ ဟု ယောနိသောမနသိကာရပြုလျှင် သကဒါဂါမိဖိုလ်ကိုရသည်၊ သကဒါဂါမ်သည်လည်း ငါးပါးကုန်သော ခန္ဓာတို့ကို အနိစ္စ အနိစ္စဟု၊ ဒုက္ခ ဒုက္ခဟု၊ အနတ္တ အနတ္တဟု ယောနိသောမနသိကာရ ပြုလျှင် အနာဂါမိ ဖိုလ်ကို ရသည်။ အနာဂါမ်သည်လည်း ငါးပါးကုန်သော ခန္ဓာတို့ကို အနိစ္စ အနိစ္စဟု ဒုက္ခ ဒုက္ခဟု၊ အနတ္တ အနတ္တဟု ယောနိသောမန သိကာရပြုလျှင် အရဟတ္တဖိုလ်ကိုရ၍ ကိလေသာဟူသော အညစ်အကြေး မတင် ဖြူစင်သန့်ရှင်းသော ရဟန္တာအဖြစ်သို့ ရောက်သည်။

သောဋသဝိမဂ်ကိစ္စပြီးသော ရဟန္တာသည်လည်း ငါးပါးကုန်သော ခန္ဓာတို့ကို အနိစ္စ အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တ အနတ္တဟူ၍လည်းကောင်း ယောနိသောမနသိကာရ ပြုအပ်ကုန်သည်။ ပြီးပြီးသော မဂ်ကိစ္စ သောဋသရှိတော်မူကုန်သော ရဟန္တာ အရှင်မြတ်တို့သည် အဘယ်သို့သော ဝိသေသအကျိုးကိုထောက်၍ ငါးပါးကုန်သော ခန္ဓာတို့ကို အနိစ္စ အနိစ္စ ဟူ၍လည်းကောင်း၊ ဒုက္ခ ဒုက္ခ ဟူ၍လည်းကောင်း၊ အနတ္တ အနတ္တဟူ၍လည်းကောင်း ယောနိသော မနသိကာရပြုကုန်သနည်း။

"ဤသို့ဟူလျှင် ခန္ဓာငါးပါးတို့ကို အနိစ္စ အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တ အနတ္တဟူ၍လည်းကောင်း လုံ့လအားထုတ်အပ်ကုန်သော ယောနိသောမနသိကာရဓမ္မတို့သည် ယခုပစ္စက္ခ

www.burmeseclassic.com



ဘ၀၌ ချမ်းသာစွာ နေခြင်းဟူသော ဖာသုဝိဟာရအကျိုး ဝိသေသကို လည်း ပြီးစေတတ်သည်။ သတိသမ္ဗောဇ္ဈင်တရား ပွားများခြင်းဟူသော အကျိုး ဝိသေသ အကျိုးငါးလည်း ဖြစ်ကုန်သည်။ ထို့ကြောင့် သောဠသဝိစ ၁၆–ပါးကုန်သော မဂ်ကိစ္စ ပြီးကုန်ပြီးသော ရဟန္တာကြီးတို့သည်ပင် ဖြစ်တုံပါသော်လည်း ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ပဉ္စက္ခန္ဓာ အနိစ္စာ၊ ပဉ္စက္ခန္ဓာ အနိစ္စာဟူ၍ ယောနိသောမနသိကာရ ပြုအပ်လှကုန်တော့သည်"

"ပဉ္စက္ခန္ဓာဒုက္ခာ၊ ပဉ္စက္ခန္ဓာဒုက္ခာဟူ၍လည်းကောင်း၊ ယောနိသော မနသိကာရ ပြုအပ်လှကုန်တော့သည်။ ပဉ္စက္ခန္ဓာအနတ္တာ၊ ပဉ္စက္ခန္ဓာ အနတ္တာ ဟူ၍ လည်းကောင်း ယောနိသောမနသိကာရ ပြုအပ်လှကုန် တော့သည်။ ခပ်သိမ်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည် ဤကဲ့သို့သော ဓမ္မရသကို သက်တော်ထက်ဆုံး နှစ်နှစ်သက်သက် သုံးဆောင် ခံစားတော်မူ ကုန်သည်။ ထို့ကြောင့် သဗ္ဗရသံ ဓမ္မရသော ဇိနာတိဟု ဟောတော်မူ သည်မှတ်၊ ခပ်သိမ်းကုန်သော အရသာမျိုးတို့ထက် ကဲမိုးသာလွန်၍ ပစ္စုပ္ပန်သံသရာ လောကီလောကုတ္တရာချမ်းသာကိုပြီး စေတတ်သော၊ မြတ် သော ဓမ္မရသဟူလို–တဲ့။

အဲဒါ တောင်လေးလုံးဆရာတော်ကြီးရဲ့ ရေးသားချက်ပဲ။

တရားကျင့်တာ သုံးမျိုးရှိတယ်၊ နာယူပြီးကျင့်တာ၊ ဆွေးနွေးမေးမြန်းပြီး ကျင့်တာ၊ ဆိတ်ငြိမ်ရာမှာ ထိုင်ပြီးကျင့်တာ တို့ပဲ၊ ဓမ္မပဒမှာလာတဲ့ သာမာဝတီနဲ့ မောင်းမငါးရာဟာ ခုဇ္ဇုတ္တရာ ရဲ့ သစ္စာတရားကို နာကြားရင်းကျင့်တာ တရားလည်း ဆုံးရော ငါးရာလုံး သောတာပန် တည်သွားတာပဲ၊ သံယုတ်ပါဠိတော်၊ ခေမကသုတ်မှာ မထေရ် ၆၀–ဟာ နေမကောင်းတဲ့ အရှင်ခေမက ထံ လူနာ မေးလာရင်း သစ္စာလေးပါးအကြောင်းကို မေးမြန်း ဆွေးနွေးပွဲလည်းပြီးရော (၆၁) ပါးလုံး လေးမဂ်လေးဖိုလ်ရပြီး ရဟန္တာဖြစ်သွားကြတယ်"

စူဠဝေဒလ္လသုတ္တန်မှာလာတဲ့ ဝိသာခနဲ့ဓမ္မဒိန္နာတို့ ဇနီး

www.burmeseclassic.com

www.burmeseclassic.com



မောင် နှံဆိုရင် ဝိသာခဒကာက ဘုရားထံနေ့စဉ်တရားနာရင်း ကျင့်လိုက် တာ အနာဂါမ် တည်သွားတယ်၊ ခင်ပွန်းကိုအားကျပြီး မွေ့ဒိန္နာက လည်း ဘိက္ခုနီဝတ်ပြီး တောထဲမှာထိုင်ကျင့်လိုက်တာ ရဟန္တာထိ ဖြစ်သွားတယ်၊ နာရင်း၊ ဆွေးနွေး ရင်းကျင့်တာက ဝိပဿနာယာနိ က ကျင့်စဉ်မှာပါတယ်၊ ဆိတ်ငြိမ်ရာမှာထိုင်ပြီး ကျင့်တာက သမထယာနိက ဝိပဿနာကျင့်စဉ်မှာပါတယ်၊ သော– တာပန်တည်ဖို့ ဆရာတာဝန်၊ အထက်မဂ်သုံးပါးရဖို့ တပည့်တာဝန် ဆိုတဲ့ စကား အတိုင်း ဝိပဿနာကျင့်စအချိန်မှာတော့ ဆရာ ကောင်းဆီမှာ နာပြီး ကျင့်တာ၊ ဆွေးနွေးမေးမြန်းပြီး ကျင့်တာကို အဓိကထားသင့်တယ်"

"အခုလည်း သူကြွယ်နှစ်ယောက်ဟာ ဘုရားရှင်ရဲ့သစ္စာတရားကို နာကြားရင်းကျင့်နေကြတာပါ၊ တရားအဆုံးမှာ နှစ်ဦးလုံး သောတာပန် တည်ကြ တာဆိုတော့ အကျင့်ကပါပြီးသားဖြစ်နေပါပြီ၊ သီလ၊ သမာဓိ၊ ပညာသိက္ခာ သုံးပါးမှာ သီလစောင့်ရင် သီလပဲရတယ်၊ သမာဓိနဲ့ပညာပါ မလာနိုင်ဘူး၊ သမထ တစ်ခုခုပွားပြီး သမာဓိရပြီဆိုရင် သီလကတော့ တစ်ခါတည်းပါသွားတယ်၊ ဒါပေမယ့် ပညာကတော့ ပါမလာဘူး၊ သမာဓိ လုပ်တိုင်း ပညာအလိုလိုရမယ်ဆိုရင် အခု အရှုပဘုံက ဗြဟ္မာကြီးတွေ လူ့ဘဝကတည်းက ရဟန္တာဖြစ်နေကြမှာပါ"

"သူတို့ဟာ လူ့ဘဝတုန်းက အရှုပဈာန်သမာဓိတွေရခဲ့ပေမယ့် ဝိပဿနာပညာကို သင်ပြမယ့်ဆရာ မရှိတော့ ဘာမဂ်ဘာဖိုလ်မှမရဘဲ အခုတော့ နာမ်သာရှိတဲ့ အရှုပဗြဟ္မာကြီးတွေ ဖြစ်နေကြရတာပါ။ သိက္ခာ သုံးပါးမှာ ပညာကိုရအောင် လုပ်လိုက်ရင်တော့ သမာဓိနဲ့သီလဟာ တစ်ခါ တည်းပါလာပါတယ်၊ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတဲ့ ဝိဇ္ဇာမဂ္ဂင် နှစ်ပါးကို ပိုင်အောင်လုပ်လိုက်တဲ့အခါမှာ ကျန်စရဏ မဂ္ဂင်ခြောက်ပါး တစ်ခါတည်း ပါလာသလိုပါပဲ"

"ကြေးစည်ကို လက်ရိုက်တုတ်နဲ့တီးလိုက်တဲ့အခါ ကြေးစည်သံ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတယ်၊ တကယ်တော့ ကြေးစည်သံဟာ ကြေးစည်ထဲမှာလည်း ကြို ရှိမနေဘူး၊ လက်ရိုက်တုတ်ထဲမှာလည်း ကြိုရှိမနေဘူး၊ ဒါပေမယ့်ကြေး စည်နဲ့လက်ရိုက် တုတ်ထိမိတာနဲ့ ကြေးစည်သံဟာ ပေါ်လာရတာပဲ၊ ထိုနည်း တူ နားအကြည်ရုပ်နဲ့ အသံရုပ်နဲ့ ထိခိုက်မိတဲ့အခါ ကြားသိစိတ်နဲ့ စေတသိက် နာမ်တရားတွေ ပေါ်လာတယ်၊ တကယ်တော့ ဒီကြားသိစိတ်နဲ့ စေတသိက် နာမ်တရားတွေဟာ နားအကြည်ရုပ်ထဲမှာလည်း ကြိုတင်ပြီး ရှိမနေဘူး၊ အသံရုပ်ထဲမှာလည်း ကြိုတင်ပြီး ရှိမနေဘူး၊ ဒါပေမယ့် နားအကြည်ရုပ်နဲ့ အသံရုပ်ထိခိုက်မိတာနဲ့ ကြားသိစိတ်နဲ့ စေတသိက် နာမ်တရားတွေဟာ ပေါ်လာတာပါပဲ"

"ကြားသိစိတ်နဲ့ ဝေဒနာ၊ သညာ၊ စေတနာစတဲ့ စေတသိက်နာမ် တရားတွေဟာ နားအကြည်ရုပ်ထဲမှာ ကြိုတင်ပြီးရှိမနေပါလား၊ နား အကြည်ရုပ်နဲ့ အသံရုပ် တိုက်တဲ့အချိန်မှာ ခဏဖြစ်ပြီး ခဏနဲ့ပျက်သွားတဲ့ တရားတွေပဲလို့ သိသွားတာဟာ အနိစ္စကိုသိသွားတာပါ၊ ဖြစ်ခြင်းပျက်ခြင်းနဲ့ အမြဲနှိပ်စက်နေလို့ ဒုက္ခပါလားလို့လည်း သိသွားတယ်၊ ဖြစ်တာကို မဖြစ်ပါ စေနဲ့၊ ပျက်တာကို မပျက်ပါစေနဲ့လို့ အမိန့်ပေး မရတာဟာ ငါပိုင် မဟုတ်တဲ့ အနတ္တတရားပါးလားလို့ သိသွားတယ်၊ နောက်ထပ် အနတ္တကို ထပ်သဘော ပေါက်တာက – ကြားသိစိတ်နဲ့ စေတသိက် နာမ်တရား တွေဟာ နားအကြည် ရုပ်၊ အသံရုပ်၊ အသံဓာတ်လာလို့ရမယ့် ဟင်းလင်းပြင်၊ နားထောင်ဦးမယ် ဆိုတဲ့ နှလုံးသွင်း၊ ဒီအင်္ဂါလေးချက်က ထောက်ပံ့ ကူညီမှု ဖြစ်ပေါ် လာနိုင်တယ် ဆိုတာပဲ"

"ဒီအင်္ဂါလေးချက်အနက် – တစ်ချက်ချက်ပျက်တာနဲ့ ကြားသိစိတ် နဲ့ စေတသိက်နာမ်တရားတွေဟာ ဖြစ်ပေါ် ခွင့်မရတော့ဘူး၊ ဒါကို ထောက် ဆကြည့်ရင် ငါ–ကြားချင်စိတ် ဖြစ်ချင်တိုင်း ဖြစ်နိုင်တာမဟုတ်၊ ဖော်ပြခဲ့တဲ့ အင်္ဂါလေးချက်က ကူညီမှု ကြားသိစိတ်နဲ့ စေတသိက်နာမ်တရားတွေ ဖြစ်နိုင်တာပါလားလို့ နားလည်သွားတာဟာ အနတ္တကိုနားလည်သွားတာ ပါပဲ၊ ကျန်တာတွေ နည်းမှီပြီး ချဲ့ထွင်သိပါ၊ သူကြွယ်နှစ်ဦးဟာ အသို ဖြ

www.burmeseclassic.com

www.burmeseclassic.com



ပါးအနက် တစ်ပါးပါးနဲ့ တိုက်ဆိုင်ခိုက်မှာ ဖြစ်ပျက်သွားတဲ့ ခန္ဓာငါးပါးရဲ့ အနိစ္စကိုရှုရင်း သောတာပန် တည်ကြမှာပါ၊ ဒီနေရာမှာ ကြားသိစိတ်ကို အမှီပြုပြီး ခန္ဓာငါးပါးအဖြစ်အပျက်ရှုပုံ၊ မဂ္ဂင်ရှစ်ပါး ပါဝင်ပုံ၊ သစ္စာလေးပါး ကိုက်ညီပြီး မဂ်ရပုံတို့ကိုပြောပြမယ်

"ဗုဒ္ဓရဲ့တရားသံက သူတို့ရဲ့ နားအကြည်ရုပ်ကို လာတိုက်တဲ့အခါ ကြားသိစိတ်နဲ့ စေတသိက်နာမ်တရားတွေ ပေါ် လာတယ်၊ နားအကြည် ရုပ်နဲ့ အသံရုပ်က ရူပက္ခန္ဓာ၊ ကြားသိစိတ်က ဝိညာဏက္ခန္ဓာ၊ အသံအရသာကို ခံစားတဲ့ ဝေဒနာစေတသိက်က ဝေဒနာက္ခန္ဓာ၊ တရားသံပဲလို့ မှတ်သားတဲ့ သညာစေတသိက်က သညာက္ခန္ဓာ၊ တရားဆုံးအောင် နားထောင်ဖို့ တိုက်တွန်းနှိုးဆော်တဲ့ စေတနာစေတသိက်က သင်္ခါရက္ခန္ဓာ။ ဒီခန္ဓာငါးပါးမှာ ရူပက္ခန္ဓာက တစ်စက္ကန့်အတွင်းမှာ အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်တယ်၊ ကျန်နာမ်ခန္ဓာများက တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွားတယ်"

ဒါကိုဉာဏ်နဲ့သိပြီး ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားလိုက်တယ်။

မိမိ ဝိပဿနာ ရှုပွားနည်း မှန်၊ မမှန်ဆိုတာကို မဂ္ဂင်နဲ့ တိုက်ကြည့်ရတယ်။ မဂ္ဂင်နဲ့ကိုက်ရင် မှန်တယ်၊ မကိုက်ရင် မမှန်ဘူးလို့ တခြားမျက်နှာ မကြည့်ပဲ ဘုရားမျက်နှာကြည့်ပြီး ဆုံးဖြတ်ပါ။

ဝိပဿနာဉာဏ်သက်သက်ဖြစ်နေတဲ့အချိန်မှာ သီလမဂ္ဂင် သုံးပါးမှတစ်ပါး ကျန် ငါးပါးအမြဲပါတယ်၊ မဂ်ဝင်ပြီဆိုတာနဲ့ မဂ္ဂင်ရှစ်ပါးလုံး ကိုက်သွားတယ်၊ ခုသူကြွယ်နှစ်ယောက်က မဂ်ဝင်မှာဆိုတော့ မဂ္ဂင်ရှစ်ပါး ကိုက်သွားတယ်၊ ဘယ်လို ကိုက်သွားသလဲဆိုတော့ အသံကိုကြားလိုက်တာနဲ့ ပညတ်တွေ ဖယ်ရှားပြီး မမြဲတဲ့ခန္ဓာ ငါးပါးလို့ ထိုးထွင်းသိတဲ့ပညာက သမ္မာဒိဋ္ဌိမဂ္ဂင်ပဲ"

"အသိမှန်တဲ့အတွက် ခန္ဓာငါးပါးပဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးလို့ အတွေးအကြံ မှန်သွားတာက သမ္မာသင်္ကပ္ပမဂ္ဂင်ပဲ၊ ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားဖြစ်အောင် အားစိုက်တာက သမ္မာဝါယာမမဂ္ဂင်ပဲ၊ တရားသံကိုကြား

www.burmeseclassic.com

www.burmeseclassic.com



သခိုက်မှာ ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားဖို့အမှတ်ရတာက သမ္မာသတိမဂ္ဂင်ပဲ၊ ရှုပွားသခိုက်မှာ ခန္ဓာငါးပါး ဖြစ်ပျက်မှု အပေါ် စူးစိုက်တည်ကြည်နေတာက သမ္မာသမာဓိပဲ၊ ရှုပွားသခိုက်မှာ ဝစီဒုစရိုက် လေးပါးမှရှောင်ကြဉ်ပြီး ဖြစ်နေတာက သမ္မာဝါစာပဲ၊ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ပြီး ဖြစ်နေတာက သမ္မာကမ္မန္တပဲ၊ ရှုပွားသခိုက်မှာ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးမှ လွတ်ကင်းပြီး အသက်မွေးဝမ်းကျောင်း စင်ကြယ်နေတာက သမ္မာအာဇီဝမဂ္ဂင်ပဲ"

BURMESE CLASSIC

(မှတ်ချက်)။ ။နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် အကျယ်ကို စာရေးသူရေးသားသော "မဂ်တားဖိုလ်တား အန္တရာယ်များ" (သို့) "မြန်မာတို့၏ အသက်" စာအုပ်တို့၌ ကြည့်ရှုပါ။

ရှုပွားနည်းမဂ္ဂင်ကိုက်ပြီဆိုတာနဲ့ အချိန်ကျတာနဲ့ မဂ်ဖိုလ်ကိုရတာပဲ၊ အခု သစ္စာလေးပါးဝင်ပြီး မဂ်ကျပုံကိုပြောပြမယ်၊ သိ၊ ပယ်၊ ဆိုက်၊ ပွား ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ဒုက္ခသစ္စာက မမြဲဘူးလို့ သိရုံသိရမယ့် တရား၊ သမုဒယသစ္စာ တဏှာက ပယ်သတ်ရမယ့်တရား၊ နိရောဓသစ္စာ နိဗ္ဗာန်က မျက်မှောက်ပြုရမယ့်တရား၊ မဂ္ဂသစ္စာက ပွားများရမယ့်တရားလို့ သိထားပေါ့။

အခု ကြားသခိုက်မှာ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်မှုကို သိအောင်ကြိုးစားတာဟာ မဂ္ဂသစ္စာကို ပွားတာပဲ၊ ခန္ဓာငါးပါးဟာ မမြဲတဲ့တရားပဲလို့ သိသွားတာဟာ ဒုက္ခသစ္စာကို သိတာပဲ၊ မမြဲတာကိုပဲ ဆင်းရဲလို့ခေါ်ကြောင်း ရှေ့မှာ ရှင်းပြခဲ့ပြီ"

"ခန္ဓာငါးပါးဟာ မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရားလို့ သိသွားတာနဲ့ လိုချင်တဲ့တဏှာဟာ သေသွားတယ်၊ အဲဒါ သမုဒယသစ္စာ တဏှာကို ပယ်သတ်လိုက်တာပဲ၊ မဂ်ဝင်ပြီဆိုတော့ ဒီအချိန်မှာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနဲ့ အပါယ်ချမယ့် ကိလေသာတွေငြိမ်းပြီး၊ ခန္ဓာသစ် တွေ သိမ်းသွားတာဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



အာရုံ ခြောက်ပါးနဲ့ တိုက်ဆိုင်လာတိုင်း ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားလိုက်ရင် မဂ္ဂသစ္စာကို ပွားပြီးသား၊ ဒုက္ခသစ္စာကို သိပြီးသားဖြစ်တယ်၊ အချိန်ကျတာနဲ့ သစ္စာ လေးပါးလုံးကိုက်သွားပြီး မဂ်ဖိုလ်ကို ရမှာပဲ၊ ဒုက္ခသစ္စာ တစ်ခုသာသိ အောင် ကြိုးစားပွားများနေရင် အချိန်ကျတာနဲ့ သစ္စာလေးပါး တစ်ပြိုင်နက် ဝင်ပြီး မဂ်ရပုံကို ဥပမာပေးမယ်"

"မှောင်နေတဲ့ အခန်းထဲမှာ ဆီမီးထွန်းလိုက်ရင်း အလင်းရောက်ခြင်း၊ အမှောင်ပျောက်ခြင်း၊ မီးစာတဖြည်းဖြည်းကုန်နေခြင်း၊ ဆီတဖြည်းဖြည်း ခန်းနေခြင်းဆိုတာ တစ်ပြိုင်နက် ဖြစ်ရသလို၊ မဂ်ကျချိန်ရောက်ပြီဆိုရင် မဂ္ဂသစ္စာကို ပွားခြင်း၊ ဒုက္ခသစ္စာကို သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတို့ဟာလည်း တစ်ပြိုင်နက် ဖြစ်တာပါ၊ မဂ်ကျပုံဝီထိစဉ်က ပထမဆုံး –အတီတဘဝင် ဖြစ်တယ်၊ လွန်သော ဘဝင်ပေါ့၊ နောက် ဘဝင်စလန ဖြစ်တယ်–လှုပ်သော ဘဝင်ပေါ့၊ နောက် ဘဝင်ုပစ္ဆေဒ ဖြစ်တယ်၊ ပြတ်သော ဘဝင်ပေါ့၊ နောက် မနောဒွါရာဝဇ္ဇန်း ဖြစ်တယ်၊ ဆင်ခြင်သော စိတ်ပေါ့"

"နောက် ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဖြစ်တယ်၊ ဒီဇောတွေက ကြားစိတ်ဖြစ်သခိုက်မှာ ခန္ဓာငါးပါးအနိစ္စလို့ ရှုပွားနေတဲ့ ဝိပဿနာ ကုသိုလ် ဇောတွေပေါ့၊ ဂေါတြဘူစိတ်ဟာ လောကီစိတ်ဖြစ်ပေမယ့် နိဗ္ဗာန်ကို အာရုံ ပြုပြီး သိတယ်၊ ပုထုဇဉ်အနွယ်ကိုဖြတ်ပြီး အရိယာအနွယ်ကို စပြီးဝင်တဲ့စိတ်ပဲ၊ ဒီနောက် သောတာပတ္တိမဂ်စိတ် တစ်ကြိမ်ကျပြီး၊ သောတာပတ္တိဖိုလ်ဇော နှစ်ကြိမ်ဟာ ဘဝင်တောင် မခြားဘဲ ဆက်ကျတယ်၊ နောက်ဘဝင်ဖြစ်ထိုက်သမျှဖြစ်ပြီး သောတာပန်တည်သွားတာပဲ၊ မဂ်စိတ်ကျခါနီးအချိန်ထိ ပရိကမ်၊ ဥပစာစတဲ့ ဝိပဿနာ ကုသိုလ်ဇောစိတ်တွေက ခန္ဓာငါးပါး အဖြစ်အပျက်ကို သေချာသိနေတယ်"

"ဒါ့ကြောင့် တရားထိုင်ရင်း ဘာမှမသိဘဲ မေ့ကနဲ့ဖြစ်သွားတာဟာ အိပ်ပျော်သွားတာ၊ သို့မဟုတ် စတုတ္ထဈာန်ရောက်သွားတာ တစ်ခုခုပဲ၊

www.burmeseclassic.com



ခန္ဓာအဖြစ်အပျက်ကို သေချာမသိပဲ မဂ်မဝင်နိုင်ဘူးလို့မှတ်ပါ"

"မှန်ပါ၊ အခုလို ဗုဒ္ဓဘာသာဖြစ်လာစ ပုဂ္ဂိုလ်တစ်ယောက်အတွက် အခြေခံကနေ ပန်းတိုင်ရောက်တဲ့အထိ စိတ်ရှည်ရှည်နဲ့ ရှင်းလင်းဟော ပြတာကို ကျေးဇူးတင်လှပါတယ်၊ ဒီကျေးဇူးတွေကို တပည့်တော် ရဟန်းဖြစ် တဲ့အခါ ဗုဒ္ဓသာသနာ ပြန့်ပွားအောင် သာသနာပြုရင်း ပေးဆပ်ပါ့မယ်ဆိုတာ ကတိပြုပါတယ်ဘုရား"

သာဓု... သာဓု... သာဓု... ။

(မှတ်ချက်)။ ။မောင်ရဲမြင့်သည် ဗုဒ္ဓဘာသာဖြစ်ပြီး သုံးလကျော်ခန့် အကြာတွင် ရဟန်းဘောင်ဝင်ပြီး စာရေးသူ၏ကျောင်းတွင် ငါးဝါခန့် နေထိုင်သည်။ ထို့နောက် ကော့သောင်းမြို့နယ်၊ ၇-မိုင်တောရရှိ တောင်ကြီး တစ်တောင်ပေါ်တွင် တစ်ပါး တည်း သီတင်းသုံးကာ တရားအားထုတ် နေခဲ့သည်။ သူဦး စွာရောက်ရှိပြီး နောက်နှစ်မှာပင် သူဌေးကျွန်းဟိုတယ် ဝန် ထမ်းများနှင့် တိုင်ပင်ပြီး စာရေးသူကို ပင့်ကာ ကော့သောင်း တစ်နယ်လုံး တရားပွဲပေါင်း ၇၂- ညတိတိ ခြိမ့်ခြိမ့်သဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

သူ့ကို အကြောင်းပြု၍ ကော့သောင်းမြို့နယ်၊ ရှစ်မိုင်ရွာ (လေယာဉ်ကွင်းအနီး)တွင် ဝေနေယျသုခ ဓမ္မရိပ် သာကျောင်းကိုလည်း တည်ထောင်နိုင်ခဲ့သည်၊ သူပြောခဲ့ သည့်အတိုင်း စာရေးသူ၏ သူ့အပေါ်တင်ရှိသော ကျေးဇူး များကို သာသနာပြုခြင်းဖြင့် ကျေးဇူးပြန်ဆပ်ခြင်းပါတည်း။ သို့သော် "ဆရာတော်သေခြင်းတရားကို ဘယ်တော့မှ လျှော့ မတွက်နဲ့"ဟူသော သူပြောခဲ့သည့် စကားအတိုင်း ၁၃၆၅- ခုနှစ်၊ တော်သလင်းလတွင် ငှက်ဖျားရောဂါဖြင့် သီတင်းသုံး ရာ တောင်ပေါ်မှာပင် ပျံလွန်တော် မူခဲ့ပြီဖြစ်သည်။ ပြီးပြီး

www.burmeseclassic.com

www.burmeseclassic.com



လေး ပျံလွန်တော်မူသွားခြင်းဖြင့် ဆရာဖြစ်သူ စာရေးသူအား သူ၏တရား အဆင့်အတန်းကို မှတ်ကျောက်တင်ပြခဲ့၏။ ပျံတော်မူချိန်က သက်တော် ၄၀၊ သိက္ခာတော်(၉)ဝါသာ ရှိပါသေးသည်။

မေတ္တာရှင်(ရွှေပြည်သာ)

www.burmeseclassic.com